

သင့်လူ
မိုက်ကယ်ကေ
LIFE AND TIMES
of
MICHAEL K
J.M.COETZEE
Whisper Of Words

About Us

ကျွန်တော်တို့အဖွဲ့သည် မြန်မာနိုင်ငံအတွင်းက e-Books Reader အသုံးပြုသူများနှင့် Digital Devices တွေမှာ စာဖတ်သူများ အတွက် မြန်မာစာအုပ်များကို ဖတ်ရှုနိုင်စေရန် ကူညီပေးဖို့ ရည်ရွယ် ဖွဲ့စည်းထားသော အဖွဲ့ဖြစ်ပါသည်။ တိုးတက်လာသော နည်းပညာများအရ e-books Reader အသုံးပြုသူများလည်း များပြားလာပြီ ဖြစ်သော်လည်း နိုင်ငံတွင်းမှတော့ e-books Reader အသုံးပြုသူများ အတွက် မြန်မာစာအုပ် ဖတ်ရှုနိုင်ရန် အလွန် ခက်ခဲလျက်ရှိသည်။ ထို့ပြင်လက်ရှိမှာလည်း မြန်မာစာအုပ်များကို Digital နည်းဖြင့် ဖြန့်ဝေမှု လုံးဝမရှိသလောက် ဖြစ်သည်။ ထိုအခက်ခဲများကို ကျနော်တို့ တတ်နိုင်သည့် ဘက်မှ ကူညီပေးနိုင်ရန် ရည်ရွယ်ပြီး ပြုလုပ်ထားခြင်း ဖြစ်ပါသည်။

မူပိုင်ခွင့်ချိုးဖောက်ပြီး ကိုယ်ကျိုးအတွက် လုံး၀(လုံး၀)အသုံးမပြုပါ။

အကယ်၍ ဤစာအုပ်အတွက် အဖိုးအခ တစုံတရာ ပေးခဲ့ပြီး ရခဲ့သည် ရှိသော်လည်းကောင်း linkတွင် ကြော်ငြာများခံကာ တင်ထားသော အခြားတနေရာရာမှ ရရှိခဲ့သော် ဂျင်းထည့်ခံရပြီ မှတ်ပါ။

အခမဲ့ စာအုပ် အသစ်များ တင်တိုင်း သိရှိနိုင်ဖို့ Telegram Channel ကို subscribe ထားနိုင်ပါသည်။

Ⓦⓗⓘⓢⓟⓔⓡ of ⓌⓄⓇⒹⓈ

Subscribe Telegram Channel

https://t.me/TheBookR

နိဒါန်း

J.M Coetzee Biography

တောင်အာဖရိက စာရေး ဆရာ ဂျေ၊ အမ်၊ ကိုအက်ဇီကို ၁၉၄၀ပြည့်နှစ် တွင် ကိတ်တောင်းမြို့တွင် ဖွားမြင်၏။ တောင်အာဖရိကနှင့် အမေရိကန်ပြည်ထောင်စု တို့တွင် ကွန်ပျူတာပညာနှင့် ဘာသာဗေဒကို အထူးပြုလေ့လာသင်ကြားခဲ့သည်။

ကိုအက်ဇီ၏ ပထမဆုံး ဝတ္ထုမှာ ဆည်းဆာမြေ (Ðusklands) ဖြစ်၏။ ထိုဝတ္ထု ထုတ်ဝေပြီးသည့် နောက် တောင်အာဖရိက အမျိုးသားစာပေဆု ဖြစ်သည့် CNA prize ကို ရရှိခဲ့သော ပြည့်နှလုံးသားထဲမှ (In the Heart of the Country) ကို ရေး သားထုတ်ဝေခဲ့သည်။

သူ၏ တတိယစာအုပ် အရိုင်းတွေကို စောင့်ဆိုင်းခြင်း (Waitingfor the Barbarians) 2 CNA prize, the Geofrrey Faber Memorial Prize & James Tait Black Memorial Prize ဆုများစွာ ဆွတ်ခူးနိုင်ခဲ့သည်။

သူ့လက်ရာ နောက်တခု ဖြစ်သည့် မိုက်ကယ်ကေ (Life & Timesof Michael K) သည် ဘွတ်ကာစာပေဆု (Booker Prize) ရခဲ့ပြန်သည်။ ထိုနည်းတူ ၁၉၉၅ တွင် ထုတ်ဝေခဲ့သော The Master of Petersburg သည်လည်း The Irish Times International Fiction Prize ကိုဆွတ်ခူးနိုင်ခဲ့သည်။

ကိုအက်ဇီသည် စာရေးခြင်း၊ ဘာသာပြန်ခြင်း၊ ဘာသာဗေဒသင်ကြားခြင်းအပြင် စာပေဝေဖန်ရေး လုပ်ငန်းကိုလည်း လုပ်ကိုင်သည်။

Memoirs ခေါ် သူပြောချင်သမျှ သူ့အကြောင်း အတ္ထုပ္ပတ္တိ စာအုပ်တအုပ်ကိုလည်း ပြုစုရေးသား ထုတ်ဝေထား၏။ သူသည် ကိတ်တောင်းတက္ကသိုလ်တွင် စာပေအနုပညာဆိုင်ရာ ပါမောက္ခအဖြစ် တာဝန် ထမ်းဆောင်နေသူ တက္ကသိုလ်ဆရာတဦးလည်း ဖြစ်၏။ ၂၀၀၃ ခုနှစ်တွင် ကိုအက်ဇီသည် စာပေဆိုင်ရာ နိုဘယ်ဆု ချီးမြှင့်ခြင်း ခံခဲ့ရသည်။

*****

မိုက်ကယ်ကေ တယောက် သူ့မိခင်၏ ဝမ်းကြာတိုက်အတွင်းမှ လောကမြေမဟီသို့ ချဉ်းနင်း ဝင်ရောက်နိုင်စေရေး အကူအညီပေးနေသော သားဖွားဆရာမ အနေဖြင့် မွေးမွေးချင်း သတိပြုလိုက်မိသည်က နှုတ်ခမ်းကွဲကလေးပင် ဖြစ်၏။ နှုတ်ခမ်းသည် ပက်ကျိတကောင်၏ ခြေထောက်ကဲ့သို့ တွန့်လိမ်ကာ ဘယ်ဘက်နှာခေါင်းထဲသို့ တိုးဝင်နေ၏။ ဆရာမသည် သူ့မိခင်ကို မပြနိုင်သေးဘဲ မွေးကင်းစ မိုက်ကယ်ကေ ကလေးကို ပါးစပ်ဖြဲကြည့်၏။ တော်ပါသေးရဲ့။ အာခေါင်တော့ မကွဲ၊ အကောင်းပကတိ တွေ့ရ၏။ မိခင်ကို သူ ဒီလို ပြောမိသည်။

"ရှင် ဝမ်းသာတော့ သိလား၊ ဒီနှုတ်ခမ်းကွဲကလေးတွေက လာဘ်ကောင်လေးတွေ၊ ရှင်တို့အိမ် ကံကောင်းတော့မယ်"

မည်သို့ပင်ဆိုစေကာမူ အန်နာကေ အဖို့မှာတော့ ဘယ်လိုမှ စေ့၍ မရသဖြင့် ပန်းရောင် အသားစိုင်ကလေးများ ဟောင်းလောင်းပေါ်နေသော သားငယ်၏ နှုတ်ခမ်းကို ကြည့်ရတာ စိတ်မချမ်းသာ။ ဤသတ္တဝါကလေး ကိုးလ၊ ဆယ်လနီးပါး သူ့ဗိုက်ထဲ တဖြည်းဖြည်း ကြီးပြင်းလာသည်ကို စဉ်းစားမိတိုင်း ကြက်သီးတွေ တဖျဉ်းဖျဉ်း ထမိ၏။ နှုတ်ခမ်းကွဲနှင့် ကလေးငယ်သည် နို့မစို့နိုင်သဖြင့် ဆာလောင်မှုကြောင့် တဗြဲဗြဲ ငို၏။

နို့ဘူးတိုက်တော့လည်း အလုပ်မဖြစ်။ ဇွန်းကလေးနှင့် တိုက်ပြန်တော့လည်း နို့ သီးကာ ချောင်းတဟွတ်ဟွတ် ဆိုးရင်း တက်မတတ်၊ ချက်မတတ် ငိုကြွေးပြန်သည်။ သားဖွားဆရာမ ကတော့ ကလေးကြီးလာရင် အလိုလို ပြန်ပိတ်သွားလိမ့်မယ်ဟု ကတိကဝတ်ပြုခဲ့သည်။ သို့သော်လည်း နှုတ်ခမ်းကွဲ ကလေးက မပိတ်ရေးချမပိတ်။ ဆိုတော့ နှာခေါင်းကလည်း ဖြောင့်ဖြောင့်တန်းတန်း မရှိရှာလေတော့။

သူ့မိခင်သည် အလုပ်သွားတိုင်း သူ့ကို ခေါ်သွားခဲ့သည်။ လုပ်ငန်းခွင်ထဲမှ တီးတိုး တီးတိုး သဖန်းပိုးသံများနှင့် ပြုံးမယောင် မျက်ခွက်များက သူ့နှလုံးသားကို အပ်နှင့် ဆွသလို နာကျင်စေသဖြင့် သူ့သားကလေးကို အခြားကလေးများ နှင့် မရောစေဘဲ တသီးတသန့် ထားခဲ့မိသည်မှာ တနှစ် ပြီးနောက် တနှစ်၊ နောက်ထပ် တနှစ်၊ နှစ် ပေါင်းများ စွာ။

မိုက်ကယ်ကေသည် သူ့အမေ ကြမ်းတိုက်နေသည်ကို တိတ်ဆိတ်စွာ ထိုင်ငေးနေခဲ့သည်။ ပျက်ယွင်းသည့် ရုပ်ဆင်းသဏ္ဌာန်နှင့် လိုက်ဖက်လှသည့် ထုံထိုင်းသော ဦးနှောက်ကို သူ့အား ဘုရားသခင် ပေးသနားတော် မူလေခဲ့သောကြောင့် အခြားကလေးများလို ပုံမှန်ကမ်းမှန် ကျောင်းမတက်နိုင်ရှာ။

ခဏတက်ကြည့်ပြီး ပြန်ထွက်ခဲ့ရသည်။ ဒီလိုနှင့် ဖူရေး ရှိ ဟူးဝစ်နိုရန်းနီးယပ်စ်ကျောင်းသို့ သူ သွားခဲ့ရသည်။ သူ့လိုပင် ကံအကြောင်းမလှရှာသည့် အခြားသော ကလေးများနှင့်အတူ ဉာဏ်ရည်နိမ့်ကလေးများ ကျောင်းတွင် အစိုးရစရိတ်နှင့် သူ နေထိုင်ခဲ့ပြီး အရေး၊ အဖတ်၊ အတွက်အချက်၊ တံမြက်စည်းလှည်း၊ ကြမ်းတိုက်၊ ကြေးချွတ်၊ အိပ်ရာခင်းလဲ၊ ပန်းကန်ဆေး၊ ရွှေပေါ်ထိုး၊ မြေတူး၊ အဌာရသ ဆယ့်ရှစ်ရပ် ပညာရပ်များကို သင်ကြားခဲ့ရသည်။ ဆယ့်ငါးနှစ်သားမှာ ဟူးဝစ်နိုရန်းနီးယပ်စ် ကျောင်းမှ ထွက်တော့ ကိတ်တောင်းမြို့တော် စည်ပင်သာယာဌာန၊ ဥယျာဉ်ပန်းမန် ပျိုးထောင်ရေး ဌာနခွဲမှာ ဒု-လက်ထောက် ဥယျာဉ်အထွေထွေလုပ်သား အဆင့်ကြီးများတောင် သူရခဲ့သည်။ သုံးနှစ် သုံးမိုး အဲဒီမှာ အလုပ်လုပ်ပြီးတော့ သူ အလုပ်လက်မဲ့ဘဝနှင့် အိပ်ရာထဲခွေရင်း လက်ချောင်းများကို ရွှေထွက်မတတ်စူးစူးစိုက်စိုက် ကြည့်နေခဲ့သည်။ မကြာမီ ဂရင်း ဈေးရင်ပြင် ပြည်သူ့မြေအောက်အိမ်သာ ညစောင့်ရာထူးကြီးကို သူ လက်ခံရယူ၏။ စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ရင်း သောကြာတည အိမ်ပြန်နောက်ကျ၊ မြေအောက် ရထားလမ်း တနေရာမှာ လူနှစ်ယောက်က သူ့ကိုချ၊ နာရီ၊ ပိုက်ဆံအိတ်နှင့် ဖိနပ်ပါမကျန် ချွတ်သွားကြ၊ သူတို့ဆီက အဆစ်လွဲသွားသည့် လက်မတဖက်နှင့် နံရိုးကျိုးနှစ်ချောင်း လက်ဆောင်ရ။

ဒီကိစ္စ ဖြစ်ပြီးကတည်းက သူ ညစောင့်ဘဝကို ခဝါချ၊ ဥယျာဉ်အလုပ် ပြန်လုပ်ရ၊ နှစ်ပရိစ္ဆေဒ ကြာလာတော့ ဒုပြုတ်ကာ လက်ထောက်ဥယျာဉ်လုပ်သား ကြီးများတောင် ဖြစ်ခဲ့သဗျ၊ ပုံစံက ဒုံပြန်၊ ရုပ်ကလာပ်က စုတ်ပြတ်လှသည့် မိုက်ကယ်ကေမှာ ရည်းစားဆိုလို့ စိတ်နှင့်တောင် ပြစ်မှားစရာ မရှိရှာ။ သူကလည်း တကိုယ်တည်းနေရသည့်ဘဝမှာ အသားကျနေခဲ့ပြီ။ သူ့အလုပ် နှစ်ခုလုံးက သူ့ကို အထီးကျန်ဘဝ မရောက်ရောက်အောင် တွန်းပို့ခဲ့သည်ဆိုလျှင်လည်းမမှား။ မြေအောက်အိမ်သာ ညစောင့်လုပ်ခဲ့စဉ်က အဖြူရောက်တောက်တောက် ကြမ်းပြင်မှတဆင့် အလင်းပြန်ကာ တခန်းလုံး အရိပ်မထင်နိုင်လောက်အောင် ထိန်ထိန်တောက်လျက်ရှိသည့် နီယွန်မီးအလင်းရောင်များ အောက်မှာ သူ ပိပြားငြိမ်သက်စွာ နေခဲ့ရသည်။ ဥယျာဉ်ထဲမှာတော့ ထင်းရှူးပင် ရှည်လမျောများနှင့် လူသွားလမ်း ကျဉ်းကလေးများကို ကြည့်နေရတာ သူနည်းနည်း သဘောကျမိသည်။ တခါတလေ စနေနေ့ပေမယ့် မေ့လျော့ကာ ညနေစောင်းထိ အလုပ်လုပ်ချင် လုပ်နေတတ်သည်။ တနင်္ဂနွေဆိုလျှင်တော့ နေမြင့်အောင် အိပ်ပြီး နေ့လယ်ပိုင်းတွင် မိခင်ထံ ရုံဖန်ရံခါ အလည်အပတ်သွားတတ်သည်။

ဒီလိုနှင့် သူ့အသက် (၃၁) နှစ် ပြည့်အပြီး တခုသော ဇွန်လ နံနက်ခင်းမှာ ဒီဝေါလ်ပန်းခြံထဲ သစ်ရွက်ကြွေတွေကျုံးနေတုန်း သတင်းစကားတခု မိုက်ကယ်ကေ့ထံ ရောက်လာခဲ့သည်။ အမေ ဆေးရုံဆင်းပြီ၊ လာတွေ့လှည့်တဲ့။

ကေလည်း ပစ္စည်းတွေ သိမ်းဆည်းပြီး ဘတ်စ်ကားဖြင့် ဆွန်မားဆက် ဆေးရုံသို့ သွား၏။ ဆေးရုံ အပေါက်ဝရှေ့ ခုံတန်းလျားတခုပေါ်မှာ သူ့မွေးသမိခင်ကြီး ဝတ်စုံပြည့်ဝတ်ကာ ထိုင်နေသည်ကို တွေ့ရ၏။ သားကိုမြင်တော့ တရှုပ်ရှုပ်ဖြင့် သူ ငိုရှာသည်။ လူစိမ်းတွေ မြင်မှာလည်း စိုးရှာသေးသဖြင့် မျက်နှာရှေ့မှာ လက်ကလေးကွယ်၍ ပေါ့။

အန်နာကေ တယောက် ခြေတွေ လက်တွေ ရောင်ကိုင်းလာသည်မှာ လပေါင်းများစွာ ကြာခဲ့ပြီ။ နောက်ပိုင်းတော့ ဗိုက်ကပါ မိုးပျံပူဖောင်းပမာ ဖောင်းကားလာခဲ့၏။ ဒီလိုနှင့် လမ်းလည်း မလျှောက်နိုင်၊ အသက်တောင် မရှူနိုင်တော့သဖြင့် ဘယ်လိုမှ မတတ်နိုင်တော့ဘဲ သူ ဆေးရုံတက်ခဲ့ရသည်။ ဆေးရုံစင်္ကြံ လူသွားလမ်းပေါ်က ခါးထိုး၊ သေနတ်ပစ်ခံရသူ လူနာတွေ ကြားထဲမှာ သူ့ကို နေရာချထားကြသည်။ သူတို့၏ သေလုမြောပါး ညည်းညူသံများကြောင့် နေ့နေ့ညည သူ အိပ်မရခဲ့။ အရွယ်ကောင်း အားကောင်းမောင်းသန် လူငယ်တွေတောင် တဖြုတ်ဖြုတ် သေနေကြသည့် ဒီလိုနေရာမျိုးမှာ သူ့လို အိုကြီးအိုမ ဘွားတော်ကြီးကို ဖေးမကြည့်ရှု နှစ်သိမ့်ဖို့ ဆရာဝန်နှင့် သူနာပြုများမှာ အချိန်လည်း မရှိ၊ ဆန္ဒလည်း နတ္ထိ၊ ဆေးရုံပေါ် ရောက်ရောက်ချင်း အောက်ဆီဂျင်ဆိုသဟာကို သူ ရှူရသည်။ အရောင်လျော့စေဖို့ဆိုသည့် ထိုးဆေး၊ စားဆေးများ သူ့အား ပေးကြ၏။

ညစ်ပတ်လှသည့် ဆေးရုံခုတင်ပေါ်မှာ အိပ်ရာခင်းလည်း မရှိ၊ လူနာဝတ်စုံလည်း လဲမပေးကြဘဲ ဒီအတိုင်းထား၏။ နံရံကိုကိုင်ပြီး ဒယီးဒယိုင်နှင့် အိမ်သာထအသွားလမ်းမှာ မသေခင်က ပုပ်သလို ဖြစ်နေသည့် မီးခိုးရောင် ဆေးရုံဝတ်စုံဝတ်ကာ စုတ်ပြတ်ယိုင်ရွဲ့နေသည့် အဘိုးကြီးတဦးကို လဲလျောင်းလျက်သား တွေ့ရသည်။ တခါတလေ သူ အိပ်ပျော်နေချိန်ကျမှ သူနာပြုဆိုသည့် ဟာမများက အတင်းအဓမ္မနှိုးပြီး ဘာဆေးတွေ သောက်နေလဲ လာမေးချင် မေးတတ်သည်။ အမောသက်သာသွားသော်လည်း ခြေထောက်တွေ က ယားယံလာခဲ့သည်။ စိတ်ရှိလက်ရှိကုတ်ဖဲ့ပစ်ချင်စိတ်တွေ ကို မနည်း မျိုသိပ်ထားခဲ့ရသည်။ ဆေးရုံတက်ပြီး သုံးရက်မြောက်မှာ ဆေးရုံဆင်းခွင့်ရဖို့ သက်ဆိုင်ရာတွေ ကို တောင်းပန်တိုးလျှိုးသမှု သူ စတင်ပြု၏။

ခု ခြောက်ရက်မြောက်နေ့ ဆေးရုံအပေါက်ဝမှာ ကျခဲ့သည့် သူ့မျက်ရည်မှာ ဤ အပုပ်အစပ် အညစ်အပတ်တောထဲမှ လွတ်မြောက်လာသည့်အတွက် နှစ်ထောင်းအားရစွာ ကျရသည့် ဝမ်းသာမျက်ရည်ဟု ပြောနိုင်သည်။

အမေ့အတွက် ဝိုးချဲလ်ကလေးများ ရမည်လား။ ဆေးရုံကို မေးကြည့်ပါသေးသည်။ သိတော် မူကြသည့်အတိုင်း အဖြေက ဟင့်အင်းတဲ့။

ဒီတော့လည်း လက်တဖက်က အမေ့ကိုတွဲ၊ နောက်လက်တဖက်က အထုပ်အပိုးတွေ သယ်ရင်း ဘတ်စ်ကားဂိတ်သို့ လျှောက်လာကြသည်။ ကားဂိတ်မှာ လူတန်းကြီးက မနည်းမနော။ ကားဂိတ်ရှိ ကားအဝင်အထွက် အချိန်စာရင်းအရတော့ ဘတ်စ်ကားသည် ဆယ့်ငါးမိနစ်တစီး ဧကန်စင်စစ် အမှန်တကယ် ရောက်လတ္တံ့ဟု အာမဘာန္တေ ခံထား၏။

အဆိုပါကားကို သူတို့သားအမိ စောင့်လိုက်သည်မှာ တနာရီကျော် ကြာသွား၏။ လေအေးတွေ တိုက်လာခဲ့ပြီ။ အမေကသည် ဆက်လက်တန်းစီ စောင့်ဆိုင်းခြင်းငှာ မစွမ်းသာတော့သဖြင့် လူတန်းထဲမှ ထွက်ပြီး နံရံကို ခြေပစ်လက်ပစ် မှီရင်းရပ်နေခဲ့ရာ သူ့ပုံသဏ္ဍာန်မှာ ဖုန်းတောင်းယာစကာမကြီး နှင့် ချွတ်စွပ်တူသွား၏။ နေရာပျောက်မည် စိုးသဖြင့် သားကေ ကတော့ လူအုပ်ထဲမှ တဆံခြည်တောင် မရွေ့ရဲ။ ပေါ်တော်မူ ဘတ်စ်ကား ရောက်လာသောအခါမှာတော့ ကားပေါ်မှာ သူတို့သားအမိအတွက် ထိုင်စရာ နတ္ထိ။ မိုက်ကယ်ကေအဖို့ လက်တဖက်က ဘတ်စ်ကား လက်ကိုင်တန်းကို မြဲမြဲဆုပ်၊ နောက်တဖက်က သူ့အမေကို ထွေးပွေ့ရင်း ညနေ ငါးနာရီတွင် ဆီးပွိုင့်သို့ ရောက်သည်အထိ တလမ်းလုံး ဒုက္ခခံလာခဲ့ရသည်။

အတ္တလန်တစ်သမုဒ္ဒရာ မြင်ကွင်းကို ခံစားနိုင်သည့် ဆီးပွိုင့်ရှိ သူဌေးလင်မယား၏ တိုက်ခန်းတွဲကြီး တလုံးတွင် အန်နာကေ အိမ်ဖော်လုပ်နေခဲ့တာ ရှစ်နှစ် ရှစ်မိုး ကြာမြင့်ခဲ့ပြီ။ စာချုပ်အရ သူ နံနက်ကိုးနာရီမှ ညရှစ်နာရီထိ အလုပ်လုပ်ရမည်။ နေ့လယ်ပိုင်းမှာ သုံးနာရီ နားခွင့်ရှိပြီး တပတ်ကို ငါးရက်၊ သို့မဟုတ် ခြောက်ရက် လုပ်ရသည်။ လုပ်ခပြည့် နားရက်တရက်ရသည်။ ကိုယ်ပိုင်အခန်းလေးတခန်း ရသည်။ မဆိုးလှပါ။ အိမ်ရှင်တွေကလည်း သဘောကောင်း၏။ ဒီအလုပ်ကို အန်နာကေ တတ်အားသရွေ့ အခွန့်ရှည်လို၏။ သို့သော် လွန်ခဲ့သည့် တနှစ်လောက်ကစပြီး သူ့ကျန်းမာရေးက ယိုယွင်းလာ၏။ ခေါင်းက မိုက်ကနဲ မူး၏။ ရင်ညွန့်က လှိုက်ကနဲအောင့်၏။ ထို့နောက်တွင်တော့ သူ မိုးကနဲ မိုက်ကနဲ လဲတတ်လာသည်။ အိမ်ရှင်များက သူ့ကို ထမင်းချက် ဟင်းချက်လောက်သာ ခိုင်းတော့သည်။ ကျန်အိမ်ကိစ္စများအတွက် အမျိုးသမီးငယ်တဦး ထပ်ငှားကြ၏။ သူ့လစာလည်း သုံးပုံတပုံခန့် လျော့သွားသည်။ သို့သော် အခန်းကိုတော့ မဖယ်ခိုင်းခဲ့ကြ။ အန်နာကေ၏ ကျန်းမာရေးသည် ဆိုးသည်ထက် ဆိုးလာ၏၊ ဆေးရုံမတက်မီ သုံး-လေးပတ် လောက်မှာတော့ ဘာအလုပ်မှ မလုပ်နိုင်ဘဲ သူ့အိပ်ရာထဲ ဗုန်းဗုန်းလဲ၏။ အိမ်ရှင်မိသားစု၏ ပေးစာကမ်းစာဖြင့် သာ သူ အသက်ရှင်နေထိုင်ခဲ့ရသည်။

သူ့အခန်းက လှေကားအောက် တည့်တည့်မှာ။ မူလက တိုက်ခန်းတွဲကြီး တခုလုံးအတွက် လေအေးပေးစက်ကြီး ထားဖို့ ရည်ရွယ်ခဲ့သော်လည်း မတပ်

ဖြစ်ခဲ့ကြဘဲ အန်နာ့ စံနန်းအဖြစ်သာ အသုံးတော်ခံခဲ့ရသည့် ထိုအခန်းတံခါးပေါ်တွင် အနီရောင် အရိုးခေါင်းပုံနှင့် အန္တရာယ် အမှတ်အသားကြီးက ထင်းလျက်။ လျှပ်စစ်မီး မရှိ၊ ပြတင်းပေါက် မရှိ၊ အခန်းတွင်းမှ လေသည် အမြဲတစေ ဖုန်နံ့တွေ လှိုင်လျက်။

မိုက်ကယ်သည် အခန်းတံခါးကို ဖွင့်လိုက်သည်။ ဖယောင်းတိုင်တတိုင်ကို ထွန်းလိုက်သည်။ သူ့အမေအန်နာ အိပ်ရာပြင်နေတုန်း သူအခန်းအပြင်သို့ ထွက်နေလိုက်သည်။ ထိုနေ့မှစ၍ မိုက်ကယ်သည် ညနေတိုင်း ဤအခန်းသို့ ဝတ္တရားမပျက် လာ၏။ သူ့အမေကို စွပ်ပြုတ်ကျွေး၏။ ဗာဟီရကိစ္စတွေ လုပ်ပေး၏။ အမေ မျက်ရည်ကျတော့ အမေ့ကို ဖက်ကာ နှစ်သိမ့်ရပြန်၏။ တညနေမှာတော့ ဘတ်စ်ကား မရသဖြင့် မလှုပ်သာမလှည့်သာ အမေ့အခန်းထဲက ဖျာပေါ်မှာပင် ကုတ်အင်္ကျီဝတ်လျက်နှင့် သူညအိပ်ခဲ့ရသည်။ ညနက်သန်းခေါင်မှာတော့ တကိုယ်လုံး ခိုက်ခိုက်တုန်ကာ အရိုးထဲထိစိမ့်နေအောင် အေးသည့် အအေးဒဏ်ကြောင့် လန့်နိုးခဲ့ရသည်။ သူ ပြန်အိပ်လို့ မရတော့။ ညမထွက်ရ အမိန့်ကြောင့် ပြန်လို့လည်း မရ။ ဒီလိုနှင့် မိုးလင်းသည်အထိ ကုလားထိုင်ပေါ်မှာ တုန်တုန်ယင်ယင်ဖြင့် ထိုင်နေခဲ့ရသည်။ အမေ ကတော့ ဟောက်များ တောင်နေလိုက်သေးသည်။ မိုက်ကယ့်အဖို့ကတော့ဖြင့် ဒီမလှုပ်သာမလှည့်သာ မီးခြစ်ဘူးသာသာ အခန်းကလေးထဲမှာ အမေနှင့် နှစ်ယောက်တည်း ရှည်လျားလှသည့် ညနေခင်းများကို အတူတကွ ဖြတ်သန်းရခြင်းကို မကြိုက်ရေးချ မကြိုက်။ အမေ၏ ဖူးဖူးထအောင် ရောင်ကိုင်းနေသော ခြေထောက်များကို မြင်နေရသည်ကို သူ စိတ်မချမ်းသာ။ ဒါကြောင့်လည်း အမေ့ကို တွဲတိုင်း သူ မျက်နှာလွှဲထားလေ့ ရှိသည်။ ညည လက်အိတ်တွေ စွပ်အိပ်တတ်သော်လည်း အမေ့မှာ မခံသာအောင် ယားယံရှာသည်ထင်၏။ အမေ့ပေါင်နှင့် လက်မောင်းများပေါ်မှာ ကုတ်ရာခြစ်ရာတွေက အထင်းသား။ သို့သော်လည်း မည်သို့ပင် စိတ်ပျက်စေကာမူ မိုက်ကယ်ကေ တယောက် သူ့တာဝန်နှင့် ဝတ္တရားကိုတော့ ဘယ်တော့မှ မမေ့ရှာ။ ဟူးဝစ် နိုရန်းနီးယပ်စ် ကျောင်းမှာတုန်းက စက်ဘီးစတန်းနားမှာ ထိုင်ရင်း သူ့ကို ဤလူ့ဘုံခန်းဝါသို့ အဘယ်ကြောင့်များ ခေါ်ယူခဲ့ကြသလဲ ဆိုသည့် ပြဿနာကြီးကို ထိုင်စဉ်းစားခဲ့ဖူးသည်။ တကယ်တော့လည်း အဖြေကို ထိုအချိန်ကတည်းက ရခဲ့ပါ၏။ ဤလောကကမ္ဘာသို့ သူရောက်ခဲ့ရခြင်း အကြောင်းရင်းမှာ အမေ့ကို ပြုစုစောင့်ရှောက်ဖို့ မဟုတ်လား။

သို့သော်လည်း သူ့သား မိုက်ကယ် မည်သို့ပင် နှစ်သိမ့်စေကာမူ ဤအခန်းကို လက်လွှတ်ရလျှင်ဖြင့် ဆိုသည့် အန်နာ့အတွေးနှင့် အကြောက်တရားတို့ကို ပြေပျောက်စေခြင်းငှာ မည်သို့မှ မစွမ်းသာ။ ဆွန်မားဆက် ဆေးရုံစင်္ကြံလမ်းမှ သေခါနီးတွေ ကြားမှာ ကုန်ဆုံးခဲ့ရသည့် ညတွေအကြောင်း ပြန်တွေးရင်း ဤ ဗရုတ်ဗရက် စစ်ပွဲကာလအတွင်း အကြီးအကျယ် နာမကျန်းဖြစ်နေသည့် အဘွားအိုကြီး တယောက်၏ သေချာရေရာခြင်း ကင်းမဲ့လှသည့် ဘဝကို သူ

စက်ဆုပ်နာကြည်းမိ၏။ လက်လှုပ်မှ ပါးစပ်လှုပ်ရသည့် သူတို့လို လူမျိုးတွေ အတွက် ခုလို တကိုယ်လုံး မလှုပ်နိုင်တော့ချိန်မှာ အိမ်ရှင်၏ သဘောမနောကောင်းမှုကို မည်မျှထိ ယုံကြည်ကိုးစား နိုင်မည်နည်း။ ထိုလှထိုင်းလှသည့် သားဖြစ်သူ၏ တာဝန်ကျေမှုကို ဘယ်လောက်ထိ စိတ်ချနိုင်မည်နည်း။ ခုတင်အောက်ရှိ သေတ္တာထဲမှ အိုစာမင်းစာကလေးများတော့ ကျန်နေသေးသည်။ အသစ်ထုတ်သည့် ငွေစက္ကူများက ပိုက်ဆံအိတ်တလုံး၊ တရားမဝင်ဟု ကြေညာခြင်းခံထားရပြီး အသစ်နှင့် လဲလို့ ရ၊ မရ မသေချာသည့် ငွေစက္ကူအဟောင်းများ က ပိုက်ဆံအိတ်တလုံး။

ဒီလို ဧကန်မဲ့သည့် အခြေအနေများကြောင့်ပင် မိုက်ကယ် ပန်းခြံမှအပြန် သူ့ထံရောက်လာသည့် တညနေမှာတော့ အန်နာသည် သူ့စိတ်ထဲတွင်ရှိနေသည့် စီမံကိန်းကို အကောင်အထည်ဖော်ရန် စတင်စဉ်းစားစ ပြုလာ၏။ သူ့ဘဝရှင်သန်ရေး အတွက် အထောက်အကူ မပေးနိုင်လောက်တော့သည့် ဤမြို့တော်ကို သူ ခွာမည်။ ဇာတိချက်ကြွေ မွေးရပ်မြေ တောကို ပြန်တော့မည်။

အန်နာသည် ပရင့်စ်အဲလ်ဗတ် ခရိုင် ယာခင်းတခုအတွင်း မွေးဖွားခဲ့သည့် တောသူစစ်စစ်။ သူ့အဖေက အရက်သောက်လွန်းသဖြင့် ကြောင်တောင်တောင် ဖြစ်နေခဲ့သည်။ သူ ပုစိညှောက်တောက် ဘဝက ယာခင်းတွေ တခုပြီး တခု ပြောင်းရွှေ့ပြီး နေခဲ့ရသည်ကို မှတ်မိ၏။ သူ့အမေကတော့ သူများ အိမ်တွေမှာ အဝတ်လျှော်၊ ထမင်းချက် အိမ်အကူပေါ့။ အန်နာကလေးကလည်း အမေ့ကို တတ်အားသရွေ့ ကူခဲ့ရသည်။ နောက်ပိုင်းတော့ သူတို့အောရှွန်းမြို့ကို ပြောင်းလာကြသည်။ ထိုမြို့ရောက်တော့ အန်နာ ကျောင်းစတက်ရသည်။ သားဦးကလေးရတော့ ကိတ်တောင်းသို့ သူ ပြောင်းလာခဲ့သည်။ နောက်ကလေး တယောက် ထပ်ရသည်။ ကလေးအဖေကလည်း နောက် တယောက်။ တတိယ တယောက် ကတော့ အဖတ်မတင်။ နောက်ဆုံး ကတော့ မိုက်ကယ်ကေပေါ့။

သူမှတ်မိသလောက်တော့ ဘဝမှာ အပျော်ရဆုံး အချိန်ကာလများသည် အောရှွန်းတွင် နေထိုင်ခဲ့ရ ချိန်များသာ။ အန်နာ့ရဲ့ ရွှေခေတ်တွေပေါ့။ ကြက်ခြံထဲက ကြက်တွေကို ချုံပုတ်များထဲမှ ပုန်းကွယ်စောင့်ဆိုင်းရင်း ကြက်ဥခိုးကောက်ရသည့် အရသာကို သူခုထိ စားမြုံ့ ပြန်လျှင် ခံတွင်းတွေ့တုန်း။ သူ့ မီးခြစ်ဘူး အခန်းလေးထဲက ခုတင်ပေါ်မှာလှဲရင်း ဒီလို သူဦးသူဆော်၊ ကိုယ်ဦး ကိုယ်ဆော်နေကြသည့် အဝီစိဆင်းတော့မလို ပွတ်ညပ်ကျပ်သိပ်နေသော ဘတ်စ်ကားများ ရှိသည့်၊ အစားလေးတလုတ် ဝယ်စားရဖို့အရေး တမျှော်တခေါ် တန်းစီရတတ်သည့်၊ မောက်မာရိုင်းစိုင်းသော ဆိုင်ရှင်များ ရှိသည်၊ သူခိုးများနှင့် သူတောင်းစားများ ပျော်မွေ့သည့်၊ ညစဉ်ညတိုင်း သွေးပျက်ဖွယ် ဥဩသံတွေ စီစီညံညံ ကြားရတတ်သည့်၊ လူတွေ့လျှင် အစစ်အဆေးအမေးအမြန်းမရှိ

ပစ်သတ်နိုင်သော ညမထွက်ရအမိန့် ကမ္ဘာတည်အောင် ထုတ်ထားသည့်၊ အမြဲတမ်း စိုးရွံ့စွတ်အေးစိမ့်နေသည့် မြို့တော်ဆိုတာကြီးကို စုံကန်ကာ တောသို့ ပြန်ချင်စိတ်တွေ ထိန်းမနိုင် သိမ်းမရ ဖြစ်လာခဲ့သည်။

ရွာမှထွက်လေ တောမှာသေ ဆိုချင်ဆိုပါစေတော့။ အနည်းဆုံးတော့ တောမှာ ကောင်းကင်ပြာပြာကြီး ကို တဝကြီးကြည့်ရင်း သေခွင့်ရမည် မဟုတ်လား။

ထိုအကြံ ထိုစီမံကိန်းကို သူ့သား မိုက်ကယ်အား ပြောပြချိန်မှာတော့ တောမှာသေမည် စကား တလုံးတပါဒမှ သူ ထည့်မပြော။ မိုက်ကယ့်ကို သူအကြံပေးသည်က ပန်းဥယျာဉ်အလုပ်မှ နုတ်ထွက်၊ ပြီးတော့ သူနှင့်အတူတူ ပရင့်စ်အဲလ်ဗတ်နယ်သို့ ထွက်မည့် ရထားပေါ်တက်၊ ဟိုရောက်လျှင် သူက အခန်းတခန်း ငှားမည်။ မိုက်ကယ်က ယာခင်းတခုမှာ အလုပ်ရှာ။ အကယ်၍ မိုက်ကယ်ရမည့် အခန်းသည် ကျယ်ကျယ်ဝန်းဝန်းရှိလျှင်တော့ သူပါ အတူနေမည်။ မဟုတ်လျှင်တော့ ထုံးစံအတိုင်း စနေ၊ တနင်္ဂနွေများမှာ သားလှရွှေသွေး မိုက်ကယ်လေးက သူ့ဆီလာပေါ့။ အို-သူ့စကား သူ့သားက ယုံစားပါ့မလား။ မယုံ၍ မရ။ သူသက်သေပြမည်။ ခုတင်အောက်က အိတ်ကြီး ထုတ်လိုက်စမ်း၊ ဖွင့်လိုက်စမ်း၊ ဟော-ပိုက်ဆံ အိတ်ကြီးနှင့် တလုံး အပြည့်အသိပ်ရှိနေသော ငွေစက္ကူသစ်များကို မိုက်ကယ် တွေ့သွားပြီ။ မတွေ့ရှိမလား။ အစောကြီးကတည်းက ဒီယုန်မြင်၍ ဒီချုံထွင်ထားမင့်ဟာကို။

သို့သော်လည်း မိုက်ကယ့်ထံမှ သံသယစကားများ ကြားရလိမ့်ဦးမည် ဟု သူ တင်ကြိုတွေးဆ ထားခဲ့သည်။ တောမြို့ကလေးမှာ ဘုမသိဘမသိ သူစိမ်းနှစ်ယောက် ဘယ်လို စခန်းသွားရပါ့။ ဒီကြားထဲ တယောက် က အိုမင်းကုန်းကွ သုံးမရလောက်အောင် ကျန်းမာရေး ချွတ်ခြုံကျနေသော အဘွားကြီး၊ ဒီစကားတွေ အတွက် အဖြေကို သူအဆင်သင့် တွေးဆကြံစည် ထားသော်ငြားလည်း နောက်ဆုံးမှာတော့ အဟောသိကံ ဖြစ်ခဲ့ရသည်။ သူ့သား မိုက်ကယ်သည် သူ့စီမံကိန်းအပေါ် စဉ်းငယ်မျှပင် သံသယ မရှိရှာ။

သူ့အမေ သူ့ကို ဟူးဝစ်နိုရန်းနီးယပ်စ် ကျောင်းမှာ ပေယျာလကန် ထားသွားခဲ့စဉ် ကတည်းက မှောင်မိုက်မှာငိုရင်း ထိုင်မက်ခဲ့ရသည့် မိုက်ကယ်လေး၏ အိပ်မက်တို့သည် ခုတော့ လင်းအရုဏ် သန်းလာခဲ့ပြီလေ။ ဉာဏ်ကြီးလှသည့် အမေ၏ စီမံကိန်းကို ဘောက်မဲ့ကြောင့် သူက ကန့်ကွက်ရမည် နည်း။ ခြွင်းချက်မရှိ ထောက်ခံ၏။ မိုက်ကယ့်မျက်လုံးများက ခုတင်အောက်ရှိအိတ်ထဲတွင် ရှိနေသော အသစ်စက်စက် ငွေစက္ကူများကို မမြင်၊ တနေကုန်ယာခင်းထဲမှာ အလုပ်လုပ်ပြီး ညနေစောင်း မောမောပန်းပန်းဖြင့် အိမ်ပြန်လာသည့် သူ့ကို မီးခိုးခေါင်းတိုင်လေးမှ အငွေ့တလူလူ တက်နေသည့် ချစ်စရာ့ယာခင်းအိမ်ကလေး အပေါက်ဝမှ အပြုံးဖြင့်

ဆီးကြိုနေသည့် အမေ့ပုံရိပ်ကိုသာ သူ့အဖျွတ်တစက္ခု အာရုံမှာ မြင်ယောင်နေတော့သည်။

နောက်တနေ့ မနက်မှစ၍ မိုက်ကယ် တယောက် အလုပ်မဆင်းပါလေတော့။ အမေ့ပိုက်ဆံတွေ ကို အထုပ်တွေ ခွဲပြီး ခြေအိတ်တွေထဲ ထည့်၏။ ဘူတာရုံကို သူ သွား၏။

လက်မှတ်ရုံသို့ ရောက်၏။ အရောင်းစာရေး ထံမှ သူသိခဲ့ရသလောက် ဖောက်သည်ချရလျှင် ပရင့်စ်အဲလ်ဗတ်သို့ သွားမည် ရထားလက်မှတ် နှစ်စောင်ကို ခု ချက်ချင်း ပျော်ပျော်ကြီး ရောင်းပေးလိုက်လို့ ရကြောင်း (ဒါတောင် ပရင့်စ်အဲလ်ဗတ်လား၊ ပရင့်စ်အဲလ်ဖရက်လား သေချာအောင် သူ မေးနေသေးသည်)၊ သို့သော် လက်မှတ်ရရုံဖြင့် ရထားပေါ် ကော့ကော့မော့မော့လေး တက်လိုက်သွားလို့ရမည် မထင်လေနှင့်၊ ကိတ်တောင်းဌာနာပိုင် ရဲစခန်းမှ ထုတ်ပေးသည့် တရားဝင်ထွက်ခွာခွင့် လက်မှတ် ဆိုသဟာကို ရအောင်ယူရလိမ့်ဦးမည်။ အစောဆုံး ရောင်းချပေးနိုင်မည့် ရထားလက်မှတ်မှာ နောက်နှစ်လအကြာ ဩဂုတ်လ (၁၈)ရက်နေ့အတွက် ဖြစ်၏။ ထွက်ခွာခွင့်လက်မှတ် ရနိုင်သည့် နေရာကတော့ ရဲစခန်းမှတပါး အခြားမရှိ။ ဒီထက်များစောပြီး ရနိုင်မလားဟု မဝံ့မရဲစောဒကတက်မိတော့ စာရေးတော်ကြီး မျက်ထောင့်နီစ ပြုလာသည့်အတွက် မိုက်ကယ့်ရင်ထဲက စကားလုံးများကို အသာမျို ချထားလိုက်၏။

အမေက အတော်လေး မမာလို့ပါဟု သက်သာလို သက်သာငြားပြောမိတော့ စာရေးက ထိတ်ထိတ်ပျာပျာဖြင့် ရဲစခန်းရောက်လျှင် အမေမမာလို့ ဆိုသည့်စကား ယောင်၍မျှ မထွက်မိစေနှင့် ဟု စေတနာ ဗရပွနှင့် သူ့ကို သွန်သင်ဆုံးမတော် မူလိုက်သည်။

ဘူတာမှ ထွက်လာတော့ မိုက်ကယ်ကေသည် ကလီဒန်ရင်ပြင်ရှိရဲဌာနသို့ တန်းသွား၏။ လူတန်းရှည်ကြီးနောက်မှ နှစ်နာရီတိတိကြာအောင် တန်းစီ၏။ သူ့ရှေ့မှ စီနေသည်က ကလေးအမေ။ ကလေးက တဖြဲဖြဲအော်ငိုနေ၏။

အချိန်တန်တော့ နွားပိန်ကန်ကာ ပုံစံနှစ်စောင်ရ၏။ တစောင်က အမေ့အတွက်၊ တစောင်က သူ့အတွက်။

တာဝန်ကျစားပွဲမှ ရဲမေက-

"ရထားလက်မှတ် ဘွတ်ကင်တွေကို ပုံစံအပြာမှာ ပင်အပ်နဲ့တွဲ ပြီးအခန်း ၄ -၅ ကို ယူသွားပြီး သွားတင်ချေ" ဟု ခက်ထန်တင်းမာစွာ မိန့်ကြားသည်ကို

မိုက်ကယ်ကေ တယောက် ငြိမ်ဝပ်ပိပြားစွာ လိုက်နာခဲ့သည်။

မိုးတွေ သည်းလာခဲ့ပြီ။ အန်နာကေသည် သူ့မီးခြစ်ဘူး အခန်းလေးထဲသို့ ရေတွေ စီးမဝင် လာစေဖို့အရေး အခန်းတံခါးအောက်မှာ အဝတ်စုတ်အဟောင်းတွေ ဆိုရင်း ဗျာများ နေလေ၏။ အခန်းထဲမှာတော့ ပိုးသတ်ဆေးနံ့နှင့် ထုံးနံ့တို့ ထောင်းထောင်းထနေ၏။

"ငါ့မလဲ ဒီအခန်းထဲနေရင်း ကြာရင် တုံးအောက်ကဖား ဖြစ်တော့မယ်၊ ငါသြဂုတ်ထိ မစောင့်နိုင်ဘူး"

အန်နာကေက တတွတ်တွတ် ညည်းတွားရင်း မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ ခုတင်ပေါ်လှဲချလိုက်သည်။ တုံးအောက်ကဖား အန်နာကအိပ်နိုင်သော်လည်း ဖား၏ သား မိုက်ကယ် ကတော့ အသက်ရှူ၍ ပင် မရလောက်အောင် မွန်းကျပ်လာသဖြင့် အခန်းထဲမှ ထွက်ကာ လမ်းထောင့်ရှိဆိုင်သို့ သူ သွား၏။

"ပေါင်မုန့် မရှိဘူး၊ နွားနို့ ကုန်ပြီ၊ နက်ဖြန်မှ လာခဲ့"

ဆိုင်ဝန်ထမ်းလုပ်သူ၏ စကားသံကို နားဆင်ခံယူရင်း မိုက်ကယ်သည် ဘီစကွတ်များ နှင့် နို့ဆီတဘူး ဝယ်လိုက်သည်။ သဲကြီးမဲကြီးရွာနေသည့် မိုးကို သူ မတ်တတ်ရပ်ရင်း ငေးကြည့်နေခဲ့သည်။ နောက်တနေ့မှာတော့ ရဲဌာနသို့ သူ ထပ်သွား၏။ သူတို့ လျှောက်လွှာများကို စိစစ်ပြီး ပရင့်စ်အဲလ်ဗတ် ရဲစခန်းမှ အတည်ပြုချက်ရပြီးလျှင် ခရီးသွားလာဖို့ ခွင့်ပြုမိန့်ကို စာတိုက်မှတဆင့် ပို့လိုက်မည် ဆိုပဲ။

ဒီဝေါလ်ပန်းခြံသို့ သူ သွား၏။ ထင်တဲ့အတိုင်းပါပဲ။ ခွင့်မဲ့ပျက်ကွက်သည့် ပြစ်ဒဏ်ကြောင့် သူ့ကို အလုပ်ထုတ်လိုက်ပြီတဲ့။ ဘာအရေး တုန်း။ဥယျာဉ် အလုပ်သမားခေါင်းကို သူ ပြန်ပြောခဲ့သည်။

"ကိတ်ချနချိပါဘူး၊ ကျညော်တို့ရဲ ဒီမှာ အနေတော့ပါဘူး၊ နကြာခင်အရှေ့ကိုထော်ပြီး ထွက်သွားတော့မှာ "

ဟူးဝစ် နိုရန်းနီးယပ်စ်ကျောင်းကို သူ့အမေ လာလည်စဉ်အချိန်များ ကို မိုက်ကယ် သတိရနေမိသည်။ အမေလာတိုင်း စားစရာ၊ သောက်စရာတခုခုတော့ ပါစမြဲ။ သားအမိနှစ်ယောက် ကစားကွင်းထဲမှာ လမ်းလျှောက်ကြသည်။ မောလာလျှင် လက်ဖက်ရည် သွားသောက်ကြသည်။ ထိုနေ့မျိုးဆိုလျှင် ကျောင်းမှ ကလေးတိုင်း ကာကီဝတ်စုံသစ်ကိုယ်စီနှင့် ညှော့မျှော်ကြစမြဲ။

မိဘမဲ့ကလေးများကတော့ မျက်နှာငယ်လေးတွေ ကိုယ်စီနှင့်ပေါ့။

သူက အဲသလို မဟုတ်။ သို့ကလိုကြောင့်လည်း-

"ညှာ့အဖေ တေပြီရေ၊ အညေ ကတော့ အရုတ်ရုတ်တယ်"

ဟု သူငယ်ချင်းများ ကို ခေါင်းတမော့မော့၊ လည်တခါခါဖြင့် သူကြွားတတ်စမြဲ။

မှောင်ရိပ်သန်းသည့် ညနေစောင်းများမှာ အခန်းထောင့်တွင် ကူရှင်တွေ၊ စောင်တွေ ရသလောက်ပုံပြီး ထိုအပုံပေါ်ထိုင်ကာ အမေ့ အသက်ရှူသံကို မိုက်ကယ် နားစွင့်နေစမြဲ။ အမေကလည်း အိပ်-အိပ်နိုင်လွန်းသည်။ အချိန်ရှိသရွေ့ အိပ်၍ ချည်းနေတော့သည်။ တခါတလေတော့ မိုက်ကယ်လည်း စောင်ပုံပေါ်ထိုင်ရင်း ငိုက်ကနဲ၊ စိုက်ကနဲ၊ ဖျတ်ကနဲ လန့်နိုးတော့တလောကလုံး မှောင်နှင့်မည်းမည်း၊ မနက်လင်းလျှင် ခေါင်းတွေ တဒိန်းဒိန်းကိုက်နေမြဲ။ ခုထိ ပေါ်မလာသေးသော ခရီးသွားခွင့်ပါမစ်ကို စောင့်ရင်း သူရောက်တတ်ရာရာ လျှောက်သွား၏။ အခြေအနေတွေ က တိုး၍ တိုး၍ ဆိုးလာသယောင်ပင်။

တခုသော တနင်္ဂနွေမှာတော့ မိုက်ကယ် တယောက် မနက်အစောကြီး ဒီဝေါလ်ပန်းခြံသို့ ထထွက်သွား၏။ ဂိုဒေါင်တံခါးသော့ကို သူ ဖျက်၏။ အထဲမှ အမှိုက်ကားသည့် လက်တွန်းလှည်းကလေး တစီးနှင့် အခြားပစ္စည်းပစ္စယများကို ယူပြီး ဆီးပွိုင့်သို့ ပြန်လာခဲ့သည်။ တိုက်ခန်းတွဲ ကြီး၏ နောက်ဖေးလမ်းကြားထဲမှာ မိုက်ကယ် တယောက် အလုပ်တွေ ရှုပ်နေသည်။လက်တွန်းလှည်းကို လူစီး၍ ရသည့် အနေအထားသို့ ရောက်အောင် တတ်သရွေ့ မှတ်သရွေ့ သူ ပြုပြင်နေ၏။ ခိုင်ခံ့အောင် ဝါယာကြိုးများ နှင့် အထပ်ထပ်ချည်နှောင်၏။ အားလုံး ပြီးစီးသည့်အခါ မာတာမိခင်ကျေးဇူးရှင် ကိုသိကြားမင်း၏ စီးတော် ယာဉ်တမျှ ခံ့ညားလှသည့် မိတ်အင်မိုက်ကယ်လက်တွန်းလှည်း စီးကြည့်ဖို့ သူ ဖိတ်ခေါ်၏။

"အညေ ယေကောင်းယေတန့်ရေး ဘာရေး ခြူရင် တောင်းနယ်ဂျာ၊ ထု နားနာရီကျော်ဘီ၊ ယုတ်ပါ၊ လာပါ၊ အကြင်ထွက်ကြစို့ယှဲ့"

မိုက်ကယ် ဘယ်လိုပြောပြော အမေ ကတော့ ဟင့်အင်းပဲ။

"ဟဲ့ - အမှိုက်ကျုံးတဲ့ လက်တွန်းလှည်းကြီးစီးသွားရင် တိုက်ခန်းပေါ်က လူတွေကို ဝိုင်းရယ်ကြမှာ ပေါ့ မိုက်ကယ်ရဲ့၊ ငါ ရှက်တယ်၊စီးဘူး"

အမေ အန်နာ၏ သံမဏိ အဓိဋ္ဌာန်သည် နောက်တနေ့မှာ အရည်ပျော်၏။ ညနေစောင်းမှာ လက်တွန်းလှည်းစီးဖို့အရေး အန်နာကေသည် ကုတ်အင်္ကျီဝတ်၊

ဦးထုပ်ဆောင်း၊ လက်ကိုင် အိတ်ကိုင်ပြီး တတ်အားသရွေ့ အလှပြင်ကာ ထွက်လာခဲ့သည်။ မိုက်ကယ်က သူ့အမေကို လက်တွန်းလှည်းပေါ်တွင် တတ်နိုင်သလောက် သက်သောင့်သက်သာ ဖြစ်စေဖို့အရေး နေရာချပေး၏။ ပြီးတော့ ကမ်းခြေဆီသို့ တဖြည်းဖြည်းချင်း တွန်းလာခဲ့သည်။

ကမ်းခြေမှာတော့ ခွေးတကောင်နှင့်အတူ လမ်းသလားနေသည့် အဘိုးကြီး၊ အဘွားကြီး စုံတွဲ တတွဲ မှလွဲ၍ လူသူလေးပါး ကင်းရှင်းလျက် ရှိသည်။အန်နာသည် တွန်းလှည်းပေါ်တွင် ပုံ့ပုံ့ကြီးထိုင်ကာ လတ်ဆတ်အေးမြသည့် ပင်လယ်လေကို တဝကြီးရှူ၏။ ကိုက်တရာခန့် တွန်းပြီးနောက် ကျောက်ဆောင်တွေကို ပင်လယ်လှိုင်းလုံးများ ရိုက်ပုတ်နေသည့်မြင်ကွင်းကို သားအမိနှစ်ယောက် ခံစားကြသည်။ အတော် ကြာတော့တွန်းလှည်းတွန်းပြန်သည်။ ကိုက်တရာလောက်တွန်းပြီး ခဏ နားကြပြန်သည်။ နောက်တော့ သူတို့ ပြန်လှည့်လာခဲ့ကြသည်။ မိုက်ကယ်သည် တွန်းရင်းတန်းလန်းဖြင့် သူ့အမေ၏ ခန္ဓာကိုယ် အတ္တဘောကြီးသည် မည်မျှလေးလံသည်ကို လည်းကောင်း၊ တွန်းလှည်းသည် မည်မျှယိုင်ရွဲ့နေသည်ကို လည်းကောင်း ကောင်းစွာ သတိပြုမိသည်။ တွန်းရင်းမတတ်တတ်ကဘီးများ ပြုတ်ထွက်ကုန်မည် ကို စိုးရိမ်လိုက်ရတာလည်း အမော။

သို့သော် ပါးစပ် ကတော့-

"ထုလို ယေကောင်းယေတန့်တွေ ခြူလိုက်တော့ အညေ နေတောင်းတွားရောမှု တရား" ဟု ပြော ဖြစ်အောင် ပြောလိုက်သေးသည်။ နောက်တနေ့မှာတော့ တနေကုန် မိုးရွာသဖြင့် သူတို့သားအမိနှစ်ယောက် အခန်းထဲ အောင်းနေကြရပြန်သည်။ မိုးရွာထဲမှာ တွင်းအောင်းရင်း မိုက်ကယ် အကြံထုတ်သည်။

စက်ဘီး၏ ဘီးများဖြင့် တွန်းလှည်းကောင်းကောင်းလေး တခုလောက်ဆင်နိုင်လျှင် ဘယ်လောက် ကောင်းလိုက်မလဲ။ သို့သော် ဘယ်မလဲ ဝင်ရိုး။ဘယ်လိုလုပ်ရမလဲဆိုတာကို သူ မစဉ်းစားတတ်။

ဇွန်လ နောက်ဆုံးပတ် ညနေစောင်းတခုမှာ ကမ်းခြေကို အပြင်းမောင်းဆင်းလာသည့် စစ်ဂျစ်ကားတစီးသည် ရှေ့မကြည့် နောက်မကြည့်လမ်းဖြတ်ကူးနေသည့် လူငယ် တယောက်ကို ဝင်တိုက်၏။ ကားတိုက်ခံရသော လူငယ်သည် အတော် ဝေးဝေးသို့ လွင့်စဉ်ထွက်သွား၏။

ဂျစ်ကားကလမ်းပေါ်မှာ တစောင်းကြီး ရပ်သွား၏။ ကားပေါ်မှ စစ်သားနှစ်ယောက်သည် ဒေါသထွက်နေကြသည့် လူငယ်၏

အပေါင်းအသင်းတစုနှင့် စတင်အချင်းများ၏။ ခဏနေတော့ ကိုယ်ထိလက်ရောက် ထိုးကြိတ်ကြ၏။ အတော် ကြာတော့ မနည်းမနော လူအုပ်ကြီး ဖြစ်လာသည်။ မည်းမည်းမြင်ရာ ရိုက်ချင် နှက်ချင်၊ လက်ယားနေသည့် လူအုပ်ကြီးသည် ရပ်ထားသော ကားများကို လက်စွမ်းပြကာ ထုခြေကြ၏။ **တွေ့သမျှပစ္စည်း တို့ဖျက်ဆီး** မူဝါဒကိုတညီတညွတ်တည်း ကျင့်သုံးကြ၏။ မွန်းနေကြပြီ ဖြစ်သောကြောင့် ညမထွက်ရအမိန့် ဥဩသံကိုလည်း ဂရုမစိုက်တော့။ ရှေ့ပြေး မော်တော် ဆိုင်ကယ်တစီးဖြင့် ချီတက်လာသော လူနာတင်ယာဉ်မှာ လမ်းပေါ်မှ အတားအဆီးများကြောင့် ရှေ့ဆက်၍ မရဘဲ ရပ်လိုက်စဉ် ခဲမိုးများဖြင့် ဧည့်ခံကြိုဆိုခြင်းခံလိုက်ရသည်။ လေးထပ်တိုက်တလုံး၏ အပေါ်ဆုံးထပ် ဝရန်တာမှ လူ တယောက် ပေါ်လာပြီး လူအုပ်ထဲသို့ ခြောက်လုံးပြူးဖြင့် တရစပ် ပစ်၏။ လူအုပ်ကြီးသည် ပရမ်းပတာ ပြေးလွှားကာ အကာအကွယ်ယူကြ၏။ ထို့နောက်တွင်တော့ ထိုအဆောက်အအုံတခုလုံးကို ကျောက်ခဲပုံ ပေါက်ခွဲရဝသသ မိုးကြီး ရွာသွန်းဖြိုးတော့သည်။ ခြောက်လုံးပြူး စွမ်းပြသူကြီးလည်း လှေကားပေါ်မှ တရွတ်တိုက်ဆွဲချခံရပြီး တယောက် တချက် ဝိုင်းလုပ်သော ဒဏ်ကြောင့် ဖွဲ့အိတ်လို မြေ့ခနေခဲ့သည်။ တိုက်ခန်းတွဲ များတွင် နေသူများသည်အချို့ က အိမ်တံခါး သော့ ခတ်၊ အချို့က လမ်းပေါ် အယောင်ယောင် အမှားမှား ခြေဦးတည့်ရာ ထွက်ပြေးကြသည်။ အမျိုးသမီးတဦး ကတော့ လဲကျရင်းမည် သူတွေ တက်နင်းသွားမှန်းမသိ၊ အရိုးတွေ ကျိုးကာမထနိုင်ရှာတော့။ လမ်းမပေါ်မှ လူအုပ်ကြီးသည် တိုက်ခန်းတွေ ပေါ်တက်ပြီး မြင်မြင်ရာ ဖျက်ဆီးကြ၏။ အန်နာကေတို့ တိုက်ခန်းသည်လည်း ဘာသားနှင့်ထုထားလို့လဲ။ အစိတ်စိတ် အမွှာမွှာ အပိုင်းပိုင်း အပြတ်ပြတ်၊ မီးတင်ရှို့ သူကရှို့သေးသဖြင့် အားလုံး မလောင်ကျွမ်းသော်လည်း မီးခိုးတွေ အူကျန်ရစ်ခဲ့သည်။ ကိုတီဒီအဖူး၊ ကိုတီဒီအောနှင့် ကိုပါကဗားနား လမ်းတလျှောက် လူအုပ်ကြီးမှာ မည်းမည်းလှုပ်နေ၏။ တောမီးလောင်၍ လက်ခမောင်းခတ်ကြသည့် တောကြောင်တို့ကလည်း အုံလိုက် ကျင်းလိုက် ရသမျှ အကုန်ခိုးနေခဲ့ကြသည်။ ဥဩသံ တညံညံ၊ မီးရောင် တဝင်းဝင်းနှင့် ရဲကားတစီး ကိုက်ငါးဆယ်အဝေးမှ ပြေးလာသည်။ လူအုပ်ကြီးက ပစ္စတိုများဖြင့် ဝိုင်းပစ်ကြ၍ ကြောက်လန့်တကြား ပြန်ပြေးသွား၏။ မှောင်စပြုလာခဲ့ပြီ။ နောက်မိနစ်နှစ် ဆယ်ခန့်အကြာမှာတော့ ရဲများနှင့် အဓိကရုဏ်း နှိမ်နင်းရေး အထူးတပ်ဖွဲ့များ အုံလိုက်ကျင်းလိုက် ရောက်လာခဲ့ပြီး တလမ်းချင်း၊ တတိုက်ချင်း၊ တခန်းချင်းဝင်ကာ ဆူပူသောင်းကျန်းသူများအား ပြားပြားမှောက် ဖိမ့်ဖိမ့်တုန်အောင် ပိုးစိုးပက်စက် နှိမ်နင်းလိုက်ကြတော့သည်။ ဖနောင့်နှင့် တင်ပါး တသားတည်းကျအောင် မပြေးနိုင်သည့် မိန်းမ တယောက် ကတော့ သေနတ်မှန်ကာ သေကျန်ရစ်ခဲ့သည်။ တောကြောင်များ ချပြေးသွားသည့် ပစ္စည်းများ လမ်းပေါ်မှာ ပြန့်ကျဲနေ၏။ ရဲများက ထိုပစ္စည်းများ ကို အပြေးအလွှားကောက်ရင်း သူခိုးလက်မှ သူဝှက်လုနေကြ၏။

ညနက်လာသောအခါ ခတ်မီးရောင်တဝင်းဝင်းနှင့် အကြမ်းဖက်သမားဆိုသူများကို ဆက်လက် ရှာဖွေကြပြန်၏။ အဆုတ်ထဲ ကျည်ဆန်ဝင်ကာ တိုက်ခန်းစင်္ကြံလမ်းတခုမှာ လဲနေသည့် အကြမ်းဖက်သူ တဦးကို တွေ့၍ တရွတ်တိုက်ဆွဲသွားခဲ့ကြသည်။

နောက်ဆုံးတော့ အစောင့်များ ချထားခဲ့ပြီး အဓိကရုဏ်း နှိမ်နင်းရေး တပ်ဖွဲ့ကြီး အောင်မြင်စွာ ဆုတ်ခွာသွားခဲ့သည်။ နံနက်လင်းအားကြီးမှာတော့ မိုးကြီးလေကြီး ကျလာသည်။

ပြတင်းမှန်တချပ်မှ မကျန်အောင် ထုခြင်း နှက်ခြင်းကို ခံထားရသည့် ကိုတီဒီအဖူး၊ ကိုတီဒီအောနှင့် ကိုပါကဗားနားလမ်းမှ တိုက်ခန်းများသည် ကိတ်တောင်း ဂွတ်ဟုတ်ပ်အငူမှ မိုးကြမ်းနှင့်လေသရမ်း တို့ကြောင့် အခန်းထဲ သဘော်ဆိုက်မတတ် ဖြစ်ခဲ့ရတော့သည်။ အပြင်လောက၌ ထိုမျှ ကြမ်းချင်တိုင်းကြမ်း၊ ရမ်းချင်တိုင်းရမ်းနေကြချိန်ဝယ် အမေကေနှင့် သားကေတို့ နှစ်ဦးသား လှေကားအောက်မှ အလုံပိတ် အခန်းကျဉ်းလေးထဲမှာ ကြွက်ကလေးနှစ်ကောင်လို အသံတစိမှမထွက်ဘဲငြိမ်ကုပ်နေခဲ့ကြသည်။ မီးခိုးနံ့တွေ လှိုင်လာသော်လည်း သူတို့ မလှုပ်၊လှေကားပေါ်မှာ ခြေသံတွေ ဝုန်းဒိုင်းကြဲကာ ငရဲပွက်သလို ဆူညံနေသော်လည်း သူတို့ ကြားဟန်မပြု၊ သေနတ်တွေ မိုးပြိုသလို ပစ်နေသည်ကိုလည်းမသိဟန်ပြုကာ ခုတင်ပေါ်တွင် အမေနှင့် သားဘေးချင်းယှဉ်ကာ တုတ်တုတ်မျှမလှုပ်ဘဲ ထိုင်နေခဲ့ကြ၏။ စိတ်ထဲမှာတော့ စစ်ပွဲသည် ဆီးပွိုင့်သို့ ရောက်လာခဲ့ပြီဆိုသော သံသယကြီးကို ကိုယ်စီကိုင်သယ်ပိုးကြလျက်။ သန်းခေါင်လွန်တော့ အမေကေ တယောက် ငုတ်တုတ်ကြီး အိပ်ပျော်သွားခဲ့သည်။ သားဖြစ်သူ မိုက်ကယ်ကေ ကတော့ မျက်စိကိုဖွင့် နားကိုစွင့်ကာအသက်ကို ရှူသည်ဆိုရုံလေး ဖြည်းညင်းစွာ ရှူရင်း ထိုင်မြဲ ထိုင်နေခဲ့သည်။ အမေ့ထံမှ ဟောက်သံထွက်လာတော့ အမေ့ပခုံးကို ကိုင်လှုပ်ရင်း အသံမထွက်ဖို့သူ သတိပေး၏။

နောက်ဆုံးတော့လည်း နံရံကိုမှီကာ ခုတင်ပေါ်ထိုင်ရင်း သူ အိပ်ပျော်သွားခဲ့သည်။ သူနိုးလာတော့ အခန်းတံခါးအောက်မှ အားကောင်းသည့် နေ့အလင်းရောင် ကို မြင်လိုက်ရသည်။ အခန်းတံခါးကို အသာလေးဖွင့်ကာ ခြေဖျားထောက်ရင်း သူ အပြင်ထွက်လိုက်သည်။ လူသွားလမ်းတလျှောက် မှန်ကွဲစများဖြင့် တင်းကျမ်း ပြည့်နှက်နေ၏။ သူတို့ တိုက်ခန်းတွဲ ရှေ့မှာ စစ်သားနှစ်ယောက် သူ့ကို ကျောပေးကာ ထိုင်ခုံကိုယ်စီဖြင့် ထိုင်ရင်း ခဲသားပုပ်ရောင် ပင်လယ်နှင့် တဖွဲဖွဲစွေနေသည့်မိုးကို ငေးနေကြသည်။ မိုက်ကယ်ကေသည်အခန်းထဲသို့ အသာလေး ပြန်လျှောဝင်ရင်း ဖျာပေါ် လှဲချလိုက်၏။ နေ့လယ်ပိုင်းတွင် မိုးတိတ်သွား၏။ အဓိကရုဏ်းကြောင့်

ထွက်ပြေးသွားကြသည့် တိုက်ခန်းတွဲများတွင် နေထိုင်သူများ ပြန်ရောက်လာကြသည်။ မြင်မကောင်းအောင် ပျက်စီးနေသည့် သူတို့ပစ္စည်းများကို ကြည့်ရင်း မျက်ရည်ဝိုင်းသူက ဝိုင်း၊ တရှုပ်ရှုပ် ငိုသူကငို၊ ရတတ်သမျှ လိုက်လံသိမ်းသူကသိမ်း။

ထိုအချိန်တွင် မိုက်ကယ်ကေ ကတော့ ဂရင်းပွိုင့်၊ အိုလီးဖန့်လမ်းရှိ စိန့်ဂျိုးဇက်သာသနာပြု ကယ်တင်ခြင်းတပ်ရှိရာ အဆောက်အအုံသို့ ခရီးနှင်နေခဲ့သည်။ ဘာရယ်တော့ မဟုတ်။ ငရဲပြည်လို ဖြစ်နေသည့် ဆီးပွိုင့်ရှိ သူ့အမေအခန်းမှခေတ္တခဏ ရှောင်ပြေးလိုစိတ်နှင့် စွပ်ပြုတ်တခွက်၊ တညစာ ကျောခင်းစရာ တနေရာလောက်များ ရလိုရငြားပေါ့။ သို့သော်လည်း မုတ်ဆိတ်ဖွားဖွားနှင့် ပလတ်စတာ စိန့်ဂျိုးဇက် ရုပ်တုကြီးရော၊ သာသနာပြု ဝန်ထမ်းတွေ ရောကြေးဆိုင်းဘုတ်ပါ ထိုနေရာတွင် အစအနတောင် ရှာလို့မတွေ့၊ ပြတင်းပေါက်အားလုံးလည်း တင်းတင်းပိတ်ထား၏။ တံခါးခေါက်ကြည့်တော့လည်း ဘာမှမတုံ့ပြန်။ ဆိုတော့လည်း မိုက်ကယ့်ခမျာ ဘာများ တတ်နိုင်ဦးပါမည် လဲ။ အရင် အလုပ်နှင့် အကိုင်နှင့် မိုက်ကယ်ကေ ဘဝကတည်းက သူအလုပ်လုပ်ရာ ဥယျာဉ်သို့အသွား မြို့တော်တွင်းကို ဖြတ်သန်းသွားတိုင်း မြို့တွင်းလမ်းများ ပေါ်တွင် တနေ့တခြား တိုးပွားလာသည့် အိမ်ခြေရာခြေမဲ့များ နှင့် အလုပ်လက်မဲ့များ ကို ကြည့်ရင်း သက်ပြင်းကိုချ ပခုံးကို တွန့်မိသည်မှာ အကြိမ်ကြိမ်အခါခါ။

သင်းတို့သည် အချို့က ဒွန်းစဏ္ဍား၊ အချို့က အတိုအလျှို၊ အချို့ကကယ်တင်ခြင်းတပ်များ ရှေ့ရှိ မျှော်မဆုံးသည့် လူတန်းရှည်ကြီးထဲမှာ၊ အချို့ ကတော့ ဘဝကို ခွေးလေးလို ပက်လက်လှန်ကာ လက်မြှောက် အရှုံးပေးပြီးတွေ့ရာ အဆောက်အအုံ တံစက်မြိတ်အောက်မှာ ဒီအတိုင်းသာ ထိုင်နေလိုက်ကြတော့သည်။

ဒါက သူတို့၏ နေ့ဘက်ဘဝဟု ပြောနိုင်၏။ ညဘက်ဆိုလျှင်တော့ဒီထက် ပိုဆိုး၏။ ကျောချစရာ တနေရာရဖို့အရေး သဘော်ဆိပ်နှင့် လူနေရပ်ကွက်များ နားတွင် ယောင်လည်လည် လုပ်နေကြသည့် သူတို့ဘဝသည်လောကငရဲကျသည့်နှယ် ပင်ပန်းဆင်းရဲလှသည်။ ညမထွက်ရအမိန့်က အိမ်ခြေရာခြေမဲ့မို့ ခွင့်လွှတ်မည် မဟုတ်။ လမ်းပေါ် လူတွေ့လျှင် အဟုတ်တွယ်မည် ဖြစ်၏။

ခုလို ခရီးအသွားအလာ အရွှေ့အပြောင်းကို မစိစစ်၊ မတင်းကျပ်မီအချိန်ကလေးအတွင်း ကိတ်တောင်းတွင် ခံယူချက်အမျိုးမျိုးဖြင့် / ရောက်လာကြကုန်သော တောသားလူပင်လယ်ကြီး လှိုင်းထနေခဲ့သည်။

များသော အားဖြင့်တော့ တရွာမပြောင်း သူကောင်း မဖြစ်၊ မြို့တော်တွင် အလုပ်အကိုင် ကလေးများ ရကြလေမလားဆိုသည့် မျှော်လင့်ချက်ကလေးကိုယ်စီ

ရင်ဝယ်ပိုက်၍ ပေါ့။

ကိတ်တောင်းသည် အဆိုပါ မျှော်လင့်ချက်ကိုယ်စီဖြင့် ရောက်လာကြကုန်သော တောင်အာဖရိကန် တောသားလူကြီးမင်းတို့အား ရောက်ရောက်ချင်း ဆောက်နှင့်ထွင်း၍ ရင်ဝကို စုံကန်လိုက်၏။ အလုပ်အကိုင်၊ အနေအထိုင်ဘာတခုမှ သူတို့ မျှော်လင့်ထားသလို ဖြစ်မလာခဲ့ကြ။ ဆာလောင်မွတ်သိပ်လျက်ရှိကြသည့် မျှော်လင့်ချက်မဲ့ လူပင်လယ်ကြီး။

ထိုလူပင်လယ်ကြီးထဲသို့ သာ သူနှင့် သူ့အမေ လွင့်စဉ်ကျသွားခဲ့ပါလျှင် .... အမယ်လေးလေ့- မိုက်ကယ်ကေ ဆက်မတွေးရဲတော့။ သူတို့သားအမိသာ ဒီလိုအခြေအနေမျိုး ဖြစ်ခဲ့လျှင် အမေ့ကို အမှိုက်ကျုံး လှည်းပေါ်တင်ပြီး တလမ်းဝင် တလမ်းထွက် တောင်းရမ်းစားသောက်နေရမည့် သူ့ပုံကို အာရုံမှာ မြင်ယောင်လာသဖြင့် ကြက်သီးဖြန်းဖြန်းထမိသည်။ မိုက်ကယ်သည် တနေကုန် ရောက်ရာပေါက်ရာ လျှောက်သွားပြီး နေဝင်သောအခါ အမေ့ကြွက်တွင်းဆီ ပြန်ရောက်လာခဲ့သည်။ အမေ့အတွက်ညစာကို ဖြစ်သလို ပြင်ပေးပြီး မီးဖိုမီးကို ကမန်းကတန်း ငြိမ်းစေ၏။မီးရောင် တွေ့လျှင် အန္တရာယ်ရှိနိုင်သည်ဟု သူ ယူဆနေသည်။

ခုတော့လည်း သူတို့၏ မျှော်လင့်ချက်အားလုံးသည် မြို့တော် မှထွက်ခွာခွင့် ပါမစ်ပေါ်တွင် သာ စုပြုံကျရောက်နေသလို ရှိတော့၏။ သို့သော် ပြဿနာတခုက ရှိနေ၏။ ပါမစ်ကို စာတိုက်ကပို့မည် ဟု ပြောထားခဲ့သည်မဟုတ်လား။ သူတို့နေသည့် တိုက်ခန်းတွဲ ပိုင်ရှင် ဘားမန်းမိသားစု စာတိုက်ပုံးက အပေါ်ထပ်မှာ။ အမြဲ သော့ ခတ်ထားသည်။ ခုတော့ သူဌေးဘားမန်းတို့ မိသားစုလည်း မရှိကြတော့။ အဓိကရုဏ်း ဖြစ်သည့်နေ့ကတည်းက ကြောက်ကြောက်နှင့် ဘယ်ကို ပြောင်းရွှေ့ သွားသည် မသိ။ ဒီလိုနှင့် အန်နာကေ တယောက် အပေါ်ထပ်သို့ တက်၍ စာတိုက်ပုံးသော့ ကို မည်သို့မည်ပုံ ဖွင့်ရမည် ဆိုခြင်းကို သူ့သား မိုက်ကယ်ကို အသေအချာ သင်ရတော့သည်။ မိုက်ကယ်ကေသည် တိုက်ခန်းပေါ်သို့ တခါမှ မရောက်ဖူးပါ။

အပေါ်တက်သွားတော့ တခန်းလုံး ပွစာကြဲလျက်။ မိုးနှင့် လေ နှိပ်စက်မှုကြောင့် ပရိဘောဂတွေလည်း ကျိုးပဲ့၊ ကော်ဇောတွေ၊ ဖျာတွေလည်း စိုရွဲ၊ မှန်ကွဲစတွေလည်း နေရာအနှံ့၊ မီးဖိုခန်းထဲမှာတော့ ရေခဲသေတ္တာက အလုပ်လုပ်နေသေးသည်။ ယိုအိုးတွေ၊ ပုလင်းတွေ ကတော့ စင်ပေါ်မှာ အကောင်းပကတိ။ ရေတွေ ကတော့ တခန်းလုံး ဘယ်နေရာမှ မလွတ်။ အခန်းတိုင်းမှာ တလက်မခန့်ထိ ရေတက်နေခဲ့သည်။

အဖြူရောင် နံရံပေါ်မှာတော့ 'ငရဲပဲဟေ့' ဆိုသည့် စာတကြောင်းရေး

ခြစ်ထားသည်ကို တွေ့ရသည်။

မိုက်ကယ်သည် သူ့အမေကို အပေါ်တက်ကြည့်ဖို့ ဆွယ်၏။ အန်နာ့အဖို့ ဒီနှစ်လအတွင်း အပေါ်ထပ်သို့ တခါမှ မရောက်သေး။ သူသည်တိုက်ခန်းအခြေအနေကို တံခါးဝမှ မျှော်ကြည့်ရင်း မျက်ရည်ဝိုင်းလာ၏။

"ဘာလို့များ ဒီလို လုပ်ရက်ကြတာလဲကွယ်" ဟု ခပ်တိုးတိုး ညည်းတွား၏။ အန်နာသည် မီးဖိုခန်းသို့ သွားမကြည့်လိုတော့။

"မစ္စတာ ဘားမန်းတို့ဟာ လူကောင်းတွေ ကွဲ့။ ခုတော့ သူတို့လည်းဘယ်ရောက်နေရှာကြပြီလဲ မသိတော့ပါဘူး"

မိုက်ကယ်သည် သူ့အမေကို တွဲရင်း သူ့အခန်း ပြန်လိုက်ပို့၏။ သူ့အမေ အန်နာ ကတော့ ဘားမန်းမိသားစု ဘယ်ရောက်နေပါလိမ့်၊ ဘားမန်းအိမ်ထဲမှ အရှုပ်တို့ကို မည် သူရှင်းပါလိမ့်။ ဘားမန်းတို့ ဘယ်တော့များ မှပြန်လာပါလိမ့် အစရှိသဖြင့် တဗျစ်တောက်တောက် ရေရွတ်နေခဲ့သည်။မိုက်ကယ်သည် အပေါ်ပြန်တက်သွားပြန်၏။

ပထမဆုံး ရေခဲသေတ္တာထဲမှ ပစ္စည်းများကို အကုန်ရှင်းထုတ်သည်။ မှန်ကွဲစတွေ ကို အခန်းထောင့် တနေရာဆီ လှည်းကျင်း ရှင်းလင်းသည်။ ရေတွေ ကို ခပ်ထုတ်သည်။ အပျက်အစီးများ အားလုံးကို အမှိုက်ထည့်သည့် အိတ်ကြီးများထဲ ကျုံးထည့်သည်။ စားလို့ရသေးသည့် အစားအသောက်မှန်သမျှ သီးသန့်ခွဲထားသည်။ အိပ်ခန်းများ အတွင်းတော့ သူ မဝင်လို။ သို့သော် မှန်ကွဲနေသည့် ပြတင်းများ တွင် ခန်းဆီးလိုက်ကာများ ကို ပင်ဖြင့်တွယ်ကာ တတ်နိုင်သမျှ မိုးလေဒဏ်ခံနိုင်အောင်တော့ လုပ်ပေးခဲ့သည်။ စိတ်ထဲ ကတော့ ငါ တတ်နိုင် သမျှ အကောင်းဆုံး လုပ်ပေးမယ်။ သူတို့အတွက်တော့ မဟုတ်။ ငါ့အမေအတွက် ငါလုပ်ပေးနေတာဟု ပြောနေမိသည်။ တိုက်ခန်းတခုလုံးကို ကောင်းစွာရှင်းလင်းပြီးချိန်အထိတော့ မိုက်ကယ့်စိတ်ထဲမှာ အရိုးခံသက်သက်သာ ရှိသေးသည်။ အိမ်ရှင် ဘားမန်းတို့အတွက် သူ့အမေ အန်နာလုပ်ရမည် ကိစ္စများ ကိုအမေ့ကိုယ်စား သူက ဆောင်ရွက်ပေးနေသည်ဆိုသည့် အတွေးသည် ရေချိုးခန်းဆိုသည့်အရာကို သူ့ဘဝတသက်တာမှာ ပထမဆုံးအကြိမ် စတင်တွေ့ရှိလိုက်ကတည်းက အပြောင်းလဲကြီး ပြောင်းလဲသွားတော့သည်။

(၂)

မိုက်ကယ်က သူ့အမေကို ပြောနေ၏။

"အညှ နည်းယောက် ပါပဲ အညှေရာ၊ အညှေ အထန်းထဲမှာ တို့ဖာသာ တို ယွတ်ယွတ်ယပ်ယပ် အိပ်၊ အနော် အပေါ်တက်အိပ်မယ်။ အိပ်ယုံပါပဲ။ ကြူရို့ ပစ်ချိုးတွေ ယူနတုံးဘူး။ အနော် တတိပေးညယ်"

မိုက်ကယ်သည် ခေါက်ခုတင်ငယ်ကလေးကို ရေချိုးခန်းတွင်း ဆွဲသွင်းပြီး ရတတ်သမျှ အဝတ်များ ကို ခင်းကာ မွေ့ရာလုပ်၏။ ပြတင်းပေါက်ကို နံရံကပ်ဗီရိုရွှေ့၍ ပိတ်လိုက်ပြီး မီးကို ဖွင့်လိုက်သည်။ ရေချိုးဇလားကြီးအတွင်းသို့ ရေတွေ ဖွင့်ချသည်။ အလိုလေးလေး ရေနွေးလေးတွေ ပါတကား။ဒီလိုနှင့် မိုက်ကယ်သည် တသက်နှင့်တကိုယ် တခါမှ မပြုဖူးသော ရေနွေးစိမ်ခြင်းအလုပ်ကို ကြည်နူးစွာ ပြုခွင့်ရခဲ့သည်။ မနက်ကျတော့ သူ့ခြေရာလက်ရာတွေ အားလုံးကို အစအန ဖျောက်၏။ ထိုနေ့က စာပို့သမားလာသော်လည်း ဘားမန်းတို့ စာတိုက်ပုံးအတွက် စာတစောင်မှ ပါမလာခဲ့။ မိုးကလည်း တောက်လျှောက်ကို စွေနေခဲ့သည်။ မိုက်ကယ်လည်း အပြင်ထွက်ကာ ဘတ်စ်ကားမှတ်တိုင်တွင် ထိုင်ရင်း မိုးစက်များကို ငေးနေခဲ့သည်။နေ့လယ်ပိုင်းမှာ ရာသီဥတုက သာယာကြည်လင်လာခဲ့သည်။ သို့သော် ဘားမန်းတို့ကို အရိပ်အယောင်မျှပင် မတွေ့။ မိုက်ကယ် အပေါ်ပြန်တက်လာခဲ့ပြန်သည်။

ဒီလိုနှင့် မိုးသံတွေ ကြားမှာ အချိန်တရက်ပြီး တရက် ကုန်ဆုံးသွားခဲ့သည်။ ဘားမန်းတို့ ကတော့ ရှိန်းဆာယာပိုမောက်၍ ကိုယ်ပျောက်နေကြသည်။ မိုက်ကယ်သည် အခန်းထဲမှ လက်ကျန်ရေများ ကို ရေပိုက်များဖြင့် ရှင်းထုတ်၏။ သို့သော် စိုထိုင်းထိုင်းနိုင်မှု က ပျောက်မသွားသည့်အပြင်ပို၍ ပင် ဆိုးလာသဖြင့် နေရာအနှံ့ မှိုတွေ တက်လာသည်။ မိုက်ကယ်က မီးဖိုခန်းကိုတော့ ပြောင်စင်အောင် ရှင်းလိုက်ပြီး အမှိုက်ထုပ်ကြီးများ ကို အောက်သို့ သွားပစ်၏။

ခုတော့လည်း နေ့နေ့ညည မိုက်ကယ်သည် တိုက်ခန်းပေါ်မှာသာနေတော့သည်။ မီးဖိုခန်းထဲမှာ မဂ္ဂဇင်းဟောင်းတွေ အများကြီး။ အိပ်ရာပေါ်လှဲရင်း၊ ရေနွေးစိမ်ရင်း မဂ္ဂဇင်းထဲမှ မိန်းမလှလှများ နှင့် စားကောင်းသောက်ဖွယ်များ ပုံကို သူ ကြည့်၏။ မိန်းမပုံတွေ ကိုတော့ သူ အာရုံမငြိ၊ စားကောင်းသောက်ဖွယ် ပုံတွေ ကတော့ သူ ရင်ထဲထိ၏။ ဝက်ပေါင်သားကို ရို့စ်လုပ်ကာချယ်ရီသီး၊ နာနတ်သီး အကွင်းကြီးများဖြင့် ခြံရံလျက် အချဉ်ရည်မျိုးစုံနှင့်တည်ခင်းထားသော ပုံဆိုလျှင် သူ နှစ်ထောင်းအားရ ဖြစ်လွန်း၍ အမေ့ကိုပင် ပြမိသည်။

"ခုချိန်မှာ လူတွေ ဒါမျိုးကို မစားနိုင်ကြတော့ဘူးကွဲ့"

အမေ့စကားကို သူ ဘဝင်မကျ၊ ထို့ကြောင့် သူ စောဒကတက်ခဲ့သည်။

"ရှစ်ဖစ်နေတာကို ဝက်လည်း နတိဘူး၊ နာနတ်တီးလည်း နတိဘူး၊ ရှစ်ဘယ်လောက်ဖစ်ဖစ် လူတချို့ ဒေါ့ ဝက်တားရို့စ် စားနေဂျဒုံး ဖစ်မှာ ပါအညေရာ"

မိုက်ကယ်သည် သူ နေထိုင်သည့် အဆောင်သို့ ပြန်သွား၏။ မပေးရသေးသည့် လခကြွေးတွေ ကို ဆပ်၏။ အဆောင်မှူး ကိုတော့-

"အနော် အယုတ်ထွက်ရိုက်ပီရေ၊ အနော်နဲ့ အညေ တောကို တွားတော့မယ်။ ထွင့်တုနိမ့် စောင့်နေတာ" ဟု ခပ်ကြွားကြွားပြောရင်း သူ့စက်ဘီးနှင့် သူ့ပစ္စည်းများ ကို ထုပ်ပိုးသိမ်းဆည်း ယူငင်လာ၏။ အပြန်လမ်းမှာ သတိရသဖြင့် တမီတာရှည်သော သံမဏိချောင်းတချောင်း ဝယ်လာ၏။

အမှိုက်ကျုံး လက်တွန်းလှည်းကို စက်ဘီးမှ ဘီးများ ဆင်ကာ ဝိုးချဲအဖြစ် ပြောင်းလဲရေး စီမံကိန်းကို သူစလုပ်၏။ ဘီးတွေကို စက်ဘီးမှဖြုတ် လက်တွန်းလှည်းဘေးမှာ ကပ်ကာအလယ်မှာ သံမဏိချောင်းကို ထိုးထည့်လိုက်သည်။ သို့သော် ဉာဏ်ကြီးရှင်မိုက်ကယ်အဖို့ သူ့ သံမဏိချောင်းဝင်ရိုးမှ ဘီးတွေ ကျွတ်မထွက်သွားအောင် မည်သို့ လုပ်ရမည် မသိ။ တနေ့နေ့တော့ ဖြစ်၍ လာလိမ့်မည် ဟု စိတ်တုံးတုံးချရင်း တစစီ ဖြစ်နေသည့် စက်ဘီးကို ဘားမန်းတို့ မီးဖိုချောင်ကြမ်းပြင်မှာ ပုံထားလိုက်သည်။

ညှော်ခန်းမှ အပျက်အစီးတွေ ကြားထဲမှာ ထရန်စစ္စတာ ရေဒီယိုတလုံးရှိနေ၏။ မိုက်ကယ်သည် ထိုရေဒီယိုကို တတ်အားသရွေ့ ကလိရင်းနောက်ဆုံးတော့ အသံထွက်လာ၏။ ထိုအချိန်မှစ၍ တအိမ်လုံး ရေဒီယိုသံ နေ့နေ့ညည ထွက်နေတော့၏။ မိုက်ကယ်သည် ရေချိုးခန်းတွင် သူဖန်တီးထားသော ခေါက်ခုတင်လေးမှာ လှဲရင်း ဂီတသံကို နားထောင်၏။ ဒီလိုနှင့် သူ အိပ်ပျော်သွားတတ်သည်။ မနက်နိုးလာတော့လည်း ရေဒီယိုကအသံထွက်မြဲ၊ များသော အားဖြင့် သီချင်းသံ၊ တခါတလေတော့ သူ တလုံးတပါဒမှ နားမလည်သည့် ဘာသာစကားနှင့် စကားသံတွေ ကိုလည်းကြားရတတ်သေးသည်။

မဂ္ဂဇင်းများ ကို ငြီးငွေ့လာသော မိုက်ကယ်သည် မီးဖိုချောင်မှာ ရှိသည့်သတင်းစာဟောင်းတို့ဘက်သို့ ဦးလှည့်လာ၏။ သတင်းစာတွေက ဟောင်းလှပြီ ဖြစ်သောကြောင့် ထိုအကြောင်းခြင်းရာတို့ကို သူ သိပင်မသိတော့။ ဘောလုံးသမားအချို့ကိုတော့ သူ သိ၏။ လူသတ်သမားတဦးကို လက်ရဖမ်းဆီးမိခြင်း ဆိုသည့် ခေါင်းကြီးသတင်းတပုဒ်ကို သူ တွေ့၏။ ဓာတ်ပုံထဲမှာ

ကြေမွတွန့်လိမ်နေသော အဖြူရောင် ရှပ်အင်္ကျီတထည်ကို ဝတ်ထားပြီး လက်ထိတ်ခတ်ခံထားရသူ တယောက်ကို ခပ်တောင့်တောင့် ရဲကြီးနှစ်ယောက် ခြံရံလျက်တွေ့ရသည်။ လွယ်ကြိုးတပ်ထားသည့် ရိုင်ဖယ်တလက်၏ ပုံကို လူသတ်သမား၏ လက်နက်ဟု စာတန်းရေး ထိုးထားသည်။

မိုက်ကယ်သည် ထိုသတင်းစာဖြတ်ပိုင်းကို ရေခဲသေတ္တာတွင် ကပ်ထားလိုက်သည်။ မီးဖိုခန်းသို့ ရောက်တိုင်း သူ့မျက်လုံးက ဘာရယ်မဟုတ် အဆိုပါလူသတ်သမား၏ ပုံကို မကြာခဏ ကြည့်မိ၏။

ခုလတ်တလော မိုက်ကယ်ကေ လုပ်နေသည်က ရေနစ်နေသည့်ဘားမန်းစာအုပ်စင်မှ စာအုပ်များကို အခြောက်လှန်းရေး ဖြစ်၏။ သို့သော် ထိုအလုပ်က အချိန်ကုန်လွန်းလှသဖြင့် သူ ဆက်မလုပ်ချင်တော့။ စာအုပ်တွေကလည်း ဘာမှ စိတ်ဝင်စားစရာမကောင်း။ စစ်တပ်အကြောင်း၊ စစ်သား၊ စစ်သမီးတွေ အကြောင်းသာ အကောင်းလုပ်ရေး ထားသည့်ဟာတွေ။

တခါတလေ ပင်လယ်ထဲက ကျွန်းလှလှလေးတွေ ပါသော ရုပ်စုံစာအုပ်မျိုးဆိုလျှင်တော့ သူ စိတ်ဝင်စား၏။

ဒီလိုနှင့် တမနက်မှာတော့ သော့ ခတ်ထားသည့် အိမ်ရှေ့တံခါးမကြီးကို ဖွင့်သံကြားရပြီး လူလေးယောက် ဝင်လာသည်ကို မိုက်ကယ် တွေ့လိုက်ရသည်။ သူတို့က မိုက်ကယ့်ကို ရှိသည်ဟုပင် သဘောမထားဘဲအခန်းထဲမှ ပစ္စည်းများကို စတင်ရှင်းလင်းကြ၏။ မိုက်ကယ်က သူ့ပစ္စည်း ဖြစ်သည့် စက်ဘီးကို အသာယူ၍ အောက်ချထားလိုက်သည်။ သူ့အမေအန်နာသည် အိပ်ပဲ့အိပ်ပဲ့ဖြင့် အပေါ်တက်လာ၏။

"ရှင်တို့ ဘယ်သူတွေ လဲ၊ အိမ်ရှင် မစ္စတာဘားမန်းကော ဘယ်မှာ လဲ"

အစရှိသဖြင့် သူ မေးသော်လည်း ဘယ်သူမှ သူ့ကို အရေးလုပ်၍ ပြန်မဖြေခဲ့ကြ။ မိုက်ကယ်ကေ လမ်းပေါ်ထွက်လာ၏။ ထိုလူလေးယောက် စီးလာသည့် ကားဒရိုင်ဘာကို မစ္စတာဘားမန်း လွှတ်လိုက်တာလားဟု သူမေးသော်လည်း ဘားမန်းဆိုတာ ဘာကောင်လဲဟု ဒရိုင်ဘာက မခန့်လေးစား ပြန်ဖြေခဲ့သည်။

မိုက်ကယ်သည် သူ့အမေကို တွဲ၍ လှေကားမှဆင်းကာ အခန်းထဲပြန်ပို့၏။ သူ့အမေ အန်နာကေ ကတော့ ပွစိ ပွစိ လုပ်နေ၏။

"ငါဖြင့် နားကို မလည်တော့ဘူး။ ဘာလို့ သူတို့ ငါ့ကို ဘာမှပြန်မပြောကြတာလဲ။ ခုနေများ ဒီအခန်းတံခါးကို လာခေါက်ပြီး ငါတို့ကိုခု

ချက်ချင်း ဖယ်လို့ လာပြောရင် ငါတို့ ဘာလုပ်ကြမလဲ"

မိုက်ကယ်က သူ့အမေ လက်မောင်းကို ပွတ်သပ် ဆုပ်နယ်ကာနှစ်သိမ့်ပေး၏။ ပြီးတော့ သံမဏိချောင်းနှင့် ဘီးနှစ် ခုကို ကိုင်ကာ တနေ့လုံး သူ အားကြိုး မာန်တက် အလုပ်လုပ်၏။ နောက်ဆုံးတော့ ကြိုးစားမှု ၏ ရလဒ်အဖြစ် ပြုတ်မထွက်နိုင်လောက်အောင် ခိုင်ခံ့သည့် ဗိုးချဲတဖြစ်လဲ တွန်းလှည်းကို သူ ရလိုက်၏။ အမေ့ကို ကုတ်အကျီဝတ်ခိုင်းပြီး အနောက်မြောက်ဘက်မှ စတင်တိုက်ခတ်လာပြီ ဖြစ်သည့် လေအေးဒဏ်မှ ကာကွယ်ရန် စောင်ထူထူတထည်ပါ ယူကာ သူ့လက်ဖြစ် ဗိုးချဲပေါ်တင်၍ ပင်လယ်ကမ်းခြေသို့ သူ တွန်း၏။ အမေ ကျေနပ်ပုံရပါသည်။ သူ့မျက်နှာမှာ အပြုံး တွေ ဝေလို့။

တကယ်ကတော့ ထိုတွန်းလှည်း ဗိုးချဲကို အရေးတကြီး အခိုင်အခံ့လုပ်ခြင်းသည် အမေ့ကို ပင်လယ်ကမ်းစပ်နား လိုက်ပို့ရန်ဆိုသည်ထက် ပိုသော ရည်ရွယ်ချက်ကြီး မိုက်ကယ့်မှာ ရှိ၏။ တကယ်တော့ ခရီးသွားလာခွင့်ပါမစ်ကို ထိုင်စောင့်နေခြင်းသည် တမင်သက်သက် အချိန်ကို အကျိုးမဲ့ဖြုန်းတီးခြင်း ဖြစ်သည်ဟု မိုက်ကယ် ခုတော့ တထစ်ချယုံကြည်လာခဲ့ပြီ။ ထိုပါမစ်သည် မည်သည့်အခါမှ သူတို့လက်ထဲ ရောက်လာမည် မဟုတ်။ ပါမစ်မရှိလျှင် ရထားဖြင့် မသွားနိုင်။

ပြီးတော့ ခုလို အခြေအနေမျိုးဆိုလျှင် တချိန်မဟုတ်တချိန်ခုနေထိုင်သည့် အခန်းလေးထဲမှ ဧကန်မုချ ဖယ်ပေးရလိမ့်မည်။ ရထားဖြင့်မသွားလျှင် ပရင့်စ်အဲလ်ဗတ်သို့ မရောက်တော့ပြီလော။ အမေက ဗိုးချဲပေါ်ထိုင်၊သူက တွန်းသွားလျှင်ကော တချိန်မဟုတ် တချိန်တော့ ဧကန်မုချရောက်မည် မဟုတ်လော။ ခုပင်ကြည့်လေ။ သူလုပ်ထားသည့် ဗိုးချီက သက်သောင့်သက်သာ ရှိလွန်း၍ အမေ ပျော်နေပြီ မဟုတ်လော။ ခုလို ထုံထိုင်းမှုန်မှိုင်းသည့်ရာသီဥတုမျိုး၊ နေရေး ထိုင်ရေးအတွက် ရတက်မအေးရသည်မျိုးနှင့် ကြုံလျှင် အမေ့ကျန်းမာရေးသည် စိတ်အေးစရာ အကြောင်းမရှိ။

ပရင့်စ်အဲလ်ဗတ်ကို မြန်မြန်ရောက်လေ အမေ့ကျန်းမာရေး မြန်မြန်ကောင်းလေဆိုခြင်းမှာ မြေကြီးလက်ခတ်မလွဲ။ လမ်းမှာတော့ တရက်၊ နှစ်ရက် ကြာချင်ကြာမပေါ့။

သဘောမနောကောင်းသည့် သူတွေ နှင့်တွေ့လျှင် လမ်းကြုံခေါ်တင်သွား၍ သက်သောင့်သက်သာ ကားဖြင့် ရောက်သွားနိုင် သေးသည်။ထိုကိစ္စနှင့်ပတ်သက်၍ အမေနှင့် သူ နာရီပေါင်းများစွာ အချေအတင် စကားပြောခဲ့ရသည်။ ဆောင်းတွင်းကြီး အမိုးအကာ မရှိတဲ့ လမ်းပေါ်မှာ ငါက ဘယ်လို အိပ်ရမလဲတဲ့။

အို- ကံကောင်းလျှင် ပရင့်စ်အဲလ်ဗတ်ကို တရက်တည်းနှင့်တောင် ခရီးပေါက်သွားနိုင်သည်။ မော်တော်ကားဖြင့် ငါးနာရီသာ သွားရသည့် ခရီးမင့်ဟာကို၊ ဘာဝေးတာလိုက်လို့။

လမ်းမှာ မိုးရွာရင် ဘယ်လိုလုပ်မလဲတဲ့။ အမေ၏ ဒုတိယမေးခွန်းလှိုင်းလုံးက ဆင့်ပါလာပြန်သည်။

ဒါအတွက် စိတ်မပူလေနှင့်၊ ဗိုးချဲပေါ် ထီးအကြီးကြီးတလက်စိုက်ထားပေးမည်။

ရဲတွေ က တားပြီး စစ်ဆေးသော် ဘယ့်နှယ် လုပ်ရပါ့တဲ့။ ရဲတွေ ကအနုမတဂ္ဂသော အလုပ်တွေ ကြားကိုပစ်၍ ဒီလို ကျပ်ညပ်နေသည့် မြို့တော်ကြီးမှာ မနေလို၍ တောသို့ သွားကြမည် အပြစ်မဲ့ သားအမိနှစ်ယောက်ကို အရေးတယူပြု၍ လိုက်ဖမ်းနေမည် လို့တော့ မထင်ရေး ချမထင်။နောက်ဆုံးတော့ မိုက်ကယ့်အကြံ အောင်ပါသည်။ အမေက သူ့စီမံကိန်းကို ခြွင်းချက်ကြီးနှစ်ချက်ဖြင့် လက်ခံခဲ့၏။ ပထမအချက်က ရဲဌာနသို့ သွား၍ ပါမစ်ကျ မကျ သေချာအောင် သွားကြည့်ဖို့၊ ဒုတိယက ခရီးသွားဖို့အတွက် အသေအချာပြင်ဆင်ရန် အချိန်ပေးဖို့၊ မိုက်ကယ်က ပျော်ရွှင်စွာ လက်ခံလိုက်ပါသည်။

နောက်တနေ့ နံနက်မှာတော့ မျှော်သာမျှော် ပေါ်မလာတတ်သည့်ဘတ်စ်ကားကို အချိန်ကုန်ခံ၍ စောင့်မနေတော့ဘဲ မိုက်ကယ် တယောက် ဆီးပွိုင့်မှသည် မြို့ထဲဆီသို့ လမ်းမကြီးတလျှောက် ရွှရွှပြေး၏။

စည်းချက်ညီညီခုန်နေသည့် နှလုံးခုန်သံကို နားစွင့်၊ အလှမ်းမှန်မှန်ပြေးနေသော သူ့ခြေထောက်တို့၏ ကြံ့ခိုင် သန်စွမ်းမှုကို ဂုဏ်ယူရင်း သူ့မှာ မောရကောင်းမှန်းပင်မသိ။ ရဲစခန်းမှာတော့ ထုံးစံအတိုင်း လူတန်းရှည်ကြီး စီတန်းလျက်။ ကောင်တာနောက်က ရဲမေကြီး၏ သံသယမျက်ဝန်းများ နှင့် ဆုံစည်းနိုင်ဖို့အရေး တနာရီကျော်မျှ သူ စောင့်လိုက်ရ၏။ လာရင်းကိစ္စကို မပီကလာပီကလာဖြင့် သူ တင်ပြလိုက်သည်။

"ထရီးတွားရာခွင့် ပါညစ်အကြောင်း နေးချင်ရို့ပါ"

ရဲမေကြီးက သူ တွေ့ဖူးနေကျပုံစံတွေ ကို ထိုးပေးပြီး-

"ရထားလက်မှတ် ဘွတ်ကင်တွေ ကို ပုံစံအပြာမှာ ပင်အပ်နဲ့တွဲ ပြီးအခန်း ၄-၅ ကို ယူသွားပြီး သွားတင်ချေ"

ဟု ပထမအကြိမ်တုန်းက ပြောခဲ့သည့်စကားကိုပင်

စက်ရုပ်သံပတ်ပေးထားသလို တသဝေမတိမ်း ပြော၏။ ပြီးတော့- "နောက်တယောက်ဟု ခေါ်လိုက်သည်။

"နေ နေပါဦးဂျ၊ အနော် ပါညစ် ချောက်ပြီးသားပါ။ ဘယ်တော့ရောက် ရညရဲ သိချင်ရို့ပါ"

မိုက်ကယ်ကေသည် ရဲမေကြီးကို ပျာပျာသလဲ ရှင်းပြ၏။ ရဲမေကြီးသည် မျက်လုံးကြီးပြူး ၍ မော့ကြည့်ရင်း-

"ရထားလက်မှတ်က ဘယ်နေ့အတွက်လဲ"

"ဩ ဩထုတ်လ ချဲ့ ချစ်ရက်နေ့၊ ဒါပေနဲ့ အညေက က..."

"ဩဂုတ် (၁၈) ဆို တလ လိုသေးတာပဲ၊ လျှောက်ပြီးသားဆိုရမှာပေါ့၊ အိမ်လိပ်စာ ပေးထားတဲ့အတိုင်း ပါမစ်ပို့လိုက်မှာ ပဲ၊ စောင့်ပေါ့။ ကဲနောက်တယောက် "

"ဒါ ဒါပေနဲ့ ပါညစ်မရာရင် အနော် တထုထု ကျီကျင်ချင်ရို့၊အညေက ဖျား ဖျား" ကောင်တာနောက်မှ ရဲမေကြီးသည် ထိုင်ရာမှ ဝုန်းကနဲ ထလိုက်၏။

"ဒီမှာ ကျုပ် အချိန်မရှိဘူး။ ရှင့်ကို ကျုပ် နောက်ဆုံးအကြိမ် ထပ်ပြောမယ်။ လျှောက်ပြီးသားဆိုရင် ပါမစ်က ရလာလိမ့်မယ်၊ ဒါကို စောင့်ပါဟုတ်ပြီလား၊ နောက်မှာ လူတွေ အများကြီး တန်းစီနေတာ ရှင် မတွေ့ဘူးလား။ ရှင့်ကိစ္စတခုတည်း အရေး ကြီးတယ် မှတ်နေလား၊ လူကိုက ရှူးသလို၊ပေါသလိုနဲ့။ ကဲ- နောက်တယောက် "

မိုက်ကယ်ကေသည် ရပ်နေရာမှ တဖဝါးမရွေ့၊ သူ အသက်ရှူမြန်လာသည်၊ မျက်ရည်တွေ ဝိုင်းလာသည်၊ နီရဲနေသည့် သူ့ နှုတ်ခမ်းကွဲကလေးက တလှုပ်လှုပ်ဖြစ်လာသည်။ လှုပ်ရှံမကလို့ လဲသေသေ၊ ရဲမေကြီး ကတော့ ဂရုမစိုက်၊ နောက်တယောက် ဟုသာ တွင်တွင် အော်နေသည်။ နောက်တနေ့နံနက် အရုဏ်တက်ဖို့ တနာရီအလိုမှာ မိုက်ကယ်သည် အမေ့ကို နှိုး၏။ အဘွားကြီး အဝတ်အစားလဲနေတုန်း သူ အထုပ်အပိုးပြင်၍ လက်တွန်းလှည်း ဗိုးချဲပေါ်သို့ စနစ်တကျ တင်၏။ ပလတ်စတစ်စအနက်ကြီးဖြင့် လွှမ်းလိုက်တော့ လက်တွန်းလှည်း ဗိုးချီသည် ကားဘောနက်အနက်ကြီးနှင့်ပင်တူသယောင်ယောင်။

'လုပ်ချင်တာ လုပ်တော့၊ ငါလည်း မသိတော့ဘူး'

ဆိုသည့်စကားကိုတတွတ်တွတ်ရွတ်နေသည့် အမေ့ကို အထုပ်အပိုးတွေ

ကြားမှ လက်တွန်းလှည်းပေါ် နေသားတကျ ဖြစ်အောင် တင်ရသည်ကိုက အချိန်အတော် ကြသည်။ အထုပ်အပိုးများ နှင့် အမေ့ကို တင်လိုက်သော အခါ လက်တွန်းလှည်းသည်သူ ထင်သလောက်မကြီးကြောင်း မိုက်ကယ်ကေ သတိထားမိ၏။ အမေသည်မသက်မသာကြီး ထိုင်နေရရှာသည်။ အမေ့ ခြေထောက်တွေ ကို သူ စောင်တထည်ဖြင့် လွှမ်း၏။ ပြီးတော့ အပေါ်က စားစရာထုပ်တွေ၊ မီးဖို၊ခေတ်ဆီပုလင်းတွေ ကို ထပ်တင်၏။

ဟိုဘက်တိုက်က မီးရောင် မှိန်မှိန်သည် လမ်းမပေါ်သို့ လျှံကျနေသည်။ ကျောက်ဆောင်များ လှိုင်းပုတ်သံ တဝေါဝေါကို သူတို့ ကြားနေခဲ့ရသည်။

မိုက်ကယ်ကေက အမေ့ကို လေသံကလေးဖြင့်-

"တရက် နှစ် ရက်လောက်ပဲ ကြာမှာ ပါ အညေရာ၊ အညေ သိပ်ညလှုပ်နဲ့နော်"

ဟု ပြောရာ အဘွားကြီးက ခေါင်းညိတ်ပြရှာ၏။

မျက်နှာကိုတော့သိုးမွေးလက်အိတ်ဝတ်ထားသော လက်များဖြင့် သူ အုပ်ထား၏။

မိုက်ကယ်သည် ဦးထုပ်ကလေးကို ဆောင်းရင်း လက်တွန်းလှည်းလက်ကိုင်များ ကို ဆွဲမကာ မြူ ခိုးတွေ မှိုင်းနေသည့် လမ်းတလျှောက် စတင်လျှောက်လာခဲ့၏။

သူသည် အတိုဆုံးလမ်းကို ရွေးခဲ့သည်။ အဓိကရုဏ်း ဖြစ်ထားပြီးအဆောက်အုံတွေ တဝက်တပျက် မီးလောင်ကျွမ်းထားသည့် နေရာကိုခပ်သုတ်သုတ်ဖြတ်၏။ ဆိပ်ကမ်းသာရပ်ကွက်ကို ဖြတ်ကျော်၏။ လမ်းပေါ်မှ လူတချို့က ထူးထူးဆန်းဆန်း မထော်မနမ်း သူတို့သားအမိကို ဝိုင်းကြည့်နေကြသည်။

မိုက်ကယ်သည် ဖြည်းဖြည်းမှန်မှန် ခရီးဆက်လာခဲ့သည်။ နာရီဝက်တကြိမ်ခန့် ခဏနားပြီး အေးစက်နေသည့် သူ့လက်တွေကို နာနာပွတ်၏။ ကိုက်ခဲစပြုလာသည့် လက်မောင်းတွေကို အကြောလျှော့၏။ တွန်းရင်းနှင့် သူ သတိထားမိသည်ကတော့ သူထင်သလိုလုပ်ထားခဲ့သည့် လက်တွန်းလှည်း ဝင်ရိုးသည် နောက်သို့ ရောက်လွန်းနေသဖြင့် အမေ မှီချလိုက်တိုင်း သူ့ခန္ဓာကိုယ်ကြီး၏ အလေးချိန်က မိုက်ကယ့်လက်ထဲမှာ စီးနေတော့သည်။ သို့သော်လည်း မိုက်ကယ်တယောက် အပြုံး မပျက်။ မျက်နှာတချက် မပျက်။

လေးလွန်းသည့်လှည်းကို အားစိုက်တွန်းရသဖြင့် မောဟိုက်နေသည့်ကြားမှ-

"မကြာခင် လမ်းမပေါ် ရောက်တော့မယ် အမေ၊ တယောက်ယောက်က အနော်တို့ကို ရမ်းကြုံထော်တွားမှာ ပါဂျာ" ဟု သူ့အမေကို အားပေးလိုက်သေးသည်။

မွန်းမတည့်မီမှာ သူတို့နှစ်ယောက် သရဲခြောက်မတတ် လူသူတိတ်ဆိတ်နေသည့် စက်မှု ဇုန်ကို ဖြတ်ကျော်လာခဲ့ကြသည်။ အလုပ်သမားအချို့က နံရံများ ကိုမှီကာ ဆန်းဒဝစ်စားနေကြပြီး လမ်းမကြီးကို ငေးနေသည်ကို တွေ့ရ၏။

လက်မောင်းတွေ ထုံကျဉ်လာသော်လည်း နောက်ထပ်မိုင်ဝက်ခန့် ခရီးပေါက်အောင် သူ တွန်းလှည်းကို အားစိုက်တွန်း၏။ မဟူရာမြစ်ကူးတံတားအောက် ရောက်မှ သားအမိနှစ်ယောက် ခဏနားကာ မြက်ခင်းပေါ်မှာ နေ့လယ်စာ စားကြသည်။ မိုက်ကယ်သည် မြက်ခင်းပေါ် လှဲရင်းမျက်စိမှိတ်ထားလိုက်၏။ လမ်းမကြီးကား တိတ်ဆိတ်လျက်၊ နားထဲမှာတော့ ငှက်သံလေးတွေ ကြားနေခဲ့သည်။

ဆူဆူညံညံ အသံတခုကို ရုတ်တရက် ကြားလိုက်ရ၍ သူ အိပ်ချင်ပြေသွားသည်။ ပထမတော့ မိုးခြိမ်းသံလိုလို ထင်မိသေးသည်။ အသံက တဖြည်းဖြည်း ကျယ်လာ၏။ မြို့ထဲဘက်မှ လာသော အသံ။ လမ်းမတလျှောက် အပြင်းမောင်းလာသည့် မော်တော် ဆိုင်ကယ် နှစ်စီးနှင့် သံချပ်ကာကား တစီး။ ယူနီဖောင်းကိုယ်စီနှင့် ဆိုင်ကယ်သမားနှစ်ယောက် လုံးကျောမှာ ရိုင်ဖယ်ကိုယ်စီ လွယ်ထားကြသည်ကို တွေ့ရ၏။ သံချပ်ကာကားပေါ်မှ စက်သေနတ်ကြီးကလည်း ပြူးပြူးပြဲပြဲ။ ထိုကားနောက်မှာတော့ ထရပ်ကား ယာဉ်တန်းကြီး။ (များသော အားဖြင့်တော့ ထရပ်ကား အလွတ်တွေ။)

မိုက်ကယ်နှင့် သူ့အမေသည် ထို မဆုံးနိုင်သည့် ကားတန်းကြီးကို ဘေးချင်းယှဉ်ထိုင်ရင်း ငေးနေကြရသည်။ ထရပ်ကားတွေ နောက်မှ ဗင်ကားတွေ၊ ကုန်တင်ယာဉ်ငယ်တွေ၊ ထိုကားတွေ နောက် ကတော့ စစ်သားအပြည့်ပါသည့် စစ်ကားတစီး၊ နောက်ဆုံးက မော်တော် ဆိုင်ကယ် နှစ် စီး။

ထိုနောက်ဆုံး မော်တော် ဆိုင်ကယ်သမားနှစ်ယောက်သည် မြက်ခင်းပေါ်မှ သူတို့သားအမိကို တွေ့သွားခဲ့ကြသည်။ သူတို့ ဆိုင်ကယ်များကို ရပ်လိုက်ကြသည်။ တယောက်က မြက်ခင်းပေါ် လျှောက်လာပြီး တယောက် က လမ်းမပေါ်မှာ စောင့်နေ၏။

"ဟေ့ အမြန်လမ်းမပေါ်မှာ မရပ်ရ မနားရဘူးဆိုတာ မသိဘူးလား"

ဆိုင်ကယ်သမားသည် ရောက်ရောက်ချင်း ဆောက်နှင့်ထွင်းကာ မိုက်ကယ့်ကို ဟောက်၏။ ပြီးတော့ လက်တွန်းလှည်းဆီသို့ သူ့မျက်စိကရောက်သွား၏။

"မင်းတို့ ဘယ်သွားကြမလို့လဲ"

မိုက်ကယ်က တသလို ဆို့သလို ဖြစ်နေသ လည်ချောင်းကိုချွဲရှင်းလိုက်ပြီး-

"ပ ပရင့်စ်အဲလဇတ်ကို တွားမရို့ပါ"

ဆိုင်ကယ်သမားက ရှိုကနဲ လေတချက်ချွန်လိုက်ပြီး သူ့အဖော်ကိုလက်ယပ်ခေါ်လိုက်သည်။ ပြီးတော့ မိုက်ကယ့်ဘက် ပြန်လှည့်၍ -

"ဒီအကွေ့လေးကျော်ရင် စစ်ဆေးရေး ဂိတ် ရှိတယ်။ အဲဒီမှာ မင်းတို့ခရီးသွားလာခွင့် ပါမစ်ကို ပြရလိမ့်မယ်။ ကိတ်တောင်း ပနီဆူလာ ဧရိယာကနေ ထွက်ခွာခွင့် ပါမစ် ပါလာသလား"

"ဟုတ် ဟုတ်ကဲ့"

"အေး ပါရင်ပြီးရော၊ ပါမစ် မပါဘဲ ဘယ်မှသွားလို့မရဘူးဆိုတာ သိတယ်မဟုတ်လား။ စစ်ဆေးရေး ဂိတ်ရောက်ရင် အဲဒီ ပါမစ်ကို ပြကို ပြရမယ်နော်၊ နောက်တခု မှတ်ထားဦး၊ အမြန်လမ်းမမှာ နားချင်ရင် လမ်းဘေးမီတာငါးဆယ်ထိ သွားနားရမယ်၊ ခုလိုနားနေရင် ဘာမှ မမေးမမြန်းဘဲ တခါတည်း ပစ်သတ်ပိုင်ခွင့် ရှိတယ်။ နားလည်တယ်နော်" မိုက်ကယ်သည် အယောင်ယောင်အမှားမှားဖြင့် ခေါင်းညိတ်ပြလိုက်သည်။ ဆိုင်ကယ်သမားနှစ်ယောက် ပြန်ထွက်သွား၏။ မိုက်ကယ်နှင့် အမေမျက်လုံးချင်း ဆုံမိကြသည်။ 'ကျွန်တော်တို့ တိတ်တိတ်ဆိတ်ဆိတ် လမ်းကလေး ရှာသွားကြတာပေါ့ အမေ' ဟု သူ အမေ့ကို အားပေး၏။

သို့သော်လည်း အမေ့ကို တွန်းလှည်းပေါ်တင်နေစဉ်မှာ သူတို့အနားသို့ ဂျစ်ကားတစီး ထိုးဆိုက်လာခဲ့ပြန်၏။ ဂျစ်ကားပေါ်မှ မီးပြင်းတိုက်လှော်ထားသော လက်ဖက်ခြောက်ရွက်တွေ လို ကျက်သရေတုံးသည့် စစ်သားသုံးယောက် ဆင်းလာခဲ့၏။ ကြည့်ရတာ မျှော်လင့်ချက်တို့ ရေစုန်မျောပြီ ထင်ပါရဲ့။ ဘုရားသခင်ကလည်း မိုက်ကယ်တို့ မျက်နှာမွဲသားအမိဘက်မှာ ရှိတော် မမူပုံ မရ။ ထိုသုံးယောက် ထဲမှ တပ်ကြပ်ကြီး အဆောင်အယောင်နှင့်စစ်သား တယောက် က-

"ဟေ့- မင်းတို့ ခရီးသွားခွင့်ပါမစ် ပါလား၊ မပါဘူးလား" ဟု ခပ်ဆတ်ဆတ် မေး၏။

"မင်းရော၊ မင်းအမေရော၊ မင်းတို့ ဘယ်သူ ဖြစ် ဖြစ်၊ ပါမစ်မပါရင် ခရီးမသွားရဘူးဆိုတာ သိတယ် မဟုတ်လား" ဟု ဟောက်၏။ မိုက်ကယ်က အမေ့ဘက် လှည့်ကြည့်၏။ တွန်းလှည်းပေါ်မှ အမေက စစ်သားတွေ ကို ငေးနေသည်။ မသိချင်ယောင်ဆောင်ကာလက်တွန်းလှည်းကို တွန်းတော့မည် ပြုနေသည့် မိုက်ကယ်၏ လက်များ ကိုတပ်ကြပ်ကြီးက ပုတ်ချလိုက်ကာ-

"အူလည်လည် ရူးသလို ကြောင်သလို မလုပ်နဲ့နော်၊ မင်းမှာ ပါမစ်မရှိဘူးဆိုတာ ငါ သိတယ်။ ပါမစ်သွားပြန်ယူ၊ ပါမစ်ရရင် ခရီးသွားခွင့်ရမယ်၊ ဒါပဲ" ဟု အပြတ်ပြောလိုက်၏။ မြို့တွင်းသို့ ပြန်လည် ဦးလှည့်ကာ တရွေ့ရွေ့တွန်းသွားသည့် လက်တွန်းလှည်းကို စစ်သားသုံးယောက်သည် မျက်ခြည်မပြတ် စိုက်ကြည့်နေခဲ့ကြသည်။ တွန်းလှည်းဘီးတခုသည် ပြုတ်ထွက်လုဆဲဆဲ ယိုင်တီးယိုင်တိုင်။

ကမ်းခြေသို့ သွားရာလမ်းသို့ သူတို့သားအမိ ပြန်ဝင်လာချိန်မှာ မိုးကြီးစုံးစုံးချုပ်ခဲ့ပြီ။ အန်နာကေ၏ အခန်းကလေးသည် သူတို့ ထွက်သွားခဲ့ချိန်ကအတိုင်း အရာမယွင်း ရှိနေဆဲ။ မိုက်ကယ့်အမေ အန်နာကေသည် ကုတ်အင်္ကျီကိုပင် မချွတ်နိုင်ဘဲ ဖျာပေါ် လှဲချလိုက်၏။ မိုက်ကယ်က တွန်းလှည်းပေါ်မှ ပစ္စည်းတွေ ကို ပြန်သယ်ချနေစဉ် မိုးရွာလာခဲ့သည်။ မိုက်ကယ်က သူ့အမေကို တိုးတိုးလေး စကားတွေ ပြောနေသည်။

သူ့ မပီကလာစကားများကို နှစ်ပေါင်းများစွာ ကြားလာရသည့်အမေ ကတော့ ကောင်းစွာ နားလည်သည်လေ။ "နောက် တရက် နှစ်ရက်လောက်ဆို ကျွန်တို့ ထပ်ကြိုးစားကြတာပေါ့ အမေရယ်၊ ခေါင်းမခါလိုက်ပါနဲ့၊ အမေ သိတဲ့အတိုင်း ပါမစ်ကဘယ်တော့မှ ရမှာ မဟုတ်ပါဘူး၊ နောက်တကြိမ်ဆို လမ်းကြိုလမ်းကြားလေးတွေ ရွေးသွားကြမယ်လေ၊ နော် အမေ၊ သူတို့ လမ်းမှန်သမျှ အားလုံးလိုက်မပိတ် နိုင်ပါဘူး အမေရာ"

သူ့လက်မောင်းပေါ် ခေါင်းအုံးရင်း ဖျာပေါ်မှာပင် အမေ အိပ်ပျော်သွားခဲ့သည်။ ထိုအချိန်ကျမှ မိုက်ကယ် တယောက် အိပ်စက်ဖို့ ဘားမန်းတိုက်ခန်းပေါ် တက်လာခဲ့၏။ သူ အဆမတန် ပင်ပန်းလှပြီ။

နောက်နှစ်ရက်ကြာတော့ သူတို့ နောက်တကြိမ် ပြန်ထွက်ခဲ့ကြသည်။ ဒီတကြိမ်တော့ အရုဏ်မတက်ခင် စောစောစီးစီး ဆီးပွိုင့်မှ ထွက်လာခဲ့သည်။ သူတို့ လမ်းမှာ ဘယ်နှရက်ကြာမည် ကို မိုက်ကယ် မခန့်မှန်းနိုင်။ အမေကလည်း ဒီခရီးကို မသွားချင်တော့။ ခုတောင် ရင်ဘတ်အောင့်သည်ဟု ညည်းနေသည်။ ဟုတ်တော့လည်း ဟုတ်သည်။ ပလတ်စတစ်စအနက်ကြီး ဖုံးထားသည့် တွန်းလှည်းထဲမှာ မလှုပ်သာမယှက်သာ အကျဉ်းအကျပ်ထဲ သူ့ခမျာနေရရှာသည်။

ဒီကြားထဲ မိုးက ရွာလိုက်သေး။ ဒီတခါတော့ မြို့လယ်ကောင်တည့်တည့်ကို ဖြတ်ကာ ကလေးဆေးရုံဘက်မှ ပတ်သွားသည့် လမ်းကြောင်းကို မိုက်ကယ် ရွေးထား၏။ ဂေါက်ကွင်းနားရောက်မှသူတို့ ခဏနားကြပြီး အစားအသောက်စား၏။ စားပြီးသော အခါ မိုက်ကယ်သည် လမ်းပေါ်တက်ကာ ကားကြုံစီးနိုင်ဖို့အရေး ကားတား၏။ ယာဉ်အသွားအလာက ကျဲပါးလှသည်။ ကုန်တင်ယာဉ်ငယ်သုံးစီး ဖင်ချင်းဆက်မတတ် အတွဲ လိုက်ကြီး မောင်းသွားခဲ့သည်။ အကြာကြီးနေမှ မြင်းလှည်းတစီး လာ၏။ တမေ့တမော စောင့်ပြီး နောက်ဆုံး လော်ရီကားတစီးက ရပ်ပေး၏။ ဒရိုင်ဘာက သဘောကောင်း၏။ လှည်းကိုပင် ကားပေါ်ရောက်အောင် ကူသယ်ပေး၏။ ဘိလပ်မြေစက်ရုံ ရောက်သည်အထိ သားအမိနှစ်ယောက် မိုးလုံလေလုံ လော်ရီနောက်ခန်းမှာ အပြုံးပန်းတွေ တဝေဝေနှင့်။ သို့သော်လည်း သူတို့၏ ကံကောင်းခြင်းလက်ဆောင်က ဒီမှာ ပင်နိဂုံးကမ္ပတ် အဆုံးသတ်၏။ ဘိလပ်မြေစက်ရုံနားမှာ နောက်ထပ် တနာရီခန့်ကြာအောင် ကားကြုံ စောင့်ပါသော်လည်း စက်ဘီးသမားတွေ၊ ခြေကျင်သမားတွေသာ တွေ့၏။ မိလ္လာကားတွေတော့ ဖြတ်သွားကြသော်လည်း ဒါကြီးတွေကိုတော့ မတားရဲ။

နေစောင်းစပြုပြီ။ လေအေးတွေ တသုန်သုန် တိုက်လာခဲ့ပြီ။ နောက်ဆုံးမှာတော့ သူများ အားကိုးလျှင် ခါးကျိုး နာလန်မထူတာသာ အဖတ်တင်ကြောင်း မိုက်ကယ် သိသွားခဲ့သည်။ ကိစ္စမရှိ။ ပထမခရီးစဉ်တုန်းက တလမ်းလုံး ဒုက္ခပေးခဲ့သည့် လက်တွန်းလှည်း ဝင်ရိုးကိုနှစ် လက်မခန့် ရှေ့ရောက်အောင် သူ ပြင်ထားခဲ့ပြီးပြီ။ ခုတော့ တွန်းလှည်းက ငှက်မွေးလေးအလား ပေါ့ပါးလှသည်။ သူ လက်တွန်းလှည်းကို တွန်းရင်း လမ်းမပေါ် တက်လိုက်သည်။ အမှိုက် အပြည့်အသိပ်ပါလာသည့်တွန်းလှည်းတခုကို တွန်းလာသည့် လူ တယောက်က သူ့ကို ခေါင်းညိတ်နှုတ်ဆက်၏။ သူ့တွန်းလှည်းကတော့ အမှိုက်မပါ။ အမေနှင့် ဘဝတခုလုံးကို တင်ဆောင်လာခဲ့သည်လေ။ မှောင်မည်းနေသည့် တွန်းလှည်းတွင်းမှာတော့ အမေသည် ခေါင်းငိုက်စိုက် ကျလျက်၊ ဟောက်သံများတောင် ပေးနေ၏။ လမင်းသည် မှုန်တိမှုန်မွှားနှင့် တိမ်တိုက်ကြားမှာ ထွက်ပြူလာသည်။မိုက်ဝက်ခန့် ခရီးဆက်ပြီးသည့်နောက် မိုက်ကယ်သည် အမေ့ကို တွန်းလှည်းအိမ်အတွင်းမှ ထုတ်၏။

အ,ကာလည၊ ကျောချစရာနေရာ ရှာရလိမ့်ဦးမည်။ သူရွေးလိုက်သည့်နေရာက ကားလမ်းဘေးမှ တောကြီးမျက်မည်း၊ သစ်ရွက် ပုပ်နံ့တွေ တလှိုင်လှိုင်၊ မြေသားက စိုစိုစိ၊ သို့သော် အရိပ်ကောင်းသည့် သစ်ပင်ကြီးတွေ ရှိ၏။ အေးလိုက်တာတော့ ခိုက်ခိုက်ကို တုန်လို့။

မိုက်ကယ် အမေ့ထံ ပြန်ပြေးလာခဲ့သည်။

"နေရာ ကတော့ သိပ်မကောင်းဘူး အမေ၊ တညလောက်တော့သည်းခံပြီး ဒီမှာပဲ နားကြစို့ အမေရယ် နော်"

မိုက်ကယ်သည် တွန်းလှည်းကို ခြေရာလက်ရာ ဖျောက်၏။ ခရီးဆောင်အိတ်တဖက်၊ အမေ့ကိုတဖက်တွဲကာ ချုံတွေကြား တိုးလာခဲ့သည်။ သားအမိနှစ်ယောက် အေးစက်နေသည့် အစားအသောက်တွေကို စားကြသည်။ ဘူမိကမ္ဗလာ မြေသားလွှာပေါ်မှာ သစ်ရွက်မွေ့ရာ ခင်းကြသည်။ လှဲချလိုက်တော့ မြေသား အစိုဓာတ်က ကျောတွေ စိမ့်ကနဲနေအောင်အေးစေသည်။ ညနက်သန်းခေါင်မှာ မိုးဖွဲကလေးတွေ ကျလာ၏။ မိုးစက်တွေ ကျလာတော့ကို ခေါင်းမြီးခြုံထားကြ၏။ စောင်စိုသွားတော့ မိုက်ကယ်သည် တွန်းလှည်းဆီ ပြေးကာ ပလတ်စတစ်စကို ဆွဲ၏။ အမေ့ကို ရင်ခွင်ထဲ ထွေးပွေ့ရင်း ပလတ်စတစ် မိုးပေး၏။ အမေ့အသက်ရှူသံကမမှန်။ ရှူး ရှူး ရှဲရှဲ ဂူးဂူးဂဲဂဲ။ ထို့ကြောင့်လည်း သူ လုပ်ချင်ရာလုပ်နေသည်ကို အမေ ဘာမှ မပြောနိုင်တော့တာ ဖြစ်လိမ့်မည်။

အရုဏ်မလာခင် စတယ်လန်ဘော့ချ်အထိ ရောက်အောင်သွားမည် ဟု မိုက်ကယ် သန္နိဋ္ဌာန် ချထားခဲ့သည်။ သို့သော် မိုက်ကနဲ အိပ်ပျော်သွားခဲ့သည်။ လန့်နိုးတော့ အရုဏ်တက်နေပြီ။ အမေ ကတော့ သူ့ဘေးမှာ အိပ်ပျော်နေဆဲ။သူ အမေ့ကို နှိုး၏။

အမေ့ကိုသာ နှိုးရသည်။ သူကိုယ်တိုင်ပင် မျက်စိကမဖွင့်ချင်။ ထို့ကြောင့်လည်း သူတို့ ချုံထဲမှ ထွက်လာတော့ မိုးစင်စင်လင်းခဲ့ပြီ။ ပစ္စည်းတွေ ကသုတ်ကရက် သိမ်းနေတုန်း လမ်းပေါ်မှ လူနှစ်ယောက် က သူတို့သားအမိကို တွေ့သွားခဲ့သည်။ မနက်လင်းအားကြီး လူသူလေးပါးပြတ်လပ်သည့်နေရာမှာ အနုပ်စုတ်ကုပ်စုတ် ကောင်တကောင်နှင့် အဘွားကြီး တယောက် ပစ္စည်းပစ္စယတွေနှင့်။ ခွင့်သာတုန်းမှ မလိုက်ချင်လျှင်အမိုက်နင့်ပြင် ရှိသေးလိမ့်လား။ လူပေါ့ လူသွမ်း လူသရမ်း နှစ် ကောင်အနက် တယောက် က မောင်းချဓားကို ဖျောင်းကနဲဖွင့်ကာ မိုက်ကယ်ကိုပြနေချိန် ကျန် တယောက် က ခရီးဆောင်အိတ်ကို လှမ်းဆွဲ၏။ ဓားသွားအရောင် တပြောင်ပြောင်ကို လှမ်းမြင်လိုက်ရသည့်ထိုခဏမှာ မိုက်ကယ်ကေ့အတွေးတွေ သီတန်းသွားခဲ့သည်။ ဒီတခေါက်သာ လက်မြှောက်အရှုံးပေးရဦးမည် ဆိုလျှင် ဆီးပွိုင့်ရှိ အသိုက်ကလေးထဲမှ ဒီတသက် ထွက်ရမည် မဟုတ်တော့။ လက်တွန်းလှည်းပေါ်မှ ဆယ့်ငါးလက်မအရှည်ရှိသည့် သံတုတ်ကို သူ ဆွဲယူလိုက်သည်။ ဒီသံတုတ်သည် သူ၏ တခုတည်းသော လက်နက်၊ လှည်းဝင်ရိုးလုပ်စဉ်က ပိုသည့် သံမဏိချောင်း ဖြစ်၏။ သံတုတ်ကို သူ လေထဲ ဝှေ့ယမ်းလိုက်ချိန်မှာတော့ ဟိုသတ္တဝါနှစ်ကောင်သည် အောင်မြင်စွာ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြသည်။

လမ်းမပေါ်မှာ ကားတစီးမှ မတွေ့။ သို့သော် လူတွေ၊ လူတွေ၊ လူပင်လယ်ကြီး ဟီးထအောင် အဝေးပြေးလမ်းမ အလယ်ကောင်တည့်တည့်မှာ ခြေကျင်လျှောက်နေကြသည်။ လမ်းဘေးမှ ချုံနွယ်ပိတ်ပေါင်း တို့ကလည်း သန်စွမ်းကြီးထွားလွန်းလှသည်။ ကတ္တရာလမ်းကိုပင် ဖောက်ကာ လမ်းမပေါ်မှာ အညွန့်တလူလူ တက်နေခဲ့သည်။

ဘယ့်နှယ်ကြောင့် ဒီလောက် လူတွေ များ ရသလဲ။

သြော်- ဒီနေ့ တနင်္ဂနွေနေ့ကိုး။ ဤလူပရိသတ်အပေါင်းမှာ ဘုရားကျောင်းသွားကြမည့် လူတွေ ဖြစ်သည်ကိုး။

ပန်းရောင် ဂါဝန်လေးတွေ ဆင်တူဝတ်ထားကြသည့် ကလေးမလေးသုံးယောက် က ပလတ်စတစ်စ အမည်းကြီးကာထားသည့် တွန်းလှည်းလှောင်အိမ်တွင်းမှ အန်နာကေကို ချောင်းကြည့်ကာ စကားတွေ ပြောလာကြသည်။ အမယ်- အကြီးဆုံး ကောင်မလေးက အဘွားကြီးလက်ကိုပင် ကိုင်ထားလိုက်သေးသည်။ စတယ်လန်ဘော့ချ်လမ်းခွဲကို ရောက်တော့ သူတို့ခွဲခွာကြရသည်။ အဘွားကြီး အန်နာကေက ပိုက်ဆံအိတ်ကိုဖွင့်ကာ ကလေးတွေကို မုန့်ဖိုးပေးနေ၏။

ကလေးမလေးတွေ ထံမှ ရသည့် သတင်းအရတော့ တနင်္ဂနွေနေ့မှာ စစ်ကားတွေ မလာဘူးတဲ့။ ထိုအသံများပင် သူ့နားထဲမှမပျောက်သေးမီ စတယ်လန်ဘော့ချ်လမ်းခွဲမှ အပြင်းမောင်းသွားသည့် ကားတန်းကြီးကို သူတွေ့လိုက်ရသည်။ ထုံးစံအတိုင်း သံချပ်ကာ လော်ရီတစီးက ရှေ့မှဦးဆောင်လျက်၊ လူနှစ်ယောက် က အော်တိုမက်တစ် ရိုင်ဖယ်များကို အသင့်အနေအထားဖြင့် ကိုင်လျက်။ စစ်ကားတွေတော့ မဟုတ်။ ကားပေါ်မှ လူများက သူတို့သားအမိကို စိန်းစိန်းကြည့်သွားကြသည်။ ကလေးမလေးတွေ က တစုံတရာ အော်ပြောနေကြသောလည်း မိုက်ကယ် မကြားတော့။ဘုရားကျောင်းမှ ခေါင်းလောင်းသံသည် လယ်ကွင်းတွေ ကြားမှ ဖြတ်ကာသူ့နားဝသို့ တိုးဝင်လာတော့ ဟူးဝစ် နိုရန်းနီးယပ်စ်ကျောင်းမှာ နေခဲ့ရတုန်းက အချိန်တွေကို ဖျတ်ကနဲ သတိရ၏။

စတယ်လန်ဘော့ချ်ကို ချဉ်းကပ်မိတော့ မိုးကြီးစုံးစုံးချုပ်ခဲ့ပြီ။ လမ်းတွေက လူသူမပြောနှင့်၊ ခွေးတကောင် ကြောင်တမြီးပင် မရှိ၊ စိမ့်နေအောင်အေးသည့် လေစိမ်းက ဟူးဟူးရားရားတိုက်နေသည်။ ဒီည ဘယ်မှာ အိပ်ရမည်ကို ခုထိ သူ့မှာ အဖြေမရှိသေး။ အမေကလည်း ချောင်းတဟွတ်ဟွတ်ဆိုးနေပြီ။ သူ့ခမျာ အသက်ကို အမောတကော ရှူနေရသည်။ မိုက်ကယ်သည် နီးရာဆိုင်တဆိုင်ကို ဝင်လိုက်သည်။ ပက်စတီမုန့်တွေ ဝယ်လိုက်သည်။ သူ ပက်စတီ သုံးခု ကုန်ချိန်မှာ အမေက တခုတောင် မကုန်သေး။ ဘာမှ စားချင်စိတ်မရှိ။ ခံတွင်းပျက်နေပြီဟု ဆို၏။

ဆရာဝန် ပြပေးရမလားဆိုတော့ ခေါင်းယမ်း၏။ ရင်ဘတ်ကို ထုရင်း လည်ချောင်းယားလို့ပါဟု ဖြေသည်။ ကြည့်ရတာ အမေ့စိတ်ထဲမှာ နက်ဖြန် သန်ဘက်ခါ ပရင့်စ်အဲလ်ဗတ်သို့ ရောက်မည် ဟု ထင်နေရှာပုံရသည်။ အမေ စကားတွေ ဖောင်နေအောင်ပြောလာသည်။ မိုက်ကယ် အသာငြိမ်ကာ နားထောင်နေလိုက်သည်။

"အမေတို့နေခဲ့တဲ့ ယာခင်းက နာမည်တော့ ခပ်မေ့မေ့ပဲကွဲ့၊ ဒါပေမဲ့မေးလိုက်ရင် ရပါတယ်။ တောင်ခြေလေးနားမှာ ပဲ၊ ကြက်ခြံလေးလည်း ရှိတယ်၊ ဟိုရောက်ရင် မင်း အဲဒါကို ရှာ" တဲ့။

စက္ကူပုံးအလွတ်တွေကို အိပ်ရာလုပ်ပြီး အမှိုက်ပုံတခုနားမှာ သူတို့အိပ်ကြသည်။ တညလုံး အမေ အပြင်းအထန် ချောင်းဆိုးသဖြင့် မိုက်ကယ်လည်းမအိပ်နိုင်ရှာခဲ့။ ရဲကားတစီး ပတ်တရောင် လှည့်နေချိန်မှာ အသံမထွက်စေဖို့ အမေ့ပါးစပ်ကို သူ ပိတ်ပေးထားခဲ့သည်။

မည်းမှောင်နေသည့် ကောင်းကင်မှာ အလင်းတစ မြင်ရချိန်မှာ အမေ့ကို လှည်းပေါ်ပြန်တင်ဖို့ သူ ကြိုးစား၏။ သို့သော် အမေ့အခြေအနေက လုံးဝ မကောင်း။ ခေါင်းငိုက်စိုက်ကျကာ သူ ဘယ်ကို ရောက်နေမှန်းပင် မသိရှာတော့။ မိုက်ကယ်သည် လမ်းပေါ်မှာ ပထမဆုံး စတွေ့သူကိုဆေးရုံလိပ်စာ မေး၏။ အမေက လှည်းပေါ်မှာ ကားရားကြီး ဖြစ်နေပြီ။ အဖျားတွေ လည်းတက်၊ အသက်ရှူလည်းခက်။

"လည်ချောင်းက သိပ်ယားတယ်ကွယ်" ဟု ညည်းနေရှာသည်။

ဆေးရုံရောက်တော့ သူတို့အလှည့်ရော တမေ့တမော စောင့်နေချိန်မှာ အမေ သူ့ကို မှီရင်း သတိလစ်သွားခဲ့သည်။ နှာခေါင်းမှာ ပိုက်တန်းလန်းဖြင့် ထရော်လီအပေါ် ပက်လက်ကြီးတင်ထားသည့် အမေ့ကို သူငေးကြည့်နေမိသည်။ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိတော့သဖြင့် ဆေးရုံစင်္ကြံလမ်းမှာ ငူငူကြီးထိုင်နေရာ မောင်းထုတ်ခံလိုက်ရသည်။

ဆေးရုံဝင်းထဲမှာ နေစာလှုံရင်း တနေ့လယ်ခင်းလုံး သူ အချိန်ဖြုန်း၏။ ဆေးရုံထဲ နှစ်ကြိမ် ပြန်ဝင်ကြည့်၏။ ထရော်လီပေါ်မှ အမေကား နေရာ မရွေ့သေး။ တတိယမွိသူ သွားကြည့်တော့ အမေ အသက်မရှူတော့ဟု သူ ထင်မိသည်။

သူ့နှလုံးသားတခုလုံးကို ဖျစ်ညှစ်ဆုပ်နယ်ခြင်း ခံလိုက်ရသလိုကြီးစွာသော သောကပရိဒေဝမီး ဟပ်ကာ တွေ့ရာသူနာပြုတယောက်ကို သူအတင်း ဆွဲခေါ်လာ၏။ သူနာပြုသည် ယက်ကန်ယက်ကန်ဖြင့် ပါလာ၏။ ထရော်လီပေါ်မှ အမေ့ကို သူ စမ်းသပ်၏။ စကားတလုံးမှ မပြောဘဲ ခဏနေတော့ သူ

ပြန်ထွက်သွား၏။ လူနာလက်ခံသည့် စားပွဲမှာ တစုံတခုကိုရေးနေ၏။ မိုက်ကယ်က သူ့အနားမှ တဖဝါးမခွာဘဲ သက်တော် စောင့်ခွေးကြီးလို အနားမှာ ရပ်နေသည်။ ခဏနေတော့ သူနာပြုက သူ့ဘက်လှည့်လာပြီး-

''ဒီမှာ ကျွန်မပြောတာ နားထောင်စမ်း၊ ဟိုမှာ လူနာတွေ တွေ့လား''

ဆေးရုံအဆောင်ထဲနှင့် စင်္ကြံလမ်းပေါ်မှာ ထပ်ထပ်ကြမ်းနေသော လူနာတွေကို လက်ညှိုးထိုးပြသည်ကို မိုက်ကယ်က လိုက်ကြည့်နေမိသည်။''အဲဒီ လူတွေ အားလုံးဟာ ဆေးရုံတက်ဖို့ စောင့်နေကြတဲ့ လူတွေချည်းပဲ။ ဒီလူတွေကို ဆေးရုံတင်ပေးနိုင်ဖို့အရေး ကျွန်မတို့မှာ အချိန်ပြည့် အလုပ်လုပ်နေရတယ်၊ ကျွန်မတို့လည်း လူတွေပါ။ စားချိန် နားချိန်လေးတော့ လိုချင်သေးတာပေါ့၊ နေဦး၊ ဘယ်သွားမလို့လဲ၊ ကျွန်မ ပြောနေတယ်'' သူနာပြုဆရာမသည် ပြောရင်းဖြင့် မာန်ပါလာပြီး ပြေးဟန်ပြုနေသည့် မိုက်ကယ့်ကို သူ့ဘက် ဆွဲလှည့်လိုက်သည်။

သူ့မျက်ဝန်းထဲမှာ ဒေါသမျက်ရည်တွေ ပြည့်လို့။

''အလုပ်ချိန်ပြီးရင် ပင်ပန်းလွန်းလို့ ကျွန်မ ဘာမှ မစားနိုင်ဘူး၊ အဝတ်မလဲနိုင်ဘူး၊ ဖိနပ်တောင် မချွတ်နိုင်ဘဲ အိပ်ပျော်သွားရော၊ ကျွန်မနှစ်ကိုယ်၊ သုံးကိုယ်ခွဲလို့ မရဘူးရှင့်၊ ရှင် နားလည်သလား၊ နားလည်ဖို့ဒီလောက်တောင် ခက်သလား''

မိုက်ကယ်ကသည် ဒေါသတွေ အလိပ်လိုက်ထွက်နေသည့် သူနာပြုဆရာမကို အတင်းတောင်းပန်ကာ ထွက်ပြေးလာခဲ့သည်။ ခရီးဆောင်အိတ်က အမေနှင့်အတူ ပါသွားသဖြင့် သူ့မှာ ငွေအနည်းငယ်သာရှိ၏။ ဒိုးနတ်မုန့်တခု ဝယ်လိုက်ပြီး ဘုံပိုင်ရေဖြင့် မျှောချလိုက်သည်။ ဦးတည်ချက်မဲ့၊ လားရာမဲ့ သူ လမ်းလျှောက်၊ အုတ်ခင်းလမ်းပေါ်က သစ်ရွက်ခြောက်ပင်လယ်တွင်း သူ့ခြေအစုံ သက်ရောက်၊ ပန်းခြံတခုကို ခရီးပေါက်၊ ခုံရှည်တလုံးပေါ်ထိုင်ရင်း ပြာဖျော့ဖျော့ကောင်းကင်ယံသို့ တိုးထွက်နေသည့် သစ်ကိုင်းတခုကို အကြည့်ကရောက်၊ သစ်ကိုင်းပေါ်က ရှဉ့်ငယ်တကောင်နှင့် စကားစမြည် ပြောကြည့်ရရင် ကောင်းမလားဟု အတွေးပေါက်။

ရုတ်တရက် ချက်ချင်း သူ့တွန်းလှည်းကို သတိရလာသဖြင့် ထိတ်ကနဲ ဖြစ်သွား၏။ ဆေးရုံကို ဒရောသောပါး ပြန်ပြေး၏။ တော်ပါသေးရဲ့။ တွန်းလှည်းသည် သူ ရပ်ထားခဲ့သည့် နေရာမှာ နေရာမယွင်း ရှိနေသေးသည်။ စောင်များ၊ ဆိုဖာကူရှင်များ နှင့် မီးဖိုကို တွန်းလှည်းပေါ်မှ သူ ထုတ်ယူလိုက်သည်။ သို့သော် ဘယ်နား ထားရမှန်း သူ မသိ။ သူ့မှာ အကြံ မရှိ။ ညနေခြောက်နာရီထိုးတော့ နေ့ဂျူတီပြီးလာကြဟန်တူသော သူနာပြုတသိုက်ပြန်သွားကြသည်။ ဆေးရုံထဲ

မဝံ့မရဲ ဝင်ကြည့်၏။ စင်္ကြံလမ်းမှာ သူ့အမေကို မတွေ့ရတော့။ လူနာလက်ခံဌာနမှာ သူ့အမေ ဘယ်ရောက်သွားပြီလဲ သူ မေးကြည့်၏။ ဆေးရုံ၏ အစွန်အဖျား ချောင်ကျကျတနေရာကို လမ်းညွှန်သည့်အတိုင်း သွားကြည့်တော့ မတွေ့။ ထိုနေရာရှိ လူနာတွေကလည်း သူ့စကားကို ဘယ်သူမှ နားမလည်ကြ။ လူနာလက်ခံဌာနသို့ သူပြန်လာပြီး မနက်ကျမှ တခေါက်လာရှာမည် ဖြစ်ကြောင်း ပြော၏။ ဆေးရုံထဲက ဧည့်ခန်းမရှိ ခုံရှည်ပေါ်မှာ တညလောက် အိပ်လို့ရမလား မေးကြည့်တော့ ခါးခါးသီးသီး အငြင်းခံခဲ့ရသည်။

ဒီလိုနှင့် မနေ့ညက အိပ်ခဲ့သည့် အမှိုက်ပုံနားက စက္ကူဖာတွေ ကြားသူ ပြန်ရောက်လာသည်။ အိပ်မက်ရှည်ကြီးတခု သူမက်သည်။ အမေက စားစရာတွေ အပြည့်ထည့်ထားသော အထုပ်ကြီးတထုပ်ကို ကိုင်စွဲ၍ သူရှိရာ ဟူးဝစ်နိုရန်းနီးယပ်စ်ကျောင်းသို့ ရောက်လာခဲ့သည်။

"တွန်းလှည်းက သိပ်နှေးလွန်းတယ်ကွယ်၊ အမေ ပရင့်စ်အဲလ်ဗတ်ကို ရောက်ချင်လှပြီ" ဟုလည်း အမေက ပြော၏။

စားစရာအပြည့်ပါသည် ဆိုသော အထုပ်ကြီးက သံသယဝင်စရာ ကောင်းလောက်အောင် ပေါ့ပါးလွန်းနေသည်။

သူ လန့်နိုးလာတော့ အေးလွန်းသဖြင့် ခြေထောက်တွေ ထုံနေခဲ့သည်။ ကောင်းကောင်းပင် ဆန့်၍ မရချင်။ နံနက် သုံးနာရီလား၊ လေးနာရီလား မသိ၊ တခုခု ဖြစ်လိမ့်မည်။ ကြည်လင်သည့် မဟူရာကောင်းကင်မှာ ကြယ်ကလေးတွေ မှိတ်တုတ်မှိတ်တုတ် လင်းနေဆဲ။ အိပ်မက်က အီလည်လည်ကြီး ဖြစ်သော်လည်း သူ့စိတ်ထဲမှာ ဘာမှ မခံစားရတာကို အံ့သြနေမိသည်။ စောင်ကြီးခြုံပြီး သူထလာသည်။ လမ်းတလျှောက် ပိတ်ထားသည့် ဆိုင်ခန်းပြတင်းပေါက်များမှတဆင့် အတွင်းသို့ ဘာရယ်မဟုတ် ချောင်းကြည့်မိသည်။ နောက်ဆုံးတော့ ဆေးရုံထဲသို့ သူဝင်ခွင့်ရခဲ့သည်။ အမေ့ကိုအမျိုးသမီးဆောင် တနေရာမှာ တွေ့ရသည်။ အဖြူရောင် ဆေးရုံအဝတ်အစားများ လဲပေးထားသည်။ မျက်လုံးအစုံ ကတော့ စုံးစုံးပိတ်ထားဆဲ။ နှာခေါင်းမှာလည်း ပိုက်တန်းလန်းနှင့်။ မိုက်ကယ်က အမေ့လက်ကို ဖျစ်ညှစ်ဆုပ်နယ်လိုက်တော့ ဘာမှမတုံ့ပြန်ခဲ့။ အမေ့ပါးစပ်သည် ဟောင်းလောင်းပွင့်လျက်၊ အမေ့မျက်နှာသည် သွေးဆုတ်ဖြူ ရော်လျက်၊ လက်မောင်းမှအရေပြားတို့သည် တွဲကျလျက်။ ဆေးရုံခုတင်တွေ က တလုံးနှင့် တလုံးတပေလောက်သာ ခြားထားသည်။ လူနာကလည်း အပြည့်အသိပ်။ မိုက်ကယ့်အဖို့ ဘယ်နေရာမှာ မှ ထိုင်စရာ မရှိ။

မနက် ဆယ့်တနာရီထိုးတော့ ဆေးရုံ အော်ဒလီ တယောက်သည် လူနာများ အတွက် လက်ဖက်ရည်နှင့် ဘီစကွတ်မုန့်များ လာပို့၏။ မိုက်ကယ်က အမေ့ကို

လက်ဖက်ရည်တိုက်ဖို့ ကြိုးစားသည်။ သို့သော် မအောင်မြင်ခဲ့။ သူ့ဗိုက်ကတော့ အသံမျိုးစုံပေး၍ အစာကို တောင်းခံနေ၏။ ဒီလိုနှင့် အော်ဒလီလက်ဖက်ရည်ခွက်တွေ လာသိမ်းတာမြင်တော့ အေးစက်နေသည့် လက်ဖက်ရည်နှင့် မုန့်တွေကို မိုက်ကယ် တယောက် အတင်းအဓမ္မ သွတ်သွင်းဝါးမျိုလိုက်တော့သည်။

ခုတင်ခြေရင်းမှာတော့ လူနာမှတ်တမ်းစာရွက်တွေ ရှိနေ၏။ အမေ့ဟာလား၊ အခြားလူနာဟာလား ဆိုတာကိုပင် မိုက်ကယ် မဝေခွဲနိုင်ခဲ့။ ဆေးရုံစင်္ကြံလမ်းမှာ ဂျူတီကုတ်ဖြူ လွလွနှင့် ဆရာဝန် (ဟု ယူဆရသူ) တယောက်ကို တွေ့တော့ မိုက်ကယ် အလုပ်တောင်းမိသည်။

"ကျွန်တော် ငွေမလိုချင်ပါဘူး၊ တခုခု လုပ်ချင်လို့ပါ။ တံမြက်စည်းပဲ လှည်းရ လှည်းရ၊ ကြမ်းပဲ တိုက်ရ တိုက်ရ၊ အိမ်သာပဲ ဆေးရ ဆေးရပေါ့။

ဆရာဝန်က မိုက်ကယ့်စကားကို နားလည်၏။ အောက်ထပ်က ရုံးမှာ သွားမေးချေဟု ပြန်ပြောပြီး သူ့ကို တွန်းဖယ်ကာ ခပ်သုတ်သုတ်လျှောက်သွားသည်။ သူပြောသည့် အောက်ထပ်က ရုံးကိုတော့ မိုက်ကယ်ဘယ်နားမှာ မှ ရှာမတွေ့ခဲ့။

ယောင်လည်လည်လုပ်နေသည့် မိုက်ကယ်ကို လူ တယောက် ကစကားလာပြော၏။ ထိုသူက မိုက်ကယ့်မျက်နှာ၊ အထူးသဖြင့် ပုလဲသီ တကွဲစီ ဖြစ်နေသည့် အပေါ်နှုတ်ခမ်းကိုကြည့်ရင်း ချုပ်ဖို့လားဟု မေး၏။ မိုက်ကယ်ကခေါင်းခါပြလိုက်တော့ ထိုသူက သူ ကားတိုက်ခံရသည့် ဇာတ်လမ်းရှည်ကြီးကိုမပြီးနိုင် မစီးနိုင်အောင် ပြောတော့သည်။ ကားတိုက် ခံရ၍ ခြေအစုံသွင်သွင်ကျိုးသည့်အပြင် တင်ပါးဆုံရိုးပါ အက်သွားကြောင်း၊ ငွေချောင်းတွေ စိုက်ထားရကြောင်း၊ သို့သော် ပြန်ကောင်း မကောင်း မသေချာ ကြောင်း၊ခုတောင် ချိုင်းထောက်ဖြင့် လမ်းလျှောက်နေရကြောင်း။

"ကျွန်တော် ပိုက်ဆံ မရှိဘူးဗျာ၊ မနေ့ကတည်းက ဘာမှလည်းမစားရသေးဘူး" ဟု မိုက်ကယ်က ဆိုမိသည်။

ထိုသူက ချက်ချင်း ပင် -

"သွား ဆိုင်မှာ ပိုင်မုန့် သွားဝယ်ချေ၊ ငါ့ဖို့ပါ ဝယ်ခဲ့"

ဟု ဆိုကာ တစ်ရမ် (တောင်အာဖရိကသုံးငွေ) ကြီးများ တောင်ထုတ်ပေး၏။

ပူပူနွေးနွေး ကြက်သားပိုင်မုန့်နှစ်ခု ပိုက်၍ မိုက်ကယ်အပြေးတပိုင်း ပြန်လာခဲ့သည်။ သူတို့နှစ်ယောက် ခုံတန်းလျားတခုမှာ ထိုင်ကာ

ပိုင်မုန့်ကိုစားကြသည်။ ကောင်းလိုက်သည့် ဖြစ်ခြင်း။ စားရင်းနှင့် မိုက်ကယ် မျက်ရည်တွေ ကျလာခဲ့သည်။ ထိုသူက မုန့်စားရင်း သူ့ညီမ၏ အတက်ရောဂါ အကြောင်းကို ပြောပြနေပြန်သည်။ မိုက်ကယ် ကတော့ သစ်ပင်ပေါ်မှ ငှက်ကလေးတွေ ၏ ဆိုတေးသံကို နားစွင့်နေမိသည်။ ထိုသာယာ ချမ်းမြေ့ ကြည်နူးဖွယ်အချိန်ကလေးများကို သူ အရင်က ပိုင်ဆိုင်ခဲ့ဖူးသလား ဆိုတာကိုပြန်ပြောင်း စဉ်းစားကြည့်နေမိသည်။

နေ့လယ်ပိုင်း တနာရီ၊ ညနေပိုင်း တနာရီ အမေနှင့် အဖော်လုပ်ခွင့်ရ၏။ အမေ့မျက်နှာသည် ဖြူဖျော့ရာမှ ပြာနှမ်းနှမ်း၊ မွဲခြောက်ခြောက် ဖြစ်လာခဲ့သည်။ အသက်ရှူ သံကလည်း မကြားရသလောက် တိုးတိမ်လွန်း၏။ ပါးစပ်မှလည်း သွားရည်တွေ စီးကျနေခဲ့သည်။ အမေ တခုခုကိုပြောဖို့ ကြိုးစားနေပုံရ၏။ သို့သော် မိုက်ကယ် အဓိပ္ပာယ် မဖော်တတ်။ သူနာပြုတယောက် က အမေ့ကို အိပ်ဆေးထိုးထားသည်ဟု လာပြော၏။

ဘာကြောင့် မှန်းတော့ မသိ။ ညနေ လက်ဖက်ရည်ကိုတော့ မိုက်ကယ်သည် အမေ့ခွက်သာမက အမေ့လိုပင် မိန်းမောနေသည့် တဖက်ခုတင်မှ မိန်းမကြီး၏ ခွက်ကိုပါ မော့ပစ်လိုက်သည်။ ဘီစကွတ်များ ကိုလည်း ခွေးသူခိုးတကောင်လိုသူ့အငမ်းမရစားသည်။

******

ညဘက် သူ့စံနန်းကို ပြန်လာချိန်မှာတော့ စက္ကူဖာတွေ မရှိတော့။

ဒီလိုနှင့် လမ်းပေါ်က အခန်းတခုရှေ့ တံစက်မြိတ်အောက်မှာ ဖြစ်သလိုအိပ်ရသည်။ ပတ်တရောင် ရဲကားသံကြားလျှင် သူ လန့်နိုး၏။ မနေ့ညကလောက် မအေးသဖြင့် နည်းနည်း ခံသာသည်။

အလို- သူ့အမေ ခုတင်ပေါ်မှာ တခေါင်းလုံး ပတ်တီးတွေ ဖွေးနေသည့် မိန်းမကြီး တယောက် ရောက်နေပါလား။ မိုက်ကယ်သည် ခုတင်ခြေရင်းမှာ ငိုင်ငိုင်ကြီးရပ်ရင်းက အဆောင်များ မှားဝင်လာမိသလားဟု တွေးနေ၏။ ဖြတ်သွားသည့် သူနာပြုတယောက်ကို သူ မေး၏။ လူနာလက်ခံဌာနကို သွားမေးဆိုသည့် အဖြေကို သူ ရခဲ့သည်။

''ရှင့်အမေ မနေ့ညက ဆုံး သွားပါပြီ'' တဲ့။ ဆရာဝန်မ တယောက် က သူ့ကို ပြော၏။

''ကျွန်မတို့လည်း အတတ်နိုင်ဆုံး ကြိုးစားတာပါပဲ။ ဒါပေမဲ့ ရှင့်အမေက

ရောဂါ ကျွမ်းနေပြီ။ အားလည်း အရမ်းနည်းနေတယ်၊ ဆုံးဆုံးချင်းရှင့်ကို ဆက်သွယ်ချင်ပေမယ့် ရှင် ဘယ်မှာ နေမှန်း ဘယ်သူမှ မသိဘူးလေ"

မိုက်ကယ်သည် နီးရာ ကုလားထိုင်တလုံးပေါ် ပုံကျသွား၏။ သူ့ကြည့်ရတာ စိတ်နှင့် ကိုယ် ကပ်ဟန်မတူ။

"ရှင် ဖုန်းဆက်ချင်သေးလား"

ဆရာဝန်မက သူ့ကို မေး၏။ ဘာဖုန်းဆက်ရမှာ လဲ။

ဘယ်သူ့ကိုဖုန်းဆက်ရမှာလဲ။ ဆရာဝန်မ စကားက မိုက်ကယ့်အဖို့ သိုက်စာ အညွှန်းတခုလို ရှုပ်ထွေးနက်နဲလှသည်။ မိုက်ကယ် ခေါင်းယမ်းပြလိုက်သည်။ တစုံတယောက်က သူ့ကို လက်ဖက်ရည်တခွက် လာပေးသဖြင့် သိစိတ်မဲ့စွာ ယူသောက်လိုက်သည်။ သူ့နားမှာဝိုင်းနေကြသည့် လူတွေ ကိုကြည့်ရင်း တဖြည်းဖြည်း ကြောက်စိတ်တွေ ငယ်ထိပ်တက်လာခဲ့သည်။ သူ ဘာပြန်ပြောရမလဲ။ ဘာမှလည်း မပြောတတ်။ ပြောချင်စိတ်လည်း မရှိ။ သူတို့က မိုက်ကယ့်ကို လှေကားတခုမှ ဆင်းကာ အောက်သို့ ခေါ်သွားကြသည်။ အမေသည် လက်နှစ်ဖက် ဘေးချကာ ငြိမ်းချမ်းစွာ လဲလျောင်းနေသည်ကို သူ တွေ့ရသည်။ နှာခေါင်းမှ ပိုက်ကြီး ကတော့မရှိတော့။ သူ အမေ့ကို ကြည့်သည်။ ခဏပါပဲ။

"အကြောင်းကြားစရာ ဆွေမျိုးသားချင်း ရှိလား၊ ဖုန်းဆက်မလား၊ ဖုန်းဆက်ပေးရမလား"

လူနာလက်ခံဌာနမှ သူနာပြုက သူ့ကို အမျိုးမျိုးမေးနေသည်။

"ကိတ်ချနချိပါဘူး"

ဟု သူ ပြန်ဖြေရင်း ကုလားထိုင်ပေါ် ငိုင်ငိုင်ကြီး ထိုင်နေခဲ့သည်။

နေ့လယ်ပိုင်းမှာ ဆေးရုံကကျွေးသည့် နေ့လယ်စာတပွဲ သူ့ရှေ့ ရောက်လာတော့ ဘာမှ မပြောဘဲ သူ စား၏။ သူ ဆက်ထိုင်နေ၏။ ကုတ်အင်္ကျီနှင့်၊ နက်တိုင်နှင့် လူ တယောက် သူ့ရှေ့မှာ ပေါ်လာပြီး သူ့ကို မေးခွန်းတွေ ဆက်တိုက်မေးသည်။ အမေ့ နာမည်၊ အသက်၊ မွေးသက္ကရာဇ်၊ ကိုးကွယ်ရာဘာသာ၊ စတယ်လန်ဘော့ချ်ဇာတိ ဟုတ်၊ မဟုတ်၊ မဟုတ်လျှင် ဘာလာလုပ်၊ ခရီးသွားလာခွင့် ပါမစ်၊ ဘာညာသာရကာ စုံစီနဖာပါပဲ။

မိုက်ကယ်က ထိုအမေးတွေကို တိုတိုတုတ်တုတ်သာ ပြန်ဖြေ၏။ နာမည် အန်နာ၊ အသက် မသေချာ၊ မွေးသက္ကရာဇ် မမှတ်မိ၊ကိတ်တောင်းမှာ အမြဲမိုးတွေ

ရွာပြီး အေးလွန်း၍ မွေးရပ်ဌာနေ ဇာတိမြေသို့ အသွား ခရီးတထောက် စတယ်လန် ဘော့ချ်မှာ ဤသို့ အကြောင်းဆိုး။ ကုတ်အင်္ကျီနှင့် လူသည် မိုက်ကယ်၏ တိကျလှသည့် အဖြေများကြောင့် လက်မြှောက်အရှုံးပေးပြီး ထပြန်သွား၏။

သို့သော် မကြာခင် ပြန်ရောက်လာပြီး မိုက်ကယ့်ရှေ့မှာ ဒူးထောက်ထိုင်ချကာ-ခင်ဗျားမှာ နေစရာ နေရာရှိလား၊ လုပ်စရာ အလုပ်ကော ရှိသလား"

ဟု မျက်နှာစေ့စေ့ကြည့်ကာ မေး၏။ မိုက်ကယ် ပြန်မဖြေခဲ့။

"ဒါဆို ဒီနေရာမှာ လက်မှတ်ထိုး" တဲ့။ စာရွက်တရွက်၏ ထောင့်တနေရာကို ပြရင်းပြော၏။

မိုက်ကယ်က ခေါင်းခါပြတော့ သူ့ဘာသာသူ လက်မှတ်ထိုးကာ ပြန်ထွက်သွားခဲ့သည်။

မှောင်လာခဲ့ပြီ။ မိုက်ကယ်သည် ဆေးရုံအပြင်ဘက် ထွက်သွားပြန်၏။ ဟိုလျှောက်သည်လျှောက် လျှောက်ရင်း ကောင်းကင်ကြီးကို မကြာခဏမော့ကြည့်မိသည်။ ပြီးတော့ ဆေးရုံထဲပြန်ဝင်ပြီး ကုလားထိုင်မှာ ပြန်ထိုင်ပြန်၏။ ခုထိတော့ သူ့ကို ဘယ်သူမှ နှင်မထုတ်သေး။

အမေ့အလောင်းကို ကြည့်ချင်လာပြန်၍ သူ အောက်ထပ်သို့ ဆင်း၏။ အလောင်းထားသည့် အခန်းမှာ သော့ ခတ်ထားသည်။ ထိုအခန်းနားတွင် ဆေးရုံအဝတ်ဟောင်းများကို လျှော်ဖွပ်ဖို့ စုပုံထားသည့် နေရာလေးတခုရှိ၏။ မိုက်ကယ်သည် ထိုအဝတ်ဟောင်းပုံပေါ်တွင် ကြောင်ငယ်လေးတကောင်လို ခွေခွေလေး အိပ်ပျော်သွားခဲ့သည်။

အမေဆုံးပြီး နှစ် ရက်ကြာတော့ သူ တခါမှ မမြင်ဖူးသည့် သူနာပြု တယောက် က သူ့ကို လာခေါ်၏။ လာခေါ်သည့်နောက် သူ လိုက်သွားသည်။ သူတို့သားအမိ၏ ခရီးဆောင်အိတ်ကြီးအပြင် စက္ကူအညိုဖြင့် ထုပ်ထားသည့်အိတ်ကြီးနှစ် အိတ်ကို ပေး၏။

"ရှင့်အမေ အဝတ်တွေ နဲ့ ပစ္စည်းတွေ အားလုံး ခရီးဆောင်အိတ်ထဲပြန်ထည့်ထားတယ်"

ထို ထူးဆန်းသည့် သူနာပြုက မိုက်ကယ့်ကို ပြော၏။

သူ့အသံကစာဖတ်ပြနေသလို။ လူနာလက်ခံဌာနမှ စာရေးမဟု ထင်ရသည့်

ခပ်ငယ်ငယ်ကောင်မလေး တယောက် က သူတို့ကို ကြည့်နေ၏။

ထူးဆန်းသည့် သူနာပြုသည် စာအိတ်ညို နှစ်လုံးအနက် ခပ်သေးသေးတလုံးပေါ် လက်တင်လိုက်ရင်း-

"ဒီမနက်ပဲ ရှင့်အမေကို မီးသင်္ဂြိုဟ်လိုက်ကြတယ်။ ပြာတွေကို ဒီအိတ်ထဲမှာ ထည့်ထားတယ်၊ ကျွန်မတို့ ဆေးရုံကပဲ တာဝန်ယူပြီး လုပ်ပေးဆိုလည်း လုပ်ပေးမယ်၊ ရှင် ယူသွားချင်ရင်လည်း ယူသွားပေါ့"

သူ့လက်က ခပ်ကြီးကြီး အိတ်ညိုပေါ် ရောက်သွားပြန်၏။

"ဒီအိတ် ကတော့ ရှင့်အတွက် လိုအပ်တဲ့ အဝတ်အစားနဲ့ အသုံးအဆောင်တွေ၊ ကျွန်မတို့ ပေးတာပါ။ ယူပါ"တဲ့။ သူက မိုက်ကယ့်ကို ပြုံးကြည့်ရင်း ပစ္စည်းတွေကို လှမ်းပေးလိုက်သည်။

ဒါဆို ဒီဆေးရုံမှာ မီးသင်္ဂြိုဟ်စက် ရှိလို့ပေါ့။ အမေတက်ခဲ့သည့် မိန်းမဆောင်မှ လူနာအဘွားကြီးတွေ တယောက်ပြီး တယောက် မျက်လုံးကြီးတွေ ပြူးထွက်၊ နှုတ်ခမ်းတွေ ရွဲ့စောင်း၊ လက်တွေကို နံဘေးမှာ ကပ်ပြီး ပက်လက်ကြီးတွေ တန်းစီကာ မီးသင်္ဂြိုဟ်စက်ထဲ ဝင်သွားသည့် မြင်ကွင်းကို သူ့အတွေးထဲမှာ မြင်ယောင်နေမိသည်။ အင်အားပြင်းလှသည့် မီးတောက်တွေ က သူတို့ ဆံပင်တွေမှ စ၍ လောင်ကျွမ်းမည်၊ နောက်တော့ ဦးခေါင်း၊ နောက်တော့ အရာခပ်သိမ်း အားလုံး သိမ်းကျုံး လောင်ကျွမ်းသွားလိမ့်မည်။

ပြာမျှသာလျှင် ကျန်ရစ်ခဲ့မည်။ ပြာမျှသာလျှင် ....။

"အနော် ဘယ်ရို တိနိုင်မှာ ရဲ"

မိုက်ကယ်ကေ၏ မပီမသအမေးကို ဆရာမ ရုတ်တရက် နားမလည်။

"ဘာကို ဘယ်လို သိရမှာ လဲ"

အမေ့ပြာဆိုသည့် အရာများ ထည့်ထားသည့် စက္ကူအိတ်ညိုကိုလက်ညှိုး ထိုးရင်း-

"အနော် ဘယ်ရို တိနိုင်မှာ ရဲ" ဟု ထပ်မေးလိုက်သည်။

ဆရာမ က ဘာမှ ပြန်မဖြေ၊ မဖြေချင်တာလား။

သူ့မေးခွန်းကိုနားမလည်တာလား မပြောတတ်။

မိုက်ကယ်သည် ဆေးရုံအပြင်သို့ ထွက်သွား၏။ ဆေးရုံ ကားပါကင်မှာ သူ့အတွက်ဆိုသည့် အိတ်ညိုကြီးကို ဖောက်၏။ အထဲမှာ မုတ်ဆိတ်ရိတ်ခါး တချောင်း၊ ဆပ်ပြာ တတုံး၊ မျက်နှာသုတ်ပဝါ အသေး တထည်၊ လက်မောင်းမှာ နီညိုရောင် တံဆိပ်ကြီးများ ပါသည့် ဂျက်ကင် အဖြူတထည်၊ ဘောင်းဘီရှည် အနက်တထည်၊ စိန့်ဂျွန်အရေး ပေါ်ဌာနဟု သတ္တုတံဆိပ်ထွင်းထားသည့် ဦးထုပ်ပျော့ အနက်တလုံး။

ထိုပစ္စည်းတွေကို လက်မှာ ကိုင်ရင်း သူ ဆေးရုံထဲ ပြန်ဝင်လာခဲ့သည်။ ခုနက သူ့ကို ပစ္စည်းတွေ ပေးခဲ့သည့် မျက်မှန်နှင့် သူနာပြုဆရာမကို မတွေ့ရ။ စာရေးမလေး ကိုသာ တွေ့ရ၏။

''ကျွန်တော့်ကို ဘာလို့ ဒါတွေ ပေးကြတာလဲဗျာ" ဟု သူ မေးမိ၏။

စာရေးမက သူ့မျက်နှာကို မကြည့်ဘဲ-

"ကျွန်မကို လာမမေးနဲ့၊ တယောက်ယောက် ကျန်ခဲ့တဲ့ပစ္စည်းတွေ ရှင့်ကို ပေးတာ နေမှာ ပေါ့" ဟု ပြောလိုက်သည်။

မိုက်ကယ်သည် ထိုပစ္စည်းများကို လွှင့်ပစ်လိုက်မည် ဟု စိတ်ကူးမိသေးသည်။ နောက်တော့လည်း ထိုစိတ်ကူးကို ရုပ်သိမ်းလိုက်၏။ သူ့ဝတ်ထားသည့် အဝတ်တွေက ညစ်ပတ်၊ စုတ်ပြတ်ကာ နံစော်နေပြီ။ ခုတော့ သူ ဒီ စတယ်လန်ဘော့ချ်မှာ ဆက်နေစရာ ဘာအကြောင်းမှ မရှိတော့။ သို့သော် ဒီဆေးရုံမှ ထွက်ခွာသွားဖို့ဆိုတာ သူ့အတွက် အတော်ခက်နေသည်။ မိုက်ကယ်သည် နေ့လယ်တပိုင်းလုံး တွန်းလှည်းတွန်းကာခြေဦးတည့်ရာ လျှောက်သွား၏။ ညကျတော့ အမှိုက်ပုံနောက်က မိလ္လာပိုက်ကြီးများ နားမှာ သူ အိပ်သည်။ ဥယျာဉ်ခြံမြေ အလုပ်ကလေးများ ရလိုရငြားသူ လျှောက်မေးကြည့်သေးသည်။ သို့သော် သူ့ကို ဘယ်သူမှ လိုလိုလားလားမရှိကြ။ ဖုန်းတောင်းယာစကာ တယောက် လို ဆက်ဆံခံခဲ့ရသည်။ မိုးရွာလျှင်သူ တွန်းလှည်းအောက် ဝင်အိပ်သည်။ တခါတလေ လက်ဖဝါး နှစ် ဖက်ကိုဖြန့်ကာ တမေ့တမော ငေးကြည့်နေတတ်သည်။ စိတ်ထဲမှာတော့ ဗလာနတ္ထိ၊ ဘာအတွေးမှ မရှိ။

ဒီလိုနှင့် ရထားခုံးကျော်တံတားအောက်မှာ စုပေါင်းအိပ်တတ်ကြသည့် အိမ်ခြေရာခြေမဲ့တွေ ကြားသို့ သူ ရောက်သွားခဲ့သည်။ အန်ဒရင်ကာလမ်းကြားရှိ တောအရက်ဆိုင်ကလေးနောက်က ကွက်လပ်ကလေးမှာ ရုံဖန်ရံခါ သူ ထိုင်နေတတ်သည်။ တခါတလေ သူ့တွန်းလှည်းကို အိမ်ခြေမဲ့တို့ကို သူ ငှားတတ်၏။ တစုံ တယောက် က သူ့ထံမှ မီးဖိုကို တောင်းနေသဖြင့် ပေးပစ်လိုက်သည်။ တညသူ အိပ်မောကျနေတုန်း ခေါင်းအုံးအိပ်နေသည့် ခရီးဆောင်အိတ်ကို တယောက် က

လာဆွဲသဖြင့် နောင်ဂျိန်ပလေးခဲ့ရသေးသည်။ ထိုအချိန်မှစ၍ အိမ်ခြေရာခြေမဲ့လောကကို မိုက်ကယ် စွန့်ခွာခဲ့သည်။

တခါတော့ လမ်းမပေါ်မှာ တွန်းလှည်းတွန်းရင်း လျှောက်သွားနေတုန်း ရဲကားတစီး သူ့နားမှာ လာရပ်၏။ ရဲနှစ်ယောက် ကားပေါ်မှ ဆင်းလာပြီး သူ့တွန်းလှည်းကို စစ်ဆေး၏။ ခရီးဆောင်အိတ်ကို ဖွင့်ပြီး ပွစာကြဲအောင် ရှာဖွေကြ၏။ စက္ကူအိတ်ညို တလုံးကို သူတို့ တွေ့သွားသည်။ အထဲမှာ သစ်သားဘူးလေးတလုံး။ အထဲမှာ ပလတ်စတစ်ဖြင့် ထုပ်ထားသည့်မွဲတဲတဲအရောင် အဆင်းရှိသည့် ပြာမှုန့်များ။ မိုက်ကယ်သည် သူ့အမေ၏ အရိုးပြာဆိုသည့်အရာကို ခုမှ ပထမဆုံးအကြိမ် မျက်ဝါးထင်ထင် တွေ့မြင်ရခြင်း ဖြစ်သည်။ ထိုအထုပ်ကို သူ လုံးဝ ဖွင့်မကြည့်ခဲ့။ သူ မျက်နှာလွှဲလိုက်သည်။ ရဲတယောက် က ဒါ ဘာလဲဟု မေး၏။ အမေ့အရိုးပြာတွေ လို့သူဖြေလိုက်တော့ ရဲနှစ်ယောက် တယောက် မျက်နှာ တယောက် ကြည့်ရင်းမိုက်ကယ် မကြားအောင် တစုံတရာကို တီးတိုးပြောနေကြ၏။

နောက်ဆုံးတော့ ဒီဆေးရုံဝန်းကျင်ကို သူ စွန့်ခွာဖို့ ဆုံးဖြတ်လိုက်သည်။ ဆေးရုံသည် ခပ်ဝေးဝေးကကြည့်တော့မှ ခပ်သေးသေး ဖြစ်ကြောင်းသူ သတိထားမိသည်။ အုတ်ကြွပ်မိုးနီနီနှင့် သေးသေးရှည်ရှည် တထပ်အဆောက်အအုံလေးသာ။

ညမထွက်ရအမိန့်ဆိုတာကိုလည်း သူ သတိမရတော့။ ခုချိန်ထိအသက်နှင့်ခန္ဓာ တွဲ လျက်ဖြင့် ကျန်းမာပကတိ ချမ်းသာအတိ ရှိနေသေးသည်ကိုလည်း သူ့မှာ မယုံနိုင်။ တကယ်လို့ တခုခု ဖြစ်သွားမည် ဆိုလျှင်လည်း ဖြစ်ပါစေတော့။ ကိစ္စမရှိ။

မိုက်ကယ်သည် အဝတ်အစားသစ်များကို ဝတ်၏။ ဂျက်ကက်အဖြူနှင့် ဘောင်းဘီအနက်နှင့် ဦးထုပ်နက်ကိုဆောင်းပြီး တွန်းလှည်းတစီးဖြင့်ခြေဦးတည့်ရာ လျှောက်သွား၏။ တခါတလေတော့လည်း ကျိန်စာမိကာမျောချင်ရာမျောနေသလို သူ ခံစားနေရသည်။ အားနည်း သလိုခံစားနေရသော်လည်း နေထိုင်မကောင်းတော့ မ ဖြစ်သေး။ အမေ့ပိုက်ဆံအိတ်ထဲမှာ ငွေတွေ ရှိသော်လည်း ထိုငွေများကို သူ မပိုင်။ အမေသာ ပိုင်၏။ မနေနိုင်လွန်းမှ ပိုက်ဆံအိတ်ကိုဖွင့်ကာ ဒိုးနတ်၊ သို့ မဟုတ် ပိုင်မုန့် ဝယ်စားသည်။ တရက်မှ တကြိမ်သာ သူ အစာစား၏။ ငွေမရှာနိုင်ဘဲ ထိုင်သုံးနေရသည်မှာ အရှသာရှိသလိုလို ဖြစ်သော်လည်း သူ စိတ်မသန့်။ အမေ့ငွေကို တတ်နိုင်လျှင် သူ မသုံးချင်။

အမေ့ကုတ်အင်္ကျီမှ အနက်ရောင် တစကို သူ ဖြဲပြီး လက်မောင်းမှာ ပတ်ထားလိုက်သည်။ အမေ့ကို သတိရခြင်း အထိမ်းအမှတ်အနေဖြင့်ပေါ့။ တကယ်တော့လည်း သူ့ဘဝမှာ အမေ့ကို ဘယ်တော့မှ မေ့နိုင်လိမ့်မည်

မဟုတ်ပါလေ။ တသက်လုံးစာ သတိရသွားလိမ့်မည် ဟု သူ ယုံကြည်၏။ မိုက်ကယ်သည် တဖြည်းဖြည်း ထိနမိဒ္ဓနှင့် ဆွေမျိုးရင်းချာ ဖြစ်၍ လာခဲ့သည်။ ဘယ်အချိန်၊ ဘယ်နေရာမှာ ဘယ်လိုပုံစံနှင့် ဖြစ်စေ ပဝါမကူရေမရှူကြေး အိပ်စက်နိုင်ကြောင်းကို သူ့ကိုယ်သူ တွေ့ရှိသတိထားမိ၏။

နေ့ခင်းကြောင်တောင် လူသွားလမ်းပေါ် အိပ်ရမလား၊ လမ်းသွားလမ်းလာတွေ သူ့အပေါ် ခွကျော်သွားလည်း သူက အဟောက်မပျက်။ နံရံကိုမှီကာ ခြေနှစ် ဖက်ကြား ခရီးဆောင်အိတ်ညှပ်ရင်း မတ်တတ်ကြီး အိပ်ရမလား၊ လာထား။ အိပ်ခြင်းသည် သူ့ဦးနှောက်ထဲမှာ နှင်းမြူတွေလို တဖြည်းဖြည်း နေရာယူလာပုံရ၏။ သူ ထိုအရာကို ခုခံတွန်းလှန်ချင်စိတ် မရှိ။ ဝမ်းမြောက်ဝမ်းသာစွာ လက်ခံထား၏။ သို့သော် ဘယ်လိုအိပ်အိပ်၊ ခု ဘာအိပ်မက်မှ မမက်။ တနေ့တော့ သူ့တွန်းလှည်း ပျောက်ဆုံးသွားခဲ့သည်။ သူ ဘာမှမခံစားရ။ ပခုံးနှစ် ဖက်သာ တွန့်လိုက်မိသည်။ ဒီလိုနှင့် စတယ်လန်ဘော့ချ်မှာ သူနေတာ အတော် ကြာလာသည်။ အချိန်ဆိုတာက ဆန့်၍ ချုံ့၍ မရ။ ကုန်အောင်တော့ လုပ်၍ ရသည်။ မိုက်ကယ် တယောက် ခြေဦးတည့်ရာလျှောက်သွားရင်း အချိန်ကို ကုန်စေသည်။ တခါတလေ လမ်းတွေ တောင်မှားလို့။

တရက်မှာတော့ သူ တခါတရံ လုပ်နေကျအတိုင်း ဘန်းဟိုးလမ်းတလျှောက် ခရီးဆောင်အိတ်ဆွဲကာ လမ်းလျှောက်လာခဲ့သည်။ ထိုမနက်က မြူတွေ ဆိုင်းလွှမ်းသဖြင့် တလောကလုံး မှုန်မှိုင်းနေခဲ့သည်။ သူ့နောက်မှ မြင်းခွာသံလိုလိုကြားရပြီး နှာခေါင်းထဲမှာလည်း မစင်နံ့တွေ နံလာသည်။ ဟုတ်ပါ့။ စည်ပင်သာယာမှ မိလ္လာလှည်းသည် သူ့ကို ခပ်ဖြည်းဖြည်း ကျော်တက်သွား၏။ မိလ္လာလှည်းမောင်းသည့် အဘိုးကြီးကလည်း မဲသဲတွန့်လိမ်ခြောက်ကပ်လျက်။ မြည်းလှည်းနှင့် မိုက်ကယ် ဘေးချင်းယှဉ်မိတော့ အဘိုးကြီးက သူ့ကို ခေါင်းညိတ်နှုတ်ဆက်၏။

အဘိုးကြီးနှင့် မိုက်ကယ် အကြည့်ချင်း ဆုံသွားသည်။ အဘိုးကြီးအကြည့်က သူ့ကို ဖိတ်ခေါ်နေသလို ခံစားရသဖြင့် ခဏနေတော့ သူ မြင်းလှည်းပေါ်မှာ အဘိုးကြီးနှင့် ဘေးချင်းယှဉ်လျက် ထိုင်မိသွား၏။

"ကျေးညူး တင်ပါတယ်၊ အဘ အတူအညီယိုရင် အနော် ကူညီမယ်ယေ"

အဘိုးကြီးကြည့်ရတာတော့ အကူအညီလိုပုံမရ။ သူ့ကိုပင် စကားပြောချင်စိတ် ရှိပုံမရ။ တမိုင်လောက် မြင်းလှည်းစီးပြီးတော့ အဘိုးကြီးသည်မိုက်ကယ့်ကို လမ်းခွဲတခုမှ ချထားခဲ့သည်။ တနေ့လုံး သူ လမ်းလျှောက်၏။ ညကျတော့ ယူကလစ်ပင်ကြီးတပင်အောက်မှာ သူ အိပ်သည်။ လေတိုက်တိုင်း သူ့ခေါင်းထက်မှ သစ်ကိုင်းတွေက တဝေါဝေါ အသံပေးလျက်။

နောက်တနေ့ နေ့လယ်မှာတော့ မြောက်စူးစူးကို ဦးတည်နေသည့်လမ်းမကြီးပေါ်မှာ သူ လျှောက်နေသည်။ ရှေ့မှာ စစ်ဆေးရေးဂိတ်ကို တွေ့ရတော့ သူ ရပ်လိုက်သည်။ လမ်းလျှောက်သွားသူတွေကို မစစ်ဆေးကြောင်း သေချာသည်အထိ သူ စောင့်ကြည့်၏။ ပြီးတော့ သူ ဆက်သွားခဲ့သည်။ လက်နက်အပြည့်အစုံတပ်ထားသည့် စစ်ယာဉ်တန်းတွေ သူ့နံဘေးမှ အကြိမ်ပေါင်းများ စွာ ဖြတ်သန်းသွားခဲ့သည်။ ယာဉ်တန်း ဖြတ်သန်းသွားတိုင်း မိုက်ကယ်သည် လမ်းဘေးသို့ အတော် ဝေးဝေးဆင်းပြီး လက်နှစ်ဖက်ကို ဖြန့်ကာ ရှင်းရှင်းကြီး မတ်တတ်ရပ်ပြနေလေ့ရှိသည်။ အခြားသူတွေလည်း ထိုသို့ ပင် လုပ်ကြရ၏။

ညကျတော့ သူ လမ်းဘေးမှာ အိပ်၏။ မြူတွေကြောင့် တဖြည်းဖြည်းစိုရွဲကာ အေးစိမ့်လာသဖြင့် လန့်လန့်နိုး၏။ လမ်းမကြီးသည် သူ့မျက်စိရှေ့မှာပင် မြူတောထဲသို့ တိုးဝင်နစ်မြုပ်သွား၏။ မြူတောထဲမှ ငှက်ကလေးတွေက တကျီကျီ တကျာကျာ အသံပေးလျက်။ သူ ခရီးဆက်ဖို့ လူးလဲထလိုက်သည်။ ခရီးဆောင်အိတ်က ဆွဲရတာ လေးလာသဖြင့် သစ်ကိုင်းတခုတွင် ချိတ်ပြီး ထမ်းလိုက်သည်။ ခုဆိုလျှင် အစာ မစားရတာ နှစ်ရက်ရှိပြီ။ သို့သော် သူ ဘာမှမဖြစ်။ ခံနိုင်ရည်ရှိလှသည့် သံမဏိလူသား မိုက်ကယ်ကေ။ သူ့ခံနိုင်စွမ်းက ကြည့်ရတာ အကန့်အသတ် မရှိ။

တမိုင်လောက် ခရီးပေါက်တော့ မြူတောထဲမှ လူသံတွေ ကြားရသည်။ ထိုနားရောက်တော့ လတ်လတ်ဆတ်ဆတ် ဝက်ပေါင်ခြောက်ကင်နံ့ရသဖြင့် သွားရည်တွေ တောင် ကျလာသည်။

လမ်းဘေးမှာ မီးပုံတခု၊ အနားမှာ လူတွေ ဝိုင်းပြီး မီးလှုံနေကြသည်။ စကားပြောနေကြသည်။ သူ့ကိုမြင်တော့ အခြားကမ္ဘာမှဂြိုဟ်သားနှယ် ဝိုင်းကြည့်နေကြသည်။ ဦးထုပ်ကိုမြှောက်ကာ နှုတ်ဆက်ဟန်ပြုသောလည်း ဘယ်သူမှ မတုံ့ပြန်ကြ။ မိုက်ကယ် သူတို့ကို ဖြတ်ကျော်ခဲ့သည်။ သိပ်မကြာခင်ဒုတိယ မီးပုံပွဲတခုကို တွေ့ရပြန်သည်။ ခဏနေတော့ လမ်းဘေးမှာ မီးများဖွင့်လျက် စီတန်းရပ်နားထားသည့် ကားတန်းကြီးကို တွေ့ရပြန်သည်။ မကြာမီထိုကားတန်းကြီး ရပ်နားထားရ သည့် အကြောင်းရင်းကို သူ တွေ့လာရသည်။ ရှေ့မှာ သဲတင်ထားသည့် လော်ရီတစီးနှင့် ဗင်ကားတစီး တိုက်မိထားသည်။ ဗင်ကားက မီးခိုး တလူလူထွက်နေ၏။

ကွန်ဗွိုင်စစ်ကားတန်းသည် ရှေ့ဆက်သွားမရဘဲ ပိတ်မိနေ၏။ ရေဒီယိုတွေကို အကျယ်ကြီး ဖွင့်ထားကြသဖြင့်အသံလွှင့်ဌာနနှစ် ခုမှ အပြိုင်အဆိုင်လွှင့်နေသည့် သီချင်းသံတွေ ဆူညံပွက်လောရိုက်လျက်။ သိုးတွေ အပြည့်တင်လာသည့် ကားတစီးကိုလည်းသူ တွေ့ရ၏။ မိုက်ကယ်သည်

ပိတ်မိနေသည့် ကားတွေကို တစီးပြီး တစီးဖြတ်ကျော်လာ၏။ လမ်းဘေးမှာ မီးလှုံနေကြသည့် စစ်သားများကို တွေ့ရသော်လည်း သူ့ကို ဘယ်သူမှ ဂရုမစိုက်ကြ။

ကားတန်းကို ဖြတ်ကျော်လာပြီးသည့်အချိန်မှာတော့ မိုက်ကယ့်ရင်ထဲမှ အလုံးကြီး ကျသွားသည်။ သို့သော် လမ်းအကွေ့တနေရာအရောက်မှာတော့ ချုံပုတ်ထဲမှ စစ်သား တယောက် ဘွားကနဲ ထွက်ပေါ်လာပြီး သူ့ရင်ဝတည့်တည့်ကို သေနတ်ဖြင့်ချိန်ထားတော့သည်။ မိုက်ကယ်သည် တံ့ကနဲရပ်လိုက်၏။ စစ်သားက ရိုင်ဖယ်ကို ချ၍ ဆေးလိပ် မီးညှိ၏။ ရှိုက်ဖွာ၏။ ပြီးတော့ သူ့ကို ရိုင်ဖယ်ဖြင့် ပြန်ချိန်ထားပြန်၏။ ဒီတခါတော့ ရိုင်ဖယ်ပြောင်းက သူ့ခေါင်းတည့်တည့် ရောက်နေ၏။

"မင်း ဘယ်သူလဲ၊ ဘယ်သွားမှာ လဲ"

မိုက်ကယ် အာစေးထည့်ထားသလို ဆွံ့အနေ၏။ စစ်သားက ဆက်ပြော၏။

"လက်ထဲက ဘာတွေ လဲ၊ ပြစမ်း၊ ပြစမ်း"

ရေဒီယို သီချင်းသံ သဲ့သဲ့ကို ကြားရဆဲ ဖြစ်သော်လည်း ကားတန်းက နောက်မှာ အတော် ဝေးဝေး ကျန်ခဲ့ပြီ။ ဒီနေရာမှာ သူတို့နှစ်ယောက် ကလွဲလျှင် မည်သူမှ မရှိ။

မိုက်ကယ်သည် ခရီးဆောင်အိတ်ကို ဖွင့်ပြလိုက်သည်။ စစ်သားက သူ့ကို နောက်ဆုတ်ခိုင်းပြီး အိတ်ကို သွန်ချလိုက်သည်။ လမ်းမပေါ်မှာ ပစ္စည်းတွေ ပွစာကြဲသွား၏။ အပြာရောင် ခြေညှပ်ဖိနပ်များ၊ အဖြူရောင် ပလတ်စတစ် ပန်းခြောက်များ၊ ယားနာပျောက်လိမ်းဆေးပန်းရောင် တပုလင်း၊ ဆေးလုံးများ ထည့်ထားသည့် ပုလင်းညိုညို တလုံး၊ မှိုတက်နေသည့် အပေါ်စား ပလတ်စတစ် လက်ကိုင်အိတ်တလုံး၊ ပန်းရောင်စုံ ရိုက်နှိပ်ထားသည့် စကတ်ပဝါတထည်၊ ဇာနားကွပ် လက်ကိုင်ပဝါတထည်၊ သားမွေးကုတ်အနက် တထည်၊ ရတနာသေတ္တာတလုံး၊ စကတ်အညိုတထည်၊ ဘလောက်စ်အင်္ကျီ အစိမ်းတထည်၊ ရှူး ဖိနပ်များ၊ အတွင်းခံဘောင်းဘီများ၊ စာအိတ်ညို နှစ်လုံး၊ ပလတ်စတစ် အဖြူရောင် အိတ်တအိတ်၊ ကော်ဖီသံဘူးတဘူး၊ ပေါင်ဒါတဘူး၊ စာများ၊ ဓာတ်ပုံများ၊ ပြာသေတ္တာတလုံး၊ မိုက်ကယ် ကတော့ ထိုပစ္စည်းတွေကို လုံးဝ မကြည့်။

"မင်း ဒါတွေ ဘယ်က ခိုးလာတာလဲ၊ ပြောစမ်း ခွေးသူခိုး၊ မင်းဘယ်ပြေးမလို့လဲ"

စစ်သားက ပလတ်စတစ် လက်ကိုင်အိတ်ကို၊ ရတနာသေတ္တာကို၊

ကော်ဖီသံဘူးကို ဖိနပ်ဦးဖြင့် ကော်ရင်း-

"ဖွင့်" ဟု အမိန့်ပေး၏။

မိုက်ကယ်သည် ကော်ဖီသံဘူးကို အရင်ဖွင့်လိုက်၏။ အထဲမှ ခန်းဆီးလိုက်ကာတပ်ရာတွင် အသုံးပြုသည့် သံကွင်းတွေ ထွက်လာသည်။

သူကထိုသံကွင်းများကို လက်ဖဝါးပေါ်တင်ကာ စစ်သားကို ပြလိုက်ပြီး ဘူးထဲပြန်ထည့်ကာ ပိတ်လိုက်သည်။ ရတနာသေတ္တာကို သူ ကိုင်လိုက်ပြီ။ ရင်တွေ တဒိန်းဒိန်း ခုန်လာခဲ့သည်။ ဖွင့်လိုက်သည်။ စစ်သားက ငုံ့ကြည့်သည်။ အထဲမှ အပေါစား လက်ဝတ်ရတနာအတုတွေ ထွက်လာ၏။ စစ်သားက ရင်ထိုးတခုကို ယူကာ ပြုံးနေ၏။ မိုက်ကယ်က သေတ္တာကို ပြန်ပိတ်လိုက်သည်။ ပလတ်စတစ် လက်ကိုင်အိတ်ကို သူ ဖွင့်၏။ အတွင်းမှ ပစ္စည်းများကို လမ်းမပေါ် သွန်ချလိုက်သည်။ လက်ကိုင်ပဝါတထည်၊ ဘီးတချောင်း၊ မှန်တချပ်၊ အပေါစားမိတ်ကပ်တဘူးနှင့် ပိုက်ဆံအိတ်နှစ်လုံး။ စစ်သားသည် ပိုက်ဆံအိတ်များကို လက်ညှိုးထိုး၏။ မိုက်ကယ်က လှမ်းပေးလိုက်၏။ စစ်သားက လှမ်းယူပြီး အိတ်ထဲဆည့်လိုက်၏။

မိုက်ကယ်၏ ကွဲနေသည့် နှုတ်ခမ်းသည် တရွရွ တုန်ယင်လှုပ်ရှားလာ၏။ သူက နှုတ်ခမ်းကို လျှာဖြင့်သပ်ရင်း-

"ဒီပိုက်ဆံတွေ က ကျွန်တော့် ပိုက်ဆံ မဟုတ်ပါဘူးဗျာ၊ အမေ့ပိုက်ဆံတွေ ပါ။ အမေ နှစ်ပေါင်းများစွာ အိမ်ဖော်လုပ်ရင်း ရှာထားတဲ့ ငွေတွေ ပါ" ဟု ဝမ်းနည်းပက်လက် ပြောလိုက်သည်။ တကယ်တော့လည်း သူ့စကားက အပြည့်အဝ မမှန်ပါ။ အမေက သေပြီလေ။ ငွေမှ မလိုတော့ဘဲ။ တဒင်္ဂခဏ ထိုနေရာလေးမှာ အပ်ကျသံပင် မကြားရဘဲ တိတ်ဆိတ်ခြင်းလွှမ်းမိုးသွားခဲ့သည်။ မိုက်ကယ် ဆက်ပြော၏။

"စစ်ပွဲဆိုတာ ဘာအတွက်လဲ ခင်ဗျာ၊ သူများ ပိုက်ဆံကို ယူဖို့လား၊သူများ ပစ္စည်းကို သိမ်းဖို့လား"

စစ်သားသည် မိုက်ကယ်၏ မပီကလာအသံအတိုင်း ထွက်လာဖို့သူ့နှုတ်ခမ်းတွေကို တွန့်လိမ်ရွဲ့ စောင်းလျက်-

"ချစ်ပွဲချို့တာ ဘာအတွက်ရဲ၊ ဟုတ်ရား။ ခွေးသူခိုးက ရာရာစစ လူ့ဝါးဝစကား ပြောတယ်။ ငါလုပ်လိုက်ရမသာပေါ်သွားတော့မယ်။ ငါ့ကို လာပြီး ကြီးကြီးကျယ်ကျယ် စစ်ပွဲတွေ ဘာတွေ လာမပြောနဲ့"

စစ်သားသည် ပြာသေတ္တာကို ခြေထောက်ဖြင့်ကန်ရင်း-

"ဖွင့်" ဟု ပြောပြန်၏။

မိုက်ကယ်သည် ပြာသေတ္တာကို ဖွင့်ပြလိုက်သည်။ အထဲမှ ပလတ်စတစ်အိတ်ဖြင့် ထုပ်ထားသော ပြာတွေကို ငုံ့ကြည့်ရင်း-

"ဘာတွေ လဲ" ဟု မေး၏။

"အမေ့ အရိုးပြာတွေ ပါ"

မိုက်ကယ်က တည်ငြိမ်စွာ အဖြေပေးလိုက်သည်။

"ဖွင့်ပြစမ်း"

စစ်သားသည် ပြာအချို့ကို ကောက်ယူကာ နမ်းကြည့်ပြီး-

"ဘုရားရေ" ဟု ရေရွတ်လိုက်၏။ စစ်သားနှင့် သူ မျက်လုံးချင်း အကြည့်ဆုံသွားကြသည်။ မိုက်ကယ်သည် ပစ္စည်းများကို တခုချင်း အိတ်ထဲပြန်ထည့်၏။ ပြီးတော့-

"သွားလို့ရပြီလား" ဟု စစ်သားကို မေးလိုက်သည်။

"အေး သွားတော့"

စစ်သားက သူ့မျက်ကို မကြည့်ဘဲ ပြော၏။

"ခဏနေဦး၊ မင်းက ဆေးရုံမှာ အလုပ်လုပ်တာလား"

မိုက်ကယ်က ခေါင်းခါပြလိုက်သည်။

စစ်သားသည် ပိုက်ဆံအိတ်ထဲမှ ဆယ်ရမ်တန် စက္ကူတချပ်ကိုဆွဲထုတ်ကာ မိုက်ကယ့်ကို ပစ်ပေးလိုက် ပြီး-

"ရော့ ဒါ လမ်းမှာ စားဖို့ ထမင်းဖိုး"

ဟု ကရုဏာမိုး ရွာသွန်းဖြိုးနေသည့် လေသံဖြင့် ပြောလိုက်၏။ မိုက်ကယ်က ငွေစက္ကူကို ကောက်ယူလိုက်၏။ စစ်သားက လမ်းဘေး မြူတောထဲ ပြန်လည် တိုးဝင်ပျောက်ကွယ်သွား၏။ မိုက်ကယ်သည် သူရဲဘောကြောင်သူ တယောက်တော့ မဟုတ်။ သို့သော် ကြည့်ရသည်မှာ လမ်းတလျှောက် သူ

ခရီးဆောင်အိတ်ကြီး တကိုင်ကိုင်ဖြင့် ဆက်သွား၍ မဖြစ်ကြောင်း သဘောပေါက်လာသည်။ သူ အိတ်ကို ဖွင့်၏။ အိတ်ထဲမှ သားမွေးကုတ်အင်္ကျီနှင့် ပြာဘူးကို ယူကာ ခရီးဆောင်အိတ်ကို ချုံကြားထဲ လွှင့်ပစ်လိုက်တော့သည်။

တလမ်းလုံး စစ်ကားတန်းတွေ မတွေ့ရဘဲ အနှောင့်အယှက်ကင်းကင်းဖြင့် သူ လျှောက်လာသည်။ ညနေစောင်းတော့ လမ်းသည် တောင်တလုံးကို ဖြတ်ဖောက်ထားသည့် လိုဏ်ခေါင်းတခုထဲမှ ဝင်သွားရသည်ကို တွေ့လာရ၏။ လိုဏ်ခေါင်းအဝမှာ စစ်သားတွေ စောင့်နေ၏။ မိုက်ကယ် လမ်းပေါ်မှ အလျင်အမြန် ဆင်းလိုက်သည်။ ချုံကြားထဲ ဝင်ပုန်းနေလိုက်သည်။ ညအမှောင်မှာ လိုဏ်ခေါင်းကို ဖြတ်ကာ တဖက်သို့ ဘယ်လိုသွားရမလဲဆိုတာကို သူ အပြင်းအထန် စဉ်းစား၏။

အဝေးတနေရာမှ ဘာဘွန်မျောက်တွေ အော်သံကို ကျွက်ကျွက်ညံအောင် ကြားနေရ၏။ ဘာနည်းလမ်းမှ စဉ်းစားမရသည့်အဆုံး အမွေးကုတ်အင်္ကျီကြီးကို ဝတ်၊ တုတ်တချောင်းကို နံဘေးမှာ ထားရင်း သူ အိပ်ပျော်သွားခဲ့သည်။ ဝေလီဝေလင်းမှာ သူ ထပြီး လိုဏ်ခေါင်းရှိရာ တောင်ကြားကို တကွေ့ကြီး ဝိုက်ပတ်ကာဖြတ်ကျော်၏။ လမ်းပေါ်မှာတော့ စစ်ကားတန်းတွေ ဖြတ်သွားခဲ့ကြသည်။

မိုက်ကယ်သည် လမ်းမကို တတ်နိုင်သမျှ ရှောင်ရင်း လမ်းဘေးမှသာချ တောတိုးရင်း တနေကုန် လျှောက်လာခဲ့သည်။ လမ်းမကြီးနှင့် ယူကလစ်ပင်တန်း ခြားထားသည့် ဖုန်းဆိုးတော တနေရာမှာ ဘန်ဂလိုတလုံးကို သူ တွေ့လိုက်ရသည်။ ဘန်ဂလိုမှာ လူမရှိ။ ပြတင်းပေါက်မှန်တွေက တစစီ။ တံခါးကလည်း ချက်ပြုတ်လျက်။

အထဲမှာ မှန်ကွဲစတွေ၊ သတင်းစာအဟောင်းတွေ၊ သစ်ရွက်ခြောက်တွေ၊ နံရံကြားမှ တိုးထွက်နေသည့် မြက်ရိုင်းတွေ၊ ရေပိုက်အောက်မှာ ကပ်နေသည့် ပက်ကျိတွေ ရှိ၏။ သို့သော် အမိုးကတော့ အကောင်းပကတိ အတိုင်း ရှိသေး၏။ မိုက်ကယ်သည် တတ်အားသရွေ့ လှည်းကျင်းပြီး ထောင့်တထောင့်တွင် အိပ်ဖို့ ပြင်ဆင်လိုက်၏။ ခေါင်းချလိုက်သည်နှင့် တမုဟုတ်ချင်း အိပ်ပျော်သွားခဲ့သည်။ မည်မျှ ကြာသွားသည်မသိ။

တဝေါဝေါ တဝုန်းဝုန်း မိုးသက်လေပြင်းကြောင့် သူ လန့်နိုး၏။ ခဏပါပဲ။ ပြန်အိပ်ပျော်သွား၏။ သူနိုးလာတော့ မိုးက ရွာနေဆဲ။ ဗိုက်ဆာလွန်းမက ဆာလှသဖြင့် မူးနောက်နောက် ရီဝေဝေ ဖြစ်နေခဲ့သည်။ မိုက်ကယ်သည် တံခါးဝမှာ ရပ်ရင်းဗွက်ထနေသော မြေ၊ မိုးစက်တွေကြောင့် ကုပ်ကိုင်းနေသည့် သစ်ပင်တွေကိုငေးနေခဲ့၏။ တနာရီခန့်နေတော့ မိုးတိတ်သွား၏။ ခြေဦးတည့်ရာလျှောက်လာရင်း တွန့်လိမ်ရှုံ့စောင်းနေသည့် ခြံစည်းရိုးပျက်တခု ကာထားသည့်ပန်းသီးခြံတခုထဲ ရောက်သွား၏။ ပန်းသီးခြံက မြက်ရိုင်း၊

ပိတ်ပေါင်းနှင့်ရေညှိတွေ တောထကာ ဖြစ်ချင်တိုင်း ဖြစ်နေသည်။ ပိုးထိုးထားသည့် ပန်းသီးပုပ်တွေ က နေရာအနှံ့ ပြန့်ကျဲလျက်။ မကြွေသေးသည့် အပင်ပေါ်မှ အသီးတွေကတော့ မမှည့်သေးမီ ပိုးထိုးခြင်းခံနေရပြီ။

ဦးထုပ်မည်းကြီးနှင့် ကုတ်အင်္ကျီမည်းကြီးကို ဝတ်ထားသည့် မိုက်ကယ်သည် လင်းတကြီးတကောင်နှယ် ရပ်ရင်းက ပန်းသီးတွေ ကောက်ကာစားလို့ရသည့် အပိုင်းများကို အငမ်းမရ ဒရောသောပါး ကိုက်စားနေ၏။ ပန်းသီးခြံအတွင်းသို့ သူ လျှောက်သွား၏။ လူသူမရှိသည်မှာ သေချာသည်။ ခြံထဲမှာ အိမ်ကလေးတလုံး ရှိ၏။ သီးနှံစိုက်ခင်းထဲမှာတော့ ပန်းဂေါ်ဖီတွေ၊ မုန်လာဥတွေ၊ အာလူးတွေ သီးပွင့်နေကြသည်။ မိုက်ကယ်သည် ဒူးထောက်ချလိုက်ပြီး မုန်လာဥဝါဝါတွေကို ဆွဲနုတ်နေ၏။ စိတ်ထဲ ကတော့ဘုရားသခင် ဖန်ဆင်းတော် မူအပ်သည့် မြေပေါ်မှာ ပေါက်နေသည့် အသီးအနှံများကို ရိုးသားစွာ ကောက်ယူခြင်းမျှသာ။ အကျွန်ုပ် သူခိုးမဟုတ်ဟုဆင်ခြေဆင်လက်တွေ ပေးနေမိသည်။

သို့သော် ယာခင်းစောင့်အိမ်ကလေး၏ ပြတင်းပေါက်မှ သေနတ်ပြောင်းဝတခု ထွက်ပေါ်လာပြီး သူ့နောက်ကျောကို ပစ်ထည့်လိုက်မည်လား။ လူထွားကြီး တယောက် ရုတ်တရက် ရောက်လာပြီး သူ့ခေါင်းကို တုတ်ဖြင့်ရိုက်ချလိုက်မည်လား အတွေးတွေ ပွားနေမိပြန်သည်။ အသီးအနှံတွေကို အိတ်ထဲ အပြည့်ထည့်ရင်းက သူ ထရပ်လိုက်သည်။ နံနက်လင်းတော့ မိုက်ကယ်သည် လမ်းပေါ်ပြန်ရောက်နေခဲ့ပြီ။ အဝတ်အစားတွေ ကတော့ မိုးကြောင့် စိုထိုင်းနေဆဲ။ ဗိုက်ထဲမှာ အိတ်ထဲမှာ အသီးတွေနှင့် ပြည့်နေခဲ့သည်။ ကားသံကြားသည်နှင့် လမ်းဘေးမှ ချုံထဲသို့ ခုန်ဆင်းကာ ပုန်းနေလိုက်၏။ ဒီတခါတော့ ရောမ စစ်ကားတန်းကြီးဖြတ်သွားသည်ကို သူ တွေ့ရ၏။ ကားတန်းကြီး ဖြတ်နေသည်မှာ ငါးမိနစ်ခန့် ကြာ၏။

ထိုညက တံတားတခုအောက်မှာ သူ အိပ်လိုက်သည်။ နောက်တနေ့ နံနက်ကိုးနာရီ လောက်မှာတော့ မီးခိုးခေါင်းတိုင်နှင့် အိမ်လေးတွေရှိရာ ဝေါဆက်စတာမြို့အဝင်ရှိ စီတန်းနေသည့် လူတန်းရှည်ကြီးကြားမှာ မိုက်ကယ့်ကို တွေ့ကြရသည်။ ရှေ့မှာတော့ ရဲကားတွေ တန်းစီပိတ်ထား၏။ နောက်ပြန်လှည့်ဖို့မှတပါး ရှောင်ဖို့ရန် နေရာ မရှိ။

သူ ဘာမှ မတတ်နိုင်၊ လူအုပ်ထဲ ဝင်တန်းစီလိုက်ရသည်။

ဘာလုပ်နေကြတာလဲဟု သူ့ရှေ့မှ မိန်းမ တယောက်ကို မေးခဲ့သော်လည်း ထိုမိန်းမက ဘာမှ မဖြေ။

မိုက်ကယ် ရှေ့ကို အသာချောင်းကြည့်လိုက်သည်။ ရဲကားနှစ်စီးသည် လူတန်းရှည်ကြီးရှေ့မှာ စစ်ဆေးနေ၏။ အချို့ကို သူတို့ သွားခွင့်ပြု၏။ အချို့ ကတော့ ဆက်မသွားရဘဲ ရပ်နေရသည်။ ရပ်နေသူတွေ က အကုန်လုံးယောက်ျားတွေ၊ ခွေးကြီးတကောင်ကို ဆွဲထားသည့် ရဲတယောက် ကထိုသူတွေ အနားမှာ စောင့်ကြပ်နေ၏။ မိုက်ကယ်သည် မှတ်ပုံတင်ကို လက်မှာ ကိုင်ထားပြီး သူ့အလှည့်ကို စောင့်သည်။ သူ့ကို ပေးသွားမှာလား။ ရပ်နေရမှာလား။ သူလည်း သေချာ မသိ။

"မင်း ဘယ်ကလဲ"

မိုက်ကယ် အာခေါင်တွေ ခြောက်လာ၏။

"ပ ပရင့်စ်အဲလ်ဗတ်ကပါ။ ကျွန် ကျွန်တော် အဲဒီကို ပြန်မလို့ပါ"

"ပါမစ်ရော"

''ပျောက် ပျောက်သွားပြီ"

"ဒါဆို ဟိုမှာ သွားရပ်နေ"

ရဲက ရပ်နေသည့်လူစုဘက်သို့ တုတ်ကြီးဖြင့် ညွှန်ပြရင်းပြော၏။

''ကျွန်တော် မရပ်ချင်ဘူး၊ ကျွန်တော့်မှာ အချိန် မရှိဘူး"

မိုက်ကယ့်ရင်ထဲမှာ စကားတွေ တရစပ်ပြောနေသည်။ သူ ကြောက်နေတာကို သူတို့တွေ သိများ သွားမလား။ တစုံတယောက်က သူ့လက်မောင်းကို လာကိုင်သည်။ တိရစ္ဆာန်ရိုင်းတကောင်လို သူ ခါချလိုက်သည်။ ခွေးကြီးနှင့် ရဲက သူ့ကို စိတ်မရှည်သလို ကြည့်နေသည်။ မတတ်နိုင်တော့။ လူအုပ်ထဲတွင် သူ ဝင်ရပ်လိုက်သည်။ လျှာကြီးထွက်နေသည့်ခွေးကောင်ကြီး၏ မျက်လုံးဝါဝါကြီးကို သူ စိုက်ကြည့်လိုက်သည်။

မိုက်ကယ်သည် သူ လုံးဝမသိသော လူစိမ်းအယောက် ငါးဆယ်နှင့်အတူ ရဲကားပေါ်တွင် ခရီးနှင်နေ၏။ ရထားလမ်းနား သူတို့ ရောက်လာကြ၏။ ရပ်ထားသည့် ရထားတစီးမှ တွဲ အလွတ်တခုပေါ် သူတို့ကို တက်စေ၏။ အေးစက်နေသည့် ကွေကာအုပ် တခွက်စီနှင့် လက်ဖက်ရည်တခွက်စီ ကျွေးမွေး၏။ တွဲကို သော့ ခတ်၍ သေနတ်ကိုင်ထားသော အညိုနှင့်အနက် ယူနီဖောင်းဝတ် ရထားရဲ တယောက် က မျက်စိဒေါက်ထောက်စောင့်နေ၏။ မကြာမီ နောက်ထပ်

လူသုံးဆယ်ခန့် ထပ်ရောက်လာပြီး တွဲ ပေါ်ထပ်တင်၏။

မိုက်ကယ့်ဘေးနားမှာတော့ ဝတ်စုံပြည့်ဝတ်ဆင်ထားသည့် အသက်ကြီးကြီး လူ တယောက် ထိုင်နေ၏။

မိုက်ကယ်က သူ့ကုတ်အင်္ကျီစကို ဆွဲရင်း-

"ကျွန်တော် တို့ကို ဘယ်ခေါ်သွားကြမလို့လဲဟင်" ဟု အပူတပြင်း မေးမိ၏။

လူကြီးက သူ့ကို ပခုံးတွန့်ပြကာ ဘယ်ခေါ်သွားသွား ခုမှတော့ ဘာအရေးလဲ ကောင်လေးရာ၊ ရထားပေါ်ရောက်နေမှပဲ၊ စုန်မလား၊ ဆန်မလား နှစ်လမ်းပဲ ရှိတာကိုးကွ" ဟု ဖြေ၏။ ပြီးတော့ ကိတ်မုန့်အချိုလိပ်ကလေးတွေ အိတ်ထဲမှထုတ်ပြီး မိုက်ကယ့်ကို တခုပေး၏။

ရေနွေးငွေ့စက်ခေါင်းတစီး မကြာခင်ရောက်လာပြီး သူတို့တွဲကို ချိတ်၏။ တွဲသည် တဖြည်းဖြည်း ရွေ့လျားလာ၏။

လူကြီးက မိုက်ကယ့်ကို ကြည့်ရင်း-

"မြောက်ဘက်ကို သွားနေတာကွ ကောင်လေးရ။ တောင်းစ်မြစ်ဘက် ဖြစ်မယ်"

မိုက်ကယ်က လူကြီးစကားကို စိတ်မဝင်စားတော့။ သူ ဘာမှ ပြန်မပြောမိ။

ရထားသည် တဖြည်းဖြည်း အရှိန်ရလာ၏။ ဝေါချက်စတာမြို့ အနောက်ဘက်မှ ဖြတ်သန်း၏။ မိန်းမတွေက အဝတ်တွေ လျှော်နေကြသည်။ ကလေးတွေက မတ်တတ်ရပ်ရင်း ရထားကို လက်ပြနေကြသည်။ ကြေးနန်းတိုင်တွေ မိုက်ကယ့်မျက်စိထဲမှာ နိမ့်ချည် မြင့်ချည်နှင့် ရိပ်ကနဲရိပ်ကနဲ ဖြတ်သန်းသွားသည်။ ရှေ့မှာ တောင်တန်းတွေ။ ရထားသည်တောင်ပေါ်တက်သည်။ လေက အေးစိမ့်လာသည်။ မိုက်ကယ်သည် တုန်တုန်ယင်ယင် ဖြစ်လာသည်။ စက်ခေါင်းသည် တရှူး ရှူး တရှဲရှဲ အော်သံတွေ ပေးလာသည်။ နောက်ဆုံးတော့ ရထားရပ်သွားသည်။ တွဲ တံခါးတွေ ဝေါကနဲပွင့်လာသည်။ အပြင်ရောက်မှပင် ရထားရပ်ရသည့် အကြောင်းရင်းနှင့် သူတို့ကို ခေါ်လာသည့် အကြောင်းရင်းကို သိကြရတော့သည်။

ရှေ့မှာ မြေပြိုပြီး လမ်းပိတ်နေသည်ကိုး။ သံလမ်းတွေ အကြီးအကျယ်ပျက်စီးသွားသည်။ ဒါကြောင့် ယောကျ်ားတွေ ချည်း ရွေးခေါ်လာတာကိုးဟု တယောက် က ပြောတော့ အားလုံး ဝိုင်းရယ်ကြ၏။

လုပ်ငန်း စပြီ။ ရထားတွဲ ထဲမှ သံလမ်းများ၊ ဇလီဖားတုံးများကို မကြ၊ ချကြ၏။ မိုက်ကယ်က ပျက်စီးသွားသည့် သံလမ်းကို ပြင်ဆင်သည့်အလုပ်သမားဆိုင်းမှာ တာဝန်ကျ၏။ တနေ့လုံး သူတို့သည် သံလမ်းအောက်ခြေကို ရှင်းလင်း၊ သံလမ်းခင်း၊ ဇလီဖားတုံး စီကြရ၏။

ညနေပိုင်းမှာ ခဏနားခွင့်ရပြီး ပေါင်မုန့်ယိုသုတ်နှင့် လက်ဖက်ရည် သောက်ကြရသည်။ ညကျတော့လည်း မနားကြရသေး။ ရထားခေါင်းတွဲ မီးအလင်းရောင် အောက်မှာ တောင်ပေါ်တက်ပြီး ရွှံ့များ၊ ကျောက်တုံးများကို သယ်ကြရသည်။ မိုက်ကယ်သည် အလုပ်လုပ်ရင်း တချက် တချက် မိုက်ကန်း ဖြစ်ဖြစ်သွားသည်။ ကျောတွေ က တောင့်တင်း နာကျင်ကိုက်ခဲနေ၏။

တခါတလေ ချာချာလည်အောင် မူးသွားသည်။ နားထဲမှ လေတွေ ထွက်လာသည်။ သူ ခြေပစ်လက်ပစ် ထိုင်ချလိုက်ပြီး ဦးခေါင်းကို ဒူးခေါင်းနှစ်လုံးကြား ဝှက်ထားလိုက်သည်။ မည်မျှ ကြာသွားသည် မသိ။

"ဟေ့ကောင် ထစမ်း"

မော့ကြည့်လိုက်တော့ အလုပ်သမားခေါင်းက သူ့ကို ငုံ့ကြည့်နေသည်။

"ကျွန်တော် ဘာလို့ ဒါတွေ လုပ်နေရတာ လဲ ခင်ဗျာ"

အလုပ်သမားခေါင်းက ပခုံးတွန့်ပြလိုက်သည်။

"လျှာမရှည်နဲ့၊ လုပ်စရာရှိတာလုပ်" ဟု ပြောရင်း လက်ထဲမှတုတ်ဖြင့် မိုက်ကယ့် ရင်ဘတ်ကို ခပ်ဆတ်ဆတ် ထိုးလိုက်သည်။

အိပ်မက်ထဲမှာ လမ်းလျှောက်နေသူများကဲ့သို့ သူတို့သည် ညနက်သန်းခေါင်ထိ အလုပ်လုပ်ကြရသည်။ နောက်ဆုံး ရထားတွဲထဲ ပြန်လာခွင့်ရကြသည်။ အရိုးကွဲအောင် အေးလှသဖြင့် ပြတင်းပေါက်တွေ အကုန်ပိတ်ပြီး ကုလားသေ ကုလားမော အိပ်ကြသည်။ တွဲ အပြင်မှာတော့ အစောင့်များသည် လက်ဝါးချင်းပွတ်ကာ ရာသီဥတုကို ကျိန်ဆဲရင်း သူတို့ကို စောင့်ကြပ်နေခဲ့သည်။

မောကလည်းမော၊ အေးကလည်းအေးသဖြင့် မိုက်ကယ်သည် အမေ့ပြာသေတ္တာကလေး ပိုက်ကာ ကွေးနေသည်။ သူ့အနားမှလူကသူ့ကိုဖက်ကာခွအိပ်နေ၏။

'ဒီလူ့နှယ် ငါ့ကို မနေ့ညက ဖက်အိပ်ခဲ့တဲ့ သူ့မိန်းမများ မှတ်နေလား

မသိဘူး' ဟု မိုက်ကယ် တွေးမိ၏။

ဒီလိုနှင့် သူ အိပ်ပျော်သွားခဲ့သည်။ မနက်ပိုင်း အစောင့်တွေ တွဲတံခါးလာဖွင့်တော့ တကိုယ်လုံး တောင့်တင်းကိုက်ခဲနေသဖြင့် သူ တော် တော်နှင့်ထ၍ မရ။

ကွေကာအုတ်နှင့် လက်ဖက်ရည် သောက်ရသည်။ သူ့နားမှာ ထိုင်နေသူက သူ့ကို ကြည့်ရင်း-

"မင်း နေမကောင်းဘူးလား" ဟု မေး၏။ မိုက်ကယ် ဘာမှ ပြန်မပြောမိ။ ထိုသူက-

"မင်း စကားလည်း မပြောဘူး၊ နေမကောင်းဘူးလား" ဟု ထပ်မေး၏။

"ကျွန်တော် နေကောင်းပါတယ်" ဟု မိုက်ကယ် ပြန်ဖြေလိုက်သည်။

"ဒါဆိုလည်း ငူငူငိုင်ငိုင်ကြီး လုပ်မနေစမ်းပါနဲ့ကွာ၊ ငါတို့ ထောင်ထဲရောက်နေတာလည်း မဟုတ်၊ တသက်တကျွန်း ကျနေတာလည်းမဟုတ်၊ လုပ်အားပေးရတာ ပါကွာ၊ ခဏနေ ပြီးသွားမှာ ပါ"

မိုက်ကယ်သည် မှိုစော်နံနေသည့် ကွေကာအုတ်ကို မစားနိုင်။ အစောင့်များနှင့် အလုပ်သမားခေါင်းများ က သူတို့ကို မတ်တတ်ရပ်ခိုင်းနေပြီ။

"လုပ်အားပေးတယ်ဆိုတာ ရိုးနေပြီလေနော်ကွာ၊ မင်းအတွက်ရောငါတို့အတွက်ပါ မဆန်းပါဘူး" ကွေကာအုတ်တွေကို သွန်လိုက်ပြီး မိုက်ကယ် ထရပ်လိုက်သည်။ သိမ်းငှက်နှာခေါင်းလို နာရောင် ကောက်ကောက်နှင့် အလုပ်သမားခေါင်းကသူတို့ဘေးမှ ဖြတ်သွား၏။

"အဲသလို ရွှင်ရွှင်လန်းလန်းနေမှပေါ့ ငါ့ကောင်ရာ၊ မကြာပါဘူး၊ခဏနေ ပြီးသွားမှာ ပါ"

သူ့နံဘေးမှ စကားတွေ လာပြောနေသူက သူ့ပခုံးကို ပုတ်ကာနှစ် သိမ့်ရင်း သူ့ကို ပြုံးပြ၏။ နေ့လယ်ပိုင်းလောက်မှာတော့ ပိတ်နေသည့်လမ်းသည် သုံးမီတာခန့်ပွင့်သွား၏။ တောင်းစ်မြစ်ဘက်ကမ်းမှ အလုပ်သမားများသည် ရထားပေါ်တက်ကြ၏။ မိုက်ကယ်လည်း သူတို့နှင့်လိုက်ကာ ရထားပေါ် တက်လိုက်သည်။ သူ့ကို မည်သူမှ မတား။ စက်ခေါင်းသည် စတင်လှုပ်ရှား၏။ အလုပ်သမားတွေ ပါသည့် တွဲ တတွဲကို ဆွဲလာသည့် ရထားသည် မြောက်ဘက်သို့ စတင် ထွက်ခွာ၏။

ရထားပေါ်မှာ နှစ်နာရီလုံးလုံး မိုက်ကယ်သည် အိပ်ချင်ယောင်ဆောင်နေခဲ့သည်။ သူ့ရှေ့မှာ ထိုင်နေသည့်လူက မိုက်ကယ့် ခြေထောက်ကြားမှာ ညှပ်ထားသည့် ပြာသေတ္တာကလေးကို ဆွဲယူပြီး ဖွင့်ကြည့်၏။ ပြာတွေ မြင်တော့ ပြန်ပိတ်ပြီး မူလနေရာမှာ ပြန်ထားပေး၏။ သူလုပ်နေသည်ကိုမိုက်ကယ် အစအဆုံး မြင်တွေ့ရသော်လည်း ဘာမှ မပြော။ ပြောချင်စိတ်လည်း မရှိ။

ရထားသည် ညနေ ငါးနာရီမှာ တောင်းစ်မြစ် ဘူတာသို့ ဆိုက်၏။ မိုက်ကယ် ရထားပေါ်မှ ဆင်းလိုက်သည်။ ရှေ့ဆက် ဘာ ဖြစ်မလဲ။ သူမသိ။ သူ့ကို ရှာတွေ့သွားပြီး ခုနက အလုပ်လုပ်ခဲ့သည့် နေရာသို့ ပြန်ပို့ချင်လည်း ပို့မည်။ ခရီးသွားလာခွင့် ပါမစ် မရှိ၍ ဖမ်းချုပ်ချင်ချုပ်မည်။ သို့သော် သူ့အထင် မှား၏။ ရထားပေါ်ပါလာသည့် အစောင့်များ က သူတို့ သွားချင်ရာသွားနိုင်ပြီဟု ခွင့်ပေးလိုက်ကြသည်။

ထိုစကားကြားသည်နှင့် တပြိုင်နက် မိုက်ကယ်သည် ဖေါင်းမှလွတ်သည့်မြင်းပမာ ဘူတာရုံနှင့် ဝေးနိုင်သမျှ ဝေးအောင် သုတ်ခြေတင်ပြေး၏။ အဝေးပြေးလမ်းမသို့ သွားသည့် လမ်းတလျှောက် ဘာဆိုင်မှ မဖွင့်။ အားလုံး ပိတ်ထားကြသည်။ အပေါက်ဝမှာ ကိုကာကိုလာ ကြော်ငြာနှင့် ပြတင်းပေါက်တွေမှာ လိမ္မော်သီးပုံတွေ ကပ်ထားသည့် ဆိုင်သေးသေးလေးတဆိုင်တော့ ဖွင့်၏။ မိုက်ကယ် ဆိုင်ထဲဝင်မည် အလုပ် ပိန်ညှောင်ညှောင်အဘွားကြီး တယောက် ဆိုင်ထဲမှ အမြန်လျှောက်လာပြီး ဆိုင်တံခါးကိုဆောင့်ပိတ်လိုက်၏။ မိုက်ကယ်က မှန်တံခါးမှ ချောင်းကြည့်ရင်း သူ့မှာ ပါလာသည့် ဆယ်ရမ်တန် စက္ကူကလေးကို ထုတ်ပြရှာသည်။

သို့သော် ဆိုင်ရှင်အဘွားကြီးက အရေးမလုပ်။ ကောင်တာနောက်သို့ ဝင်ရောက် ပျောက်ကွယ်သွားခဲ့သည်။ မိုက်ကယ့်အဖြစ်ကို မြင်သည့် အခြားအလုပ်သမားနှစ်ယောက် က ဒေါပွပြီး မြေကြီးခဲတွေကောက်ကာ ဆိုင်ပြတင်းမှ ပစ်သွင်းလိုက်ကြသည်။ မိုက်ကယ်ကတော့ သံယောဇဉ်မကုန်နိုင်သေးဘဲ ပိတ်ထားသည့် ဆိုင်တံခါးရှေ့မှာ ငူငူကြီးရပ်နေသည်။ အထဲမှ စားစရာပစ္စည်းမျိုးစုံက သူ့ကို ထိုနေရာမှ မခွာနိုင်အောင် ဆွဲဆောင်ထားသလို ဖြစ်နေ၏။ အဘွားကြီး လှည့်ကြည့်လျှင် ထောင်ပြနိုင်အောင် တဆယ်တန်ကလေးကို အသင့်မြှောက်ကာ သူ ကိုင်ထားရှာသည်။

ဘယ်လိုမှ မရသည့်အဆုံး မိုက်ကယ်သည် ဆိုင်နောက်ဘက်ရှိ ရေဘုံပိုင်မှ ရေသောက်၏။ ပိတ်ထားသော ခေတ်ဆီဆိုင်နားမှာရပ်ထားသည့် ကားစုတ်တွေကို သူ တံခါးလျှောက်ဖွင့်ကြည့်၏။ ကားတစီးကို ဖွင့်၍ ရသော်လည်း သူ

ဘာမှမရှာနိုင်လောက်အောင် ပင်ပန်းလှပြီ။

ညနေစောင်း ခဲ့ပြီ။ တိမ်တွေ က ပုစွန်ဆီရောင် တောက်လာခဲ့သည်။ သူ ကားထဲ ဝင်လိုက်သည်။ ညစ်ပတ်နေသည့် ကားကြမ်းပြင်မှာ သူ လှဲချလိုက်သည်။ အမေ့ ပြာသေတ္တာလေးကို ခေါင်းအုံးရင်း သူ အိပ်ပျော်သွားတော့သည်။

မနက်ကျတော့ ပိတ်ထားသည့် ဆိုင်တံခါး ပွင့်လာသည်ကို တွေ့ရသည်။ ဒီတခါတော့ ကောင်တာမှာ မနေ့က အဘွားကြီးကို မတွေ့ရဘဲအရပ်ရှည်ရှည် လူကြီး တယောက် ထိုင်နေသည်။

မိုက်ကယ်က ပဲဘူးသုံးဘူး၊ ခရမ်းချဉ်သီးဆော့စ်တဘူး၊ နို့မှုန့်အိတ်တအိတ်နှင့် မီးခြစ်တလုံး ဝယ်လိုက်သည်။ လမ်းဘေးတနေရာမှာ သူအမြန်မီးဖို၏။ ပဲဘူးကို နွေး၏။ နို့မှုန့်ထုပ်ကို ဖောက်ကာ တပျတ်ပျတ်လျက်၏။ ခဏနေတော့ ပဲဘူးကို ဖောက်ကာ သူ အငမ်းမရ စား၏။စားသောက်ပြီးတော့ သူ အချိန်မဖြုန်းတော့ဘဲ အဝေးပြေးလမ်းတလျှောက်စလျှောက်၏။ စစ်ကားတန်းတွေ က သူ့နံဘေးမှ အလျှိုအလျှို ဖြတ်သွားနေကြသော်လည်း သူ ဂရုမစိုက်တော့။ အေးအေးဆေးဆေး ဖြည်းဖြည်းမှန်မှန်သူ လျှောက်၏။

ညကျတော့ လမ်းပေါ်မှဆင်းပြီး မြစ်ကမ်းပါးတနေရာမှာ ထိုင်၏။ မီးဖို၏။ ပဲတဘူး ထပ်စား၏။ ထုံးစံအတိုင်း ဩကာသလောက၏ သဘာဝ အသံတွေကို ခံစားရင်း သူ အိပ်၏။ နောက်တနေ့မှာ လမ်းမပေါ်မှလျှောက်ခြင်းထက် မြစ်ကမ်းဘေးမှ လျှောက်ခြင်းက ပိုသက်သာကြောင်းသူ တွေ့ရ၏။ တနေကုန် လမ်းလျှောက်၏။ ညနေစောင်းတော့ ကံကောင်းထောက်မစွာ လိပ်တကောင်တွေ့ရသဖြင့် ကျောက်တုံးဖြင့် ထုသတ်ကာကြေးနန်းကြိုးဖြင့် တံစို့ထိုးရင်း ကင်စားလိုက်၏။ လိပ်ကင်နှင့်ပဲ။ အရသာရှိလိုက်သည့် ဖြစ်ခြင်း။

****

ခပ်ကြမ်းကြမ်း လှုပ်နှိုးခြင်း ခံရသဖြင့် သူ လန့်နိုးသွားသည်။ မိုးလင်းနေပြီ။ စစ်အင်္ကျီစုတ်ကြီး ဝတ်ထားသည့် အဘိုးကြီးတဦးက သူ့ကိုလှုပ်နှိုးနေသည်။

"ကျွန်တော် အိပ်ရုံ အိပ်တာပါ၊ ဘာမှ မလုပ်ပါဘူး"

အဘိုးကြီးက မိုက်ကယ့်ကို ကြည့်ရင်း-

"မင်း ဒီလို ယာခင်းတွေ ထဲ လျှောက်သွားနေရင် သူတို့ မင်းကိုပစ်သတ်ကြလိမ့်မယ်၊ သွားတော့ သွားတော့"

အဘိုးကြီးက ဇွတ်အတင်းနှင်သဖြင့် ထထွက်လာရသည်။

အဝေးပြေးလမ်းတလျှောက် တနာရီခန့်လျှောက်ပြီး လူသူလေးပါး မတွေ့ရသဖြင့် သူ ယာခင်းတွေ ထဲမှ ဖြတ်လျှောက်ပြန်သည်။ တနေရာမှာ ပဲမြစ်တွေ တွေ့လိုက်သဖြင့် ဆွဲနုတ်ပြီး ပြုတ်စားပစ်လိုက်သည်။ ဦးထုပ်ထဲသို့လည်း ပဲမြစ်ပြုတ် အပြည့်အသိပ် ထည့်လာရင်းက ဒီအတိုင်းဆို ငါ ငတ်သေစရာအကြောင်း မရှိတော့ဘူးဟု သူ တွေးလာခဲ့သည်။

တောင်ကုန်းလေးတခု တွေ့သဖြင့် သူ တက်၏။ တောင်ပူစာပေါ်မှာ ထိုင်ရင်း နေစာလှုံ၏။ ထက်အောက်မြေပြင် တလောကလုံးမှာ သူ့ တယောက်တည်း ရှိသလို အရာအားလုံးသည် တိတ်ဆိတ်လျက်။ သူ့နောက်မှ လှုပ်ရှားသံကြား၍ လှည့်ကြည့်လိုက်သည်။ နားရွက်ဖားဖားနှင့် ခွေးပုလေးသုံးကောင်သည် ချုံပုတ်ထဲမှ ထွက်လာပြီး အဝေးသို့ ထွက်ပြေးသွားကြသည်။

'ငါ ဒီနေရာမှာ တသက်လုံး နေသွားရရင် ကောင်းမလား။ ဒီလိုပဲတရက်ပြီး တရက် စားလိုက် အိပ်လိုက်နဲ့ သေတဲ့အထိပေါ့'။ မိုက်ကယ် တွေးမိတွေးရာ တွေးနေမိသည်။ ခုချိန်မှာ စိုးရိမ်ကြောင့်ကြမှု တို့ သူ့မှာ မရှိလေတော့။ တခါတလေ သူ့ကိုယ်သူ နိုးနေသလား၊ အိပ်နေသလား၊ လမ်းလျှောက်နေသလား ဆိုတာကိုပင် သေချာမသိ။

သို့သော်လည်း ဒီလို ခေတ်ဆိုး ခေတ်ပျက်မျိုးမှာ ကိုယ့်ယာခင်းကိုယ်အလုံအခြုံ ကာရံထားကြပြီး လူစိမ်း ဝင်လျှင် အရင်ပစ်ပြီး နောက်မှမေးဆိုသည့်ယာခင်းရှင်တို့ကိုလည်း သူ နားလည်ပါသည်။ သူသာ ယာခင်းရှင်ဆိုလည်းဒီလိုပဲ လုပ်မိပေမည်။ ယာခင်း တခင်းနှင့် တခင်းကြားအကာအရံတွေ ကြားထဲမှာ ဘယ်သူမှ မပိုင်သည့် မြေကွက် ပေါက်စနလေးတွေ မရှိနိုင်ဘူးလားဟုလည်း သူ တွေးကြည့်နေသည်။ ငှက်လို ကောင်းကင်မှပျံပြီး ကြည့်ရလျှင် ကောင်းမည် ဟုလည်း စိတ်ကူးယဉ်မိပြန်သည်။

မိုက်ကယ် ခရီးဆက်ဖို့ ပြင်၏။ ကောင်းကင်မှာ လေယာဉ်ပျံနှစ်စီးမီးခိုးကြွက်မြီးတန်းလျက် တောင်မှ မြောက်သို့ ပျံသန်းသွား၏။ နေညိုချိန်မှာတော့ သူ လိန်းစ်ဘတ်မြို့စွန်သို့ ရောက်လာခဲ့သည်။ မြို့ထဲဝင်လာတော့ ရှိသမျှ ဆိုင်တွေ၊ အိမ်တွေ အကုန် တံခါးပိတ်ထား၏။ လမ်းမီးမရှိသဖြင့် မည်းမှောင်နေသည့် လမ်းမပေါ်မှာ သူတယောက် တည်း။ သူ့ကို ခွေးတွေ ဝိုင်းဟောင်နေကြသည်။ မိုက်ကယ် ဘာလုပ်ရမှန်းမသိ။ သူ့နားမှ ဖြတ်သွားသည့် လူ တယောက် က သူ့ကိုမြင်တော့ ပြန်လှည့်လာပြီး-

"ခဏနေရင် ခေါင်းလောင်းသံကြားလိမ့်မယ်။ အဲဒါ ညမထွက်ရအမိန့်

ခေါင်းလောင်းသံပဲ၊ ခင်ဗျား လမ်းပေါ်မှာ မနေနဲ့" ဟု သူ့ကို ပြော၏။ မိုက်ကယ် လှည့်ကြည့်လိုက်သည်။ သစ်သားသေတ္တာတလုံး ပိုက်ထားသည့် သူ့ထက်ငယ်ပုံရသည့် လူတယောက်ကို တွေ့ရ၏။ ထိုလူငယ်က မိုက်ကယ့် အသွင်သဏ္ဍာန်ကို မြင်သော အခါ-

''ခင်ဗျား အဆင်ပြေရဲ့လား၊ နေကောကောင်းရဲ့လား" ဟု မေး၏။ မိုက်ကယ့် နှုတ်ခမ်းတွေ တရွရွ ဖြစ်လာ၏။

''ကျွန်တော် ပရင့်စ်အဲလ်ဗတ်ကို သွားချင်တာဗျာ၊ ခရီးက ဝေးသေးတယ် တင်တယ်၊ ကျွန်တော် မရပ်ချင်ဘူးဗျာ၊ ဆက်သွားချင်တယ်"

သူ ဆက်မသွားနိုင်။ လူငယ်ခေါ်သည့်နောက်သို့ လိုက်သွားရင်းနောက်ဆုံး ထိုလူငယ်၏ အိမ်သို့ ရောက်သွား၏။ ထိုလူ၊ သူ့ဇနီး၊ သူ့ကလေးသုံးယောက် နှင့်အတူ ပေါင်မုန့်နှင့် စွပ်ပြုတ် ပူပူနွေးနွေးကို သူ စားရ၏။ မိုက်ကယ် စားသောက်နေတုန်း အငယ်ဆုံး ကောင်မလေးက သူ့အမေ ပေါင်ပေါ်မှာ ထိုင်ရင်း တစုံတရာ တီးတိုးကပ်ပြောနေ၏။ မျက်လုံးအစုံ ကတော့မိုက်ကယ့်ထံမှ မခွာ။ စားရင်းသောက်ရင်း မိုက်ကယ်က သူ့ခရီးစဉ်အကြောင်းသူတို့ကို ပြောပြနေ၏။ ယာခင်းတွေထဲက ဖြတ်လာတုန်း သူ့ကို လှုပ်နိုးသော အဘိုးကြီးပြောသည့် လူစိမ်းတွေ့လျှင် ပစ်သတ်ကြသည့် ယာခင်းရှင်တွေ အကြောင်း သူ ပြောပြတော့ လူငယ်က ခေါင်းယမ်းရင်း-

"ကျွန်တော်တော့ ဒီလို မကြားမိပါဘူး။ ဒုက္ခရောက်တဲ့ လူတွေ့ရင်တတ်နိုင်သမျှ ကူညီရမှာ ပေါ့။ ဒါ ကျွန်တော် ယုံကြည်ချက်" ဟု ဆိုခဲ့သည်။

သူ့မိတ်ဆွေစကားကို ကြားတော့ မိုက်ကယ် စဉ်းစားမိသည်။ လူတွေကို ကူညီရတာ ကောင်းတယ်ဟု သူကော ယုံကြည်သလား။ သူ့ကိုယ်သူပြန်မေးမိသည်။ ကူညီချင်လည်း ကူညီမည်။ မကူညီချင်လည်း မကူညီ။ သူ ဘာယုံကြည်သလဲဆိုသည်ကို မပြောပြတတ်။ ဘာမဆို ဖြစ်နိုင်၏။

ယုံကြည်ချက်ဆိုတာကော သူ့မှာ တကယ်ရှိရဲ့လား။ ဒါလည်း သိပ်မသေချာ။ သူတို့သည် ကလေးတွေ အိပ်သည့် ခုတင်ကို မိုက်ကယ့်အား ပေး၏။ တအိမ်လုံး မီးတွေ ပိတ်လိုက်သဖြင့် မှောင်နှင့်မည်းမည်း။ အိပ်နေတုန်းစကားပြောသံလိုလို ကြားရသဖြင့် ဖျတ်ကနဲ လန့်နိုး၏။ ဘာသံမှ မကြား။ နောက်တကြိမ်နိုးတော့ အိမ်ရှင်လင်မယားသည် သူ နိုးမည်စိုးသဖြင့် ကလေးတွေကို ကျိတ်နှိုးနေသံကို သူ ကြား၏။ အဝတ်အစား အမြန်ဝတ်ကာ သူ အိပ်ခန်းထဲမှ ထွက်လိုက်သည်။

အပြင်မှာ မှောင်နေတုန်း။ အရုဏ်တော့ ပျို့လာခဲ့ပြီ။

ကလေး တယောက်က နံနက်စာစားဖို့ သူ့ကို လာခေါ်၏။ မိုက်ကယ်သည် စားပွဲစွန်းကို တင်းတင်းဆုပ်ကိုင်ကာ တောင့်တောင့်ကြီး ထိုင်နေ၏။ အိမ်ရှင်တို့၏ အကြင်နာတရားသည် သူ့နှလုံးအိမ်ကို ပြင်းစွာ ရိုက်ခတ်၏။ သူ စကားတွေ အများကြီးပြောချင်သည်။ ကျေးဇူးအရမ်းတင်သည်။ သို့သော် သူ့ပါးစပ်မှ ခံ့ညားသည့် စကားအလှတို့ ထွက်မလာ။ သူ ပြောသည့် ဝူးဝူးဝါးဝါး မပီကလာ စကားသံကိုလည်း သူတို့ နားထောင်ချင်မည် မထင်။ မိုက်ကယ် မျက်ရည်ဝဲလာ၏။ ကလေးတွေက သူ့ကို စိုက်ကြည့်နေကြသည်။ ကလေးအကြီးနှစ်ယောက် ကျောင်းသို့ အသွား မိုက်ကယ့်ကို လမ်းကြုံလိုက်စေ၏။ လမ်းခွဲထိ သူတို့ လျှောက်လာကြရင်း ကလေးများ က မိုက်ကယ့်လက်ထဲမှ ပြာသေတ္တာကို ကြည့်ကာ-

"အဲဒါ ပြာတွေလား" ဟု ဝိုင်းမေးကြ၏။ မိုက်ကယ်က ခေါင်းညိတ်ပြလိုက်သည်။ သေတ္တာကို ဖွင့်ပြလိုက်သည်။ ကလေးတွေက ပြာကို ကိုင်ကြည့်၊ နမ်းကြည့်ကြသည်။ "ဦးလေးက ဒီပြာတွေကို ဘာလုပ်ဖို့လဲ"

''အမေ့ မွေးရပ်မြေကို သယ်သွားဖို့ကွ၊ အမေက ငါ့ကို အဲသလိုလုပ်စေချင်တာလေ"

"ဦးလေး အမေကို မီးရှို့လိုက်ကြတာလားဟင်"

မိုက်ကယ် ခေါင်းညိတ်ပြလိုက်သည်။ မျက်လုံးထဲမှာ မီးတောက်ကြီးတွေ မြင်လာသည်။

"ဟုတ်တယ်၊ ဒါပေမဲ့ သူ ဘာမှ မခံစားရပါဘူး၊ ဘာ ဖြစ်လို့လဲဆိုတော့ သူက သေပြီလေ"

XXX

လိန်းစ်ဘတ်မှ ခရီးဆက်ခဲ့တာ သုံးရက် သုံးည တိုင်ခဲ့ပြီ။ လိန်းစ်ဘတ်မှ သူ့ကျေးဇူးရှင် လင်မယား လမ်းညွှန်လိုက်သည့်အတိုင်း ဖုန်တွေ တလိမ့်လိမ့်တက်နေသည့် လမ်းအိုလမ်းဟောင်းကလေးမှ သူ လျှောက်လာခဲ့ခြင်း ဖြစ်သည်။ ယာခင်းတွေကို သူ ဝေးဝေးရှောင်၏။ သူတို့ အခင်းထဲလူစိမ်းတွေ့လျှင် ဘာမှမမေးဘဲ သေနတ်ဖြင့်ပစ်တတ်သည်ဆိုသည့်စကားက သူ့ခေါင်းထဲ စွဲနေဆဲ။ ပူပြင်းလှသည့် နေ့လယ်ခင်းတခုမှာတော့ သူဘယ်လိုမှ မအောင့်အည်းနိုင်သဖြင့် လူသူကင်းမဲ့သည့် ရေကန်လေးတခုမှာ အဝတ်တွေ ချွတ်ပြီး တဝကြီး

ရေစိမ်ချိုးမိသည်။ သူ လမ်းလျှောက်နေတုန်းကုန်တင်ယာဉ်ကလေးတစီးပေါ်မှ လယ်သမားကြီး တယောက်က လှမ်းခေါ်၏။ ဘယ်သွားမှာလဲတဲ့။ သနားသွားသည်ထင့်။ ကားပေါ်တက်လေတဲ့။ မိုက်ကယ်က ရပါတယ်ဟု ပြောရင်း ဆက်လျှောက်လာခဲ့သည်။ ကားကဖုန်တထောင်းထောင်းဖြင့် ဆက်မောင်းသွား၏။

မိုက်ကယ်က လမ်းဘေးသို့ ဆင်းကာ ညရောက်သည်အထိ ပုန်းနေလိုက်သည်။ ခုနက လယ်သမားကြီး၏ ရွှေရောင် အမွေးတွေ ပေါက်နေသော ထန်းသီးလုံးခန့်ရှိသည့် လက်ကြီးကို သူ မြင်ယောင်နေမိသည်။ လေးရက်မြောက် မနက်မှာတော့ မိုက်ကယ်သည် တောင်ကုန်းလေးတခုပေါ်မှနေ၍ နေထွက်လာသည်ကို ငေးကြည့်ရင်း နောက်ဆုံးတော့ပရင့်စ်အဲလ်ဗတ်ကို ရောက်လာခဲ့ပြီ ဖြစ်ကြောင်း သူ့ရင်ထဲက သေသေချာချာသိ၍ လာ၏။ ကြက်ဖတွန်သံတွေ စီစီညံညံ သူ ကြားနေရသည်။ အိမ်ကလေးများ ၏ ပြတင်းပေါက်မှန်ကို နေထိုး၍ ပြန်လာသည့် ရောင်ပြန်တွေ တလက်လက်ကို သူ ငေး၍ မဝ။ လမ်းမတလျှောက် မြည်းနှစ် ကောင်ကိုကျောင်းသွားသည့် ကလေး တယောက်ကို သူ တွေ့၏။

လေ ကတော့ ငြိမ်နေ၏။ တောင်ကုန်းပေါ်မှဆင်းကာ မြို့ဘက်သို့ သူ ဦးတည်လိုက်သည်။ နားထဲမှာ ယောကျ်ားကြီး တယောက် ၏ အသံလိုလိုသူ ကြားနေရသည်။ လေသံက အတက်အကျ အနိမ့်အမြင့် မရှိ။ အသံသေကြီး။ မိုက်ကယ်က ရပ်၍ နားစိုက်ထောင်၏။ ဧကန္တ အဲလ်ဗတ်မင်းသားဆိုသူ၏ အသံများ လေလား။ နို့... ပရင့်စ်အဲလ်ဗတ်က သေပြီ မဟုတ်လား။ အသံကို သူ ကြားနေရသော်လည်း စကားလုံးတွေ က မကွဲပြား။ လေထုထဲမှမြူခိုးတွေ လို မပီဝိုးတဝါး ရှိလှသည်။ နောက်ဆုံးတော့ ထိုအသံ ပျောက်သွားခဲ့သည်။

မိုက်ကယ်ကေသည် တောင်ဘက်လမ်းမှတဆင့် မြို့တွင်းသို့ ချဉ်းနင်းဝင်ရောက်လာနေ၏။ ဂျုံစက်ဟောင်းကြီးတလုံး၊ ခြံခတ်ထားသည့် ဥယျာဉ်များကို သူဖြတ်ကျော်လာခဲ့သည်။ ဥယျာဉ်တခုအတွင်းမှ မည်းပုပ်ပုပ် ခွေးယုတ်တအုပ်က ခြံစည်းရိုးနောက်မှနေ၍ သူ့ကို မာန်ဖီနေကြ၏။ ခပ်ငယ်ငယ်မိန်းမ တယောက်က အများသုံး ရေဘုံပိုင်တခုမှာ ထိုင်ရင်းအဝတ်တွေ လျှော်နေ၏။ ထိုမိန်းမက သူ့ကို ဖျတ်ကနဲ တချက် လှမ်းကြည့်သည်။ သူက ဦးထုပ်မြှောက်ကာ နှုတ်ဆက်လိုက်သော်လည်း ချက်ချင်း ပင်မျက်လွှာပြန်ချသွားခဲ့သည်။

အို... လမ်းတလျှောက် ဆိုင်ကလေးတွေ စုံလှပါပကော။ ကိတ်မုန့်ဆိုင်၊ ကော်ဖီဆိုင်၊ အထည်ဆိုင်၊ ဘဏ်သေးသေးလေးတခု၊ မင်္ဂလာဆောင်ပစ္စည်းတွေ ရောင်းသည့်ဆိုင်၊ အထွေထွေ ရောင်းဝယ်ရေး ဆိုသည့်

ဆိုင်းဘုတ်တပ်ထားသော်လည်း သော့ပိတ်ထားသည့် ဆိုင်တွေနှင့် ဂိုဒေါင်တွေ လမ်းဘေးဝဲယာမှာ စီတန်းနေခဲ့သည်။ မိုက်ကယ်သည် လမ်းထောင့်တနေရာမှာ ရပ်ကာ မျက်စိနှစ် လုံးကို ပိတ်ထားလိုက်သည်။

နောက်ဆုံးတော့ ငါ ရောက်လာခဲ့ပြီပဲ။

အမေ ကျွန်တော် ပရင့်စ်အဲလ်ဗတ်ကို ရောက်လာပြီ အမေ။

နောက်တနာရီခန့်ကြာသော် မိုက်ကယ်သည် ထိုနေရာမှာ ပင်ငုတ်တုတ်ကြီး အိပ်ပျော်နေသည်ကို တွေ့ကြရသည့် ကလေးတသိုက်သည်သူ့ကို လှည့်ပတ်တို့ထိရင်း ပျော်ပျော်ကြီး ဆော့ကစားနေကြ၏။ တယောက် က ဦးထုပ်ကို ချွတ်၏။

ထော်လန်ပွင့်အန်နေသော မိုက်ကယ့် နှုတ်ခမ်းနီတျာတျာကို ကြည့်ရင်း အူတက်မတတ် ရယ်ကြ၏။ မိုက်ကယ့်လက်ထဲမှ ပြာသေတ္တာလေးကို ဆွဲယူဖို့ ကြိုးစားကြသော်လည်း သေတ္တာနှင့် လက်နှစ်ဖက် ဂဟေဆက်ထားသလို မြဲမြံလှသဖြင့် မအောင်မြင်ခဲ့ကြ။ မိုက်ကယ် ကျောမှီထားသည့် ပိတ်ထားသည့် ဆိုင်တဆိုင်၏ ဆိုင်ရှင်ရောက်လာသဖြင့် ကလေးတွေ ထွက်ပြေးသွားခဲ့ကြသည်။

ဆိုင်ရှင်ကဆိုင်တံခါးဖွင့်ဖို့ ပြင် ဆင်နေချိန်မှာ မိုက်ကယ် လန့်နိုးလာခဲ့သည်။ ဆိုင်တွင်းမှာတော့ မှုန်ကုပ်ကုပ်နှင့် အလင်းရောင် နည်းလှသည်။ သံဖြင့် လုပ်ထားသော ရေချိုးကန်များ၊စက်ဘီးတာယာများ၊ ပလတ်စတစ် ခြင်းတောင်းများ၊ စည်သွပ်ဘူးများ၊ ဆေးဝါးများ၊ သကြားလုံးများ၊ ကလေးသေးခံများ နှင့် အချိုရည်များ။ အထွေထွေ ရောင်းဝယ်ရေး ဆိုသည့် အမည်နှင့် လိုက်ဖက်ပါပေ့။ မိုက်ကယ်က ဆိုင်ရှင်ရှိရာ ကောင်တာသို့ ဦးတည်လိုက်၏။ အမေအရင်က ပြောခဲ့သည့် နာမည် တလုံးကို အပြင်းအထန် သူ စဉ်းစား၏။

သို့သော် မသေချာ။

"ကျွန်တော် ဒီမှာ နေတဲ့ လယ်သမားကြီး တယောက်ကို တွေ့ချင်လို့ပါ။ သူ့နာမည် က မစ္စတာ ဗို့စလိုးလား၊ မစ္စတာ ဗစ်ဆာလား တခုခုပဲ"

ဆိုင်ရှင်က သူ့ကိုကြည့်ရင်း-

"မစ္စ ဗို့စလိုးလား၊ ဟိုတယ်က မစ္စ ဗို့စလိုးကို ခင်ဗျားပြောတာလား၊ မစ္စတာ ဗို့စလိုး ဆိုတာတော့ မရှိဘူး"

"မစ္စတာ ဗို့စလိုလား၊ မစ္စတာ ဗစ်ဆာလား

မသေချာဘူးခင်ဗျလယ်သမားတော့ လယ်သမားကြီးပဲ၊ သူ့ယာခင်းကိုတော့ ကျွန်တော် မှတ်မိတယ်"

"ကျုပ်သိသလောက်တော့ လယ်သမား ဗိုစလိုးတို့ လယ်သမားဗစ်ဆာတို့ မရှိဘူးဗျ၊ နေဦး ဗစ်စဂီးကို ပြောတာလား၊ လယ်လုပ်တဲ့ ဗစ်စကီးဆိုတာတော့ ရှိတယ်၊ ဘာလုပ်ဖို့လဲ"

မိုက်ကယ်က ပြာသေတ္တာလေးကို တင်းတင်းကိုင်ထားရင်း-

"သူတို့ကို ပေးစရာတခု ရှိလို့ပါ" ဟု ဖြေလိုက်သည်။ ဆိုင်ရှင်က ခေါင်းယမ်းရင်း-

"ဒါဆိုရင်တော့ ခင်ဗျားလာတာ အလကား ဖြစ်ပြီ၊ ဗစ်စဂီးတို့ယာခင်းက ခု ဖုန်းဆိုးမြေ ဖြစ်နေပြီ။ သူတို့ ဒီက ထွက်သွားတာ ကြာနေပြီ"

မိုက်ကယ်သည် ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိ။ သူ ဆိုင်ထဲမှထွက်လာခဲ့သည်။ သူတို့ စကားပြောနေသည်ကို ချောင်းနားထောင်နေဟန်တူသော ကလေး တယောက် ကသူ့နောက်မှ ပြေးလိုက်လာခဲ့သည်။

"နေဦး၊ နေဦး၊ ဗစ်စဂီး ယာခင်း ဘယ်မှာ ရှိသလဲ ကျွန်တော် သိတယ်၊ ယာခင်းထဲမှာ ဘယ်သူမှတော့ မရှိဘူး"

ဟု မိုက်ကယ့်ကို အမောတကော ပြော၏။ ထိုကလေးက ဗစ်စဂီးယာခင်းသို့ သွားရာလမ်းကို ညွှန်၏။ မြောက်ဘက်ကိုသွား၊ ခယုဒ်ဖောင်တိန်ရောက်ရင် အရှေ့ဘက်ချိုး၊ မြေလမ်းလေးအတိုင်း လိုက်သွား၊ တောင်ကြားလမ်းလေးအတိုင်း ဆက်လျှောက်။

"နေဦးကွ၊ ယာခင်းက ဒီနဲ့ ဘယ်လောက်ဝေးလဲ၊ အဝေးကြီးလား၊ နီးနီးလေးလား"

ကလေး လမ်းညွှန်သည်ကို နားမလည်သည့် မိုက်ကယ်က သူသိချင်တာကို မေးလိုက်သည်။ ကလေးတွေ တညီတညွတ်တည်း ဖြေကြသည်က လမ်းလျှောက်သွားရင် အဝေးကြီးတဲ့။ ဗစ်စဂီး ယာခင်းက တောင်တွေ နားမှာတဲ့။ လက်ညှိုးကြီးထိုးထားတဲ့ပုံ အမှတ်အသား ဆိုင်းဘုတ်တွေ့ရင် လမ်းပေါ်ကဆင်းပြီး တောင်ပူစာလေးတလုံးကို ဖြတ်၊ တွေ့တွေ့ချင်းယာခင်းပဲတဲ့။ ဟုတ်ပြီ။ သူသိချင်တာ ဒါပဲ။ မိုက်ကယ်က ကလေးများကို မုန့်ဖိုးပေးလိုက်သည်။

လက်ညှိုးထိုး ဆိုင်းဘုတ်ကို သူတွေ့တော့ မှွန်းတည့်နေပြီ။ တောင်ပူစာကို သူတက်တော့ မှွန်းလွဲနေပြီ။ တောင်ထိပ်အရောက်မှာတော့ တောင်ခြေရင်းဆီက အဖြူ ရောင် ယာခင်းအိမ်ကလေးသည် ဘွားကနဲ သူ့မြင်ကွင်းမှာ ပေါ်လာခဲ့သည်။ သူ အိမ်နားသို့ တရွေ့ရွေ့သွား၏။ အိမ်ကို လှည့်ပတ်ကြည့်၏။ ပြတင်းပေါက် တရုတ်ကတ်တွေ က အားလုံး ပိတ်လျက်သား။ အိမ်ခေါင်မိုးအပေါက်တနေရာမှ ခိုတကောင် ပျံထွက်လာသည်။ ခေါင်မိုးမှ သံချက်လွတ်နေဟန်ရှိသည့် သွပ်ပြားတချပ်သည် လေတိုက်တိုင်းတဘတ်ဘတ် အသံပေးနေ၏။ အိမ်နောက်မှာတော့ ကျောက်သားပြင်အတိလွှမ်းသည့် မြေလွတ်တွေ ရှိ၏။ ထိုနေရာမှာ ဘာပင်မှ စိုက်လို့မရတာ သေချာသည်။ သူ စိတ်ကူးခဲ့သလို မြင်းဇောင်း မရှိ။ သို့သော် စုတ်ပြတ်ယိုင်ရွဲ့ကာ ကြက်တကောင်မှ မရှိသည့် ကြက်ခြံဟောင်းတခုတော့ ရှိ၏။

ခေါင်းမရှိသည့် ရေပိုက်တခုကိုလည်း အိမ်နောက်မှာ တွေ့ရ၏။ အိမ်ရှေ့အိမ်နောက် တံခါးအားလုံး ပိတ်ထား၏။ ဖုန်အလိမ်းလိမ်းတက်နေသည့် တရုတ်ကတ်များဖြင့် ပိတ်ထားသည့် ပြတင်းပေါက်မှ ချောင်းကြည့်သော်လည်း ဘာမှ မတွေ့ရ။ အိမ်တံခါးမှာ သော့ မခတ်ထားသဖြင့် အလွယ်တကူ ဖွင့်ဝင်နိုင်၏။

သူ အိမ်ထဲဝင်သွားတော့ အိမ်ထဲမှ ပျံလွှားနှစ် ကောင် အလန့်တကြားပျံထွက်သွားကြသည်။ ကြမ်းပြင်မှာတော့ ဖုန်တွေ၊ ပင့်ကူမျှင်တွေ နှင့် မြင်မကောင်း ရှုမကောင်း။ ဆည်းဆာ၏ ဖျော့တော့သော အလင်းရောင် အောက်မှာ အရောင် တင်ဆီနံ့၊ သိုးမွေးနံ့၊ ကတ္တရာနံ့နှင့် ဖုန်နံ့တွေ လှိုင်နေသည့်အိမ်ထဲမှာ ရပ်ရင်း နံရံမှာ သွယ်တန်းထားသည့် ရေပိုက်များ၊ ဝါယာကြိုးများ၊ နံရံကပ်စင်ပေါ်မှ ပုလင်းလွတ်များ၊ အရင်က မျိုးစေ့တွေ ထည့်ထားဟန်တူသည့် အိတ်အလွတ်များကို သူ ကိုင်တွယ်စမ်းသပ်ကြည့်နေမိသည်။ ပြီးတော့ အိမ်ထောင့်တနေရာမှာ သူ အိပ်ဖို့ ရှင်းလင်း၏။

ညစာအဖြစ် သူ့ထံကျန်နေသည့် နောက်ဆုံးလက်ကျန် ဘီစကွတ်များကို သူ စား၏။ သူ့ထံမှာ ငွေ ငါးရမ်တိတိ ကျန်သေး၏။ သို့သော် ခုချိန်မှစ၍ ဤလူသူမနီးသည့် ယာခင်းထဲမှာ ထိုပိုက်ဆံကို သုံးရန် အကြောင်းမရှိတော့ချေ။ အလင်းရောင် နည်းလာခဲ့ပြီ။ လင်းနို့အော်သံတွေ သူ ကြားနေရသည်။ သူ လဲလျောင်းရင်း ည၏ အသံတွေကို နားစွင့်နေမိသည်။ နောက်ဆုံးတော့ ငါ ရောက်ခဲ့ပြီပေါ့။

အမေ့ မွေးရပ်မြေ၊ သို့ မဟုတ် မွေးရပ်မြေလို့ ယူဆရသည့် တနေရာရာကို ရောက်လာခဲ့ရပြီ။ သူ အိပ်ပျော်သွားသည်။

မနက် နိုးနိုးချင်း သူ သတိထားမိသည့်အရာမှာ ယာခင်းထဲမှာ

လျှောက်ပြေးနေသည့် ဆိတ်ရိုင်းများ ဖြစ်၏။ ရောမ ချိုအကောက်ကြီးနှင့် ဆိတ်သိုးကြီးတကောင် ဦးဆောင်သည့် တဒါဇင်ထက်မနည်းသော ဆိတ်တို့သည် အိမ်နောက်ဘက်မှ ပေါ်လာပြီး ယာခင်းကို ဖြတ်ပြေးနေကြသည်။ မိုက်ကယ်သည် ငေါက်ကနဲ ထထိုင်ပြီး ဆိတ်အုပ်ကို မျက်ခြည်မပြတ်လိုက် ကြည့်၏။ ခဏနေတော့ ဆိတ်အုပ်သည်သူ့မြင်ကွင်းထဲမှ ပျောက်သွား၏။ မိုက်ကယ်သည် ကမန်းကတန်း ဖိနပ်စီး၏။

အမွေးရှည်ရှည်နှင့် ထို ဆိတ် သတ္တဝါတွေကို ဖမ်းရမည်၊ သတ်ရမည်၊ ဖြတ်ရမည်၊ ချက်ရမည်၊ စားရမည်၊ သို့မှသာ သူ အသက်ရှင်မည်။ ဟုတ်ပြီ၊ ဘယ်မတုံး လက်နက်။ သူ့ ကိုယ်ပိုင်လက်နက်ဆို၍ စက္ကူဖြတ်သည့် ဓားကလေးတချောင်းသာ ပါ၏။ ထိုဓားကိုပင် တင်းတင်းကိုင်ကာ ဆိတ်အုပ်နောက်သို့ သူ အပြေးလိုက်၏။ တကွဲတပြားစီ ခြေဦးတည့်ရာ ပြေးနေကြသည့် ဆိတ်တွေကို ဟိုဘက် ဒီဘက်မှ ပြေးလွှားခြောက်လန့်ကာ စုစည်းအောင် လုပ်၏။ ပထမတော့ ဆိတ်ရိုင်းတွေ ပီပီလူမြင်လျှင် လန့်နေသော်လည်း တွေ့ပါများတော့ ရိုးလာပုံရသည်။ သူ့ကိုမကြောက်တော့။ ထိုနေ့တနေ့လုံး သူ ဆိတ်လိုက်နေခဲ့သည်။

ညနေစောင်းလောက်မှာတော့ ဆိတ်ဆုပ်နှင့် မလှမ်းမကမ်းလောက်အထိ သူ ချဉ်းကပ်၍ ရလာခဲ့သည်။ ဒါတောင် တချက်တချက် ချိုပြလိုက်၊ ခွာပြလိုက်နှင့် ဆိတ်သိုးတွေက သူ့ကို ခြိမ်းခြောက်နေသေးသည်။ ဆိတ်တွေနားကို တလှမ်းချင်း ချဉ်းကပ်နေစဉ်မှာ သူ့တကိုယ်လုံး တုန်နေကြောင်းမိုက်ကယ် သတိပြုမိသည်။ တုန်ရခြင်းအကြောင်းရင်းကို မိုက်ကယ် စဉ်းစား၍ မရ။ အကြောင်းမရှိဘဲ သတ္တဝါတကောင်ကို ဓားဖြင့်ထိုးရမှာ ကြောက်၍လား၊ ခဲတံချွန်သည့်၊ စက္ကူဖြတ်သည့် ဓားကလေးနှင့် မာကျောဟန်ရှိသော အဖြူရောင် နှင့် အညိုရောင် နှောသည့် ဆိတ်လည်ပင်းကို ထိုးလိုက်လျှင် ဓားကပြန်ကန်ပြီး သူ့လက်ရမည် စိုး၍လား၊ မအောင်မြင်လျှင် စုစုစည်းစည်းရှိနေပြီ ဖြစ်သည့် ဆိတ်တွေ ကသောင်းကနင်း ထွက်ပြေးမည် စိုး၍လား မသိ။ မိုက်ကယ်သည် သူ့ကိုယ်သူ ရဲဆေးတင်သည့်အနေဖြင့် ဤသို့ ရင်ထဲမှ ပြောနေ၏။

'သူတို့မှာ တကောင်တမျိုးနဲ့ အတွေးတွေ အများကြီး ရှိမယ်။ ငါ့မှာက သူတို့ထဲက တကောင်ကောင်ကို တွယ်မယ်ဆိုတဲ့ အတွေးတခုတည်းရယ်။ နောက်ဆုံးကျတော့ ငါ့အတွေးက သူတို့အတွေးတွေ အားလုံးကို လွှမ်းမိုးအနိုင်ယူပြမယ်။ ဘာမှတ်လဲ မိုက်ကယ်ကေတဲ့ကွ'

ဆိတ်အုပ်ကို ခြံစည်းရိုးတခုနားသို့ မောင်းသွင်းရန် ကြိုးစားသော်လည်း ခုထိတော့ မအောင်မြင်သေး။ ဆိတ်အုပ်နှင့် သူသည် ဝိုင်းကြီးပတ်ပတ်ဒူဝေဝေ

ဖြစ်နေကြသည်။ တဖြည်းဖြည်းနှင့် မနေ့က တွေ့ခဲ့သည့် ရေပိုက်နှင့် ရေလှောင်ကန်နားသို့ ရောက်လာကြောင်း သူ သတိထားမိသည်။ အနားကပ်ကြည့်သော အခါ လေးထောင့် ကွန်ကရစ် ရေလှောင်ကန်မှ ရေတွေ ပြည့်ရုံမျှမက လျှံကျနေသဖြင့် ရေလှောင်ကန် အနီးတဝိုက်မှာ မြက်ရိုင်းတွေ တောထသော၊ ရွှံ့ထူသော ရေကန်လေးတကန်လိုပင် ဖြစ်နေပြီး ဖားတွေ အော်သံကိုပင် သူ ကြားနေရသည်။

သူ ရေလှောင်ကန်ထဲမှ ရေကို တဝ သောက်၏။ မနေ့က ဒီကန်ထဲမှာ ရေတစက်မှ မတွေ့၊ ဘယ်သူကများ ဖြည့်လိုက်ပါလိမ့်။ ခဏနေတော့ သူအဖြေကို တွေ့ရသည်။ အဖြေက လေ။ လေ ဟူးဟူးရားရား တိုက်သောအခါ ရေတင်သည့် ဘီးကအရှိန်ဖြင့် လည်၏။ ထိုအခါ ပိုက်က ရေကျ၏။ ထိုအခါရေလှောင်ကန် ပြည့်လေ၏။

မိုက်ကယ်သည် ဆာလောင်မွတ်သိပ်ခြင်းနှင့် အဆမတန် ပင်ပန်းလွန်းခြင်းကြောင့် ဆိတ်အုပ်ကို ဖြိုခွင်းဖို့အရေး အားမရှိသေး။ မှောင်ကြီးမည်းကြီးထဲမှာ၊ မည်သူမှ မရှိသည့် ယာခင်းထဲမှာ၊ လွယ်ထားသည့် အိတ်ကလေး ခေါင်းအုံးကာ မြေလွှာကို အိပ်ရာလုပ်ရင်း ဆိတ်တွေနားမှာပင် သူအိပ်ဟာန်ပြင်၏။ မကြာခင် တကယ်လည်း အိပ်ပျော်သွား၏။ သန်းခေါင်လောက်ကျတော့ တပျတ်ပျတ်နှင့် ဆူညံစွာ ရေသောက်နေကြသည့် ဆိတ်များကြောင့် သူ လန့်နိုး၏။ မူးမူးဝေဝေဖြင့်ပင် ဆိတ်အုပ်နား သူ ကပ်သွား၏။ မမြင်မစမ်းနှင့် ရရာလှမ်းဆွဲ၏။ ဆိတ်များသည် ရုတ်တရက် ကျရောက်လာသည့် အန္တရာယ်ကြောင့် တပဲပဲ ဆူညံစွာ အော်ရင်း ခြေဦးတည့်ရာ ပြေးကြ၏။ သို့သော် မိုက်ကယ်သည် သူ့လောက်နီးပါး ထုံထိုင်းသည့် ကံဆိုးရှာသူ ဆိတ်တကောင်ကို ပိုင်ပိုင်နိုင်နိုင် ခြေထောက်ဖြင့် နင်းထားနိုင်ခဲ့ပြီ။ ရေအိုင်ထဲလဲနေသည့် ဆိတ်သည် သူ့ကို အစွမ်းကုန် ခုခံ၏။ ချိုဖြင့်ဝှေ့ရန်၊ခြေဖြင့်ကန်ရန် အခါမလပ် ကြိုးစား၏။ မိုက်ကယ်သည် သူ့တကိုယ်လုံးအားကို သုံးကာ ဆိတ်ကို နင်းချလိုက်သည်။ အရှင်လတ်လတ် ရေနစ် ခံရသည့် ဆိတ်သည် တကိုယ်လုံး တဆတ်ဆတ် တုန်လာ၏။ မိုက်ကယ်က လုံးဝအလျှော့မပေး။ သူ့လက်ကြီးများဖြင့် ဆိတ်လည်မျိုကို ညှစ်ကာထောင်ထလာသည့် ဆိတ်ခေါင်းကို ရေထဲနှစ်၏။ နောက်ဆုံးမှာတော့ ဆိတ်၏ လှုပ်ရှားမှု များ တဖြည်းဖြည်း နှေးကွေးလာခဲ့သည်။ မိုက်ကယ်လည်းခြေကုန်လက်ပန်းကျခဲ့ပြီ။ ဆိတ်သည် လုံးဝ မလှုပ်တော့။

မိုက်ကယ်သည် ဆိတ်ခေါင်းကို ရွှံ့ထဲမှ ဆယ်ကြည့်၏။ ဟုတ်သည်။ သေပြီ။ သူ့တကိုယ်လုံးလည်း ထုံကျဉ်လျက်ရှိသည်ကို ခုမှ သတိထားမိသဖြင့် ရေအိုင်ထဲမှ လေးလံစွာ ပြန်တက်လာခဲ့သည်။

တကိုယ်လုံး စိုရွှဲနေသည့် မိုက်ကယ်သည် ပြန်အိပ်၍ မရတော့။ အေးလိုက်သည်မှာလည်း အရိုးကွဲမတတ်။ မေးချင်းရိုက်ကာ ခိုက်ခိုက်တုန်နေ၏၊ အရုဏ်လာသောအခါ သူ ယာခင်းအိမ်သို့ ပြန်လာခဲ့သည်။ ပြတင်းပေါက်ကို ဖွင့်ကာ လက်ထောက်ရင်း အပြင်ကို ကြည့်သည်။ အိမ်ခန်းတွေထဲ ဝင်ကြည့်သည်။ ကြီးကြီးမားမား အိမ်ထောင်ပရိဘောဂပစ္စည်း တခုမှမရှိ။ ဖုန်တောထဲမှ သူ့ခြေရာများကိုသာ သူ ပြန်မြင်နေရသည်။

မီးဖိုချောင်ထဲ သူ ဝင်သွားသော အခါ အမိုးကြားမှာ အသိုက်လုပ်နေသည့် ခိုတွေ လန့်ပြီး ပျံပြေးကြ၏။ ခိုချေးတွေ ကလည်း နေရာအနှံ့ပြန့်ကျဲလျက်။ မီးဖိုခန်း၏ နံရံကပ်စင်တွေ ပေါ်မှာတော့ ပန်းကန်တွေ၊ ခွက်တွေ၊ ဖန်ကရားတွေ ရှိနေ၏။ အကုန်လုံး ဖုန်တွေ တက်ကာ မဲသဲလျက်။ ဆီပုလင်းနှင့် ရှလကာရည် ပုလင်းတွေ ကတော့ တဝက်စီခန့် ကျန်သေးသည်။ သကြားပုလင်းထဲမှာလည်း သကြားတွေ ရှိသေးသည်။

ဟင်းခတ်အမွှေးအကြိုင်တွေလည်း ရှိနေသေး၏။ နို့မှုန့်တပုလင်းလည်း မဖောက်ရသေး။ ယိုဘူးတွေ တွေ့တော့ တဘူးဖောက်ကာ စားကြည့်၏။ လိမ္မော်ယိုလိုလို အရသာ။ ဆီချေး စော်လိုလို အနံ့နည်းနည်း လည်းရ၏။ မိုက်ကယ်သည် ယိုဘူးကို ကိုင်ကာ နေရောင်ထဲ ထွက်လာပြီး နေပူစာလှုံရင်း တမြုံ့မြုံ့ စားနေသည်။

ပြီးတော့ ရေလှောင်ကန်ဘက်သို့ လျှောက်လာခဲ့၏။ နေရောင် ခြည်နွေးနွေးအောက်မှာပင် သူ ခိုက်ခိုက်တုန်အောင် ချမ်းနေခဲ့သည်။ ဆိတ်သေကောင်သည် ရေကန်စပ်မှာ ပေါလောပေါ်နေ၏။ ဆိတ်ခြေထောက်နှစ်ချောင်းကို ဆွဲကာ ရေထဲမှ သူ ဆွဲတင်၏။ ဆိတ်သည် မျက်လုံးဝါဝါကြီးများ ပြူး ထွက်ကာ သွားကြီးတွေပေါ်လျက် ပိုးစိုးပက်စက် သေဆုံးနေ၏။ ပါးစပ်ထဲမှလည်း ရေတွေ တစက်စက်ကျနေဆဲ။

သေချာကြည့်တော့ ဆိတ်မ ဖြစ်နေ၏။ မနေ့က သရဲမရဲစီးကာ သတ်ချင် ဖြတ်ချင် စားချင် ဝါးချင်စိတ်တွေ ခုတော့ လုံးလုံးပျောက်နေသည်။ ဒီအကောင်ကြီးကို ခုတ်ရ၊ ထစ်ရ၊ လှီးရ၊ နွာရမည့် အလုပ်ကို တွေးကြည့်ရုံနှင့်ပင် သူ အဆမတန် ပင်ပန်းလာသည်။ ဆိတ်အုပ်ကတော့ သူနှင့် မနီးမဝေးမှာ ရှိနေဆဲ။ သူ့ဘက်သို့ နားတွေ စွင့်ထားကြသည်ဟု သူ ထင်နေသည်။ မနေ့က တနေ့လုံး အရှုးကြီး တယောက်နှယ် ဒီဆိတ်တွေ နောက်ကို လက်ညှိုးလောက်ရှိသည့် ဓားကလေးတချောင်း ကိုင်ကာ သူ လိုက်နေမိသည်ကို ပြန်တွေးရင်း သူ့ကိုယ်သူမယုံနိုင်အောင် ဖြစ်မိသည်။ ဆိတ်မတကောင်ကို မှောင်နှင့်မည်းမည်းမှာ လည်ပင်းညှစ်၊ တက်နင်းပြီး ရေနှစ် သတ်ခဲ့တာကို ပြန်မြင်ယောင်နေ၏။

ခုတော့ ဒီဆိတ်မကို သူ မစားချင်တော့။ မြေမြှုပ် သင်္ဂြိုဟ်ပေးလိုက်ရရင် ကောင်းမလား။ မ ဖြစ်သေး။ လောလောဆယ်တော့ ဆိတ်ကောင်ကို အိမ်ပြန်သယ်ရမည်။ ယာခင်းထဲမှ အိမ်အထိ ဆိတ်မကို ဆွဲလာရသည့်အလုပ်မှာ အချိန်လည်း ကုန်၊ လူလည်းပန်း သေချင်စော်နံလောက်အောင်ပင်။ မိုက်ကယ်သည် ဆိတ်ကို မီးဖိုခန်းထဲထိ ဆွဲသွားခဲ့သည်။ သို့သော် အခန်းထဲမှာ ခုတ်ထစ်လျှင် ညစ်ပတ်နည်းရာ ရောက်လိမ့်မည် ဟု သူ တွေးမိ၏။ နံရံမှ မြက်ရိုင်းတွေ ထိုးထွက် ပြီး ခိုတွေ တလှေကြီးရှိနေပေမင့် အခန်းဟာအခန်းပဲပေါ့။ သူ ဆိတ်ကို အိမ်အပြင်ဆွဲထွက်လာပြန်၏။ ရုတ်တရက် ချက်ချင်း မိုင်ပေါင်းရာချီဝေးသည့် ဤဖုန်းဆိုးမြေသို့ သူ ဘာကြောင့်များ အသက်ကို ပဓာနမထား စွန့်စွန့်စားစား လာမိပါလိမ့်ဆိုသည့် အတွေးက ခေါင်းထဲဝင်လာသည်။ ငိုချင် သလိုလို၊ ယူကျုံးမရ ဖြစ်သလိုလို ဖြစ်လာသဖြင့်မျက်နှာကို လက်ဝါးဖြင့် အုပ်ထားလိုက်သည်။

မိုက်ကယ်သည် သူ့တသက်လုံး တခါမှ အမဲမဖျက်ဖူးခဲ့။ ဖျက်စရာ ပစ္စည်းပစ္စယကလည်း ခဲတံချွန်သည့် ဓားကလေးမှတပါး အခြားမရှိ။ မတတ်နိုင်။ မိုက်ကယ်သည် ဆိတ်ကို ပက်လက်လှန်ကာ ခဲတံချွန်သည့်ဓားနှင့် ပင် ဗိုက်ကို ခွဲချလိုက်သည်။

ဗိုက်ထဲမှာ ကလီစာတွေက သွေးနွေးနေဆဲဟု သူ ထင်မှတ်ထားသော်လည်း အစာအိမ်ထဲမှ အေးစက်စက် ရွှံ့တွေ ထွက်လာသဖြင့် စိတ်ပျက်သွားသည်။ ဆိတ်ကလီစာများသည် ပြာသည်က ပြာ၊ ခရမ်းရောင် လိုလိုဟာလည်း ပါ၊ ပန်းရောင်သန်းသည့် ဟာက သန်း။ သူ ဆိတ်ကို အရေခွံခွာသည်။ သို့သော် ခြေထောက်တွေနှင့် ခေါင်းကို သူ့ဓားက တိုးမပေါက်။ အသေအချာ လျှောက်ရှာတော့ စင်တခုပေါ်မှ လွှတချောင်း သွားတွေ့သည်။

နောက်ဆုံးတော့ ဆိတ်တကောင်လုံးကို အောင်မြင်စွာ သူ ဖျက်လိုက်နိုင်ပြီး အသားမြှောင်းတွေကို ချိတ်တွေ နှင့် ချိတ်ဆွဲထားလိုက်နိုင်ခဲ့တော့သည်။ သူ့လက်တွေကတော့ သွေးသံရဲရဲ၊ ခြေထောက်တွေကလည်း ဆိတ်ဆီတွေနှင့် တဝင်းဝင်း။ သို့သော် ဆေးစရာ ရေမရှိ။ ရေလှောင်ကန်ထိလည်း ပြန်မသွားနိုင်တော့။ မိုက်ကယ်သည် ခြေတွေ လက်တွေကို သဲတွေနှင့် ပွတ်ပစ်လိုက်သည်။ သို့သော် အညှီနံ့ကြောင့် ယင်ကောင်တွေ သူ့နောက်မှထက်ကြပ်မကွာ လိုက်လာခဲ့ကြသည်။

မီးဖိုကို လှည်းကျင်းသန့်ရှင်းပြီး သူ မီးမွှေး၏။ ဟင်းချက်စရာအိုးတွေ ဘယ်မှာ မှ ရှာမတွေ့။ ကိစ္စမရှိ။ ဆိတ်ပေါင်တပေါင်လုံးကို မီးဖိုထဲ ပစ်ထည့်လိုက်သည်။ ခဏကြာတော့ ဆိတ်ကင်နံ့ကလေးမွှေးကာ ပေါင်မှ အဆီတွေ မီးတောက်ထဲ ရှဲကနဲ ရှဲကနဲ ကျလာခဲ့သည်။ မိုက်ကယ်သည် ဆိတ်ပေါင်ကင်ကို

စား၏။ စိတ်ထဲမှာတော့ နှစ်ထောင်းအားရ ဝမ်းမြောက်ဝမ်းသာမရှိ။ ဒီဆိတ်ကို စားလို့ကုန်သွားရင် ငါ ဘာလုပ်ရမလဲဆိုတာ တွေးနေမိသည်။

XXX

သူ အအေးမိသွားသည်ဆိုတာ သေချာလှသည်။

တကိုယ်လုံးချစ်ချစ်တောက်ပူနေသည်။ ခေါင်းတွေ တဒိန်းဒိန်း ဆောင့်ကိုက်နေသည်။ လည်မျို က သံမှိုစိုက်ထားသလို တံတွေးမျိုလိုက်တိုင်း စူးကနဲ နာသည်။ မိုက်ကယ်သည် ဝေဒနာ ဗရပွကို အပ်ချစရာမရှိအောင် တရစပ် ခံစားရင်း ရေလှောင်ကန်သို့ သွား၏။ ရှိသမျှ ဖန်ကရားတွေထဲ ရေထည့်၏။ ပြန်ရောက်တော့ သူ မတ်တတ်ပင် ဆက်မရပ်နိုင်တော့သဖြင့် ထိုင်ချလိုက်ရသည်။ ဖုန်တောထဲမှာ ငုတ်တုတ်ထိုင်နေရင်း ဖြူလွသန့်ရှင်းသည့် ခုတင်ပေါ်မှာ သက်သောင့်သက်သာ လှဲနေရပုံကို တမ်းတမြင်ယောင်မိ၏။

မိုက်ကယ်သည် ချောင်းတဟွပ်ဟွပ် ဆိုး၏။ ချောင်းဆိုးလိုက်တိုင်း ရင်ဘတ်က အောင့်ပြီးလည်ချောင်းက နာ၏။ သို့သော် ထိုချောင်းဆိုးသံသည် ပရင့်စ်အဲလ်ဗတ်ကို ရောက်ပြီးမှ ပထမဆုံးအကြိမ်အဖြစ် ကိုယ့်အသံကိုယ် ပြန်ကြားရခြင်းဟုမိုက်ကယ် ထင်မိသည်။ ဘယ်ဆိုးလို့လဲ။ ဒီနေရာမှာ ငါလုပ်ချင်တဲ့ အသံ၊ အော်ချင်သလိုအော်၊ လုပ်ချင်သလို လုပ်လို့ရတယ်ဟု စဉ်းစားမိသေးသည်။

ညကျတော့ သူ အကြီးအကျယ် ဖျား၏။ သူ့အိပ်ရာဆိုသည့် အဝတ်စုတ်တွေကို အိမ်ရှေ့ခန်းသို့ ပြောင်းခင်းပြီး ထိုနေရာမှာ သူ အိပ်သည်။ အိပ်မက်ထဲမှာ မှောင်မည်းနေသော ဟူးဝစ် နိုရန်းနီးယပ်စ်ကျောင်းမှ အဆောင်ထဲသို့ သူ ပြန်ရာက်နေ၏။ လက်ကို ဆန့်လိုက်သောအခါ သံခုတင်ကို စမ်းမိ၏။ ခုတင်ပေါ်မှာ ခင်းထားသည့် ဖျာမှ သေးနံ့ကိုပင် ရမိ၏။ အကြောက်တရားသည်ကျောရိုးတလျှောက် စိမ့်တက်လာသဖြင့် လန့်နိုးလာသည်။ မှောင်လိုက်တာမှကိုယ့်လက်ပင် ကိုယ်မမြင်ရ။ ခု မနက်လေးနာရီ၊ ခြောက်နာရီဆို အလင်းရောင် လာပြီ။

မိုးလင်းပြီ။ မကြောက်နဲ့ မိုက်ကယ်။

ကိုယ့်ကိုယ်ကိုယ် နှစ်သိမ့်အားပေးရင်း မျက်တောင်တွေ စင်းကျလာသည်။

မနက်မိုးလင်းတော့ သူ ပြန်လည် အားပြည့်လာခဲ့သည်။ ဖိနပ်တွေ ကောက်စွပ်ပြီး အိမ်ထဲမှာ လှည့်လည်ကြည့်ရှု၏။ အဝတ်ဟောင်းပုံတခုပေါ်မှာ ခရီးဆောင် သေတ္တာတလုံး တွေ့မိ၏။ ဖွင့်ကြည့်တော့ အထဲမှ ကျိုးပဲ့နေသည့်

အရုပ်တွေ ထွက်လာသည်။ အိမ်ထဲမှာ သူ့အတွက် အသုံးဝင်သည့်ပစ္စည်းတခုမှ မရှိ။ ထိုနည်းတူပင် အဘယ်ကြောင့် များ ဗစ်စဂီးတို့ ဒီအိမ်ကိုစွန့်ခွာသွားကြသနည်းဆိုတာကို ညွှန်းဆိုပြနိုင်သည့် သဲလွန်စလည်း တခုမှမရှိ။

ဆိတ်သားတွေ ချိတ်ထားသည့် မီးဖိုထဲမှာတော့ ယင်ကောင်တွေ ဘုရားပွဲလှည့်နေကြသည်။ ဒီနေ့ ဘာမှ စားချင်သောက်ချင်စိတ် မရှိသဖြင့်ယို ဘူးအလွတ်ထဲရေထည့်ပြီး ဆိတ်သား နည်းနည်း လှီးထည့်ကာ ပြုတ်လိုက်သည်။ လက်ဖက်ခြောက်ဘူးကို ခုမှ တွေ့သည်။ လက်ဖက်ရည်လည်းဖျော်လိုက်သည်။ ပြီးတော့ ဆိတ်စွပ်ပြုတ်နှင့် လက်ဖက်ရည်ကိုယူကာ သူအိပ်ရာထဲ ပြန်ခွေနေလိုက်သည်။ ချောင်းလည်း တဟွပ်ဟွပ် ဆိုးလာပြန်ပြီ။ပြာသေတ္တာလေး ကတော့ အိမ်ရှေ့ခန်းထောင့်တနေရာမှာ စောင့်နေရှာ၏။ အထဲမှာ အမေ ရှိနေသေးသလား။ ဝိညာဉ်အဖြစ် လေထဲ လွင့်မျောသွားခဲ့ပြီလား ဆိုတာတော့ သူ မသိ။

ဘယ်လိုပဲ ဖြစ်ဖြစ် အမေ ကျေနပ်လိမ့်မည် ဟုတော့ သူ ထင်မိသည်။ ဘယ်လိုပဲ ဖြစ်ဖြစ် အမေ ကတော့ ခု ငြိမ်းချမ်းသွားခဲ့ပြီ။ သူ့တသက်လုံးဘယ်တုန်းကမှ မရဖူးခဲ့သည့် ငြိမ်းချမ်းခြင်းဆိုတာကို ခု အမေ ပြည့်ပြည့်ဝဝခံစားပါစေတော့လေ။

မိုက်ကယ်သည် အပြင်းအထန် နေမကောင်း ဖြစ်နေရင်းက အမေ့အတွက် တငြိမ့်ငြိမ့် ပီတိတွေ ဖြစ်နေမိသည်။ ပြတင်းပေါက် တရုတ်ကတ်တွေ အကုန်ဖွင့်ကာ ခိုညည်းသံတွေကို သူ နားထောင်သည်။ တနေ့လုံးသူ အိပ်တဝက်၊ နိုးတဝက် ဖြစ်နေခဲ့သည်။ နေ့လယ်ခင်း သူ့အပေါ်နေထိုးလာတော့ တရုတ်ကတ်တွေ ထပိတ်ရပြန်သည်။

ညနေပိုင်းမှာ အဖျားကြီးလွန်းပြီး သူ ကယောင်ကတမ်း ဖြစ်လာခဲ့သည်။ မျက်စိတဆုံး ကျယ်ပြန့်လှသည့် ကန္တာရတပိုင်း ကွင်းပြင်ကြီးတခု၏ အနားသတ်အစွန်းပိုင်းသည် ကြွတက်လာပြီး သူ့ကို ရိုက်ချဖို့ ကြိုးစားနေ၏။ လက်ချောင်းတွေကို မြေကြီးထဲ ထိုးစိုက်ကာ ပြားပြားဝပ်နေရင်းသူ ကြွဲကြွဲခံနေသည်။ တခါ ဆုံးစမရှိ -နက်ရှိုင်းသည့် အမှောင်ချောက်ကြီးထဲ ကျသွားပြန်၏။

နှစ်ရက်တိတိ စိတ်နှင့် ကိုယ်နှင့် မကပ်၊ သတိ မရတချက်၊ ရတချက်၊ ပူတခါ၊ အေးတလှည့်နှင့် ဝေဒနာကို အဆုံးစွန် ခံစားခဲ့ရပြီးနောက် သုံးရက်မြောက်နေ့မှာတော့ သူ ပြန်လည် သက်သာလာခဲ့သည်။ သတိပြန်ဝင်လာခဲ့သည်။ ဗိုက်ကလည်း မီးဟုန်းဟုန်းတောက်မတတ် ဆာ၏။

သို့သော် မီးဖိုထဲမှာ ချိတ်ထားသည့် ဆိတ်သားတွေ က ဘယ်လိုမှ စားမရအောင် ပုပ်သိုးသွားခဲ့ပြီ။

သင်ခန်းစာပဲ၊ အဲဒါ သင်ခန်းစာပဲ၊ အဲဒါ မင်းအတွက် အကြီးမားဆုံးသင်ခန်းစာပဲ မိုက်ကယ်၊ နောက်ဆို အဲသလောက်ကြီးတဲ့တိရစ္ဆာန်ကို ဘယ်တော့မှ မသတ်လေနဲ့၊ မင်းမစားရခင်သူက အရင်ပုပ်လိမ့်မယ်ဆိုတာကို မြဲမြဲမှတ်ထားလကွာ။

မိုက်ကယ်သည် အသက်နှင့်ရင်း၍ ရခဲ့သည့် သင်ခန်းစာကို အထပ်ထပ်အခါခါ ဆင်ခြင်သုံးသပ်ရင်း တကုပ်ကုပ်ဖြင့် အလုပ်တွေ ရှုပ်နေသည်။ ဝိုင်ပုံသဏ္ဍာန် သစ်ကိုင်းတခု၊ ဖိနပ်မှ လျှော်ထိုးတခု၊ ခပ်တောင့်တောင့် သားရေကြိုးတခု၊ မကြာခင် သူ့လက်ထဲမှာ လေးခွဆိုသည့် ကမ္ဘာဦးလက်နက်ကြီးတခု ရလာခဲ့သည်။ ထိုလက်နက်ဖြင့် ငှက်တိရစ္ဆာန်တို့ကို ပစ်ခွင်းမည်။ ပုပ်သိုးနေသည့် ဆိတ်ကိုတော့ ဘာမှ မတတ်နိုင်ဘဲ မြေမြှုပ်သင်္ဂြိုဟ်လိုက်ရသည်။ ငြိမ်းချမ်းပါစေ ဆိတ်မရေ။

ယာခင်းအိမ်အနောက်က တောင်ခြေမှာ အုတ်စီ၊ အုတ်ခင်း၊ သွပ်မိုးအိမ်ပေါက်စကလေးတွေကို အစီအရီတွေ့ရသည်။ ကေန္တတော့ သူ့အမေသည် ထိုအိမ်လေးတွေထဲက တအိမ်အိမ်မှာ မွေးဖွားကြီးပြင်း ခဲ့တာများလား။ မဖြစ်နိုင်။ ထိုအိမ်ကလေးများမှာ လွန်ခဲ့သည့် အနှစ် ငါးဆယ်ကျော် ခြောက်ဆယ်က ဆောက်လုပ်ထားခဲ့တာ ဘယ်နည်းနဲ့မှ မ ဖြစ်နိုင်။

သို့သော် ထို အိမ်ကလေးများ နှင့် သိပ်မဝေးလှသည့် နေရာမှာ ရွှံ့အုတ်များဖြင့် ဆောက်ထားသည့် လေးထောင့်စပ်စပ် အိမ်အိုလေးတလုံးရှိသည်။ အမေ ထိုအိမ်မှာများ မွေးခဲ့လေသလား။ မိုက်ကယ်သည် ထိုအိမ်အိုကလေးသို့ ပြာသေတ္တာလေးကိုင်ကာ လျှောက်လာခဲ့သည်။ အိမ်ရှေ့မှာ သူထိုင်ချလိုက်သည်။ သူ တစုံတရာကို စောင့်နေခဲ့သည်။ နေပါဦး၊ သူ ဘာကို စောင့်နေတာလဲ။

သူလည်း သေချာတော့ မသိ။ သိသည်ဖြစ်စေ မသိသည်ဖြစ်စေ ဘာမှလည်း ဖြစ်မလာခဲ့။ အိမ်အိုကလေးထဲရှိ ရွှံ့မီးဖိုလေးပေါ်မှာ သူ့အမေ၏ အရိုးပြာ သေတ္တာလေးကို ဒီအတိုင်း သူ တင်ထားခဲ့သည်။ အမေ့အတွက် တခုခုတော့ သူ ထပ်လုပ်ဦးမည်။ ခုတော့ ဘာလုပ်ရမှန်း မသိသေး။ စဉ်းလည်း မစဉ်းစားချင်သေး။

ဗစ်စဂီး ယာခင်းကို ကာရံထားသည့် ခြံစည်းရိုးတလျှောက် သူလျှောက်ကြည့်၏။ လူသူ မပြောနှင့်၊ ခွေးတကောင် ကြောင်တမြီးပင်မတွေ့။ သံပြားဖြင့် ဖုံးထားသည့် သိုးစားခွက်ရှည်ရှည်တခုကို သူ တွေ့သည်။ ရေလှောင်ကန်သို့ ပြန်ရောက်လာသည်။ လေအမြဲတိုက်၊ ဘီးကအမြဲလည်ကာ၊

ရေအမြဲကျနေသည်ကို ရပ်တန့်နိုင်သည့် နည်းလမ်းကို သူစဉ်းစား၏။ ဘီးကို ဆွဲထားသည့်ကြိုး ပြတ်နေသည်ကို တွေ့လိုက်ရသည်။ ပြန်ဆက်လိုက်သည်။ လည်မည့်ဘီးကို ကြိုးက ဆွဲထားသဖြင့် မလည်နိုင်တော့။ ပိုက်မှ ရေအကျရပ်သွားပြီ။

ယာခင်းအိမ်ထဲမှာ နေရတာ သူ့အတွက် မသက်မသာကြီး ခံစားရ၏။ လူသူမရှိသည့် အိမ်ထဲမှာ သူ့ကိုယ်သူ တစ္ဆေတကောင်နှယ် ခံစားနေရသည်။ အိမ်ထဲမှာပင် သူ ဆက်အိပ်နေသော်လည်း နေရတာ တမျိုးကြီး ဖြစ်နေ၏။ သူ့အိပ်ရာကို အိမ်ရှေ့ခန်းမှ မီးဖိုခန်းသို့ ပြောင်းလိုက်၏။ အနည်းဆုံးတော့ ပေါက်နေသည့် ခေါင်မိုးမှ ကြယ်ကလေးများကို ကြည့်ရင်း သူအိပ်ခွင့်ရမည် လေ။

နေ့ခင်းဆိုလျှင်တော့ ရေလှောင်ကန်နားမှာ သာ သူ နေတော့သည်။ ဝတ်ထားသည့် အဝတ်တွေ ချွတ်ကာ လျှော်၏။ သစ်ကိုင်းတွေပေါ်မှာ လှန်းရင်း သူကတော့ ရေတဝကြီး ချိုး၏။ အဝတ်တွေ ခြောက်ချိန်အထိ ရေချိုးနေရသဖြင့် သူ့ရေချိုးချိန်က တမေ့တမော။

ခုချိန်မှာ သူ့အမေကို မြေကြီးထဲ ပြန်ပို့ဖို့ အချိန်တန်ပြီဟု သူ ယူဆ၏။

ရေလှောင်ကန်၏ အနောက်ဘက် တောင်တန်းပေါ်ရှိ တောင်ထွတ်တခုပေါ်မှာ သူ တွင်းတခု တူး၏။ တလက်မခန့်တူးပြီးတော့ အောက်မှကျောက်သားခံနေသည်။ သူ အောက်နည်းနည်း ဆင်း၏။ မရသေး။ ကျောက်သားတွေချည်း။ ရေလှောင်ကန်အောက်ဘက်နားမှာ စိုက်ပျိုးမြေဟုယူဆရသည့် မြေပေါ်ရောက်မှသာ တွင်းတူး၍ ရတော့သည်။ တပေခန့်နက်သည့် တွင်းတခု သူ တူးလိုက်သည်။ ပြာထုပ်ကို ထိုတွင်းအတွင်းသို့ သွတ်သွင်း မြှုပ်နှံပြီး အပေါ်က မြေကြီး ပြန်ဖုံးလိုက်သည်။

'မင်းလုပ်တာ မှန်တယ်၊ အမေ ကျေနပ်လိုက်တာ မိုက်ကယ်ရယ်'ဆိုသည့် အမေ့အသံများ လေထဲမှာ ပျံ့လွင့်လာလေမလားဟု မျှော်လင့်ရင်းမျက်စိကို ပိတ်၊ နားကို စွင့်ထား၏။ ဘာသံမှ မကြားရ။ ဘာပဲ ဖြစ်ဖြစ် သူ မဖြစ်မနေ ထမ်းဆောင်ရမည် တာဝန်ကြီးတခုတော့ ပြီးသွားခဲ့ပြီ။ နိဂုံး၏ အဆုံးသည် နိဒါန်း၏ အစ ဖြစ်တတ်သည်ကော။ အမေ့ဘဝနိဂုံးသည် ယာသမား မိုက်ကယ်၏ ဘဝအစ ဖြစ်လိမ့်မည် ထင်၏။ ဖရုံစေ့တွေ၊ ပဲကြီးစေ့တွေ၊ သစ်ကြားစေ့တွေ သူ တွေ့ထားပြီးပြီ။ မိုက်ကယ်သည် အပြင်းအထန် အလုပ်လုပ်၏။ တပတ်ခန့်ကြာသော် ရေလှောင်ကန်နားက မြေပေါ်မှာ သူ မြေပြင်ပြီးပြီ၊ မြောင်းသွယ်ပြီးပြီ။ ပြီးတော့ သူ စုထားခဲ့သည့် အစေ့တွေကို ထိုမြေပေါ်မှာ ကြဲချသည်။ ရွှေပင် ငွေပင်တွေ ပေါက်စေ၊ ရွှေသီး ငွေသီးတွေ သီးစေ။ ထိုသို့ စိုက်နေပျိုးနေသည့် နေ့ရက်တွေမှာ များသောအားဖြင့် သူ လေးခွဖြင့် ပစ်ချ၍ ရသည့် ငှက်သားနှင့်သာ

နှစ်ပါးသွားနေရသည်။

ငှက်တွေ ပစ်ချလိုက်၊ မြေကြီးကို တူးဆွလိုက်နှင့် တနေ့ပြီးတနေ့ ကုန်လွန်သွားသည်။ တနေ့လုံးမှာ သူ အနှစ်သက်ဆုံး၊ အကြည်နူးဆုံးအချိန်ကို ပြပါဆိုလျှင် ညနေစောင်း နေဝင်ဆည်းဆာအချိန်ပင် ဖြစ်၏။ ထိုအချိန်ဆိုလျှင် သူ ရေလှောင်ကန်မှ ရေထွက်ပေါက်ကို ဖွင့်ရင်း ရေတွေ တသွင်သွင် စိုက်ခင်းထဲသို့ စီးဝင်သွားသည်ကို ကြည့်နေကျ၊ ဥယျာဉ်ခြံမြေသည် သူ့ဘဝ။ ဥယျာဉ်လုပ်သား ယာသမားသည် သူ့မွေးရာပါဗီဇဟုတောင် သူ ထင်လာခဲ့သည်။ သူ့ လက်လုပ် မြေတူးဂေါ်ပြားအသွားကို ထက်သည်ထက် ထက်လာအောင် ကျောက်တုံးတတုံးမှာ သူသွေးနေတတ်သည်။ ဂေါ်ပြားက မြေထဲသို့ စီးစီးပိုင်ပိုင် စိုက်ဝင်သွားသည်ကို ခံစားရသည့် အရသာက တုန္ဒိုင်းမမီ။

မကြာမီ အပင်လေးတွေ ပေါက်လာတော့မည်။ သူ့ဘဝကလည်း အဓိပ္ပာယ်ရှိလာတော့မည်။ သူ ပျော်သည်။ အကြီးအကျယ် ပျော်သည်။ သို့သော်လည်း မနက်ခင်း နိုးထလာတိုင်းမှာ ထိုအပျော်တွေ ပျောက်ဆုံးသွားလေ့ရှိသည်။ လူသူကင်းမဲ့သည့် ဤနေရာမှာ ဘယ်သူမှလည်း သူ့ကိုမသိ။ သူကလည်း ဘယ်သူ့ကိုမှမသိဘဲ ဤဖုန်းဆိုးမြေကို နတ်ဥယျာဉ်တမျှ သာယာလှပအောင် ဖန်တီးနိုင်တော့ကော ဘာတွေများ၊ ဘယ်လောက်များ ပျော်စရာကောင်းနေလို့လဲ။ တခါတလေလည်း ပျော်နေရင်းတန်းလန်းက သေချာရေရာခြင်း ကင်းလှသည့် သူ့ဘဝနောင်ရေးကို တွေးကြည့်လိုက်လျှင် ရင်ထဲမှာ နာသလိုလို။ နောင်ရေး ဆိုသည်က သူ့အတွက် ထိလိုက်သည်နှင့် ကျကွဲကြေမွသွားနိုင်သည့် စကားလုံးတခုပမာ။

ဒီလို မိုက်ကယ် တယောက် ဖျိုးကနဲ ဝမ်းသာ၊ ဖျတ်ကနဲ ဝမ်းနည်းနေရင်းက ဖြုန်းကနဲ ကိစ္စတခုအပေါ် စိုးရိမ်လာပြန်သည်။ ဒီနေရာကို သူမရောက်ခင် ဘယ်အချိန်ဘယ်ကာလ လောက်ကတည်းက ပိုက်ထဲမှ ရေတွေ အလဟဿ ဖုံးပေါလအော စီးကျပြီးခဲ့ပြီနည်း။ ဒီလိုနှင့် မြေအောက်မှာ ရေခန်းသွားပြီး ပိုက်မှ ရေမထွက်တော့လျှင် သူ့ဥယျာဉ်ကလေးကို ဘယ့်နှယ်လုပ်ရပါ့။ ထိုအတွေးဝင်လာချိန်မှစ၍ မိုက်ကယ် တယောက် ရေကို တတ်နိုင်သလောက် ချွေတာတော့သည်။ ရေလှောင်ကန်ထဲမှာ ဥယျာဉ်စိုက်ခင်းထဲ စီးဝင်မည့် ရေထွက်ပေါက်ထိ ရေရောက်သည်နှင့် သူ ရေကို ပိတ်ပစ်သည်။ မလိုအပ်ဘဲ ရေကို တစက်မှ အဆုံးရှုံးမခံနိုင်။

ထိုသို့ မိုက်ကယ်၏ ရေ လက်ဝါးကြီးအုပ်မှုကြောင့် ရေလှောင်ကန်နားမှ ရွှံ့အိုင်သည် တဖြည်းဖြည်း ခြောက်သွားပြီး အိုင်ထဲက ဖားတွေ ပိုးလိုးပက်လက်လန်ကာ အနိစ္စသဘောဖြင့် ကိစ္စချောကုန်၏။ ထိုသို့

ချွေတာခြင်းအားဖြင့် မြေအောက်က ရေတွေ ပြန်ပြည့်လာမလားဆိုတာတော့သူ သေချာ မသိ။

တကယ်တော့ ထိုပိုက်မှ ထွက်လာသော ရေသည် ဘယ်ကလာသည်ဆိုခြင်းကိုပင် သူ သေချာ မသိ။ သူ ရပ်နေသည့် မြေကြီးအောက်မှာ ရေကန်ကြီးတကန်၊ စမ်းချောင်းကြီး တချောင်း၊ မြစ်ကြီးတစင်း၊ ဆုံးစမဲ့အောင်နက်ရှိုင်းသည့် မြေအောက် သမုဒ္ဒရာကြီးတခုများ ရှိနေမလား။ ဘီးကိုဆွဲထားသည့် ကြိုးကို ဖြုတ်လိုက်သည်နှင့် ဘီးကလည်ပြီး ပိုက်ထဲကရေထွက်လာသည်မှာ သူ ဘယ်လိုမှ မဖြေရှင်းနိုင်သည့် အံ့ဖွယ်တပါး၊ ပဟေဠိတပုဒ်။ ရေတွေ ထွက်လာတိုင်း သူ ရေလုံးကို လက်ဖြင့် ထိတွေ့ကြည့်မိသည်။ တခါတရံ မျက်စိများ တောင် မှိတ်လို့။

မိုးလင်းက မိုးချုပ် သူ နိစ္စဓူဝ ဤပုံစံအတိုင်း နေထိုင်လှုပ်ရှားနေခဲ့သည်။ ရှင်သန်ဖို့ ခက်ခဲလှသည့် မြို့တော် ကိတ်တောင်း၊ ဘယ်လိုစပြီး ဘယ်သူတွေပါကာ ဘယ်တော့ ဆုံးမည် မသိသည့် စစ်ကြီးနှင့် ဒီယာခင်းအထိရောက်အောင် လာခဲ့ရသည် ခရီးရှည်ကြီး၊ အားလုံးကို သူ မေ့စပြုပြီ။ အရာအားလုံးသည် ခုတော့ အိပ်မက်လေလား ဝိုးတဝါး။ သို့သော်လည်း တနေ့မှာတော့ မွန်းတည့်ချိန် နေ့လယ်စာစားဖို့ သူယာခင်းအိမ်သို့ ပြန်လာချိန်မှာ အမြဲတမ်းပိတ်ထားခဲ့သည့် အိမ်ရှေ့တံခါး ပွင့်နေသည်ကို တွေ့လိုက်ရသည်။ လင်းလှလက်လှသည့် နေရောင်ကြောင့် အိမ်တွင်းမှသဏ္ဍာန်ကို သူ သေချာမမြင်ရ။ အထဲရောက်တော့မှ ထိုသဏ္ဍာန်သည် ကာကီရောင် ယူနီဖောင်းဝတ်ထားသည့် ဖြူဖျော့ဖျော့ ခပ်တုတ်တုတ်လူငယ် တယောက် ဖြစ်မှန်း သူ သေချာတွေ့ရတော့သည်။ ထို လူစိမ်း၏ နှုတ်မှ-

"ခင်ဗျားက ဒီယာခင်းက အလုပ်သမားလား"

ဟူသော စကားများ ထွက်အန်ကျလာသည်။

သူ့လေသံနှင့် အမူအရာက ဒီအိမ်ကို သူပိုင်သလို စီးစီးပိုင်ပိုင် ရှိလှသည်။ မိုက်ကယ် ဘာမှ ပြန်မပြောနိုင်။ အယောင်ယောင်အမှားမှားဖြင့်ခေါင်းကို ညိတ်ပြလိုက်မိသည်။

"ခင်ဗျားကို ကျုပ် မမြင်ဖူးပါဘူး"

"ဩော်... ယာခင်းထဲမှာ ပဲ နေတယ်လား"

"အိမ်က အခြေအနေ အတော် ဆိုးတယ်နော်"

"မီးဖိုခန်းက ဒီလို ပျက်စီးနေတာ ကြာပြီလား"

မေးခွန်းတွေ ဆက်တိုက်မေးနေသော လူစိမ်းကို ကြည့်ရင်း သူဘာပြန်ဖြေရမည် မသိ။ လူစိမ်းကလည်း မိုက်ကယ်၏ ယုန်နှုတ်ခမ်း ထော်လန်လန်ကို စူးစိုက်ကြည့်နေခဲ့သည်။

"ကျုပ် ဘယ်သူလဲဆိုတာ ခင်ဗျား မသိဘူးထင်တယ်။ ကျုပ်ကဒီယာခင်းပိုင်ရှင် ဗစ်စကီးရဲ့ မြေးပါ"

ဟု သူ့ကိုယ်သူ မိတ်ဆက်လိုက်သည်။

****

မိုက်ကယ်သည် အိမ်ကြီးရှင် ဗစ်စကီးအတွက် ယာခင်းအိမ်ကို ပေးအပ်ကာ သူ့ပစ္စည်းလေးများကို ယူဆောင်ရင်း တောင်ခြေရှိ အိမ်ကလေးများ သို့ပြောင်းရွှေ့လာခဲ့သည်။ သူ စိတ်ဓာတ်တွေလည်း ကျနေသည်။ မျှော်လင့်ချက်မဲ့ ဘဝမျိုးကို ပြန်ရောက်ရတော့မည်လားဆိုသည့် စိုးရိမ်စိတ်က အချိန်နှင့် စက်ကာ သူ့ကို နှိပ်စက်နေ၏။ သူ တတ်နိုင်သမျှတော့ ထိုစိုးရိမ်စိတ်တို့ကို တွန်းလှန်ပါသည်။ တိုက်ခိုက်ပါသည်။ ယာခင်းရှင် ဗစ်စကီးမြေးသည် တရက်၊ နှစ် ရက်လောက် နေပြီးလျှင် ပြန်ချင်ပြန်မှာ ပေါ့။ ဒီနေရာမှာ သူ့အတွက် ဘာမှ နေချင်စရာမကောင်းမှန်း မကြာခင် သူ သိလာလိမ့်မည်။ ထိုအခါ ပြန်ချင်စိတ်တွေ တဖွားဖွား ပေါ်လာလိမ့်မည်။ ပြီးရင်တော့ ကျိန်းသေပေါက် သူ ပြန်လိမ့်မည်ဟုတ်သည်။ သူ၏ လမ်းကား ပြန်လမ်း။ ငါ၏ လမ်းကား နေလမ်း။ စိုးရိမ်စရာ တစိမှ မရှိ။ ပျော်ပျော်နေပါဘိ မိုက်ကယ်။

သို့သော် သို့သော်လည်း မဟာပထဝီမြေကြီး အက်ကွဲ၍ ငရဲပြည်ကတက်လာသလို ဘွားကနဲ ပေါ်လာသည့် ထို ဗစ်စကီးမြေးဆိုသူက သူ ထင်သလို ပြန်မည် ပုံမပေါ်။ ထိုနေ့ညနေက မိုက်ကယ် တယောက် တောင်ခြေမှာ မီးမွှေးကာ ညစာအတွက် မြေလူးငှက်နှစ်ကောင်ကို ကင်နေစဉ် ငနဲသားက သူရှိရာသို့ ပေါက်ချလာခဲ့သည်။ စားပါဦးလားဆိုတော့ ဟန်ဆောင်ပန်ဆောင်ပင် မငြင်းဘဲ ကမ္ဘာဦးကတည်းက ငတ်လာသူ တယောက် လိုသူ့ငှက်ကင်ကို တဖြဲနှစ်ဖြဲ ယူစား၏။ နှစ်ယောက်လုံး မဝကြ။ စားပြီးသည့်နောက် ဗစ်စကီးမြေးက သူ၏ ဖြစ်ကြောင်းရယ်ကုန်စင်ကို မိုက်ကယ့်ထံ ဖော်သည်ချတော့သည်။ သူက ဒီလို စပြော၏။

"ခင်ဗျား ပရင့်စ်အဲလ်ဗတ်ကို သွားခဲ့ရင် ကျွန်တော် ဒီမှာ ရှိနေတယ်ဆိုတာ ဘယ်သူ့မှ မပြောမိစေနဲ့နော်"

ထို့နောက်မှာတော့ သူသည် စစ်တပ်ထဲမှ ထွက်ပြေးလာသည့် စစ်ပြေးဖြစ်ကြောင်း။ ကရင်ဒ်ဖောင်တိန်ရှိ တပ်သားစုဆောင်းရေး စခန်းမှ မနေ့ညနေက ထွက်ပြေးလာကြောင်း။ တညလုံး လမ်းလျှောက်ရင်း နောက်ဆုံးငယ်ငယ်က ရောက်ဖူးသည့် အဘိုး၏ ယာခင်းကို သတိရ၍ ဤနေရာသို့ ရောက်လာခြင်း ဖြစ်ကြောင်း ဇာတ်စုံခင်း၏။

"ငယ်ငယ်တုန်း ကတော့ ခရစ်စမတ်နေ့တိုင်း ကျွန်တော် တို့မိသားစုတွေ ဒီယာခင်းအိမ်လေးမှာ ဆုံကြတယ်ဗျ၊ မိသားစုကများတော့ တယောက်ပြီး တယောက် လာလိုက်ကြတာ အိမ်တလုံး အပြည့်အသိပ်ပဲ ဆိုပါတော့။ အဘွားကလည်း သိပ်ကို ဟင်းချက်ကောင်းတာ၊ စားပွဲကြီးတလုံးအပြည့် စားစရာတွေကို ကျွန်တော်တို့ကလည်း တစက်မကျန် တွယ်ကြတာပဲ။ သိုးသားရိုစ့်များဆို ခင်ဗျား စားမိရင် လျှာလည်သွားမယ်၊ ကောင်းလိုက်တာဗျာ"

မိုက်ကယ်သည် မီးပုံကို ဆွနေရင်း ဗစ်စဂီးမြေး၏ စကားသံကိုမကြားတချက်၊ ကြားတချက်။ သူ့ခေါင်းထဲမှာတော့ အတွေးတွေ ဝိုင်းဝိုင်းလည်လျက်။ ပိုင်ရှင်မရှိတဲ့ ယာခင်းတခုလို့ ထင်တလုံးနဲ့ ယာပိုင် ဖြစ်ချင်တဲ့ကောင်၊ ခု အမှန်တွေကို သိနေရပြီမဟုတ်လား၊ မင်း သိပြီလား၊ မှတ်ပြီလား၊ သင်ခန်းစာရပြီလား မိုက်ကယ်။

ဗစ်စဂီးမြေးဆိုသူသည် ပြောရင်းပြောရင်း မာန်ပါလာခဲ့သည်။ တကယ်က သူ တပ်ထဲရောက်နေတာ ကြာပြီ။ သွေးအားနည်း ရောဂါနှင့် နှလုံးရောဂါ ရှိသည်ဟု အကြောင်းပြကာ နောက်တန်းရှိ လစာပေးဝေရေး ဌာနမှာ တပ်သားစာရေး လုပ်နေခဲ့၏။ ခုတော့ ရောဂါ တွေကိုမှ မထောက်၊ သူ့ကိုရှေ့တန်းပို့သတဲ့။ သာတူညီမျှ ပေါ်လစီအရ နောက်တန်းမှာ နေသူတွေလည်း တလှည့် ရှေ့တန်းသို့ သွားကြတဲ့။ နောက်တန်းမှာ အလကားနေနေကြသည်ဟု မှတ်နေရော့သလား မသိ။ လစာဌာနမရှိဘဲ စစ်တိုက်၍ ရသည်ထင်နေကြလား မသိ။ ဘယ်လိုပဲဖြစ်ဖြစ် ခု သူ ထွက်ပြေးလာခဲ့ပြီ။ ရဲတွေရော စစ်တပ်ကပါ သူ့ကို တွေ့ရာသချိုင်း ခားမဆိုင်းဘဲ မြေလှန်ရှာတော့မည်။ ထို့ကြောင့် သူ ဒီမှာရှိနေသည်ဆိုတာကို မည်သူမှ အသိမခံနိုင်။ မိုက်ကယ်သည် ဘာမှ မသိနားမလည်သည့် ငတူအေတကောင်လို နေပေးခြင်းအားဖြင့် သူ့ကို ကူညီရမည်။ ပုန်းဖို့ခိုဖို့ရန်အတွက် ယာခင်းသည် အကောင်းဆုံးဖြစ်သည်။ သူ ဘယ်မှာ ပုန်းနေသလဲဆိုတာကို မိုက်ကယ်အပါအဝင် ဘယ်သူမှ မသိလျှင် အကောင်းဆုံး။

မနက်ဖြန်ကစ၍ သူ ပုန်းဖို့နေရာကို သူ့ဘာသာ ပြုလုပ်မည်။ ထို့အတွက် မိုက်ကယ်က လွှတွေ ဘာတွေ ရှာပေးရမည်။ ကောင်းလှပါပြီ။ မိုက်ကယ် သဘောတူလိုက်သည်။

ဇစ်စဂီးမြေးက-

"ခင်ဗျားမှာ စားစရာ ဒါ အကုန်ပဲလား" ဟု မေး၏။ ထို့နောက်-

"အင်း... ခင်ဗျား အာလူးတို့၊ ကြက်သွန်တို့၊ ပဲတို့ စိုက်သင့်တယ်၊ ဒီမြေက သိပ်ကောင်းတာ၊ ရေမှန်မှန်ရလို့ ကတော့ ဘာအပင်မဆို ပေါက်တယ်၊ ခင်ဗျား ဘာမှ မစိုက်ဘဲ ဒီအတိုင်းနေတာ အံ့ဩပါရဲ့" တဲ့။

မိုက်ကယ်သည် သူ့ကို ဘာမှ ပြန်ပြောချင်စိတ် မရှိ။ ငါ ဘာတွေ စိုက်ထားလဲဆိုတာ ရေလှောင်ကန်ကြီး သိပါတယ်ကွာဟု စိတ်ထဲမှ မြည်တမ်း ကြွေးကြော်၏။ ဇစ်စဂီးမြေးက ဒီမှာ မရပ်သေးဘဲ ဆက်ပြောပြန်၏။

"ခင်ဗျားလိုလူမျိုး ရထားတာ အဘိုးတို့ ကံကောင်းတာပေါ့။ ခုခေတ်မှာ စိတ်ချရတဲ့ ယာခင်းအလုပ်သမား အတော် ရှားတယ်၊ ခင်ဗျားနာမည် ဘယ်လိုခေါ်လဲ"

"မိုက်ကယ်ပါ"

အမှောင်သည် သူတို့နှစ် ဦးကို ရစ်ဝိုင်းထားခဲ့ပြီ။

ဇစ်စဂီးမြေးကပတ်ဝန်းကျင်ကိုကြည့်ရင်း-

"ခင်ဗျားမှာ ဓာတ်မီးရှိလား" ဟု မေး၏။

"ဟင့်အင်း"

လရောင် အောက်တွင် မပီဝိုးတဝါး အရိပ်တရိပ်အဖြစ် ဇစ်စဂီးမြေးယာခင်းအိမ်သို့ ပြန်သွားခဲ့သည်ကို မိုက်ကယ် ငေးနေခဲ့သည်။ ဒီလိုနှင့် တမိုးသောက်ခဲ့ပြန်သည်။ ခုတော့ မိုက်ကယ့်မှာ လုပ်စရာအလုပ် မရှိပြန်လေတော့။ ရေလှောင်ကန်အနီးမှ သူ့စိုက်ခင်းသို့ သွားချင်လှသော်လည်း သူပုန်းနေတာကို ဘယ်သူမှ မမြင်စေချင်ဘူးဆိုသည့် ဇစ်စဂီးမြေး၏ မနေ့ညက စကားကြောင့် သူ သွားဖို့ခက်နေခဲ့သည်။ မိုက်ကယ်သည် အိမ်ပေါက်စကလေးထဲမှာ ဟိုဘက်လှည့်လိုက်၊ ဒီဘက်လှည့်လိုက်နှင့် ပျင်းကြောဆွဲရင်း နေခဲ့ရသည်။

မကြာခင် တောင်ကုန်းကိုကျော်ကာ သူ့ဆီလာနေသည့် ဇစ်စဂီးမြေး၏ ဝဖိုင့်သည့်သဏ္ဍာန်ကို သူ မြင်ရသည်။ ကောင်လေးကြည့်ရတာ သူ့ထက်ဆယ်နှစ်ခန့် ငယ်သည် ထင်ပါရဲ့။ နှလုံးအားနည်းသည် ဆိုတာလည်း ဟုတ်ပုံရသည်။ တောင်တက်လာသည့် ကောင်လေးကို ကြည့်ရတာ ရှူးရှူး ရှဲရှဲနှင့်

ဟပ်ထိုးလိုက်အောင် မောနေခဲ့သည်။ ဗစ်စဂီးမြေးသည် မိုက်ကယ့်ကိုတွေ့တွေ့ချင်း-

"မိုက်ကယ်၊ စားစရာ ဘာမှ မရှိဘူး"ဟု ညည်းတွား၏။

"ခင်ဗျား မြို့ထဲ မသွားဘူးလား၊ ဈေးလေး ဘာလေး မဝယ်ဘူးလား"

ကောင်လေးသည် မိုက်ကယ့်အဖြေကို မစောင့်တော့ဘဲ အိမ်ထဲဇွတ်ဝင်ကာ အတွင်းသို့ လှမ်းကြည့်၏။ ဘာစားစရာတွေများ ဝှက်ထားသလဲဆိုသည့် ပုံစံမျိုးနှင့်ပေါ့။

"အဖိုးတို့က ခင်ဗျားကို ဘယ်လောက်ပေးသလဲ မိုက်ကယ်"

အင်း- ကောင်လေးကြည့်ရတာ သူ့ကို ဘာမှနားမလည်သည့် နလပိန်းတုံးလို့ တထစ်ချ ယူဆထားပြီးပုံ ပေါ်သည်။ တိရစ္ဆာန်အရိုင်းတကောင်လို တွေ့ရာအိပ်၊ ငှက်တွေ ပစ်စား၊ ကင်းလိပ်ချောတွေ ဖမ်းပြီးကင်စား၊ ပိုက်ဆံဆိုတာ နားမလည်သည့် သတ္တဝါဟု ထင်နေပုံရသည်။ ငါ့အကြောင်း ပြရသေးတာပေါ့။

"နှစ် ရမ်ပါ၊ တပတ်ကို နှစ် ရမ် ပေးပါတယ်"

"အဘိုးတို့၊ အဘွားတို့ သတင်းကော ဘာကြားသေးလဲ၊ သူတို့မလာတာ ကြာပြီလား"

မသိ၊ မိုက်ကယ့်မှာ အဖြေမရှိ၊ မသိချင်ယောင်ဆောင်နေလိုက်သည်။

"ခင်ဗျားကြည့်ရတာ ပရင့်စ်အဲလ်ဗတ် ကတော့ ဟုတ်ပုံ မရဘူး"

"ကျွန်တော် နေရာအနှံ့ရောက်ဖူးတယ်။ ဒီနေရာကိုတော့ ကိတ်တောင်းကနေ လာခဲ့တာ"

မိုက်ကယ်သည် တဝက်မှန်၍ တဝက်မှားသော စကားကို ဆို၏။ ဗစ်စဂီးမြေးက ကျီးကြည့်ကြောင်ကြည့် ကြည့်ရင်း-

"ယာထဲမှာ သိုးလေး၊ ဆိတ်လေး မမွေးထားဘူးလား၊ မနေ့ကတော့ ဆိတ်အုပ်တအုပ် တွေ့လိုက်သလိုပဲ။ ရေလျှောင်ကန်နောက်မှာ လေ" ဟု ပြောကာ နာရီကို ကြည့်လိုက်ပြီး-

"သွားကြစို့ မိုက်ကယ်၊ ခင်ဗျားနဲ့ ကျွန်တော် ဆိတ်သွားရှာရအောင်" ဟု အဖော်ညှိ၏။

မိုက်ကယ်သည် သူ့လက်ချက်ဖြင့် မရှုမလှ အသက်ထွက်သွားသည့်ရေအိုင်ထဲက ဆိတ်မကို မျက်စိထဲ မြင်ယောင်လာ၏။

"အဲဒီ ဆိတ်တွေ က အရိုင်းတွေ၊ ခင်ဗျား ဘယ်တော့မှ ဖမ်းလို့ရမှာ မဟုတ်ဘူး"

"လာပါဗျ၊ နှစ်ယောက် ညှပ်ဖမ်းရင် ရပါတယ်၊ ရေလှောင်ကန်နားမှာ စောင့်ဖမ်းကြမယ်လေ"

"ဆိတ်တွေက ညကျမှ ရေလှောင်ကန်နား လာကြတာ၊ နေ့လယ်ပိုင်းဆို တွေ့မှာ မဟုတ်ဘူး"

အင်း သေနတ် တခါမှ မကိုင်ဖူးတဲ့ ဘုရားစူး မိုးကြိုးပစ် စစ်သားကောင်လေးကတော့ ယာခင်းထဲမှာ စွန့်စားခန်းဖွင့်ဖို့ စိတ်ကူးတွေ ယဉ်နေလေပြီ။

"ဆိတ်တွေကို ထားလိုက်ပါဗျာ၊ ခင်ဗျားစားဖို့ ကျွန်တော် တခုခုစီစဉ်ပေးပါ့မယ်"

ယာခင်းအိမ်ဘက်မှ လွတိုက်သံ၊ တူထုသံတွေ ကြားနေရသည်။ မိုက်ကယ်သည် လောက်လေးခွကိုင်ကာ ငှက်ပစ်ထွက်၏။ တနာရီခန့်ကြာတော့ စာကလေးသုံးကောင်နှင့် စနိုက်တကောင် ပစ်၍ ရသည်။ ယာခင်းအိမ်သို့ ငှက်တွေ ကိုင်ပြီး သူ လျှောက်လာခဲ့သည်။ အိမ်ရှေ့တံခါးကို သူခေါက်လိုက်၏။ ချွေးသံတရွှဲရွှဲနှင့် ဗစ်စင်္ဂီးမြေးက တံခါးလာဖွင့်ပေး၏။

"ကောင်းလိုက်တာဗျာ၊ တခါတည်း အမွေးနုတ်ပေးသွားပါလား၊ ကျွန်တော် တော်တော် ဆာနေပြီ"

မိုက်ကယ်သည် ဗစ်စင်္ဂီးမြေးကို တချက်ကြည့်လိုက်သည်။ အားနာလို့ လိုက်လျောတာကို သူက 'အ' တယ်ထင်နေပြီ။ အကြောင်းသိအောင်တော့ ပြချေဦးမှ ဖြစ်တော့မည်။

"ငှက်ကလေးတွေ က သေးသေးလေးတွေ၊ အမွေးနုတ်လိုက်ရင် စားစရာတောင် ကျန်ပါတော့မလား။ ခင်ဗျားကြည့်ရတာလည်း အတော် အသန့်ကြိုက်တယ်ထင်တယ်နော်၊ လက်သန်းလေးတချောင်းတောင် ညစ်ပတ်ချင်ပုံ မရဘူး"

ဒီမှာပင် စကားမပီကလာနှင့် နှုတ်ခမ်းကွဲနေသည့် ယာတောကျွန်က သူ့ကို

ခွပ်ပြီဆိုတာကို ဗစ်စဂီးမြေး အတပ်သိလိုက်သည်။ ဒေါသက ဆောင့်တက်လာ၏။

"ခင်ဗျား ဘာစကားပြောတာလဲ။ ခင်ဗျား သောက်စကားက ဘာအဓိပ္ပာယ်ရှိလဲဆိုတာ ကိုယ့်ဟာကိုယ်ကော သေချာသိရဲ့လား။ ထားခဲ့၊ ကျုပ်ဟာကျုပ် လုပ်မယ်"

ကောင်းသည်။ မိုက်ကယ် လိုချင်တာ ဒါပဲ။ ငှက်တွေကို ပစ်ချကာသူ ထွက်လာခဲ့သည်။

အလို သူ့ယာခင်းကလေးထဲမှာ ဖရုံရွက်ကလေးတွေ ဟိုမှာ တရွက်၊ ဒီမှာ တရွက် မြေကြီးထဲမှ တိုးထွက်လာပါပကော။ မိုက်ကယ်သည် နောက်ဆုံးအကြိမ်အဖြစ် သူ့ယာခင်းကလေးထဲသို့ ရေသွင်းလိုက်သည်။ မျိုးစေ့လေးတွေ၊ ငါ့သား၊ ငါ့သမီးလေးတွေ၊ ငါ့ကို အလိုအပ်ဆုံး အချိန်ကျတော့မှ ငါ သူတို့ကို ထားခဲ့ရတော့မှာ ပါလား။ သူ့စိုက်ခင်းကလေး ရေဝသွားချိန်အထိ မိုက်ကယ်သည် ရေကို ရက်ရက်ရောရော ဖွင့်ချလိုက်သည်။ နောက်ဆို ထိုအခွင့်အရေးကို သူ မရနိုင်တော့။

သူယူထားခဲ့သည့် ရေကရားလေးလုံးကို ယာခင်းအိမ်ရှေ့မှာ သူသွားပြန်ထားသည်။ ဗစ်စဂီးမြေးသည် အဝေးသို့ ငေးနေ၏။ အတန်ကြာအောင် တိတ်ဆိတ်နေပြီးမှ-

"ဒီမှာ မိုက်ကယ်" ဟု သူ ခေါ်လိုက်သည်။

"ကျွန်တောတ်က ခင်ဗျား အလုပ်ရှင်တော့ မဟုတ်ပါဘူး။ ခင်ဗျားဒီမှာ နေတာကိုလည်း ကျွန်တော် မကန့်ကွက်ပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့ အလုပ်တူတူလုပ်ဖို့တော့ လိုတယ်ဗျာ၊ နို့မို့ရင်တော့..."

သူက မိုက်ကယ့်ကို အဓိပ္ပာယ်ပါပါဖြင့် တချက်ကြည့်လိုက်သည်။ သူ ဘယ်လိုစကားလုံးတွေ သုံးပြီး ပြောနေနေ၊ ဗစ်စဂီးမြေးသည် သူ့ကို အကျပ်ကိုင်နေပြီဆိုခြင်းကို မိုက်ကယ် ကောင်းကောင်းသိသည်။ မိုက်ကယ်ခေါင်းငုံ့ထားသဖြင့် သူ့အကြည့်တွေက ဗစ်စဂီးမြေး စီးထားသော အညိုရောင် သားရေဖိနပ်တွေကို မြင်နေရသည်။ ကောင်းလိုက်သည့် ဖိနပ်တွေ၊ ဒီလို ဖိနပ်မျိုး ခုဘယ်မှာမှ ဝယ်၍ ရမည် မထင်။

"အဲဒီတော့ ခင်ဗျား ကျွန်တော့်အတွက် ပရင့်စ်အဲလ်ဗတ်မြို့ထဲကို သွားပေးပါ။ ကျွန်တော် လိုအပ်တာတွေ ရေးပေးလိုက်မယ်၊ ပိုက်ဆံလည်းယူသွား၊ အဲဒီထဲက တချို့ကို ခင်ဗျားအတွက် ပေးမယ်။ မြို့ထဲရောက်ရင် ဘယ်သူနဲ့မှ

စကားမပြောမိစေနဲ့။

ဘယ်သူ ဝယ်ခိုင်းလိုက်တာလဲလို့ မေးရင်လည်း ဘာမှမဖြေနဲ့။ ပစ္စည်းတွေကို တဆိုင်တည်းက မဝယ်နဲ့၊ ခွဲဝယ်၊ ပြီးတာနဲ့ ချက်ချင်း ပြန်လာခဲ့၊ နားလည်လား"

မိုက်ကယ် ဘာမှ မပြောဘဲ ခေါင်းညိတ်ပြလိုက်သည်။ ဗစ်စဂီးမြေးက ဆက်ပြောပြန်၏။

"မိုက်ကယ်၊ ခု စစ်ဖြစ်နေတာ သိတယ်မဟုတ်လား၊ လူတွေလည်း အများကြီး သေကုန်ကြပြီ၊ ကျွန်တော် အေးအေးဆေးဆေးပဲ နေချင်တယ်ဗျာ၊ ဘယ်သူနဲ့မှ ပဋိပက္ခ မဖြစ်ချင်ဘူး၊ ယာခင်းထဲမှာ ခင်ဗျားနဲ့ ကျွန်တော် နှစ်ယောက်တည်းရယ်၊ ဒီတော့ တယောက်နဲ့ တယောက် မနှောင့်ယှက်ဘဲ ငြိမ်းငြိမ်းချမ်းချမ်း နေကြပါစို့ရဲ့ ဗျာနော်၊ ခင်ဗျားသိတဲ့အတိုင်း ကျွန်တော်ဟာ စစ်ပြေး တယောက်၊ ခု ကျွန်တော့်ကို သူတို့ လိုက်ရှာနေကြတုန်း ဒီမှာ လုံလုံခြုံခြုံလေး ပုန်းနေချင်တယ်၊ ခင်ဗျား ကျွန်တော့်ကို ကူညီပါဗျာ၊ နို့မို့ရင်တော့ ခင်ဗျားရော၊ ကျွန်တော် ရော နောင်ရေး မအေးနိုင်ဘူးဗျနော်"

ဗစ်စဂီးမြေး ရေးပေးလိုက်သည့် စာရင်းစာရွက်နှင့် ငွေသား ရမ်လေးဆယ်ကို ယူပြီး မိုက်ကယ် ယာခင်းကို စွန့်ခွာလာခဲ့သည်။ လမ်းဘေးမှာ သံဘူးဟောင်းတလုံးတွေ့၍ စာရွက်နှင့် ငွေလေးဆယ်ကို သံဘူးထဲထည့်ပြီး ယာခင်းထိပ်မှ ကျောက်တုံး တတုံးအောက်မှာ ထားလိုက်သည်။ ထို့နောက်မှာတော့ ဗစ်စဂီး ယာခင်းကို သူ အပြီးအပိုင် စွန့်ခွာလာခဲ့တော့သည်။ သူ ဦးတည်ရာနေရာက တောင်တန်းများ ဆီ။

မွန်းတည့်ချိန်လောက်မှာ တောင်ကို သူ စတက်သည်။ ပရင့်စ်အဲလ်ဗတ် မြို့ကလေးမှ အိမ်ဖြူဖြူလေးတွေသည် ဟိုးနောက်ဘက်မှာ ကျန်ရစ်ခဲ့ပြီ။ သူ မရပ်မနား ဆက်တိုက် တက်လာသည်မှာ မှောင်စပျိုးချိန်အထိ။ အေးလာသဖြင့် အမေ့ သားမွေးကုတ်အမည်းကြီးကို ဝတ်ရင်း သူ ဆက်တက်သည်။

သူ အိပ်ဖို့နေရာရှာ၏။ အရင်က လူနေသွားပုံပေါ်သည့် ကျောက်ဂူတခုကို တွေ့၏။ ကျောက်တုံး မီးဖို၊ မြက်ခင်း အိပ်ရာတို့ပင် သူ့အတွက်ရေကန်အသင့် ကြာအသင့် ရှိနေသေး၏။ သူ မီးဖိုလိုက်သည်။ ဂူထဲမှာ တွေ့ရသည့် ကံဆိုးသူ ဖွတ်ငယ်တကောင်ကို သူ ကျောက်တုံးဖြင့် ထုသတ်ပြီး မီးဖုတ်စားလိုက်၏။ နက်ပြာရောင် ကတ္တီပါကောင်းကင် နောက်ခံကားမှာ ဘော်ကြယ်ကလေးတွေ တလက်လက် တောက်ပလာခဲ့ပြီ။ မိုက်ကယ်သည် ပေါင်ကြားထဲသို့ လက်နှစ်ဖက်ထည့်ကာ ကွေးကွေးလေးအိပ်၏။ ဗစ်စဂီး၏ မြေး ဆိုသူအကြောင်း သူ

စဉ်းစား၏။

အလကားကောင်။ ပါးစပ် က ချိုချိုလေးပြောပြီး ငါ့ကို ခိုင်းစားဖို့ကြံနေတာ ငါ သိတာပေါ့။

သို့သော် မနက်ဖြန်၊ သန်ဘက်ခါလောက်ဆိုလျှင် ထိုကောင်လေးကို သူ မေ့သွားတော့မည်မှာ သေချာ၏။ သူ သတိရနေမည်က လုပ်လက်စ သူ့ယာခင်းကလေးကိုသာ ဖြစ်လိမ့်မည်။

မိုက်ကယ့်မျက်လုံးထဲမှာ ဖရုံညွန့်ကလေးတွေ မြေကြီးထဲမှ တိုးထွက်နေသည်ကို မြင်ယောင်နေမိသည်။ မနက်ဖြန်အထိပါပဲလေ။ မနက်ဖြန်ဆိုသူတို့ ရေငတ်ပြီ။ နောက်တနေ့ဆိုလျှင် သူတို့ ဆက်လက်ရှင်သန်စရာ အကြောင်းမရှိတော့။ ခုနေ တောင်ပေါ်ကဆင်းပြီး တလမ်းလုံး မရပ်ဘဲ ယာခင်းကို ပြေးသွားရင်တောင် သူတို့ကို ကယ်နိုင်စရာအကြောင်း မရှိတော့။ ခုမှ မြေကြီးကို ဖောက်ထွက်ပြီး ဘဝတခုစဖို့ အားယူနေရှာကြတဲ့ ကလေးလေးတွေ။ မိုက်ကယ့် ရင်ထဲမှာ နာလာသည်။ ခုမှ သူ့ယာခင်းလေးကို သူ ဘယ်လောက် သံယောဇဉ် အမျှင်တန်းနေသလဲဆိုတာ သိရတော့သည်။ သို့သော်လည်း ဒီလို စောစော ဖြတ်ထားလိုက်တာကလည်း တမျိုးတော့ ကောင်းသည်။

ဂူဝမှာ သူ တနေကုန် ထိုင်နေခဲ့သည်။ ဗိုက်ထဲက ဆာသလိုလိုရှိသော်လည်း သူ ဂရုမစိုက်။ တိတ်ဆိတ်ငြိမ်သက် အေးချမ်းနေသည့် လောကကို သူ ငေးနေ၏။ ခဏနေတော့ သူ အိပ်ပျော်သွားပြန်သည်။ အိပ်မက်ထဲမှာ အဝေးပြေးလမ်းမကြီး တလျှောက် သူ လေအဟုန်လို လျင်မြန်စွာ ပြေးနေ၏။ သူ့နောက်ကို အမေ့အား တင်ဆောင်ခဲ့သည့် တွန်းလှည်းကြီးက ဒုံးပျံတစင်းပမာ လိုက်နေ၏။

သူရောက်နေသည့် တောင်တန်းပေါ်က ကျောက်ဂူဝမှာ မြင့်လွန်းသဖြင့် မွန်းတည့်ချိန်တိုင်သည်ထိ နေရောင်ကို မတွေ့ရသေး။ ထို့ကြောင့်လည်း မိုက်ကယ်သည် ခိုက်ခိုက်တုန်အောင် ချမ်းနေခဲ့သည်။ သူ တောင်ပေါ်ဆက်တက်၏။ တန်းတန်းမတ်မတ် တဖြောင့်တည်းတော့ တက်၍ မရ။ မြွေလိမ်မြွေကောက် တက်ရ၏။ တောင်ခါးပန်းမှ သူ လှမ်းကြည့်တော့ ကရူးလွင်ပြင်တခုလုံးကို ဆီးမြင်ရသည်။ ပရင့်စ်အဲလ်ဗတ် ကတော့ ဟိုးမိုင်ပေါင်းများစွာ အဝေးမှာ။ ဂူအသစ်တခုကို သူ တွေ့၏။ နေဖို့ထိုင်ဖို့အိပ်စက်ဖို့ သူ ပြင်ဆင်၏။

ခုဆိုရင် လူ တယောက် အဖို့ လုပ်နိုင်သမျှ အစွမ်းကုန် ငါလုပ်ခဲ့ပြီးပြီ။ ဒီလောက်မြင့်တဲ့နေရာထိ ငါ့ကို ရှာဖို့ ဘယ်သူမှ ရောက်မလာနိုင်ဘူး။ ငါဘယ်မှာ ရှိနေတယ်ဆိုတာကို တလောကလုံးမှာ ငါ တယောက် ပဲ သိတော့တယ်။ ငါ့ကိုယ်ငါတောင် ပျောက်ဆုံးနေတဲ့ လူ တယောက်လို့ စိတ်ထဲမှာ ထင်လာမိတယ်။

အမှန်တကယ်လည်း အရာအားလုံးသည် မိုက်ကယ့်နောက်တွင် ကျန်ရစ်ခဲ့ပြီ ဖြစ်သည်။ သူ့အတွက် နေ့နှင့်ညသည် ဘာမှ ထူးထူးခြားခြား အဓိပ္ပာယ်မရှိ။ သူ့ကိုယ်သူ ကျောက်ဆောင်ပေါ်သို့ ကုပ်တွယ်တက်နေသည့် ခြတကောင်လို့ ထင်ချင်ထင်နေခဲ့သည်။

အသက်ဆက်ရှင်နေတာကလွဲလို့ ဘာမှ လုပ်စရာမရှိသည့် နေရာတခုကို သူ ရောက်နေခဲ့ပြီ။ ကျောက်ရုပ်ကြီးတရုပ်လို တစိုးတစိမှ မလှုပ်ရှားဘဲ ထိုင်နေခဲ့သဖြင့် ငှက်တွေတောင် သူ့ပခုံးပေါ် လာနားကြမလားဟု သူ အောက်မေ့နေသည်။

အရုပ်မြို့ကလေးတွေမှာ ပုရွက်ဆိတ်လောက် ယာဉ်လေးတွေ သွားနေကြသည်ကို သူ အပေါ်စီးမှ မြင်နေရသည်။ သို့သော် ဘာသံမှ မကြားရ။ ရှေ့ဆက် ဘာဖြစ်မည်ကို သူ လုံးဝမသိ။ သူ့ဘဝတခုလုံးသည် တကယ်တော့လည်း ဘာမှ စိတ်ဝင်စားစရာကောင်းတာ မရှိခဲ့။ သို့သော် အရင်တုန်းက အနည်းဆုံး တစုံတယောက် ကတော့ ရှေ့ဆက် သူ ဘာလုပ်သင့်သည်ဆိုခြင်းကို ပြောလေ့ဆိုလေ့ ရှိခဲ့သည်။ ခုတော့ ဘယ်သူမှ မရှိ။ ဆိုတော့လည်း စောင့်ကြည့်ရုံသာ ရှိတော့၏။

တခါတုန်းက အလုပ်လုပ်ခဲ့သည့် ဝိန်းဘတ်ခ် ပန်းခြံဆီသို့ အတွေးများက ရောက်သွားခဲ့ပြန်သည်။ ကလေးတွေကို ပန်းခြံထဲမှာ ကစားဖို့လိုက်ပို့ကြသည့် ငယ်ငယ်ချောချော အမေများ၊ သစ်ရိပ်ဝါးရိပ်အောက်မှာ ယှဉ်တွဲ လဲလျောင်းရင်း ကယုကယင် ချစ်ခွန်းဖွဲ့သီနေကြသည့် စုံတွဲများ၊ ရေကန်ထဲ ကူးခတ်နေကြသည့် ညိုဝါရောင် ဘဲကလေးများ။

ဝိန်းဘတ်ခ်ပန်းခြံထဲမှ မြက်များသည် စစ် ဖြစ်နေသည့်အတွက် အလိုက်တသိဖြင့် ရှည်ထွက်ခြင်းကို ရပ်ဆိုင်းလိုက်တာမျိုး မရှိခဲ့။ သစ်ကိုင်းတွေမှာ တွဲရွဲခိုနေကြသည့် ရော်ရွက်ဝါတို့သည်လည်း စစ်ပွဲကြောင့် မကြွေဘဲမနေ။ စစ်ကြီးဖြစ်နေသဖြင့် ပန်းခြံလာပရိသတ်အပေါင်းမှာ မြက်ပင်ရှည်ရှည်တွေ၊ သစ်ရွက်ကြွေတွေကို မလှည်းမကျင်းဘဲ ဒီအတိုင်းထားသည်ကို ခွင့်လွှတ်ကြသလား။ ဝေးသေးသည်။ သူ ကြားဖူးသည်က မြေကြီးသည် အဖိုးတန်ဓာတ်သတ္တုများဖြင့် ပြည့်နှက်နေသည်တဲ့။ ဒီအဆိုက ဝိန်းဘတ်ခ်ပန်းခြံမှာ မမှန်နိုင်။ မယုံလျှင် ပန်းခြံထဲမှနေ၍ ကမ္ဘာမြေ အလယ်ဗဟို ရောက်သည်အထိ တူးကြည့်၊ သစ်ရွက်ဆွေးတွေကိုသာ တွေ့ရလိမ့်မည်။

သို့သော် ထိုကဲ့သို့သော မြေမျိုးကို သူ ချစ်သည်။ နှစ်သက်သည်။ မြတ်နိုးသည်။ ခုတော့ ထိုပတ်ဝန်းကျင်နှင့် သူ အဝေးကြီးဝေးခဲ့ရပြီ။ အကယ်၍သာ လောကတွင် လိုတရသည့်လူမျိုးနှင့် ကိုယ့်ကိုယ်ကိုယ် ဘာမှန်းမသိသည့်လူမျိုး နှစ်မျိုးတည်းသာ ရှိခဲ့ပါလျှင် သူသည် ဒုတိယအမျိုးအစားထဲတွင် သာ ဧကန်မုချ ပါဝင်လိမ့်မည်။

ခုပင် သူ့ကိုယ်သူ လူဟု မထင်ချင်တော့။ သစ်ပင်တပင်လေလား အတွေးပွားနေမိသည်။ ခုနေများ သူ့လက်ကို ဓားဖြင့် ခုတ်ဖြတ်လိုက်လျှင် သွေးမထွက်ဘဲ သစ်စေးတွေများ ထွက်လာလေမလား။ ဒီ ကျောက်ဂူအပေါက်ဝမှာ ထိုင်ကာ ဟူးဟူးရားရား တိုက်ခတ်နေသည့် လေပြင်းတွေကြားမှာ တဖြည်းဖြည်းနှင့် ခြောက်သွေ့ တွန့်လိမ်ကာ သူ့ဘဝ နိဂုံးချုပ်သွားမည်လား။ သူ့ခန္ဓာကိုယ်ကရော သဲမှုန်တွေလို လွင့်ကြွေသွားမည်လား။

သူ လမ်းထလျှောက်၏။ စားစရာ ရှာ၏။ ပုရွက်ဆိတ်အသိုက်တခုကို တွေ့၍ ပုရွက်ဥတွေ သူ ကောက်စား၏။ အရသာ မဆိုးလှ။ ငါးကင်လိုလို ဘာလိုလို။ နောက်ပိုင်းမှာတော့ သူ ဘာမှလည်း မစား၊ ဘာမှလည်းမသောက်တော့။ သူ့ကမ္ဘာသစ်ဖြစ်သည့် ဤတောင်တန်းတွေကို လှည့်ပတ်ကြည့်ရှုသည့် အလုပ်ကိုလည်း သူ ရပ်နားလိုက်သည်။

မိုက်ကယ်သည် ဂူကို အိမ်ကဲ့သို့ ဖြစ်အောင် ကြိုးစားခြင်းလည်း မရှိ။ ဂူထဲရောက်နေတာ ဘယ်နရက် ရှိပြီဆိုတာလည်း မရေတွက်မိ။ ဒီလိုနှင့် သူ့မှာ ထိုင်ရန် ထရန်ပင် အားမရှိတော့သလို ဖြစ်နေခဲ့သည်။ အချိန်ရှိသရွေ့ အိပ်ချည်းနေတော့သည်။

သူ့ကိုယ်သူတော့ ကြီးစွာသော ချမ်းသာသုခဖြင့် ပြည့်စုံနေသည်ဟု မိုက်ကယ် ထင်နေမိသည်။ သူ့ဂူနားမှာ ပွင့်နေသည့် ပန်းပွင့်တွေကိုခူးကာ ကယောင်ကတမ်းဖြင့် သူ ဝါးစားမိ၏။ ထို့ကြောင့်လည်း သူ့ဗိုက်တွေ အကြီးအကျယ် နာလေသည်။ နေ့လယ်ပိုင်းတွေမှာ အပူဒဏ်ကြောင့် တောင်ထိပ်မှ ပျော်ကြလာသည့် နှင်းခဲတွေက တောင်ကျစမ်းရေတွေ အလား သူ့ဂူနားကဖြတ်စီးသွား၊ လက်ခုပ်ဖြင့် ခံပြီး သူ သောက်၏။ သို့သော် အရသာမတွေ့။ ဗစ်စဂီးယားခင်းထဲမှ ရေလှောင်ကန်တွင်းသို့ တဗွမ်းဗွမ်းမြည်အောင် ကျနေသည့် မြေအောက်ရေ၏ အရသာကို သူ လွမ်းလာသည်။ သူ့သွားဖုံးတွေက သွေးတွေ ယိုလာခဲ့သည်။ ထိုင်န်ငြိငြိသွေးများကို သူ စုပ်သောက်နေမိသည်။ ဟူးဝစ်နိုရန်းနီးယပ်စ် ကျောင်းမှ အခြားကလေးတွေလိုပင် မိုက်ကယ်ကလေး တယောက် ဝမ်းတွင်းမှ မီးဟုန်းဟုန်း တောက်လောက်အောင် ဗိုက်ဆာနေသည်။ ဆာလွန်းမက ဆာကြလေသောအခါ လူစိတ်ပျောက်ကာ တိရစ္ဆာန်စိတ် ဝင်လာကြသည်။ သူများ ပန်းကန်ထဲမှ အစားအသောက်ကို ခိုးလိုခိုး၊ မီးဖိုခန်းထဲက အမှိုက်ပုံးတွေထဲ စွန့်ပစ်ထားသော အရိုးတွေမှာ ကပ်နေသည့် အသားအစအနလေးတွေကို ဖွဲ့စားလိုစား ဖြစ်ခဲ့ဖူးသည်။ ခုတော့ ကျောင်းမှာနေစဉ်ကလို သူ တော်ကြီးမကျတော့။ ငယ်စဉ်က မကြာခဏ သောင်းကျန်းတတ်သည့် တိရစ္ဆာန်ကြီးသည်လည်း အစာမစားရသဖြင့် ပျော့ခွေကာ မသောင်းကျန်းနိုင်တော့။

ကျောင်းနေစဉ် နောက်ဆုံးနှစ်များကို သူ သတိရပြန်သည်။ နှိပ်စက်မည့် ကျောင်းသားကြီးများ ရန်မှ လုံးလုံးကင်းလွတ်ပြီ ဖြစ်သဖြင့် ထိုအချိန်သည် သူ့ဘဝတလျှောက်လုံးမှာ အကောင်းဆုံး ဖြစ်၏။ ဆရာ တယောက် ဆိုလျှင် သူ့အတန်းချိန်တွေမှာ ရံဖန်ရံခါ ကျောင်းသားတွေ အားလုံး လက်မြှောက်၊ ခေါင်းပေါ်တင်၊ မျက်စိမှိတ်၊ ပါးစပ်ပိတ်ထားစေ၏။ ဆရာက ပေတံတချောင်းကိုင်ကာ တတန်းလုံးကို လှည့်ပတ်နေ၏။ မိုက်ကယ့်အဖို့ ထိုအချိန်မျိုးသည် ဒဏ်ပေးခံရခြင်းမဟုတ်၊ ဆုပေးခံရခြင်း ဖြစ်၏။ ပူလောင်အိုက်စပ်သည့် နွေလယ်ခင်းတွေမှာ ထိုသို့ နေရတိုင်း မိုက်ကနဲ၊ စိုက်ကနဲ ငိုက်မျဉ်းရသည်ကိုက အရသာရှိလှသလေ။ ခုလည်း ဂူဝမှာ သူအဲသလို ပုံစံမျိုးဖြင့် ထိုင်နေခဲ့သည်။

ခုလောက်ဆိုလျှင် ဗစ်စကီး၏ မြေးဆိုသည့် တပ်ပြေးကလေး ဘာတွေများ လုပ်နေမလဲ။ ကြွက်ချေးတွေ ဗရပွနှင့် ကြမ်းပြင်ပေါ်မှာ စိတ်ပျက်လက်ပျက် အိပ်နေမလား၊ ပြတင်းပေါက် တရုတ်ကတ်တွေ အကုန်ပိတ်ပြီး မွန်းကျပ်များ နေလေမလား၊ ဒါမှမဟုတ် ချုံပုတ်တခုနောက်မှာ ပုန်းပြီး သူ့အဘိုး၏ ယာခင်းကို ငေးနေမလား။ ဗစ်စကီးမြေး စီးထားသည့် သားရေဖိနပ်အညိုများကို သူ့မျက်လုံးထဲမှာ မြင်ယောင်လာသည်။ အမြဲပုန်းအောင်းနေရပြီး ဘယ်မှ သွားစရာမရှိသူအဖို့ ထိုဖိနပ်တွေ က ဘာအသုံးကျမှာ လဲ။

နေရောင် စူးစူးအောက်မှာ သူ့မျက်လုံးတွေကို ကြိုးစားဖွင့်ထားရခြင်းက မိုက်ကယ်ကေအတွက် ပင်ပန်းလှသည်။ နေရောင်ခြည်သည် ထက်လှစွာသော အလင်းဓားသွားတစင်းလို သူ့ခေါင်းထဲကို ထိုးဖောက်ဝင်ရောက် သွားသည့်အလား သူ ခေါင်းတွေ တဒိန်းဒိန်း ကိုက်ခဲလျက်ရှိသည်။

သို့သော် သူ ဒီအတိုင်း ငြိမ်သက်စွာပင် ထိုင်နေခဲ့သည်။ ဘာမှလုပ်ဖို့ မကြိုးစား။ တရက်မှာတော့ သူ အိပ်ရာထဲမှ မထနိုင်တော့။ အလွန်နွေးသည့် သားမွေးကုတ်အကျႌကြီးသည် အအေးဒဏ်ကို မကာကွယ်နိုင် တော့ပြီထင့်။ သူ ခိုက်ခိုက်တုန်နေခဲ့သည်။ မိုက်ကယ်ကေဟူသော အမည် နာမရှိသည့် သူ့ခန္ဓာ ကိုယ်ကြီးသည် မကြာခင် အသက်နှင့်ခန္ဓာ ကင်းကွာခြင်းသို့ ရောက်တော့မည်လား။ သူ လဲလျောင်းနေရင်းမှာပင် အသက်ဝိညာဉ် ကုန်ဆုံးသွားလေမလား။ ဒီလိုသာဆိုလျှင် သူ့ဇာတ်လမ်းသည် ဒီနေရာမှာပင် နိဂုံးကမ္ပတ် အဆုံးသတ်ပေမည်။ သူ့အရိုးတွေ ဒီမှာပင် မြေကျလေမည် ပေါ့။

XXX

တောင်အောက်သို့ ပြန်ဆင်းရသည်က မိုက်ကယ့်ကို တရက်လုံးလုံး အချိန်ကုန်စေသည်။ သူ့ခြေထောက်တွေက ပျော့ခွေလျက်၊ သူ့ခေါင်းက

တင်းပုတ်ကြီးဖြင့် စည်းချက်မှန်မှန် အထုခံနေရသလို ဒိန်းဒိန်း ဒိုင်းဒိုင်း၊ အောက်ကိုကြည့်လိုက်တိုင်း ချာချာလည်အောင် မူးသွားသဖြင့် ကျောက်စွန်းတွေကို တင်းတင်းဆုပ်ထားရသည်။ မြေပြင်ပေါ်ရောက်တော့ မှောင်နေပြီ။ မြို့ထဲရောက်တော့ မိုးစုံးစုံးချုပ်ပြီ။ သူ့တကိုယ်လုံး သစ်ပေါင်းပင်နဲ့တွေ ဖုံးလျက်။ ပထမဆုံးအကြိမ် ပရင့်အဲလ်ဗတ်မြို့ထဲ ဝင်လာစဉ်က ကြားရသည့် တည်ငြိမ်အေးချမ်းသည့် ယောက်ျားသံတခုကို ခု အရပ်ရှစ်မျက်နှာမှ လာနေသလို နေရာအနှံ့ သူ ကြားနေရသည်။ သူ ထိုအသံကို ရပ်၍ နားထောင်သည်။ တကယ်ကို လေသံအနိမ့်အမြင့် မရှိ။

တသမတ်တည်း ပြောနေသည့်လေသံမျိုး။ ထိုအသံ၏ နောက်မှ ငှက်သံလေးတွေ က ဂီတသံလို အစီအရီလိုက်ပါ ပေါ်ထွက်လာခဲ့သည်။

လမ်းမပေါ်မှာ တိတ်ဆိတ်လျက်။ မိုက်ကယ်သည် တွေ့ရာအဆောက်အအုံတခု၏ တံစက်မြိတ်မှာ အိပ်လေသည်။ သူ နေလို့နည်းနည်း မှမကောင်း။ အရမ်းချမ်းနေသည်။ တကိုယ်လုံး ဆတ်ဆတ်တုန်နေသည်။ နိုးတဝက်အိပ်တဝက် ဖြစ်နေသည်။ တခါတလေ အကြောတွေ ဆွဲပြီး ဝက်ရူးပြန်သလို ဖြစ် ဖြစ်သွားသည်။ အားကောင်းသည့် မီးရောင်တန်းတခု သူ့မျက်နှာပေါ် ထိုးကျလာချိန်မှာ မိုက်ကယ်သည် အိပ်မက်လား၊ တကယ်လား မခွဲခြားတတ်။ ထို့ကြောင့်လည်း ရဲတွေ မေးသည့်မေးခွန်းကို သူ ကပေါက်တိကပေါက်ချာတွေ လျှောက်ဖြေမိသည်။

"နဟုတ်ဖူး၊ နဟုတ်တေးဖူး၊ နဟုတ်ပါဖူး"

ဆိုသည့် အသံများသာ သူ့ပါးစပ်မှ ထွက်လာသည်။ ချောင်းကလည်း အဆက်မပြတ် ဆိုး၏။ နောက်ဆုံးတော့ သူ့ကို ရဲကားထဲ တွန်းထိုးထည့်ကြပြီး ရဲစခန်းရောက်သွား၏။ အချုပ်သား ငါးယောက် ရှိနေသည့်အချုပ်ခန်းထဲ သူ့ကို တွန်းထည့်လိုက်၏။ အချုပ်ခန်းထဲရောက်မှပင် မိုက်ကယ့်ခမျာ စိတ်အေးလက်အေး ပြန်တုန်၊ ပြန်တက်ရရှာတော့သည်။ မနက်ကျတော့ အချုပ်သားတွေကို သူတို့ နံနက်စာကျွေးကြသည်။ ထိုအချိန်မှာ မိုက်ကယ် တယောက် ကြည်ကြည်လင်လင် ရှိနေပြီ ဖြစ်သော်လည်း မထနိုင်။ လမ်းမလျှောက်နိုင်။ အချုပ်ခန်းစောင့်သည့် ရဲသားကို သူတောင်းပန်ရှာ၏။

"တီးခံပါဂျာ၊ အနော့် ချေနောက်တွေ ညွက်တက်နေရို့ပါ။ ထနနေရင်တောင်းတွားရိတ်မယ် ထင်တာပါပဲ"

အချုပ်ခန်းစောင့်ရဲသည် တာဝန်ကျအရာရှိကို ထိုအကြောင်း သတင်းပို့၏။ အရာရှိရောက်လာသော အခါ တကိုယ်လုံး မှိုတွေ တက်နေသည့် အရိုးပေါ်အရေတင်

ဖြူဖွေးဖွေး အကျဉ်းသားကို တွေ့လိုက်ရသည်။ ရဲများသည်မိုက်ကယ့်ကို နေရောင် ရသည့် နေရာသို့ ရွှေ့ပေးကြသည်။ မိုက်ကယ်သည် နေရောင် နှင့်တွေ့သည့်အခါ ခွေးရူးတကောင်လို အတင်းရုန်း၏။ အခြားအကျဉ်းသားများက သူ့ကို ထိန်းထားပြီး အစာကျွေးကြသည်။ ကွေကာအုတ်တဇွန်း ဝင်သည်နှင့် တပြိုင်နက် သူ အသည်းအသန် အန်တော့သည်။ သူ ဘယ်ကလာသလဲဆိုတာ ဘယ်သူမှ မသိကြ။ ဘာစာရွက်စာတမ်းမှလည်း မတွေ့။ မှတ်ပုံတင်တောင် မပါ။ ဒီလိုနှင့် သူ့ကေ့စ်ကို မိုက်ကယ်ဗစ်စဂီး၊ အသက် မသိ၊ နေရပ် ပရင့်စ်အဲလ်ဗတ်၊ အလုပ်မရှိ၊ ယောင်ခြောက်ဆယ်ဟု စာရင်းသွင်းလိုက်ကြသည်။

အခွင့်မရှိဘဲ ခရီးသွားမှု၊ စာရွက်စာတမ်း မရှိမှု၊ ညမထွက်ရအမိန့်ကို ချိုးဖောက်မှု၊ မှောင်ရိပ်ခိုမှု၊ လမ်းဘေး အိပ်မှု၊ ဝတ္တရားနှောင့်ယှက်မှု၊ အလုပ်မရှိမှု အမှုပေါင်းသောင်းခြောက်ထောင်ကို ပိုင်သတော် မှုသော အမှု သူဌေးကြီး မိုက်ကယ်။

အဆိုပါ သူဌေးကြီးမှာ အပြင်းအထန် နာမကျန်းဖြစ်နေသဖြင့် နေ့လယ်ပိုင်းမှာ ဆေးရုံကို ပို့ကြရသည်။ သူဝတ်ထားသည့် အဝတ်တွေ အကုန်ချွတ်၊ ကိုယ်တုံးလုံးကြီးဖြင့် အမွေးတွေရိတ်၊ ကိုယ်လက်သန့်စင်ကာ ဆေးရုံဝတ်စုံအဖြူကို ဝတ်ပေးကြသည်။ သူနာပြု ဆရာမ ငယ်ငယ်လေးတွေက သူ့ကို လုပ်ကိုင်ပေးနေသော်လည်း မိုက်ကယ့်မှာ ရှက်ရကောင်းမှန်း မသိ။ ဆရာမကို သူ မေး၏။

"ပရင့်စ်အဲလ်ဗတ်ဆိုတဲ့လူကို ဆရာမ များ သိသလား မသိ"

ဆရာမ က မိုက်ကယ့်စကားကို လျစ်လျူရှုကာ သူ့အလုပ်သူ လုပ်နေသည်။

''မသိဘူးလား၊ ဒါဆို ပရင့်စ်အဲလ်ဖရက်ကိုကော သိလား၊ သူ့ကိုလည်း မသိဘူးလား၊ ဟုတ်လား"

မျက်နှာပေါ်သို့ ရေနွေးစိမ်မျက်နှာသုတ်ပဝါ နွေးနွေးလေး ရောက်လာသည့်အခါ သူ့မျက်လုံးတွေ မှိတ်ကာ စကားသံတွေ တိတ်သွားသည်။ အိပ်ပျော်ခြင်းသို့ ရောက်သွားသည်။

မီးပူကျ ဆေးရုံအဝတ် သန့်သန့်ရှင်းရှင်းကို ဝတ်ထားရသောလည်း ပင်မဆောင်ထဲမှာတော့ သူ မနေရ။ ဆေးရုံနောက်ဘက်က ကလေးလူနာနှင့် အဘိုးကြီးလူနာများသာ ရှိသော ခပ်ကုပ်ကုပ် တိုးချဲ့ဆောင်ထဲမှာ သူ့ကိုထား၏။ သူ့ကို ပုလင်းကြီးတွေ တလုံးပြီး တလုံး ချိတ်၏။ ဆေးစက်ကျနေတာကို သူ မော့ကြည့်နေမိသည်။ အိပ်တဝက်၊ နိုးတဝက်က အကြိမ်ပေါင်း မရေတွက်နိုင်။

နောက်တကြိမ် သူနိုးလာတော့ သူနာပြုဆရာမတယောက်နှင့် ရဲတယောက်က သူ့ကို စောင့်ကြည့်နေကြသည်။ ပွစိပွစိနှင့် သူ့အကြောင်း တွတ်ထိုးနေကြသည်ဟု ထင်မိသည်။ နေ့လယ်ခင်း နေရောင်ခြည်သည် ဆေးရုံပြတင်းပေါက်မှတဆင့် အခန်းထဲဝင်လာခဲ့သည်။ သူ့ပါးစပ်မှာ ယင်ကောင်တကောင် လာနားသဖြင့် မှုတ်ထုတ်လိုက်သည်။ ယင်ကောင်က မပြေးဘဲ သူ့နှုတ်ခမ်းနားမှာ တဝဲဝဲ တလည်လည် လုပ်နေသည်။ ဆေးရုံအလုပ်သမား တယောက် နေ့လယ်စာဗန်းများ တင်ဆောင်ထားသည့် ထရော်လီတစင်းနှင့်အတူ ရောက်လာခဲ့သည်။ မိုက်ကယ်မှလွဲ၍ ကျန်သောလူများ နေ့လယ်စာဗန်း ကိုယ်စီကိုယ်င ရကြ၏။ စနစ်တကျချက်ပြုတ်ထားသော မွှေးကြိုင်သည့် အစာအနံ့ကို ရသည့်အခါ သူ တံတွေးတွေ စိုလာသည်။ သူ ဒီလို ဆာလောင်သည့်၊ အစာကို တပ်မက်သည့် ခံစားမှုမျိုး မခံစားရတာ ဘယ်လောက်ကြာသွားပြီလဲ မသိ။ အစားတလုတ်အတွက် ကုန်းရုန်းရှာရသည့် အစားအသောက်၏ ကျေးကျွန်ဘဝသို့ ပြန်လည်ရောက်ရှိချင်သလား ဆိုတာတော့ သူ့ကိုယ်သူ သေချာ မသိ။

သို့သော် ဆေးရုံဆိုသည်က ခန္ဓာကိုယ်များအတွက် စောင့်ရှောက်ရေး ဌာနတခု မဟုတ်လား။ ဆိုတော့ ခန္ဓာကိုယ်များ၏ လိုအပ်ချက်ကို သူဖြည့်ဆည်းပေးဖို့ တာဝန်ရှိသည်။

မှောင်လာပြီ။ တစုံ တယောက်က မီးတွေ ဖွင့်လိုက်သည်။

မိုက်ကယ်က မျက်စိမှိတ်ကာ အိပ်ဖို့ ကြိုးစားသည်။ သူ့မျက်လုံးတွေ ပြန်ပွင့်လာတော့ မီးတွေ လင်းနေတုန်းရှိသေးသည်။ နောက်တော့လည်း မီးမှိတ်ချိန်ရောက်လာသည် ထင်၏။ မီးတွေ တဖြည်းဖြည်း မှိန်ဖျော့ကာ ပိတ်သွားသည်။ လရောင်က ပြတင်းပေါက်များမှတဆင့် အဆောင်ထဲသို့ ဖျော့တော့စွာ တိုးဝင်လာသည်။ မော်တာတလုံး လည်နေသံကို အဝေးတနေရာမှ ကြားနေရသည်။ မိုက်ကယ့်မျက်လုံးတွေ စင်းလာပြီး သူ ပြန်အိပ်ပျော်သွားခဲ့သည်။

မနက်ပိုင်းမှာတော့ သူ့ကို ကလေးစားသည့် အစာအာဟာရတွေနှင့် နွားနို့ကို စတင်တိုက်ကျွေး၏။ မိုက်ကယ် တဖြည်းဖြည်း အားပြန်ပြည့်လာပြီ။ သူ လမ်းလျှောက်နိုင်ပြီ။

သို့သော် ဒီအဝတ်အစားကြီးနှင့် သူ လျှောက် မသွားချင်။ ရှက်သည်။ အိမ်သာသွား၊ ခုတင်နားမှာ လမ်းလျှောက်၊ ဒါပဲ သူ လုပ်၏။ သူ့ဘေးခုတင်မှာတော့ လက်မောင်းကို ပတ်တီးတွေ အပြည့်စည်းထားသည့် လူငယ်လေး တယောက်။

မိတ်ဆွေဖွဲ့သည့်အနေဖြင့်-

"လက်က ဘာ ဖြစ်တာလဲ" ဟု မိုက်ကယ် သူ့ကို မေး၏။ ကောင်လေးက တဖက်သို့ လှည့်သွား၏။

ငါ့အဝတ်အစားတွေ ဘယ်ရောက်နေပါလိမ့်။ ငါ့အဝတ်တွေ တွေ့ရင်ငါ ခုချက်ချင်း ဒီနေရာက ထွက်သွားမယ်။

မိုက်ကယ်သည် ခုတင်ဘေးမှ ဗီရိုပုကလေးထဲမှာ သူ့အဝတ်တွေကိုရှာ၏။ ဗီရိုက ဟာလာဟင်းလင်း။ နေ့လယ်ပိုင်းမှာ သူ နေ့လယ်စာ စားရ၏။ နေ့လယ်စာဗန်းတွေ သယ်ဆောင်လာသည့် အလုပ်သမားက-

''စားလို့ရတုန်း တွယ်သာတွယ်ကွ၊ အပြင်မှာ လူတွေ ငတ်သေနေကြတာ မနည်းဘူး" ဟု သူ့ကို ပြောသွား၏။ မိုက်ကယ် သူ့ကို လိုက်ငေးကြည့်နေခဲ့သည်။ အလုပ်သမားက အဆောင်ထဲမှ ထွက်ခါနီးမှာ သူ့ကို ထူးထူးဆန်းဆန်းလှည့်ကြည့်ကာ ပြုံး ပြသွား၏။

နေ့လယ်ပိုင်းမှာ နေရောင်သည် တလောကလုံးကို ထိန်ထိန်တောက်နေစေ၏။ သူရိယရှင်နေမင်း၏ ကရုဏာတော် အနန္တကြောင့် သွပ်မိုးထားသည့် သူတို့အဆောင်လေးမှာ မီးဖိုတလုံးထဲ ဝင်နေရသလို ဖြစ်လာခဲ့သည်။ မိုက်ကယ်က အိပ်၍ မရသဖြင့် ထိုင်လိုက်၊ ထလိုက် လုပ်နေ၏။ ဟိုတနေ့က ရဲနှင့် ဆရာမသည် သူ့ကို စောင့်ကြည့်နေကြသည်ကို သူ သတိထားမိသည်။ ဒီလိုနဲ့ပဲ ခုတင်ပေါ်ပြန်လှဲရင်း ချွေးသံတရွှဲ ရွှဲနှင့် အိပ်ပျော်သွားခဲ့သည်။ တမိုးချုပ်ကာ တမှောင် ရောက်လာပြန်သည်။

မနက်လင်းတော့ သူနာပြုဆရာမ တယောက် ရောက်လာပြီး သူ့ကိုတွဲ ကာ ဆေးရုံပင်မဆောင်ထဲ ခေါ်သွားခဲ့သည်။ သူ့အလှည့်ရောက်ဖို့ တနာရီလောက် စောင့်လိုက်ရပြီးနောက် ဆရာဝန်နှင့် တွေ့ခွင့်ရသည်။

"ဒီနေ့ ဘယ်လိုနေသေးလဲ" တဲ့။

မိုက်ကယ် ပြောမလို့ ပြင်နေတုန်း။ ဘယ်လို ပြောရမှန်းလည်း မသိသည့်အဆုံး ဆရာဝန်က သူ့ကို စမ်းသပ်တော့သည်။ အသက်ပြင်းပြင်းရှူခိုင်းပြီး အဆုတ်တွေကို နားကြပ်ဖြင့် နားထောင်၏။ ကာလသား ရောဂါ စွဲကပ်ခဲ့ဖူးသလားတဲ့၊ မေးသေးသည်။ သူက ဘယ်တုန်းက ကာလနာတိုက်ခဲ့လို့ ကာလသား ရောဂါ စွဲကပ်ရမတုံး။ ပြီးတော့ ဆရာဝန်သည် တစုံတရာကို ခပ်မြန်မြန်ရေး ခြစ်သည်။ သူက ရေး ရင်းဖြင့် -

"ခင်ဗျား နှုတ်ခမ်းကို တခါမှ ဆရာဝန်နဲ့ မပြကြည့်မိဘူးလား"

"ဟင့်အင်း"

"အဲဒါ ချုပ်လို့ ရတယ်ဗျ၊ ခင်ဗျား သိလား"

ခင်ဗျားသိလားသာ မေးနေသည်။ ချုပ်မလားလို့တော့ တခွန်းမှမမေး။

မိုက်ကယ်သည် သူ့ခုတင်ပေါ်ပြန်လာပြီး လက်ကို ခေါင်းအုံးရင်း လဲလျောင်းနေခဲ့သည်။ ဆရာမ တယောက်က သူ့ကို အဝတ်အစားတွေ ယူလာပေးသည်။ အသေအချာ မီးပူတိုက်ထားသည့် အတွင်းခံတွေနှင့် ကာကီရှပ်နှင့် ဘောင်းဘီတိုတစုံ။

"ဒါတွေ ဝတ်လိုက်"

မိုက်ကယ်သည် အဝတ်တွေကို ဝတ်၏။ ဘောင်းဘီတိုက ပွလွန်းအားကြီးသဖြင့် သူ့ခန္ဓာကိုယ်မှာ ကြည့်ရဆိုးနေသည်။ ခါးပတ်သာမပါလျှင်ကျိန်းသေပေါက် ကျွတ်ကျလောက်အောင်ကို ပွနေ၏။

"ဒီမှာ အဝတ်တွေက ကျွန်တော် နဲ့ မတော်ဘူး၊ ကျွန်တော့် အဝတ်တွေ မရနိုင်ဘူးလား"

"ရှင့်အဝတ်တွေကို ဆေးရုံဆင်းရင် ပြန်ယူသွားလို့ရပါတယ်" ရဲတယောက်က အညိုရောင် စာအိတ်ကြီးတအိတ် သူ့ကို ပေး၏။ ဘာမှတော့ မပြော။ ရဲကားအပြာရောင်က ဆေးရုံကားပါကင်မှာ အသင့်စောင့်လျက်။ ဆေးရုံအပေါက်ဝမှာ ပူလွန်းသဖြင့် ခြေဗလာနှင့် မိုက်ကယ့်မှာ ခုန်ဆွဆွနှင့် ခြေက က နေခဲ့ရသည်။

သူ့ကို ရဲစခန်းသို့ ပြန်ခေါ်လာမည်ဟု မိုက်ကယ် ထင်ထားခဲ့သည်။ သို့သော် သူ့အထင်က မှား၏။ ရဲကားသည် ဖုန်တထောင်းထောင်းနှင့် လမ်းဆိုးတခုပေါ်မှာ အပြင်းမောင်းနေသည်။ ငါးကီလိုမီတာခန့် မောင်းပြီးသောအခါ ကွင်းပြောင်ပြောင်မှာ ဆောက်ထားသည့် စခန်းတခုကို သူတွေ့လိုက်ရသည်။ တကယ်တော့ တောင်ပေါ်မှာ သူ နေစဉ်ကတည်းက ထိုစခန်းကို မြင်ဖူးခဲ့ပြီး ဖြစ်သည်။ ထိုစဉ်ကတော့ ဆောက်လုပ်ရေး လုပ်ငန်းခွင်တခုဟု သူ ထင်နေခဲ့သည်။ ဝါယာကြိုးတွေ၊ သံဆူးကြိုးတွေ နှင့် သုံးမီတာမျှ မြင့် သည့် ခြံစည်းရိုးကြီးကာထားသည့် ထိုစခန်းသို့ သူ့ကိုဘာလို့ခေါ်လာကြသလဲ ဆိုတာတော့ သူ မတွေးတတ်။ စခန်းထဲမှာတော့ ရွက်ဖျင်တဲတွေ၊ သွပ်မိုးသစ်သားအိမ် အသစ်ကလေးတွေ အစီအရီ။ မိုက်ကယ်သည် ကာကီဘောင်းဘီပွကြီး တကိုင်ကိုင်နှင့် ကားပေါ်က ဆင်းလိုက်သည်။ ဆင်းဆင်းချင်း သူ့ကို

ဝိုင်းကြည့်နေသည့် မျက်လုံးပေါင်း တရာကျော်နှင့် ထိပ်တိုက်ရင်ဆိုင်လိုက်ရသည်။

စခန်းအဝင်မှာတော့ အစောင့်တဲကလေးတလုံး ရှိ၏။

စစ်ယူနီဖောင်းဝတ်ထားသည့် ခပ်တောင့်တောင့်လူတယောက် စောင့်နေခဲ့သည်။ ရဲသားက ထိုအစောင့်စစ်သားကို လက်ပွန်းတတီး နှုတ်ဆက်ကာ တဲအတွင်း အတူဝင်သွားကြသည်။ စက္ကူအိတ်ညိုကြီးကို ချိုင်းကြားညှပ်ထားသည့် မိုက်ကယ်ကေကိုတော့ လူအုပ်ကြီးက စူးစူးစိုက်စိုက် ကြည့်နေတုန်း။ မိုက်ကယ်ကတော့ သူတို့ကို မကြည့်။ ဟိုးအဝေးတနေရာမှ သူနေခဲ့ဖူးသည့် တောင်တန်းကြီးတွေကို သူ လှမ်းကြည့်သည်။ ပြီးတော့သူ့ခြေထောက်ရှိရာသို့ အကြည့်က ရွေ့ပြန်သည်။

"ဟေ့ကောင် အဲဒီ မတော် တရော် ဘောင်းဘီကြီး မင်း ဘယ်ကခိုးလာတာလဲ"

လူအုပ်ကြီးထဲမှ သူ့ကို လှမ်းမေးလိုက်သည့် အသံတသံ ထွက်လာသည်။ ဝေါကနဲ ရယ်သံကြီးကလည်း မိုးမြေသိမ့်သိမ့်တုန်။

အစောင့်တဲထဲမှ နောက်ထပ် အစောင့်တဦး ထွက်လာသည်။ ဂိတ်တံခါး ဖွင့်ပေးသည်။ မိုက်ကယ့်ကို ဝင်စေသည်။ ပြီးတော့ သစ်သားအိမ်ကလေးတလုံးကို လိုက်ပို့သည်။ အိမ်ကလေးက တကယ့် ဘုရားစူးမိုးကြိုးပစ် အိမ်ဆိုမှ အိမ်မည် ကာမတ္တကလေး။ ပြတင်းပေါက်လည်း မပါ။ အထဲမှာလည်း မှောင်မည်းလျက်။

"ခုချိန်ကစပြီး ဒါ မင့်အိမ်ပဲ။ သေသေချာချာ သန့်သန့်ရှင်းရှင်းထား။ ကြားလား"

မိုက်ကယ်က အိမ်ထဲဝင်လိုက်သည်။ သူ့လက်ဆန့်လိုက်သည်နှင့် သွပ်မိုးကို ထိ၏။ ခေါင်တန်းမှာ ချိတ်ထားသည့် တံမြက်စည်းကိုယူပြီး မီးခြစ်ဘူးသာသာ အိမ်ကလေးကို လှည်းကျင်း၏။

အစောင့်သည် ပြန်ထွက်သွားခဲ့သည်။ တနေ့လယ်လုံး ထိုအိမ်ကလေးထဲမှာ လဲလျောင်းရင်း စခန်းထဲမှ အသံဗလံတွေကို သူ နားစွင့်နေခဲ့သည်။ ကလေးသံတွေက ဆူညံပွက်လောရိုက်လျက်။ မိုက်ကယ် အိပ်မပျော်။ လည်ချောင်းထဲမှာ ယားနေသည်။ အပူရှိန်ကလည်း မခံမရပ်နိုင်အောင် ပြင်းထန်လှသည်။ တောင်ပေါ်မှာတုန်းက ခံစားခဲ့ရသည့် အအေးဓာတ်ကိုသူ တမ်းတရမ်းရော်၏။ အေးစိမ့်နေသည့် တောင်ကျစမ်းရေကလေးတွေကို သူ စိတ်ကူးဖြင့် လွမ်း၏။

ငါ ကျောင်းကိုများ ဒုတိယအကြိမ် ပြန်ရောက်လာတာလား။ မဟုတ်သေးဘူး။ ကျောင်းတက်ဖို့ ငါက အသက်ကြီးလွန်းနေပြီ။

သူ ကာကီဝတ်စုံကို ချွတ်၍ စက္ကူထုပ်ကို ဖွင့်လိုက်သည်။ သူ့အဝတ်အစားတွေက မခံမရပ်နိုင်လောက်အောင် နံစော်နေသည်ကို တွေ့ရသည်။ အတွင်းခံဘောင်းဘီကလေးသာ ဝတ်ကာ လဲလျောင်းရင်း ဒီနေ့လယ်ခင်းကြီး မြန်မြန်ကုန်ဆုံးပါစေတော့ဟု သူ ဆုတောင်းနေသည်။

တစုံတယောက်က သူ့အိမ်ပေါ်သို့ ခြေဖျားကလေးထောက်ကာ အသာတက်လာသည်ကို သူ သိ၏။ မိုက်ကယ်သည် အိပ်ချင်ယောင် ဆောင်နေလိုက်သည်။ သူ့လက်မောင်းတွေကို အသာလေး ကိုင်လိုက်သည့် လက်ချောင်းများ ၏ အထိအတွေ့ကို သူ ခံစားရသည်။

ပြီးတော့ ယောကျ်ားသံတသံကို သူ ကြားရသည်။

"မင်း နေလို့ ကောင်းရဲ့လား"

မိုက်ကယ် မျက်လုံးဖွင့်ကြည့်လိုက်သည်။ မှောင်ရိပ်သန်းနေသဖြင့် ထိုသူ့မျက်နှာကို သဲသဲကွဲကွဲ သူ မမြင်ရ။

"ကောင်းပါတယ်"

သူ့အသံမှာ ဟိုးအဝေးတနေရာမှ ပျံ့လွင့်လာသလို သူ ခံစားရသည်။

လူစိမ်းသည် ခြေဖျားထောက်ကာ ပြန်ထွက်သွား၏။ မိုက်ကယ်သည် မျက်စိမှိတ်ရင်း တွေးနေသည်။

လူတွေနဲ့ ငါ သိပ်စိမ်းလွန်းနေပြီ။ လူတွေကြားမှာ ပြန်နေတတ်အောင် အချိန်ယူရဦးမယ်ထင်တယ်။

ကာကီဝတ်စုံကို ပြန်ဝတ်ရင်း သူ အပြင်ထွက်လာသည်။ နေတော့စောင်းသွားပြီ ဖြစ်သော်လည်း လေ လုံးဝမတိုက်သဖြင့် နေရခက်လှသည်။ ရွက်ဖျင်တဲတလုံးမှာ မိန်းမနှစ်ယောက် လှဲနေသည်ကို သူတွေ့ရသည်။ တယောက်က အိပ်မောကျလျက်။ နောက်တယောက် ကတော့ ကလေးနို့တိုက်နေသည်။ ကလေးအမေက သူ့ကို ပြုံးပြသဖြင့် သူ ခေါင်းညိတ်ပြပြီး ဆက်လျှောက်လာခဲ့သည်။ ရေဘုံပိုင်တခု တွေ့သဖြင့် အငမ်းမရ သူရေသောက်၏။ ပြန်လာတော့ ကလေးအမေကို သူ မေး၏။

....

"ဒီမှာ အဝတ်လျှော်လို့ရတဲ့နေရာ ရှိလား"

ကလေးအမေက တနေရာသို့ လက်ညှိုးညွှန်၏။ မိုက်ကယ်ကြည့်လိုက်တော့ အများသုံး ရေချိုးခန်းဟု ဆိုင်းဘုတ်တပ်ထားသည့် အဆောက်အုံတခုကို တွေ့ရသည်။

"ရှင့်မှာ ဆပ်ပြာရှိလား"

"ဟုတ်ကဲ့"

ဟု မိုက်ကယ် လိမ်ပြောလိုက်သည်။

ရေချိုးခန်းထဲမှာ ရေပန်းနှစ်ခု၊ လက်ဆေးကန်နှစ်ခု ရှိ၏။ ရေပန်းတခုကို မိုက်ကယ် ဖွင့်လိုက်သည်။ သို့သော် ရေပန်းက ရေတစိမ့် မကျ။ လက်ဆေးကန်ကတော့ ရေလာ၏။ မိုက်ကယ်သည် သူ့ ဂျာကင်အဖြူ၊ ဘောင်းဘီအနက်၊ အင်္ကျီအဝါနှင့် အတွင်းခံတွေ အားလုံးကို ရေထဲထည့်စိမ်၏။ ရေ၏ အေးမြသော အထိအတွေ့က သူ့ကို လန်းဆန်းစေသည်။ အဝတ်လျှော်ရင်း လက်မောင်းထိ ရေစိမ်ထားရသည်ကို သူ နှစ်သက် လှသဖြင့် မျက်လုံးတွေတောင် ပိတ်ထားမိသည်။

လျှော်ပြီးသားအဝတ်တွေကို တန်းမှာ လှန်းရင်း သူ့အကြည့်က ကပ်ထားသည့် ဆိုင်းဘုတ်တခုဆီသို့ ရောက်၏။

ဂျက်ကယ်ဒရစ်ဖ် ပြန်လည်ထူထောင်ရေးစခန်း ရေချိုးချိန်

အမျိုးသား - နံနက် ခြောက်နာရီမှ ခုနစ်နာရီ

အမျိုးသမီး - နံနက် ခုနစ်နာရီခွဲမှ ရှစ်နာရီခွဲ

စည်းကမ်းရှိပါ

ရေကို ချွေတာပါ

မဖြုန်းတီးပါ နှင့်

ရေချိုးခန်းသို့ ရေပေးသည့် ပင်မပိုက်ကို သူ လိုက်ကြည့်သည်။ ပိုက်သည် ခြံစည်းရိုးအောက်မှ ထွက်ကာ ဟိုအတော် ဝေးဝေးမှ ရေစက်တလုံးမှာ သွားဆုံး၏။

သူ ပြန်လာတော့ ကလေးအမေက သူ့ကိုကြည့်ကာ-

"ရှင့်အဝတ်တွေ အဲဒီမှာ ထားခဲ့ရင် မနက်ကျတော့ အစအနတောင်တွေ့တော့မှာ မဟုတ်ဘူး"

ဟု လှမ်းပြော၏။ ဒီလိုနှင့် မိုက်ကယ် အဝတ်စိုတွေကို ပြန်ယူကာသူ့အိမ်ကလေးထဲမှာ ပင် ဖြစ်သလို လှန်းရတော့သည်။

နေစောင်းလာတော့ စခန်းတခုလုံး လူတွေ အပြည့်အသိပ် ဖြစ်လာခဲ့သည်။ ကလေးတွေ ကလည်း နေရာအနှံ့။ အဘိုးကြီးတွေ က တဲတလုံးရှေ့မှာ ဖဲကစားနေကြသည်။ သူ ခဏရပ်ကြည့်မိသည်။

စခန်းတခုလုံးမှာ ရွက်ဖျင်တဲ အလုံးသုံးဆယ် ရှိ၏။ ရေချိုးခန်းနှင့် အိမ်သာဘေးမှာ တဲခုနစ်လုံး။ နောက်ထပ် တဲတွေ ထပ်ထိုးဦးမည် ပုံမျိုးလည်း တွေ့ရသည်။

သူ ဂိတ်ပေါက်ဝသို့ လျှောက်သွား၏။ အစောင့်တယောက်က အင်္ကျီဟပြဲနှင့် ကုလားထိုင်တလုံးပေါ်မှာ ခြေပစ်လက်ပစ် ထိုင်နေသည်။ မိုက်ကယ်က အစောင့်ကို မေး၏။

"ကျွန်တော့်ကို ဘာ ဖြစ်လို့ ဒီစခန်းကို ပို့တာလဲဗျာ၊ ဒီမှာ ကျွန်တော် ဘယ်လောက်ကြာကြာနေရဦးမှာ လဲ"

အစောင့်ထံမှ တုံ့ပြန်သံ မကြားရ။ ကြည့်ရတာ အိပ်မောကျနေပုံရ၏။ မိုက်ကယ် သူ့ကို မနှိုးရဲသဖြင့် ပြန်လှည့်ထွက်ခဲ့သည်။ မိုက်ကယ်သည် သူ့အိမ်သို့ လျှောက်လာ၏။ အိမ်ရှေ့ရောက်တော့ ရေဘုံပိုင်ဆီသို့ လျှောက်ပြန်၏။ သူ ဘာလုပ်လို့ ဘာကိုင်ရမည် မသိ။

ကောင်မလေးအမျိုးသမီး တယောက် က သူ့ကို ကြည့်ရင်း-

"ဒါက ကလေးတွေ အတွက်ပဲ ပေးတာ" ဟု ဆိုလိုက်သည်။

မိုက်ကယ်သည် အိမ်ပြန်လာခဲ့ရသည်။ ကာကီဝတ်စုံကို သူ ချွတ်၏။ စိုထိုင်းထိုင်း ဖြစ်နေဆဲ ဘောင်းဘီရှည်အနက်ကို ဝတ်၏။ ပြီးတော့ သူ ပြန်ထွက်လာပြီး ရဲကားပေါ်က ရဲသားကို မေး၏။

"စားစရာ ဘယ်နားရနိုင်မှာ လဲ ခင်ဗျာ၊ ကျွန်တော် ဒီစခန်းကို ပို့ပေးဖို့ ဘယ်သူ့ကိုမှ မပြောခဲ့ပါဘူး၊ ခု ဘာမှလည်း စားစရာ မရှိဘူး"

ရဲသားက သူ့ကို မေးကြည့်ရင်း-

"ဒီမှာ ကိုယ့်လူ၊ ဒါ ထောင်မဟုတ်ဘူးကွ၊ ပြန်လည်ထူထောင်ရေး စခန်း ခေါ်တယ်၊ မင်းစားဖို့ မင်းဘာသာ အလုပ်လုပ်မှ ရမှာ ပေါ့ကွ"

''ဟုတ်သေးဘူးလေ၊ ခြံစည်းရိုးကြီးကာပြီး သော့ခတ်ထားတာကို ကျွန်တော်က ဘယ်သွား အလုပ်လုပ်ရမှာ လဲ"

"သေလိုက်ပေါ့ သောက်ရူးရဲ့။ ဘာလုပ်ရမလဲဆိုတာ စခန်းထဲက မင့်အပေါင်းအသင်းတွေ မေးပေါ့ကွ။ မင်းတို့ကို နေရာလည်းပေး၊ စားစရာလည်း ကျွေးရအောင် ငါတို့က မင့်အဖေတွေ မို့လို့လား"

အင်း ဒီမှာ ထက်စာရင် တောင်ပေါ်မှာ တကိုယ်တည်း နေရတာက အများကြီး သာတာပေါ့။ ဗစ်စဂီး ယာခင်းထဲမှာ နေတာလည်း ဒီထက်တော့ သာသေးတာပဲ။ လမ်းပေါ်မှာ လျှောက်သွားနေရတာလည်း ဘာပဲဖြစ်ဖြစ် ဒီထက်တော့ ကောင်းတာပဲ။ ကိတ်တောင်းမှာ နေတုန်းကလည်း ဒီစခန်းထက်တော့ အများကြီး အခြေအနေကောင်းတာပဲ။ ငါ အိပ်မက်ဆိုးတွေများ မက်နေသလား။ တကယ်ပဲ ငရဲနဲ့တူတဲ့ ဒီနေရာကို ရောက်နေတာလား။ မိုက်ကယ့်ခမျာ မဝေခွဲတတ်ရှာ။

တယောက် ပုံးတလုံးကိုင်ကာ ဘုံပိုင်ဆီသို့ လျှောက်လာသည်။ သူ့ကိုတွေ့တော့ ပြန်လှည့်ပြေးသွားခဲ့သည်။ မိုက်ကယ်သည် စခန်းနောက်ဘက်သို့ လျှောက်သွားပြီး ခြံစည်းရိုးအပြင်ဘက်မှ လွင်ပြင်ကို ငေးနေခဲ့သည်။ ရွက်ဖျင်တဲကလေးများ ရှေ့မှာ မီးပုံလေးတွေကို တွေ့နေရပြီ။ စခန်းသည် လူသံတွေ တညံညံနှင့် စည်ကားနေ၏။

ရဲကားအပြာရောင်တစီး ဖုန်တထောင်းထောင်းဖြင့် ရောက်လာပြီး ဂိတ်ရှေ့မှာ ရပ်လိုက်သည်။ ရဲကားနောက်မှ လော်ရီတစီး လိုက်လာသည်။ ကလေးများသည် ဂိတ်ကို ပြေးကြ၏။ အစောင့်က တံခါးဖွင့်ပေးသဖြင့် ကားများသည် စခန်းထဲ ဝင်လာကြသည်။ လော်ရီကားပေါ်မှ ယောကျ်ားများက ထင်းချောင်းများကို ချပေးနေသည်။ ရဲများက အိုးကြီးအိုးငယ်တွေကို ကားပေါ်မှ ကူချပေး၏။

ကားပေါ်မှ မိန်းမ တယောက် က သံချောင်းခေါက်လိုက်သည်။ ကလေးများသည် ပန်းကန်ကိုယ်စီ ကိုင်စွဲကာ ထိုနေရာသို့ ပြေးကြသည်။ ထိုလူအုပ်သည် ကလေးများကို နှစ်ယောက်တတွဲ တန်းစီစေသည်။ မိုက်ကယ်လည်း ဘုမသိဘမသိဖြင့် ကလေးတွေ နောက်မှ ဝင်စီ၏။ ရှေ့မှာ စွပ်ပြုတ်နှင့် ပေါင်မုန့်

ဝေနေတာကို သူ လှမ်းမြင်ရသည်လေ။ ဝေစုရပြီးသော ကလေးတယောက်က ခုန်ထွက်လိုက်ရာ စွပ်ပြုတ်တွေ မှောက်ကျကုန်သဖြင့် တကိုယ်လုံး ပေကျံကုန်၏။ ထိုကလေးသည် လူတန်းထဲ ပြန်ဝင်ဖို့ ကြိုးစားနေ၏။ ကျန်ကလေးများ ကတော့ သူတို့ဝေစုကို စားဖို့ရန် ပြင်ဆင်နေကြပြီ။ မိုက်ကယ့်အလှည့် ရောက်ပြီ။ သူ ခုမှသတိထားမိသည်။ လူတန်းထဲမှာ လူကြီးဆို၍ သူ တယောက်သာ ပါ၏။ အစားအသောက်ဝေနေသည့် မိန်းမကို သူ မေး၏။

"ဒီမှာ ခင်ဗျ၊ ကျွန်တော် အတွက်ကော စားစရာ ရနိုင်မလား၊ ကျွန်တော် ခုမှ ဆေးရုံကနေ ဒီကို ရောက်တာပါ"

ညနက်လာလေလေ မီးပုံလေးတွေ ပိုများ လာလေလေ။ ဟိုနေရာဒီနေရာ ချက်ပြုတ်နေကြသည့် ဟင်းလျာနံ့တွေ တလှိုင်လှိုင် ဖြစ်လာလေလေ။ ကားနှင့်ပါလာသော မိန်းမတယောက်က သူ့ကို လှမ်းခေါ်ပြီး ပလတ်စတစ်ခွက်ကြီး တလုံးပေး၏။ အထဲမှာ စွပ်ပြုတ်တွေ။ စားပြီးရင် သေချာဆေးပြီး တဲထဲပြန်ထည့်ထား ဟု မှာ၏။ ပြီးတော့ ရဲကားနှင့် လော်ရီကား ပြန်ထွက်သွားကြသည်။

ညနက်လာပြီ။ စခန်းထဲမှ လူများသည် မီးပုံတွေနား ဝိုင်းထိုင်ပြီး ကိုယ့်အုပ်စုနှင့်ကိုယ် အစားတွေ စားကြ၊ စကားတွေ ပြောကြ၊ ဂစ်တာတွေ တီးကြ၊ ကကြ၊ ခုန်ကြ။ မိုက်ကယ် ကတော့ တယောက်တည်း ကြောင်တက်တက်နှင့် သင်းကွဲမျောက်ပမာ သူတို့ကို ငေးနေရရှာသည်။ ကြာတော့သူ ရှက်လာသည်။

သူ့အိမ်ကလေးဆီသို့ ပြန်လျှောက်လာခဲ့သည်။ မိုက်ကယ်ရောက်ပြီး မကြာခင် အိမ်လေးထဲသို့ လူ တယောက် ဝင်လာသည်။

"စီးကရက် သောက်မလား" ဟု ထိုလူက မေး၏။ မိုက်ကယ်က ခေါင်းညိတ်ပြလိုက်သည်။ စီးကရက်မီးညှိသည့် အလင်းရောင်ဖြင့် သူ့မျက်နှာကို မိုက်ကယ် မြင်လိုက်ရသည်။ ထိုသူက သူ့ထက် အများ ကြီး အသက်ကြီးပုံရသည်။

"မင်း ဘယ်က လာတာလဲ"

ထိုလူ၏ အမေးကို မိုက်ကယ်က ဤသို့ ဖြေ၏။

"ကျွန်တော် နေ့လယ်က စခန်းထဲ လျှောက်ကြည့်တယ်။ စခန်းနောက်က ခြံစည်းရိုးက ကျော်တက်ရင် လွယ်လွယ်လေး၊ ကလေးတွေတောင် တက်နိုင်တယ်၊ ဒါနဲ့များ ဘာလို့ ခင်ဗျားတို့ ဒီမှာ နေနေကြတာလဲ"

"အင်း ဒါ ထောင်မဟုတ်ဘူးကွ၊ ဂျက်ကယ်ဒရစ်ဖ်လို့ ခေါ်တယ်၊ ခုနကရဲက

မင်းကို ပြန်လည်ထူထောင်ရေး စခန်းလို့ ပြောလိုက်တယ် မဟုတ်လား၊ နေဦး မင်း ပြန်လည်ထူထောင်ရေး စခန်း ဆိုတာကော သိရဲ့လား၊ အလုပ်မရှိ အကိုင်မရှိတဲ့ လူတွေကို ထားတဲ့ စခန်းကွ၊ မင်းတို့ ငါတို့လိုစားရမဲ့ သောက်ရမဲ့တွေ ဆိုပါစို့၊ သူတောင်းစားတွေလည်း ပါတာပေါ့ကွာ၊ ဘာဖြစ်လို့ ထွက်မပြေးတာလဲ ဟုတ်လား၊ တို့မှာ ပြေးစရာမြေ၊ သွားစရာနေရာမှ မရှိဘဲကွာ၊ ဘယ်ကို ထွက်ပြေးရမှာလဲ၊ ဒီမှာ အလုပ်လုပ်ရင် ပိုက်ဆံရမယ်၊ စားစရာရမယ်၊ နေစရာအိမ် ရှိတယ်၊ အပေါက်ဝမှာ သေနတ်ကိုင်ပြီး သူခိုး ဓားပြ ရန်ကို ကာကွယ်ပေးနေတဲ့ ရဲဘော်တွေ ရှိတယ်၊ နေပါဦး၊ မင်း ဒါတွေကို မသိရအောင် မင်း ဘယ်က လာတာမို့လို့လဲ"

မိုက်ကယ် နှုတ်ဆိတ်နေ၏။ သူ ဒီကို အပို့ခံရခြင်းအတွက် ဘယ်သူ့ကို ဘယ်လို အပြစ်တင်ရမည် လဲဆိုတာကို သူ မသိ။ ထိုလူက ဆက်ပြော၏။

"ခြံစည်းရိုးကျော်ပြီး မင်း ပြေးချင်ပြေးလေ၊ ဒါပေမဲ့ ဘယ်ကိုပြေးမလဲ၊ ခု ဂျက်ကယ်ဒရစ်ဖ်ဟာ မင့်အိမ်ပဲ၊ လမ်းပေါ်မှာ လျှောက်သွားနေတဲ့ မင်းလိုကောင်တွေ အကုန်လုံးကို ဖမ်းပြီး ဒီကို ပို့တယ်၊ အေး ဒုတိယအကြိမ် မင်းကို လမ်းပေါ်ပြန်တွေ့ဦးမယ်ဆိုရင်တော့ သူတို့က ဘရန်းဗ်လိုင်းဆိုတဲ့ နှိပ်ကွပ်ရေး စခန်းကို ပို့တော့မှာ၊ အဲဒီ ရောက်ရင် မင်း အလုပ်ကြမ်းလုပ်ရမယ်၊ ပိုက်ဆံလည်း မရဘူး၊ မင်းကို ကျာပွတ်တွေ နဲ့ရိုက်ပြီး ခိုင်းလိမ့်မယ်၊ မင်း ခြံစည်းရိုးကျော်သွားလို့ အပြင်မှာ ပြန်မိတာနဲ့ ဘရန်းဗ်လိုင်းရောက်မှာပဲ၊ မင်း သွားချင်လား၊ မသွားချင်ဘူးလား ဆိုတာတော့ မင်းသဘောပဲ၊ နေပါဦး၊ မင်းက ဘယ်သွားချင်တာတုံး၊ ဟိုး တောင်တန်းတွေ ပေါ်ကိုလား"

ထိုသူပြောနေသည့် စကားတွေကို မိုက်ကယ်သည် လုံးစေ့ပတ်စေ့နားမလည်။ ထိုသူက မိုက်ကယ့်လက်ကို ဆွဲလိုက်ပြီး-

"လာ၊ လာ အပြင်ထွက်၊ ပျော်ပျော်ပါးပါးနေ၊ အပေါက်ဝမှာ စစ်ဆေးရေးဂိတ် ထားရတဲ့ အဓိကအကြောင်းက အရက်ကြောင့် ပဲ၊ ဒီစခန်းထဲမှာ အရက်မသောက်ရဘူးလို့ အမိန့်ထုတ်ထားကြတယ်၊ ဘယ်နေလိမ့်မလဲ၊ အမျိုးမျိုး ခိုးသွင်းကြတာပေါ့၊ လာ၊ မင်းလည်း တခွက် တဖလားလာချလှည့်ဦး"

မိုက်ကယ့်ကို မြင်တော့ ဂစ်တာသံတွေ ရပ်သွားခဲ့သည်။ မိုက်ကယ့်ကို ခေါ်လာသည့်လူက-

"သူ့နာမည် မိုက်ကယ်လို့ ခေါ်တယ်၊ ဂျက်ကယ်ဒရစ်ဖ်မှာ လာပြီးအနားယူ အပန်းဖြေတာပေါ့၊ ကဲ မိုက်ကယ့်ကို ကြိုဆိုလိုက်ကြစို့"ဟု ပြော၏။

မိုက်ကယ်ကို အတင်းအကျပ် ထိုင်ခိုင်းကြသည်။ စက္ကူအညိုဖြင့်

ထုပ်ထားသော ဝိုင်ပုလင်းတလုံး ပေး၍ ဇွတ်သောက်ခိုင်းသည်။ ပြီးတော့မေးခွန်းတွေ အမျိုးမျိုးမေးကြသည်။ ဘယ်ကလာတာလဲ၊ ပရင့်စ်အဲလ်ဗတ်ကို ဘာလာလုပ်တာလဲ၊ ဒီစခန်းကို ဘယ်လို ရောက်လာတာလဲ။

ကိတ်တောင်းက လာတယ်ဆိုတော့ အားလုံး အံ့သြနေကြသည်။ ဥယျာဉ်လုပ်သားအလုပ်မှ နုတ်ထွက်ပြီး ပရင့်စ်အဲလ်ဗတ်ကို ခြေကျင်လျှောက်လာတယ်ဆိုတော့ မျက်လုံးတွေ ပြူးထွက်ကုန်ကြသည်။ ဘာလို့များ ဒီလိုဒုက္ခသုက္ခ ရောက်လှတဲ့နေရာကို မြို့တော်ကနေ တပင်တပန်း လာခဲ့ရတာလဲ။ ဒီမှာ တသက်လုံးနေကြတဲ့ ယာသမားတွေတောင် သူတို့အခင်းတွေပစ်ပြီး ခြေဦးတည့်ရာ ပြေးနေရတာကို မိုက်ကယ်က ဘာကိစ္စ လာခဲ့ရတာ လဲ။ မိုက်ကယ်က ကြိုးစား၍ ရှင်းပြသည်။

"အမေ့ကြောင့် ပေါ့ဗျာ၊ အမေက သူ့ဇာတိ ပရင့်စ်အဲလ်ဗတ်မှာ ပြန်နေချင်တယ်တဲ့၊ ကိတ်တောင်းက တချိန်လုံး မိုးရွာပြီး အေးလွန်းလို့ သူ့ကျန်းမာရေးနဲ့ မဖြစ်ဘူးတဲ့၊ ဒါနဲ့ပဲ အမေနဲ့ ကျွန်တော် ထွက်လာကြတာ၊ အမေက စတယ်လန်ဘော့ချ် ရောက်တော့ မျက်ဖြူဆိုက်နေပြီ။ ကျွန်တော် ဆေးရုံခေါ်သွားတယ်၊ အမေ အဲဒီမှာ ပဲ ဆုံးသွားတယ်၊ ပရင့်စ်အဲလ်ဗတ်ကိုသူ မမြင်လိုက်ရဘူးလေ"

နားထောင်နေသည့် မိန်းမတယောက် က ခေါင်းယမ်းရင်း-

"သနားစရာ မိန်းမကြီးပဲ၊ ကိတ်တောင်းမှာ လူမှု ကူညီရေး အသင်းတွေ မရှိဘူးလား"

ထိုမိန်းမက မိုက်ကယ့်အဖြေကို မစောင့်တော့ဘဲ-

"ရှိမှာလည်း မဟုတ်ပါဘူးလေ၊ ဒီ ဂျက်ကယ်ဒရစ်ဖ်ဟာ လူမှု ကူညီရေး စခန်းပေါ့" ဟု သူ့ဘာသာ ဖြေလိုက်သည်။

မိုက်ကယ်က ဆက်ပြော၏။

"ပြီးတော့ ကျွန်တော် မီးရထားလမ်းပြင်တဲ့အလုပ် လုပ်ရတယ်။ တောင်ပြိုပြီး လမ်းပိတ်နေတဲ့ နေရာမှာလေ၊ နောက်တော့ ကျွန်တော် ဒီရောက်လာတာပဲ"

အမေ့ အရိုးပြာအကြောင်း၊ ဗစ်စဂီးယာခင်း အကြောင်း သူတို့ကိုပြောပြလိုက်ရင် ကောင်မလား။ ပြောမယ့်ပြောမှတော့ အားလုံး ပြောလိုက်တာ ကောင်းပါတယ်လေ။ သို့သော်မိုက်ကယ် ပြောချိန်မရလိုက်။ သူ

ပါးစပ်ပြင်နေတုန်း ဂစ်တာသမားက သီချင်းတပုဒ် ထတီး၏။ အားလုံး၏ အာရုံက ဂီတသံဆီ ရောက်သွား၏။

ဒါကြောင့်လည်း သူ့ဘာသာသူသာ တိုးတိုးလေး ပြောမိသည်။ "ကိတ်တောင်းမှာ လူမှု ကူညီရေး အသင်း မရှိပါဘူး၊ လူတွေတောင်အသက်ကို ဖက်နဲ့ထုပ်ထားရတာ "

မိုက်ကယ်သည် ကြယ်တွေကို မော့ကြည့်နေခဲ့သည်။ ထိုအချိန်မှာ ရောဘတ်၏ အသံကို နောက်မှ ကြားလိုက်ရသည်။ သူ့အိမ်ထဲဝင်လာပြီး သူ့ကို အပြင်ခေါ်ထုတ်သွားခဲ့သည့် ထိုလူ၏အမည်မှာ ရောဘတ် ဖြစ်၏။

"အရင်တုန်းကတော့ ငါတို့လည်း တသက်လုံး ယာလုပ်ခဲ့ကြတာပေါ့ကွာ၊ ကလာစတွန်းနားက ယာခင်းမှာ ငါ အလုပ်လုပ်တယ်၊ မိန်းမရယ်၊ ငါ့ကလေး လေးယောက် ရယ်၊ ငါ့ ညီမရယ်၊ သူ့ကလေးတွေ ရယ် စုပေါင်းနေကြတာပေါ့။ အဲဒီ ယာခင်းမှာ ဆယ့်နှစ်နှစ် တောင် ငါ အလုပ်လုပ်ခဲ့တာ။ ဝါစိုက်တာပေါ့ကွာ။ စစ် ဖြစ်တော့ ဝါဈေးတွေ ထိုးကျသွားတယ်။ ငါတို့ဝါတောင်သူတွေ ဒုက္ခအကြီးအကျယ် ရောက်တာပေါ့။ တနေ့တော့ ငါ့ယာခင်းရှင်က ငါ့ကို ပြောတယ်။ မင်းတို့မိသားစုကို ငါ မကျွေးနိုင်တော့ဘူးတဲ့၊ လွတ်ရာ ကျွတ်ရာ သွားကြပေတော့တဲ့၊ ကျွန်တော်တို့ ဘယ်ကိုသွားရမှာလဲခင်ဗျာ လို့ ငါကမေးတော့ သူက စိတ်မကောင်းပါဘူးတဲ့၊ သူမတတ်နိုင်တော့လို့ပါတဲ့၊ ငါလည်း ဘာဆက်ပြောနိုင်ဦးမှာလဲ၊ ယာခင်းရှင်က မိသားစုများတဲ့ ငါ့ကို ကန်ထုတ်ပြီး တယောက်တည်းသမား ဝါတောင်သူ တယောက်ကို ငှားလိုက်တယ်လေ၊ ပါးစပ်တပေါက်ပဲ သူ ကျွေးရမှာ ကိုး၊ ဒီလိုနဲ့ ငါတို့မိသားစု လမ်းပေါ်ရောက်သွားတယ်၊ သောက်ကျိုးနည်း၊ ဘုရားစူးရစေ့၊ လမ်းပေါ်ရောက်ရောက်ချင်းကို အဖမ်းခံရတော့တာပဲ၊ ရဲကားတစီးက လမ်းပေါ်မှာ အဆင်သင့် စောင့်နေတယ်၊ စောင့်မှာပေါ့၊ ငါ့ယာခင်းရှင်က ရဲဌာနကို ဖုန်းဆက်ပြီးသားကိုး။ ဒီလိုနဲ့ ငါတို့လည်း ရေကန်အသင့် ကြာအသင့် ဂျက်ကယ်ဒရစ်ဖ်ကို ရောက်လာတော့တာပါပဲ။ ကျွန်တော်တို့ကို ဘာလို့ ဒီပို့တာလဲလို့ ငါလည်း မေးဖူးတာပေါ့။ အလုပ်အကိုင် အတည်တကျ မရှိလို့တဲ့လေ၊ ဒါနဲ့ ငါက ပြောတယ်၊ ကျွန်တော် မနေ့ညကအထိ အလုပ်အကိုင် အတည်တကျ ရှိနေသေးတယ်၊ ဒီနေ့မနက် ခင်ဗျားတို့က ကျွန်တော့်ကို အလုပ်အကိုင် အတည်တကျ မရှိလို့ စခန်းပို့တယ်၊ ခင်ဗျားတို့ ဘယ်လိုလုပ်သိသလဲဆိုတော့ သူတို့က ဘာပြောတယ်မှတ်တုံး၊ လမ်းပေါ်မှာ ယောင်လည်လည်လုပ်နေတဲ့ ကောင်မှန်သမျှ အလုပ်မရှိဘူးဆိုတာ ငါတို့ သိတာပေါ့တဲ့။ ပြီးတော့ သူတို့က ဆက်ပြောတယ်။ မင်းတို့ မိသားစုကလေးတွေ နဲ့ လမ်းဘေးမှာ ချုံတိုးပြီး တိရစ္ဆာန်တွေလို အိပ်မလား၊ စခန်းမှာ အိမ်နဲ့ရာနဲ့ ရေမီးစုံအိပ်မလား ရွေးကြပေါ့ကွာတဲ့။ ငါတို့ သိပါတယ်တဲ့။ မင်းတို့ ဂျက်ကယ်ဒရစ်ဖ်ကိုပဲ ရွေးမှာပါတဲ့။

အလုပ်မရှိ အကိုင်မရှိ လမ်းပေါ်မင်းတို့ လျှောက်သွားနေရရှာတာကို ငါတို့လည်း မမြင်ချင်ပါဘူးတဲ့။ ဒါပေမဲ့သူတို့ လူတွေကို ဒီပို့ရတဲ့ အဓိက အကြောင်းရင်းကို သူတို့ မပြောလည်းငါ သိပါတယ်။ အလုပ်မရှိ အကိုင်မရှိသမားတွေဟာ ခဏနေတော့ တောင်တွေပေါ် ရောက်သွားရော၊ ပြီးတော့ ခိုးဆိုးလုယက်တဲ့ကောင်တွေ ဖြစ်သွားရော၊ ဒါကို သူတို့ မတွေ့ချင်ဘူး၊ ဒါကြောင့် လမ်းပေါ်တွေ့တဲ့ကောင် ဖမ်းပြီး ဒီစခန်းပို့ပစ်တာပေါ့။ ဒီစခန်းမှာ ယောကျ်ား ဘယ်နှယောက် ရှိလဲ မင်းသိလား။ အယောက် သုံးဆယ်ကွ၊ မင်းနဲ့ပါဆိုရင် သုံးဆယ့် တယောက် ပေါ့။

မိန်းမတွေ၊ ကလေးတွေ၊ အအိုအမင်းတွေ ပါပေါင်းလိုက်ရင် အများကြီးပဲ၊ မင်းဘာသာမင်း အားနေရင် ရေကြည့်ပေါ့ကွာ၊ ဒီရောက်နေတဲ့ ယောကျ်ားတွေဟာ မင်းကလွဲလို့ လူပျိုလူလွတ် မရှိဘူး၊ လူပျိုလူလွတ်တွေ က ဒီဘယ်ရောက်လိမ့်မလဲ"

"နေဦးဗျ၊ ကျွန်တော် တောင်ပေါ်မှာ နေခဲ့ဖူးပါတယ်။ လူလည်း တယောက်မှ မတွေ့ပါဘူး"

မိုက်ကယ်က ဖြတ်ပြောလိုက်၏။

"မင်းတွေ့အောင် နေမလားကွ၊ ဒီစခန်းက ယောကျ်ားမရှိတဲ့ မိန်းမတွေကို သွားမေးကြည့်၊ နင်တို့ ယောကျ်ားတွေ ဘယ်သွားလဲလို့၊ သူတို့ကအလုပ်ရှိတယ်လေ ကျွန်မကို လတိုင်း ပိုက်ဆံပို့တယ်တို့၊ သူ ကျွန်မကိုပစ်ပြီး ထွက်ပြေးသွားပြီတို့ တယောက်တမျိုး ပြောလိမ့်မယ်၊ တကယ့်အမှန်ကို ဘယ်သူ သိတာလိုက်လို့"

အတန်ကြာအောင် တိတ်ဆိတ်သွားခဲ့ကြသည်။ ကောင်းကင်မှအလင်းတန်းတခုကို ဝင်းကနဲ မြင်လိုက်ကြသည်။

မိုက်ကယ်က လက်ညှိုးထိုးရင်း- "ကြည့်စမ်း၊ ဟိုမှာ ကြယ်ကြွေနေတယ်" ဟု ရောဘတ်ကို ပြောလိုက်သည်။

XXX

နောက်တနေ့မှာတော့ မိုက်ကယ် အလုပ်စဆင်းရသည်။ မီးရထားဌာနက အလုပ်တဲ့။ မနက် ခြောက်နာရီခွဲမှာ ကားဖြင့် သူတို့ကို လာခေါ်သည်။ ခုနစ်နာရီခွဲတော့ လုပ်ငန်းခွင်ကို ရောက်သည်။ အလုပ်က ချောင်းတခုကိုဖြတ်ပြီး မီးရထား တံတားဆောက်ဖို့အလုပ်။ အလုပ်က ပင်ပန်းလှသဖြင့် မနက်ပိုင်းမှာတင် မိုက်ကယ် အတော်ဖျားနေခဲ့ပြီ။ ကြည့်ရတာ တောင်ပေါ်မှာ နေလိုက်တာ ငါ အတော် အိုသွားတယ် ထင်တယ်ဟု မိုက်ကယ်စဉ်းစားနေခဲ့သည်။

ရောဘတ်ကလည်း မိုက်ကယ့်အနား လာထိုင်သည်။

"ဟော့ကောင်လေး၊ ဖွတ်လုပ်မနေနဲ့လေ၊ မင်းက တရက်မှ လုပ်ခတရမ်ပဲ ရတာ ဟာ၊ ငါ ကတော့ မိသားစုရှိလို့ တရမ်ခွဲရတယ်၊ တန်သလောက်ပဲ လုပ်ဟ၊ ရှူးရှူးလေး ဘာလေး ပေါက်ချိန်ထားဦး၊ တော် ကြာဆေးရုံပြန်ရောက်သွားဦးမယ်"

နေ့လယ်စာ စားချိန်နားတော့ သစ်ပင်ရိပ်အောက်မှာ နားကြရင်း ရောဘတ်က မိုက်ကယ့်ကို သူ့မှာ ပါလာသည့် ဆန်းဒဝစ်ချ်တွေ ကျွေး၏။

"မင်း တပတ်လုပ်လိုက်လို့ ငါးရမ်၊ ခြောက်ရမ်လောက် ရပြီဆိုရင်ကိုယ့်ဘာသာ စားတော့ပေါ့။ ဂျက်ကယ်ဒရစ်ဖ်က အိပ်ဖို့နေရာပဲ ပေးတာကွ၊ မနေ့က စွပ်ပြုတ်ဝေတဲ့အဖွဲ့က တပတ် သုံးကြိမ်လာတယ်၊ ဒါပေမဲ့ မင်းသိတဲ့အတိုင်း ကလေးတွေ အတွက်ပဲ။ ငါ့မိန်းမက ပရင့်စ်အဲလ်ဗတ်မြို့ထဲမှာ တပတ်ကို သုံးရက်ခွဲ အလုပ်လုပ်ရတယ်၊ အေးပေါ့၊ အိမ်အကူပေါ့၊ အငယ်ဆုံးလေးတော့ သူနဲ့ ခေါ်သွားတယ်၊ ကျန်တဲ့ကလေးတွေ ကတော့ ငါ့ညီမ ထိန်းတာပေါ့၊ ငါတို့ တပတ်ကို ဆယ့်နှစ်ရမ် ရတယ်။ အဲဒီ ဆယ့်နှစ်ရမ်နဲ့ လူကိုးယောက် ပါးစပ်ပေါက်တွေကို ကျွေးရတယ်ကွာ။ ဒါတောင် ငါတို့က အဆင်ပြေတဲ့လူတွေ ပြောရမယ်။ သူများတွေ ဒီထက်ပိုဆိုးတဲ့ လူချည်းပဲ။ အလုပ်နဲ့ လက်ကတော့ ပြတ်လို့ မရဘူးကွ၊ အလုပ်မရှိတာနဲ့ တပြိုင်နက်တည်း ခါးပတ်တင်းတင်းပတ်ပြီး ရေသောက် ဗိုက်မှောက်နေဖို့ပဲ ရှိတယ်ကွာ။

ပိုက်ဆံရရင်လည်း မင်းသုံးဖို့က တနေရာပဲ ရှိတယ်။ ပရင့်စ်အဲလ်ဗတ်လေ။ ပရင့်စ်အဲလ်ဗတ်က ဆိုင်တွေ အကုန်လုံး မင်းကို မြင်တာနဲ့ ဈေးတွေ ခုန်တက်သွားလိမ့်မယ် ဆိုတာလည်း မြဲမြဲမှတ်ထား။ အမယ် ဘာဖြစ်လို့လဲတဲ့။ မင်းက စခန်းက လူမို့လို့ပေါ့ကွ။ ပရင့်စ်အဲလ်ဗတ်မြို့ခံတွေက ဒီစခန်း သူတို့ မြို့နားမှာ ရှိတာကို နည်းနည်းမှ ကျေနပ်တာမဟုတ်ဘူး။ စခန်းစဖွင့်တုန်းကဆို အကြီးအကျယ် ဆူကြ ပူကြတာတဲ့။ သူတို့အမြင်မှာ မင်းတို့ ငါတို့လို စခန်းကကောင်တွေဟာ အလကား အုတ်ကြားမြက်ပေါက်၊ ရေမျောကမ်းတင်၊ ဓာတ်တိုင်သေးပန်း၊ ပလက်ဖောင်းခေါင်းအုံး၊ လမ်းဘေးဈေးပါနေကြတဲ့ ဝဲစား ဝဲစုတ်တွေပဲ။ နည်းနည်းမှ ကျက်သရေမရှိတဲ့ကောင်တွေပဲ။ စခန်းကကောင် တကောင်ကောင် မြို့ထဲတွေ့ရင် အနူအဝဲလို ဆက်ဆံချင်ကြတယ်။ ဒါပေမဲ့ သူတို့ အလုပ်ကျတော့ တို့ကလုပ်ပေးစေချင်သတဲ့ကွာ။ တို့က အဲဒီတော့ ဘာလုပ်ရမလဲ။ ညကျရင် နတ်သမီးတွေလို သူတို့အိမ်တွေထဲ အသာလေးဝင်၊ သူတို့အလုပ်တွေ အားလုံးလုပ်ပေးခဲ့၊ မနက်ကျတော့ ကိုယ်ယောင်ပျောက်စေသတည်းဆိုပြီး နေရမှာလား၊ အလကား။ သေခြင်းဆိုးတွေ။ ထွီ။

ဒါဆို စခန်းကကောင်တွေကို ဘယ်သူ အလုပ်ပေးနေလဲ ဟုတ်လား၊ မင်းမြင်တဲ့အတိုင်းပဲ။ မီးရထားဌာနလေ။ မီးရထားဌာနက ဂျက်ကယ်ဒရစ်ဖ်က

ငါတို့လိုကောင်တွေကို သိပ်ကြိုက်တာပဲ။ တတ်နိုင်ရင် ဆယ်မိုင်ကိုတခုလောက် ဂျက်ကယ်ဒရစ်ဖ်တွေ လမ်းတလျှောက် ထားစေချင်ပုံရတယ်။ ဒုတိယ ကတော့ ယာခင်းရှင်တွေပေါ့။ ဂျက်ကယ်ဒရစ်ဖ်က လူတအုပ်လောက် ဝင်လုပ်လိုက်ရင် တပတ်လောက်လုပ်ရမယ့် သူ့ယာခင်းက တရက်တည်းနဲ့ ပြီးသွားမယ်၊ ဈေးနှုန်းကလည်း သောက်ကျိုးနည်းအောင် ချိုတယ်မဟုတ်လား။ ဂျက်ကယ်ဒရစ်ဖ်ကို ဖုန်းသာဆက်လိုက်။ မနက်ဆို ထရပ်ကားတစီးအပြည့် လူတွေ ရောက်လာမယ်။ ညနေဆို ပြန်ခေါ်သွားမယ်။ အဲဒီလူတွေ ဘယ်လို နေထိုင်စားသောက်နေရသလဲ၊ သူ စိတ်မဝင်စားဘူး၊ သူ့အလုပ်လည်း မဟုတ်ဘူးလေ"

မိုက်ကယ်သည် ခေါက်ကုလားထိုင်လေး တလုံးပေါ်မှာ စတိုင်ထွားထွားဖြင့် ထိုင်နေသည့် အလုပ်သမားခေါင်းကို ငေးနေမိသည်။ အလုပ်သမားခေါင်းသည် ဓာတ်ဘူးထဲမှ ကော်ဖီကို ခွက်ထဲသို့ လောင်းထည့်ကာ တဂွပ်ဂွပ်ဖြင့် သောက်နေ၏။ သူက မိုက်ကယ့်ကို လှည့်ကြည့်၏။ သူ့အမြင်မှာ ငါ ဘယ်လိုများ ဖြစ်နေသလဲ။ သူ ငါ့ကို ဘယ်လိုများ မြင်မလဲ။ မိုက်ကယ် စဉ်းစားနေမိသည်။ အလုပ်သမားခေါင်းသည် ကော်ဖီကို လတ်စသတ်သောက်ပြီး ဝီစီကို မှုတ်လိုက်သည်။ လုပ်ငန်းခွင် ပြန်စပြီ။ နေ့လယ်ခင်းမှာ သစ်မြစ်ဆုံကြီးတခုကို မိုက်ကယ် ခက်ခက်ခဲခဲတူးနေတုန်း အလုပ်သမားခေါင်းက သူ့အနားလာထိုင်၏။ မိုက်ကယ် သူ့ကိုကြောက်လာသည်။ လှည့်မကြည့်ရဲ။ သစ်မြစ်ကို ခုတ်သာခုတ်နေရသည်။ သူ့လက်က အားမရှိ။

ညနေစောင်း အလုပ်မှ ပြန်ရောက်တော့ ပင်ပန်းလွန်းသဖြင့် သူဘာမှ မစားနိုင်။ အိမ်ထဲမှာလည်း ပူလောင်အိုက်စပ်နေသဖြင့် သူ မနေနိုင်။ ဖျာကိုယူကာ အပြင်မှာ ခင်း၏။ လဲလျောင်းပြီး ခရမ်းရောင် သန်းနေသော ကောင်းကင်ကြီးကို သူ ကြည့်၏။ ခဏနေတော့ သူ အိမ်ထဲပြန်ဝင်၏။ ကြိုးခုတင်မှာ လှဲပြန်၏။

စနေနေ့မှာ လုပ်ခရှင်း၏။ တနင်္ဂနွေနေ့မှာ စခန်းကလူတွေ ဘုရားဝတ်ပြုနိုင်ဖို့ သာသနာပြု အဖွဲ့ လာ၏။ ထိုနေ့များမှာတော့ ညမထွက်ရအမိန့် ရောက်ချိန်အထိ ဂိတ်တံခါးတွေကို ဟောင်းလောင်း ဖွင့်ထားခဲ့သည်။ မိုက်ကယ်သည် ဘုရားဝတ်ပြု၏။ မိန်းမတွေ၊ ကလေးတွေနှင့်အတူ သူ ဓမ္မတေးသီကျူး၏။ ဘုန်းတော်ကြီးက ဆုတောင်းပေးသည်။

"အို အဖ ဘုရားသခင်၊ ငြိမ်းချမ်းရေးသည် ကျွန်ုပ်တို့ နှလုံးအိမ်အတွင်းမှာ တဖန် ပြန်လည်မွေ့လျော်ရ ပါလို၏ ဘုရား"

ဘုရားဝတ် ပြုပြီးသောအခါ သူတို့ကို ပရင့်စ်အဲလ်ဗတ်မြို့ထဲသို့ သွားခွင့်ပြုသည်။ စခန်းသို့ လာတွေ့သည့် ဧည့်သည်များ နှင့်လည်း တွေ့ခွင့်ပြုသည်။ ဘယ်မှ သွားစရာမရှိလို့ ကွင်းပြင်ထဲမှာ လျှောက်နေချင်သပဆိုလည်းသဘောပ။

ဝတ်ကောင်းစားလှနှင့် ညွှေ့သည်တွေ၊ အလွန်အကျွံ ပြင်ဆင်ထားကြသည့် မိန်းမပျိုတွေ။

"ကျွန်တော်တို့ မြို့ထဲ သွားကြမလား"

မိုက်ကယ်က ရောဘတ်ကို အဖော်ညှိ၏။

"လူငယ်တွေ သွားကြပါစေကွာ၊ ပရင့်စ်အဲလ်ဗတ်က ဘာများ ထူးဆန်းလို့လဲ၊ ငါတော့ မသွားချင်ဘူး၊ မင်း သွားချင်ရင်တော့ သူတို့နဲ့လိုက်သွား၊ ဟိုရောက်ရင် အအေးလေး ဘာလေးသောက်၊ ကော်ဖီဆိုင်ထိုင်ပြီး ယားနာတွေ ကုတ်နေပေါ့ကွာ"

ရောဘတ်ကို အဖော်ညှိ၍ မရသဖြင့် မိုက်ကယ် တယောက် တည်းစခန်းထဲမှ ထွက်လာခဲ့သည်။ ခြံစည်းရိုးတလျှောက် ကပ်၍ သူလျှောက်လာသည်။ စခန်းနှင့် အတော် ဝေးဝေးထိ သူ ရောက်လာသည်။ မြို့ထဲသို့တော့ မဟုတ်။ ခြံနောက်ဖေးမှ လှမ်းမြင်နေရသည့် ကွင်းပြင်ကြီးထဲသို့။ ထို ကွင်းပြင်ထဲမှာ ဦးထုပ်ကို မျက်နှာအုပ်၍ လဲလျောင်းရင်း သူအိပ်ပျော်သွားသည်။ နိုးလာတော့ ချွေးတွေ တကိုယ်လုံး ရွှဲလို့။ သူ့မျက်နှာပေါ်မှ ဦးထုပ်ကို ဖယ်လိုက်သည်။

အို-ကောင်းကင်ပေါ်မှာ သက်တံကြီး ထွက်နေပါ့လား။ သက်တံကိုသူ စိုက်ကြည့်နေသည်။ ပြီးတော့ သူ့ဘဝအကြောင်း သူ ပြန်တွေးမိသည်။ ငါဟာ ကိုယ့်တွင်းကိုယ် ဘယ်နားရှိမှန်းမသိတဲ့ ပုရွက်ဆိတ် တကောင်လို ကောင်မျိုးပါလား။

သဲထဲသို့ သူ့လက်တွေ ထိုးသွင်းပြီး သဲတွေကို အဓိပ္ပာယ်မဲ့ ဆုပ်နေမိသည်။ ဆေးရုံပေါ်မှာတုန်းက ရိတ်ပေးခဲ့ကြသည့် သူ့နှုတ်ခမ်းမွေးတွေ ထူထူထဲထဲ ပြန်ထွက်လာပြီ။ သူ့နှုတ်ခမ်းကွဲကြီးကိုပင် ဖုံးသွားစေခဲ့ပြီ။ သို့သော်လည်း မိုက်ကယ် ဒီစခန်းမှာ မပျော်။ ကိုယ့်အိမ်ကိုယ့်ရာလိုလည်း မခံစားမိ။ တခြားလူတွေ မပြောနှင့်။ သူနှင့် ခုတလော တတွဲတွဲ ရှိနေသည့် ရောဘတ်တို့ မိသားစုကိုပင် သူနှင့် တသားတည်းရှိသည်ဟု မထင်မိ။ ကလေးတွေကလည်း သူ့ကိုမြင်လျှင် ကြောက်သူကကြောက်၊ လန့်သူက လန့်၊ ခဲနဲ့ ပေါက်ချင်သူကလည်း ရှိ။ မိန်းမတွေကလည်း သူ့ကွယ်ရာမှာ သူ့ကို ကျိတ်ရယ်နေကြသည်ဟု သူ ထင်မိသည်။ သူ မိန်းမတွေ နှင့် ဘယ်လို ဆက်ဆံရမှန်း မသိ။ အချို့ကတော့ သူ့ကို သနားကြပုံရသည်။ ဆပ်ပြာတုံးတွေ ငှားကြ၏။ အစားအသောက် ကျွေးကြ၏။

မိုက်ကယ်သည် သူ့လုပ်ခတဝက်ကို ထမင်းဖိုးသဘောမျိုး ရောဘတ်ကို

ပေး၏။ ကျန်တဝက်ကို သူ ယူ၏။ တကယ်တော့လည်း သူ့မှာ လိုချင်တာလည်း မရှိ။ မြို့ထဲသို့လည်း သွားစရာအကြောင်းမရှိ။ ရောဘတ် ကတော့ သူ့အပေါ် ကောင်းရှာပါသည်။ အမြဲတမ်း အရိပ်တကြည့်ကြည့်။

"သောက်ကျိုးနည်း၊ မင်းလောက် အိပ်နိုင်တဲ့ကောင်တော့ ငါမမြင်ဖူးဘူး။ မိုက်ကယ်၊ မင်း အိပ်ဖို့များ မွေးလာရော့သလားကွာ" ဆိုသည့် ရောဘတ်၏ အမေးကို မိုက်ကယ်က “ဟုတ်တယ်ဟု” တခွန်းတည်း မီးရထားလမ်း တံတားဆောက်လုပ်ခြင်း အလုပ်သည် ပြီးစီးသွားခဲ့ပြီ။ နှစ်ရက်ခန့် နားကြရပြီးနောက် မီးရထားဌာနမှပင် နောက်အလုပ်တခုအတွက် လာခေါ်ပြန်သည်။

မိုက်ကယ်သည် အခြားလူတွေနှင့်အတူ မနက် အလုပ်သွားရန် ကားပေါ်တက်ဖို့ တန်းစီနေပြီးမှ ရုတ်တရက် ချက်ချင်း စိတ်ကူးပေါက်လာသဖြင့် အစောင့်ကို-

"ကျွန်တော် နေမကောင်းဘူး၊ အလုပ် မလုပ်နိုင်ဘူး" ဟု ပြောလိုက်သည်။

"မလုပ်ချင်နေပေါ့ကွ၊ မင်းမလုပ်ရင် ပိုက်ဆံမရရုံ ရှိတာပဲ" ဟု အစောင့်က ပြန်ဖြေ၏။

မိုက်ကယ်သည် အိမ်ထဲမှဖျာကိုထုတ်ကာ အရိပ်ကောင်းကောင်း တနေရာရှာပြီး လက်မောင်း ခေါင်းအုံးကာ ဆက်ရက်မင်းစည်းစိမ်ကို ခံစားနေ၏။ မကြာပါ။ သူ့အနားသို့ ကလေးတွေ ရစ်သီရစ်သီဖြင့် ရောက်လာကြ၏။

ပထမတော့ သူ့နားသို့ သိပ်မကပ်ရဲ။ အဝေးမှနေ၍ သူ့ကို ခြောက်ကြလှန့်ကြ၏။ မိုက်ကယ်က မလှုပ်သောအခါ ကလေးများသည် ရဲတင်းလာကြပြီး မိုက်ကယ့်ခန္ဓာကိုယ်ကို သူတို့အတွက် ကစားစရာအရုပ်လို သဘောထားပြီး စိတ်တိုင်းကျ ကမြင်းကျတော့သည်။ သူ့နားမှာ ကကြသည်။ သူ့အပေါ် တက်ခုန်ကြသည်။ ထိုသို့ အစွမ်းကုန် သောင်းကျန်းနေတာတောင်သူ အိပ်နိုင်သေးကြောင်းကို မိုက်ကယ် တယောက် အံ့အားသင့်ဖွယ် တွေ့ရှိခဲ့သည်။ ကိစ္စမရှိ။ ခုန်ချင်ခုန်ပါစေ။ အညောင်းတောင် ပြေသေးတယ်ဟု သူက သဘောထား၏။

စခန်းတာဝန်ခံတွေ ရောက်လာပြီး အိမ်သာတွင်းတွေမှာ ထုံးမှုန့်တွေ ဖျန်းသောအခါမှ မနေနိုင်တော့သဖြင့် သူ ထထွက်လာခဲ့သည်။ မိုက်ကယ်သည် ဂိတ်ပေါက်သို့ လျှောက်၏။ အစောင့်နှင့် တွေ့၏။

"ကျွန်တော် အပြင်ထွက်လို့ ရမလား ခင်ဗျ'

"မနက်က မင်းပြောတော့ နေမကောင်းဘူးဆို"

"အင်း အဲဒါက အလုပ်မလုပ်ချင်လို့ပါ။ ဒီစခန်းက ကိုယ်လုပ်ချင်လုပ်၊ မလုပ်ချင်နေဆိုလို့လေ"

"မင်းက အလုပ်တော့ မလုပ်ချင်ဘူး၊ အစားတော့ စားချင်တယ်၊ အဲသလိုလား"

"အစားကလည်း အမြဲစားနေတာတော့ မဟုတ်ပါဘူး။ အစားမစားဘဲလည်း ကျွန်တော် နေနိုင်ပါတယ်။ စားချင်ရင်တော့ အလုပ်လုပ်မှာ ပေါ့"

အစောင့်က ရိုင်ဖယ်ကို နံရံမှာ ထောင်ထားလိုက်ပြီး ကုလားထိုင်မှာ နေရာပြင်ထိုင်လိုက်၏။ သူ့မျက်နှာက ပြုံးတုံ့တုံ့။

"ကျွန်တော့်ကို ဂိတ်တံခါး ဖွင့်ပေးမှာလား"

"မင်း သိရက်သားနဲ့ကွာ၊ ဒီတံခါးက အလုပ်သွားတဲ့လူတွေ အတွက်ပဲဖွင့်ပေးတာ"

"ဒါဆို ကျွန်တော် ခြံစည်းရိုးကို ကျော်တက်မယ်လေ။ အဲဒီ လိုလုပ်ရင် ခင်ဗျားက ကျွန်တော့်ကို ဘာလုပ်မှာ လဲ ဟင်"

"မင်း ခြံစည်းရိုးကို ကျော်လို့ကတော့ နှစ်ခါမေးစရာ မလိုဘူး။ ငါက ပစ်ပြီးသားပဲ မောင်၊ ယောင်လို့များတော့ စမ်းမကြည့်လိုက်လေနဲ့ဗျ"

မိုက်ကယ်က ခြံစည်းရိုးအဖြစ် ကာရံထားသည့် ဝါယာကြိုးများကို ကိုင်ဆွဲကြည့်နေသည်။ အစောင့်က သူ့ကိုကြည့်ရင်း-

"ဒီမှာ အပေါင်းအသင်း၊ ကိုယ် တခုတော့ ပြောထားမယ်၊ ကိုယ်မင်းကို လွှတ်ပေးလိုက်လည်း နောက်သုံးရက်လောက်ဆို မင်း ဂိတ်ရှေ့ ပြန်ရောက်လာဦးမှာပဲ၊ သုံးရက်နော်၊ သုံးရက်ထက် မပိုဘူး၊ လောင်းတောင် လောင်းလိုက်ချင်သေးတယ်။ မင်း ဂိတ်ပေါက်ဝမှာ မျက်ရည်လည်ရွဲနဲ့ ကျွန်တော်ကို ပေးဝင်ပါခင်ဗျာလို့ တောင်းပန်ပြီးကို ပြန်ဝင်ရမှာ၊ ဘာလို့များ မင်း အပြင်ထွက်ချင်နေတာလဲကွာ၊ ငါ စဉ်းစားလို့ မရဘူး၊ မင်းမှာ အိမ်လည်းရှိပြီ၊ အစားအသောက်အတွက်လည်း မပူရဘူး၊ အလုပ်လည်း ရှိပြီ၊ အပြင်လောကမှာ လူတွေ အသက်ရှင်ရပ်တည်ဖို့ ဘယ်လောက်ခက်ခဲနေသလဲမင်း သိလား၊ သိမှာ

ပါကွာ၊ မင်းကို ငါ ပြောနေစရာ လိုမယ်မထင်ပါဘူး၊ မင်း အဲဒီ လူတွေ ကြား ရောက်သွားချင်လို့လား"

"ဘာရယ်မဟုတ်ဘူးဗျာ၊ ဒီစခန်းမှာ မနေချင်တာတော့ အမှန်ပဲ၊ ကျွန်တော့်ကို ခြံစည်းရိုး ကျော်ခွင့် ပြုစမ်းပါဗျာ၊ ခင်ဗျား အသာလေး မျက်နှာလွှဲနေလိုက်၊ ဘယ်သူမှလည်း သိမှာ မဟုတ်ပါဘူး၊ ဒီစခန်းထဲမှာ လူဘယ်နှယောက် ရှိမှန်းတောင် ခင်ဗျား အတိမကျမသိဘူး မဟုတ်လား"

"ကျော်လေ၊ ငါကလည်း မင်းကျော်ရင် ပစ်လိုက်ရုံပဲ"

နောက်တနေ့ မနက်မှာလည်း အခြားယောကျ်ားတွေ အလုပ်သွားချိန်မှာ မိုက်ကယ် အိပ်ရာထဲမှာ နှပ်ကောင်းတုန်း၊ နိုးလာတော့ ဂိတ်ပေါက်ကို သွားပြန်၏။ မနေ့ကအစောင့်နှင့် တွေ့ပြန်၏။ ဒီတခါတော့ ခြံကျော်မည် အကြောင်း မပြောတော့။ သူတို့နှစ်ယောက် ဘောလုံးအကြောင်း ပြောကြ၏။ အစောင့်က သူ့ကို ပြော၏။

"ငါ့မှာ ဆီးချို ရောဂါ ရှိတယ်ကွ၊ ဒါကြောင့်လည်း မြောက်ပိုင်းရှေ့တန်းကို ငါ မရောက်တာပေါ့၊ သုံးနှစ် လုံးလုံး စာရေး လုပ်လိုက်၊ တပ်စတိုးဆိုင်မှာ လုပ်လိုက်၊ ခုလို အစောင့်လုပ်လိုက်နဲ့ နေလာတာ၊ မင်း တရက်ကို ဆယ့်နှစ်နာရီလောက် ဒီမှာထိုင်ပြီး ဘာမှလုပ်စရာမရှိဘဲ ချုံပုတ်တွေကို ငေးနေကြည့်ပါလား၊ ဘယ်လိုနေမလဲလို့။

အေးလေ ဘာပဲ ဖြစ်ဖြစ် သူတို့ ငါ့ကို ရှေ့တန်းပို့တဲ့နေ့ကတော့ ငါစစ်တပ်ထဲက ထွက်ပြေးတဲ့နေ့ပဲလို့ မှတ်လိုက်ပေတော့ အပေါင်းအသင်းရေ့၊ ငါက ဘာအတွက် တိုက်ရမတုံး၊ သူတို့ဘာသာသူတို့ ဖြစ်ကြတဲ့စစ်ပဲ၊ ငါတို့ကတိုက်ပေးရမှာ အဓိပ္ပာယ်မရှိ ဘူးလေ"

အစောင့်က မိုက်ကယ်၏ နှုတ်ခမ်းအကြောင်းကို မေး၏။ မွေးရာပါဟု ပြောလိုက်တော့ ခေါင်းညိတ်ရင်း-

"ဩ.. အဲသလိုလား၊ ငါက မသိပါဘူး၊ တယောက်ယောက် မင်းနှုတ်ခမ်းကို ဓားနဲ့ ပိုင်းထားတယ် ထင်နေတာ" ဟု ဆို၏။

အစောင့်တဲထဲမှာ ရေခဲသေတ္တာအသေးလေးတလုံး ရှိ၏။ အစောင့်က ရေခဲသေတ္တာထဲမှ ကြက်သားကြော်နှင့် ပေါင်မုန့်များ သွားယူလာပြီး မိုက်ကယ်နှင့် နှစ်ယောက် အတူ စားကြ၏၊

အစောင့်သည် ရှက်တက်တက်ဖြင့် တချက်ပြုံး လိုက်ပြီး-

"ဘယ်လိုပဲ ဖြစ်ဖြစ်လေ၊ ဒီလို စစ်ကာလမျိုးမှာ ဒီလောက်ဆိုရင်ငါတို့ အခြေအနေ တော်တော် ကောင်းတယ်လို့ ပြောနိုင်တယ် မဟုတ်လားကွာ" ဟု မိုက်ကယ့်ကို အဖော်ညှိလိုက်သည်။

စခန်းထဲမှ မိန်းမတွေ အကြောင်းကို သူ ဆက်ပြောပြန်၏။ သူနှင့် သူ့အဖော်အစောင့်တို့ ထိုမိန်းမတွေ နှင့် ဘယ်လို ပျော်ပါးခဲ့ကြသလဲ ဆိုတာတွေပါ တတခွခွ ပြော၏။

"ဒီကောင်မတွေက ငတ်နေတာကွ" ဟု ဆိုလိုက် သေးသည်။ စားသောက်ပြီးသောအခါ အစောင့်သည် သမ်းဝေကာ ကုလားထိုင်ပေါ်မှာ စက်တော်ခေါ်တော့သည်။ နောက်တနေ့မနက်မှာတော့ မိုက်ကယ့်ကို ရောဘတ်က လာနှိုး၏။

"မိုက်ကယ်၊ ထ၊ အလုပ်သွားကြစို့" တဲ့။ မိုက်ကယ်က မထချင်။

"ဟဲ့ကောင်၊ ထဟ၊ ဒီနေ့ ရှိသမျှကောင်တွေ အကုန် အလုပ်သွားရမှာ၊ ငြင်းလို့မရဘူးဟ၊ လုပ်ချင်ချင် မလုပ်ချင်ချင် လုပ်ရမယ့် အလုပ်ဟ"

ဆယ်မိနစ်ခန့် အကြာမှာတော့ မိုက်ကယ်တယောက် ဂိတ်ပေါက်ဝမှာ ချမ်းချမ်းစီးစီး တုန်တုန် ယင်ယင်ဖြင့် ကားစောင့်နေရသည်။ ပရင့်စ်အဲလ်ဗတ်ပြီးတော့ ကလာစတွန်းဘက်သို့ သူတို့ကားက ဦးတည်မောင်းနှင်နေသည်။ ယာခင်းတခုနားမှာ သူတို့ကားသည် ရပ်သွား၏။ ကားပေါ် ပါလာသည့် ရဲနှစ်ယောက်က အရင်ခုန်ဆင်းပြီး အသင့်အနေအထားဖြင့် ရိုင်ဖယ်တွေ ကိုင်ကာ စောင့်နေသည်။ သူတို့ ဆင်းကြတော့ လယ်သမားတယောက်က သူတို့ကို တံစဉ်တွေ လိုက်ဝေ၏။ ခဏနေတော့ အရပ်ရှည်ရှည် ကာကီဝတ်စုံ ဝတ်ထားသူတဦး တံစဉ်ကိုင်ကာ ပေါ်လာသည်။

"မင်းတို့အားလုံး တံစဉ် သုံးတတ်လိမ့်မယ်လို့ ငါ ထင်တယ်၊ ခုကောက်ရိတ်ဖို့ သွားကြစို့"

စီစီရီရီ ညီညီညာညာ ကောက်ရိတ်ရသည့် အလုပ်ကို မိုက်ကယ်နည်းနည်းမှ မလုပ်တတ်။ ခဏနေတော့ သူ ချွေးတွေ မတရားထွက်ပြီး ခေါင်းတွေ တရိပ်ရိပ်မူးလာသည်။ သူတို့နောက်မှ သေချာရိတ်၊ ပြောင်နေအောင်ရိတ်ဆိုသည့် အသံနက်ကြီးက ထက်ကြပ်မကွာ ကပ်ပါလာခဲ့သည်။ မိုက်ကယ်က လှည့်ကြည့်လိုက်တော့ ခုနက သူတို့ကို ဩဝါဒမိန့်ခွန်းခြွေခဲ့သော ကာကီဝတ်စုံနှင့် အကောင်ကို တွေ့ရသည်။ သူ လှည့်ကြည့်တာမြင်တော့-

''ရိတ်စမ်း၊ ဟေ့ မျောက်ကောင်၊ ဘာပြန်ကြည့်နေတာလဲ" ဟု

ရိုင်းစိုင်းကြမ်းတမ်းစွာ ဆို၏။ မိုက်ကယ်လက်မှ တံစဥ်ကိုယူရင်း ဒီလို ရိတ်ကွ၊ ဒီလို ရိတ်ရတယ်ကွဟု တချက် နှစ်ချက် ပြလိုက်သေးသည်။ တွေ့လား၊ လုပ်စမ်းဟု ဇွတ်ခိုင်း၏။ မိုက်ကယ်လည်း ခါးကိုကိုင်းရင်း ကောက်ရိတ်ရတော့သည်။

ခဏနားချိန်ရောက်တော့ မိုက်ကယ်က ရောဘတ်ကို ခပ်တိုးတိုးကပ်ပြော၏။

"ကျွန်တော်တော့ မရတော့ဘူးထင်တယ်၊ ခါးတွေကျိုးတော့မယ်၊ ခါးဆန့်လိုက်တိုင်း ချာချာလည်သွားတယ်ဗျ"

"ဖြည်းဖြည်းလုပ်၊ အသာလေးလုပ်၊ လုပ်ချင်ယောင်ဆောင်နေကွာ" ဟု ရောဘတ်က အကြံပေး၏။

"ငါတို့ကို အခု အတင်းအဓမ္မခိုင်းနေတာ ဘယ်သူလဲ သိလား၊ အေးပေါ့၊ အဲဒီ ကာကီဝတ်စုံနဲ့ အကောင်ပေါ့၊ အဲဒီကောင်က ရဲစခန်းမှူးရဲ့ ယောက်ဖတဲ့ကွ၊ ကောက်ရိတ်စက် ပျက်သွားလို့တဲ့၊ စက်ပျက်တော့ ရဲစခန်းကို ဖုန်းခေါ်သတဲ့၊ စခန်းမှူးက အမိန့်တော် ချမှတ်သတဲ့၊ မနက်မိုးလင်းလင်းချင်း သူ့ယောက်ဖ ကောက်ရိတ်ဖို့ လူ အယောက် သုံးဆယ်ပို့ရမတဲ့၊ အဲဒါပဲကွ၊ တို့နိုင်ငံရဲ့ သောက်ကျိုးနည်း ကောင်းလှတဲ့ 'သားတူညီများ ' စနစ်ကြီးလေ"

ညကြီးမိုးချုပ်ခါနီး မှ အလုပ်ပြီး၏။ မိုက်ကယ် တယောက် သေမလောက် ပင်ပန်းနေလေပြီ။ ကားပေါ်မှာ တလမ်းလုံး မျက်စိမှိတ်ကာ သူလိုက်လာခဲ့သည်။ ပြန်ရောက်ရောက်ချင်း သူ ထိုးအိပ်ပစ်လိုက်သည်။ သန်းခေါင်လောက်ရောက်တော့ စူးစူးဝါးဝါး ကလေးငိုသံကြောင့် သူ လန့်နိုးသွား၏။ လူသံတွေလည်း ခပ်တိုးတိုး ကြားရ၏။ ကြည့်ရတာ စခန်းတခုလုံး နိုးကုန်ကြသည် ထင်သည်။ မိုက်ကယ် ဒေါသတွေ အလိပ်လိုက်ထွက်၏။ ဒီလောက်ငိုနေသည့် ကလေး မြန်မြန်သေပါစေဟု ကောင်းချီးသြဘာ သူ ပေး၏။

နောက်တနေ့ ကားပေါ်ရောက်တော့ ညက ကလေးငိုသံအကြောင်း ရောဘတ်ကို သူ ပြောမိ၏။

"အဲဒီ ကလေးက အကြီးအကျယ် နေမကောင်း ဖြစ်နေတာကွ၊ သူ့အငိုတိတ်အောင် ဘယ်လို လုပ်လိုက်ကြတယ် မှတ်လဲ၊ အကိုက်အခဲပျောက်ဆေးနဲ့ ဘရန်ဒီ တိုက်လိုက်သတဲ့ကွာ၊ နို့ ဒါပဲ ရှိတာကိုးကွာ၊ တို့စခန်းမှာ ဆရာဝန်ဆိုတာ မူးလို့တောင် ရှူစရာ မရှိဘူး၊ သူနာပြုဆိုတာလည်းဝေလာဝေးပဲ၊ ဒီစခန်း စဆောက်တုန်းက ဖြစ်ပျက်ခဲ့တာတခု ရှိသေးတယ်ကွ၊ အဲဒီတုန်းက အိမ်အသစ်တွေ ဆောက်ပြီးခါစပေါ့၊

စခန်းအသစ်ကြီးမှာ ထည့်စရာလူက မရှိဘူးလေ၊ အဲဒီတော့ လမ်းပေါ်တွေ့သမျှ သူတောင်းစားတွေ၊ သူခိုးတွေ၊ အလစ်သမားတွေ၊ တောပုန်းတွေ အကုန်ဖမ်းလာပြီး စခန်းထဲ ထည့်ပြီး အကုန်ပိတ်ထားတယ်၊ တလတောင် မကြာပါဘူး၊ ဂိတ်တံခါးလည်း ဖွင့်လိုက်ရော စခန်းထဲကကောင်တွေ နေကောင်းတဲ့ကောင် တကောင်မှ မရှိဘူးဆိုတာ သူတို့ တွေ့သွားကြတယ်၊ ဝမ်းတစစ်စစ်ကိုက်နေတဲ့ကောင်နဲ့၊ ဝက်သက်ဝမ်း သွားနေတဲ့ ကလေးတွေနဲ့၊ တုပ်ကွေးဆိုတာကတော့ ပြောမနေနဲ့၊ ဖြစ်မှာပေါ့ အိမ်သာမရှိ ဘာမရှိ၊ ဝက်တွေ ခြံထဲပိတ်လှောင်သလို လှောင်ထားတာကိုး၊ ဒါနဲ့ ခရိုင်ဆေးရုံက သူနာပြုတယောက် 'မ' ချလာကြတယ်၊ အဲဒီ သူနာပြုဆိုတဲ့ ကောင်မလေး ရောက်ရောက်ချင်း ဘာလုပ်တယ်မှတ်လဲ၊ မင်း ဒီမှာ ရှိတဲ့လူတွေ အကုန်လိုက်မေးကြည့်၊ သူတို့ အကုန်သိတယ်၊ တစခန်းလုံး လူနာတွေချည်း ဆိုတာလည်း တွေ့သွားရော သူနာပြုဆိုတဲ့ ကောင်မလေ စခန်းအလယ်ကောင်မှာ မတ်တတ်ပြီးရပ်ပြီး တဖြဲဖြဲနဲ့ ငိုလိုက်တာ ဝက်ဝက်ကို ကွဲရော၊ တို့စခန်းက လူတွေက သူနာပြု ငိုကို ယူရတဲ့ဟာတွေ၊ ဘာမှတ်သလဲ။ အဲဒီကိစ္စလည်း ပြီးရော သူတို့ ရေကန်တွေထဲ ဆေးတွေခတ်၊ အိမ်သာတွင်းတွေ တူး၊ ယင်ဖြန်းဆေးတွေ လျှောက်ဖျန်း၊ ဆပ်ပြာကန်တွေ လျှောက်ဝေ လုပ်တော့တာပဲ၊ အမယ် ချစ်လွန်းလို့ လုပ်ပေးတယ်လို့တော့ မမှတ်နဲ့ဗျ၊ ရောဂါ ကိုယ်စီနဲ့ တို့ရုပ်တွေက သေတာထက်ကို ကျက်သရေယုတ်နေလို့ဟ၊ ရောဂါသည်တွေသာ တဖြည်းဖြည်း စက္ကူလိုပါးလာပြီး နောက်ဆုံး ပြာတွေဖြစ်၊ လေထဲမျောသွားမယ် ဆိုလို့ကတော့ ဘာမှ လုပ်ပေးမှာ မဟုတ်ဘူး၊ ဒီအတိုင်း ကြည့်နေကြမှာ၊ တို့ရုပ်တွေ ကြည့်ပြီး သူတို့စိတ်မချမ်းသာဘူး၊ အိပ်မပျော်ကြဘူးလေ"

"ကျွန်တော်တော့ မသိပါဘူးဗျာ၊ မသိဘူးဗျာ"

မိုက်ကယ်က ဘာမှန်းမသိ ဘူးခံငြင်းနေ၏။ ရောဘတ်က သူ့ကိုစိုက်ကြည့်လိုက်ပြီး-

"မင်း ဘာမှ မသိဘူးဆိုတာ ငါ ယုံပါတယ်၊ မင်းက ခုမှ ဥကပေါက်စ ဘဲကလေးတကောင်လိုပဲ၊ မင်း တဘဝလုံး အိပ်မောကျနေခဲ့တာကိုးကွ၊ ခု အိပ်ရာက နိုးချိန်တန်ပြီ ကောင်လေး၊ ဟိုတနေ့က ကလေးတွေ စွပ်ပြုတ်ကျွေးတာကို မင်း သွားတန်းစီတော့ သူတို့ မင်းကို ပေးလိုက်တယ် မဟုတ်လား၊ ဘာဖြစ်လို့လဲ သိလား၊ မင်းက ကလေးနဲ့ သိပ်မကွာလို့ပေါ့၊ မင်း ဘာမှ မသိလို့ပေါ့၊ မင်းက နလပိန်းတုံးမို့လို့ပေါ့ကွ"

နောက်နှစ်ရက် အကြာမှာတော့ မိုက်ကယ့်ကို အိပ်ရာမှ လန့်နိုးစေသည့် ကလေး သေဆုံးသွား၏။ စခန်းနားမှာ သုသာန်မထားရ ဆိုသည့် ပေါ်လစီအရ

ပရင့်စ်အဲလ်ဗတ်မြို့ သုသာန်မှာ သွားမြှုပ်ရသည်။ အသက်ဆယ့်ရှစ်နှစ် လောက်သာ ရှိသေးသည့် ကလေးအမေသည် အသုဘမှ ပြန်လာပြီး ဘာမှလည်း မစား၊ ဘာမှလည်း မပြော၊ မျက်ရည်လည်း တစက်မှမကျဘဲ တဲရှေ့မှာ ငုတ်တုတ်ထိုင်နေခဲ့သည်။ မိုက်ကယ်သည် ခြံစည်းရိုးနားမှာ ကပ်ရပ်ရင်း ကလေးအမေကို ငေးနေခဲ့သည်။

စခန်းမှာ နေရတဲ့ဘဝ ဆိုတာ ဒါပဲလား။ ဘဝဆိုသည့် ပြဇာတ်ကြီးကို တခန်းပြီး တခန်း သူ ကြည့်နေရသလို ခံစားနေရသည်။ သို့သော် အခန်းအကူးအပြောင်းက စိပ်လွန်းသည်။ ပီသကြည်မြလွန်းသည်။ တလောကလုံးက အဆိုးဘက်ကဲသည့် ပြကွက်အားလုံး ဒီစခန်းမှ ပြဇာတ်ထဲတွင် စုပြုံပြွတ်သိပ် ပါဝင်နေသလို ဖြစ်နေသည်။ တညလုံး၊ တနေ့လုံး ကလေးအမေသည် တဲဝမှာ မလှုပ်မယှက် ငုတ်တုတ်ထိုင်ရင်း ပဋ္ဌာမြေလူးခန်း အသံတိတ်ဇာတ်ကို ကပြနေခဲ့သည်။ မျက်ရည်လည်း တပေါက်မှ မကျ၊ စကားသံလည်း တလုံးမှ မထွက်၊ ဘာမှလည်း မစားမသောက်။ ထိုကလေးအမေကို အကြာကြီး စိုက်ကြည့်မိသည့် မိုက်ကယ်ကေအဖို့ မနက်ခင်းတိုင်း သူ့ကို ထိုပုံစံဖြင့် မြင်ရလေမလားဟု ထင်ယောင်လာမိသည်။

ကလေးအမေက ပုပုဝဝ ကောင်မလေး တယောက် မျှသာပါ။ ကလေးအဖေ မည်သူမှန်း တစခန်းလုံး ဘယ်သူမှမသိ၊ စိတ်လည်းမဝင်စား၊ တောင်တန်းကြီးတွေပေါ် ခိုလှုံနေသော ဝရမ်းပြေး တယောက်ဟု ပြောသည့်လူကလည်း ပြောကြသည်။ မိုက်ကယ်သည် မလှုပ်မယှက်ထိုင်နေသည့် ထိုကလေးအမေကို ကြည့်ရင်း ရင်တွေခုန်လာသည်။ သူ့ဘဝအတွက် ပထမဆုံးသော အချစ်စိတ်သည် ရင်ထဲမှာ ဖြစ်တည်ခဲ့လေပြီလား။ သူ သေချာမသိ။ နောက်သုံးရက်ခန့် အကြာမှာ ကလေးအမေသည် ပုံမှန်ပြန် ဖြစ်လာခဲ့သည်။ အခြားသူတွေလိုပင် စားစားသောက်သောက်၊ သွားသွားလာလာ၊ လုပ်စရာရှိတာလုပ်၊ သောကပရိဒေဝဆိုတာ သူ့ထံမှာ မြူမှုန်လောက်ပင် မတွေ့ရတော့။ မိုက်ကယ်သည် ထိုကလေးအမေကို တချိန်လုံး မျက်စိဒေါက်ထောက် ကြည့်နေသော်လည်း စကားတလုံးမှတော့ မပြောမိ။ စကားသွားပြောဖို့လည်း မကြိုးစားခဲ့။

....

ဒီဇင်ဘာလ၏ ညတညမှာတော့ စခန်းထဲမှ အော်သံဟစ်သံတွေကြောင့် မိုက်ကယ် လန့်နိုးလာခဲ့သည်။ သူ ထကြည့်လိုက်သည်။ စခန်းတခုလုံးမှ ရှိသမျှလူတွေ အားလုံး ခြံစည်းရိုးနား ပြေးနေကြသည်။ သူတို့စုပြုံကြည့်နေသည့်အရာကို မိုက်ကယ်လည်း လိုက်ကြည့်သည်။ ပရင့်စ်

အဲလ်ဗတ်မြို့ ထဲမှ ထိုးတက်လာသည့် လိမ္မော်ရောင် မီးညွန့်ကြီးကို ရွှံ့ပုပ်ရောင် ကောင်းကင်နောက်ခံဖြင့် ရှင်းကနဲ ထင်းကနဲ မြင်ရသည်။ စခန်းထဲမှ လူများသည် ဟာကနဲ ဟင်ကနဲ တချို့ကလည်း ရှီကနဲမြည် အောင်တောင် လေချွန်လိုက်သေးသည်။

"အဲဒါ ရဲစခန်းကွ၊ ဘယ်သူ ငါနဲ့ လောင်းမလဲ" တယောက် က အော်လိုက်သည်။

မီးတောက်သည် လိမ္မော်ရောင် ရေပန်းကြီးပမာ ဖွားကနဲ ဖွားကနဲအမြင့်သို့ ထိုးတက်နေသည်။ အောက်မှ တက်လာသည့် နောက်မီးတောက်က ကောင်းကင်ပေါ် ရောက်နှင့်ပြီးသား ရှေ့မီးတောက်ကို ဇာတ်တူသားစားသူပမာ အငမ်းမရ ဝါးမျိုနေခဲ့သည်။ မြို့ထဲမှ အော်သံ၊ ဟစ်သံများ၊ငိုကြွေးသံများ၊ အကူအညီတောင်းသံများ၊ ကြုံးဝါးကြွေးကြော်သံများကို သူတို့စိတ်အာရုံထဲမှာ ကြားနေခဲ့ရသည်။ တနာရီခန့်ကြာသော် မီးတောက်သည် အရှိန်လျော့လာ၏။ မီးကြည့်ပရိသတ်အချို့ သမ်းဝေရင်း ပြန်သွားကြသည်။ နောက်ဆုံး မီးခိုးလုံးကြီးတွေသာ တလိမ့်လိမ့်တက်လာပြီး မီးပြဇာတ်ပတ်စာခွာ၊ ဖျာသိမ်းချိန်မှာတော့ ပရိသတ်တွေ အိပ်တန်းပြန်ချိန်။

အရုဏ်တက်ချိန်မှာ သူတို့စခန်းသို့ ရဲတွေ ရောက်လာခဲ့သည်။ ရဲစခန်းရှိသမျှ ရဲတွေ အကုန်လုံးရော၊ အရံရဲတွေရော၊ ခွေးတွေရော၊ သေနတ်လက်နက် အပြည့်အစုံရော တပ်တောင်တာဗိုလ်ထုဖြင့် ချီတက်လာကြခြင်းဖြစ်သည်။ အရာရှိတယောက်က ကားပေါ်မှာ မတ်တတ်ရပ်ရင်း လက်ကိုင်အော်လံ တလုံးကို အသင့်ကိုင်လျက်။ ရောက်သည်ဆိုသည်နှင့် ရဲများသည် တဲတွေထဲဝင်ကာ အိပ်မောကျနေဆဲဖြစ်သော စခန်းတွင်းမှ လူများကို အတင်းအဓမ္မ အပြင်ဆွဲထုတ်ကြ၏။ စခန်းတခုလုံးမှာ ဝေသာလီပြည်ဘီလူးစီးသလို ဆူညံပွက်လောရိုက်လျက်။ အယောင်ယောင် အကန်းကန်းဖြင့် ထွက်ပြေးမိသည့် လူငယ်တယောက်ကို အိမ်သာဘေးမှာ မိသွားကြပြီး ခွေးရိုက် နွားရိုက် ဝိုင်းရိုက်ကြ၏။ ဆောင့်ကန်ကြ၏။ ကလေးငယ်တယောက်မှာလည်း ရဲခွေးကိုက်သဖြင့် သွေးသံတရဲရဲ။ အဝတ်အစား တိုးလိုးတွဲလောင်း၊ မျက်လုံးတွေက ဝိုင်းဝိုင်းလည်၊ အချို့က ဘုရားစာတွေ ရွတ်၊ ကြောက်ကြောက်နှင့် ငိုသူကငို။

မည်သို့ပင်ဆိုစေကာမူ နောက်ဆုံးတော့ စခန်းရှိ လူကုန် ရဲတွေရှေ့မှာ ငုတ်တုတ်ကလေးတွေ ထိုင်နေရရှာသည်။ ရွက်ဖျင်တဲတွေ၊ အိမ်တွေ ထဲမှပစ္စည်းတွေကို ပြောင်းဆန်အောင် မွှေနှောက်ကြ၏။ ထိုးဆွ ရှာဖွေကြ၏။ တဲတွေ ရှေ့မှာ ပစ္စည်းတွေ ပွစာကြဲသွား၏။

မိုက်ကယ်သည် အရဏ်ဦး လေအေးဒဏ်ကို ကာကွယ်ဖို့ သူ့ဦးထုပ်အမည်းကြီးကို နားရွက်ဖုံးအောင် ဆွဲချရင်း ငုတ်တုတ်ကြီးထိုင်နေသည်။ သူ့ဘေးမှ မိန်းမတယောက်ကတော့ တဖြဲဖြဲငိုနေသော ကိုယ်တုံးလုံးနှင့် မွေးကင်းစကလေးငယ်လေးကို ရင်ခွင်ပိုက်ထား၏။ ကလေးမလေး နှစ်ယောက်သည် တယောက်ကို တယောက် ဖက်ရင်း တုန်တုန်ယင်ယင် ဖြစ်နေကြသည်။ မိုက်ကယ်က ကလေးမလေးတွေကို တိုးတိုးလေး ပြောလိုက်သည်။

"လာ လာ ဦးနားမှာ လာထိုင်"

ကလေးမလေး တယောက် က လက်မကို စုပ်ရင်း မိုက်ကယ့်ရင်ခွင်ထဲ ဝင်လာသည်။ ခဏနေတော့ သူ့အစ်မကပါ လိုက်ဝင်လာသည်။ မိုက်ကယ်သည် ကလေးနှစ်ယောက်ကို သိုင်းဖက်ထားလိုက်သည်။ မျက်လုံးကို မှိတ်ထားလိုက်သည်။ ကလေးအမေ ရင်ခွင်ထဲမှ မွေးကင်းစ ကတော့ ငိုယိုကန်ကျောက်နေ၏။

စခန်းထဲမှ လူတွေကို ဂိတ်ပေါက်ဝမှနေပြီး တယောက်ပြီး တယောက် တန်းစီထွက်ခိုင်း၏။ ဘာပစ္စည်းမှ အယူမခံ။ ချမ်း၍ ခြုံထားသည့် စောင်တွေကိုပင် ခွာချခိုင်း၏။ မိန်းမ တယောက် လက်ထဲမှာ ကိုင်ထားသည့် ရေဒီယိုလေးကို ရဲတယောက်က ယူပြီး လွှင့်ပစ်လိုက်သည်။ ဂိတ်ဝအပြင်ဘက်မှာတော့ ယောကျ်ားတွေကို လက်ဝဲဘက်၊ မိန်းမတွေနှင့် ကလေးတွေကို လက်ယာဘက်မှာ အသီးသီး နေရာယူစေသည်။ ခုနက အော်လံကိုင်ထားသည့် အရာရှိက လူအုပ်ရှေ့မှာ မားမားကြီးရပ်နေသည်။ သူသည် ရွှေရောင်ဆံပင်နှင့် တုတ်တုတ်ခိုင်ခိုင် လူထွားကြီး တယောက် ဖြစ်၏။ စခန်းမှ အစောင့်နှစ်ယောက်ကိုလည်း သူတို့ ဆွဲခေါ်လာကာ မတ်တတ်ရပ်ခိုင်းထားသည်။ အရာရှိက စကားစပြောသည်။

"ကဲ ပြောစမ်း၊ စခန်းထဲက လူဘယ်နှယောက် ပျောက်နေလဲ"

လူသုံးယောက် ပျောက်နေသည်။ ယောကျ်ားသုံးယောက်။ မိုက်ကယ်နှင့် တခါမှ စကားမပြောဖူးသည့် ယောကျ်ားသုံးယောက် ပျောက်ခြင်းမလှ ပျောက်နေခဲ့သည်။ အရာရှိ ဖြစ်သူ၏ ဒေါသသည် စခန်းအစောင့် နှစ်ယောက်အပေါ် စုပြုံကျရောက်လာ၏။ ဖြူဖွေးသော သူ့မျက်နှာသည် ပန်းသီးမှည့်တလုံးလို နီတွတ်လာခဲ့သည်။ သူက အစောင့်တွေကို ဒေါသတကြီး ပြောဆိုနေရင်းက လူအုပ်ကြီးဘက်သို့ တချက် တချက် လှည့်ရင်း အသံကျယ်ကြီးဖြင့် -

''ပြန်လည်ထူထောင်ရေး စခန်း၊ ဟုတ်လား၊ ငါတို့ ဘယ်လိုကောင်တွေကို ပြန်လည်ထူထောင် ပေးနေတာလဲ၊ ရာဇဝတ်ကောင်တွေ ကွ၊ ခွေးသားတွေ ကွ၊ အလကားကောင်တွေ ကွ၊ ဒီမှာ မင်းတို့နှစ်ကောင် စခန်းအစောင့်ဟုတ်လား၊ ထွီ၊

မအေလိုးတွေ တနေ့တနေ့ စားလိုက်၊ အိပ်လိုက်နဲ့ကြည့်စမ်း၊ တသွေးတမွေး ဖြစ်နေလိုက်ကြတာ၊ မင်းတို့ စောင့်နေတာဘယ်လိုကောင်မျိုးတွေ ဆိုတာ မင်းတို့ သေချာကော သိကြရဲ့လား ငနွားတွေရ အပန်းဖြေစခန်းကို စောင့်နေတယ်များ အောက်မေ့နေကြလား၊ ဒါအလုပ်စခန်းကွ ခွေးသားတွေ ရဲ့။ သောက်ပျင်းတွေကို အလုပ်လုပ်ဖို့ စခန်းသွင်းထားတဲ့ အလုပ်စခန်း၊ အေး ငါတို့က ဒီနွားတွေ အလုပ်အကိုင်လေး ရပါစေတော့ ဆိုပြီး နေစရာ ထိုင်စရာအသင့် စခန်းဆောက်ပေးထားတယ်၊ လိုအပ်တာတွေ ဖြည့်ဆည်းပေးထားတယ်၊ ကောင်းကောင်းမွန်မွန် ရိုးရိုးသားသား အလုပ်မလုပ်ချင်ဘူးဆိုရင်တော့ စခန်းကို ပိတ်ပစ်လိုက်ဖို့ပဲရှိတယ်၊ မင်းတို့ သွားချင်ရာသွားကြ၊ ဘယ်တော့မှ ပြန်မလာကြနဲ့၊ ... ဆိုတော့အလုပ် လုပ်ကြမလား၊ လမ်းပေါ်ပြန်သွားကြမလားဆိုတာကို မင်းတို့ရွေးကြ"

အရာရှိက လူအုပ်ကြီးကို လှည့်ကြည့်ရင်း-

"ဟေ့ကောင်တွေ၊ ငါ မင်းတို့ကို ပြောနေတာကွ၊ အလကား ငနွားတွေ၊ ကျေးဇူးရှင်ကို ကျေးစွပ်တတ်တဲ့ကောင်တွေ၊ မင်းတို့ကို နေစရာ အိမ်ပေး၊ မီးလှုံဖို့ ထင်းတွေ ပေး၊ အိပ်ရာတွေ ပေး၊ စောင်တွေ ပေး၊ နေမကောင်းရင် ဆေးကုပေး၊ ဒါတွေ လုပ်ပေးထားတဲ့လူတွေကို မင်းတို့ အခု ဘာပြန်ပေးသလဲ၊ ခွေးသားတွေ ဒီနေ့ကစပြီး မင်းတို့ ငတ်ပြီသာ အောက်မေ့ထားကြ"

အရာရှိဆိုသူကို ဒေါသလှိုင်းလုံးတွေ တလုံးပြီး တလုံး ဝင်ဆောင့်နေသည်။ နံနက်ခင်း နေရောင် က သူ့ပခုံးပေါ်မှ ကြယ်ပွင့်တွေ ပေါ်ကျပြီးပခုံးမှာ မီးတောက်နေသလို အရောင် တလက်လက်ထွက်နေသည်။

"ငါပြောတာ နားလည်လား၊ မင်းတို့အားလုံး သေချာနားထောင်ကြစမ်း၊ ထမင်းရှင်လက်ကို ပြန်ကိုက်တတ်တဲ့ ခွေးလိုကောင်တွေ၊ မင်းတို့က စမ်းချင်တယ် ဟုတ်လား၊ ဒီနေ့ကစပြီး မင်းတို့နဲ့ ငါနဲ့ တွေ့မယ်၊ ဒီနေ့ကစပြီး ငါ့လူတွေကို စောင့်ခိုင်းမယ်၊ ဟိုအစောင့်လုပ်စားနေတဲ့ စစ်တပ်ထဲက အချောင်သမားတွေ၊ မင်းတို့ကို ရှေ့တန်းပို့ပစ်မယ်၊ ဂိတ်တံခါးကို နှစ်ဆယ့်လေးနာရီ သော့ပိတ်ထားမယ်၊ ခြံစည်းရိုး အပြင်ဘက်ရောက်နေတဲ့ ဘယ်မအေလိုးကို ဖြစ်ဖြစ် အစစ်အဆေး အမေးအမြန်းမရှိ ပစ်သတ်မယ်၊ အလုပ်ချိန်ကလွဲလို့ ဘယ်ခွေးသားမှ အပြင်ပေးမထွက်ဘူး၊ ဘယ်ဧည့်သည်မှလည်းမလာရဘူး၊ မြို့ထဲလည်း မထွက်ရဘူး၊ မနက်တကြိမ်၊ ညတကြိမ်လူစစ်မယ်၊ မင်းတို့ကို မုန့်ဝေလာတာ ကြာပြီ၊ ခု တုတ်ဝေရမယ့် အလှည့်ရောက်ပြီ"

ရဲအရာရှိသည် ခေါင်းငိုက်စိုက်ကျနေသော စခန်းအစောင့်နှစ်ယောက် ဘက်ကို လှည့်ကြည့်ရင်း-

"ဒီ ခွေးနှစ်ကောင်ကိုလည်း မင်းတို့နဲ့တူတူ စခန်းထဲ ထည့်လှောင်ထားမယ်၊ မင်းတို့နှစ်ကောင် မင်းတို့ ဘာလုပ်လုပ် ငါတို့ မသိဘူးလို့ ထင်နေကြတယ် ဟုတ်လား၊ မင်းတို့နှပ်နေရတာ သိပ်ဇိမ်ရှိတယ် မဟုတ်လား၊ စခန်းထဲက ကောင်မတွေ နဲ့ မင်းတို့ ခွေးဇာတ်ခင်းနေကြတာ ငါ မသိဘူး အောက်မေ့နေကြတယ် မဟုတ်လား၊ တလောကလုံး စစ် ဖြစ်နေတဲ့အချိန်မှာ မင်းတို့နှစ်ကောင် နတ်ပြည်ရောက်နေကြတယ် မဟုတ်လား"

ရဲဗိုလ်ကြီးသည် ပြောရင်းပြောရင်း ဒေါသက ငယ်ထိပ်တက်ဆောင့်ပုံရ၏။ အစောင့်တဲထဲသို့ သူ ဝင်သွား၏။ တဲထဲက ရေခဲသေတ္တာလေးကိုသူ သယ်လာခဲ့သည်။ ရေခဲသေတ္တာကို မြေကြီးပေါ် ဆောင့်ပေါက် ချလိုက်သည်။ အထဲမှ ဘီယာဘူးတွေ၊ ထောပတ်ဘူးတွေ၊ ဝက်အူချောင်းတွေ၊ အခြား စားသောက်စရာ မျိုးစုံတွေ မြေပေါ်ပြန့်ကျဲကုန်သည်။

"ကဲ.. မင်းတို့ တွေ့ကြပြီ မဟုတ်လား၊ ဒီခွေးသားနှစ် ကောင်ဘယ်လောက် ဇိမ်ကျနေကြသလဲဆိုတာ"

ထိုနေ့ မနက်ခင်းတခုလုံး စခန်းထဲမှ လူတွေ အကုန် ပုံစံထိုင်ထိုင်ရင်း တုတ်တုတ်မှ မလှုပ်ရဲကြ။ ရဲများသည် စခန်းအတွင်း ပိုက်စိပ်တိုက် ရှာကြဖွေကြ၏။ ဝိုင်ပုလင်း အမြောက်အမြား တွေ့ရသည်။ အားလုံးဖောက်ပြီး သွန်ချလိုက်သည်။

လက်နက်မှန်သမျှ ရှာကြပြန်၏။ ဓားကောက်တလက်၊ သံတုတ်တချောင်း၊ ပိုက်ချောင်းများ၊ ဓားတိုနှစ်လက်၊ မောင်းချဓား အမြောက်အမြား ထွက်လာခဲ့သည်။ နေ့လယ်ခင်းရောက်မှပင် ရှာဖွေရေးသည် ပြီးဆုံးသွားတော့သည်။ စိတ်တိုင်းကျ ရှာကြ၊ ဖွေကြပြီးမှ စခန်းတွင်းသို့ လူတွေ မောင်းသွင်းလိုက်သည်။ ဂိတ်ပေါက်ဝကို သော့ ခတ်လိုက်သည်။ အစောင့်တဲမှာ ရိုင်ဖယ်ကိုင်ရင်း ရပ်စောင့်နေကြသည့် ရဲနှစ်ယောက်ကို ချထားလိုက်သည်။ ထိုရဲနှစ်ယောက်သည် စခန်းတွင်းမှလူများ ပွစာကြဲနေသည့် ပစ္စည်းများထဲမှ သူတို့ကိုယ်ပိုင် ပစ္စည်းလေးတွေကို ရှာကြ၊ ဖွေကြ၊ ပြန်ယူကြ လုပ်နေသည်ကို စူးစူးစိုက်စိုက် စောင့်ကြည့်နေခဲ့သည်။ ဒေါသကုမ္မာရ ရဲဗိုလ်ကြီးနှင့် တကွရဲကားတွေ ပြန်ထွက်သွားကြပြီ။

နောက်တော့လည်း ဖြစ်ကြောင်းရယ်ကုန်စင်ကို အစောင့်အသစ်များ ထံမှ သူတို့ကြားကြရပါသည်။ မနေ့ညက သန်းခေါင်ကျော်ချိန်လောက်မှာ ပရင့်စ်အဲလ်ဗတ်မြို့၊ ဟိုင်းဝေးလမ်းပေါ်မှ ဂဟေဆိုင်တခုမှာ ပေါက်ကွဲမှုကြီးတခု ဖြစ်ခဲ့သည်။ မီးက ကြီးလွန်းသဖြင့် ဘေးက အဆောက်အအုံကိုကူး၏။ ထိုမှတဆင့် ယဉ်ကျေးမှု သမိုင်းပြတိုက်ပါ လောင်သွား၏။ ဘာပစ္စည်းမှ ပြန်မရ။ အားလုံး မီးထဲပါသွားသည်။ မီးစတင်လောင်ကျွမ်းသည့် ဂဟေဆော်သည့်ဆိုင်ကို ရှာဖွေကြတော့ ဖောက်ထွင်းဝင်ရောက်ထားသည့် လက္ခဏာများကို

တွေ့ခဲ့ကြရသည်။ ထိုနေ့ညနေခင်းက လူစိမ်းယောကျ်ားသုံးယောက်၊ စက်ဘီးနှစ်စီးနှင့် ဂျက်ကယ်ဒရစ်ဖ် လမ်းခွဲမှ ထွက်လာပြီးမြို့ထဲသို့ ဦးတည်နင်းလာကြသည်ကို တွေ့ခဲ့သည်ဟု ထွက်ချက်ပေးသူများ အလျှိုအလျှို ပေါ်လာခဲ့သည်။ ညမထွက်ရအမိန့်အမီ စက်ဘီးကို အပြင်းနင်းသွားခဲ့သည် ဆိုတာတောင် ပါလိုက်သေးသည်။

ဆိုတော့လည်း မပြေးသော်လည်း ကန်ရာရှိပေါ့။ ဤ ဖြစ်ရပ်၏ လက်သည်သည် ဂျက်ကယ်ဒရစ်ဖ် စခန်းမှ တေလေများ မှတပါး အခြားမရှိ။

မိုက်ကယ့်အဖို့မှာတော့ သူပိုင်ပစ္စည်းဆို၍ လက်ချိုးရေတွက်၍ ရလောက်သဖြင့် ထိုပစ္စည်းတွေ ပြန်လည်သိမ်းဆည်းဖို့ဆိုသည့် ကိစ္စမှာ ဘာမှအခက်အခဲ မရှိခဲ့။ အခြားလူတွေ ကတော့ သူ့ပစ္စည်း၊ ငါ့ပစ္စည်း လုရင်း ရန်ပွဲတွေတောင် ကျင်းပခဲ့ကြရသည်။ ဘာမဟုတ်သည့် ပလတ်စတစ်ဘီးကလေး တချောင်းကို လုရင်း အထိုးခံရ၍ မျက်လုံးပိတ်သူကပိတ်၊ သွားကျွတ်သူကကျွတ်။

ထိုနေ့က ဗုဒ္ဓဟူးနေ့ ဖြစ်သော်လည်း ခါတိုင်းလာနေကျ စွပ်ပြုတ်ဝေသည့် အဖွဲ့တွေ ရောက်မလာခဲ့ကြ။ မီးဖိုဆောင်သည် မီးခိုးတိတ်၊ ကလေးများသည် ဝစီပိတ်။

နောက်တနေ့မှာ အလုပ်ကားလည်း ပေါ်မလာခဲ့။ နေ့လယ်ခင်းမှာ အစောင့်ရဲနှစ်ယောက် နေရာမှာ ရဲအသစ်နှစ်ယောက် ရောက်လာခဲ့သည်။ အလုပ်မရှိသဖြင့် စုထိုင်နေကြသည့် လူအုပ်ထဲမှ အသံတသံ ကျယ်ကျယ်လောင်လောင် ထွက်လာခဲ့သည်။ အသံရှင်က ရောဘတ် ဖြစ်၏။

"ငါတို့ကို ငတ်သေအောင် လုပ်နေကြတာကွ၊ မီးလောင်တာကို အကြောင်းပြပြီး ခု သူတို့ လုပ်ချင်တာကို လုပ်နေကြပြီ၊ ငါတို့ကို မသေမချင်း ဒီအထဲမှာ ပိတ်ထားကြတော့မယ်"

ခြံစည်းရိုးကိုမှီကာ ရပ်ရင်း မိုက်ကယ်သည် ရောဘတ်၏ စကားကိုနားထောင်နေ၏။ သူ့စကားတွေ က မှန်ပုံရ၏။ ဂျက်ကယ်ဒရစ်ဖ်စခန်းမှလူတွေ တဖြည်းဖြည်း မိန်ပျောက်သွားလည်း ဘယ်သူက ဘာအရေး လုပ်မည် နည်း။ ဒီကိစ္စမှာ ဂျက်ကယ်ဒရစ်ဖ်ခစခန်း ပျက်စီးရာ ပျက်စီးကြောင်း တမင်လုပ်ကြံဖန်တီးထားသည့် ကိစ္စတခု မဟုတ်ဟု မည်သူ အာမခံမည်နည်း။ သို့သော်လည်း အလုပ်မရှိ၊ စားစရာမရှိသည့် ယောကျ်ား၊ မိန်းမ၊ ကလေးနှင့် ကူကယ်ရာမဲ့သည့် အဘိုးကြီး၊ အဘွားကြီးတွေ ငတ်ပြတ်ပြီးတဖြည်းဖြည်း သေဆုံးကြမည်ကို သမ်းဝေရင်း၊ ဆေးလိပ်သောက်ရင်း ထိုင်စောင့်နေသည့် အစောင့်နှစ်ယောက် ရှိနေသေးသည်ကို သူ့မှာ မယုံနိုင်အောင်

ဖြစ်နေမိသည်။ လူတွေ သေဆုံးပြီဆိုလျှင် တခါတည်း မီးခိုးငွေ့တွေလို ကောင်းကင်ပေါ် လွင့်ပျောက်ပျံတက်သွားသည် မဟုတ်။ အလောင်းတွေ ကျန်ရစ်ခဲ့မည်။ ပိန်လိမ်ခြောက်ကပ်ပြီး ငတ်သေသည်ဆိုစေဦး၊ အသက်မဲ့ခန္ဓာကိုယ်ကြီး ကတော့ ကျန်ရစ်ခဲ့မည်သာ။ အသက်ရှင်သန်နေသည့် ခန္ဓာကိုယ်များ နည်းတူ အသက်မဲ့ ခန္ဓာများကလည်း ထိုက်သင့်သလောက်တော့ ဒုက္ခပေးနိုင်သေးသည်သာ။ မိုက်ကယ် တယောက် မတွေးစဖူး နက်နက်နဲနဲတွေးနေမိသည်။ သူ့အတွေးတွေက သူ့ဦးနှောက်ထဲမှာ မျိုးစေ့ကြဲပြီး အတွေးပင် အတွေးသီးတွေ ပေါက်လာသည်ကိုပင် သူ မြင်နေရသည်။

တကယ်လို့ သူတို့သည် ငါတို့ကို မတွေ့ချင်၊ မမြင်ချင်တော့ဘူးဆိုလျှင်၊ ဤကမ္ဘာမြေပေါ် မှ ထာဝရ ပျောက်ကွယ်သွားစေချင်သည် ဆိုလျှင်၊ ဘာမှ မခက်။ အားလုံးကို စုပြီး စခန်းအလယ်ကောင်မှာ ရောမတွင်းကြီးတတွင်း တူးကြလို့ ခိုင်းလိုက်ရုံပေါ့။ အားလုံးဆံ့သည့် တွင်းကြီးကိုတူး၊ မပြီးမချင်းတူး၊ မောရုံမကလို့ လဲသေသေ၊ တူးကြ၊ တူးပြီးပြီလား၊ အေးတူးပြီးရင် အားလုံး တွင်းထဲဝင်ကြ၊ လှဲအိပ်နေကြ၊ ပြီးရင် တဲတွေ၊ အိမ်တွေကိုဖျက်၊ ရေပိုက်တွေ၊ အိမ်သာတွေ အကုန်ဖျက်၊ ငါတို့အပေါ် ပုံလိုက်ကြ၊ ပစ္စည်းတွေအကုန်တွင်းထဲပစ်ချ ပြီးရင် မြေဖို့လိုက်၊ ပြီးရောပါ့။ ဒါဆိုသူတို့ ဖြစ်စေချင်သလို ငါတို့ဟာ ထာဝရ ပျောက်ကွယ်သွားမှာပေါ့။ ဒါပေမဲ့ ဒီလောက်ကြီးတဲ့ တွင်းကြီးကို ဘယ်သူတွေက တူးမှာလဲ။ မြေကကော တူးဖို့ လွယ်ပါ့မလား၊ အောက်က ကျောက်သားတွေများ ခံနေမလား၊ ယောက်ျားသုံးဆယ်နဲ့ မလောက်လို့၊ မိန်းမတွေ ရော၊ ကလေးတွေ ရော၊ အိုစနာကျတွေ ရော အားလုံး ဝိုင်းတူးရမှာလား။ ကြည့်ရတာ ရောဘတ်လည်းသူ့လိုပဲ စဉ်းစားနေသလား မသိ။

နေဦး၊ ဒါ သူ့ မူပိုင်အတွေးမှ ဟုတ်ရဲ့လား။ ရောဘတ်နဲ့ သူနဲ့ ရင်းနှီးလွန်းအားကြီးလို့ ရောဘတ်ခေါင်းထဲက အတွေးတွေ များ သူ့ခေါင်းထဲကိုထိုးကူးလာတာများလား။

အို- မသိတော့ပါဘူး။ မစဉ်းစားတာဘဲ ကောင်းပါတယ်။

XXX

တနင်္လာနေ့ မနက်ကျတော့ အလုပ်ကား ပြန်ရောက်လာခဲ့သည်။

ကားပေါ်မတက်ခင် အစောင့်တွေက တယောက်ချင်း နာမည် ခေါ်၍ လူစစ်သည်မှအပ ကျန်တာ ကတော့ ခါတိုင်းလိုပင်။ ယာခင်းတွေထဲမှာ သူတို့ကို လူခွဲကာ နေရာချထား၏။ မိုက်ကယ်က အခြားရဲဘော် နှစ်ယောက်နှင့်အတူ ယာခင်းတခုမှာ ခြံစည်းရိုးပြင်သည့်အလုပ် ရ၏။ ဝါးယာအသစ်တွေ သုံးရတာ

မဟုတ်ဘဲ တစစီ ပြတ်ကျနေသည့် ဝါယာကြိုးအဟောင်းတွေကို ပြန်ဆက်ပြီး ခြံစည်းရိုးကာနေရခြင်း ဖြစ်သဖြင့် အလုပ်က မတွင်ကျယ်။ သို့သော် မိုက်ကယ်က ဒီအလုပ်ကို ကြိုက်၏။ သူ ပျော်၏။ စိတ်တိုင်းကျလုပ်၏။ စနစ်တကျ လုပ်၏။ တပတ်ကြာသော်လည်း သူတို့အလုပ်ကမပြီးသေး။ ယာခင်းရှင်က သူတို့ကို စီးကရက်တွေ ပေး၏။

မိုက်ကယ်လုပ်နေသည်ကို ကြည့်ရင်း-

"မင်း တော်တယ်ကွ၊ ခြံစည်းရိုး ကောင်းကောင်းလုပ်တတ်တယ်၊ ခြံစည်းရိုး ကောင်းကောင်း ကာတတ်တဲ့လူတွေ တို့ဆီမှာ အများကြီးလိုနေတယ်။ လူတွေမှာ ပစ္စည်းများများ ရှိလေလေ၊ ခြံစည်းရိုး ကောင်းကောင်းလိုလေလေပဲ မဟုတ်လား"

ဟုတ်သည်။ မိုက်ကယ်လည်း ဒီလို ဝါယာကြိုးကလေးတွေကို လိမ်ကာ ခြံစည်းရိုးကာရသည့် အလုပ်ကို နှစ်သက်၏။ ယာခင်းရှင်သည် သဘောကောင်း၏။ စည်းရိုး ကောင်းကောင်း ကာပြီးသွားသောအခါ သူ့အလုပ်သမားသုံးယောက်ကို လုပ်ခ အပြည့်ရှင်းပေးရုံမျှမက အသီးအနှံတွေ အများကြီးနှင့် အဝတ်ဟောင်းတွေပါ ပေးလေသည်။ မိုက်ကယ့်အတွက် ဆွယ်တာကြီးတထည် ရ၏။ ကျန်လူနှစ်ယောက် ကတော့ အိမ်ထောင်သည်များမို့ သူတို့ မိန်းမတွေနှင့် ကလေးတွေအတွက် အဝတ်အထည်တွေ သေတ္တာကြီးနှင့်တလုံး ပေးလိုက်၏။ ကားပေါ်ရောက်တော့ အဝတ်တွေကို ထုတ်ကြည့်ကြသည်။ ဆွေးမြည့် ပြီး အနံ့တထောင်းထောင်းထနေသည့် အဝတ်အစုတ်တွေကိုတော့ နှာခေါင်းရှုံ့ကာ လွှင့်ပစ်လိုက်ကြသည်။

အဲဒီညက စခန်းထဲမှာ အရက်ပုလင်းတွေ ပြန်ရောက်လာခဲ့သည်။ ရန်ပွဲကြီးတပွဲလည်း ဖြစ်ပွားခဲ့သည်။ မိုက်ကယ့်ကို နေ့လယ်စာကျွေးခဲ့ဖူးသည့် ဆီးချို ရှိသည်ဆိုသော စစ်သား အစောင့်ဟောင်းသည် မီးပုံတခုနားမှာ ရပ်ရင်း ငယ်သံပါအောင် အော်ဟစ်အကူအညီတောင်းနေသည်။ ပေါင်ကိုလက်ဖြင့်ဖိထားပြီး ထိုနေရာမှ သွေးတွေ ထွက်ကာ သူ့ဘောင်းဘီတထည်လုံး သွေးတွေရွှဲနေ၏။

မိုက်ကယ်သည် ဂိတ်ဝသို့ ပြေး၏။ အစောင့်တွေ ကလည်း ရပ်ကြည့်နေကြသည်။

"လုပ်ကြပါဦး၊ ဟိုမှာ လူ တယောက် ဓားထိုးခံရလို့ သွေးတွေ ထွက်နေတယ်။ ဆေးရုံပို့မှ ဖြစ်မယ်"

အစောင့်နှစ်ယောက်က တယောက် မျက်နှာ တယောက် ကြည့်လိုက်ကြသည်။

"ဒီကိုခေါ်ခဲ့၊ ငါတို့ ကြည့်ဦးမယ်"

မိုက်ကယ် ပြန်ပြေးပြန်၏။

"ဂိတ်ဝကို ခေါ်သွားကြ" ဟု သူ ကျုံး အော်လိုက်သည်။ မိုက်ကယ့်အသံကို ဒီလောက်ကျယ်ကျယ် တခါမှ မကြားဖူးသည့် စခန်းထဲမှ လူတွေ က သူ့ကို ကြောင်ပြီး ကြည့်နေကြသည်။

"ဂိတ်ဝကို ခေါ်သွားကြ၊ အစောင့်တွေ ကြည့်ပြီးရင် သူ့ကို ဆေးရုံပို့ပေးမယ် ပြောတယ်"

"ဟုတ်တယ်၊ ငါ့ကို ဆေးရုံ မြန်မြန်ပို့ပါ၊ သွေးလွန်ပြီး ငါ သေလိမ့်မယ် "ဓားထိုးခံရသူက ငိုသံပါကြီးဖြင့် ဝင်ပြော၏။ အစောင့်ဟောင်း နောက်တယောက်က မျက်နှာသုတ်ပဝါ အဟောင်းတထည် ယူလာပြီး ဓားထိုးခံရသည့်သူ၏ ပေါင်မှာ တင်းတင်းချည်လိုက်သည်။ ထိုအချိန်မှာ တစုံတယောက်၏ အသံ ထွက်လာ၏။

''သူတို့လူအချင်းချင်း လုပ်လိမ့်မယ်ဟေ့၊ သူ့ကို ကြည့်မနေကြနဲ့တော့"

လူအုပ်သည် တဖြည်းဖြည်း ကွဲသွား၏။ ကလေးအချို့သာ ဆက်ကြည့်နေကြသည်။ ဓားဖြင့်ထိုးခံရသူကို သူ့အဖော်ကတွဲရင်း ဂိတ်ဝသို့ လျှောက်သွားကြသည်ကို မိုက်ကယ် လှမ်းကြည့်နေမိသည်။ သူ့ကို ဘယ်သူများ ဓားနဲ့ ထိုးလိုက်ပါလိမ့်။ သူ ပြန်ကော ကောင်းနိုင်ဦးမှာလား။ ဒီမှာ ပဲ သူ သေမှာလား။ ဒါ သူ့အတွက် နောက်ဆုံးညလား။ ဒီစခန်းကိုရော သူ ပြန်ရောက်မှာလား။

အားလုံး အိပ်ရာဝင်သွားချိန်မှာတော့ မိုက်ကယ်သည် သူ့ပစ္စည်းကလေးများကို အမေ့ ကုတ်အင်္ကျီအနက်ကြီးဖြင့် ထုပ်လိုက်သည်။ အိမ်ကလေးထဲမှ အသာလေးထွက်လာခဲ့သည်။ ဘုံပိုင်နားမှာ ပုန်းလျှိုးကွယ်လျှိုးထိုင်ရင်း စခန်းတွင်းမှာ လူသူလေးပါး တိတ်ဆိတ်သွားသည်အထိ တနာရီကျော်ကျော်မျှ စိတ်ရှည်လက်ရှည် သူ စောင့်သည်။ ဘယ်သူမှ အပြင်မှာ မရှိတော့တာ သေချာသော အခါ အိမ်သာနောက်မှ ခြံစည်းရိုးဆီသို့ ခြေဖျားလေးထောက်ကာ သူ လျှောက်လာခဲ့သည်။ ခြံစည်းရိုးကို သူ ကျော်၏။ အရေး ထဲ ဘောင်းဘီစနှင့် သံဆူးကြိုး ငြိနေသေးသည်။ ခုနေများ အစောင့် တယောက်ယောက် နိုးနေလျှင် ညအခါ လသာသာ ဘော်ငွေရောင် ထိန်ထိန်လင်းနေသည့် ကောင်းကင်နောက်ခံကားဖြင့် ခြံစည်းရိုးပေါ် ရောက်နေသည့် မိုက်ကယ်မှာ အကောင်းဆုံးပစ်မှတ်အဖြစ် အသုံးတော် ခံရလိမ့်မည်။ သို့သော် ဘယ်သူမှ မနိုး။ သူ အပြင်ရောက်ပြီ။

တညလုံး သူ မမောနိုင်၊ မပန်းနိုင် လမ်းလျှောက်၏။ တခါတလေသူ၏ လွတ်မြောက်မှုကို တွေးရင်း ကြက်သီးများ တောင် ထခဲ့ရသည်။ ရောင်နီလာချိန်မှာ သူ လမ်းပေါ်မှ ဆင်း၏။ ခုချိန်ထိ လူသူ တဦး တယောက် မှမတွေ့သေး။ ချုံပုတ်တခုထဲမှ ခုန်ထွက်ကာ တောင်တန်းတွေဆီ ဦးတည်ပြေးသွားသည့် ယုန်တကောင်ကိုတော့ တွေ့လိုက်ရသည်။ ညှိုးခြောက်နေသည့် မြက်ရိုင်းတွေက လေအဝှေ့မှာ ယိမ်းနွဲ့နေကြသည်။ ကောင်းကင်က တဖြည်းဖြည်း ပြာလာသည်။ သူ့ခန္ဓာကိုယ်ထဲမှာ အားသစ်အင်သစ်တွေ ဝင်လာခဲ့သည်။

ဟော... ဟိုမှာ ယာခင်းအိမ်လေးတွေ၊ ဟော... နောက်တလုံး။ တလောကလုံးမှာ လူသားဆို၍ သူ့ တယောက် တည်း။ သို့သော်လည်း ယာခင်း ခြံစည်းရိုးတွေက သူသည် ဝရမ်းပြေးတယောက်သာ ဖြစ်ကြောင်း သတိပေးနေကြသလို။ သူ ကွေ့ကာပတ်ကာ ခရီးဆက်လာခဲ့သည်။ နောက်ဆုံး တောင်ကုန်းလေးတခုကို ဖြတ်ကျော်မိတော့ သူ့ရင်ဘတ်ထဲမှာ မြင်းရိုင်းတွေ ကဆုန်ပေါက်ပြေးနေသလို တဒုန်းဒုန်း တဒိုင်းဒိုင်း ဖြစ်လာခဲ့သည်။ ဟိုးအောက်မှာ လှမ်းမြင်နေရပြီ ဖြစ်သည့် အိမ်ကလေးကိုသူ အငမ်းမရ ကြည့်နေခဲ့သည်။ ခေါင်မိုးတွေ၊ ဖြူရော်ရော် နံရံတွေ၊ တရုတ်ကတ်နှင့် ပြတင်းပေါက်တွေ၊ အို... အရာအားလုံး ဘာမှ မပြောင်းလဲသေးပါလား။ နောက်ဆုံးတော့ ငါ ဇစ်စဂီးယာခင်းထဲ ပြန်ရောက်လာခဲ့ပြီလေ။ တောင်ပေါ်မှာ၊ စခန်းမှာ တွေ့ခဲ့ရသည့် အရာအားလုံး သူ့နောက် ဟိုးအဝေးကြီးမှာ ကျန်ခဲ့ပြီ။

ဇစ်စဂီးယာခင်း အိမ်နောက်တံခါးသည် ထုံးစံအတိုင်း သော့ခတ်မထား။ မိုက်ကယ် တံခါးဖွင့်ကာ ဝင်လိုက်တော့ ခေါင်မိုးပေါ်မှ တစုံတရာသည် သူ့မျက်နှာနားမှကပ်၍ ဝိုကနဲဖြတ်ကာ အိမ်ထောင့်တနေရာသို့ ခုန်ချသွားသည်။ ရောမ အနက်ရောင် ကြောင်ဖားကြီးတကောင်၊ မျက်လုံးကြီးတွေ က ဝင်းလျက်။ ယာခင်းထဲမှာ ကြောင်ကို မိုက်ကယ် တခါမှ မမြင်ဖူးခဲ့။

အိမ်ထဲမှာတော့ ဖုန်နံ့တွေ အပြင် သားရေနံ့တွေ ပါ လှိုင်နေခဲ့သည်။ မီးဖိုခန်းထဲမှ ထိုအနံ့တွေ ထွက်နေခြင်း ဖြစ်သည်။ မီးဖိုခန်းအဝရောက်တော့သူ တုံ့ကနဲ ရပ်လိုက်သည်။

စဉ်းစားဦး။ မင်း စဉ်းစားဦး မိုက်ကယ်။ အိမ်ကြမ်းပြင်မှာ ထင်ကျန်နေတဲ့ ခြေရာတွေကို ဖျက်ပစ်ပြီး ခြေဖျားလေး ထောက်၊ အသာလေး ပြန်ထွက်သွားဖို့ အချိန်ရှိသေးတယ်။ တကယ်တော့ မင်း ဒီအိမ်မှာ နေချင်လို့ ပြန်လာတာမှ မဟုတ်ဘဲ။ ဒီယာခင်းအိမ်ကလေးထဲမှာ ဇစ်စဂီးမျိုးဆက် နေခဲ့နေခဲ့၊ တအိမ်လုံး ဇစ်စဂီး တစ္ဆေတွေနဲ့ပဲ ပြည့်နေနေ၊ ဂရုစိုက်စရာ မလို။ မင်းနေချင်တာ ဇစ်စဂီးအိမ် မဟုတ်ဘူး။

မီးဖိုခန်း ခေါင်မိုးအပေါက်မှ နေထိုးနေသဖြင့် တခန်းလုံး လင်းထိန်နေသည်။ အထဲမှာ ဘယ်သူမှ မရှိ။ တန်းပေါ်မှာတော့ သိုးသားလား၊ ဆိတ်သားလား မသိ။ ချိတ်ဖြင့် ချိတ်ဆွဲထားသည်။ သို့သော် ချိတ်ထားတာကြာပြီထင်၏။ အသားတွေ က ခြောက်ကပ်ပြီး မှိုတွေတောင် စွဲနေပြီ။ ယင်မည်းရိုင်းကြီးတွေ ကတော့ အသားမြှောင်းပေါ်မှာ တဝိုဝို။သူ တအိမ်လုံးအနှံ့ ဗစ်စဂီးမြေးဆိုသည့် ကောင်လေးကို လိုက်ရှာသည်။ ဘယ်သူမှ မရှိ။ လောလောလတ်လတ် လူနေထားသည့် အရိပ်အယောင်ပင် မရှိ။ ကြမ်းပြင်မှာ ဖုန်တွေ ဒုတက်နေသည်။ အရာအားလုံးတိတ်ဆိတ်လျက်။ ဗစ်စဂီးမြေးကော ဘယ်ရောက်သွားသလဲ သူ မသိ။ သူ ရေလှောင်ကန်ဘက်သို့ ပြေး၏။ အရာအားလုံးသည် သူနှင့် ရင်းနှီး ကျွမ်းဝင်လွန်းနေခဲ့သည်။ ကျောက်တုံးတွေ၊ ချုံပုတ်တွေကအစ သူ မှတ်မိနေသည်။ ရေလှောင်ကန်နားရောက်တော့ သူ အိမ်ပြန်ရောက်လာသလို ခံစားလိုက်ရသည်။ ကုတ်အင်္ကျီကြီးကို ခေါင်းခုပြီး သူ လှဲလိုက်သည်။ ရေလှောင်ကန်၊ ရေတင် ဘီး၊ ကောင်းကင်၊ အားလုံးကို မက်မက်စက်စက် သူ ငေးနေသည်။ လက်စသတ်တော့ ငါ နေချင်တာ ဒီနေရာကိုး။ အသက်နှင့် ခန္ဓာ ကင်းကွာသွားတဲ့အထိ သေတပန်သက်ဆုံး ဒီမှာ ငါနေသွားရရင် ဘယ်လောက်များ ကောင်းလိုက်မလဲနော်။ အမေတို့၊ အဘွားတို့လည်း ဒီမှာပဲ နေသွားကြမှာ သေချာပါတယ်လေ။

ဒါပေမဲ့ ငါ နေချင်တာ လူလိုသူလို နေချင်တာပါ။ တိရစ္ဆာန်တကောင်လို ပုန်းလျှိုးကွယ်လျှိုးနဲ့ အမြဲတမ်း ပြေးဖို့အဆင်သင့်ပြင်နေရတဲ့ ပုံစံမျိုးနဲ့ ငါ မနေချင်ဘူး။ အိမ်ထဲမှာ မီးမထွန်းဘဲ ကျီးလန့်စာ စားနေရတာမျိုး၊ တဂူပြီးတဂူ လျှောက်ပုန်းပြီး ငါ မနေချင်ဘူး။ တနေရာမှာ နေပြီးတိုင်း ခြေရာလက်ရာတွေ ဖျက်နေရတဲ့ဘဝမျိုး ငါ မနေချင်ဘူး။

ရေလှောင်ကန်ထဲမှာ ရေတစက်မှ မရှိ။ ကမ်းနားက မြက်တွေတောင် ညှိုးခြောက်ပြီး သေကုန်ကြပြီ။ သူ ပျိုးခဲ့သည့် ဖရုံတွေ၊ ပဲတွေလည်း အစအနပင် မမြင်ရတော့။ မြက်ရိုင်းတွေသာ ထိုးထိုးထောင်ထောင်နှင့် ပေါက်နေကြသည်။ ရေတင်ဘီးကို ချည်ထားသည့်ကြိုးအား သူ ဖြုတ်လိုက်သည်။ အမြဲ ဟူးဟူးရားရား တိုက်ခတ်နေသော လေအရှိန်ဖြင့် ဘီးသည် စတင်၍ လည်ပတ်၏။ ပိုက်မှ ရေတွေ ကျလာခဲ့သည်။ ပထမတော့ သံချေးရောင် နီညိုညိုရေတွေ၊ နောက်တော့ တဖြည်းဖြည်း ကြည်လင်လာခဲ့သည်။

တောင်ပေါ်မှာတုန်းက သူ လွမ်းမောစိတ်ကူးခဲ့ရသည့် မြင်ကွင်းလေးအတိုင်း ခု လက်တွေ့ ဖြစ်နေခဲ့ပြီ။ သူ ရေလှောင်ကန်ထဲ ဝင်လိုက်သည်။ တဖြည်းဖြည်း ပြည့်လာသည့် ရေတွေထဲမှာ ရပ်ရင်း ရေဝ၍ ငွားငွားစွင့်စွင့် ပွင့်လာသည့် ပန်းတပွင့်ပမာ သူ ခေါင်းကို ကြွားကြွားဝင့်ဝင့် မော့ထား၏။ စိတ်ချမ်းသာ လိုက်သည့် ဖြစ်ခြင်း။

ရေလှောင်ကန်နားမှာပင် သူ အိပ်ပျော်သွား၏။ အိပ်မက်ဆိုးတခုကြောင့် သူ လန့်နိုး၏။ အိပ်မက်ထဲတွင် ဗစ်စဂီးမြေးသည် ယာခင်းအိမ်ကြမ်းပြင်အောက်က အမှောင်ထုထဲမှာ ဒူးထောက် ခေါင်းငိုက်စိုက်ပြီး မလှုပ်မယှက် ရှိနေခဲ့သည်။ ပင့်ကူကြီးတွေ က သူ့ခန္ဓာကိုယ်ပေါ်မှာ တွားသွားနေခဲ့သည်။ သို့သော် သူ မသေသေး။ အို…

အသေအချာကြည့်တော့ ဗီရိုကြီးတလုံးအောက်မှာ သူ ပိနေသည်ကော။ သူ့နှုတ်မှ မပီမသ၊ မသဲမကွဲ အသံတွေ ထွက်နေခဲ့သည်။ မိုက်ကယ့် တကိုယ်လုံး တောင့်တင်းနေသည် ။ငါ ဒီ ပြန်ရောက်ရောက်ချင်း ပထမဆုံးနေ့မှာ ဒီခွေးမသား ငါ့ကိုလာနှောင့်ယှက်ပြန်ပြီ။ ငါ ပြန်လာတာ သူ့ကို အိမ်ဖော်လုပ်ပေးဖို့၊ သူ့ကျွန်ခံဖို့ မဟုတ်ဘူး။ သူ့ဘာသာ ဘယ်လို ဖြစ်ဖြစ် ငါနဲ့ မဆိုင်ဘူး။ မိုက်ကယ်သည် ပြန်လှဲချလိုက်၏။ သီးနံ့တွေ စိုက်ဦး၊ ပျိုးဦးမည် သူ့စီမံကိန်းကြီးကို စိတ်ကူးနှင့် အကွက်ချရင်း မစောင့်နိုင်လောက်အောင် ဖြစ်လာခဲ့သည်။

နောက်တနေ့ နံနက်မှာတော့ ယာခင်းတခုလုံးကို သူ ပတ်၏။ တစုံတရာကို အပြင်းအထန် သူ ရှာဖွေနေသည်။ ရေလှောင်ကန်နှင့် ကိုက်သုံးရာခန့် အကွာမှာတော့ သားမြတ်နှစ်လုံးလို တောင်ပူစာ ပြေပြေလေးနှစ်လုံး အစီအရီ တည်ရှိနေသည်ကို သူ တွေ့ခဲ့ရသည်။ တောင်ပူစာ နှစ်ခုကြားမှာတော့ သုံးလေးကိုက်ခန့်ရှည်သော၊ ခါးစောင်းလောက်နက်သော ချိုင့်ဝှမ်းလေးတခု သဘာဝအလျောက် ဖြစ်တည်နေခဲ့သည်။

မိုက်ကယ် ထိုချိုင့်ဝှမ်းထဲသို့ ငုံ့ကြည့်လိုက်သည်။ ချိုင့်ဝှမ်းထဲမှာတော့ နက်ပြာရောင် ကျောက်တုံးလေးတွေ အပြည့်။ ဒါပဲ။ ငါရှာနေတာဒီနေရာပဲ။ မိုက်ကယ် စိတ်ထဲမှ ကျူးရင့်လိုက်သည်။ ယာခင်းအိမ်သို့ သူအမြန်ပြေး၏။ ဂေါ်ပြား၊ ပေါက်တူး၊ လွှနှင့် အခြားပစ္စည်းပစ္စယများကို ယူပြီး သူ ပြန်ပြေးလာ၏။ ပျက်စီးနေသည့် သိုးခြံတွင် မိုးထားသော ငါးပေရှည်သည့် သွပ်ပြားတချပ်ကို သူ ခွာ၏။ ပျဉ်ပြားတွေ မရရအောင်သူ ရှာ၏။ ပြီးတော့ သူ အလုပ်စလုပ်သည်။

ပထမဆုံး တောင်ပူစာ နှစ်လုံးကြားမှ ချိုင့်ဝှမ်းကို သူ ချဲ့၏။ ချိုင့်ဝှမ်းအောက်ခြေကို တဖြည်းဖြည်း ကားလာအောင် သူ တူးဆွ၏။ ကျောက်တုံးကြမ်းခင်းကို ညီနေအောင် အားကြိုးမာန်တက် သူ ညှိ၏။ ကျဉ်းမြောင်းသည့် ချိုင့်ဝှမ်းတဖက်ကို ကျောက်တုံးကြီးများဖြင့် သူ အသေပိတ်၏။ ချိုင့်ဝှမ်းအပေါ်မှ ပျဉ်ပြားများ၊ တုတ်ချောင်းများ ခင်း၏။ ထိုအပေါ်မှသွပ်ပြားထပ်ခင်း၏။ အခု ငါးပေပတ်လည်ခန့်ရှိသော ဂူ၊ သို့ မဟုတ် တွင်းတခု သူ ရခဲ့ပြီ။ သူ ရေလှောင်ကန်ဆီသို့ ပြန်ပြေး၏။ ရေလှောင်ကန်ထိပ်မှနေပြီး ဟောင်းလောင်းပွင့်နေသော သူ့တွင်းကို ကြည့်၏။

မဖြစ်သေး၊ တွင်းဝက ဟောင်းလေး၊ အပေါ်က သွပ်မိုးက နေထိလျှင် ရောင်ပြန်မည်။ ဘာလုပ်ရမလဲ။ ဘာဆက်လုပ်ရမလဲ။ စဉ်းစားရင်း မှောင်သွား၏။ အစာမစားရသည်မှာ နှစ်ရက်တိတိ ရှိပြီဖြစ်ကြောင်း သူ သတိထားမိ၏။ သို့သော် လုံးဝမဆာ။ စားချင်စိတ်လည်း နည်းနည်း မှ မရှိ။

နောက်တနေ့ မနက်မှာ မြစ်နားထိ သူသွား၍ သဲတွေ၊ ရွှံ့တွေ ရသလောက် ကျုံးယူ၏။ တောင်ခြေမှ ကျောက်ပြားတွေကို သယ်၍ တွင်းဝကို ပိတ်၏။ လူတကိုယ် လျှိုဝင်၍ရသည့် အပေါက်ကလေး တပေါက်သာ သူ ချန်ထားခဲ့သည်။ သူ့တွင်းအမိုးမှ သွပ်ပြားပေါ်မှာ ရွှံ့တွေ၊ သဲတွေဖြင့် ဖုံး၏။ မြက်ခြောက်တွေ ပစ်တင်ထား၏။ ကျောက်ခဲတွေ ပစ်တင်၏။ ထိုနေ့တနေ့လုံးလည်း သူ ဘာမှ မစား။ ဆာလည်း မဆာ။

သို့သော် အလုပ်လုပ်ရတာ တဖြည်းဖြည်း နှေးကွေးလာသည်ကိုသူ သိနေ၏။ အပေါက်၊ အဟ မှန်သမျှ ရွှံ့တွေနှင့် ပိတ်လိုက်အပြီးမှာတော့ မိုးမကျမချင်း လုံခြုံစိတ်ချစွာ နေထိုင်၍ရသည့် တွင်းအိမ်တလုံးကို သူပိုင်ဆိုင်ခဲ့ပြီ။ မိုးရွာလျှင်တော့ မဖြစ်။ မိုးကိစ္စနောက်မှ စဉ်းစားမည် ဟု သူတွေးလိုက်သည်။ ဆွေစဉ်မျိုးဆက် နေနိုင်အောင် နန်းတော်လောက်ရှိသည့် ရောမအိမ်ကြီးတလုံးကို သူ ဆောက်နေခြင်း မဟုတ်။ လူနေမှန်း မသိလောက်အောင် ပုန်းလျှိုးကွယ်လျှိုး နေနိုင်သည့် တွင်းလေးတတွင်းကို သူဖန်တီးနေခြင်းသာ ဖြစ်သည်။ အကယ်၍ ဒီနေရာကို တွေ့သွားလျှင်ပင် ဘာလုပ်ထားမှန်း မသိသဖြင့် ခေါင်းကုတ် ဖင်ကုတ်ဖြင့် ခေါင်းခြောက်ကာ ပြန်သွားရလောက်အောင် လက်ရာမြောက်လှသည့် တွင်းအိမ်ကို ခု သူ ပိုင်ပြီ။ ဖရုံစေ့နည်းနည်း၊ ဖရဲစေ့နည်းနည်း သူ တွေ့ထားသည်။ လေးရက်မြောက်မနက်မှာ ထိုမျိုးစေ့တွေကို သူ စကြဲသည်။ မြက်ရိုင်းတွေကြားမှာ ဒီအတိုင်း ကြဲချလိုက်ခြင်း ဖြစ်၏။ အရင်ကလို ရေလှောင်ကန်ထဲမှ ရေကိုမြောင်းသွယ်ပြီး စိုက်ခင်းထဲချဖို့ သူ မကြိုးစားတော့။ ပုံးဟောင်းလေးတလုံးနှင့် ရေကိုခပ်ကာ သူ့မျိုးစေ့တွေကို စိတ်ရှည်လက်ရှည် ရေလိုက်လောင်းသည်။ ခုတော့ အစေ့မှ အညှောက်၊ အညှောက်မှ အပင်ပေါက်ချိန်ကို စောင့်ရန်သာ ကျန်တော့သည်။ တွင်းအိမ်ကလေးထဲမှာ လှဲရင်း ခု သူ ပြုစုပျိုးထောင်လိုက်သည့် ဒုတိယမျိုးဆက် သားသမီးလေးတွေ အကြောင်းကို အချိန်ပြည့်တွေးနေခဲ့သည်။

မြေဆီနှင့် ရေတည်းဟူသော အစာအာဟာရကို ကောင်းစွာ စားသုံးရသော မျိုးစေ့ကလေးများသည် မကြာမီ သူ မျှော်လင့်သလို အညှောက်ပေါက်လာခဲ့သည်။ သူ့ခန္ဓာကိုယ်အတွက် အစာအာဟာရကိုတော့ မိုက်ကယ် တယောက် နည်းနည်း မှ ဂရုမစိုက်။ ဆာသည်ဆိုသည့် ခံစားချက်မှာ သူ့အတွက် တစိမ်းပြင်ပြင်။ စားမည်ဆိုလျှင်လည်း စားလို့ရတာ၊ တွေ့တာကိုသူ စားမည်။ အစာငတ်ရေငတ် ဖြစ်လျှင် သေတတ်သည် ဆိုခြင်းကိုတော့သူ သိသည်။ ထို့ကြောင့်လည်း

မသေအောင်တော့ သူ စားသည်။ ဘာအရသာမှ မရှိ။ ပါးစပ်ထဲကို ဖုန်မှုန့်တွေ သွင်းနေရသလို။ သူ ပျိုးထောင်နေသည့် အပင်လေးတွေမှ မှည့်ရွဲနေသည့် ဖရုံသီးတွေ၊ ဖရဲသီးတွေ သီးလာလျှင်တော့ သူ့ခံတွင်း ပြန်ကောင်းလာလိမ့်မည် ဖြစ်ကြောင်း သူ ကျိန်းသေသိသည်။

တကယ်က တောင်ပေါ်မှာ၊ ဂျက်ကယ်ဒရစ်ဖ်စခန်းမှာ နေကတည်းက မိုက်ကယ် တယောက် အစာကောင်းကောင်း မစားတာ ကြာခဲ့ပြီ။ သူ့ခန္ဓာကိုယ်ကလည်း အရိုးနှင့် အရေမျှသာ ကျန်၏။

သို့သော်လည်း မိုက်ကယ် တယောက် ဝမ်းသာလုံးဆို့နေသည်။ ခုဆိုလျှင် သူ့ခန္ဓာကိုယ်သည် ပေါ့ပါးလွန်းသဖြင့် လမ်းလျှောက်လျှင်ပင် မြေနှင့် မထိချင်။ သူ မကြာခင် ပျံများ ပျံနိုင်မလားဟု ထင်နေမိသည်။ အသက်နှင့် ခန္ဓာ တွဲလျက်ပေါ့။

မိုက်ကယ်သည် တွေ့သမျှ အကောင်ပလောင် အကုန်စား၏။ ပုရွက်ဆိတ်အုံတွေ လိုက်ရှာပြီး ဥတွေ စား၏။ နကျယ်အုံတွေ ခွာစား၏။ ကျိုင်းကောင်တွေ သတ်စား၏။ တွေ့သမျှ သစ်မြစ်တွေလည်း ဘာမှမရှောင်ဘဲ စား၏။ အဆိပ်ဖြစ်မှာ သူ နည်းနည်း မှ မကြောက်။ သူ့ခန္ဓာကိုယ်သည်သံမဏိဖြင့် လုပ်ထားသည်ဟု သူ ထင်နေသည်။

မိုက်ကယ်သည် လူသူအရိပ်အယောင်မြင်သည်နှင့် တပြိုင်နက် တုတ်တုတ်မျှ မလှုပ်ဘဲ တွင်းထဲမှာ ငြိမ်သက်စွာ ပုန်းအောင်းနေတတ်သည်။သူ စဉ်းစား၏။ ရေသုံးတာကို သတိထားမှ ဖြစ်မည်။ ရေလှောင်ကန်ထဲမှာ ခြောက်ကပ်နေလျှင် သူ ဒီမှာ ရှိနေတာကို ဘယ်သူမှ မသိနိုင်။ မိုက်ကယ်သည် ညကျမှ ရေလှောင်ကန်ထဲ ရေ နည်းနည်း တင်၏။ သူ့အပင်တွေကို ရေလောင်း၏။ သူလည်း သောက်၏။ ချိုး၏။

ရေလှောင်ကန်နားမှာ တခါ နှစ်ခါတော့ တိရစ္ဆာန်ခြေရာလိုလို တွေ့ရဖူးသည်။ ထိုစဉ်က သူ သိပ်သတိမထားမိခဲ့။ တညမှာတော့ အသံဗလံတချို့ ကြားမိသလိုရှိ၍ သူ လန့်နိုးလာသည်။ တွင်းထဲမှ ခေါင်းပြူကြည့်လိုက်သည်။ ဟုတ်ပ... ရေရှိရာနေရာသို့ ပြန်ရောက်လာကြသော သူ့မိတ်ဆွေဟောင်း ဆိတ်အုပ်ကို သူ တွေ့လိုက်ရသည်။ သူ အပြေးအလွှား သွား၏။ သူ့အပင်တွေကို ဖျက်ဆီးမှာ၊ စားပစ်လိုက်မှာ စိုးသဖြင့် ဆိတ်တွေကို သူခြောက်လှန့်မောင်းထုတ်၏။ ထို့နောက် သူ အိပ်မရတော့။ တညလုံး သူကင်းစောင့်နေရသည်။ မနက်ကျတော့လည်း ဆိတ်တွေ ပြန်ရောက်လာပြန်သဖြင့် မိုက်ကယ်မှာ ရေလှောင်ကန်နားမှာ ပင် နေရင်း ကျောက်ခဲပျံများဖြင့် ဆိတ်စစ်ဆင်ရေး လုပ်နေခဲ့ရသည်။

ဒီဆိတ်ရိုင်းတွေကြောင့် ဖြစ်မည့် အဓိက ပြဿနာက သူ့စိုက်ခင်းပျက်စီးခြင်း မဟုတ်။ သူ ဒီမှာ နေတာကို လူတွေ သိသွားမည် အန္တရာယ် ဖြစ်သည်။ ထို့ကြောင့်လည်း သူ ဆုံးဖြတ်ချက်ချလိုက်သည်။ ဆိတ်တွေ ရေလှောင်ကန်နားလာသည့် အဓိကအကြောင်းမှာ ရေကြောင့် ဖြစ်သည်။ နေ့ဘက်မှာ ရေမတင်သဖြင့် ဆိတ်တွေ လာမှာ မပူရ။

ဟုတ်ပြီ။ သူ့အချိန်တွေကို နေ့နှင့် ည ရွှေ့မည်။ နေ့ဘက်ကို အိပ်မည်။ ညကျလျှင် ထမည်၊ အလုပ် လုပ်မည်။ ဆိတ်မောင်းမည်။ တွေ့ကြသေးတာပေါ့။ မင်းတို့ကလည်း ဆိတ်၊ ငါကလည်း မိုက်ကယ်ကော။

ပထမတော့ ညဘက် လရောင်ဖြင့် သူ အလုပ်လုပ်၏။ လမိုက်ညတွေမှာတော့ မိုက်ကယ်သည် တွေ တွေ ကြီးရပ်ကာ လက်တွေကို ဆန့်တန်းရင်း မမြင်ရသည့် အရိပ်များ၊ ဝိညာဉ်များ အကြောင်းတွေးရင်း တယောက်တည်း စိမ့်ကြောက်နေမိသည်။ သို့သော်လည်း ညလူအဖြစ် ကျင်လည်တာကြာလာတော့ သူ့အကြောက်တရားတွေ ပျောက်သွားခဲ့သည်။ မိုက်ကယ်သည် အကန်း တစ္ဆေမကြောက် ဖြစ်လာခဲ့သည်။ မှောင်ကြီးထဲမှာပင် ရေတင်တတ်လာသည်။ အပင်တွေ ရေလောင်းတတ်လာသည်။ ဒီလိုနှင့် ကြာလာတော့ တခါတလေ နေ့လယ်ဘက် လန့်နိုးချိန်များမှာ သူ့မျက်လုံးက နေရောင်ဒဏ်ကို မခံနိုင်လောက်အောင် ကျိန်းလာတတ်သည်။ ဂျက်ကယ်ဒရစ်ဖ်မှ ထွက်ပြေးခဲ့သည်မှာ ခုဆိုလျှင် တလကျော်ပြီ။ ဗစ်စဂီးမြေးဆိုသူကို သူ တခါမှ ရှာဖွေဖို့ မကြိုးစားခဲ့။ သူ့အကြောင်းကိုတတ်နိုင်သမျှ မတွေးမိအောင် ကြိုးစား၏။ သို့သော် တခါတလေမှာတော့ ဗစ်စဂီးမြေးသည် သူ့စိတ်အာရုံထဲသို့ အလိုလိုရောက်ရှိလာခဲ့သည်။

ထိုကောင်လေးသည် သူ့လိုပင် တွင်းတူးပြီးနေ၊ သူ့လိုပင် ကင်းလိပ်ချောတွေ၊ပုတ်သင်ညိုတွေ ဖမ်းစားပြီး စစ်တပ်က သူ့ကို မေ့လျော့သွားသည်အထိ ပုန်းအောင်း၍များ နေလေသလား၊ အို... ဒါ သူ့အလုပ်မဟုတ်၊ ဒီအကောင် သူ့စိတ်ထဲမှ မြန်မြန်ထွက်။

မိုက်ကယ်သည် ယာခင်းအိမ်ကို တတ်နိုင်သမျှ ဝေးဝေးရှောင်၏။ တခုခု လိုအပ်မှသာ ထိုအိမ်သို့ သူ သွား၏။ တကြိမ်မှာတော့ အလွယ်တကူ မီးမွှေးနည်းကို မမျှော်လင့်ဘဲ သူ တွေ့ရှိခဲ့သည်။ အရုပ်အစုတ်ပလုတ်တွေ ထည့်ထားသည့် သေတ္တာထဲမှ မှန်ဘီလူးတလက် သူ ရခဲ့သည်။ ထိုမှန်ဘီလူးဖြင့် နေရောင်ကို ခံလိုက်လျှင် အလွယ်တကူ မီးမွှေး၍ရသည်။ ခုဆို အသစ်လုပ်ထားသော လောက်လေးခွ တလက်လည်း သူ့မှာ ရှိနေပြီ။ အရင်ဟာထက်ပင် ပိုကောင်းသေးသည်။ ဆိုတော့လည်း ငှက်သားကင်တွေ ပွဲတော် တည်ရသည်ပေါ့။

မိုက်ကယ်၏ တွင်းအိမ်သည် တဖြည်းဖြည်း ပရိဘောဂတွေ ပြည့်စုံလာသည်။ မီးဖိုတွေ၊ ခေါက်ကုလားထိုင်တွေ၊ ရာဘာခေါင်းအုံးတွေ၊ ဖျာတွေနှင့် ဖြစ်လာသည်။ သို့သော် ဗစ်စဂီးမြေး ရုတ်တရက် ပြန်ရောက်လာပြီး ခြေရာလက်ရာတွေ နောက်သို့ နောက်ယောင်ခံလိုက်လာပြီး သူ့ကို တွေ့သွားမှာလည်း စိုးရိမ်နေသေးသည်။

ဒီလိုနှင့် ရေလှောင်ကန်နားမှာ အိမ်လေးတလုံး ထပ်ဆောက်ရရင် ကောင်းမလားဆိုသည့် သူ့စိတ်ကူးကို စွန့်လွှတ်လိုက်သည်။ တညမှာတော့ ရေတင်နေရင်း၊ တကျွိကျွိမြည်နေသည့် ရေတင်ဘီး လည်သံကို နားထောင်ရင်း ရုတ်တရက် ဘာမှန်းမသိ အကြောက်ကြီးကြောက်လာသည်။ ငါ့မှာ မိသားစုမရှိတာ၊ သားသမီးမရှိတာ၊ အဖေ မဖြစ်ရတာ ကံကောင်းလိုက်တာဟု သူ တွေးမိသည်။ တကယ်လို့သာ သားသမီးတွေ ရှိနေရင် သင်းတို့ကို ကျွေးဖို့ မွေးဖို့ ဝတ်ဖို့ ဆင်ဖို့ ပညာသင်ဖို့ ဆိုသည့်ကိစ္စများကို လုပ်နေရမည်။ ဒါတွေ သူ မလုပ်တတ်။ ကမ္ဘာပေါ်မှာ အဆိုးရွားဆုံး အဖေအဖြစ်တောင် စံချိန်တင် ခံချင် ခံနေရမည်။ အချိန်ဆိုတာကို နှမြောနေဖို့မလိုဘဲ အသက်ရှင်နေရတဲ့လူ ဖြစ်ရတာ ဘယ်လောက် ကံကောင်းသလဲ။ ဂျက်ကယ်ဒရစ်ဖ်ကကောင်တွေဆို ကြည့်စမ်း။ သားတွဲ လောင်း၊ သမီးတွဲ လောင်းနဲ့ ခြံစည်းရိုးနောက်က မျောက်တွေလို နေရရှာတယ်။ ကုန်းရုန်းပြီး ရှာရ ဖွေရရှာတယ်။

ဒါနဲ့ နေပါဦး၊ သားသမီးဆိုလို့ ငါကကော ဘယ်လို မွေးလာတာလဲ။ အမေ ကတော့ ရှင်းတယ်။ ငါနဲ့ တသက်လုံး နေခဲ့ပြီး ငါ ကိုယ်တိုင်ပြာတွေ မြေမြှုပ်ခဲ့တာပဲ။

နို့-အဖေကကော။ အို- ဒါလည်း ရှင်းပါတယ်။ ငါ့အဖေက ဟူးဝစ် နိုရန်းနီးယပ်စ်ကျောင်းပေါ့။ ငါ့အဖေက ကျောင်းဆောင်မှာ ကပ်ထားတဲ့စည်းကမ်းချက် နှစ်ဆယ့်တချက်ပေါ့။

ပထမဆုံးအချက်က ဘာတဲ့။ အဆောင်တွင် မည် သည့်အချိန်မှဆူညံခြင်း မပြုရတဲ့။ ငါ့အဖေက မျဉ်းကြောင်းတွေ ဆွဲလို့ မညီရင် ငါ့နားရွက်ကို ပြတ်မတတ် လိမ်ဆွဲတဲ့ ငါ့ဆရာပေါ့။ ငါ့အဖေက တနင်္ဂနွေနေ့တိုင်း ကာကီဝတ်စုံဝတ်ပြီး ဘုရားရှိခိုးဖို့ သွားတိုင်း ဆုတောင်းပေးတဲ့ ဘုန်းတော် ကြီးပေါ့။ ခု ငါ့မှာ ဘာပူပင်စရာမှ မရှိ။ ငါ့အချိန် ငါပိုင်၏။ ဒါပဲ။ ဒီယာခင်းကို သူရောက်စက သူ့အပြင် အခြားသူမရှိကြောင်း မိုက်ကယ် အသေအချာ သိသည်။ ယာခင်းအိမ်ကြမ်းပြင်မှာ ထင်ကျန်နေသည့် ခြေရာတွေမှာ သူ့ခြေရာအပြင် တခါတလေရောက်လာတတ်သည့် ကြောင်ဖားကြီး၏ ခြေရာမျှသာ။ သို့သော် အရုဏ်နံနက်ခင်းတခုမှာ သူလမ်းလျှောက်ရင်း ယာခင်းအိမ်သို့ လှမ်းကြည့်မိတော့ သူ့မှာ မိုးကြိုးပစ်ခံရသလို ဖြစ်သွား၏။ အမြဲတမ်း ပိတ်ထားခဲ့သည့်

အိမ်ရှေ့တံခါးမကြီးသည် ခုတော့ ဟောင်းလောင်းပွင့်နေပါပကော။ သူ့မှာ လူမိခံရသည့် တွင်းအောင်းသတ္တဝါလို ကြောင်တက်တက် ဖြစ်နေခဲ့သည်။ ဒီလိုနှင့် ခြေဖျားလေးထောက်ပြီး သူ့တွင်းထဲ ကမန်းကတန်း ပြေးကာ ဝင်အောင်းလိုက်သည်။ ယာခင်းအိမ်နားသို့ သူ တပတ်တိတိ လုံးဝ မသွား။ ရေလှောင်ကန်နားကိုပင် သူ ပုန်းလျှိုးပြီးသာ သွား၏။ ဖရုံညွန့်၊ ဖရဲညွန့် စိမ်းမြမြကလေးတွေကို သူ ကြည့်၏။ မြက်ခြောက်တွေ နုတ်ပြီး ထိုအပင်များပေါ်မှ ရင်နာနာဖြင့် သူ ဖုံး၏။ နုတ်ပစ်လိုက်ရရင် ကောင်းမလားဟုတောင် စဉ်းစားမိသေးသည်။ သို့သော် မနုတ်ဖြစ်။ သောကပရိဒေဝမီးကြောင့် မိုက်ကယ့်မှာ အိပ်မပျော်နိုင်အောင် ဖြစ်လာသည်။ အိမ်တံခါးပွင့်ရခြင်း အကြောင်းက နှစ်မျိုးအပြင် ပိုမရှိ။ ဗစ်စကီးမြေး ပြန်ရောက်နေသလား၊ ရဲတွေ ရောက်နေသလား၊ သူ့ကို ဖမ်းပြီး ဘရန်းဗ်လိုင်းဆိုတဲ့ နာမည် ကျော် နှိပ်ကွပ်ရေး စခန်းကို ပို့လေမည်လား။

အပြင်လောကမှာ လူတွေ ထောင်သောင်းချီ၍ စစ်ပွဲအတွင်းမှာ နေ့သေမလား၊ ညသေမလား ဘုရားတ၍ နေကြရသည်။ ဒီတော့ လူမရှိသည့် ယာခင်းအိမ်လေး တလုံးတွေ့၍ ဝင်ခိုကြသည့် ဒုက္ခသည်တွေ ကော မဖြစ်နိုင်ဘူးလား။ တွေးရင်းဖြင့် မိုက်ကယ့် အာရုံထဲမှာ အိမ်ထောင်ပစ္စည်းတွေ တင်ထားသည့် တွန်းလှည်းတစီးကို တွန်းလာသည့် ယောကျ်ား တယောက်၊ မိန်းမ တယောက်နှင့် ကလေးနှစ်ယောက် ၏ ကြောက်ရွံ့မောပန်းနေကြသည့် ပုံရိပ်ကိုပင် မြင်ယောင်မိသေးသည်။

ထိုစစ်ပြေးမိသားစုသည် အကာလ ညအခါမှာ တွင်းထဲမှ ထွက်လာသည့် ရောမ သွေးစုပ်လင်းနို့ကြီးနှင့် တူသည့် သူ့ကိုမြင်လေလျှင် လိပ်ပြာလွင့်ကာ အသက်ထွက်သွားကြလိမ့်မည်။ ဆိုတော့ ဘယ်သူက ဘယ်သူ့ကိုကြောက်ရမည် လဲ။

နေဦး၊ စစ်ပြေးဒုက္ခသည် မဟုတ်ဘဲ ဗစ်စကီးမြေးလို စစ်ပြေးစစ်သားတွေ ဖြစ်နေရင်ကော။ ဒါမှမဟုတ် ဒီနေရာမှာ ဆိတ်တွေ ကျက်စားတယ်ကြားလို့ ဆိတ်ပစ်ထွက်လာကြတဲ့ ရဲတွေ ဆိုရင်ကော။ သူတို့ ငါ့ကို တချိန်လုံးစောင့်ကြည့်နေကြမယ်။ ငါလုပ်သမျှကို ချောင်းကြည့်ရင်း အသက်ထွက်မတတ် ဖင်ဆောင့်ပြီး ရယ်နေကြမယ်။ ငါ့ဖရုံခင်း၊ ဖရဲခင်းကလေးကို အသီးသီးတဲ့အထိ စောင့်နေကြမယ်။ ပြီးမှ ငါ့တွင်းထဲကို အသာဝင်၊ ငါ့ဖင်ကိုကန်ပြီးနှိုး၊ ငါ့ကို ကြိုးတုပ်ခေါ်သွားပြီး သူတို့တွေ အတွက် ထင်းခွေခိုင်း၊ ဆိတ်မွေးနုတ်ခိုင်း၊ သေနတ်ပြောင်းတိုက်ခိုင်း၊ အဆီတဝင်းဝင်းနဲ့ ဆိတ်ပေါင်တွေ သူတို့ ကိုက်နေကြချိန်မှာ ငါ ကတော့ ချုံပုတ်နားထိုင်ပြီး ဆိတ်ရိုးစုပ်နေရရင်ကော။

အို- ဘာပဲ ဖြစ်ဖြစ် နေ့ရောညပါ အပြင်မထွက်ဘဲ ပုန်းနေရတာ ကောင်းပါတယ်လေ။ သူတို့ကျွန် ဖြစ်မှာထက် စာရင် တွင်းအောင်းနေရတာ

အများကြီး သာတာပေါ့။ ငါ အပြင်ထွက်တဲ့အချိန်ကျမှ ငါ့ခေါင်းကို ထိမထိ လောင်းကြေးစားကြေးလုပ်ပြီး ပစ်လိုက်တဲ့ ကျည်ဆန်တတောင့် ဦးနှောက်ထဲဝင်သွားရင် ဘယ်လိုလုပ်မလဲ။ မထွက်နဲ့၊ မိုက်ကယ်၊ လုံးဝမထွက်နဲ့။

ဒီလိုနှင့် တရက်ပြီး တရက် ကုန်ဆုံးသွားခဲ့သည်။ မိုက်ကယ်ထင်သလို ဘာမှမဖြစ်။ အားလုံးသည် ပိုနေမြဲ ကျားနေမြဲ၊ အရင်အတိုင်းသာ။ မနက်လင်းလျှင် နေထွက်စမြဲ။ မြေလူးငှက်တွေ တချို့ပြီး တချို့ကျလိကျလိနှင့် ဝင်နေကြသည်ကို ကြားရမြဲ။ ဆည်းဆာလွန်လျှင် မှောင်စမြဲ။ မိုက်ကယ် ရဲတင်းလာခဲ့သည်။ ယာခင်းအိမ်နား သူ ပြန်ကပ်လာသည်။ သို့သော် ချုံပုတ်တခုကြားမှာ ထိုင်ရင်း တနေ့လုံး သူ စောင့်ကြည့်နေသည်။ ညရောက်တော့ လထွက်လာ၏။ အိမ်ထဲမှာ အလင်းရောင်လည်း မရှိ။ ဘာသံမှလည်း မကြားရ။ သူ အိမ်နားသို့ ခြေဖျားထောက်ကာ လျင်မြန်စွာ ပြေး၏။ အိမ်တံခါးက ပွင့်နေဆဲ။ ကြည့်ရတာ ပွင့်ပြီးကတည်းက ဘယ်တော့မှ ပြန်ပိတ်ပုံမရ။ သူ အသာလေး အိမ်ထဲဝင်လိုက်သည်။ တအိမ်လုံး တိတ်ဆိတ်လျက်။ သူ ပြန်ထွက်ခဲ့သည်။ အိမ်နားမှာ ထိုင်လိုက်သည်။ တခါတလေ အိပ်ငိုက်ကျသွားသည်။ မနက်လင်းတော့ သူအိမ်ထဲပြန်ဝင်လာသည်။ အလိုလေးလေး ကြမ်းပြင်ကို ပြောင်နေအောင် လှည်းကျင်းထား၏။ ဆေးလိပ်နံ့တွေလည်း ရ၏။ မီးဖိုခန်းထဲက စင်ပေါ်မှာတော့ အမဲသားစည်သွပ်ဘူး ခြောက်ဘူးတိတိ တွေ့ရသည်။

မိုက်ကယ် တယောက် တကိုယ်လုံး နတ်ကျသလို တုန်ယင်ပြီးတွင်းထဲ အမြန်ပြေးအောင်း၏။ သေချာပြီ။ အိမ်ထဲမှာ စစ်သားတွေ ရောက်နေပြီ။ ဘုရား ကယ်တော်မူပါ။ နေဦး၊ စစ်သားတွေ သာဆိုတယ်။ ဂျစ်ကားတွေ ဘာတွေလည်း မတွေ့ပါလား။ ခြေကျင်လာကြတာလား။ တောင်ပေါ်က သူပုန်တွေကို ဖမ်းဖို့လား။ အလုပ်လက်မဲ့တွေကို ချွေးတပ်ဆွဲဖို့လား။ ဒီအတိုင်း ကင်းလှည့်လာကြတာလား။ စစ်သားဆိုရင် ဘာလို့ ပုန်းလျှိုးကွယ်လျှိုးနေကြတာလဲ။ ခြေရာတွေ ဖျောက်ထားတာလဲ။

အို- ငါက မှော် ဆရာမှ မဟုတ်ဘဲ။ သူတို့စိတ်ကို ဘယ်လိုလုပ်သိမလဲ။ ဘယ်လိုပဲ ဖြစ်ဖြစ် ငါရှိနေမှန်း သူတို့ မသိရင် ပြီးတာပဲ။ ထိုညက မိုက်ကယ် အပြင်မထွက်၊ ရေ လုံးဝ မတင်၊ နေပူဒဏ်နှင့် လေတို့ကြောင့် ရေလှောင်ကန်ထဲမှ လက်ကျန်ရေတွေ ခြောက်သွား၊ ခန်းသွားပါစေကြောင်း သူ ဆုတောင်းမိသည်။ ဖရုံနွယ်တွေပေါ်မှာ မြက်တွေထပ်ကြဲ၏။ သူ့အသက်ရှူသံကို ကြားသွားမည် စိုးသဖြင့် ဝင်သက်၊ ထွက်သက်ကို သူ ချွေတာသည်။

အချိန်နှစ်ရက် ကုန်လွန်သွား၏။ နေဝင်သွားတော့ မိုက်ကယ် တွင်းထဲမှထွက်ကာ အညောင်းဆန့်၏။ လူတန်းတခုကို ရိပ်ကနဲ မြင်လိုက်ရသဖြင့်

သူ ဝပ်ချလိုက်သည်။ အသာချောင်းကြည့်သည်။ ရေလှောင်ကန်ဘက်သို့ မြင်းတစီးစီးကာ လာနေသည့် လူတယောက်။ သူ့နားမှ လမ်းလျှောက်လိုက်လာသည့် နောက်လူ တယောက်။ မြင်းစီးသမား ပခုံးပေါ်မှာ သေနတ်တလက် ထမ်းလာတာ သူ သေချာ တွေ့လိုက်သည်။

သူ တွင်းထဲသို့ ရောက်အောင် တွားသွား၏။ တွင်းထဲသို့ လျှောကနဲဝင်လိုက်၏။ မြန်မြန်မှောင်လာပါစေ။ ဒါမှမဟုတ်လည်း ငါ့ကို မြေမျိုသွားပါစေဟု သူ အပြင်းအထန် ဆုတောင်း၏။ ဆုသာတောင်းသည်၊ ချောင်းတော့ ကြည့် ဖြစ်အောင် ကြည့်လိုက်သေးသည်။

လတ်စသတ်တော့ မြင်းမဟုတ်၊ မြည်းဖြစ်၏။ မြည်းမှ ပိန်ပိန်သေးသေးကလေး။ စီးသည့်သူ ခြေထောက်က မြေကြီးနှင့်တောင် ထိတော့မည်။ ဟိုးနောက်မှာ ဒုတိယ မြည်းတကောင်၊ ဝန်စည်စလယ်တွေ အပြည့်တင်ထားသည်။ မြည်းနှစ်ကောင်ကြားမှာတော့ လူရှစ်ယောက် တန်းစီလျှောက်လာကြသည်။ အားလုံးက သေနတ်တွေ နှင့်၊ အထုပ်အပိုးတွေ ကိုယ်စီနှင့်၊ ဘောင်းဘီတွေ ကလည်း ရောင် စုံ။

တွင်းထဲရောက်တော့ မိုက်ကယ် ဘာမှ မမြင်ရတော့။ သို့သော် အသံတွေတော့ ကြားနေရသည်။ သူ နားစွင့်နေခဲ့သည်။ ဟော- သူတို့ ရေတင်ဘီးကို ဆွဲထားသည့်ကြိုးကို ဖြေနေကြပြီ။ တချက် တချက် စကားသံတွေ တောင် ကြားနေရသည်။

"ဟ-ဘာလို့ ရေမလာတာလဲကွ" ဆိုသည့်အသံကို ထင်ထင်ရှားရှား ကြားလိုက်ရသည်။ ဝေါကနဲ ရယ်သံကြီးကိုလည်း ကြားရသည်။ ခဏနေတော့ လေတိုက်လာပြီး ရေကျသံ ကြားရသည်။ အသားကင်သည့်အနံ့ကိုလည်း သူ့နှာခေါင်းကရနေခဲ့သည်။

မိုက်ကယ်သည် မျက်လုံးမှိတ်ထားလိုက်၏။ ခုတော့ သူ သေချာသိပြီ။ ထိုလူစုမှာ စစ်သားလည်း မဟုတ်၊ ရဲလည်း မဟုတ်၊ စစ်ပြေးဒုက္ခသည်လည်း မဟုတ်၊ ရထားလမ်းမိုင်းခွဲ၊ ကားတွေကို လုယက်နေကြသော တောကြောင် ဓားပြ သူခိုးအုပ်စု ဖြစ်၏။

အသေအချာ သိသောအခါ မိုက်ကယ့်စိတ်ထဲမှ အကြောက်အလန့်တွေ လုံးဝ မရှိသလောက် လျော့ပါးသွား၏။ ဒီလူစုကို ဘောပွဲနိုင်ပြီးပြန်လာကြသည့် ဘောလုံးသမားတွေလို့သာ သူ မြင်နေ၏။ ပျော်ရွှင်လျက်၊ ဆူညံလျက်၊ ဆာလောင်လျက်ပေါ့။

မိုက်ကယ် နှလုံးခုန် မြန်လာပြန်သည်။ နက်ဖြန် မနက် သူတို့ထွက်သွားတဲ့အခါ ငါ သူတို့နောက်က လိုက်သွားရရင် ကောင်းမလား။ သူတို့ ငါ့ကို တွေ့သွားရင် ဘာလို့ လိုက်လာတာလဲလို့ မေးကြလိမ့်မယ်။ ဒါဆို ငါ ဘာပြန်ဖြေမလဲ။ ကျွန်တော် ခင်ဗျားတို့ အထုပ်အပိုးတွေ သယ်ပေးပါရစေခင်ဗျာ၊ ခင်ဗျားတို့ မီးမွေးဖို့ ထင်းရှာပေးပါရစေခင်ဗျာလို့ ပြောရမှာလား။ ဒါမှမဟုတ် နောက်တခေါက် ခင်ဗျားတို့ ပြန်လာရင် ရေလှောင်ကန်နားမှာ ခင်ဗျားတို့ကို ကျွန်တော် ခြံထွက် ဖရုံသီးတွေ၊ ဖရဲသီးတွေ၊ ငှက်ကင်တွေ၊ ပုတ်သင်ညို မီးဖုတ်တွေနဲ့ ညှော့ခံပါ့မယ်ခင်ဗျား၊ အချိန်မရွေးကြွခဲ့ကြပါနော်လို့ ပြောရမှာလား။ ပြီးရင် မီးပုံဘေးမှာ သူတို့နဲ့အတူ ဝိုင်းထိုင်ပြီး သူတို့ပြောတာတွေကို နားထောင်နေရမှာလား။ သူတို့ ဇာတ်လမ်းတွေက ဂျက်ကယ်ဒရစ်ဖ်က ဇာတ်လမ်းတွေနှင့် ကွာခြားမည် ထင်၏။ ဂျက်ကယ်ဒရစ်ဖ်က တွင်းဆုံးကျများမှာ ဘဝ၏ ကျဆုံးခန်းများကိုသာ ထပ်ကာတလဲလဲ သူ ကြားခဲ့ရသည်။ ဒီလူငယ်လေးတွေ ထံမှ ရင်ခုန်လှိုက်မောဖွယ် ဘဝစွန့်စားခန်းများ အကြောင်း သူ ကြားရကောင်းပါရဲ့။ စစ်ကြီးပြီးချိန်အထိ မဆုံးတမ်း နားထောင်ရမည်၊ တသက်လုံး နားထောင်သော်လည်း မကုန်နိုင်မည်၊ သားစဉ်မြေးဆက် ပါးစပ်လေးတွေ အပြောင်းသားဖြင့် နားထောင်ရမည့် ဇာတ်လမ်းဆန်းဆန်းတွေ ပေါ့။

သို့သော်လည်း မိုက်ကယ် တယောက် လက်တွေ့မှာတော့ သူ့တွင်းထဲမှ ထွက်ခွာဖို့ရန် နည်းနည်း မှ စိတ်မကူးခဲ့ပါ။ စိတ်မကူးရသည့်အကြောင်းရင်းကလည်း သူ့မှာ ရှိပြီး ဖြစ်၏။ စစ်ကြီးပြီးလျှင် ယာလုပ်ဖို့၊ လယ်လုပ်ဖို့၊ ဥယျာဉ်ခြံမြေလုပ်ဖို့ လူတွေ လိုဦးမည်။

သူ့လိုလူတွေ ရှိနေမှ ဖြစ်မည်။ အခြောက်တိုက်နေရင်း သူ အသေမခံနိုင်။

ထို့ကြောင့်လည်း သူ ရှိနေကြောင်းကို မိုက်ကယ် အသိမခံ။ မိုက်ကယ်သည် မှောင်မိုက်မှာ ထိုင်နေရင်း၊ လှဲနေရင်း၊ ငိုက်နေရင်း၊ အိပ်နေရင်းစကားလုံးတွေကို စားသောက် ဝါးမျိုနေခဲ့သည်။

ကျောင်းမှာ တုန်းက အဖြစ်အပျက်တခုကို သူ သတိရ၏။

သင်္ချာပုစ္ဆာတပုဒ်ကို ဆရာက သူတို့ကို တွက်ခိုင်း၏။ အဖြေရလျှင် ခဲတံကိုလက်မှ ချထား၊ အဖြေမရသေးသူများ က ခဲတံကို ကိုင်ထား၊ ဤသို့ ဤနှယ်သိုးနှင့် ဆိတ်၊ ကျီးနှင့် ဒေါင်း၊ အသူရကာယ်နှင့် သိကြား ခွဲခြား၏။ မေးခွန်းကို ခုထိ သူ မှတ်မိသေးသည်။ လူဆယ့်နှစ်ယောက်က အာလူးခြောက်အိတ် စားသတဲ့။ တအိတ်မှာ အာလူး ခြောက်ကီလိုပါလျှင် လူတယောက်လျှင် အာလူး မည်မျှ ခွဲတမ်းရမည် နည်းတဲ့။

ထိုပုစ္ဆာကို ဘယ်လိုတွက်ရမှန်း မစဉ်းစားတတ်။ ၁၂ ဆိုသည့် ဂဏာန်းတလုံးကို သူ ချရေး လိုက်သည်။ ၆ ဆိုသည့် ဂဏာန်းတလုံးကို ထပ်ရေးသည်။ ပြီးတော့ ဘာဆက်လုပ် ရမှန်း မစဉ်းစားတတ်တော့။ ရေး ပြီးသား ဂဏာန်းတွေ သူ ပြန်ဖျက်ပြန်၏။ ခွဲတမ်းဆိုသည့် စကားလုံးကို သူစူးစိုက်ကြည့်နေခဲ့သည်။ ဘယ်လောက်ကြည့်ကြည့် အဖြေက ပေါ်မလာ။ အဲဒီ တုန်းက ခွဲတမ်းဆိုသည့် စကားလုံး၏ အဓိပ္ပာယ်ကို စဉ်းစားရင်း သူ့ကိုယ်သူ သေသွားမလားတောင် ထင်မိသည်။

XXX

ဖျတ်ကနဲ မိုက်ကယ် နိုးလာတော့ အပြင်မှာ လင်းနေပြီ။ အယောင်ယောင်အမှားမှားနှင့် သူ တွင်းထဲမှ ထွက်လိုက်သည်။ အို… ဟိုလူတွေ ထွက်ခွာနေကြပါပကော။ ခုနေ ပြေးလိုက်သွားလျှင် ကောင်းကောင်းမီသေးသည်။ မင်း လိုက်သွားချင်သလား၊ တကယ် လိုက်သွားချင်သလား မိုက်ကယ်။ သူ အသာလေး ခေါင်းလျှို၍သာ နေခဲ့သည်။ ထိုလူသိုက် ရေလှောင်ကန်နား စတည်းချသွားသည့်နေရာမှာ တော့ပွစာကြဲလျက်။ မိုက်ကယ်သည် သူ့အပင်လေးတွေကို စိုးရိမ်စိတ်ကြီးစွာ အရင်ဆုံးကြည့်၏။ တော် ပါသေးရဲ့။ တချို့တလေပျက်စီးတာကလွဲ၍ ကျန်တာတွေ အကောင်းပကတိ ရှိသေးသည်။ တသွင်သွင်စီးကျနေသော ရေပေါက်ကို ပိတ်လိုက်သည်။ ရေလှောင်ကန်မှာ အချိန်တန်လျှင် ခြောက်သွားလိမ့်မည်။

တောင်တန်းများ ဆီသို့ ဦးတည်သွားနေသော ထိုလူစုကို ဦးတမော့မော့ လည်တဆန့်ဆန့်ဖြင့် ခုတော့လည်း သူ လိုက်ကြည့်နေမိပြန်သည်။ အိမ်ကထွက်ခွာသွားတဲ့ ကလေးတွေ ဘေးကင်းရန်ကင်း ရှိရဲ့လားလို့ စိုးရိမ်နေတဲ့ သားသည်အမေကြီးနှင့်တောင် တူနေသေးသည်။ တတ်နိုင်လျှင် သူတို့ဖို့ အစားအသောက်တွေတောင် ထည့်ပေးလိုက် ချင်သေးသည်။ အို- သူတို့ဖို့ မဟုတ်ပါဘူးလေ။ ပိန်လိမ်ခြောက်ကပ်နေတဲ့ သူတို့မြည်းတွေဖို့ပါ။ မြည်းတွေခမျာတွေ မြက်တောင် နပ်မှန်အောင် စားကြရရဲ့လား မသိ။ မိုက်ကယ်သည် တွင်းထဲ ပြန်ဝင်ပြီး မှိန်းနေလိုက်သည်။

အသံကျယ်ကြီးတခုကြောင့် သူ လန့်နိုးလာပြန်၏။ ဘာသံပါလိမ့်။ နားစိုက်ထောင်၏။ ကောင်းကင်မှ လာသည့်အသံ။ ဟယ်လီကော်ပတာသံ။ မြစ်ကြောင်းတလျှောက် ဟယ်လီကော်ပတာသံကို ကြားရသည်။ ဆယ့်ငါးမိနစ်လောက်နေတော့ ပြန်လာပြန်သည်။ ဒီတခါတော့ မြောက်ဘက်သို့ ဦးတည်သွားပုံရသည်။

ဟယ်လီကော်ပတာပေါ်မှ လူတွေကတော့ သူ့စိုက်ခင်းစိမ်းစိမ်းကိုမြင်များ

သွားလေမလား။ စသီးစပြုနေသည့် ဖရုံသီးလေးတွေကိုများ မြင်သွားကြသလား။ လေတိုက်တိုင်း ယိမ်းနွဲ့နေသည့် ဖရုံညွန့်၊ ဖရဲညွန့်ကလေးတွေကြောင့်များ သံသယတွေ ဝင်နေကြမလား။ ဝေဟင်ပေါ်မှ ကြည့်နေပြီဆိုလျှင် မြေပြင်မှာ ရှိသည့် ဘယ်အရာကိုမှ ဖုံးကွယ်ထားလို့မရတာ အသေအချာ။ ကြက်သွန်ပင်တွေ စိုက်ခဲ့ရကောင်းသားဆိုပြီး မိုက်ကယ် တွေးမိတွေးရာ တွေးနေသည်။

ခုနေ တောင်တန်းတွေပေါ် တက်ပြေးလျှင် ဘာဖြစ်မလဲ။ အရင်တခါလိုပဲ ဂူတွေထဲ လျှောက်ပုန်းပြီး လေသလပ်ကာ ခြောက်ကပ်တွန့်လိမ်သွားခြင်းသာ အဖတ်တင်မည်ပေါ့။ မိုက်ကယ် သတ္တိတွေ အပြည့်ရှိနေပြီ။ လာပါစေ၊ လာကြစမ်းပါစေ၊ သူ ဒီမြေပေါ်မှ တလက်မမှ မခွာ။ ဒူးမထောက်၊ လက်မမြှောက်စတမ်းပေါ့။

သို့သော် တပတ်လုံးလုံး မိုက်ကယ်သည် သတိကြီးစွာဖြင့် နေထိုင်ခဲ့သည်။ နေ့ဘက်ဆို တွင်းထဲမှ လုံးဝမထွက်။ ညဘက်ကျမှ ကောင်းစွာ ရှင်သန်ကြီးထွားနေပြီ ဖြစ်သည့် သူ့စိုက်ခင်းကို ရေလောင်းသည်။ ပေါင်းသင်သည်။ ပြုစုသည်။ ယုယသည်။ ရှိသမျှ အညွန့်တွေ၊ အပွင့်တွေ ကသာအသီးသီးမည် ဆိုလျှင် နိုင်အောင်စားနိုင်မည် မဟုတ်ဟု သူ တွေးမိသေးသည်။ ခုနေများ နောက်တကြိမ် ဟိုလူဆိုးတွေ ပြန်လာလျှင်တော့ သူ့စိုက်ခင်းမှာ အနိစ္စရောက်ပေတော့မည်။ ဒါတွေ တွေးမနေနှင့်၊ အရေးကြီးတာက ကိုယ်လုပ်စရာရှိတာကို မှန်မှန်လုပ်ဖို့ပဲ မဟုတ်လား။

မကြာမီ နွေကုန်တော့မည်။ တောင်တွေပေါ်မှာ တိမ်မည်းညိုတွေကို တွေ့နေရပြီ။ ဒီလိုနှင့် တရက်မှာတော့ တလောကလုံး အုံ့မှိုင်းလာပြီးမိုး အကြီးအကျယ် ရွာ၏။ မိုက်ကယ်၏ တွင်းသည် တဖြည်းဖြည်း ရေတွေနှင့် ပြည့်လာ၏။ တွင်းနံရံတွေကို မှီရင်း အဆန်ကျွတ်သည့် ခရုပမာ သူဒုက္ခအကြီးအကျယ် ရောက်၏။ တနာရီလောက် အပြင်းအထန်ရွာပြီးတော့ မိုးတိတ်သွား၏။ ငှက်ကလေးတွေ တေးပြန်ဆိုကြပြီ။ ကောင်းကင်ယံအနောက်ဘက်ဆီမှ သက်တံရောင်စုံတစင်း ထွန်းလင်းလာခဲ့သည်။ မိုက်ကယ်သည် ပြည့်လုပြည့်ခင်တွင်းထဲမှ ကမန်းကတန်း ထွက်၏။ တောင်ပူစာလေး နှစ်လုံးမှ တဝေါဝေါကျဆင်းနေသည့် တောင်ကျရေ ရပ်ချိန်အထိ စောင့်၏။ ပြီးတော့ သူ့တွင်းကို ပင်ပန်းကြီးစွာ ပြန်လည်ပြင်ဆင်ရတော့သည်။

မြည်းတွေ၊ လူဆိုးတွေ၊ ဟယ်လီကော်ပတာတွေ နောက်တခေါက်ပြန်မလာတော့။ ဖရုံသီးတွေ အကြီးအကျယ် သီးနေခဲ့ပြီ။ မိုက်ကယ် အနားသွားပြီး တယုတယ စမ်းကြည့်သည်။ တညထက် တည သူတို့ ပိုထွားလာသည်။ ခုတော့လည် 'အားလုံး ကောင်းပါသည်ခင်ဗျား' ဆိုသည့် အခြေအနေမျိုး ပြန်ရောက်ခဲ့ပြီဟု မိုက်ကယ် မဝံ့မရဲ ကောက်ချက်ချမိသည်။ ခုတော့

မနက်ခင်းတွေမှာပါ မိုက်ကယ် အရဲစွန့်၍ စိုက်ခင်းဆီသွား၏။

ဟ-ဖရဲသီးလည်း သီးနေပြီပဲ။ အမယ်- နှစ်လုံးတောင်ဗျ။ ဖရဲသီးစိမ်းစိမ်း နှစ်လုံးသည် သူ့စိတ်ထဲမှာ ညီအစ်မနှစ်ယောက်ဟု မြင်၏။ ခပ်မွဲမွဲ ဖရုံသီးတွေကတော့ ညီမလေးတွေကို စောင့်ရှောက်ပေးနေသည့် အစ်ကိုတသိုက်ပေါ့။ ဖရဲညီအစ်မနှစ်ယောက် အသားတော်နုနု သွေးခြည်ဥမှာ စိုးလှသဖြင့် မိုက်ကယ်သည် သူတို့အောက်မှ မြက်တွေကိုခံပေးသည်။

နောက်ဆုံးတော့ ဖရုံသီးတလုံးသည် ခွဲစား၍ရလောက်အောင် ရွှန်းမှည့်သည့် ကျက်သရေ မင်္ဂလာအပေါင်း ခညောင်းသည့် ညနေခင်းတခုကို ရောက်လာခဲ့သည်။ သူများထက် အရင်စောသီးသည့် ဤအသီးသည် သူများထက် အရင်စောမှည့်သဖြင့် မိုက်ကယ့်အဖို့ ထိုနေ့ထိုရက်သည် သားလှရတနာတပါး မွေးဖွားသန့်စင်လိုက်သလို ဝမ်းသာလုံးဆို့နေသည်။ ဖရုံသီးက ပျော့လွန်းသဖြင့် ဓားသွားသည် စွပ်ကနဲ အတွင်းသို့ ဝင်သွား၏။လိမ္မော်ရောင် ရင့်ရင့် အသားက လတ်ဆတ်လှသည်။

မိုက်ကယ်သည် ဖရုံသီးကို အစိတ်ကလေးတွေ စိတ်ပြီး အနားမှာ ချထား၏။ လရောင် ဆမ်းသည့် ဖရုံစိတ်ကလေးတွေက နတ်သုဒ္ဓါနှယ် ဝင်းဝင်းလက်နေသည်။ မိုက်ကယ်သည် ဖရုံသီးကို မစားမီ ဘုရားသခင်ကို ကျေးဇူးစကားပြော၏။ တကယ်လည်း လှိုက်လှိုက်လှဲလှဲ သူ ကျေးဇူးတင်နေမိသည်။

ခုတော့ သူ့ဘဝဟာ ငြိမ်းချမ်းသွားခဲ့ပါပြီ။ ကိုယ့်ယာကိုယ်စိုက်၊ ကိုယ်စိုက်သည့် အသီး ကိုယ်စားရင်း တဘဝလုံးကို အေးအေးဆေးဆေး ကုန်ဆုံးစေဖို့သာ ရှိတော့သည်။ ပထမဆုံးသော ဖရုံစိတ်ကို သူ ကိုက်လိုက်သည်။ နူးညံ့ မွှေးမြ ချိုဆိမ့်လိုက်သည့် ဖြစ်ခြင်း။ မိုက်ကယ်သည် ပလုတ်ပလောင်း ဝါးရင်း မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာခဲ့သည်။ ဟဒယနှလုံးအိမ်မှာ ဖြစ်တည်လာသော ဝမ်းသာမျက်ရည်များ။ အကောင်းဆုံးပဲ။ တသက်လုံး စားဖူးသမျှထဲမှာ အကောင်းဆုံးအစားအစာပဲ။ အစာစားရခြင်း၏ အရသာဆိုတာ ဒါပဲ။ ပါးစပ်ထဲမှဆန့်တငင်ငင် ငံ့တလင့်လင့်နှင့် နောက်ထပ်အစာကို တောင်းဆိုနေသည့်အာလျှာ ကျန်ရစ်ခဲ့သည်။

ဒုတိယတစိတ် ဆက်စား၏။ အားရပါးရ စား၏။ ပလုတ်ပလောင်းစား၏။ ခေါင်းမဖော်တမ်း စား၏။ ဒီဖရုံသီး ချိုမြမွှေးကို နေ့တိုင်း စားရတယ်ဆိုရင် ဘဝမှာ ကျန်တာ ဘာဆိုဘာမှ မလိုချင်လောက်အောင် ပြည့်စုံသွားမည် ထင်မိ၏။

ဒီဖရုံစိတ်လေးကို ဆားလေးနည်းနည်း၊ ထောပတ်လေးနည်းနည်း၊ သကြားလေးတပွင့်နှစ်ပွင့်၊ သံပရာသီးလေး တစိတ်လောက် ညှစ်ပြီးစားလိုက်ရရင် အလှပေါ်အယဉ်ဆင့် ဘယ်လောက်များ တင့်တယ်လိမ့်မလဲနော်။

တတိယတစိတ်၊ စတုတ္ထတစိတ်၊ ပဉ္စမတစိတ်၊ ဒီလိုနှင့် ဖရုံသီးတခြမ်း ပြောင်သွားသည်။ သူ့ဗိုက်လည်း ခွေးနမ်းမတတ် တင်းသွားသည်။ သူ့အာရုံထဲက ဆားတွေ၊ ထောပတ်တွေ၊ သကြားတွေ၊ သံပရာသီးတွေ တခုပြီး တခု ပျောက်ကွယ်သွားသည်။

အသီးတွေ တလုံးပြီး တလုံး မှည့်လာပြန်တော့လည်း သူ့မှာ ပူပင်စိတ် အသစ်တမျိုး ဝင်လာခဲ့ပြန်သည်။ ဖရုံညွန့်ဘဝက မြက်နှင့်ရောပြီး မသိသာသော်လည်း ဖရုံသီးဝင်းဝင်းကြီးတွေက သိသာထင်ရှားလှသည်။ မိုက်ကယ်သည် ဖရုံသီးတွေကို တတ်နိုင်သမျှ မြက်တွေနှင့် ဖုံးသော်လည်း အားလုံးကို လုံအောင်မဖုံးနိုင်။ နွေနှောင်းဆိုတော့ အသီးတွေက အမှည့်မြန်လှသည်။ ဘာမှ မတတ်နိုင်။ မှည့်သည့်အလုံးကို ဆွတ်ပြီး စားပစ်ဖို့သာ ရှိတော့သည်။

နေ့တာက တဖြည်းဖြည်း တိုလာပြီ။ ညဘက်ဆို ပိုပိုအေးလာခဲ့သည်။ မိုက်ကယ်သည် ဆွယ်တာတထပ်၊ သားမွေးကုတ် တထပ်ဝတ်၍ အလုပ် လုပ်နေရပြီ။ အိတ်တလုံးထဲ ခြေထောက်တွေ ထည့်ကာ လက်ကိုပေါင်ကြားညှပ်၍ သူ အိပ်၏။ သူ အားတိုင်းအိပ်၏။ အလုပ်ပြီးသည်နှင့် ချက်ချင်း တန်းအိပ်၏။ မနက်ခင်းတခင်းလုံး သူ အိပ်ပစ်၏။ နေ့လယ်ခင်းမှာ သွပ် မိုးပေါ် နေရောင် ကျလာသဖြင့် ရလာသည့် အနွေးဓာတ်ကို ခံစားရင်းသူ အိပ်မက်မက်၏။ ညနေစောင်းလျှင် သူ ထ၏။

မြစ်ကမ်းဘက်ဆင်းပြီး ထင်းခုတ်၏။ မှောင်လျှင် ပြန်လာ၏။ သူသည် အဝေးမှကြည့်လျှင် အလွယ်တကူ မမြင်နိုင်အောင် တွင်းတူးပြီး တွင်းထဲမှာ မီးဖို၏။ ပြီးလျှင် မီးဖိုနားမှာ ထိုင်ရင်း အစာစား၏။ အလုပ်လုပ်၏။

ခု ဘယ်လလဲ။ သူ သေချာမသိ။ ဧပြီလ ဖြစ်မည်ထင်၏။ သူဘာကိုမှ မှတ်မထား။ နေ့တွေ၊ ရက်တွေ၊ လတွေ ကုန်ချင်သလို ကုန်ပါစေတော့။ သူက တကျွန်းစံလည်း မဟုတ်၊ လွတ်ရက်စောင့်နေသည့် အကျဉ်းသားလည်း မဟုတ်။

ရေလှောင်ကန်နံဘေးမှ သူ့ဘဝမှာ သူကိုယ်တိုင် ကျေကျေနပ်နပ် ရွေးချယ်ထားသည့် ဘဝလမ်းကြောင်း ဖြစ်သည်။ တဖြည်းဖြည်းနှင့် မိုက်ကယ်သည် ညသတ္တဝါ ဖြစ်မှန်းမသိ ဖြစ်လာသည်။ နေ့ပိုင်းဆိုလျှင် သူ့မျက်လုံးတွေက ဖွင့်မရချင်တော့။ စိုက်ခင်းတဝိုက်မှာ မျက်စိမှိတ်သွားလာ၍ ရလောက်အောင် သူ ကျွမ်းကျင်ခဲ့ပြီ။ ဘာမှ မမြင်ရလျှင်တော့ အထိအတွေ့သက်သက်ဖြင့် သူ လုပ်စရာရှိတာလုပ်နိုင်သည်။ ဂန္ဓာရုံဘက်မှာလည်း သူ ပို၍ ကျွမ်းကျင်လာခဲ့သည်။ ရေနံ့၊ အသီးနံ့၊ မြက်ခင်းနံ့၊ မြေကြီးနံ့၊ ထင်းနံ့ အားလုံးကို သူသိသည်။ မိုးရွာတော့မည်။ လေတိုက်တော့မည် ဆိုလျှင်လည်း သူ့နှာခေါင်းက တဖြည်းဖြည်းသိလာသည်။ ချုံပုတ်တွေကို သူ နာမည် မခေါ်တတ်သော်လည်း

ဘာနံ့ရလျှင်ဘာချို့ ဆိုတာ သူ နောကျေလာ၏။

သို့သော် နွေရာသီသည် နိဂုံးကမ္ပတ် အဆုံးသတ်ခဲ့ပြီ။ သူ လုပ်စရာအလုပ် မရှိတော့။ အလုပ်မရှိရခြင်း၏ အရသာသည် တုနှိုင်းမမီပါတကား။ အလုပ်ရှိခြင်း၊ မရှိခြင်းအပေါ်မှာ နှစ်သက်သည့်စိတ်၊ မနှစ်မြို့သည့် စိတ်တွေလည်း သူ့မှာ မရှိတော့။ နေ့လယ်ခင်းတခင်းလုံး သံချေးတက်နေသည့် သွပ်မိုးကို စိုက်ကြည့်ရင်း သူ အချိန်တွေကို ကုန်ဆုံးစေသည်။ ထိုအချိန်မှာ သူ့စိတ်က ဘယ်ကိုမှ မပျံ့လွင့်၊ သွပ်မိုးမှာ သာ စူးစူးစိုက်စိုက် တည်နေ၏။ သွပ်ပြားမှ ဖောင်းကြွနေသည့် အရစ်များသည် ဘာပုံသဏ္ဍာန် ညာပုံသဏ္ဍာန်များ အဖြစ်သို့ ပြောင်းလဲသွားခြင်း မရှိ။ သံချေးတွေကနေ ရွှေမှုန်တွေ ဖြစ်သွားခြင်း မရှိ။ အရာရာကို အစစ်အမှန် ပုံသဏ္ဍာန်အတိုင်းသာ သူ မြင်နေခဲ့သည်။ မိုက်ကယ်သည် မိုက်ကယ်ပဲ။ သူ လဲလျောင်းနေသည့် တွင်းဟာတွင်းပဲ။ တခါတလေတော့ ခေါင်းပေါ်မှ ဖြတ်ပျံသွားသည့် လေယာဉ်သံတွေ ကြားရချိန်မျိုးမှာ စစ်ဖြစ်နေသေးတာပဲ ဆိုခြင်းကို သူ အမှတ်ရမိသည်။ ကျန်အချိန်များမှာတော့ သူသည် အိပ်မပျော်၊ နိုးတဝက်ဖြင့် ဝမ်းတွင်းကလီစာတွေထဲမှာ ကပ်ငြိနေသည့် ကပ်ပါးကောင် တကောင်ပမာ၊ ကျောက်တုံးအောက်မှာ ရှိနေသည့် ကင်းလိပ်ချောတကောင်ပမာ ငြိမ်သက်စွာ ရှိနေခဲ့သည်။

ကပ်ပါးကောင်ဆိုလို့ ဂျက်ကယ်ဒရစ်ဖ်မှာ လာသောင်းကျန်းသွားသည့် ရဲဗိုလ်ကြီးကို အမှတ်ရမိသည်။ ထိုရဲဗိုလ်ကြီးက ဂျက်ကယ်ဒရစ်ဖ်မှလူစုကို ကပ်ပါးကောင်တွေတဲ့။ အူမကြီးထဲမှာ ကပ်ခိုကာ လူစားသည့် အစာတွေကို ကပ်စားပြီး လူကို ဘာမှ အကျိုးပြန်မပြုတတ်သည့် သားရေပေါ်အိပ် သားရေနားစား အကောင်တွေတဲ့။ မြို့က ကျွေးတာစားပြီး မြို့ကိုပြန်ကျေးစွပ်သည့် ကပ်ပါးအစုတ်ပလုတ်တွေတဲ့။

ခု လဲလျောင်းနေချိန်မှာ ဘက်လိုက်ခြင်းကင်းစွာ၊ အစွဲကင်းစွာဖြင့် ထိုစကားကို မိုက်ကယ် သုံးသပ်ကြည့်နေသည်။ မြို့နဲ့ စခန်း၊ ဘယ်သူက ကပ်ပါး ဖြစ်မလဲ။ ကပ်ပါးက သွေးစုပ်တယ်ဆိုရင် ဘာလို့ လူက ကပ်ပါးကို သူ့ဗိုက်ထဲရောက်အောင် လုပ်သလဲ။ စခန်းထဲကကောင်တွေ က ကပ်ပါးကောင်တွေ ဆိုတော့ မြို့ပေါ်မှာ၊ စစ်တပ်ထဲမှာ၊ ရဲတွေ ထဲမှာ၊ ကျောင်းတွေ၊ စက်ရုံတွေ၊ ရုံးတွေမှာ ကပ်ပါးကောင်တွေ မရှိတော့ဘူးတဲ့လား။

ကပ်ပါးကို ဘာလို့ ကပ်ပါးလို့ ခေါ်ကြတာလဲ။ သူတို့လည်း သွေးနဲ့ကိုယ်၊ သားနဲ့ကိုယ်ပဲ မဟုတ်ဘူးလား။ ဘုရားသခင်ထံပါးမှာ ဆုတောင်းဖို့ အခွင့်အရေးရှိတဲ့၊ ထာဝရ ဘုရားသခင် မဟာကရုဏာတော် အနန္တနဲ့ ဖန်ဆင်းတော် မူခဲ့တဲ့ သတ္တဝါတမျိုးပဲ မဟုတ်ဘူးလား။ ကဲပါ ထားလိုက်ပါတော့ စခန်းက မြို့ကို

ကပ်ပါးလုပ်လုပ်၊ မြို့ကစခန်းကို ကပ်ပါးလုပ်လုပ် ဘာအရေးတုန်း။ သူနဲ့မှ မဆိုင်ပေဘဲ။ အမေ့အကြောင်းကို သူ တွေးပြန်သည်။ ဒီနေရာကို သွားချင်လှချေရဲ့ ဆိုခြင်းကြောင့် အမေ့ကို သူ ဖြစ်သည့်နည်းဖြင့် ရောက်အောင် ခေါ်လာခဲ့သည်။ အနည်းဆုံး အမေ့အရိုးပြာတော့ ရောက်ခဲ့သည် မဟုတ်လော။

သို့သော် ဤယာခင်းသည် အမေ့ မွေးရပ်မြေ ဟုတ်ကောဟုတ်ရဲ့လား။ အမေပြောပြောပြနေသည့် ယာခင်းသည် ဒီယာခင်းပဲလား။ သူ မသိ။ ဟုတ်ချင်လည်း ဟုတ်မည်။ ဟုတ်ချင်မှလည်း ဟုတ်မည်။ သူ ဒီလောက်စွဲလမ်းနေပုံ ထောက်လျှင်တော့ ဒီယာခင်းသည် အမေ့ မွေးရပ်မြေ အစစ်အမှန် ဖြစ်ပေလိမ့်မည်။ အမေပြောခဲ့သမျှကို သူစိတ်ကူးဖြင့် ပုံဖော်ကြည့်သည်။ အမေငယ်ငယ်က ဒီယာခင်းထဲမှာ ပြေးလွှား ဆော့ကစားခဲ့ပေမည်။ ထိုအခါ အမေ၏ အမေ၊ သူ့အဘွားက ဘာပြောမလဲ။ သူ့ပုံကကော ဘယ်လိုမျိုးလဲ။ ဆေးရုံမှာ အမေ သူ့ကို ကြည့်နေသည်ဟု ထင်မိတာ မှားသွားသည်ထင်၏။ အမှန်က သူ့နောက်မှာ ရပ်နေသည့် သူ့အဘွား၏ ဝိညာဉ်ကိုကြည့်နေတာ ဖြစ်လိမ့်မည်။ ကြည့်ချင်ရာ ကြည့်ပါစေတော့။ ဘာအရေး နည်း။

ခုခါမှာ မိုက်ကယ်သည် အချိန်ရှိသရွေ့ အိပ်၍ချည်း နေတော့သဖြင့် သူ့စိုက်ခင်းမှာ တိရစ္ဆာန်ရိုင်းကလေးတွေ ပြန်ရောက်လာခဲ့သည်။ ယုန်ကလေးတွေ၊ ရှဉ့်ကလေးတွေ။ ထိုအကောင်တွေ က သူ့အသက်ဘူး အသီးတွေကို ဖောက်စားသောအခါမှာတော့ မိုက်ကယ် ဒေါသအိုးပေါက်ကွဲတော့သည်။ စားမယ့်စားတော့ သူ အရိပ်တကြည့်ကြည့် ကြည့်နေသည့် ဖရဲသီးနှစ်လုံးကို သေခြင်းဆိုးအကောင်တွေ က မျိုဆို့သွားခဲ့သည်။ ယုန်ထောင်ချောက်၊ ရှဉ့်ထောင်ချောက်လုပ်ဖို့ သူ ကြိုးစားသည်။ သို့သော် မအောင်မြင်။ ခြံစည်းရိုးကာလျှင် ကောင်းမည်လား သူ စတင် စဉ်းစား၏။ ဒီအကောင်တွေ ဝင်မရနိုင်လောက်အောင် တောင့်တင်းသည့် စည်းရိုးတခုပေါ့။

XXX

သူ့ပါးစပ်ထဲမှာ ငန်ငြိငြိ သွေးအရသာကို အမြဲလိုလိုရနေခဲ့သည်။ မတ်တတ်ရပ်လိုက်တိုင်း မိုက်ကနဲ မူးမူးသွားတတ်တာ ကြာပြီ။ တခါတလေလည်း အစာအိမ်ကို ထန်းသီးလုံးလောက်ရှိသည့် လက်သီးကြီးဖြင့် ထုချလိုက်သလို စူးကနဲ အောင့်အောင့်သွားတတ်သည်။ သူ ဖရုံသီးတွေ ဖိစား၏။ သို့သော် ဝေဒနာက နည်းနည်းမှ မသက်သာ။ လေးခွကို ထုတ်ပြီးငှက်လိုက်ပစ်သည်။ သို့သော် မပစ်တာကြာသဖြင့် ပစ်တိုင်းလွဲ၏။ ဒါကြောင့် မလှုပ်မယှက် သူ့ကို ပေကြည့်နေသော ပုတ်သင်ညိုတကောင်ကို ခွဖြင့်ထုကာ ကင်စားလိုက်၏။

သူ စိုးရိမ်ခဲ့သလို ဖရုံသီးအများစုသည် တပြိုင်နက်တည်း မှည့်လာကြသည်။

မိုက်ကယ်သည် ဖရုံသီးတွေကို ဘယ်လိုသိမ်းရမှန်း မသိ။ ခွဲ၍ အခြောက်လှန်းတော့လည်း ပုရွက်ဆိတ်တွေ တက်ကုန်တာသာ အဖတ်တင်၏။ ဖရုံသီး အလုံးသုံးဆယ်ကို တွင်းနားမှာ ပိရမစ်တခုလို သူ စီထားလိုက်သည်။

ဖရုံသီးကိစ္စမှ မဆုံးသေးမီ ဖရဲသီးတွေ မှည့်လာကြပြန်သည်။ ဖရဲသီးနှစ်လုံးကို သူ နှစ်ရက်ဆက် စားပစ်လိုက်သည်။ သမီးလေးတွေ ကောင်းရာမွန်ရာ ရောက်ပါစေလို့ သူဆုတောင်းပေးနေလိုက်သေးသည်။ သူ အားနည်းနေသေးသော်လည်း နည်းနည်းတော့ နေလို့ကောင်းလာပြီဟု ထင်မိနေသည်။ ဖရဲသီး၊ ဖရုံသီး တလှည့်စီစားရင်း သူ အစေ့တွေ စုထား၏။ အဖိုးတန်မျိုးစေ့လေးတွေ၊ နောင်တချိန် မြေမှ ဖြစ်လာမည် အနာဂတ်အသီးကလေးများ။ တနေ့လုံး တညလုံး မိုက်ကယ် တွင်းထဲမှ မထွက်။ နေ့လယ်ပိုင်းမှာ သူ နိုးနေသော်လည်း ဒီအတိုင်း ဆက်လှဲနေခဲ့သည်။ ဆာလောင်ခြင်းလည်း အလျှင်းမရှိ။ လေအေးတွေက တသုန်သုန် တိုက်နေ၏။။ ဒီတနှစ် အတွက်ကတော့ဖြင့် စိုက်ဖို့ ပျိုးဖို့ အလုပ်မရှိလေတော့။ အားလုံး ပြီးခဲ့ပြီ။ မိုက်ကယ်သည် တဖက်သို့ စောင်းလိုက်ပြီး ပြန်အိပ်ဖို့ ပြင်ဆင်သည်။ နောက်တကြိမ် သူ နိုးလာတော့ ငှက်လေးတွေ က အရုဏ် သီချင်းကို သံပြိုင်သီဆိုနေကြသည်။

ရက်တွေ၊ လတွေကို မသိခဲ့သော မိုက်ကယ်သည် ခုအချိန်ကိုပါမသိပါလေတော့။ တခါတလေများ ကုတ်အင်္ကျီကြီး ဖားလျား၊ ခြေထောက်မှာ အိတ်ကြီးစွပ်ပြီး သရဲကြီးတကောင်လို ဆတ်တောက်တောက် လမ်းလျှောက်နေသည့် သူ့ပုံစံက မြင်သူတွေ လိပ်ပြာလွင့်လောက်သည်။ များသောအားဖြင့်တော့ သူ ဝိညာဉ်လွင့်နေသလို၊ မျောနေသလို ဖြစ်နေတတ်၏။ အိပ်စက်ခြင်းနတ်မင်းကို သူ တော်လှန်ဖို့ အင်အားမရှိသလို ဖြစ်နေသည်။ သူ့လှုပ်ရှားမှုများသည် အိပ်မက်ထဲမှာ လှုပ်ရှားနေသလို၊ ရုပ်ရှင် အနှေးပြကွက်ပြနေသလို ဖြစ်လာသည်။

တခါတလေတော့-

'မင်း အသက်ရှူဖို့ မေ့နေတယ်ထင်တယ်။ ရှူဦး မိုက်ကယ်၊ ရှူလိုက်ဦး' ဟု သူ့ကိုယ်သူ သတိပေးနေရသည်။ ခဲချောင်းကြီးတချောင်းလို လေးလံလှသည့် သူ့လက်ကို အားယူ၍ ဖြည်းဖြည်းချင်းမြှောက်ရင်း ရင်ဘတ်ပေါ်တင်ရသည့် အလုပ်ကလည်း ရေခြားမြေခြား ခရီးသွားရသလို ခက်ခဲပင်ပန်းလွန်းသည်။ ခုတော့လည်း သူ့အိပ်ချိန်တွေက အကန့်အသတ်မဲ့ ဖြစ်လာခဲ့သည်။ အိပ်မက်တွေက တခုနှင့်တခု ဆက်နေပြီး မဆုံးနိုင်သော အိပ်မက်ကမ္ဘာထဲသို့ သူ ဖြတ်ကျော်ဝင်ရောက်သွားခဲ့သည်။

အိပ်မက်တခုထဲမှာ စုတ်ပြတ် ညစ်ထေးသည့် အဝတ်အစားတွေ

ဝတ်ထားပြီး တကိုယ်လုံး ဆေးလိပ်နံ့ စွဲနေသည့် အဘိုးကြီးတယောက် က မိုက်ကယ့်ကိုယ်ပေါ်မှာ မိုးကာ သူ့ပခုံးကို ကိုင်လှုပ်ရင်း နှိုးနေသည်။

'ကောင်လေး ထတော့၊ မင်း ခု ချက်ချင်း ဒီယာခင်းထဲကထွက်သွားလိုက်စမ်း'

အဘိုးကြီးက သူ့ကို ထိုသို့ ပြောနေသည်။ သူ့ပခုံးကို ကိုင်ထားသည့်အဘိုးကြီး၏ လက်များ က သံမဏိလက်သည်းများ နှယ် မာကျောစူးရှလှသည်။

'ကောင်လေး၊ မင်း ပြဿနာတောထဲ ရောက်နေပြီ' ဟုလည်း သူက ဆို၏။

အမေ့ကိုလည်း သူ အိပ်မက်မက်၏။ အမေနှင့်သူ တောင်တန်းတွေပေါ်မှာ လမ်းလျှောက်နေကြသည်။ သူက လက်ရှိ အသက်အရွယ်၊ အမေကတော့ အသက်နှစ်ဆယ်ခန့်သာ ရှိသေးသည်။ ငယ်ငယ်ရွယ်ရွယ်၊ လှလှပပ၊ ခြေထောက်ကြီးတွေကတော့ ရောင်ကိုင်းဖောင်းကားလျက် ရှိသည်။ အမေပြန်လာသည့်အတွက် မိုက်ကယ် မိုးမမြင် လေမမြင် ပျော်နေမိသည်။ တောင်ပေါ်မှ ကြည့်သောအခါ စိမ်းမြမြ မြစ်ကြောင်းကိုသာ မြင်ရသည်။ တလောကလုံးသည် စိမ်းစိုအေးမြနေ၏။ လူနေအိမ်ခြေတွေ၊ မြို့တွေ၊လမ်းတွေ၊ ယာခင်းတွေ တခုမှ မရှိ။ လေကလည်း တိုက်သည်ဆိုရုံမျှသာ။ ထိုအချိန်မှာ လေကြမ်းတချက်အတိုက် ပိန်လျလျ သူ့ခန္ဓာကိုယ်မှာ ကျောက်စွန်းတခုဆီသို့ ရွေ့သွားသည်။ ကောင်းကင်နှင့် မြေကြီး ခြားထားသည့် နေရာတခုသို့ သူ ရောက်နေသည်။

ကြောက်စိတ်တော့ နည်းနည်း မှ မရှိ။ သူ လေထဲမှာ ပေါလောမျောကာ နေနိုင်သည်ကို မိုက်ကယ် သိနေခဲ့သည်။ တခါတလေ သူ သိစိတ် ဝင်လာချိန်မှာ သူ့ကိုယ်သူ ဘယ်လောက်ကြာအောင် အိပ်စက်နေသလဲဆိုတာကို မစဉ်းစားတတ်။ တရက်လား၊ တပတ်လား၊ တလလား။ မိုက်ကယ့်ခမျာ သူ့ကိုယ်သူ မပိုင်ပါလေတော့။ မင်း အစာစားရမယ် မိုက်ကယ်။ စားမှ ဖြစ်မယ်။ ထလိုက်ပါဦးလား။ ဖရုံသီးတလုံးလောက် ထယူပါလား။

သူ့စိတ်က ဘယ်လိုခိုင်းခိုင်း ခန္ဓာကိုယ်ကြီးက မလိုက်နာခဲ့။ လှဲမြဲတိုင်း လှဲနေခဲ့သည်။ အစားအသောက်ဆိုသည့် တစုံတရာကို အလွန်တရာလေးလံလှသည့် လက်ကြီးဖြင့် ကောက်ယူ၊ သံပတ္တာကြီးတွေဖြင့် ဆက်ထားသလား အောက်မေ့ရသည့် မေးရိုးကို အတင်းဖြဲ၊ ပါးစပ်ထဲသို့ သွင်း၊ မျို့ချ။ အမယ်လေး... ဘယ်လောက် ပင်ပန်းသည့်ကိစ္စများ လဲ။ တော်ပြီ။ အိပ်ပြီ။

သို့သော်လည်း ခုနောက်ပိုင်း နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေချိန်ထက် ဖျတ်ကနဲ ဖျတ်ကနဲ လန့်နိုးနေချိန်များက ပိုများ လာသည်။ သူ့ထံသို့ အလည်ရောက်လာသည့် ပုံရိပ်များ၊ ဝိညာဉ်များ၊ ဖြစ်ရပ်များ က ရိပ်ကနဲ ရိပ်ကနဲ မြန်ဆန်လွန်းသဖြင့် သူ့မှာ လေကို ဖမ်း၍ ဒန်းဆင်ရသလို ဖြစ်နေခဲ့သည်။ နှစ်နှစ်ခြိုက်ခြိုက် မအိပ်ရသဖြင့် လှဲနေရင်းဖြင့် သူ့အားအင်တွေ ခန္ဓာကိုယ်ထဲမှ စီးထွက်သွားသလို ခံစားနေရသည်။

သူ ခေါင်းအရမ်းကိုက်လာသည်။ ခေါင်းကို သွေးဆောင့်တိုးနေတာကို မသက်မသာ ခံစားရ၏။ မေးချင်းရိုက်ကာ ခိုက်ခိုက်တုန်လာ၏။ မိုးကြိုးမုန်တိုင်း ကျနေ၏။ မိုးကြိုးတွေ တဒိန်းဒိန်း ပစ်နေသည်ကို မိုက်ကယ်သည် သိသလိုလို၊ မသိသလိုလို ဖြစ်နေသည်။ သူ့တွင်းထဲသို့ ရေတွေ ဒလဟော ဝင်လာသည်။ နေရာအနှံ့မှ အင်နှင့် အားနှင့် ဝင်လာခြင်း ဖြစ်သည်။ တွင်းမှာ တမုဟုတ်ချင်း ပြည့်လာခဲ့သည်။ မိုက်ကယ်သည် သိစိတ်မဲ့စွာ ထထိုင်၏။ ခေါင်းကို ရေထဲနစ်မသွားစေရန် မော့ထား၏။ ဒါပဲ။ သူလုပ်နိုင်တာ ဒါအကုန်ပဲ။

သို့သော်လည်း သူ့တကိုယ်လုံး ရေထဲနစ်နေချိန်မှာ တော့ မိုက်ကယ်သည် သိမှု နယ်ပယ်အတွင်းသို့ ပြန်လည်ဝင်ရောက်လာခဲ့သည်။ မိုက်ကယ်သည် ခိုက်ခိုက်တုန်ကာ တွင်းထဲမှ ထွက်လာခဲ့သည်။ အပြင်မှာ မိုးလင်းနေပြီ။ သို့သော် ကောင်းကင်တပြင်လုံး ခဲပုပ်ရောင် ထကာ အုံ့မှိုင်းနေ၏။ နေရောင်ကို မှုး၍ပင် ရှုစရာမရှိ။ မီးမွှေးလို့ မရ။

အင်း… ဒီအတိုင်းဆိုရင်တော့ မဖြစ်သေးဘူး။ လူမှန်ရင် ဒီလိုနေလို့ မဖြစ်ဘူး။ သူ ရေလှောင်ကန်ဘက်၊ စိုက်ခင်းဘက်သို့ လျှောက်၏။ ဤမြင်ကွင်းတွေ က သူ့စိတ်ထဲမှာရင်းနှီးလှသော်လည်း ခုတော့ တစိမ်းပြင်ပြင် ဖြစ်နေ၏။ သူ တခါမှ ရေ မမြင်ဖူးခဲ့သည့် မြစ်ထဲမှာ ရေတွေ တဝေါဝေါ။ စိုက်ခင်းကလည်း ရေတွေ လွှမ်းလို့။ တလောကလုံး ရေပြင်ကြီး ဖြစ်နေခဲ့သည်။ အဝေးတနေရာမှာ ဖြူဖျော့ဖျော့ သဏ္ဌာန်တခုကို သူ မြင်နေရသည်။

အဲဒါ ဘာလဲ၊ မိုးဦးကျ မှိုပွင့်ကြီးလား၊ ရောမ ဖရုံသီးကြီးလား၊ သူမခွဲခြားတတ်ပါလေတော့။ သူ့ခန္ဓာကိုယ် တဆတ်ဆတ် တုန်နေသည်က ပျောက်မသွား။ ပိုတောင်ဆိုးလာသလိုပင်။ မိုက်ကယ်သည် မတ်တတ် ကြာကြာမရပ်နိုင်တော့။ ဗွက်ထနေသော မြေကြီးပေါ် သူ ထိုင်ချလိုက်သည်။ နေဦး၊ မဖြစ်သေးဘူး။ ငါ့မှာ လုပ်စရာတွေ အများကြီး၊ တာဝန်တွေ အများကြီး ကျန်သေးတယ်။ အိပ်စက်ခြင်းတာဝန်ကို ငါ ပြီးအောင်မထမ်းဆောင်ရသေးဘူး။

နေဦး၊ ငါ အစားမစားလို့များ မြင်မိမြင်ရာတွေ လျှောက်မြင်နေသလား။ အစာ စားလိုက်ရင် ငါ့ရှေ့က ရေပြင်ကြီး ပျောက်သွားမလား။ ဒါပေမဲ့ ငါမှမစား

ချင်တာ။ အစားဆိုတဲ့ဟာကြီးကို လက်ခံဖို့ ငါ့အစာအိမ်ကမှ အဆင်သင့် မဖြစ်သေးတာ။

လက်ဖက်ရည်။ လက်ဖက်ရည်ချိုချိုလေးဆို ကောင်းမလား။ မိုက်ကယ်သည် သူ့ရှေ့မှ ဗွက်ရည်တွေကို လက်ဖက်ရည်ချိုချိုအမှတ်ဖြင့် လက်ခုပ်ဖြင့် ခပ်ကာခပ်ကာ သောက်နေသည်။ ကောင်းပါ့၊ ချိုပါ့၊ အရသာရှိပါ့။

XXX

သူတို့ မိုက်ကယ့်ကို ထိုင်လျက်သား အနေအထားဖြင့် တွေ့ခဲ့ကြရသည်။ ယာခင်းထဲသို့ အပြင်းမောင်းဝင်လာသည့် စစ်ကားသံတွေကို သူကြားနေခဲ့ရသော်လည်း သူ့စိတ်ထဲမှာ မိုးခြိမ်းသံတွေ ဟု ထင်နေမိသည်။ သူ့အနားသို့ သူတို့လျှောက်လှမ်းလာသည်ကို အတိုင်းသား တွေ့နေရသော်လည်းသူ ဆက်ထိုင်မြဲ ထိုင်နေခဲ့သည်။ မတ်တတ်ရပ်ဖို့ မပြောနှင့်၊ မတ်တတ်ရပ်ရန် စိတ်ကူးလိုက်သည်နှင့် သူ မိုက်ကနဲ မူးသွားသည်။ ယာခင်းအိမ်ရှေ့မှာ စစ်ဂျစ်ကားတစီး ရပ်၏။ စစ်သားလေးယောက် သူရှိရာသို့အပြေးတပိုင်း လာနေကြသည်။ သွားပြီ၊ ဒီတခါတော့ သူ့အတွက် ဘာမျှော်လင့်ချက်မှ မရှိနိုင်ပါတော့။

ပထမတော့ စစ်သားတွေသည် သူ့ကို လူလေလူလွင့် တယောက် ဟုသာ မှတ်ယူခဲ့ကြသည်။ ဖမ်းပြီး ဂျက်ကယ်ဒရစ်ဖ်ကိုပို့၊ ပြီးရောပေါ့။ သို့သော် သူတို့မေးသည့် မေးခွန်းတွေကို မိုက်ကယ်က တောင်စဉ်ရေမရ လျှောက်ဖြေနေသည်။

"အနော် ဒီယာခင်းမှာ ညေတာပေါ့။ အနော် ဘယ်ညို့ ကမှနဟုတ်ဘူး"

ဒီလောက် စကားပြောရသည်ကပင် သူ့အတွက် ပင်ပန်းလှသည်။ သူ့ပါးစပ်တခုလုံး ခါးလာသည်။ ခေါင်းကြီးကို ဆယ်ပေါင်တူဖြင့် တရစပ်ထုနေသလို ခံစားနေရသဖြင့် ဒူးနှစ်လုံးကြားမှာ ခေါင်းကို မြှုပ်ထားလိုက်သည်။ စစ်သားတယောက်က သူ့လက်မောင်းကို ကိုင်ကာ ဆွဲထူဖို့ ကြိုးစား၏။ မိုက်ကယ် မရုန်းနိုင်။ ရုန်းဖို့ရန် အင်အားမရှိ။ သူ့လက်မောင်းသည်ပင် စည်အိုတခုမှ ထိုးထွက်နေသော သစ်ကိုင်းခြောက် တခုသာသာ။ မဲသဲတွန့်လိမ်ခြောက်ကပ်လျက်။

"ဘုရားရေ၊ သူ ဘယ်လိုများ အသက်ရှင်နေပါလိမ့်နော်။ သူဘာတွေ စားနေလဲ။ ပုရွက်ဆိတ်တွေလား၊ ယင်ကောင်တွေလား၊ ကျိုင်းကောင်တွေလား"

မိုက်ကယ်သည် သူတို့စီးထားသည့် စစ်ဖိနပ်တွေ မှတပါး အခြားမမြင်။

မော့ကြည့်ဖို့ အင်အား သူ့မှာ မရှိ။ သူ့ကို တစုံတခု လာပေးကြသည်။ ဖြူလွနေသော ပေါင်မုန့်နှစ်ချပ်ကြားမှာ အသားညှပ်ထားသည့် ဆန်းဒဝစ်ချ်မုန့်တခု။ သူ ခေါင်းခါပြီး ငြင်းပယ်လိုက်သည်။ "ဟေ့လူ၊ စားပါဗျ၊ ခင်ဗျားကြည့်ရတာ အစာငတ် ရေငတ်နဲ့သေတော့မယ့်ပုံ ပေါက်နေပြီ။ အားနည်းနည်း ရှိသွားအောင် စားလိုက်"

မိုက်ကယ် ဆန်းဒဝစ်ချ်ကို ယူ၏။ တကိုက်ကိုက်၏။ မျိုချပြီးပြီးချင်း ဝေ့ကနဲ အန်ထွက်၏။ ပါးစပ်ထဲက ချဉ်စုတ်စုတ်အရည်တွေ ထွက်ကျလာသည်။ သူ ဆန်းဒဝစ်ချ်ကို ပြန်ပေးရင်း ခေါင်းငိုက်စိုက်ကျသွားသည်။

"သူ နေမကောင်းဘူး ထင်တယ်"

"သူ မူးနေတာ၊ အရက်နာကျနေတာ ဖြစ်မယ်"

တယောက် တပေါက် ဝိုင်းကာ ထင်မြင်ချက်ပေးနေကြသည်။ နောက်တော့ သူ တပင်တပန်း လုပ်ထားခဲ့သည့် သူ့လက်ရာ တွင်းအိမ်ကိုသူတို့ တွေ့သွားခဲ့ကြသည်။ သူတို့ စစ်ဆေးကြသည်။ ဓားတွေ၊ ခက်ရင်းတွေ၊ ပန်းကန်တွေ၊ ခွက်တွေ၊ ကုလားထိုင်တွေ၊ ဖျာတွေ၊ မှန်ဘီလူးတွေကို တွေ့ကြသည်။ စစ်သားတွေ မျက်နှာတင်းသွား၏။ ခက်ထန်သွား၏။ မေးကြောတွေ ထောင်လာကြ၏။ မိုက်ကယ့်ကို ခပ်ကြမ်းကြမ်း လှုပ်နှိုး၏။ ခုနကလို ကရုဏာသက်သည့် အသွင်အပြင်တွေ သူတို့မှာ မရှိကြလေတော့။ မိုက်ကယ် မော့ကြည့်လိုက်သည်။ အရာအားလုံး ဆုံးရှုံးသွားပြီဟု သူ ခံစားလိုက်ရသည်။ မျက်ရည်တွေ ဒလဟော စီးကျလာခဲ့သည်။

"ဒီတွင်းက မင်း လုပ်ထားတာလား"

သူ ခေါင်းညိတ်ပြ၏။

"ဒီမှာ မင်း တယောက် တည်းလား"

ခေါင်းညိတ်ပြန်၏။

စစ်သားက သူ့ကို ကြမ်းရမ်းစွာ ဆွဲထူလိုက်သည်။ မိုက်ကယ့်တကိုယ်လုံး စူးစူးနစ်နစ် နာကျင် သွား၏။

"မင်း အမှန်အတိုင်း ပြောစမ်း"

"ထု၊ အညန်အတိုင်း ကျောနေတာပဲလေ"

နောက်ထပ် စစ်လော်ရီတစီး ထပ်ရောက်လာ၏။ ယာခင်းတခုလုံး

စစ်သားတွေ၊ ဆက်သွယ်ရေး စက်မှ ထွက်ပေါ်လာသည့် အသံတွေနှင့်ပွက်ပွက်ညံသွား၏။ တစုံတယောက်က အော်ဟစ်အမိန့်ပေးနေသည်။

"လူခွဲပြီး ရှာကြစမ်း၊ ဧရိယာတခုလုံးကို နှံ့နှံ့စပ်စပ်ရှာကြ၊တလက်မ မကျန်အောင် ပိုက်စိပ်တိုက်ပြီး မြေလှန်ရှာ၊ ခြေရာတွေ၊ မြောင်းတွေ၊ ဂူပေါက်တွေကို သေချာကြည့်၊ လက်နက်တွေ ဝှက်ထားသလားဆိုတာ အဓိကရှာ"

မိုက်ကယ်သည် အမိန့်ပေးနေသည့် စစ်သားကို ကြည့်လိုက်သည်။ သူများတွေလိုပင် ပြောက်ကျားဝတ်စုံကို ဝတ်ထား၏။ သူက အရာရှိလားဘာလား ဆိုတာတော့ မသိ။

"ဒီခွေးမသားတွေ ဒီယာခင်းထဲမှာ စခန်းချသွားတာ သေချာတယ်။ သူတို့ လမ်းကြောင်းကိုရှာ၊ မြေလှျိုးပြီး မိုးပျံသွားစရာ အကြောင်းမရှိဘူး"

ထိုလူသည် မိုက်ကယ့်ဘက်သို့ လှည့်လာခဲ့သည်။

"ဟေ့ကောင်၊ မင်း ဒီမှာ နေတာ ဘယ်လောက်ကြာပြီလဲ"

"မနှစ် ကတည်းက"

မိုက်ကယ်သည် သူ့စကား မှန်လား၊ မမှန်လား သူကိုယ်တိုင်ပင်သေချာ မသိ။

"မင်းကောင်တွေ ဘယ်အချိန်လာလေ့ရှိသလဲ"

ဘာကောင်တွေ လဲ။ ဘယ်က မင်းကောင်တွေ လဲ။ ဆိတ်တွေကို ပြောတာလား။ ယုန်တွေလား။ မိုက်ကယ် ပခုံးတွန့်ပြလိုက်သည်။ ခေါင်းဆောင်လုပ်သူက သူ့တပည့်များ ဘက်သို့ လှည့်၍ -

"ဒီကောင့်ကို ဆက်မေးထားစမ်း၊ သူ့မှာ လျှာရှိတယ် မဟုတ်လား၊ လျှာရှိရင် အဖြေရှိမှာပဲ။ မရမချင်းမေး။ ဘယ်လိုမေးမေး မေးချင် သလိုမေး၊ ဖြေရင် ပြီးရော"

မိုက်ကယ့်ကို တွဲထားသော စစ်သားသည် ရုတ်တရက် ချက်ချင်း သူ့လည်ကုပ်ကို ကိုင်ဆုပ်ကာ ဆောင့်တွန်းပစ်လိုက်သည်။ မိုက်ကယ်သည် ဗွက်ထဲသို့ မျက်နှာအပ်ကာ ခြေပစ်လက်ပစ် မှောက်ခုံကြီး လဲကျသွား၏။

"ခွေးမျိုး၊ ခုနက ဗိုလ်ကြီးပြောသွားတာ ကြားတယ်မဟုတ်လား၊ မင်း အမှန်အတိုင်း ပြောစမ်း"

စစ်သားသည် မိုက်ကယ့်မျက်နှာကို ဗွက်ထဲကျုံဝင်သွားသည် အထိနှစ်ချလိုက်သည်။ စိုစိစိမြေသားတွေက သူ့ ကွဲနေသည့် နှုတ်ခမ်းနှစ်လွှာကြားမှ ပါးစပ်ထဲ ဝင်လာခဲ့သည်။ မိုက်ကယ် သက်ပြင်းမောကြီးချလိုက်သည်။ ခက်လှပါလား။ သူတို့ ဘာပြောနေမှန်းလည်း ငါက မသိ။ သူ့ကိုဆောင့်ထူပြီး ထိုင်ခိုင်းပြန်သည်။ မိုက်ကယ်က မျက်စိမဖွင့်။

"မင်း အပေါင်းအသင်းတွေ အကြောင်း ပြောစမ်း"

မိုက်ကယ်က ယောင်ယမ်းပြီး ခေါင်းခါပြလိုက်သည်။ ဗိုက်ကိုလက်သီးဖြင့် ခပ်ပြင်းပြင်း တချက်ထိုးခံလိုက်ရသည်။ လောကကြီးသည် မှောင်အတိကျသွားခဲ့သည်။ နေ့လယ်ခင်းတခင်းလုံး စစ်တပ်သည် ဇစ်စဂီးယာခင်းကို တလက်မမကျန် ပိုက်စိပ်တိုက်ရှာ၏။

ဘာတွေ ရှာနေကြသလဲ ဆိုတော့ သူပုန်တွေ ဝှက်ထားသည့် ရိက္ခာနှင့် လက်နက်တွေတဲ့။

ရေလှောင်ကန်အနားမှာ သူတို့ စရှာသည်။ မြစ်ကမ်းပါးတလျှောက် အစုန်အဆန် ရှာကြသည်။ တုတ်တပ်ထားသည့် သေတ္တာအနက်ကလေး တလုံးမှာ နားကြပ်တွေတပ်ပြီး မြေကြီးကို ဟိုထောက် ဒီထောက်နှင့်။ မြစ်ကမ်းပါး တနေရာမှ မြေကြီးမွမွပေါ်မှာ သေတ္တာက ရပ်သွားသည်။ စစ်သားများသည် မြေကို တူးဆွကြ၏။ အထဲမှ ဖရုံသီးတွေ ထွက်လာသည်။မိုက်ကယ့် ဖရုံသီးတွေ။ ဘုရားရေ၊ သူ ဘယ်အချိန်တုန်းက ဒီဖရုံသီးတွေကို တွင်းအိမ် နားမှနေ၍ မြစ်ကမ်းပါးသို့ သွားမြှုပ်ထားလိုက်မိပါလိမ့်။ သူမမှတ်မိ။

ဖရုံသီးတွေကို သူတို့ ရှာဖွေတွေ့ရှိသွားသည့်အတွက် အခြေအနေက မိုက်ကယ့်အတွက် ပိုမိုခက်ခဲလာခဲ့သည်။ လက်နက်နှင့် ရိက္ခာ နှစ်ခုမှာ ရိက္ခာတော့ တွေ့ပြီဟု အထင်ရောက်ကြလေပြီ။ လက်နက်ကို ကျားကုတ်ကျားခဲ ဆက်ရှာကြတော့မည်။ သူတို့ ဘာလို့ ဒီမြောက်ကို အစောင့်ချထားကြလဲ မသိဘူးဆိုသည့် စကားသံသဲ့သဲ့ကို သူ ကြားလိုက်ရသလိုလိုပင်။ နောက်တကြိမ် စစ်ဆေးရေး ဝင်တော့ မိုက်ကယ်သည် ခေါင်းမထောင်နိုင်တော့။ သူတို့က သူ့ကို လက်ဖက်ရည်တိုက်ကြသည်။ သူကြိုးစားသောက်သည်။

"ခင်ဗျား အကြီးအကျယ် နေမကောင်း ဖြစ်နေတယ်။ ခု ခင်ဗျားမိတ်ဆွေတွေ ခင်ဗျားကို ဘယ်လို ပစ်ထားကြတယ်ဆိုတာ သိပြီမဟုတ်လား။ ခင်ဗျားကို သူတို့ လုံးဝ ဂရုမစိုက်ကြဘူး၊ သေသေရှင်ရှင် ပေယျာလကန် ပစ်ထားကြတယ်။ ခင်ဗျား အိမ်မပြန်ချင်ဘူးလား။ စိတ်သစ် လူသစ် ဘဝသစ်ကို မစချင်ဘူးလား။ ကျုပ်တို့မေးတာကို အမှန်အတိုင်း ဖြေနော်"

ဂျစ်ကားဘီးကို မှီကာ မိုက်ကယ် ထိုင်နေ၏။ တယောက်က သူ့ဦးထုပ်မည်းကြီးကို ယူလာပေး၏။ ပေါင်မုန့်နုနုလေးတချပ် သူ့ကို ပေး၏။ လက်ဖက်ရည်နှင့် ပေါင်မုန့်ကို သူ သောက်၏။

"စားပါစေကွာ၊ ပြီးအောင် စားပါစေဦး"

တယောက် က ဝင်ပြော၏။ မိုက်ကယ်က အင်္ကျီစဖြင့် ပါးစပ်ကိုသုတ်လိုက်၏။ စစ်သားများသည် သူ့နားမှာ ဝိုင်းကြီးပတ်ပတ် ဒူဝေဝေလုပ်နေကြသည်။ သူတို့ သူ့ကိုကြည့်ရင်း ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ဖြစ်နေပုံရသည်။ သူ စကားပြောလိုက်သည်။

"အနော်က ခင်ညားတို့ ထင်ညေတလို ညဟုတ်ပါဘူးဂျာ၊ အနော်အိပ်နေဒယ်၊ ခင်ညားတို့ ယာညိုးတယ်၊ ဒါပဲ"

သူ့စကားကို ဘယ်သူမှ နားလည်ပုံမရ။ ယာခင်းအိမ်ထဲသို့ သူ့ကိုခေါ်သွားကြသည်။ ခဏနေတော့ အာလူးဟင်းနံ့ရလာသည်။ တအိမ်လုံးလည်း ဆက်သွယ်ရေးစက်မှ ထွက်လာသည့် စကားသံတွေ ဆူညံနေသည်။ မိုက်ကယ်သည် တဖြည်းဖြည်း ကြောက်လာခဲ့သည်။

စစ်သားများသည် အိမ်ထောင့်တနေရာမှာ အိပ်ရာခင်းပေး၏။ မိုက်ကယ့်ကို သိပ်၏။ စောင်တထည် ခြုံပေး၏။ နွားနို့ပူပူတခွက်နှင့် အကိုက်အခဲပျောက်ဆေးဆိုသည့် ဆေးနှစ်လုံး ပေး၏။ ညနေကျတော့ ပန်းကန်ပြားတချပ်ဖြင့် အစားအသောက်တွေ လာပေးပြန်၏။ ဝက်အူချောင်းနှစ်ချောင်းနှင့် အာလူးထောင်း။ မိုက်ကယ်က ခေါင်းယမ်းပြလိုက်သည်။ မိုက်ကယ့် အိပ်ရာဘေးမှာ ပန်းကန်ကို ထားသွား၏။ စားချင်တဲ့စိတ် ဖြစ်လာရင် စားပေါ့ဟု ပြောသွားသည်။ သူ့ကို နောက်ထပ် လာမနှောင့်ယှက်ကြတော့။ မိုက်ကယ်သည် အစာအနံ့ကြောင့် ခံရခက်နေသည်။ သူ ထပြီးပန်းကန်ကို ခပ်ဝေးဝေးသို့ တွန်းပစ်လိုက်သည်။ စစ်သားများသည် ဝိုင်းဖွဲ့ စကားပြောနေကြပုံရ၏။ တချက် တချက် ရယ်သံတွေ ထွက်လာသည်။ သို့သော် မီးတော့ မထွန်းကြ။

နောက်တနေ့မှာ တော့ သူပုန်ရိက္ခာနှင့် လက်နက်ထောက်ပံ့ရေး စခန်းကို ရှာဖွေဖို့ ပရင့်စ်အဲလ်ဗတ် ဒေသခံရဲတွေ ရောက်လာကြသည်။ ဂျက်ကယ်ဒရစ်ဖ်ကို လာသောင်းကျန်းသွားသည့် ရဲဗိုလ်ကြီး ဩစ္စသူဇင်သည် မိုက်ကယ့်ကို မြင်မြင်ချင်း မှတ်မိ၏။

"ဟ... ဒီအကောင် ကျုပ်သိတာပေါ့။ သူ့မျက်ခွက်က တခါမြင်ရင် အမြဲတမ်း

မှတ်မိနေမယ့် မျက်ခွက်မျိုး၊ ဒီဇင်ဘာတုန်းက ဂျက်ကယ်ဒရစ်ဖ်ကနေ ထွက်ပြေးသွားတဲ့ ကောင်ပဲ။ သူ့နာမည် မစ်ခေးတဲ့၊ သူ ဘယ်လိုပြောထားလဲ"

"သူ ကတော့ သူ့ကိုယ်သူ မိုက်ကယ်လို့ ပြောတာပဲ" စစ်ဗိုလ်က ပြောလိုက်သည်။

"ဟာ... မဟုတ်ဘူးဗျ၊ ဒီကောင် မစ်ခေးပဲ၊ ကျုပ် ကောင်းကောင်းသိတာပေါ့"

မိုက်ကယ့် နံရိုးတွေကို ဖိနပ်ဦးဖြင့် ထိုးရင်း ရဲဗိုလ် ဩစ္စသူဇင်ကပြော၏။

"ဒီကောင် နေမကောင်းတာ မဟုတ်ဘူးဗျ၊ ဒီကောင်က အမြဲတမ်းအဲသလိုပဲ။ ဟုတ်တယ် မဟုတ်လား မစ်ခေး"

သူတို့ မိုက်ကယ့်ကို ရေလှောင်ကန်နား ပြန်ခေါ်လာကြသည်။ တနေ့လုံး အကြီးအကျယ် ရှာကြ ဖွေကြသည်။ ယုန်တွင်းတွေ၊ နကျယ်အုံတွေသာ သူတို့ တွေ့ကြသည်။ ဩစ္စသူဇင်က မိုက်ကယ့်နား လာရပ်ပြီး-

"မျောက်စုတ်၊ မင်း ငါတို့နဲ့ ကစားချင်တယ် ဟုတ်လား"

ယာခင်းတခုလုံး ထောင်းလမောင်းကြေအောင် ရှာကြဖွေကြပြီး နောက်မှာတော့ ရှာဖွေရေး လုပ်ငန်းကို သူတို့ စိတ်ကုန်လာကြပုံရသည်။ စစ်သားများသည် ဝိုင်းဖွဲ့ရင်း ကော်ဖီ ထိုင်သောက်နေကြသည်။ မိုက်ကယ်သည် ဒူးနှစ်လုံးကြား ခေါင်းမြှုပ်ရင်း ထိုင်နေသည်။ စိတ်ထဲမှာ ဘာမှမရှိ။ ရီဝေပြီး အိပ်ချင်နေတာသာ သူသိ၏။ ငိုက်ကနဲ စိုက်ကနဲ ဖြစ်ဖြစ်သွားပြီး ပါးစပ်ထဲမှ သွားရည်တွေ အမျှင်တန်းကျနေသည်ကို သူသိသော်လည်း ဒီအတိုင်းသာ ထားလိုက်သည်။

ခု တလောကလုံး သန့်ရှင်းသွားပြီ။ နောက်တော့ နေပူကာ ပြန်လည်ခြောက်သွေ့ သွားလိမ့်မည်။ ပြီးလျှင်တော့ စိုက်ဖို့ ပျိုးဖို့ ရာသီသစ် ပြန်စရတော့မည် ခုဆိုလျှင် အမေ့အရိုးပြာတွေလည်း မိုးထဲပါ သွားလောက်ပြီ။ မြက်ဖျားလေးတွေမှာများ အမေ့ဝိညာဉ် ခိုနားနေလိမ့်မလား။

ဒီလိုပါပဲလေ။ အချိန်တန်တော့လည်း ခွဲခွာရတာပါပဲ။ အမေ သူ့ကို ခွဲခွာသွားသလို၊ အမေသည်လည်း အတိတ်ကာလတချိန်ချိန်မှာ အဘွားကို ခွဲခွာခဲ့တာပဲ မဟုတ်လား။ ဝုန်းကနဲ ပေါက်ကွဲသံကြီးတချက်၊ ထိုအသံကြီးမှ မဆုံးသေးမီပေါက်ကွဲသံကြီး နောက်တချက်။ လေထုသည် တုန်သွား ခါသွားသည်။ ငှက်တွေသည် မိုးပြိုသလို စီစီညံညံ ပျံပြေးကြသည်။ တောင်တန်းကြီးတွေ မှ ပဲ့တင်သံတွေ ပြန်လာခဲ့သည်။

သူ့အနားမှ စစ်သားတယောက် က လက်ညှိုးညွှန်ကာ-

"ကြည့်လိုက်စမ်း" ဟု ပြောလိုက်သည်။

ဗစ်စဂီးအိမ်သည် လိမ္မော်ရောင် မီးခိုးလုံးကြီးတွေကြားမှာ အစအနမကျန်အောင် ပျောက်ကွယ် သွားခဲ့ပြီ။ တအိမ်လုံး ဗုန်းဗုန်း မြေသို့ကျကာ ပြားပြားဝပ်သွား၏။ ရှာကြဖွေကြရင်း လူအရိုးစုတခု ထွက်ပေါ်လာခဲ့သည်။ မိုက်ကယ်သည် ထိုမြင်ကွင်းကို တကယ်ဖြစ်နေတာလား။ အိပ်မက်မက်နေတာလား မခွဲခြားတတ်ခဲ့ရှာ။

ပျံလွှားတွေ သူ့အနားမှ ကပ်ပျံသွားခဲ့ကြသည်။ သူတို့ပျံတာ နိမ့်လွန်းသဖြင့် လက်ကိုဆန့်ရင်း လှမ်းဖမ်းလိုက်လျှင်တောင် မိမလား ထင်ရသည်။ နောက်ထပ် ပေါက်ကွဲသံတွေ ဆက်ကြားနေရသည်။ မိုက်ကယ် မကြည့်ချင်တော့။ ခုလောက်ဆိုလျှင် ဗစ်စဂီးမြေး မြေလျှိုးနေလျှင် သေလောက်ပြီ။ စစ်သားတယောက်သာ တကုပ်ကုပ်ဖြင့် အလုပ်တွေရှုပ်နေသည်။ ကျန်စစ်သားများကတော့ ကားနား ပြန်ရောက်သွားကြပြီ။

ထိုစစ်သားကမြက်တွေကို တူးနေသည်။

မိုက်ကယ်က သူ့ကိုကြည့်ရင်း-

''ခညား ဘာရှတ်နေတာရဲ" ဟု မေးလိုက်သည်။ စစ်သားက ဘာမှပြန်မဖြေ။ တွင်းတွေ သာဆက်တူးနေသည်။ သူ့စိုက်ခင်းမှာ ရာရာစစ ပိုင်စိုးပိုင်နင်း တွင်းတွေ တူးနေသည်ကိုတော့ မိုက်ကယ် ညည်းမခံနိုင်။ စစ်သားသည် အနက်ရောင် ပလတ်စတစ် ပစ္စည်းတွေကို တွင်းတွေထဲ ထည့်နေသည်။

မိုက်ကယ်က ဆက်တိုက် မေးနေသည့်အတွက် စစ်သားသည် သည်းမခံနိုင်အောင် ဖြစ်လာဟန်ဖြင့်-

"ဟေ့ ဟေ့၊ ဒီကောင့်ကို လာခေါ်သွားကြစမ်းကွာ" ဟု အော်လိုက်သည်။

မိုက်ကယ် ခပ်ဝေးဝေးသို့ သွားကာ စစ်သားလုပ်နေသည်ကို ငေးကြည့်နေသည်။ တွင်းတွေထဲသို့ ပလတ်စတစ် အနက်တုံးတွေ မြှုပ်ပြီး တခုနှင့်တခုကို အဖြူရောင် ဝါယာကြိုးဖြင့် ဆက်နေ၏။ အားလုံးပြီးစီးသွားတော့ မြေဖို့သည်။ ခြေရာလက်ရာ မကျန်အောင် စနစ်တကျ ဖျက်သည်။

"သွားတော့ ကားပေါ်တက်၊ ကားပေါ်က သွားစောင့်နေ"

မိုက်ကယ့်ကို စစ်ဗိုလ်က ပြောလိုက်သည်။

မိုက်ကယ် ထအသွားမှာ သူ့အသံကိုဆက်ကြားလိုက်ရသည်။

"သေချာလုပ်ကြဟေ့၊ ထိလိုက်တာနဲ့ ကွဲထွက်သွားအောင် ချိန်ထားကြ၊ ဟိုကောင်တွေ နောက်တခေါက်လာရင် အကုန် ပြုတ်ပြုတ်ပြုန်းသွားတာ မြင်ချင်တယ်"

မိုက်ကယ်သည် စစ်သားတွေကြားမှာ ကြောင်တောင်တောင် ထိုင်နေခဲ့သည်။ စစ်သားတွေက ဖရုံသီးတွေ ကားပေါ်တင်နေကြသည်။ ဂျစ်ကားသည် ဖုန်တထောင်းထောင်းဖြင့် စတင်ထွက်ခွာသည်။ ဂျစ်ကားနောက်မှမိုက်ကယ် ပါလာသော လော်ရီက လိုက်၏။ မိုက်ကယ်နှင့် မထိစေဖို့အတွက် သူ့နားမှ စစ်သားများက ကြိုးစား၍ ခန္ဓာကိုယ်ကို ထိန်းထားကြသည်ကိုမိုက်ကယ် သတိထားမိသည်။

စစ်သား ခပ်ငယ်ငယ် တယောက်ကို သူ ကြည့်ရင်း-

"ခင်ညားတိရား၊ အဲဒီ အိမ်ထဲမှာ ကောင်ယေး တယောက် ပုန်းနေခဲ့ဒယ်" ဟု ရုတ်တရက် ပြောချလိုက်သည်။

စစ်သားက သူ့စကား လုံးဝ နားမလည်။ မိုက်ကယ်က ထပ်ပြော၏။

"သူ ဘာပြောနေတာလဲ"

"အိမ်ထဲမှာ ပုန်းနေတဲ့လူ ရှိတယ်တဲ့"

"ဩော်... သူ့ကို ပြောလိုက်၊ အဲဒီ ပုန်းနေတဲ့ကောင် သေပြီလို့၊ ငရဲရောက်သွားပြီလို့၊ အရိုးပဲ ကျန်တော့တယ်လို့ ပြောလိုက် "ခဏနေတော့ သူတို့ လမ်းမကြီးပေါ် ရောက်လာသည်။ ကားသည်အရှိန်မြှင့်၍ မောင်းသည်။ တာယာနှင့် လမ်း ပွတ်တိုက်သံ တဝေါဝေါထွက်လာသည်။ စစ်သားများ က မျက်စိတွေ မှိတ်ကာ အနားယူနေကြသည်။ ဖုန်တွေကတော့ သူတို့နောက်မှာ၊ ပရင့်စ်အဲလ်ဗတ်မြို့ ထဲသွားသည့် လမ်းပေါ်မှာ တထောင်းထောင်းထကာ ကျန်ရစ်ခဲ့ပြီ။

နောက်သို့ လှည့်ကြည့်လျှင် ဖုန်တွေ လုံးနေသဖြင့် မြင်ကွင်းကမပီပိုးတဝါး။

အခန်း(၂)

ဒီနေ့ ရုံထဲကို လူနာအသစ် တယောက် ရောက်လာတယ်။ တော်တော် အိုစနာကျတဲ့ လူ တယောက်ပဲ။ ပိန်လိုက်တာလည်း ရုပ်ပျက်ဆင်းပျက်၊ အခြေအနေကတော့ အသက်လည်း ရှူတယ်ဆိုရုံ၊ နှလုံးလည်း ခုန်တယ်ဆိုရုံ၊ အသက်လည်း ရှင်တယ်ဆိုရုံ ရှင်နေတာ။ အတော် ဆိုးတယ်။ ငတ်နေတာဘယ်လောက်တောင် ကြာပြီလဲ မသိပါဘူး။ မွေးကတည်းက တခါမှ ဝဝလင်လင် မစားရဘူးလားတောင် ထင်ရတယ်။ အရေပြားတွေ ပပ်ကြားအက်လို့၊ လက်တွေ ခြေထောက်တွေကလည်း အနာတွေ တင်းကျမ်းနဲ့၊ သွားဖုံးတွေ ကလည်း သွေးတွေ ယိုလို့။ တကိုယ်လုံး ချိုနဲ့ သားရေလောက်ပဲ ကျန်တယ် ပြောရမယ်။ အရိုးများ ငေါထွက်နေလိုက်တာ မြင်ရက်စရာမရှိဘူး။ ပေါင်ချိန်ချိန်ကြည့်တော့ ကီလိုလေးဆယ်တဲ့။ နည်းနည်း တောင် လျော့ချင်သေးတယ်။ သူ့ကို လူမရှိ သူမရှိ ကရူးကွင်းပြင်က ယာခင်းတခုကနေ ဖမ်းခေါ်လာကြတာတဲ့။ သူက သူပုန်တဲ့။ တောင်ပေါ်သူပုန်တွေရဲ့ ရိက္ခာစခန်းက စခန်းစောင့်တဲ့။ သူပုန်တွေ အတွက် အသီးအနှံတွေ စိုက်ပျိုးပေးသတဲ့။ သူ ကတော့ မစားဘူးတဲ့။

ဒါနဲ့ ကျွန်တော်က အစောင့်တွေကို မေးမိတယ်။ ဒီလောက် အခြေအနေဆိုးတဲ့ လူတယောက်ကို ဘာလို့ ချက်ချင်း ဆေးရုံမပို့တာလဲ။ ဘာ ဖြစ်လို့ စခန်းထဲထည့်ပြီး အလုပ်တွေ မတန်တဆ လုပ်ခိုင်းသလဲ။ သူတို့ကပြန်ဖြေကြတယ်။

အလုပ်လုပ်ခိုင်းတာ မဟုတ်ပါဘူး ဆရာတဲ့။ သူ့မှာ စာရွက်စာတမ်းတွေလည်း မရှိတာနဲ့ စခန်းသွင်းဖို့ စောင့်ခိုင်းထားတုန်း တာဝန်ကျ တပ်ကြပ်ကြီးက လူသစ်တွေ ကျန်းမာ တောင့်တင်းလာအောင် ကာယလေ့ကျင့်ခန်း လုပ်ခိုင်းဆိုတာနဲ့ လုပ်ခိုင်းမိတာပါတဲ့။

နင့်မေကလွှားတဲ့မှ၊ ဒီလောက် ချွတ်ခြုံကျနေတဲ့လူက ဘာလေ့ကျင့် ခန်းလုပ်နိုင်မှာ လဲ။

အစောင့်တွေကတော့ ဆူခံထိတော့ မျက်နှာငယ်လေးတွေနဲ့။ သူကဘာမှမပြောဘူး ဆရာတဲ့။ နေကောင်းတယ်။ အမြဲတမ်း ဒီလိုပဲ၊ တသက်လုံးပိန်ပိန်ပဲလို့ ပြောသတဲ့။

ဟဲ့- နင်တို့ ပိန်ပိန်ပါးပါးနဲ့ ကမ္ဘောဒီးရုပ်တောင် မခွဲတတ်ဘူးလားဆိုတော့ ပခုံးတွေ တွန့်ပြကြတယ်လေ။

XXX

လူနာအသစ် မစ်ခေးနဲ့ ပတ်သက်လို့ ဦးနှောက်အတော် ခြောက်တယ်။ သူ့ကိုမေးတော့ သူ ဘာမှ မ ဖြစ်ဘူးတဲ့။ ခေါင်းကိုက်ပျောက်ဆေးလေးပဲ လိုချင်သတဲ့။ လုံးဝ မဆာဘူးတဲ့။ တကယ်က သူ အစာမျိုလို့ကို မရတာ။ ဒါနဲ့ပဲ သူ့ကို ဆေးသွင်းရတယ်။ အလစ်မှာ ဆေးပိုက်ကို ဖြုတ်ဖြုတ်ပစ်တတ်လို့ အမြဲ မျက်စိ ဒေါက်ထောက်ကြည့်နေရတယ်။

ရောက်ခါစက သူ့ကို အဘိုးကြီးထင်နေတာ။ အသက်မေးကြည့်တော့ သုံးဆယ့်နှစ်နှစ်တဲ့။ ဟုတ်ပုံရပါတယ်။ ကိတ်တောင်းကနေ ထွက်လာခဲ့တာတဲ့။ အရင်က ဥယျာဉ်လုပ်သားတဲ့။ အမေနဲ့အတူ တောကို ထွက်လာခဲ့တာတဲ့။ ခင်ဗျား အမေကောလို့ မေးကြည့်တော့ 'အညေက အပင်တွေ ကျိုက်ရင်း ကျန်ရစ်ခဲ့ဘီ' လို့ မပီကလာ ဖြေရှာတယ်။ ဆုံးသွားတာလားဆိုတော့ ခေါင်းယမ်းပြရင်း 'သူတို့ အနော့် အညေကို မီးချို့ ပစ်လိုက်ကြတယ်'လို့ ဖြေတယ်။

တကယ်ကတော့ သူ ဘယ်သူဆိုတာ ဘယ်သူမှ သေချာမသိပါဘူး။ သူဟာ သူပုန်လား၊ စခန်းစောင့်လား၊ အိမ်ခြေရာခြေမဲ့လား။ ကျပ်မပြည့်သူလား။ ကြည့်ရတာ တော့ သူ့ဟာသူ အပင်ကလေးတွေ စိုက်စားနေတုန်း သူပုန်တွေ သူ့ယာခင်းထဲ ရောက်လာမယ်။ ရေတောင်းသောက်မယ်။ အသီးတွေ ခူးစားမယ်။ သေနတ်ပြပြီး ခြိမ်းခြောက်တာတွေ ဘာတွေ လုပ်ချင်လည်း လုပ်မှာပေါ့။ သူကလည်း ထုံလွန်း ထိုင်းလွန်းတော့ ဒီအတိုင်းကြည့်နေပါလိမ့်မယ်။ ဒီလိုနဲ့ သူပုန်စာရင်း သွင်းခံရတာ နေမှာပေါ့။ တကယ်က ဒီလူဟာ စစ် ဖြစ်နေတယ်ဆိုတာတောင် သိရဲ့လားမပြောတတ်ပါဘူး။

XXX

ကျွန်တော့် သူနာပြုဗီလီစတီက သူ့ကို သန့်ရှင်းရေး လုပ်ပေးတယ်။ ကျွန်တော် သူ့နှုတ်ခမ်းကို ကြည့်မိတယ်။ မွေးရာပါ နှုတ်ခမ်းကွဲလေးပဲ။ အာခေါင် ကတော့ အကောင်းပကတိပဲ။ ဒီနှုတ်ခမ်းကို ဆရာဝန်နဲ့ တခါမှမပြဖူးဘူးလားဆိုတော့ ကျွန်တော့်ကို မျက်လုံးကြီးပြူး ပြီး သူ ကြည့်နေတယ်။ ဒါကို ချုပ်လိုက်ရင် လွယ်လွယ်လေးပဲ။

ချုပ်မလားလို့မေးတော့ အနော်ကအနော်ပါပဲ။ ဒါကို ချုပ်လိုက်လည်း တောင်မလေးဒွေအနော့်ကို ကြိုက်မှာ မဟုတ်ပါဘူး' တဲ့လေ။

ကောင်မလေးတွေ ကြိုက်တာ၊ မကြိုက်တာ နောက်ထား၊ လောလောဆယ် စကားပီသွားတာပေါ့လို့ ပြောမလို့လုပ်ပြီးမှ သူ စိတ်ထိခိုက်သွားမှာ စိုးလို့ ဘာမှ

မပြောတော့ပါဘူး။

သူ့အကြောင်း နိုဝယ့်ကို ပြောမိတယ်။ သူ့လို ကျပ်မပြည့်တဲ့ လူတယောက်က ဘယ်လိုလုပ် သူပုန် ဖြစ်နိုင်မှာလဲ။ ဒီလိုပဲ ရောက်တတ်ရာရာလျှောက်သွားရင်း တိုက်ပွဲဒေသထဲ ရောက်သွားတာနေမှာ ပေါ့။ စစ် ဖြစ်နေမှန်းတောင် သူ သိရဲ့လား၊ တကယ်က သူ ဒီစခန်းမှာ နေရမှာ မဟုတ်ဘူး၊ အသေအချာ စောင့်ရှောက်နိုင်တဲ့ နေရာမျိုးမှာ သူ နေရမှာ။

နိုဝယ်က မှတ်တမ်းတခု ကျွန်တော်ကို ပြတယ်။ မစ်ခေးဟာ မီးရှို့မှုတခု ကျူးလွန်သူတဲ့၊ အလုပ်စခန်းတခုကနေ ထွက်ပြေးတဲ့ အပြစ်ကိုလည်း ကျူးလွန်ထားသေးသတဲ့။ ပိုင်ရှင်မရှိတဲ့ ယာခင်းကို ပိုင်နက်ကျူးကျော်ပြီး နေသတဲ့။ တောင်ပေါ်သူပုန်တွေကို ရိက္ခာပံ့ပိုးနေသတဲ့။ အဲဒါကျွန်တော် ရဲ့ မစ်ခေးပဲတဲ့။

မဟုတ်သေးဘူး။ ဘယ်လိုမှကို မ ဖြစ်နိုင်ဘူး။ ခင်ဗျားတို့ ဘယ်မစ်ခေးကို ပြောနေမှန်းမသိပေမယ့် အခု ကျွန်တော် ဆေးရုံကို ရောက်နေတဲ့ မစ်ခေးကတော့ ဘာမှကို မသိတဲ့ နလပိန်းတုံး သက်သက်ပဲ။ မီးခြစ်ဆံတောင် မီးတောက်အောင် မလုပ်တတ်တဲ့ မစ်ခေးပဲ။ သူက ခြံစိုက်တယ်ဆိုရင် ဘာဖြစ်လို့ ခုလို ငတ်သေတော့မယ့်ပုံမျိုး ဖြစ်နေရတာလဲ။ မစ်ခေးဆီ ပြန်ရောက်တော့လည်း ကျွန်တော် ဒီမေးခွန်းကို မေးမိပါတယ်။ 'ခင်ဗျား ဘာလို့အစာမစားတာလဲ။ ခင်ဗျားမှာ ခြံရှိတယ်ဆို၊ ယာခင်းရှိတယ်ဆို၊ အသီးအနှံတွေ အများ ကြီးရှိတယ်ဆို၊ ဘာလို့ မစားတာလဲ' ဆိုတော့ သူ ဘာပြန်ဖြေတယ်မှတ်လဲ 'တူရို့က အနော် အိပ်နေတုန်းကြီး ယာန္နီးတာကို၊ အိပ်နေတုန်း အကြာကြားရို့မှ နရတာ ဆရာ' တဲ့။ နောက်တခု ထပ်ပြောတာ ကတော့ သူ့နာမည် မစ်ခေးမဟုတ် ၊မိုက်ကယ်ပါတဲ့ ခင်ဗျာ။

XXX

ဒီဆေးရုံက ရှစ်ခုတင်ဆံ့ ပေါက်စနလေး၊ လူနာက ဆယ့်ခြောက်ယောက် ရှိတယ်။ ဆိုတော့ လူနာရှစ်ယောက်ကို ပေါင်ချိန်တဲ့ အခန်းထဲမှာ ထားရတယ်။ နိုဝယ် ကတော့ လူနာတွေကို မြန်မြန်ကု၊ မြန်မြန်ဆင်းစေချင်နေတယ်။ သူ ဆင်းစေချင်တိုင်း ရွတ်ကနဲ ဆင်းလို့မှ မရဘဲ။ ဒါနဲ့ ကျွန်တော် ပြောမိတယ်။ မြန်မြန်ကုပြီး မြန်မြန်ဆင်းပေးလိုက်လို့ ဥပမာ- ကာလဝမ်းရောဂါ လိုဟာမျိုး စခန်းတခုလုံးကူးသွားပြီး ရောဂါကူးစက်ရောဂါကပ်ဆိုက်တာမျိုး မြင်ချင်လို့လားလို့။ ဘယ်မြင်ချင်မလဲတဲ့။

ဒါပေမဲ့ ဆရာ မရောက်ခင်က သေမယ့်လူနာဆို စခန်းအပြင်ထုတ်လိုက်တာပဲတဲ့။ သူ့စခန်းအပေါ်မှာ သူ တာဝန်ရှိတယ်တဲ့။ ဟုတ်ပြီ၊

ဒါဆို ကျုပ်လူနာတွေအပေါ်လည်း ကျုပ်တာဝန် ရှိတယ်လို့ ပြန်ပြောတော့ နိုဝယ်က ကျွန်တော့်ပခုံးကို ကိုင်ပြီး-

"ဆရာက ဆရာဝန်ကောင်း တယောက်ပါ။ ခက်တာက ကျွန်တော်တို့ ဘယ်လောက်လုပ်ပေး လုပ်ပေး ဒီမျောက်တွေက ကျွန်တော်တို့အပေါ် အကောင်းမမြင်ကြဘူး" လို့ ပြောသွားခဲ့တယ်။

ကျွန်တော်တို့ နှစ်ယောက် အတော်ကြာအောင် ဘာစကားမှ မပြောမိကြဘူး။ ပြတင်းပေါက်မှာ လာနားနေတဲ့ ယင်ကောင်တွေကို ငေးနေမိတယ်။ ခဏနေတော့-

"ကျွန်တော်တို့ မူဝါဒက ပျော့ပျောင်းပါတယ်ဗျာ" လို့ ကျွန်တော် က ပြောမိတယ်။ နိုဝယ်က ပြုံး လိုက်တယ်။

"ဟုတ်တယ်လေ။ ပျော့ပျောင်းတာပေါ့။ ပျော့ပျောင်းလွန်းလို့ အလုပ်ပြုတ်မှာတောင် ကြောက်ရသဗျာ။ ခဏနေရင် တယောက်ယောက်က ဒီစခန်းတာဝန်ခံနဲ့ ဒီဆရာဝန်ကို အလုပ်ဖြုတ်လိုက်တော့ဟေ့၊ သူတို့ကပျော့လွန်းတယ်လို့ ပြောလာမလားမသိဘူး၊ ဒါ ထားပါဦးလေ၊ ကျွန်တော် ပြောချင်တာက ဆရာ့ဆေးရုံမှာ ခု လူနာအဝင်နဲ့အထွက် မမျှဘူး ဖြစ်နေတာကိုလေ၊ ဆရာ ဘာလုပ်မယ်လို့ စဉ်းစားထားသလဲ"

ကျွန်တော်တို့ သူ့ရုံးခန်းထဲကနေ အပြင်ထွက်လာခဲ့တယ်။ အပြင်မှာတော့ အလံတင်အခမ်းအနား ကျင်းပနေလေရဲ့။ အရာခံဗိုလ် တယောက်က လိမ္မော်ရောင်၊ အဖြူရောင်နဲ့ အပြာရောင် စပ်ထားတဲ့ နိုင်ငံတော် အလံကိုတဖြည်းဖြည်း တိုင်ပေါ်တင်နေတုန်း၊ ဘင်ခရာဝိုင်းက နိုင်ငံတော် သီချင်းကိုစ,တီးတယ်၊ စခန်းထဲက ဘယ်နှပတ်တောင် နွမ်းနေမှန်းမသိတဲ့ ကာကီဝတ်စုံတွေ ဝတ်ထားတဲ့ လူပေါင်းခြောက်ရာဟာ သတိဆွဲလိုက်ကြတယ်။ လွန်ခဲ့တဲ့ တနှစ်လောက် ကတော့ နိုင်ငံတော် သီချင်းကို ညီညီညာညာသံပြိုင်ဆိုကြဖို့ အကြိမ်ကြိမ် သင်ပေးခဲ့ကြဖူးပါရဲ့။ ခုတော့ လက်မြှောက်ပြီ။

XXX

ဒီနေ့ မစ်ခေးကို ဖီလီစတီက အပြင်ခေါ်ထုတ်တယ်။ လေကောင်းလေသန့်လေး ဘာလေး ရှူရအောင်ပေါ့။ မစ်ခေးဟာ မြက်ခင်းပေါ်မှာ ထိုင်ရင်း နေထိုးနေတဲ့ဘက်ကို ခေါင်းကလေး မော့ထားတယ်။ သူ့ကြည့်ရတာ ကင်းလိပ်ချောကျနေတာပဲ။ ဒီမှာ နေရတာ သဘောကျရဲ့လားလို့ ကျွန်တော် မေးမိတယ်။ ဒီနေ့တော့ ထူးထူးခြားခြားပဲ သူ စကားအတော် ပြောတယ်။ ဒီမှာ

ရေဒီယိုသံမကြားရတာ အတော် ကောင်းတယ် ဆရာတဲ့။ အရင်နေခဲ့တဲ့နေရာတုန်းက အမြဲတမ်း ရေဒီယိုသံကြားနေရတာ အတော် စိတ်ပျက်တယ်တဲ့။ ကြည့်ရတာ တခြားစခန်းတခုကို သူ ပြောနေတယ်လို့ ပထမတော့ ထင်လိုက်မိသေးတယ်။ နောက်တော့မှ နားထောင်ရင်းနဲ့ သူငယ်ငယ်တုန်းက နေခဲ့ရတဲ့ ဥဒ္ဒာဏ်ရည်နိမ့် ကလေးများ ကျောင်းအကြောင်း ပြောနေမှန်းသိလိုက်ရတယ်။ ညဆိုရင် ရှစ်နာရီလောက်အထိ သီချင်းသံတွေကို ဆူညံနေတာပဲလို့ သူ ဆက်ပြောတယ်။ ဂီတသံက လူ့စိတ်ကို ချမ်းမြေ့စေတာပေါ့လို့ ကျွန်တော် က ပြောလိုက်တယ်။

''ဂီတဟာ လူကို အေးချမ်းစေတယ်။ နို့မို့ရင် ခင်ဗျား အလကားနေရင်း ဒေါသတွေ ထွက်ပြီး သူများကို ရိုက်ချင်၊ ထိုးချင်၊ ပြတင်းပေါက်မှန်တွေ ရိုက်ခွဲချင် ဖြစ်လာမယ်။ ဂီတဟာ ခန္ဓာကိုယ်ထဲက စိတ်ရိုင်းကိုငြိမ်သက်အောင် လုပ်ပေးတဲ့အရာပဲ"

ကျွန်တော် ပြောတာ သူ နားလည်သလားတော့ မသိပါဘူး။ သူပြုံးလိုက်တာတော့ ကျွန်တော် တွေ့ရတယ်။ သူက ဆက်ပြောတယ်။

"ဂီတက ကျွန်တော့်ကို ဆောက်တည်ရာမရ ဖြစ်စေတယ်။ ကျွန်တော့်အတွေး တွေကို ဆက်တွေးလို့ မရအောင် လုပ်တတ်တယ်တဲ့လေ"

"ခင်ဗျား ဘာတွေ များ တွေးလို့လဲ မစ်ခေး"

"ကျွန်တော် ပျံနေတဲ့အကြောင်းကို တွေးတယ် ဆရာ၊ ကျွန်တော် ကောင်းကင်မှာ ပျံကြည့်ချင်တယ်၊ လက်နှစ်ဖက်ကို ဟောသလို ဖြန့်ပြီးတော့ခြံစည်းရိုးတွေ၊ အိမ်တွေပေါ်က ဖြတ်ပျံကြည့်ချင်တယ်၊ လူတွေရဲ့ ခေါင်းပေါ်ကနေ ဖြတ်ပျံချင်တယ်၊ ဒါပေမဲ့ သီချင်းသံကြားရင် ကျွန်တော် မပျံနိုင်တော့ဘူး၊ ပြုတ်ကျမှာ "

မစ်ခေးက သူ့အတွေးတွေကို အကြီးအကျယ် နှောင့်ယှက်သည့်သီချင်းသံစဉ် တပုဒ်၊ နှစ် ပုဒ်ကိုတောင် ညည်းပြလိုက်ပါသေးတယ်။ ကျွန်တော် မစ်ခေးကို ပြတင်းပေါက်နားက ခုတင်ကို ရွှေ့ပေးတယ်။

သူ့ အရင်ခုတင်ဘေးက ခြေထောက်ကျိုးနေတဲ့ ကောင်လေးက သူ့ကိုကြိုက်ပုံ မရဘူး။ ခု ဘာပဲ ဖြစ် ဖြစ်၊ သူ မပျံနိုင်ရင်တောင် အနည်းဆုံးတော့ကောင်းကင် ကြီးကို ငေးနေနိုင်ပြီလေ။

"အစာ ကြိုးစား စားပေး မစ်ခေး၊ ဒါမှ ခင်ဗျား အားရှိပြီး လမ်းလျှောက်နိုင်မှာ

''

တကယ်တော့လည်း ပြောမယ့်သာ ပြောရတာ၊ သူ တကယ်လိုနေတာက ခြေလက်အင်္ဂါ ပြန်လည်သန်စွမ်းရေး။ ဒါကို ကျွန်တော်တို့ မလုပ်ပေးနိုင်ဘူး။ သူ့ကြည့်ရတာ တစစီ ဖြစ်နေတဲ့ သစ်သားရုပ်ကို သားရေကြွင်းတွေနဲ့ ပြန်ဆက်ထားသလိုပဲ။ စနစ်တကျ စီမံထားတဲ့ အစားအသောက်၊ လေ့ကျင့်ခန်းတွေ လုပ်ပေးရမှာ။ ဒါမှ သူ ပြန်လည်သန်စွမ်းလာမယ်။ ဒါမှသူ စခန်းဝင်လို့ရမယ်။ ဒါမှ သူ အလုပ်လုပ်နိုင်မယ်။ ဒါမှ သူ ဆောင်ပုဒ်တွေ အားရှိပါးရှိ ရွတ်နိုင်မယ်။ ဒါမှ သူ အလံတော်ကို သတိဆွဲပြီး အလေးပြုနိုင်မယ် မဟုတ်လား။

XXX

တနင်္ဂနွေ ပိတ်ရက်အပြီး ကျွန်တော် စခန်းကိုပြန်ရောက်တော့ **အရာရှိများသာ** လို့ ဆိုင်းဘုတ်ချိတ်ဆွဲထားတဲ့ ဂိတ်ဝကနေ အထဲဝင်ခဲ့တယ်။ ဒီဆိုင်းဘုတ်ကြီး ဘာလို့ ဆက်ချိတ်ထားတာလဲ၊ ခုထိ မဖြုတ်သေးဘူးလားလို့ တွေးမိသေးတယ်။

လူနာကတော့ ဆယ့်နှစ်ယောက်ပဲ ကျန်တော့တယ်။ မစ်ခေးကတော့ ဒုံရင်းဒုံရင်းပဲ။ ကြည့်ရတာ အူနံ့ရံတွေ လိုက်စားပြီး ပျက်စီးကုန်ပြီလား မသိ။ ကျွန်တော် သူ့ကို နို့မှုန့်ပြန်တိုက်ဖို့ ညွှန်ကြားရတယ်။ သူကတော့ ခုတင်ပေါ်လှဲရင်း၊ ကောင်းကင်ကြီးကို မော့ရင်း ပြုံး ပြုံး ပြုံး ပြုံး ပါပဲ။ ခါတိုင်း သူ့ခေါင်းအုံးအောက် အမြဲထည့်ထားနေကျ စာအိတ်အညိုတလုံးကို ခုတော့ ရင်ဘတ်ပေါ် တင်ထားတယ်။ ဘာတွေလဲလို့ မေးလိုက်တော့သူ ကျွန်တော့်ကို ပြရှာတယ်။ အထဲမှာ ဖရုံစေ့တွေ။ ကျွန်တော် သူ့ကို တော်တော် သနားသွားတယ်။

''စစ်ပြီးသွားရင် ယာပြန်လုပ်မှာလား မစ်ခေး၊ ကရူးကို ပြန်သွားမှာလား၊ ကိတ်တောင်း ပနီဆူလာမှာ ပဲ ဥယျာဉ် ပြန်လုပ်မှာလား''

ဒီတကြိမ်တော့ သူ ဘာမှ ပြန်မပြောဘူး။ ကျွန်တော် သူ့လက်ထဲက ဖရုံစေ့ထုပ်ကို ယူပြီး ခေါင်းအုံးအောက် ပြန်ထည့်ပေးထားခဲ့တယ်။

နောက်တနာရီလောက် နေတော့ မစ်ခေးဟာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေရှာပြီ။ သူ့နှုတ်ခမ်းကွဲကလေးက ဟလို့၊ မွေးကင်းစ ကလေးလေးအတိုင်းပဲ။

XXX

တခါတလေတော့လည်း မစ်ခေးက လူမှ ဟုတ်ရဲ့လား၊

ကျောက်တုံးတတုံးများလားလို့ ကျွန်တော် တွေးမိတယ်။ သူ့ လျှို့ဝှက်ချက်တွေ အားလုံးကို အထဲမှာ ထည့်ပိတ်ထားတဲ့ အကြောမာလှတဲ့ ကျောက်တုံးလေးတတုံးပေါ့။ သူ့ဘဝကို ဘယ်လို အားအင်တွေနဲ့များ ဖြတ်ကျော်လာပါလိမ့်။ သူ့ကို လူလားမြောက်တဲ့ ယောကျ်ားကြီး တယောက်လို့ ကျွန်တော် ဘယ်လိုမှ မြင်ကြည့်လို့ မရဘူး။ အသက် ကတော့ သူ ကျွန်တော့် ထက်ကြီးတယ်။

XXX

ခုတော့ နည်းနည်း စိတ်ချလာရပြီ ထင်ပါရဲ့။ ဒလဟောလျှောနေတဲ့ ဝမ်းကတော့ ရပ်သွားပြီ။ သွေးခုန်နှုန်းတို့၊ သွေးပေါင်တို့ ကတော့ နည်းတုန်းပဲ။ မနေ့ညက သူ ချမ်းလိုက်တာလို့ ညည်းသတဲ့။ တကယ်က အတော် ပူလာပြီ။ ဒါနဲ့ ဖီလီစတီက သူ့ကို ခြေအိတ်တွေ ဝတ်ပေးထားတယ်။ ဒီမနက်တော့ သူ ကျွန်တော့်ကို ထူးထူးဆန်းဆန်း ပြောတယ်။ "ဆရာတို့ ကျွန်တော့်ကို ဘာလို့ ဝလာအောင် လုပ်ပေးနေကြတာလဲဗျာ၊ ကျွန်တော့်ကို ဒီအတိုင်း ဘာမှမလုပ်ဘဲ ထားလိုက်ရင် ကျွန်တော် သေသွားမယ်ထင်လို့လား၊ ကျွန်တော်က ဘာများ အရေးပါလို့လဲ" သူ့လက်ကို သွေးစမ်းဖို့ ကိုင်တော့ ဆတ်ကနဲ သူ ရုန်းတယ်။ သူရုန်းတဲ့အားကို ကြည့်ပြီး ကျွန်တော် လန့်တောင်သွားတယ်။ ဒီလူ ဘယ်ကများ ဒီလောက် အားအင်တွေ ရထားပါလိမ့်လို့ပေါ့။ တခြားလူနာတွေ လှည့်ကြည့်ပြီးတော့ ကျွန်တော် သူ့ဆီ နောက်တခေါက် ပြန်သွားတယ်။

"ခုနက ကျွန်တော် ဘာအရေး ပါလို့လဲလို့ ခင်ဗျား ပြောခဲ့တယ်နော် မစ်ခေး။ ဟုတ်ပါတယ်။ ခင်ဗျားက ဘာမှ အရေးမပါပါဘူး။ ဒါပေမဲ့အမေ့လျှော့ခံ သတ္တဝါလဲ မဟုတ်ဘူးဗျ။ ခင်ဗျားက လူ၊ စာကလေးမဟုတ်ဘူး"

သူ မျက်နှာကြက်ကို အကြာကြီး မော့ကြည့်နေတယ်။ ဝိညာဉ်တွေနဲ့များ စကားပြောနေသလား အောက်မေ့ရလောက်အောင် တမော့တမောပဲ။ နောက်ဆုံးတော့ သူ စကားပြောလာတယ်။

"အမေဟာ သူ့တဘဝလုံး ပင်ပင်ပန်းပန်း အလုပ်လုပ်ခဲ့ရတယ်ဆရာ၊ သူများအိမ်မှာ သူ ကြမ်းတိုက်ရတယ်၊ ချက်ပေး ပြုတ်ပေးရတယ်၊ အဝတ်လျှော်ရတယ်၊ ပန်းကန်ဆေးရတယ်၊ ရေချိုးခန်း၊ အိမ်သာကို သန့်ရှင်းရေးလုပ်ရတယ်၊ တသက်လုံး လုပ်ခဲ့တာ၊ ဒါပေမဲ့ သူ အိုစနာကျပြီး မလုပ်နိုင်တော့တဲ့ အခါကျတော့ အိမ်ရှင်တွေက သူ့ကို မေ့ပစ်လိုက်ကြတယ်၊ မမြင်ကွယ်ရာမှာ နေခိုင်းခဲ့တယ်၊ သေလည်းသေရော တခါတည်း မီးရှို့ပစ်လိုက်ကြတယ်၊ သူတို့က ကျွန်တော့်ကို ပြာဘူးလေးတဘူး ပေးတယ်၊ ဒါ မင့်အမေပဲတဲ့။ ခေါ်သွားတော့တဲ့၊ မြန်မြန်ခေါ်သွားတဲ့"

မစ်ခေးပြောနေတာကို ခြေကျိုးကောင်လေးက သူ့ခုတင်ပေါ်ကနေ အိပ်ချင်ယောင်ဆောင်ပြီး နားထောင်နေတာ ကျွန်တော် သိတာပေါ့။ သူပြောချင်တာကို ကျွန်တော် သဘောပေါက်ပါတယ်။

"ကျွန်တော်တို့ လုပ်စရာရှိတာ လုပ်ပေးတာပဲ မစ်ခေး၊ ခင်ဗျား တယောက်တည်း ကွက်ပြီး ပြုစုနေတာတော့ မဟုတ်ဘူး၊ ခင်ဗျားနေကောင်းသွားရင် ခင်ဗျားအတွက်ပဲ ဖြစ်ဖြစ်၊ ခင်ဗျား အမေအတွက်ပဲ ဖြစ်ဖြစ် လုပ်ချင်တာ လုပ်နိုင်ပြီပေါ့၊ ခင်ဗျား သဘောပေါက်မယ် ထင်ပါတယ်"

XXX

တကယ်တော့ သူပြောတာ မှန်တယ်ဗျ၊ ကျွန်တော် သူ့အပေါ်မှာ အတော် ဂရုစိုက်နေမိတယ်။ သူ ဘယ်လိုလူစားမျိုးလဲ။ ကျွန်တော်တို့နိုင်ငံမှာ ခု လူတန်းစား နှစ်မျိုး ရှိတယ်။ ပထမတမျိုးက စစ်ကြောင့် တောကနေမြို့ကို တက်ပြေးလာတဲ့ စစ်ပြေးဒုက္ခသည်တွေ၊ ဒုတိယတမျိုးက မြို့ပေါ်မှာ ဆက်မနေနိုင်တော့လို့ စားဝတ်နေရေး ခက်ခဲလွန်းလို့ တောကို ထွက်ပြေးတဲ့ မြို့ရှောင်ဒုက္ခသည်တွေ၊ မစ်ခေးဟာ ဒုတိယအမျိုးအစားထဲမှာ ပါတယ်လို့ ကျွန်တော်ထင်တယ်။ ကျပ်ညပ်ပြီး မှောက်ခါနီး ဆဲဆဲသင်္ဘောကြီးပေါ်ကနေ ခုန်ချထွက်ပြေးတဲ့ ကြွက်ကလေးပေါ့။ မြို့ကြွက်ဆိုတော့တောမှာ ဘယ်လိုနေရမှန်း သူ မသိဘူး။ ခုတော့ ရေနစ်လုဆဲဆဲ မစ်ခေးကြွက်ကလေး ကုန်းပတ်ပေါ် ပြန်ရောက်လာပြန်ပြီပေါ့။

XXX

နို့ဝယ့်ကို ပရင့်စ်အဲလ်ဗတ် ရဲစခန်းက ဖုန်းဆက်လာတယ်။ မနေ့ညက မြို့ ရေပေးဝေရေး စခန်းကို အတိုက်ခံရသတဲ့။ ပင်မရေစုပ်စက်ကြီးနဲ့ ပိုက်လိုင်းကြီးတွေကို ဖောက်ခွဲသွားတယ်တဲ့။ ပြင်ဆင်ဖို့ အင်ဂျင်နီယာတွေ စောင့်နေတုန်း ရေတွင်းတွေ အရေးပေါ်တူးဖို့ လိုနေတယ်တဲ့။ မီးလိုင်းတွေလည်း ပျက်သွားတယ်တဲ့။ အင်း- နောက်ထပ် သဘောလေးတစီးတော့ နစ်ပြန်ပြီပေါ့။ ပင်မသင်္ဘောကြီးတွေလည်း တဖြည်းဖြည်းနဲ့ သူတို့ချည်းသက်သက် အမှောင်ထုထဲ တိုးဝင်နေရပါပကော။ ရဲတွေက မစ်ခေးကို စစ်ချင်တယ်တဲ့။ ဒီကိစ္စတွေ အားလုံးဟာ တောင်ပေါ်သူပုန် မစ်ခေး အပေါင်းအသင်းတွေ လက်ချက် သေချာသတဲ့။ ကျွန်တော် နို့ဝယ့်ကို မေးလိုက်တယ်။

"နေပါဦး၊ သူတို့ စိတ်တိုင်းကျ စစ်ပြီးလို့ ဒီလူကို ဒီလွှတ်လိုက်တာ မဟုတ်လား၊ ဒုတိယအကြိမ် ထပ်စစ်တော့ ထူးလာမယ်လို့ သူတို့ထင်နေကြတယ်ထင်တယ်၊ ဒီလူ ခရီးသွားလို့ မဖြစ်နိုင်ဘူး နို့ဝယ်၊ သူ့အတွက် ကျွန်တော် အာမ မခံနိုင်ဘူး"

"ကျွန်တော်တို့ကိုတောင် စကားမပြောနိုင်လောက်အောင် သူနေမကောင်းတာလား ဆရာ"

"အဲသလို နေမကောင်းတာ မဟုတ်ဘူး နိုဝယ်၊ သူနဲ့ စကားပြောလို့ကို မရတာ၊ ခင်ဗျား မေးချင်တာမေး၊ သူ ဖြေချင်တာ ဖြေလိမ့်မယ်၊ ရိုက်စစ်လည်း သေရုံပဲ အဖတ်တင်မယ်"

မစ်ခေးရဲ့ စာရွက်စာတမ်းတွေကို နိုဝယ်က ကျွန်တော့်ကို ပြတယ်၊ အော့ပ်ဂါဒါဆိုတဲ့ ခေါင်းစဉ်တပ်ထားတယ်။ ကျွန်တော် နားမလည်ဘူး။ ဘာလဲ အော့ပ်ဂါဒါ။ နိုဝယ် ကတော့ အော့ပ်ဂါဒါဆိုတာ တောက်တိုမည် ရသူပုန်တဲ့၊ ဘာသာပြန်ပြတယ်။

"ကြံကြီးစည်ရာဗျာ၊ တောက်တိုမည်ရ သူပုန်ဆိုတဲ့ အဆင့်အတန်းမျိုးနဲ့ သူပုန်ရှိလို့လားဗျာ၊ ဒါဆို မစ်ခေးက တောက်တိုမည်ရ ကျောင်းဆင်းပေါ့"

XXX

မစ်ခေးကို ကျွန်တော်တို့နှစ်ယောက် စတိုခန်းထဲ ခေါ်လာခဲ့တယ်။ ဆေးရုံအဝတ်တွေပေါ် စောင်ကြီးတထည် ထပ်ခြုံပြီး သူ လိုက်လာရှာတယ်။ စတိုခန်းက ရှုပ်ပွလို့၊ ဘယ်နေရာမှ ထိုင်စရာမရှိဘူး။ မစ်ခေးလည်း ငှက်ခြေထောက်သာသာ သူ့ခြေထောက်လေးနှစ် ချောင်းပေါ် မတ်တတ်ရပ်နေရရှာတယ်။

"မင်းတော့ ဒုက္ခရောက်ပြီ မစ်ခေး"

နိုဝယ်က ရောက်ရောက်ချင်း ဆောက်နဲ့ ထွင်းလိုက်တယ်။

"ပရင့်စ်အဲလ်ဗတ်က မင့်လူတွေကတော့ ပြဿနာရှာနေကြပြီ။ သူတို့ကို အမြန်ဆုံး ဖမ်းမိဖို့ လိုနေပြီ။ ခု မင်းကို မေးမယ်၊ သူတို့ ဘယ်မှာ လဲ"

နိုဝယ်က စီးကရက် တလိပ်ကို မီးညှိလိုက်တယ်။ မစ်ခေးက ကျွန်တော်တို့ကို လုံးဝမကြည့်ဘူး။ ခေါင်းငုံ့နေတယ်။ ကျွန်တော် ဝင်ပြောလိုက်တယ်။

"မစ်ခေး၊ အဲ... မိုက်ကယ်၊ တချို့က ခင်ဗျားကို မယုံကြည်ဘူးဗျ သူပုန်တွေနဲ့ ပေါင်းတယ်လို့ပဲ တထစ်ချ ယူဆနေကြတယ်။ အဲဒါ ခင်ဗျားက မဟုတ်ကြောင်း ရှင်းပြနိုင်ရင် သိပ်ကောင်းမယ်ဗျာ၊ ဒီတော့ ကျွန်တော့်ကို၊ ဒီက ဗိုလ်မှူး နိုဝယ်ကို ခင်ဗျား ယာခင်းထဲမှာ ဘာတွေ လုပ်နေလဲဆိုတာ သေချာပြောပြဗျာ၊ ခင်ဗျားနဲ့

ပတ်သက်လို့ ရဲစခန်းက ပေးထားတဲ့ မှတ်ချက်တွေက သိပ်မကောင်းဘူးဗျ၊ ဆိုတော့ ကျွန်တော် တို့ကို အမှန်ပြောဗျာ၊ ပြီးရင်သွားပြန်အိပ်တော့၊ နောက်တခါ ထပ်မမေးတော့ဘူး"

မစ်ခေးဟာ လည်ပင်းထိရောက်အောင် စောင်ကြီးကို ပတ်လိုက်ပြီး ကျွန်တော်တို့နှစ်ယောက်ကို ပြူး ပြူးကြီး ကြည့်နေတယ်။

"ပြောပါ သူငယ်ချင်းရာ၊ ခင်ဗျားကို နာအောင် ကျင်အောင် လုပ်မယ့်သူ ဒီမှာ တယောက် မှ မရှိဘူး၊ ကျွန်တော် တို့ သိချင်တာကိုသာ ပြောပြလိုက်ပါ"

အခန်းတခုလုံး တိတ်နေလိုက်တာ အပ်ကျသံတောင် မကြားရဘူး။ နိုဝယ်ကလည်း ဘာတခွန်းမှ ဝင်မပြောဘူး။ ကျွန်တော် စိတ်ညစ်လာတယ်။

"ကဲ ပြောဗျာ မိုက်ကယ်ရာ၊ ကျွန်တော်တို့ သေချာသိရဖို့လိုတယ်၊ စစ်ဖြစ်နေတဲ့အချိန်မှာ သတင်းအချက်အလက်ဟာ အရေးကြီးတယ်ဗျ"

နောက်ဆုံးတော့ ကိုရွှေမစ်ခေး နှုတ်ဖျားက စကားတခွန်း အန်ကျတော် မူလာခဲ့တယ်။

"စစ်က ကျွန်တော် ဖြစ်တာမှ မဟုတ်တာ ဆရာ" တဲ့။ သောက်ကျိုးနည်း၊ ဒါကျတော့ သူ ပြောတတ်တယ်။ ကျွန်တော်လည်း စိတ်တော်တော် တိုသွားတယ်။

"စစ်က ခင်ဗျား ဖြစ်တာ မဟုတ်ပေမယ့် ခင်ဗျားကတော့ စစ်ထဲပါနေတာပဲ မိုက်ကယ်၊ ခင်ဗျား ကြိုက်သည် ဖြစ်စေ၊ မကြိုက်သည် ဖြစ်စေခု ခင်ဗျား စစ်ထဲပါနေပြီ၊ ဒီမှာ ခင်ဗျားသိထားဖို့က ဒါ စခန်းဗျ၊ အပန်းဖြေရိပ်သာ မဟုတ်ဘူး၊ ခင်ဗျားတို့လို လူမျိုးတွေကို ပြန်လည်ထူထောင်ပေးပြီး အလုပ်လုပ်နိုင်အောင် လေ့ကျင့်ပေးတဲ့ အလုပ်စခန်း၊ ဘာလုပ်ဖို့လဲ သိလား၊ သဲအိတ်တွေ ထမ်းဖို့၊ ကတုတ်ကျင်းတွေ တူးဖို့ဗျ၊ ခါးကျိုးအောင် အလုပ်လုပ်ဖို့ ကျင့်ပေးတဲ့ စခန်းဗျ။ ခင်ဗျားကို နေကောင်းပြီဆိုပြီး စခန်းထဲပို့လိုက်ရင် ဘာ ဖြစ်သွားမယ်ထင်လဲ၊ အလုပ်လုပ်ရင် ခင်ဗျား သေမှာဗျ၊ သေရင် ခင်ဗျားနာမည်ကို စာရင်းထဲက ဖျက်ပစ်လိုက်ရုံပဲ၊ ခင်ဗျားဘဝ ပြီးပြီ၊ နိဂုံးချုပ်ပြီ၊ ခင်ဗျား အဲသလို ဇာတ်မသိမ်းချင်ဘူးဆိုတာ ကျွန်တော် သိတယ်။ အဲဒီတော့ ပြောပါဗျာ၊ အချိန်တွေလည်း ကုန်လှပြီ၊ ခင်ဗျား လုပ်ခဲ့သမျှကို အမှန်အတိုင်း ပြောလိုက်၊ ကျွန်တော်တို့ စာနဲ့ရေး မှတ်ထားမယ်၊ ပြီးရင် ပရင့်စ်အဲလ်ဗတ်ရဲစခန်းကို ပို့လိုက်မယ်၊ ဒီက ဗိုလ်မှူးက အလုပ်သိပ်များတယ်၊ သူ့မှာ ပင်စင်ယူခါနီး ကြီး၊ ခင်ဗျား ပြောဗျာ"

မစ်ခေးဟာ နှုတ်ခမ်းတွေ တရွရွလှုပ်လာတယ်။ လျှာနဲ့ သူ့နှုတ်ခမ်းကို တချက်သပ်လိုက်တယ်။ ဟုတ်ပြီ။ ပြော၊ ပြော၊ ပြောတော့လေ။ ကိုင်း- သူ ပြောပြီ။

"အနော်က ကျကားကျော နတော် ဘူးဂျ" တဲ့။

အမယ်လေးနော်၊ သောက်ကျိုးနည်း၊ သေသော သေလိုက်ချင်တော့တာပဲ။

"ဒီမှာ မိုက်ကယ်၊ ခင်ဗျားကို စကားရည်လုပ္ပဲ တက်ပြောခိုင်းနေတာမဟုတ်ဘူး၊ ခင်ဗျား စကားပြော တော်သည် ဖြစ်စေ၊ ညံ့သည်ဖြစ်စေ အမှန်ကို ပြောပါဗျာ"

အလိုလေးလေ့၊ ကျွန်တော် ဒီလိုပြောတော့ ကိုယ်တော်မြတ်က ပြုံးတော်မူတယ်ဗျ။ နိုဝယ်လည်း စိတ်ရှည်ပုံ မရတော့ဘူး။

"မင်းပြောတဲ့ ယာခင်းဆိုတာလေ၊ ဘာတွေ စိုက်သလဲ"

"အတီးအနှံ့ဒွေဘာ"

အမယ်- ဒီလိုတော့ ဟုတ်သား။

''ဟုတ်ပြီ၊ အသီးအနှံတွေ က ဘယ်သူ့အတွက်လဲ၊ မင်း ဘယ်သူ့ကိုပေးသလဲ"

"အတီးအနှံ့ဒွေက အနော့်ဟာ ဟုတ်ဖူး၊ ညေဂျီးထဲက ထွက်ရာဒါ"

"မြေကြီးထဲက ထွက်လာတာ ငါသိတယ်၊ မင်း ဘယ်သူ့ကို ပေးသလဲ"

"အဖွဲ့မှ နပေးဘူး၊ ရှစ်တားတွေ ယူတွားဒါ'"

''ဟုတ်ပြီ၊ စစ်သားတွေက မင်းအသီးတွေ ယူသွားတော့ စိတ်မဆိုးဘူးလား"

"ဘာချိတ်ချိုးစရာရှိလဲ၊ အနော်ဒို့ အားလုံး ညေကခြစ်တဲ့ တားတမီးတွေ ပဲဟာ"

မ ဖြစ်သေးဘူး၊ ရွာလည်နေပြန်ပြီ၊ ကျွန်တော် ဝင်ပြောရပြန်သည်။

"ခင်ဗျားအမေကို အဲဒီ မြေမှာ မြှုပ်ခဲ့တယ်လို့ ခင်ဗျား ကျွန်တော့်ကို ပြောဖူးတယ်နော်၊ ခင်ဗျား ဗိုလ်မှူးကို အဲဒီ အကြောင်း ပြောပြလိုက်ပါလား"

ကြည့်စမ်း၊ သူ့အမေအကြောင်း ပြောလိုက်တာနဲ့ မျက်နှာက

ဖြစ်သွားလိုက်တာ၊ ခြေထောက်တွေ ကလည်း ဂနာမငြိမ်၊ လျှာကလည်း ခဏခဏထွက်ထွက်လာပြီး နှုတ်ခမ်းကို သပ်သပ်နေတယ်။

"ကဲပါ မင်းအမေအကြောင်း မပြောချင်လည်း တောင်ပေါ်ကဆင်းလာပြီး မြို့ထဲမှာ ဝင်သောင်းကျန်းတဲ့ မင်းသူငယ်ချင်း ခွေးသားတွေ အကြောင်းပြော"

နိုဝယ် ကတော့ သူ မေးချင်တာကို ဇွတ်မေးနေတော့တာပဲ။

"ခင်ဗျား အဖေကော၊ အမေအကြောင်းပဲ ခင်ဗျား ပြောတယ်၊ အဖေအကြောင်း မပြောဖူးဘူးနော်၊ ခင်ဗျားမှာ မိသားစု မရှိဘူးလား၊ ခင်ဗျားအမြဲတမ်း တယောက် တည်းပဲလား၊ နောင်ရေးအတွက် ဘယ်လို စဉ်းစားထားလဲ၊ ခင်ဗျားနဲ့စပြီး ခင်ဗျားနဲ့ဆုံးရရင် ဘဝက အတော် ပျင်းစရာကောင်းမှာနော်၊ ခင်ဗျား ဘယ်လိုထင်လဲ"

ဘာမှကို ပြန်မပြောတော့ဘူး။ ကျွန်တော် ဆက်ပြောတယ်။

"ကျွန်တော်တို့ ခင်ဗျားကို စကားပြောဖို့ ခေါ်လာတာ မိုက်ကယ်၊ ခု ခင်ဗျား အိပ်ဖို့၊ စားဖို့လည်း ကျွန်တော်တို့ အားလုံး စီစဉ်ပေးထားတယ်၊ အိပ်ရာထဲလှဲရင်း ငှက်ကလေးတွေကို ခင်ဗျား ကြည့်ချင် သလောက် ကြည့်လိုက်ရတယ်၊ ကျွန်တော်တို့ကို တခုခုတော့ ပြန်ပေးပါဗျာ နော်။ ခင်ဗျားမှာ ပြောစရာတွေ ရှိတာ ကျွန်တော် သိပါတယ်၊ ဘယ်က စစ၊ စချင်တဲ့နေရာက စပြောဗျာ၊ အမေအကြောင်းပဲ ဖြစ်ဖြစ်၊ အဖေအကြောင်းပဲ ဖြစ်ဖြစ်၊ ဘဝအကြောင်းပဲ ဖြစ်ဖြစ်၊ ယာခင်းအကြောင်းပဲ ဖြစ်ဖြစ် တောင်တန်းတွေ အကြောင်းပဲ ဖြစ်ဖြစ် ပြောချင်တာပြော၊ ပြောရင် ပြန်ခွင့်ပေးမယ်"

ကျွန်တော် ခဏ နားလိုက်တယ်။ ကိုယ်တော်မြတ်က မလှုပ်သေးဘူး။ ဒါနဲ့ ထပ်ပြောရပြန်တယ်။

"ပြောပါ မိုက်ကယ်ရယ်၊ ပြောစမ်းပါဗျာ၊ ပြောရတာ လွယ်ပါတယ်၊ ကျွန်တော် အခု အများကြီး ပြောပြီးပြီ၊ တခန်းလုံးတောင် ကျွန်တော် စကားလုံးတွေနဲ့ ပြည့်နေလောက်ပြီ"

နိုဝယ်က ကျွန်တော့်ကို တချက်လှမ်းကြည့်တယ်၊ ကျွန်တော် ဆက်ပြောတယ်။

"ပြော မိုက်ကယ် ပြော၊ ခင်ဗျား အသက်ရှင်ချင်တယ် မဟုတ်လား၊ပြော ပြော၊ ခင်ဗျားပြောသမျှကို နားထောင်ဖို့ ကျွန်တော် တို့နှစ်ယောက် စောင့်နေတယ်ဗျာ"

နိုဝယ်က မပြောမဆိုနဲ့ အခန်းထဲက ထွက်သွားတယ်။ မိုက်ကယ်စောင့်နေဦးလို့ ပြောပြီး သူ့နောက် ကမန်းကတန်း လိုက်ရတယ်။ ဆေးရုံစကြံပေါ်မှာ တရှူးရှူး တရှဲရှဲနဲ့ ဒေါပွနေတဲ့ နိုဝယ်ကို ကျွန်တော် ချော့ရပြန်တယ်။

"ဒီမှာ နိုဝယ်၊ အရှုံးအပေါ်နဲ့ ဖက်ပြီး စိတ်ဆိုးနေလို့ ရမလားဗျ၊

ခုခင်ဗျားမြင်တဲ့အတိုင်းပဲ၊ ဒီလူ ဘယ်လောက်များ အူတူတူနိုင်သလဲဆိုတာ၊ ဒါပေမဲ့ သနားစရာပါဗျာ၊ ဘယ်သူကများ စစ်မီးတောက်နေတဲ့ ဒီနေရာကိုသွားဖို့ သူ့လိုလူမျိုးကို ခွင့်ပြုပေးလိုက်တယ် မသိပါဘူး။ ဒီလူဟာ တသက်လုံး အကူအညီအစောင့်အရှောက်နဲ့ နေရမယ့်လူမျိုးဗျ၊ တယောက်တည်း ရှင်သန်နိုင်စွမ်း ရှိတဲ့လူမျိုး မဟုတ်ဘူး။ ဒီတော့ ကျွန်တော် ပြောချင်တာကတော့ သူ့ကို လွှတ်ပေးလိုက် ပါတော့ဗျာ၊ သူ့ဆီက ညှစ်ထုတ်နေလို့ အီးပဲထွက်မယ်၊ ဘာမှ ထွက်လာမှာ မဟုတ်ဘူးဆိုတာ ခင်ဗျား ခု လက်တွေ့ပဲမဟုတ်လား"

"ဘယ်သူက ညှစ်နေလို့လဲ"

"ခု ဖွတ်အတင်း အဓမ္မ မေးနေတာ ညှစ်နေတာပေါ့ဗျ၊ သူ ဘယ်ပြောနိုင်မှာလဲ၊ သူမှ ဘာမှ မသိတဲ့ဥစ္စာကို၊ ဒီလူဟာ သူ့ဟာသူတောင် ဘာလုပ်လို့ လုပ်မှန်းသိတာ မဟုတ်ဘူး၊ ကျွန်တော် သူ့ကို ရက်ပေါင်းများစွာ စောင့်ကြည့်ခဲ့ပြီးပြီ၊ ဆိုတော့ဗျာ၊ အစီရင်ခံစာတစောင် ရေးလိုက်၊ အဲဒီ ဆွပ်ဘတ်ခ် သူ့ပုန်ဂိုဏ်းဟာ ဘယ်နှယောက် လောက်ရှိမလဲ၊ နှစ် ဆယ်လား၊ သုံးဆယ်လား၊ နှစ် ဆယ်လောက်ရှိတယ်လို့ သူပြောတယ်ဆိုပြီး ရေးချလိုက်၊ ယာခင်းထဲကို လေး-ငါး-ခြောက်ပတ် တကြိမ်လောက် လာတတ်တယ်လို့ ရေးလိုက်၊ ဘယ်တော့ ပြန်လာမယ်ဆိုတာ သူ့ကို ဘယ်တော့မှ ပြောပြလေ့ မရှိဘူးလို့ရေး၊ သူတို့ရဲ့ ပထမနာမည် တွေပဲ သိတယ်လုပ်လိုက်၊ ခင်ဗျားရေးချင်တဲ့ နာမည်တွေ ချရေး လိုက်၊ ပီတာ၊ ရောဘတ် ဘာ ဖြစ်ဖြစ်ပေါ့၊ သူတို့ကိုင်တဲ့ ပြောင်းတို ပြောင်းရှည်တွေ ဒါ ဒါ ဆိုပြီးရေး၊ တောင်ပေါ်ဘယ်နေရာမှာ သူတို့နေသလဲဆိုတာတော့ မသိပါလို့ရေး၊ အတော် မြင့်မြင့်မှာ နေတယ်လို့ ထင်တယ်ဆိုပြီး သူပြောတယ်လို့ ရေးလိုက်၊ ခြေကျင် သွားရင်တောင်ပေါ်ရောက်ဖို့ နှစ်ရက်လောက် ကြာတယ်လို့တော့ ကြားဖူးတယ်လို့လည်း ထည့်ရေး၊ ဂူထဲမှာ သူတို့နေကြတယ်၊ သူတို့မိသားစုတွေလည်း အဲဒီမှာပဲ နေတယ်ဆိုပြီး နိဂုံးချုပ်လိုက်၊ ဒါဆို ပြီးပြီမဟုတ်လား၊ အဲဒါကိုရဲစခန်းပို့လိုက်၊ ပြီးရော မဟုတ်လား"

"ဆရာ့ဟာကလည်း ကျုပ်ဟာကျုပ်ရေးပြီး ကျုပ်ဟာကျုပ်လက်မှတ်ထိုးပြီး အစီရင်ခံစာတင်ရမယ် ဆိုတော့.."

"ဒါ လိမ်တာမှ မဟုတ်ဘဲ နိုဝယ်ရဲ့၊ ခင်ဗျား မိုက်ကယ့်ကို လျှောက်မေးပြီး သူဖြေတဲ့ တောင်စဉ်ရေမရတွေ လျှောက်ရေးတာထက် စာရင် ကျွန်တော် ခုပြောတာကမှ အမှန်တရားနဲ့ အများကြီး နီးစပ်သေးတယ်"

"ဒါပေမဲ့ အဲဒီ သူပုန်ဂိုဏ်းက ခင်ဗျားပြောသလို တောင်ပေါ်မှာ နေတာမဟုတ်ဘဲ ပရင့်စ်အဲလ်ဗတ်နားမှာပဲ ခိုအောင်းနေတာဆိုရင် ဘယ်လိုလုပ်မလဲ၊ မြို့အစွန်အဖျားက အလုပ်သမားတွေ တောင် ဖြစ်နိုင်သေးတယ်၊ မနက်ကျတော့ အလုပ်သွား၊ ညကျတော့ သေနတ်ထုတ်ပြီး ခားပြတိုက်ဆိုတာမျိုးလေ၊ ဆရာ ဘာဖြစ်လို့ ဒီ မစ်ခေးရှေ့ကနေ ကာဆီးကာဆီး လုပ်နေတာလဲဗျာ"

"ကျွန်တော် သူ့ကို ကာကွယ်ပေးနေတာ မဟုတ်ပါဘူး နိုဝယ်။ သူ့ကို မေးနေလို့ မောရုံပဲရှိမယ်လို့ ပြောနေတာ။ သူ့မှာ ဘာဇာတ်လမ်းမှမရှိဘူး နိုဝယ်၊ ခင်ဗျားတို့ သိချင်တာကို ပြောပြဖို့ သူ့မှာ ဘာမှ မရှိဘူး၊ ရှင်းရှင်းပြောရရင် ဒီလူဟာ သူ့ကမ္ဘာလေးထဲမှာ သူ ပျော်မွေ့နေတတ်တဲ့လူမျိုးပဲ၊ အပြင်လောကအကြောင်း သူ ဘာမှ မသိဘူး မိုက်ကယ်"

XXX

မစ်ခေး၊ သို့မဟုတ် မိုက်ကယ်ဆိုတဲ့လူကို ကျွန်တော် အဲဒီ လိုကယ်တင်ခဲ့ရတယ်ဗျာ။ ကျွန်တော်နဲ့ နိုဝယ် အစီရင်ခံစာတစောင်ကို အတူတူရေးပြီး ရဲဌာနပို့လိုက်တယ်။ ထင်တဲ့အတိုင်းပဲ၊ သူတို့ ကျေနပ်သွားကြတယ်။ မိုက်ကယ်လည်း ပရင့်စ်အဲလ်ဗတ် အချုပ်ခန်းထဲမှာ သေးအလူးလူးနဲ့နေရမယ့် အန္တရာယ်က လွတ်သွားခဲ့တယ်။

ခင်ဗျား တနေ့တော့ ခင်ဗျားအတွက် ကျွန်တော်လုပ်ပေးခဲ့တာကို သိလာပါလိမ့်မယ် မိုက်ကယ်။ ခင်ဗျားဟာ မြို့တော်မှာ အနှစ်သုံးဆယ်လောက် နေလာခဲ့တယ်။ ရတ်တရက်ချက်ချင်း စစ် ဖြစ်နေတဲ့နေရာကို ရောက်လာခဲ့တယ်။ ကလေးပေါက်စ တယောက်လို ဘာဆိုဘာမှမသိတဲ့ ခင်ဗျားအနေနဲ့ ဒီစစ်ဒေသအတွင်းမှာ ရှင်သန်ဖို့ဆိုတာ ကြောင်ပေါက်လေးတကောင် အရွယ်ရောက်လာဖို့၊ ဘဲပေါက်လေးတကောင် အတောင်အလက် စုံလာဖို့ထက်တောင် ခက်သေးတယ် မိုက်ကယ်။ စာရွက်စာတမ်း မရှိ၊ မိသားစုမရှိ၊ အပေါင်းအသင်း မရှိ၊ ကိုယ့်ကိုယ်ကိုယ်လည်း ဘာမှန်းမသိ၊ ခက်လိုက်တဲ့မိုက်ကယ့်နှယ်။

XXX

ဒီနေ့ ကတော့ တကယ့်ကို နွေပီပီသသ ပူနွေးတဲ့နေ့ပါပဲ။ ကမ်းခြေသွားရရင် သိပ်ကောင်းမှာ။ အဲသလို စဉ်းစားမိလို့လားမသိ။ ဆေးရုံကိုလူနာအသစ် တယောက် ရောက်လာခဲ့တယ်။ အပြင်းဖျား၊ မူး၊ အန်၊ တကိုယ်လုံးလည်း အကျိတ်တွေ ရောင်လို့ပေါ့။ ပေါင်ချိန်တဲ့အခန်းထဲမှာ သူ့ကို သီးသန့်ခွဲထားလိုက်တယ်။ သွေးနမူနာ၊ ဆီးနမူနာတွေ ယူတယ်၊ ဝိန်းဘတ်က ခွတ်ခွဲခန်းကို ချက်ချင်း ပို့ခိုင်းလိုက်တယ်။ ခုနက စာတိုက်ဘက်ရောက်တော့ အဲဒီ ချက်ချင်းပို့ဆိုတဲ့ အထုပ်ကြီး စားပွဲပေါ်မှာ ဒီအတိုင်း မလှုပ်မယှက် တွေ့ရတယ်။

ဒီနေ့ စာပို့ကား မလာဘူးတဲ့။ စာတိုက်စာရေးက ပြောတယ်။ စက်ဘီးနဲ့ စာပို့လွှတ်လို့ မရဘူးလားဆိုတော့ ပို့ပေးမယ့်လူ တယောက်မှ မရှိဘူးတဲ့။ စခန်းမှာ လူတွေ ဒီလောက်များတာ ဘယ်သူ့ခိုင်းခိုင်း ရတယ်၊ ဒါ အရေး ပေါ်ကိစ္စဆိုတော့ စာရေး က ပခုံးတွန့်ပြပြီး ဖြည်းဖြည်းပေါ့ ဆရာ၊ ဘာတွေ လောနေတာလဲတဲ့။ မဂ္ဂဇင်းတစောင် ထုတ်ဖတ်နေလိုက်တယ်။

XXX

တနင်္ဂနွေနေ့ဆို စခန်းက အလုပ်သမားတွေ (တကယ်တော့ အကျဉ်းသားတွေပါ) အတွက် ပိန်းဘတ်ဘုရားကျောင်းက ဓမ္မတေး အဖွဲ့တဖွဲ့ အမြဲတမ်းလာတတ်တယ်။ အကော်ဒီယန်သမား တယောက်က တီး၊ သူတို့က ကွိုင်ယာတွေဆို၊ အကျဉ်းသားတွေလည်း လိုက်ဆိုတတ်ရင်ဆိုပေါ့။ ဘုရားရှိခိုးပြီးတာနဲ့ စားသောက်ခန်းကို တန်းသွားပြီး အစာစားကြတယ်။ ကောင်းပါတယ်။ သူတို့ စိတ်ကျန်းမာရေးအတွက် ကွိုင်ယာနဲ့ ပတ်စတာ၊ ခန္ဓာကိုယ်ကျန်းမာရေးအတွက် ဆေးရုံနဲ့ ဆရာဝန် ပြည့်ပြည့်စုံစုံ ရှိနေတာကောင်းတာပေါ့။ နောက် သုံး-လေးပတ်လောက်ဆို ဒီလူတွေ အလုပ်လုပ်ဖို့အဆင်သင့် ဖြစ်ပြီဆိုတာ ကျွန်တော်က ထောက်ခံပေးရမယ်။ ပြီးရင် သူတို့ အစုလိုက် အပြုံလိုက် ထွက်ခွာသွားကြလိမ့်မယ်။ သူတို့နေရာမှာ မျက်နှာသစ် အယောက်ခြောက်ရာ ထပ်ရောက်လာလိမ့်မယ်။ ဒီလိုနဲ့ တသုတ်ပြီးတသုတ် ဝင်လိုက်၊ ထွက်လိုက်နဲ့ပေါ့။ နိုဝယ့်စကား ငှားပြောရရင် စစ် ကတော့ တသက်လုံး ဖြစ်မနေနိုင်ပါဘူးလေ။ တနေ့နေ့တော့ ပြီးသွားမှာ ပေါ့။

XXX

မနေ့က မိုက်ကယ့်ကို ဆေးရုံဆင်းခွင့်ပေးလိုက်တယ်။ ကာယလေ့ကျင့်ခန်းတွေ လုပ်ခိုင်းလို့တော့ မရသေးဘူးလို့ ဆေးရုံဆင်းလက်မှတ်မှာ ထည့်ရေး ပေးလိုက်တယ်။

ဟင်- မနက်က လေ့ကျင့်ကွင်းထဲကို လှမ်းကြည့်လိုက်တော့ မိုက်ကယ့်ကို

သူတို့ ပြေးခိုင်းနေကြပါကလား။ အရိုးနဲ့ အရေပဲရှိတဲ့ ကမ္ဘောဒီယားသားများ သွက်သွက်လက်လက် တူတူပြေးနေကြတဲ့ လူအယောက် လေးဆယ်ရဲ့ အနောက်မှာ အဝေးကြီးပြတ်ကျန်ခဲ့တယ်။

ဒါနဲ့ပဲ လေ့ကျင့်ရေး တာဝန်ခံ တပ်ကြပ်ကြီးကို သွားမေးတော့- "တကယ် လုပ်နိုင်၊ မလုပ်နိုင် သိရအောင် လုပ်ခိုင်းကြည့်တာ"တဲ့။

"အေး- လုပ်ရင်းနဲ့ နှလုံးခုန်ရပ်ပြီး လဲသေသွားတော့ ခင်ဗျားတာဝန်ယူမှာလား"

လေ့ကျင့်ရေး တာဝန်ခံက ကျွန်တော့်ကို ပြုံး တုံ့တုံ့ကြည့်ရင်း-

"ဆရာက ဒီသူတောင်းစားတွေ ပြောတာကို သိပ်ယုံတာကိုး၊ ပူမနေစမ်းပါနဲ့ဆရာရယ်၊ ဒီကောင်တွေ ဆရာ့ထက်တောင် ခံနိုင်ရည်ရှိသေးတယ်၊ ဟော- ဟိုမှာ ကြည့်"

မိုက်ကယ်ဟာ မျက်လုံးတွေ မှိတ်၊ အသက်ပြင်းပြင်းရှူပြီး ကျွန်တော်တို့နား ဖြတ်ပြေးသွားတယ်။ မျက်နှာ ကတော့ ရှုံ့နေ၊ တွေ့နေတာမျိုး မရှိဘူး၊ အေးဆေးပဲ။ ဘာပဲ ဖြစ်ဖြစ်လေ၊ ကျွန်တော်ကတော့ မိုက်ကယ်ပြောတာကိုယုံတယ်။ သူများတွေလောက် သူ အစာစားဖို့ မလိုဘူးဆိုတာ တချက်တော့ အနည်းဆုံး မှန်မှာ ပေါ့။

XXX

ကျွန်တော် မှားသွားတယ်။ ဟို သောက်တပ်ကြပ်စကားကို နားယောင်သွားမိတယ်။ နောက်နှစ် ရက်နေတော့ မိုက်ကယ် ဆေးရုံပြန်ရောက်လာတယ်။ အစောင့်နှစ်ယောက်က သူ့ကို တွဲထားတယ်။ ဒီလီစတီပြောတာတော့ ပျော့ခွေပြီး သတိ လုံးဝမရဘူးတဲ့။ ဘာဖြစ်တာလဲလို့မေးတော့ ဟိုလိုလို ဒီလိုလို လုပ်နေကြတယ်။ တပ်ကြပ်ကြီး အဲလ်ဘရန့်ချ်ကိုမေးပါလို့ လွှဲချကြတယ်။

သူ့ခြေထောက်တွေ၊ လက်တွေဟာ ရေခဲလိုပဲ အေးစက်နေတယ်။ သွေးခုန်နှုန်းလည်း စမ်းလို့တောင် မရဘူး။ ဖီလီစတီက မိုက်ကယ့်တကိုယ်လုံးကို စောင်နဲ့ပတ်ပြီး ရေနွေးအိတ်တွေ ကပ်ပေးတယ်။ ကျွန်တော် သူ့ကိုဂလူးကို့စ်တွေ ထိုးပြီး၊ နှာခေါင်းပိုက်ထည့်၊ နို့တွေ ထည့်ပေး လုပ်ရတယ်။ လေ့ကျင့်ရေး တပ်ကြပ်ကြီး အဲလ်ဘရန့်ချ်ကတော့ ခပ်အေးအေးပဲ။ မိုက်ကယ်ဟာ လေ့ကျင့်ခန်းတွေ ဝင်မလုပ်ဘူးတဲ့၊ ဂျစ်ကန်ကန် လုပ်တယ်တဲ့။ ဒါနဲ့

အပြစ်ပေးတဲ့အနေနဲ့ ထိုင်-ထ လုပ်ခိုင်းလိုက်တယ်တဲ့။

ခြောက်ခါလောက်လည်း လုပ်ပြီးရော ပစ်လဲသွားတော့တာပဲတဲ့။ သေနတ်မှန်တဲ့အတိုင်း တုံးကနဲပဲတဲ့။ သတိကို လည်မလာတော့ဘူးတဲ့။ အလကားသောက်ပျော့တဲ့။

"နေပါဦး၊ ဘယ်လေ့ကျင့်ခန်းကို သူက ဝင်မလုပ်တာလဲ"

"နိုင်ငံတော် သီချင်းဆိုတဲ့ လေ့ကျင့်ခန်း"

ကျွန်တော်လည်း ဒေါသကို ထိန်းမရတော့ဘူး။

"သီချင်းဆိုခိုင်းတယ် ဟုတ်လား၊ နင့်မေကလွှားတဲ့မှပဲ၊ စကားတောင် မနည်းပြောနေရတဲ့ ကောင်က မင်းဆိုခိုင်းတိုင်း ဆိုတတ်မလားကွ၊ သီချင်းဆိုခိုင်းပြီးရင် မင်း သူ့ကို ပြဇာတ် ကခိုင်းဦးမှာလား"

တပ်ကြပ်ကြီးဆိုတဲ့ ငမိုက်သားကတော့ ခပ်အေးအေးပဲ၊ ပခုံးတွန့်ပြတယ်။ "ဆိုနိုင်တယ်၊ မဆိုနိုင်ဘူးဆိုတာ ကြိုးစားကြည့်မှ သိမှာ ပေါ့ဆရာ" တဲ့။ ''သီချင်းမဆိုနိုင်လို့ ထိုင်-ထ လုပ်ခိုင်းရမယ်လို့ ခင်ဗျားကို ဘယ်အဖေက သင်ထားလဲ"

သောက်တပ်ကြပ်က ချက်ချင်း ပြန်ဖြေတယ်။ "စာအုပ်ထဲမှာ ဒီအတိုင်းပါတယ် ဆရာ" တဲ့။

XXX

မိုက်ကယ် သတိရလာပြီ။ သတိရရချင်း နှာခေါင်းပိုက်ကို ဆွဲဖြုတ်သတဲ့။ ဖီလီစတီက မြင်လိုက်ပေမယ့် တားဖို့ အချိန်မမီလိုက်ဘူးတဲ့။ စောင်ကြီးကို ခေါင်းမြီးခြုံ ထားတယ်။ ဘာကျွေးကျွေး မစားဘူး။ ဒါ ကျွန်တော် စားတဲ့ အစားအသောက် မဟုတ်ဘူးလို့တော့ ပါးစပ်က ပြောနေတယ်။

"ဒါဆို ခင်ဗျား စားတဲ့ အစားအသောက်က ဘာလဲ ပြောလေ၊ ခင်ဗျား ကျွန်တော်တို့အပေါ် ဘာလို့ ဒီလိုလုပ်နေတာလဲ မိုက်ကယ်၊ ကျွန်တော်တို့ ခင်ဗျားကို ကူညီနေတယ်ဆိုတာ ခင်ဗျား သိတယ် မဟုတ်လား၊ အပြင်လောကမှာ လူတွေ တနေ့ တနေ့ ငတ်သေလိုက်ကြတာမနည်းဘူး၊ ခင်ဗျားက ဒီမှာ မစားဘူး လုပ်နေတယ်၊ ဘာဖြစ်တာလဲ၊ ခင်ဗျားအစာငတ်ခံနေတာလား၊ အစာငတ်ခံတာဆိုရင် ဘာအတွက်လဲ။ ဘာကိုရည်ရွယ်တာလဲ၊ ခင်ဗျား ဒီနေရာမှာ မနေချင်ဘူးဆိုတာ ကျွန်တော် သိတယ်မိုက်ကယ်၊ ဒါပေမဲ့ ခင်ဗျားကို

လမ်းပေါ်ပြန်လွှတ်လိုက်ရင် တရက်အတွင်းခင်ဗျား သေမှာပဲ။ ခင်ဗျားအခြေအနေကို သေချာသိတာ ဖီလီစတီနဲ့ကျွန်တော်ပဲ ရှိတယ် မိုက်ကယ်၊ အေးအေးဆေးဆေး ကောင်းကောင်းမွန်မွန် နေစမ်းပါ။ ကျွေးတာတွေ စားစမ်းပါ မိုက်ကယ်ရယ် နော်”

ကျွန်တော့် အသံဟာ တော်တော် ကျယ်သွားတယ်။ ဆေးရုံတခုလုံးအတိုင်းသားကြားရတယ်။ ဟိုတနေ့က အသည်းအသန် ဖြစ်လာတဲ့ ဦးနှောက်အမြှေးပါးရောင်တဲ့ လူနာကောင်လေး (ခုတော့ ကောင်းနေပါပြီ၊ ကောင်းလွန်းလို့ မနေ့က သူ့ကို ဆေးလာတိုက်တဲ့ ဖီလီစတီရဲ့ စကတ်ကို လှန်ဖို့ကြိုးစားနေတာတောင် ကျွန်တော် မြင်လိုက်သေး) တောင် ကြောက်လန့်ပြီး ကျွန်တော့်ကို ကြည့်နေတယ်။ ဒါပေမဲ့ မိုက်ကယ် ကတော့ အေးဆေးပဲ။

“ဆရာတို့ဘာသာ ဆရာတို့ ကုတာပဲ၊ ကျွန်တော်က ကုခိုင်းတာမှမဟုတ်တာ" တဲ့လေ။ ကျွန်တော် လှည့်ထွက်လာခဲ့တယ်။ ဆက်နေရင် သူ့ကိုဆွဲဆောင့်မိလိမ့်မယ်။

XXX

ဟုတ်ပါတယ် မိုက်ကယ်။ ခင်ဗျားက ဘာကိုမှ မတောင်းဆိုခဲ့ဖူးပါဘူး။ ဒါပေမဲ့ ခင်ဗျားဟာ ကျွန်တော် အတွက် ခလောက်ကြီးတလုံး လည်ပင်းဆွဲထားရသလို၊ အထုပ်ကြီးတထုပ် ခေါင်းပေါ်ရွက်ထားရသလို ဝန်ထုပ်ဝန်ပိုးကြီးတခု ဖြစ်နေခဲ့တယ် မိုက်ကယ်။ ခင်ဗျားရဲ့ အရိုးငေါငေါလက်ချောင်းတွေက ကျွန်တော့် ခေါင်းကို ထိုးနေသလို ခံစားနေရတယ်။ အချိန်ရှိသရွေ့ ခင်ဗျားခန္ဓာကိုယ်ကြီးကို ထမ်းပြီး ကျွန်တော် လျှောက်သွားနေရသလို ဖြစ်နေခဲ့တယ် မိုက်ကယ်။

XXX

ဆေးရုံအလုပ်တွေ ပြီးသွားတော့ ကျွန်တော် ခင်ဗျား ခုတင်ဘေးလာထိုင်နေမိတယ်။ ခင်ဗျား အိပ်နေတာကို ကျွန်တော် ငေးနေမိတယ်။ ကျွန်တော် စိတ်တွေ အတော် ရှုပ်နေတယ်။

ဟော- ခင်ဗျား မျက်စိပွင့်လာပြီ။ ခင်ဗျား စကားပြောပြီ။ ဘာတဲ့။

"ကျွန်တော် မသေနိုင်ပါဘူး ဆရာ၊ အစာစားလို့ မရတာ တခုပဲရှိပါတယ်။ စခန်းက အစားအသောက်တွေ ကျွန်တော် စားလို့ မဝင်ဘူးဆရာ"

XXX

နိုဝယ့်ကို ပြောမိတယ်။

"နိုဝယ် ကျွန်တော်တို့ မိုက်ကယ့်ကို လွှတ်ပစ်လိုက်ကြရအောင်လား။ ကျွန်တော် သူ့ကို ဒီည ဂိတ်ပေါက်ဝကို အသာလေး ခေါ်သွားမယ်။ ပိုက်ဆံနည်းနည်း ပေးပြီး လွှတ်လိုက်မယ်လေ။ သူ့ဟာသူ သူကြိုက်တာ သူရှာစားပါစေ။ ကျွန်တော် က ခင်ဗျားကို မိုက်ကယ်ရဲ့ သေစာရင်း တင်မယ်။ ခင်ဗျားက အထက်ကို ဆက်တင်လိုက်ပေါ့ဗျာ။ သေရခြင်း အကြောင်းရင်းက နာတာရှည် အာဟာရပြတ်လပ်မှုနဲ့ နမိုးနီးယားပေါ့။ ပြီးရင် အကျဉ်းသားစာရင်းကနေ သူ့ကို ဖျက်ပစ်လိုက်၊ နောက်ထပ် သူ့အကြောင်း မစဉ်းစားတော့ဘူး၊ အေးရော မဟုတ်လား"

နိုဝယ်က ကျွန်တော့်ကို မျက်လုံးကြီးပြူး ပြီး ကြည့်နေတယ်။

"ဆရာ၊ ဆရာ စိတ်ကော မှန်သေးရဲ့လား၊ ဘာဖြစ်လို့ ဒီ မိုက်ကယ်အကြောင်းချည်း စဉ်းစားနေတာလဲ၊ မလုပ်နဲ့ ဆရာ၊ ကျွန်တော် အဲသလိုတော့ မလုပ်နိုင်ဘူး၊ သူ့ဘာသာသူ အစာမစားဘဲ သေလမ်းကို ရွေးမယ်ဆိုလည်း ရွေးပစေပေါ့ ဆရာရယ်၊ မတတ်နိုင်ဘူးလေ"

"သေလမ်းကို ရွေးနေတာတော့ မဟုတ်ဘူးဗျ၊ သူ့မှာ သေချင်စိတ်တော့ မရှိဘူး၊ ဒီက အစားအသောက်တွေကို သူ မစားနိုင်တာ၊ သူ့အစာအိမ်က လက်မခံတာဗျ၊ ကြည့်ရတာ သူ့ဘာသာသူ ရှာဖွေစားသောက်ရတဲ့ အစားအစာကိုပဲ စားတတ်သောက်တတ်တော့တယ် ထင်တယ်၊ သူ ဒီလို နေနေတာ ဘယ်လောက်ကြာပြီလဲ မပြောတတ်ဘူးလေ"

နိုဝယ်နဲ့ ကျွန်တော် အတွေးကိုယ်စီနဲ့ ငြိမ်သွားကြတယ်။ "စခန်းက အစားအသောက်ဆိုတာကို ကျွန်တော်လည်း မကြိုက်ဘူး၊ ခင်ဗျားလည်း ကြိုက်မှာ မဟုတ်ပါဘူး နိုဝယ်"

"သူ့ကြည့်ရတာ စခေါ်လာတုန်းက ထက်တောင် ပိန်သွားသလိုပဲနော်၊ ယာခင်းထဲမှာ နေချင်သလိုနေ၊ စားချင်သလို စားလာခဲ့တယ်ဆိုတာ ဟုတ်မှာပဲ ဆရာ၊ အရိုးစုကြီး အသက်ဝင်နေသလားတောင် အောက်မေ့ရတယ်"

"အင်း... အစကတည်းကလည်း တခါမှ ဝဝဖြိုးဖြိုး ရှိပုံ မရပါဘူးလေ"

XXX

ဆေးရုံတရုံလုံး မှောင်နေတယ်။ ဖီလီစတီ ကတော့ သူ့အခန်းထဲမှာ အိပ်မောကျလောက်ရောပေါ့။ ကျွန်တော် မိုက်ကယ့် ခုတင်နားမှာ ရပ်လိုက်တယ်။

သူ့ကို လှုပ်နှိုးတယ်။ သူ့မျက်နှာနားကပ်ပြီး လေသံလေးနဲ့စကားစပြောတယ်။ သူ့ပါးစပ်က ဆေးလိပ်နံ့တောင် ရမိသေးတယ်။ အစာသာ မစားတာ၊ သူ ဆေးလိပ်တော့ တခါတလေ သောက်နေတတ်တယ်။

"မိုက်ကယ် ထဦး၊ ကျွန်တော် ပြောစရာရှိတယ်၊ ခင်ဗျား အစာမစားဘဲ ဒီအတိုင်းနေရင် တချိန်ချိန် ခင်ဗျား သေမှာပဲ၊ သေစကားပြောရတာ မကောင်းပေမယ့် သေကိုသေမှာ၊ ဒါပေမဲ့ ခင်ဗျား လုပ်ချင်တာကို လုပ်ပါ၊ ကျွန်တော် ခင်ဗျားကို မတားချင်ဘူး၊ ခင်ဗျားကို ခြေတွေလက်တွေ ကြိုးနဲ့တုပ်ထားပြီး နှာခေါင်းပိုက်ထည့်၊ အစာအတင်းလောင်းထည့်ရင် ရတာပေါ့၊ ဒါပေမဲ့ ကျွန်တော် မလုပ်ပါဘူး၊ ခင်ဗျားဟာ ကလေးလည်း မဟုတ်၊ တိရစ္ဆာန်တကောင်လည်း မဟုတ်ဘူးလေ၊ ဒီတော့ လွတ်လပ်တဲ့ လူတယောက် လိုပဲ ခင်ဗျားကို ကျွန်တော် သဘောထားပါတယ်။ ခင်ဗျားဘဝကို မနှစ်မြို့တော့ဘူး၊ မနေချင်တော့ဘူး၊ စွန့်လွှတ်လိုက်ချင်ပြီဆိုလည်း သဘောပဲလေ၊ ဒါ ခင်ဗျားပိုင်ဆိုင်တဲ့ ခန္ဓာနဲ့ အသက်ပဲ၊ ခင်ဗျား လုပ်ချင်သလို လုပ်ခွင့်ရှိပါတယ်"

မိုက်ကယ်က လည်ချောင်းရှင်းလိုက်တယ်။ တခုခုပြောတော့မလိုပါပဲ။ ဒါပေမဲ့ မပြောဘူး၊ ခေါင်းခါပြီး ကျွန်တော့်ကို ပြုံးပြတယ်။ လက်နှိပ်ဓာတ်မီးအလင်းရောင် အောက်က သူ့အပြုံးက ကြောက်စရာကြီး။ "ခင်ဗျား ဘာစားချင်လဲ၊ ဘာစားလေ့ရှိလဲ"

သူ တဖက်ကို လှည့်ပြီး ပြန်အိပ်သွားတယ်။ ကျွန်တော် မေးတာကိုတော့ ပြန်မဖြေခဲ့ဘူး။

XXX

စက်တင်ဘာအသုတ် အကျဉ်းသားတွေ လေ့ကျင့်ရေးကာလ ပြီးသွားခဲ့ပြီ။ ဒီနေ့မနက်ပဲ စခန်းကနေ အတန်းလိုက်ကြီး ထွက်ခွာသွားကြတယ်။ မားရ်ဒါးရပ်စ် စစ်မြေပြင်ကိုသွားမယ့် သင်္ဘောဆိပ်ကို သူတို့ ဦးတည်နေကြတယ်။ လက်ထိတ်တွေ တန်းလန်းနဲ့ပေါ့။ အလုပ်မလုပ်နိုင်တဲ့ သုံးယောက်ကတော့ ဆေးရုံမှာ ကျန်ခဲ့တယ်။ မိုက်ကယ်လည်း တယောက် အပါအဝင်ပေါ့။ ခု သူ ဘာဆို ဘာမှ မစားတော့ဘူး။

XXX

တစခန်းလုံး သန့်ရှင်းရေး လုပ်ထားလို့ ကာဘော်လစ်နံ့ တထောင်းထောင်းထနေတယ်။ ဘာသံမှ မကြားဘဲ ငြိမ်သက်တိတ်ဆိတ်နေတယ်။ စိတ်ထဲမှာ ပျော်သလိုပဲ။ စစ်ကြီးပြီးသွားလို့ ဒီစခန်းကို အပြီးပိတ်လိုက်သလိုမျိုး ခံစားနေရတယ်။ ဒါပေမဲ့လည်း မဖြစ်နိုင်ဘူးဆိုတာတော့ သိပါတယ်လေ။

ဒီလိုအုတ်တံတိုင်းမြင့်မြင့် ကာထားတဲ့ အလုံပိတ်စခန်းတွေဟာ အကြောင်းပြချက် တမျိုးမဟုတ် တမျိုးနဲ့တော့ အမြဲတမ်း အသုံးတော် ခံနေရမှာပဲ မဟုတ်လား။ စနေ၊ တနင်္ဂနွေ နှစ်ရက်ပြီးလို့ တနင်္လာနေ့ဆိုရင် အောက်တိုဘာအသုတ် ရောက်လာဦးမှာပဲ။ မီးရထားလမ်းတွေ အတော် ပျက်စီးနေပြီတဲ့။ ပြီးခဲ့တဲ့အပတ်က ဒီအားမှာ တိုက်ပွဲ အတော် ပြင်းသတဲ့။ အပျက်အစီး အတော် များသတဲ့။ သတင်းစာထဲ ဒါတွေ ဘယ်ပါလိမ့်မလဲ။ ကျွန်တော်တို့ပဲ သိတဲ့ အတွင်းသတင်းလေး။

******

လမ်းမှာ တွေ့တဲ့ သစ်သီးဆိုင်ကနေ သခွားမှည့်သီးတလုံး ဝင်ဝယ်လာခဲ့တယ်။ အစိတ်ကလေးတွေ စိတ်၊ သကြားဖြူးပြီး မိုက်ကယ့်ခုတင်နား ပန်းကန်လေးကိုင်ပြီး လျှောက်လာခဲ့တယ်။

"ဒါ ဖရုံသီးတော့ မဟုတ်ဘူး မိုက်ကယ်၊ ဒါပေမဲ့ အရသာတော့အတော် တူတယ်၊ စားကြည့်မလား"

မိုက်ကယ် ချက်ချင်းပဲ ထထိုင်ပြီး တစိတ်ယူစားတယ်။ ကြိုက်သလားဆိုတော့ ခေါင်းညိတ်ပြရှာတယ်။ ကျွန်တော် ပြန်ထွက်လာခဲ့တယ်။ ခဏနေပြန်လာတော့ ပန်းကန်ထဲမှာ ဘာမှ မကျန်ဘူး။ ဒါပေမဲ့ ဖီလီစတီက မိုက်ကယ့် မွေ့ရာအောက်မှာ ပုရွက်ဆိတ်တွေ တက်နေတဲ့ သခွားသီးစိတ်တွေ တွေ့တယ်လို့ လာပြောတယ်။ သနားစရာပါပဲ။

"ခင်ဗျား မစားချင် ဘဲနဲ့ ဘာလို့ စားချင်ယောင်ဆောင်တာလဲမိုက်ကယ်"

ဘာမှ ပြန်မဖြေလို့ အိပ်ပျော်နေပြန်ပြီ ထင်မိတယ်။ ဒါပေမဲ့ သူပြန်ပြောတယ်။

"ကျွန်တော် အစာစားတာကို ဘယ်သူမှ စိတ်ဝင်တစား လာမမေးဖူးဘူး ဆရာ၊ ဆရာ ဘာလို့ ခဏ ခဏ မေးနေတာလဲ"

"ငတ်မသေစေချင်လို့ပေါ့ မိုက်ကယ်၊ ကျွန်တော့် ဆေးရုံက ကျွန်တော့် လူနာတွေ ဘယ်သူ့ကိုမှ ငတ်မသေစေချင်ဘူး"

ကျွန်တော် ပြောတာ သူ ကြား၊ မကြား မသိပါဘူး။ သူ့နှုတ်ခမ်းတွေ ကတော့ တလှုပ်လှုပ် တရွရွနဲ့ ဖြစ်နေတယ်။ ခဏနေတော့ စကားသံထွက်လာပြန်တယ်။

"ကျွန်တော် စဉ်းစားမိတယ် ဆရာ၊ ဆရာဟာ ဘာဖြစ်လို့ ကျွန်တော် သေတာ၊ ရှင်တာကို ဒီလောက် စိတ်ဝင်စားနေတာလဲ၊ ဘာဖြစ်လို့ ကျွန်တော့်ကို

ဒီလောက် ရှင်စေချင်နေတာလဲ"

"ခင်ဗျားမေးပုံက ဒီစခန်းက အကျဉ်းသားတွေကို ဘာဖြစ်လို့ပစ်မသတ်တာလဲ ဆိုတာမျိုး ဖြစ်နေပြီ၊ ခင်ဗျားဟာ လူသား တယောက် မို့လို့ပေါ့ မိုက်ကယ်"

သူက ခေါင်းခါလိုက်တယ်။ ပြီးတော့ မျက်လုံးပွင့်လာတယ်။ စိမ်းညို့မှောင်နေတဲ့ သူ့မျက်လုံးတွေ ကျွန်တော့်ကို စိုက်ကြည့်နေတယ်။ ကျွန်တော် တခုခုပြောချင်ပေမယ့် ပါးစပ်က ဘာမှကို ပြောမထွက်တော့ဘူး။ ဝမ်းနည်းတယ်၊ ကြေကွဲတယ်ဆိုတာထက် အဆပေါင်းများစွာပိုတဲ့ ဘာကိုမှ မျှော်လင့်မထားတဲ့၊ ဘာမျှော်လင့်ချက်မှ မရှိတဲ့၊ ဘာကို ပုံဖော်ရမှန်းမသိတဲ့ မျက်ဝန်းတွေနဲ့ စူးစူးစိုက်စိုက် အကြည့်ခံရရင် ခင်ဗျားကကော ဘာစကားပြောနိုင်ဦးမှာ လဲ။

XXX

ကျွန်တော်နဲ့ မိုက်ကယ် တယောက် မျက်နှာ တယောက် စိုက်ကြည့်နေကြတာ အတော် ကြာသွားတယ်။ ခင်ဗျားကို လက်မြှောက်အရှုံးပေးပါပြီ မိုက်ကယ်။ ကျွန်တော်လည်း ခင်ဗျားမေးတဲ့ မေးခွန်းမျိုး ခင်ဗျားကိုပြန်မေးချင်လိုက်တာ။ ဘာဖြစ်လို့များ ကျွန်တော့်ဆီ ခင်ဗျား ရောက်လာခဲ့တာလဲ မိုက်ကယ်။ ဘဝဆိုတာ ဒီလိုမျိုးလည်း ရှိသေးတယ်ဆိုတာကို သင်ကြားပြသဖို့များလား၊ ခင်ဗျားမရောက်ခင်က ကျွန်တော့်အတွက် အစစအရာရာ အဆင်ပြေတယ်၊ ခုတော့ ကျွန်တော့်စိတ်တွေ အတော် ရှုပ်နေပြီ။ ဘာ ဖြစ်လို့လဲ၊ ဘာ ဖြစ်လို့လဲ မိုက်ကယ်။

မိုက်ကယ့်မျက်လုံးတွေ ပြန်ပိတ်သွားခဲ့ပြီ။ ကျွန်တော့်လည်ချောင်းတွေ ယားလာတယ်။ ရေသွားသောက်တယ်။ ကျွန်တော့်ဘဝရဲ့ အစိတ်အပိုင်းတခု ပျောက်ဆုံးသွားသလို နှမြောတသ နောင်တတွေ ရနေခဲ့တယ်။ နောက်ကျသွားပြီ။ သိပ်နောက်ကျသွားပြီ။ မိုက်ကယ့်ဆီ ရေတခွက် ခပ်ယူလာခဲ့တယ်။ ခင်ဗျား အစာမစားဘူးဆိုရင်လည်း ရေတော့ သောက်ဗျာလို့ပြောမိတယ်။ သူ သောက်ရှာတယ်။

XXX

မိုက်ကယ်ရေ၊ ခင်ဗျားမေးခွန်းကို ကျွန်တော် ဖြေတော့မယ်နော်။ ခင်ဗျားကိုဘာလို့ အရိပ်တကြည့်ကြည့်နဲ့ စိတ်ဝင်စားနေတာလဲဆိုတော့ ကျွန်တော် ခင်ဗျားဘဝဇာတ်ကြောင်းကို သိချင်နေလို့ပါပဲ။ ခင်ဗျားနဲ့ ဘာမှ မပတ်သက်ဖူးလို့ ခင်ဗျား အမြဲတမ်းပြောနေတဲ့ စစ်နဲ့ ဘယ်လိုများ ပတ်သက်ခဲ့တာလဲ

ဆိုတာကိုရောပေါ့။ ခင်ဗျားဟာ စစ်သားလည်း မဟုတ်၊ သူပုန်လည်း မဟုတ်တာကိုတော့ ကျွန်တော် ကောင်းကောင်းသိတယ် မိုက်ကယ်။

ခင်ဗျားဟာ စာခြောက်ရုပ်လို ရယ်စရာအသွင်အပြင်နဲ့ လူမည် ကာမတ္တ တယောက်ပဲ။ ဒီအလုပ်လေ့ကျင့်ရေး စခန်းမှာ ခင်ဗျားလိုမျိုး ညည အိပ်မက်ထဲမှာ ဆံပင်တွေ မီးလောင်နေတဲ့ အမေ လာလာလည်တတ်တဲ့ လူမျိုးကို လေ့ကျင့်ပျိုးထောင်ပေးရမယ့် နည်းလမ်းတွေ မရှိဘူး မိုက်ကယ်။ ဒါ ခင်ဗျား ပြောပြတဲ့ ခင်ဗျားအကြောင်းထဲက ထုတ်နှုတ်ထားတာပဲ။ နားလည်မှုလွဲပြီး မှားပြောမိရင်လည်း ခွင့်လွှတ်ပါ မိုက်ကယ်။ ခင်ဗျားကို အလုပ်လုပ်နိုင်အောင် လေ့ကျင့်ပေးပြီး အလုပ်လုပ်ခိုင်းတော့ကော ဘာအလုပ် လုပ်နိုင်မှာလဲ။ ခင်ဗျားဟာ မျက်စိတဆုံး ကျယ်ပြောလှတဲ့ ကွင်းပြင်ကျယ်ကြီးအလယ်မှာ ဘုရားသခင် ဖန်ဆင်းလိုက်တဲ့ ပိုးကောင်လေးတကောင်လိုပဲ မိုက်ကယ်။ ခြေတွေလက်တွေ တချောင်းချင်း မြှောက်ကြည့်ရုံကလွဲလို့ ရှေ့ဆက် ဘာလုပ်ရမလဲဆိုတာ ခင်ဗျား လုံးဝမသိဘူး။

တကယ်ဆို ခင်ဗျား ဥယျာဉ်ထဲမှာ၊ ချုံပုတ်ထဲမှာ၊ ပန်းခြံထဲမှာ၊ ယာခင်းထဲမှာပဲ နေနေသင့်တယ်။ မြို့ဆင်ခြေဖုံးက လူသိပ်မလာတဲ့ ဥယျာဉ်ပန်းခြံတခုထဲက ချောင်ကျကျ ချုံတခုထဲ တိုးပြီး ခွေနေရင်းပေါ့။ ပိုးတောင်မာကောင် တကောင်လိုပေါ့။

တကယ်ဆို ခင်ဗျားကို မွေးလာကတည်းက ခင်ဗျားအမေက ခေါင်းအုံးနဲ့ ဖြစ်ဖြစ် ဖိပြီး သတ်ပစ်လိုက်ရမှာ။ အဲသလို မလုပ်ခဲ့တဲ့အတွက် ခု ခင်ဗျားတယောက်တည်း ဒုက္ခတွေ အကြီးအကျယ် ရောက်နေရတာလေ။ ရွာမှထွက်လေ၊ တောမှာ သေတဲ့ မိုက်ကယ်။

ခင်ဗျားအမေကိုခေါ်ပြီး မြို့ကနေ ထွက်လာတာ ခင်ဗျားရဲ့ အကြီးဆုံးအမှားပဲ။ ခင်ဗျားဟာ ခင်ဗျားအမေကို ဘာနဲ့ ခေါ်သွားလဲ ကျွန်တော် မသိပါဘူး၊ ကျောများပိုးသွားသလား။ ကြည့်ရတာ ခင်ဗျားအမေဟာ ခင်ဗျား ကျောပေါ်မှာ ထိုင်ရင်း ခင်ဗျား ဦးနှောက်တွေကို တလမ်းလုံး ဖောက်စားသွားခဲ့တယ် ထင်တယ်။ ခု ခင်ဗျားလည်း ခင်ဗျား အမေနောက်လိုက်ဖို့ ပြင်ဆင်နေပြီလေ။ ကျွန်တော် ထင်ပါတယ်။ ခင်ဗျား မျက်လုံးတွေ ဖွင့်ကြည့်တဲ့အခါတိုင်းမှာ ခင်ဗျား ကျွန်တော့်ကိုလည်း မမြင်ဘူး။ ဖီလီစတီကိုလည်း မမြင်ဘူး၊ ဆေးရုံနံရံဖြူဖြူ တွေကိုလည်း ခင်ဗျား မြင်မှာ မဟုတ်ပါဘူး။

ဒါဆို ခင်ဗျား ဘာကို မြင်သလဲ မိုက်ကယ်။ တကိုယ်လုံး မီးတွေ လောင်နေတဲ့ ခင်ဗျားအမေဟာ တမလွန်ကနေ ခင်ဗျားကို လက်ယပ်ခေါ်နေတာကို မြင်သလား။ ဒါကြောင့်များ ခင်ဗျားမှာ အသက်ရှင်ချင်စိတ် မရှိတော့တာလား။

နောက်တခု ကျွန်တော် သိချင်တာကတော့ ကမ္ဘာပေါ်မှာ ခင်ဗျားကို ခံတွင်းတွေ့စေလောက်အောင် လုပ်နိုင်တဲ့ အစားအသောက် မရှိတော့ဘူးလား။ ခင်ဗျား ဘာစားချင် သလဲလို့မေးတိုင်း ဖရုံသီးလို့လည်း ခင်ဗျားအမြဲတမ်းဖြေတယ်။ ဖရုံစေ့တွေလည်း ခင်ဗျားအိတ်ထဲမှာ ထည့်ထားတယ်။ ကရူးမှာ နေခဲ့တုန်းက အမြဲတမ်း ဖရုံသီးချည်း စားခဲ့တာလား။ ဖရုံသီးအာဟာရနဲ့ တနှစ် ပတ်လုံး အသက်ဆက်နိုင်တဲ့လူသား ရှိတယ်ဆိုတာ ကျွန်တော် ဘယ်လိုမှ မယုံနိုင်ဘူး မိုက်ကယ်။

ခင်ဗျား အမဲများ လိုက်သလား။ အမဲလိုက်ရအောင် လေးတို့ မြားတို့ကော ခင်ဗျား လုပ်တတ်လို့လား။ တွေ့သမျှအပင်တွေ အမြစ်တွေများ တူးပြီး စားနေရော့သလား။ ခင်ဗျားရဲ့ မှတ်တမ်းထဲမှာတော့ ခင်ဗျားဟာ သူပုန်ရိက္ခာစခန်း တာဝန်ခံဆိုပဲ။ တောက်တိုမည်ရသူပုန်တဲ့။ ဒါပေမဲ့ ဘာရိက္ခာတွေ သိုလှောင်ထားသလဲ ဆိုတာတော့ မရေးထားဘူး။ ခင်ဗျား သိုလှောင်ထားတဲ့ ရိက္ခာဆိုတာ နတ်ဩဇာများ ဖြစ်နေရော့သလားဗျာ။ ကောင်းကင်တမန်များက ခင်ဗျားအတွက် ပေးသနားတော်မူတဲ့ နတ်ဩဇာလေ။ ဒီနတ်ဩဇာ စားမိလို့များ ခင်ဗျား အာဟာရသိဒ္ဓိပြီးနေသလားဗျာ။

တကယ်က သူတို့မတွေ့အောင် ခင်ဗျား ပုန်းနေရမှာ မိုက်ကယ်ရဲ့။ ခင်ဗျားက သိပ်ပေါ့ဆတာကိုး။ တွင်းတတွင်းရှာပြီး မထတမ်း ပုန်းနေရမှာ။ ခင်ဗျားကိုယ်ခင်ဗျား ကိုယ်ပျောက်လူသားများ အောက်မေ့နေသလား။ တခြားကမ္ဘာကလာတဲ့ ဂြိုဟ်သားများ အောက်မေ့နေသလား။ ဥပဒေရဲ့ အထက်က ပုဂ္ဂိုလ်လို့များ မှတ်ယူနေရော့သလား မိုက်ကယ်။ ခင်ဗျားဟာဥပဒေရဲ့ အောက်မှာပဲရှိလို့ ခု ကန်နဲလ်ဝေါ့သ် မြင်းပြိုင်ကွင်းဟောင်းဖြစ်တဲ့ ဒီစခန်းကို စန့်စန့်ကြီးရောက်နေတာပေါ့။ လိုအပ်ရင် သူတို့ ခင်ဗျားကို အမှုန့်ကြိတ်ပစ်ကြလိမ့်မယ် မိုက်ကယ်။ သံကန့်လန့်ကာနောက်က သံလက်သီး ဥပဒေနော်၊ ဘာများ မှတ်နေလဲ။ ခင်ဗျားကို အရိုးပေါ် အရေတင်မို့လို့ လွတ်ငြိမ်းချမ်းသာခွင့် ပေးလိမ့်မယ်လို့ မထင်လေနဲ့ဗျ။ ဆိုတော့ ပြောချင်တာက ခင်ဗျား ဒီအတိုင်းဆက်သွားရင် ဇာကန်မုချသေမှာပဲ မိုက်ကယ်။ ခင်ဗျားခန္ဓာကိုယ်ဟာ တဖြည်းဖြည်း ငှက်မွေးကလေးလို ပေါ့ပါးလာပြီး နောက်ဆုံး ငှက်သွင်ပျံကြွပြီး လေထဲရောက်သွားမှာ မဟုတ်ဘူး။ ပျံချင်သပဆို မီးခိုးဖြစ်သွားမှပဲ ပျံလို့ရမယ် မိုက်ကယ်။ ဒီတော့ ခင်ဗျား ခု သေချာနားထောင်။ ခင်ဗျားကို ကယ်နိုင်တာ ကျွန်တော် တယောက်တည်း ရှိတယ် မိုက်ကယ်။ ခင်ဗျားအကြောင်းကို သိသင့်သလောက်သိတာ တလောကလုံးမှာ ကျွန်တော် တယောက်တည်းပါ။ ကျွန်တော် ခင်ဗျားကို အကျဉ်းသား တယောက်လို့ မမြင်ပါဘူး။ သူပုန် တယောက်လို့လည်း မမြင်ပါဘူး။ လူ တယောက်လို့ပဲ မြင်တယ်။ လူ့လောကရဲ့ စံတော်ဝင် အဓိပ္ပာယ်သတ်မှတ်ချက်တွေနဲ့ စံလွဲပြီး လွတ်ထွက်နေတဲ့ လူ တယောက်

ပေါ့။

ခင်ဗျားကို ဘာသာရေး အရလည်း ချုပ်ကိုင်လို့ မရဘူး၊ သမိုင်း ဖြစ်ရပ်တွေ အရလည်း ချုပ်ကိုင်လို့ မရဘူး။ ခင်ဗျားဟာ ခင်ဗျားနည်း ခင်ဗျားဟန်နဲ့ တန်ဖိုးရှိနေတဲ့ လူတယောက် ပဲ မိုက်ကယ်။ ကမ္ဘာပေါ်က မျိုးတုံးပျောက်ကွယ်သွားပြီ ဖြစ်တဲ့ မျိုးစိတ်တစိတ်ရဲ့ နောက်ဆုံးလက်ကျန် သက်ရှိ တယောက် ပေါ့။

ကျွန်တော် အပါအဝင် တခြားလူတွေ အားလုံးက အာပေါင်အာရင်းသန်သန်နဲ့ လောကရဲ့ သမိုင်းကို ဖန်တီးနေချိန်မှာ ခင်ဗျားဟာ တယောက်တည်း တိတ်တိတ်ဆိတ်ဆိတ်နဲ့ တကိုယ်ရေ ငြိမ်းချမ်းမှုကို ရှာဖွေနိုင်ခဲ့တယ်။ ကျောက်ခေတ်လူသား တယောက်လို နေထိုင်ရှင်သန်နိုင်ခဲ့တယ်။ သမိုင်းသစ် ရေးမယ်၊ သမိုင်းကို ပြောင်းပစ်မယ် ဘာကိုမှ မဟစ်ကြွေးဘူး။ လူသားဟာ လူသားပီပီသသပဲ နေခဲ့တယ်။ ဒါကို ကျွန်တော်တို့ ချီးကျူး ဂုဏ်ပြုရမယ်။ ခင်ဗျားအဝတ် အစားတွေ၊ ခင်ဗျားရဲ့ ဖရုံစေ့ခြောက်လေးတွေ အားလုံးကို ပြတိုက်ပို့ပြီး ဒီနေရာမှာ မိုက်ကယ်ဒီလိုနေသွားခဲ့သည်လို့ ကမ္ပည်းမော်ကွန်းထိုးထားရမှာ။ ဒါပေမဲ့ လက်တွေ့မှာတော့ စခန်းထဲကဆေးရုံထောင့်လေးမှာ ခွေခွေလေးလှဲရင်း ဘယ်သူမှ မသိလိုက်ဘဲ ခင်ဗျားသေသွားမှာ၊ စခန်းထောင့်မှာ ဘာကမ္ပည်းမှ မထိုးဘဲ ခင်ဗျားကို မြှုပ်ကြမှာ။ ကျွန်တော်ကလွဲလို့ ခင်ဗျားကို သတိရနေမယ့်လူ ဒီကမ္ဘာပေါ်မှာ မရှိဘူး။

ဆိုတော့ မိုက်ကယ်၊ ခင်ဗျား သက်ရှိထင်ရှားရှိနေသေးတယ်၊ ခင်ဗျားဟာ လူသား တယောက် ဆိုတာကို တလောကလုံး သိသွားအောင် ဟစ်ကြွေးလိုက်စမ်းပါဗျာ၊ တကမ္ဘာလုံး သိမ့်သိမ့်တုန်ချင် တုန် သွားပါစေ။ အော်ပစ်လိုက်စမ်းပါ။ ဟစ်ကြွေးလိုက် စမ်းပါ။

ခင်ဗျားရဲ့ ထာဝရမိတ်ဆွေ ဒီလအတွက် လေ့ကျင့်ပေးရမယ့် အကျဉ်းသားတွေကို ပို့တော့မယ်တဲ့။ လမ်းမှာ ရောက်နေပြီတဲ့။ စခန်းလုံခြုံရေးကို အသေအချာ ဂရုစိုက်ပါဆိုတဲ့အမိန့်တွေ ရောက်လာခဲ့တယ်။

ကျွန်တော်တို့ စခန်းမှာတော့ အေးအေးဆေးဆေးပါပဲ။ စခန်းတာဝန်ခံတွေနဲ့ တပ်မဟာမင်းကြီးရုံးက အရာရှိတွေ ခရစ်ကက်ပွဲလုပ်ဖို့ ပြင်ဆင်နေကြတယ်။ ကျွန်တော်တို့အသင်းရဲ့ ကပ္ပတိန်က နိုဝယ်ပေါ့။ ခရစ်ကက်မကစားတာ အနှစ် သုံးဆယ်လောက်ရှိပြီလို့ သူ ပြောတယ်။ ခရစ်ကက်ကစားရင် ဝတ်ရတဲ့ ဘောင်းဘီအဖြူကျပ်ကျပ်တွေ သူနဲ့တော်တာ တထည်မှမရှိတော့ဘူးတဲ့။

ခုထိ အကျဉ်းသားတွေ ရောက်မလာသေးဘူး။ ကြည့်ရတာ လမ်းမှာ တခုခုများ ဖြစ်နေသလား။ ဒီစခန်းရှိနေတာတောင် အထက်က သတိရကြရဲ့လား။

XXX

ဒီနေ့ နိုဝယ် ဆေးရုံကို လာစစ်တယ်။ လူနာက နှစ်ယောက် ပဲရှိတော့တယ်။ မိုက်ကယ်ရယ်၊ ခေါင်းကို အရိုက်ခံထားရတဲ့ ဝန်ထမ်း တယောက်ရယ်။ မိုက်ကယ်က အိပ်မောကျနေရှာတယ်။ ကျွန်တော်တို့ သူ့အကြောင်းကို လေသံလေးနဲ့ ပြောနေမိကြတယ်။

မိုက်ကယ် ဘာမှ မစားတာ ကြာပြီ။ နှာခေါင်းပိုက် ဖွတ်ထည့်ရင်တော့ ရတယ်လို့ ကျွန်တော် နိုဝယ့်ကို ပြောမိတယ်။

ဒါပေမဲ့ ဖွတ်လုပ်တော့ကော ဘာအကျိုးထူးမှာလဲ။ သူ အသက်မရှင်ချင်ဘဲ ရှင်နေရရင် ပင်ပန်းဆင်းရဲမှာ ပေါ့။

ဥပဒေတွေ ရုတ်တရက် ကျွန်တော့် ခေါင်းထဲ ရောက်လာတယ်။ မစားချင်ဘဲ ဖွတ်မကျွေးရ၊ အသက်မရှင်ချင်ဘဲ ဖွတ်ဆေးမကုရ၊ ဒီလိုပဲ အစာငတ်ခံ ဆန္ဒမပြရ ဆိုတာလည်း ရှိသေးတယ်။

"သူ ဘယ်လောက် နေရဦးမှာ လဲ"

နိုဝယ့်မေးခွန်းကြောင့် ကျွန်တော် တော်တော် စိတ်ထိခိုက်ရတယ်။ နှစ်ပတ်၊ အလွန်ဆုံး သုံးပတ်ပေါ့။

"တိတ်တိတ်ဆိတ်ဆိတ်လေး အဆုံးသတ်သွားမှာ ပေါ့"

ဘယ်က တိတ်တိတ်ဆိတ်ဆိတ် အဆုံးသတ်ရမှာ လဲ။ လူ တယောက် နိဂုံးချုပ်ဖို့ဆိုတာ အမြဲတမ်း တခုခုတော့ နာကျင်ခံစားရစမြဲပဲ။

"ဆေးလေး ဘာလေး ထိုးပေးလိုက်ပါလား ဆရာ"

"မြန်မြန်သေအောင်လို့လား နိုဝယ်"

"အဲသလိုရယ်လို့တော့ မဟုတ်ဘူးပေါ့လေ၊ သူ သက်သက်သာသာနဲ့ သွားနိုင်အောင်လို့ပေါ့"

ကျွန်တော် အဲသလိုတော့ မလုပ်နိုင်ဘူး။ သူ စိတ်ပြောင်းချင်လည်း ပြောင်းလာဦးမှာ ပေါ့။

ကျွန်တော် နဲ့ နိုဝယ် ဆေးရုံထဲက ပြန်ထွက်လာခဲ့ကြတယ်။

XXX

ခရစ်ကက်ပွဲကြီး ဝှဲချီးကျင်းပတယ်။ မညီမညာ မြက်ခင်းပြင်ပေါ်မှာ ခုန်ပေါက်ပြီး လွင့်ပျံလာတဲ့ ဘောလုံးမှန်ပြီး အီစလံဝေမစိုးလို့ ကစားသမားတွေ အလုအယက် ခုန်ပျံ ရှောင်တိမ်းနေကြရှာတယ်။ နိုဝယ်က ထရက်ဆုအဖြူနဲ့ မထော်မနမ်း ဦးထုပ်နီကြီးဆောင်းလို့။ ခရစ်စမတ် ဘိုးဘိုးကြီးစတိုင်လ်နဲ့။

ကျွန်တော်တို့ အသင်းလား။ ရှုံးလိုက်တာမှ သောက်သောက်လဲပဲ။ ရှုံးမှာပေါ့။ ကပ္ပတိန်လုပ်နေတဲ့ နိုဝယ်က ကစားမှ မကစားတတ်တာ။ ခင်ဗျား ဘယ်တုံးက ခရစ်ကက်သင်ထားသလဲလို့ သူ့ကိုမေးတော့ ၁၉၃၀ ပြည့်နှစ် သူ မူလတန်းတက်တုန်းက နွေလယ်ခင်းနားချိန် မိုးရီစ်ဘတ်ခ် ကျောင်းကစားကွင်းမှာ သင်ထားတာလေတဲ့။

ဖြစ်ရလေ နိုဝယ်ရယ်။ သူက ကျွန်တော့်ကို သူ့အသင်းရဲ့ အကောင်းဆုံးကစားသမားလို့ ချီးကျူး နေသေးတယ်။

ကစားပွဲပြီးတော့ ညပါတီပွဲ ဆက်ကြတယ်။ ဆိုင်မွန်စ်တောင်းမှာ ဖေဖော်ဝါရီကျရင် မကျေပွဲနွှဲဖို့ ချိန်းကြတယ်။ ကျွန်တော်တို့ ဒီမှာ ဆက်ရှိနေသေးတယ် ဆိုရင်ပေါ့လေ။

XXX

နိုဝယ်ကတော့ စိတ်ဓာတ်တွေ ကျနေလေရဲ့။ ပြန်လည်ထူထောင်ရေး စခန်းတွေဟာ မကြာခင် ချွေးတပ်စခန်းတွေ ဖြစ်လာတော့မယ်လို့ သူပြောနေတယ်။ ဘတ်စ်ခါဒါးဘို့စ်က ပြန်လည်ထူထောင်ရေး စခန်း ပိတ်သွားပြီတဲ့။ ကျွန်တော်တို့ စခန်း အပါအဝင် ကန်နယ်ဝေ့သ်က လက်ကျန်စခန်းသုံးခုလည်း အခြေအနေ မကောင်းဘူးတဲ့။ ဖွတ်ကျားတွေကို ပြန်လည်ထူထောင်နေလို့ ဘာမှ အကျိုးမရှိဘူး။ တခါတည်း ချွေးတပ်ထဲ ထည့်လိုက်တာကောင်းတယ်လို့ ဆုံးဖြတ်လိုက်ကြပြီတဲ့။

ဒါနဲ့ တာဝန်ရှိသူကို နိုဝယ်က အုတ်နံရံ ခနော်ခနဲ့၊ ဝါယာကြိုးလေးနှစ်မျှင်လောက် တန်းထားတဲ့၊ လက်တဆုပ်စာ ကျုပ်တို့လို ခေါင်းဖြူစွယ်ကျိုးနဲ့ ဘာမှ မသိတဲ့ ကလေးတွေ ရှိတဲ့၊ မြို့နဲ့ ဖင်ချင်းပေါက်နေတဲ့ ဒီလို စခန်းမျိုးမှာ ခင်ဗျားက ချွေးတပ်သားတွေ လေ့ကျင့်လို့ရမယ် ထင်နေသလားလို့ မေးခဲ့သတဲ့။ ကိုယ်တော် ချောက ဘယ်လို ပြန်ဖြေတယ်မှတ်လဲ။

ဟာ- ဒါဆို ကင်းလင့်စင်တွေ ဆောက်၊ မီးမောင်းတွေ ဆင်၊ သေနတ်ကိုင်

အစောင့်တွေ ထားပြီး ပြန်ဖွင့်ရမှာ ပေါ့တဲ့ဗျား။

နိုဝယ် ကြည့်ရတာ စိတ်ပျက်လှပြီ ထင်ပါရဲ့။ အသက်ကလည်း ခြောက်ဆယ်ပြည့်ပြီးပြီဆိုတော့ အငြိမ်းစားယူဖို့ စဉ်းစားနေလောက်ပြီ။ ခုမုဆိုးမ ဖြစ်နေတဲ့ သူ့သမီးက ဂေါ်ဒွန်ဘေးမှာ သူနဲ့အတူ လာနေဖို့ ခေါ်လှပြီတဲ့။ ချွေးတပ်စခန်းလုပ်ရင် သံမဏိစည်းကမ်းနဲ့လူမျိုး အုပ်ချုပ်မှ ကိုက်မှာ ဆရာ၊ ကျွန်တော်က အဲသလို လူမျိုး မဟုတ်ဘူးတဲ့။ သူ ကျွန်တော့်ကို ပြောတယ်။ ကျွန်တော် သဘောမတူပါဘူး။ လူသားအသည်းနှလုံး ရှိနေတာကိုက သူ့ရဲ့ အကြီးကျယ်ဆုံး အရည်အချင်းတခု မဟုတ်လား။

XXX

မိုက်ကယ် ပျောက်သွားပြီတဲ့။ မနေ့ညကတည်းက ပျောက်သွားတာများလား။ ဒီနေ့မနက် ဖီလီစတီ ရောင်းလှည့်တော့ သူ့ခုတင်မှာ မိုက်ကယ်မရှိဘူးတဲ့။ ရှူးရှူး သွားပေါက်တယ် အောက်မေ့လို့ သူ ကျွန်တော့်ကို သတင်းမပို့မိဘူးတဲ့။ ကျွန်တော် သိတော့ မနက်ဆယ်နာရီ ထိုးနေပြီ။ သူ ဘယ်လိုများ ထွက်သွားပါလိမ့်။ သူ့လိုလူမျိုး အလွယ်တကူ ထွက်သွားနိုင်တယ် ဆိုကတည်းက ကျွန်တော်တို့ စခန်းဟာ ဘယ်လောက် လျော့ရဲရဲနိုင်သလဲဆိုတာ သိကြရောပေါ့။ နောက်ထပ် လူသစ်တွေ ရောက်မလာသေးလို့ စခန်းတခုလုံး ဟောင်းလောင်း။ ပင်မဂိတ်မှာတော့ အမြဲတမ်း အစောင့်ရှိတယ်။ ဘေးဂိတ်တံခါးတွေ ကတော့ အမြဲ သော့ ခတ်ထားပေမယ့် ကင်းလှည့်တာတို့ ပတ်တရောင်တို့ ဘာမှ မရှိ။

တန်တော့၊ မိုက်ကယ်ဆိုတဲ့ လူဟာ ကျွန်တော်တို့ အားလုံး သူ့ကိုမေ့မေ့လျော့လျော့ ဖြစ်နေပေမယ့် ဒီလိုအချိန်ကောင်းကို ချုံထဲက ချိုသွေးတမြမြလုပ်ပြီး စောင့်နေခဲ့တာ ဖြစ်မယ်။

ဘယ်သူမှ သူ့ကို ဂရုမစိုက်တဲ့အချိန်ကျမှ ခုတင်ပေါ်က ခြေဖျားထောက်ဆင်း၊ နံရံကျော်ချပြီး ပြေးသလားဆိုတာတော့ ဘုရားမှပဲ သိလိမ့်မယ်။ သူ့ခန္ဓာကိုယ်နဲ့ဆို ခြံစည်းရိုးကို ကျော်နေစရာတောင် မလိုပါဘူး။ အောက်ကနေအသာလေး လျှောကနဲ လှိမ့်ထွက်လိုက်ရင် အပြင်ရောက်သွားမှာပဲ။ နိုဝယ် ကတော့ ဒီအကြောင်း ရဲတွေကို သတင်းပို့ရရင် ကောင်းမလား၊ မိုက်ကယ့်ကို သေစာရင်း သွင်းလိုက်ရရင် ကောင်းမလားဆိုတာ ဝေခွဲမရ ဖြစ်နေရှာတယ်။ ကျွန်တော်ကတော့ အစကတည်းက သူ့ကို သေစာရင်းလုပ်ဖို့ တိုက်တွန်းလေတော့ ဒီလမ်းကိုရွေးဖို့ ဇွတ်တွန်းတာပေါ့။

"ခု ဘုရားသခင်က မိုက်ကယ့်ဇာတ်လမ်းကို ပြည့်ဖုံးကားချဖို့ ဖန်တီးတော်

မူလိုက်တာပဲ နိုဝယ်၊ သူ ခွေးတကောင်လို ချောင်တချောင်ချောင်မှာ ခွေပြီး ခုလောက်ဆို သေနေရောပေါ့။ သူရွေးတဲ့လမ်း လွတ်လွတ်လပ်လပ် သွားပါစေ နိုဝယ်ရာ၊ သူ့ကို မရရအောင် ပြန်ဖမ်းလာပြီး သူ မသိတဲ့မျက်နှာစိမ်းတွေ ချည်းရှိတော့မယ့် ဒီစခန်းက မီးမောင်းကြီးတွေ အလင်းရောင် အောက်မှာ မသေခိုင်းချင်စမ်းပါနဲ့ နိုဝယ်ရယ် နော်"

နိုဝယ်က ပြုံးတယ်။ ကျွန်တော် ဆက်ပြောတယ်။

"မဟုတ်ဘူးလား နိုဝယ်၊ မိုက်ကယ့်မှာ ခင်ဗျားတို့၊ ကျွန်တော် တို့နားမလည်နိုင်တဲ့၊ သူ တယောက် တည်းပဲ သိတဲ့ ကိစ္စတွေ အများကြီး၊ ဆင်တွေ အကြောင်း ခင်ဗျား သိတယ် မဟုတ်လား နိုဝယ်။ သူတို့ဟာကျွန်တော်တို့ ဘယ်လိုမှ မကြားနိုင်တဲ့ သူတို့ သခင်ရဲ့ လေသံလေးနဲ့ ခေါ်တာကို ကြားပြီး အမိန့်နာခံတတ်ကြတယ် ဆိုတာလေ။

မိုက်ကယ်လည်း အဲသလိုမျိုးပေါ့။ တကယ်က သူ ဒီစခန်းရောက်လာတာကိုက အမှားကြီး မှားခဲ့တာ နိုဝယ်၊ အမှန်ကတော့ မွေးကတည်းက မှားနေတာပါလေ၊ ဒီလိုပြောတော့ ရက်စက်ရာကျမယ်၊ ဒါပေမဲ့ သူဟာမွေးကို မွေးမလာသင့်ဘူး၊ ဒါမှမဟုတ် မွေးကတည်းက ခေါင်းအုံးနဲ့ဖိသတ်ပြီး အဝတ်လျှော်ဇလုံထဲ ပစ်ထည့်လိုက်ရမှာ။

ဘယ်လိုပဲ ဖြစ်ဖြစ်လေ ခုတော့လည်း သူ ငြိမ်းချမ်းသွားပါပြီ။ ကဲကျွန်တော်သေစာရင်း ရေးမယ်၊ ခင်ဗျားက လက်မှတ်ထိုး၊ ပြီးရင် ပို့လိုက်၊ ချစ်စရာကောင်းတဲ့ စာရေးတော်မင်းများက တချက်မှ လှည့်မကြည့်ဘဲ ဒီအတိုင်း ဖိုင်လ်တွဲ ထားကြလိမ့်မယ်။ ပြီးရင် ပြီးပြီ။ မိုက်ကယ့်ဇာတ်လမ်းဒီမှာ တင် ရပ်ပြီ"

"နေဦး ဆရာရဲ့။ သူက ဆေးရုံအဝတ်အစားကြီးနဲ့ ပြေးတာမဟုတ်လား၊ ရဲတွေ တွေ့သွားရင် ပြန်ဖမ်းပြီး ပြန်ပို့နေရင် ဘာလိုလုပ်မလဲ "အမလေး ခင်ဗျားကောင်က ဒီနေရာမှာတော့ လည်သဗျ။ ဆေးရုံအဝတ်တွေကို ချွတ်သွားသတဲ့။ ဘာဝတ်သွားလဲတော့ မသိဘူး၊ ဘာမှမဝတ်ဘဲတော့ သွားမယ်မထင်ပါဘူးဗျာ၊ ရဲတွေ မိသွားလည်း သူ တမျိုးမျိုးလှည့်ပတ်ပြောလိမ့်မယ်၊ ကောင်းကင်ဘုံ ဥယျာဉ်တော် က လာခဲ့တယ်တို့ဘာတို့ လျှောက်ပြောလိမ့်မယ်၊ ပြီးရင် ဖရုံစေ့တွေ ထုတ်ပြလိမ့်မယ်၊ ဘီလူးပြုံး ပြုံး ပြလိမ့်မယ်၊ သူ့ကို ဘယ်ပို့မယ်ထင်လဲ၊ အရူးထောင်ပို့မှာ ဗျ၊ အရူးထောင်တွေ ရှိသေးရင်ပေါ့လေ။ ခင်ဗျား သူ့အကြောင်း နောက်ထပ် မကြားစေရဘူး စိတ်ချ၊ သူ့ ပေါင်ချိန်ဘယ်လောက်ရှိတယ် ထင်လို့လဲ နိုဝယ်၊ ၃၅ကီလိုဗျ၊ အရိုးနဲ့ အရေ သက်သက်ပဲ၊ ပြီးခဲ့တဲ့ နှစ်ပတ်လုံးလုံး သူ ဘာမှကိုမစားတာ၊ စားနိုင်တဲ့ အခြေအနေလည်း မရှိတော့ဘူး ထင်ပါရဲ့။ ခုလို ထသွားနိုင်တာတောင် ကျွန်တော်က

အံ့ဩလှပြီ၊ သူ ဘယ်လောက် ကြာကြာခံမယ်ထင်လို့လဲ၊ အလွန်ဆုံး တညပေါ့ဗျ၊ ပြီးရင် ကိစ္စချောပြီ"

နိုဝယ် ကတော့ စဉ်းစဉ်းစားစားနဲ့ ဖြည်းဖြည်းလေးလေး ပြောတယ်။

"နေဦး ဆရာရဲ့။ သေချာအောင်တော့ လုပ်ဦးဗျ။ ဒီလိုလုပ်၊ ကျွန်တော် ကား ယူသွား၊ စခန်းကို တပတ်ပတ်ကြည့်လိုက်၊ စခန်းအပြင်မှာ သူ ယင်တလောင်းလောင်းနဲ့ သေနေသလားလို့ပေါ့။ သေချာချင်လို့ပါဗျာ"

ကျွန်တော် ကားမယူပါဘူး။ ခြေကျင်လျှောက်ရင်းကို တပတ်ပတ်လိုက်တယ်။ ဒူးခေါင်းလောက်မြင့်တဲ့ မြက်ရိုင်းတွေ၊ ရေညှိအလိမ်းလိမ်းကပ်နေတဲ့ စခန်း သစ်သားတိုင်တွေက လွဲလို့ ဘာမှ မတွေ့ပါဘူး။ အပြင်ကနေကြည့်မှ ဒီ နှာခေါင်းပေါက်လောက်ရှိတဲ့ စခန်းလေးထဲမှာ ဟိုလှည့် ဒီလှည့်နဲ့နေရင်း ဒီစခန်းကို တကမ္ဘာထင်နေရတဲ့ ကိုယ့်ကိုယ်ကိုယ် ပိုသနားလာမိတယ်ဒီလိုနဲ့ နိုဝယ့်ဆီ သတင်းမပို့နိုင်သေးဘဲ ဝက်သစ်ချပင်တန်းတွေ ရှိတဲ့ တိတ်တိတ်ဆိတ်ဆိတ် ရော့စ်မစ် ရိပ်သာလမ်းဘက်ကို ဘာရယ်မဟုတ် လျှောက်လာခဲ့မိတယ်။ သံစုံမြည်ပြီး ချုံးချုံးကျနေတဲ့ စက်ဘီးစုတ်တစီးကို စီးလာတဲ့ အဘိုးကြီး တယောက်က ကျွန်တော့်ကို လက်ပြနှုတ်ဆက်ရင်း ကျော်တက်သွားတယ်။ သူ့စက်ဘီးနောက်ကသာ လိုက်သွားရင် နေ့လယ် နှစ်နာရီလောက်ဆို ကမ်းခြေရောက်မှာပဲလို့ ကျွန်တော် တွေးမိတယ်။ ဒါဆိုစည်းကမ်းကို ချိုးဖောက်၊ အမိန့်အာဏာကို ဖီဆန်ရာ ရောက်မှာပေါ့နော်။ နေစမ်းပါဦး၊ ဒီနေ့ပဲ ဖြစ်ဖြစ်၊ မနက်ဖြန်ပဲ ဖြစ်ဖြစ်၊ နောက်လ၊ နောက်နှစ်ပဲ ဖြစ်ဖြစ် စည်းကမ်းနဲ့အမိန့်ကို ချိုးဖောက်၊ ဖီဆန်တော့ကောဘာ ဖြစ်သတုံး။ လူကထုတ်တဲ့ ဒီစည်းကမ်း၊ ဒီအမိန့်ဆိုတာတွေဟာ လူသားမျိုးနွယ်ကို ဘယ်နှပြားသားဖိုးများ အကျိုးပြု နေလို့တုံး။ ဒီနေ့လယ်ခင်း တာဝန်ကျနေတဲ့ စခန်းမှာ မနေဘဲ စတိုးဆိုင်မှာ ကိုယ်ကြိုက်တာလေး ကိုယ်ဝယ်နေ၊ ဒါမှမဟုတ် ကမ်းခြေကိုသွား၊ ဘောင်းဘီတိုလေးနဲ့ ရေကူး၊ အမြှုပ်ထနေတဲ့ ရေထဲမှာ ဆော့နေကြတဲ့ ကလေးတွေကို ငေး၊ ကားရပ်နားစခန်းက အရသာရှိတဲ့ ကွိုက်စ်ခ်ရေခဲမုန့် ဝယ်စား၊ ကွိုက်စ်ခ်ဆိုလို့ အဲဒီ ဆိုင်တောင် ရှိ ရှိသေးရဲ့လား မသိ။ နိုဝယ်ကြီးလည်း စခန်းမှာ ဖင်ကျောက်ချထိုင်ပြီး လူဝင် လူထွက် မှတ်နေမယ့်အစား အရသာရှိရှိ တရေး တမောအိပ်ပါ့လား။

စခန်း တာဝန်ခံ၊ ဆရာဝန်၊ နည်းပြ၊ အစောင့်တွေ အကုန်လုံးကမ်းခြေလာပြီး ရေကူး၊ နေစာလှုံ၊ မဒီလေးတွေ နဲ့ အကြည်ဆိုက်၊ ဒါဆိုအပျော်ကြီး ပျော်ရမှာ ပဲနော်။

ခုတော့ ပျော်ပွဲဖွဲ့ရမယ့်အစား သောက်ရေးမပါတဲ့ စစ်မှာ

ကန့်လန့်ကန့်လန့်နဲ့ ကြားညှပ်နေကြရတယ်။ အို- ငါ ဘာတွေ တွေးမိနေပါလိမ့်။

XXX

ကျွန်တော် စခန်းအပြင်မှာ သူ့ကို နေရာအနှံ့ လိုက်ရှာတယ်။ ဘယ်မှာမှ မတွေ့ဘူးလို့ နို၀ယ့်ကို သတင်းပို့လိုက်တယ်။ မိုက်ကယ်ဟာ သစ်ပင်ခုတ်တဲ့လူတွေ ၀တ်တဲ့ မိုးပြာရောင် အလုပ်၀တ်စုံကြီး ၀တ်သွားတယ်။ ဆေးရုံ အ၀တ်အစားတွေကို ချွတ်သွားတယ်။ ဘယ်အချိန်က ထွက်သွားသလဲဆိုတာတော့ ဘုရားမှ သိလိမ့်မယ်လို့ ပြောလိုက်တော့ နို၀ယ်ကကျွန်တော့်ကို တချက်လှမ်းကြည့်လိုက်တယ်။

နို၀ယ့်ကြည့်ရတာ အဆမတန် ပင်ပန်းနေပုံပါပဲ။ သူ တော်တော်လေးကို အိုနေရှာပြီ။

"တခုလောက်မေးပါရစေ နို၀ယ်၊ ကျွန်တော်တို့ ဒီစစ်ကြီးကိုဘာ ဖြစ်လို့ တိုက်နေကြတာလဲ"

"ဆရာတို့၊ ကျွန်တော်တို့လို လူဖြူဆိုတဲ့ လူနည်းစုလေးရဲ့ ကံကြမ္မာနဲ့ ဒီနိုင်ငံမှာ ရထားတဲ့ သူတို့ရဲ့ ပြောရေး ဆိုခွင့်နဲ့ စီမံပိုင်ခွင့်တွေ အတွက်ပေါ့ဆရာ"

ကျွန်တော်နဲ့ နို၀ယ် တယောက်မျက်နှာ တယောက် အဓိပ္ပာယ်မဲ့ စိုက်ကြည့်မိနေကြတယ်။ နောက်ဆုံးတော့ သူ ပြောရှာတယ်။

"ကဲ - ဆရာ၊ သေစာရင်းရေး မယ်ဆိုလည်း ရေးတော့လေ၊ ရက်စွဲတော့ မတပ်နဲ့ ဆရာ"

XXX

ညနေပိုင်း ဆေးရုံက အလုပ်စားပွဲမှာ ထိုင်ပြီး ကျွန်တော် ဘာမှလုပ်စရာမရှိဘူး ဖြစ်နေခဲ့တယ်။ တဦးတည်းသော လူနာကတော့ ဟောက်သံမှန်မှန်ပေးပြီး အိပ်ပျော်နေတယ်။ ရုတ်တရက် ချက်ချင်း ကျွန်တော့်ဘ၀ဟာ နေရတာ အဓိပ္ပာယ်မရှိလိုက်တာလို့ ခံစားလိုက်ရတယ်။ ဒီမှာ ထိုင်ပြီးအကျဉ်းသားတွေ ထဲက မကျန်းမမာတဲ့လူတွေကို ကုပေးဖို့ ထိုင်စောင့်နေရတာ ဘ၀လား။ ဒီစစ်ကြီးအတွင်းမှာ ကျွန်တော် ကိုယ်တိုင်လည်း အကျဉ်းသား တယောက် ဖြစ်မှန်းမသိ ဖြစ်နေပါပေါ့လား။

စိတ်ရှုပ်လာတယ်။ အပြင်ထွက်ပြီး ဘာရယ်မဟုတ် ကောင်းကင်ကို မော့ကြည့်မိတယ်။ ဆောက်တည်ရာမရ ဖြစ်တာတွေ သက်သာလိုသက်သာငြားပေါ့။

နိုဝယ် တခါက ပြောဖူးသလို ကျွန်တော် တို့အတွက် စစ်ဆိုတာ စောင့်ဆိုင်းချိန်ပဲလေ။ စခန်းမှာလုပ်စရာရှိတာလေးတွေ လုပ်ရင်း၊ စခန်းနံရံ အပြင်ဘက် လောကထဲက စစ်ပွဲသတင်းကို ထောင်နားစွင့်။ စစ်ပွဲရဲ့ အပြောင်းအလဲကို သုံးသပ်ရင်း စောင့်ရုံပေါ့တဲ့။

ကျွန်တော်ရဲ့ တဦးတည်းသော လက်ကသုံးတောင်ဝှေး ဆရာမ ဖီလီစတီကို ရုတ်တရက် သတိရပြန်တယ်။ သူ့နာမည်ဟာ ဘာဖြစ်လို့များ ဖီလီစတီ တလုံးတည်း ဖြစ်နေရပါလိမ့်။

သူလည်း ဆေးရုံထက်က အကျဉ်းစံကေရီပေါ့။ အသက်ရှင်လျက်နဲ့ဘဝသေနေပြီး သမိုင်းဝင်္ကြွေးကို ဆပ်နေရရှာသူလေးပေါ့။ သူ့ကိုများ အဲသလိုသွားပြောမိရင် သမိုင်းဆိုတာ ငယ်ငယ်တုန်းက ကျောင်းသင်ခန်းစာ တခုဆိုတာထက် ပိုသဘောမပေါက်နိုင်တဲ့ ဖီလီစတီဟာ ကျွန်တော့်ကို မျက်လုံးလေး ကြောင်တောင်တောင်နဲ့ ကြည့်နေမှာ အသေအချာပဲ။ ကလေးတို့ရေ တောင်အာဖရိကကို ဘယ်တုန်းက စတင် ရှာဖွေတွေ့ရှိခဲ့သလဲ။ ၁၆၅၂ ခုနှစ် ပါ ဆရာမ။ ကမ္ဘာ့အကြီးဆုံး လူလုပ်ထားတဲ့တွင်းဟာ ဘာလဲ။ ကင်ဘာလေ စိန်တွင်းပါ ဆရာမ ဆိုတာလောက်ပဲ သမိုင်း ဆိုတာကို သူ သိရှာမှာ ပေါ့။

စစ်မြေပြင်မှာ၊ စစ်ရုံးချုပ်မှာ၊ စက်ရုံတွေမှာ၊ လမ်းမတွေ ပေါ်မှာ၊ လွှတ်တော်ထဲမှာ အချိန်လှိုင်းတွေ ဟာ တရစ်ပြီး တရစ် ကျွန်တော်တို့ကို တင်းတင်းမာမာ ချည်နှောင်ရစ်ပတ်ရင်း တစထက် တစ ဗရုတ်သုတ်ခနိုင်လှတဲ့ စစ်ပွဲဆိုတဲ့ သမိုင်းအဖြစ်အပျက်တခုဆီ တွန်းပို့ခေါ်ဆောင်သွားတဲ့အကြောင်း သူ သိနိုင်မယ် မထင်ဘူး။

သူ့အဖို့ကတော့ အိပ်ရာခင်းတွေ၊ လူနာအဝတ်တွေ လျှော်ရင်းဖွပ်ရင်း၊ ဆေးရုံကြမ်းပြင်ကို ကြမ်းတိုက်ရင်း အချိန်ဟာ အဓိပ္ပာယ်အပြည့်ရှိနေမှာပေါ့။ ကျွန်တော် အဖို့ကတော့ မဆုံးတမ်း သံသရာလည်နေတဲ့ စခန်းတာဝန်တွေကို ထမ်းဆောင်နေရတဲ့၊ တဖက်ကလည်း စစ်ပွဲအခြေအနေကို မပြတ်တမ်း စောင့်ကြည့်နေရတဲ့ ဒီအချိန်တွေဟာ အဓိပ္ပာယ်မဲ့လွန်းလှတာ အမှန်ပဲ။ ဖီလီစတီကို အထင်သေးလွန်းရာ ရောက်နေမလားတော့ မပြောတတ်ဘူး။ ခေါင်း အရိုက်ခံရလို့ သေခြင်းတရားကို စောင့်ဆိုင်းရင်း မရဏအိပ်မက်မက်နေရှာတဲ့ လူနာရဲ့ ဘဝကတောင် ကျွန်တော့်ဘဝထက်ပိုပြီး အဓိပ္ပာယ်ရှိနေတယ် ထင်တာပဲဗျာ။

ဘယ်လိုပဲပြောပြော မိုက်ကယ့်ကိုတော့ ကျွန်တော် တွေ့ချင်သေးတယ်။ ရဲတယောက် က သူ့ကုပ်ကို ခွေးဆွဲသလို ဆွဲလာပြီး ဂိတ်ပေါက်ဝမှာ လာချ ခင်ဗျားတို့ ဒီခွေးသားတွေကို ကောင်းကောင်းထိန်းသိမ်းကြလို့ မြည်တွန်တောက်တီးပြီး မိုက်ကယ့်ကို ပြန်လာပို့လေမလားလို့ တိတ်တခိုး

မျှော်လင့်နေမိသေးတယ်။

မြေကြီးမြင်ရင် သူ့ဖရုံစေ့တွေ ကြဲချဖို့ ဟန်ရေး ပြင်နေတဲ့၊ ဖရုံပန်းလေးတွေ ပွင့်လာတာကို ငေးဖို့ မောဖို့ အားယူနေတဲ့ ရိုးလှ၊ အလှ၊ မိုက်လှ၊ မဲလှတဲ့ မိုက်ကယ့်အတွက်တော့ သမိုင်းရဟတ် တပတ်လည်သံကို စောင့်နားထောင်နိုင်လောက်အောင် အချိန်အား မရှိမှာ သေချာတယ်။

XXX

ဒီနေ့မနက်တော့ အကျဉ်းသားလေးရာကို တင်လာတဲ့ ထရပ်ကားတွေ ဆိုင်းမဆင့် ဗုံမပါ စခန်းကို ရောက်ချလာတယ်။ ကျွန်တော်တို့က စခန်းမှာ ထိုင်၊ ပျင်းရင် ကစားပွဲတွေ ကျင်းပ၊ ကောင်မလေးတွေ အကြောင်းတွေး၊ ရှင်သန်မှု၊ ဘဝ၊ သေဆုံးခြင်းနဲ့ ရာဇဝင်အကြောင်း ဒဿနတွေ ထိုင်စဉ်းစားနေချိန်မှာ ဒီအကျဉ်းသားတွေခမျာ တိရစ္ဆာန်တင်တဲ့ ထရပ်ကားပေါ်မှာ နို့ဝင်ဘာနေ့လယ် နေပူဒဏ်ကို အံကြိတ်ခံရင်း ချွေးတိုးဝက်ဝင် စီး၊ ညကျတော့ ခိုက်ခိုက်တုန်အောင် အေးလှတဲ့ တောင်ပေါ်ည အအေးဒဏ်ကို အံခဲခံရင်း တယောက်နဲ့ တယောက် ကျောချင်းကပ် ထပ်အိပ်ကြမည် ကာမတ္တ အစာလေးတွေကို မသေရုံတမည် စားကြရ၊ သူတို့ ထရပ်ကားတွေကို အရေးတကြီး အလောသုံးဆယ် ကျော်တက်ပြီး အတင်းအဓမ္မ မောင်းနေကြတဲ့ စစ်ကားတန်းတွေကို ငေးကြနဲ့ နောက်ဆုံး ဒီရောက်လာတာနေမှာ ပေါ့။

ပြန်လည်ထူထောင်ရေး စခန်း တာဝန်ခံအနေနဲ့ နိုဝယ်ဟာ ပထမတော့ ဒီအကျဉ်းသားတွေကို လက်မခံတော့ဘူး လုပ်နေသေးတယ်။ တကယ်တမ်း သူတို့မျက်နှာတွေ မြင်လိုက်တော့လည်း သူ့ခမျာ မနေနိုင်ရှာပါဘူး။

သူသာလက်မခံခဲ့ရင် ဒီ လေးရာသော ကူကယ်ရာမဲ့တွေဟာ ထရပ်ကားပေါ်ပြန်တက်၊ စစ်မကလို့ ဘာကြီး ဖြစ်နေနေ မပျက်တဲ့ ဗျူရိုကရေစီ ကြိုးနီစနစ်ကနေ အမိန့်ပေး ညွှန်ကြားမယ့် တနေရာရာကို သွားဖို့ တဝဲဝဲ တလည်လည်စောင့်ရင်းဆိုင်းရင်း ငတ်ပြတ်သေကုန်ကြမှာပဲ။

အဲသလို နိုဝယ် လက်ခံလိုက်တော့ ကျွန်တော်တို့ ယားလို့တောင် မကုတ်အားအောင် အလုပ်ရှုပ်တော့တာပေါ့။ သူတို့ကို စစ်ရ၊ ဆေးရ၊ မေးရ၊ မြန်းရ၊ သူတို့ အဝတ်ဟောင်းတွေ မီးရှို့ရ၊ ယူနီဖောင်းတွေ ထုတ်ပေးရ။ ကျွေးရ၊ မွေးရ၊ အငတ်အပြတ်တွေနဲ့ ရောဂါသည်တွေကို အုပ်စုခွဲရနဲ့ ဆူညံပွက်လောရိုက်ကုန်ကြတာပေါ့။ ဆေးရုံလည်း လူနာသစ်တွေ နဲ့ စည်စည်ကားကား ဖြစ်လာတယ်။

မိုက်ကယ့် နီးပါး အခြေအနေဆိုးတဲ့ လူမည် ကာမတ္တာ လူနာတွေလည်း အများသားပဲ။ သင်တန်းဆရာတွေကလည်း အလံတင်ပွဲတို့၊ ကာယလေ့ကျင့်ခန်းတို့အတွက် စိုင်းပြင်းနေကြပြီ။ လူနာတွေ အပြောအရ ဒီကိုအလာလမ်းမှာ သေတာတင် နှစ်ဆယ်ကျော်သတဲ့။ ဒီလိုပဲ တွေ့တဲ့နေရာ မြှုပ်ခဲ့လိုက်တာပဲတဲ့။ မြှုပ်ဖော် ရတာတောင် ကျေးဇူးတင်ရမလိုပါပဲ။

XXX

နို၀ယ်က စာရွက်စာတမ်းတွေ စစ်ဆေးနေတယ်။ လူဘယ်နှယောက် ပို့လိုက်တယ်၊ ဒါပဲ ပါတယ်။ ဘယ်လို ဖြစ်တာလဲလို့ မေးကြည့်တော့ "ဆရာကလည်း၊ အလုပ်ရှုပ်ခံပြီး ဘယ်သူက ဒီစာရွက်တွေကို ပို့နေကြဦးမှာ တုံးဗျာ၊ လူလေးရာ ပို့လိုက်တယ်၊ လမ်းမှာ နှစ်ဆယ်သေတယ်၊ ဒါပဲပေါ့၊ သိနေတာပဲ မဟုတ်လား၊ လူဆိုတာ အချိန်တန် သေကြမှာပဲလေ၊ ဆရာကကော ဘာများ တတ်နိုင်လို့လဲ" တဲ့။

ဟုတ်ပါတယ်။ ခုတော့ မတတ်နိုင်ရုံတင်မက မျက်ဖြူပါဆိုက်နေပြီ။ ၀မ်းကိုက်နဲ့ အသည်းရောင် သမားတွေ က တင်းကျမ်းပဲ။ ကျွန်တော်နဲ့ ဖီလီစတီ နှစ်ယောက် တောင်မင်း၊ မြောက်မင်း မကယ်နိုင်အောင် ဖြစ်နေလို့ အကျဉ်းသားထဲက သန်သန်မာမာ နှစ်ယောက်ကို နို၀ယ့်ခွင့်ပြုချက်နဲ့ အရေးပေါ် အလုပ်သမား ခန့်ထားလိုက်ရတယ်။

တချိန်တည်းမှာပဲ ကျွန်တော်တို့ စခန်းကို ချွေးတပ်လေ့ကျင့်ရေး စခန်းလုပ်ဖို့ အစီအစဉ်တွေ ကလည်း စပြီး အသက်ဝင်လာနေပြီ။ မတ်လ(၁) ရက်နေ့ကို စပြောင်းမတဲ့။ ရက်ချိန်းပေးထားပြီးပြီ။ စခန်းကို အကြီးအကျယ် ပြောင်းလဲဖို့၊ မြေညှိဖို့၊ ကင်းတဲတွေ၊ လင့်စင်တွေ ဆောက်ဖို့၊ လူငါးရာစာ နေစရာ အဆောက်အအုံတွေ တိုးချဲ့ဖို့၊ ဘာဖို့၊ ညာဖို့။ နို၀ယ်က တယ်လီဖုန်းနဲ့ စောဒက တက်တယ်။ ဘာပြန်ပြောတယ်မှတ်လဲ။ အေးအေး ဆေးဆေးနေ၊ ခိုင်းတဲ့အတိုင်းလုပ်၊ ပြောတဲ့အတိုင်းရှင်းထား၊ မြက်တွေ ထူရင် နုတ်၊ မီးရှို့၊ ကျောက်တုံးတွေ ရှုပ်နေရင် ဖယ်ပစ်၊ မှောင်ရိပ်ခိုနိုင်တဲ့နေရာတွေ အားလုံးကို ရှင်းထား၊ အစီအစဉ်အတိုင်းဆောင်ရွက်၊ ကံကောင်း ပါစေတဲ့။

နို၀ယ်ဟာ ခါတိုင်းထက် ပိုသောက်နေသလိုပဲ။ တကယ်တော့လည်းခုချိန်ဟာ သူရော ကျွန်တော်ရော ဒီစခန်းကို စွန့်ရမယ့်အချိန်ပါပဲ။ အကျဉ်းသားတွေ အချင်းချင်း ပြန်စောင့်ကြ၊ လူနာတွေ အချင်းချင်း ပြန်ပြုစုကြ၊ ဒါတွေကို သံယောဇဉ်ဖြတ်ရတော့မယ့်အချိန် ရောက်နေပြီ။

နှစ်ယောက်သား မိုက်ကယ့်လိုမျိုး ဘယ်ရောက်ရောက် ဘယ်ပေါက်ပေါက်

တနံတလျား ခရီးသွား၊ တွေ့တဲ့နေရာ အိမ်လေးဆောက်ပြီး စတည်းချ ဘယ်လောက် ကောင်းလိုက်မလဲ။

ဒါပေမဲ့လည်း အဲသလိုလုပ်ဖို့ ဆိုတာက အရင်ဆုံး မြေကြီးနဲ့ နီးစပ်ဖို့ လိုတယ်မဟုတ်လား။ ယူနီဖောင်းတွေ ချွတ်၊ ဖုန်တွေ သဲတွေ ပေရေနေအောင်၊ တကိုယ်လုံး ညစ်ပတ်နေအောင် နေတတ်ဖို့ လိုသေးတယ်လေ။ မိုက်ကယ်တယောက် ဒီလို ကမ္ဘာ့ဥဒ္ဒါန်းရုပ်မပေါက်ခင်က ဘယ်လိုများ အသက်ရှင်နေထိုင် စားသောက်ခဲ့ပါလိမ့်နော်။

ဒီ မိုက်ကယ်ဆိုတဲ့လူဟာ လူပုံလုပ်ထားတဲ့ ရွှံ့ရုပ်တရုပ်ကို အသက်သွင်းပေးထားသလိုပဲ။ သူ့ကို ဖန်ဆင်းတော်မူတုန်းက အမှားလေးနှစ်ခု(ကွဲနေတဲ့ နှုတ်ခမ်းနဲ့ ဟောင်းလောင်း ဖြစ်နေတဲ့ ဦးနှောက်) လောက် ထည့်ပေး၊ လူ့အလုပ်လေး တခုနှစ် ခုလောက် နုတ်ထား (တဏှာပေမ၊ ကာမကိစ္စ) တာကလွဲရင် နောက်ဆုံးတော့ လူဖန်ဆင်းမှု အလုပ် ဖြစ်တယ်လို့ဆိုရမယ်ထင်တယ်။

လရေး နှစ်ချောင်းငင် လူ ဆိုတဲ့ လူဆိုမှ လူတွေ ထဲမှာ ဒီလိုမျိုးဖြဲကားထားတဲ့ သူ့အမေ ပေါင်နှစ် လုံးကြားကနေ ကွေးကွေးလေး ထွက်လာ၊ လောကကို မသိနားမလည်တဲ့ မျက်လုံးတွေ နဲ့ ငေး၊ မြေကြီးပေါ် ရောက်၊ မြေကြီးပေါ်မှာ အချိန်ကုန်၊ နောက်ဆုံး သူ့ကျင်းသူတူး၊ ကျင်းထဲ ဝင်အိပ်၊ ဘုမိကမ္ဘလာ မြေသားလွှာကို ခြံစောင်လုပ်၊ နောက်ဆုံး အပြုံးလေး ကြေကြေကွဲကွဲပြုံးရင်း လောကမှာ ကျယ်ကျယ်လောင်လောင် ရာဇဝင်ဘီးလည်နေသံကို ကြားလည်း မကြား၊ သိလည်း မသိဘဲ လောကကို လက်ပြနှုတ်ဆက်သွားမှာ ပေါ့။

ဒီလို ရွှံ့ရုပ် အသက်သွင်းထားတဲ့ လူတွေ ဘယ်နှယောက် လောက်များ လောကမှာ ရှိနေပါလိမ့်။

XXX

တကယ်လို့ မိုက်ကယ့်နေရာမှာ ကျွန်တော် ဆိုပါစို့။

ညကြီး သန်းခေါင် မှောင်နဲ့မည်းမည်း ဆေးရုံခုတင်ပေါ်က အသာထ၊ ဆေးရုံအဝတ်အစားတွေ ချွတ်၊ သစ်ခုတ်သမားဝတ်စုံကြီး ဝတ်၊ တင်းနစ်ရှူးတွေ စီး၊ အုတ်တံတိုင်းကို ကျော်ချ ဝါယာကြိုးတွေ ဖြတ်ပြီး ထွက်ပြေးလို့ ကတော့ အပြင်ရောက်လို့ ဘာလုပ်ရမှန်းမသိဘဲ တွေ ဝေနေတာနဲ့ ချက်ချင်း ဖမ်းမိမှာပဲ။

တကယ်တော့ တသက်မှာ တခါ ရတောင့်ရခဲ အခွင့်အရေးကို လက်လွှတ်ခဲ့ရပြီဆိုတာ ကျွန်တော် ခု ကောင်းကောင်းကြီး သိနေပါပြီ။ တကယ်ဆို အဲဒီည မိုက်ကယ်ပြေးတဲ့အချိန် ကျွန်တော်ပါ လိုက်သွားခဲ့ရမှာ။ အဲဒီ လိုသာဆိုရင် အဝတ်အစားတွေ ထည့်၊ ပိုက်ဆံ လုံလုံလောက်လောက်ထည့်၊ မီးခြစ်တွေ၊ ဘီစကွတ်တွေ၊ ငါးသေတ္တာတွေ ထည့် ထုပ်ပိုးပြီး ပျော်ပျော်ပါးပါးကြီး သူ့နောက်က အသာလေး လိုက်သွားမှာ။

ဒီလိုမှန်းသိရင် မိုက်ကယ့်ကို ကျွန်တော် မျက်စိအောက်က အပျောက်မခံခဲ့ပါဘူး။ သူ အိပ်နေရင် ကျွန်တော် တံခါးနားမှာ အသာလေးပုန်းပြီးစောင့်နေမယ်။ သူ ထလာရင် သူ့နောက်က အရိပ်လို ကပ်လိုက်သွားမယ်။ သူ အုတ်နံရံကျော်ရင် အသာလေးစောင့်ပြီး လိုက်ကျော်မယ်။ ကြယ်ရောင် အောက်မှာ ဝက်သစ်ချပင်တန်းတလျှောက် သူ လျှောက်သွားတာကို နောက်က မျက်ခြည်မပြတ် လိုက်မယ်။

ကျွန်တော် သူ့နောက်က ဒီလိုလိုက်လာတယ်ဆိုတာ သူတော့ အသိခံလို့မဖြစ်ဘူး။ သူ သိရင် 'နှာ့နောက်က ဘဒူလိုက်နေယဲ၊ တူ ဘာရိုချင်ရို့ယဲ' လို့ အတွေးတွေ ပွား၊ ကြောက်စိတ်တွေ ငယ်ထိပ်တက်ပြီး ဇွတ်အတင်းပြေးချင် ပြေးမယ်။ ဒါမှမဟုတ် သူကပြေး ကိုယ်ကလိုက်ရင်း ပတ်တရောင် ရဲနဲ့ တိုးရင် နှစ်ယောက်လုံး ကိုယ်ကျိုးနည်းဦးမယ်။

ဒီလိုနဲ့ တညလုံး လျှောက်လာရင်း ဝေလီဝေလင်းမှာ ကိတ်တောင်းကို လှမ်းမြင်နိုင်တဲ့ နေရာလောက်ရောက်၊ မီးခိုးတလူလူ တက်နေတဲ့ လူရှိနိုင်တဲ့ နေရာတွေကိုတော့ သတိထားပြီး ရှောင်ရင်းနဲ့ပေါ့။ ထိန်ထိန်လင်းလာတဲ့ အခါကျတော့လည်း ခင်ဗျားကို ကျွန်တော် လွတ်အောင် ဘယ်ပုန်းနိုင်တော့မလဲ မိုက်ကယ်။ ခင်ဗျားနောက်ကနေ ခိုးကြောင်ခိုးဝှက် လိုက်လာတဲ့ ကျွန်တော့်ကို တွေ့သွားပြီပေါ့။

ကြည့်စမ်း၊ ဒီ သောက်ဆရာဝန်ကောင်။ ခုချိန်ထိ ငါ့ကို အလွတ်မပေးဘူး။ ငါ အိပ်နေတုန်းရော၊ နိုးနေတုန်းမှာရော အလိုက်ကန်းဆိုးမသိ၊ ငါ့မျက်လုံးတွေကို အတင်းဖြဲပြီး ဓာတ်မီးနဲ့ထိုးကြည့်၊ ငါ့နှာခေါင်းထဲကို ပိုက်ကြီးတွေထိုးထည့်၊ ငါ့ပါးစပ်ထဲ ဆေးလုံးကြီးတွေ အတင်းသွတ်ထည့်၊ ငါ့စကားသံကို နားထောင်ရင်းဟား၊ ငါမစားချင်တဲ့ မစားနိုင်တဲ့ အစာတွေကို အချိန်ရှိသရွေ့ တရစပ် လာလာကျွေးနေတဲ့ ဆရာဝန်ကောင်၊ ခုထိ ငါ့ကိုလိုက်ဒုက္ခပေးနေတုန်းပဲလို့ ခင်ဗျားတွေးပြီး ကျွန်တော့်ကို လမ်းလယ်ကောင်မှာ ရပ်စောင့်နေလိမ့်မယ်။

ခင်ဗျားအနားကို ကျွန်တော် ရောက်လာတော့ ခင်ဗျားကို ကျွန်တော် ဒီလို ပြောမယ်ဗျာ။

"မိုက်ကယ်ရေ၊ ခင်ဗျားအပေါ် ကျွန်တော် လုပ်ခဲ့တာတွေအတွက် ခွင့်လွှတ်ပါဗျာ၊ နော်၊ နောက်ဆုံးအထိ ခင်ဗျားအပေါ် ကျွန်တော် အထင်သေးအမြင်သေး ဖြစ်ခဲ့တာအတွက်ရောပေါ့။ ခင်ဗျားနောက်က ခုလို လိုက်ခဲ့မိတဲ့အတွက်လည်း ခွင့်လွှတ်ဦးဗျာ။

ခင်ဗျားအတွက် ဝန်ထုပ်ဝန်ပိုး မ ဖြစ်စေရပါဘူးလို့ ကျွန်တော် ကတိပေးပါတယ် (ခင်ဗျားအမေလို ဝန်ထုပ်ဝန်ပိုးမ ဖြစ်စေရပါဘူးလို့ ပြောရင် ကောင်းမလား၊ အို မကောင်းပါဘူးလေ) ခင်ဗျားကျွန်တော့်ကို ကျွေးမွေးစောင့်ရှောက်စရာ မလိုပါဘူးဗျာ၊ ကျွန်တော် လိုချင်တာက ရှင်းရှင်းလေးပါ။ ဒီလောက်ကျယ်ဝန်းပြီး လူတိုင်းအတွက် ဘယ်နားနေနေ ပူစရာမရှိတဲ့ တိုင်းပြည်ကြီးမှာ မလှုပ်သာမလှည့်သာ အကျဉ်းစခန်းလေး တခုထဲမှာ ဘဝကို ကုန်ဆုံးစေတယ်ဆိုတာ ဘယ်လောက်ခက်ခဲတယ်ဆိုတာ ကျွန်တော် နားလည်လာလို့ပါပဲ။ တကယ်တော့ လောကမှာ စခန်းဆိုတဲ့အရာနဲ့ ဘာမှ မပတ်သက်တဲ့ တောင်တန်းတွေ၊ ရွှံ့အိုင် အလယ်က ကျွန်းလေးတွေ၊ လူတွေ တခါနေဖို့ စိတ်ကူးတောင် မယဉ်ဖူးတဲ့ နေရာတွေ အများကြီး အများကြီး ရှိသေးတာပဲ။ ကျွန်တော်လည်း အဲသလို လူမနီး သူမနီး နေရာတခုခုကို ရှာပြီး တယောက်တည်း နေကြည့်ချင်လိုက်တာ၊ အနည်းဆုံးတော့ အခြေအနေတွေ ခုထက်ပိုကောင်းလာတဲ့ အချိန်တခုအထိပေါ့။ ဒါမှမဟုတ်လည်း သက်ဆုံးတိုင်ပေါ့။ မြေပုံတွေ ကြည့်ပြီးလည်းမသွားချင်ဘူး၊ ဒါကြောင့် ခင်ဗျားနောက် လိုက်လာခဲ့တာ"

အဲသလို ပြောပြီးရင် ခင်ဗျားနားကို ကျွန်တော် ကပ်နိုင်သလောက် ကပ်လိုက်မယ်။ ကျွန်တော် မျက်လုံးတွေကို ခင်ဗျား မကြည့်ဘဲ နေလို့မရလောက်အောင် နီးကပ်တဲ့အထိပေါ့။ ပြီးရင် ထပ်ပြောဦးမယ်။

"ခင်ဗျားသိလား မိုက်ကယ်၊ ခင်ဗျား ဒီလိုထွက်လာမယ်ဆိုတာသိလို့ ကျွန်တော် မအိပ်ဘဲ ခင်ဗျားကို စောင့်ခဲ့တာပါ။ တကယ်တော့ ဘယ်လိုစခန်းမျိုးမှာမှ ခင်ဗျားကို ပိတ်လှောင်ထားလို့ မရဘူးဆိုတာလည်း ကျွန်တော် သိခဲ့ရပါပြီ မိုက်ကယ်။ ကျွန်တော် ဝန်ခံချင်ပါတယ်။ ခင်ဗျားကိုစတွေ့တွေ့ချင်း ရယ်စရာကောင်းတဲ့ လူပြက်တကောင်လို ထင်ခဲ့မိ၊ ဟားချင်ခဲ့မိတာ အမှန်ပဲ။ ဒီစခန်းမှာ ခင်ဗျားကို ထားလို့ မဖြစ်ဘူးလို့လည်း ကျွန်တော် ကန့်ကွက်ခဲ့ပါတယ်။

ဘာ ဖြစ်လို့လဲဆိုတော့ ခင်ဗျားလို ငထုံ ငထိုင်း တယောက်ကို ဘာမှသင်ပေးဖို့ မ ဖြစ်နိုင်ဘူးလို့ ထင်မိလို့ပဲ။ ကြွက်တကောင်၊ အိမ်မြှောင်တကောင်ကို ဘောလုံးပစ်တာ သင်လို့မရနိုင်သလိုပေါ့။ ဒါပေမဲ့လည်း အချိန်တွေ ကြာလာတာနဲ့အမျှ ခင်ဗျား အစာစားဖို့ ငြင်းဆန်တွန်းလှန်နေရတဲ့ အရင်းအမြစ် အကြောင်းရင်းကို တဖြည်းဖြည်းမြင်လာခဲ့မိတယ်။ ခင်ဗျားဟာ

သူ့ရဲကောင်းလုပ်ချင်စိတ်တော့ နည်းနည်းမှ မရှိတာ သေချာတယ်။ အစာတော်ခံတဲ့ သူရဲကောင်း ဖြစ်ချင်လို့လည်း လုံးဝမဟုတ်ဘူး။ ခိုင်းသမျှကိုလည်း ဘာမှ မငြင်းခဲ့ပါဘူး။ ကျွန်တော်တို့က ခုန်ဆိုရင် ခင်ဗျား တတ်နိုင်သလောက် ကြိုးစားခုန်တာပဲ။ ထပ်ခုန်ဦးဆိုလည်း ကြိတ်မှိတ်ခုန်တာပဲ။ နောက်တကြိမ် ထပ်ခုန်ဦးဆိုတော့ ခင်ဗျား ဘာမှမပြောနိုင်တော့ဘဲ မေ့လဲကျသွားရော။ ကျွန်တော်တို့ပေးတဲ့ အမိန့်ကို နာခံရင်း ခင်ဗျား ရှိသမျှ အင်အားတွေကို အကုန်သုံးခဲ့ရလို့လေ။

ခင်ဗျားရဲ့ ခန္ဓာကိုယ်ဟာ ငှက်မွေးလေးတမျှင်လောက်ပဲ အလေးချိန်ရှိတော့တဲ့ အခါမှာလည်း ကျွန်တော်တို့က စားစမ်း မိုက်ကယ်၊ စားစမ်းဆိုပြီးအစာတွေ ဖွတ်ကျွေး၊ ခင်ဗျားလည်း ကျွန်တော်တို့စကား နားထောင်ပြီး ကြိတ်မှိတ် မျိုချရင်း ပင်ပန်းဆင်းရဲရပြန်ရောလေ။ ဒါပေမဲ့ ခင်ဗျား တချက်ကလေးတောင် မငြင်းဆန်ခဲ့ဘူးနော်။ လုပ်နိုင်သလောက် ကြိတ်မှိတ်လုပ်တာပဲ။ ကျွန်တော့် အထင်တော့လေ ခင်ဗျားစိတ်ဆန္ဒရှိတိုင်း ခင်ဗျား ခန္ဓာကိုယ်က မလိုက်နိုင်ခဲ့ဘူး။ ဒီလို ဆန္ဒနဲ့ ခန္ဓာလို့ ခွဲခြားပြောရတာကို ခွင့်လွှတ်ပါဗျာ။ ကျွန်တော် ဒီလိုပြောမှ ဖြစ်မယ်လို့ခံစားမိလို့ပါ။ ခင်ဗျားဟာ စိတ်ဆန္ဒအရတော့ ကျွန်တော်တို့စကားကို လိုက်နာပြီး ကြိုးစား စားသောက်ခဲ့ပေမယ့် ခင်ဗျား ခန္ဓာကိုယ်က အဲသလို ဖွတ်အတင်းကျွေးတဲ့ အစာကို လက်မခံခဲ့ဘူး။

ဒါကြောင့်လည်း တနေ့တခြား ခင်ဗျား ပိန်သထက် ပိုပိန်လာတယ်။ ဆရာဝန်တယောက် အနေနဲ့ ကျွန်တော် ဒီအဖြစ်အပျက်ကို ပထမတော့ ဘယ်လိုမှနားမလည်နိုင်ခဲ့ဘူး။ လူတယောက်ကို အစာမှန်မှန်ကျွေးရင် အာဟာရ ဖြစ်လာမယ်လို့ပဲ ကျွန်တော်တို့က တရားသေ ယူဆထားခဲ့ကြတာကိုး။

ရက်ပေါင်းများစွာ ကြာအောင် ခင်ဗျားကို တိတ်တိတ်လေး စောင့်ကြည့်တော့မှ ဒီအမှန်တရားကို ဖြည်းဖြည်းချင်း ကျွန်တော် နားလည်လာခဲ့တာ။ ခင်ဗျားဟာ ဘယ်သူမှ မသိနိုင်ဘဲ၊ မကြားနိုင်ဘဲ တိတ်တိတ်လေး ဝမ်းနည်းပက်လက် ငိုကြွေးနေခဲ့တယ်။ ဘယ်စခန်းကမှ မထောက်ပံ့နိုင်တဲ့အစားအစာကို ခင်ဗျားရဲ့ အာလယက လိုက်ရှာနေခဲ့တယ်။ ခင်ဗျား ခန္ဓာကိုယ်ကလည်း အဲသလို ခင်ဗျားဘာသာ ခင်ဗျား လွတ်လွတ်လပ်လပ် ရှာစားရတဲ့အစာမျိုးကိုပဲ လက်ခံနိုင်တော့တယ်။

ဒီမှာပဲ ကျွန်တော် အရင့်အရင် သိထားခဲ့တဲ့ အသိဉာဏ်တွေ၊ ပညာဗဟုသုတတွေ ကျွမ်းသန္တာလန်အောင် သွက်သွက်ခါသွားခဲ့တယ်။ အရင်ကလေ ရုပ်ခန္ဓာကိုယ်ဟာ အမြဲတမ်း ရှင်သန်လိုစိတ် ရှိတယ်လို့ ကျွန်တော်တို့ သိခဲ့၊

မှတ်ခဲ့ကြတယ်။ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံတယ်ဆိုတာ စိတ်ဆန္ဒက ရုပ်ခန္ဓာအလိုကို ဆန့်ကျင်ပြီး လုပ်လိုက်တဲ့ အလုပ်တခုလို့ နားလည်ထားခဲ့ကြတယ်။

ခုတော့ ကျွန်တော်ဟာ သူ့သဘောသဘာဝကို ဆန့်ကျင်ဖို့ထက် အသေခံဖို့ ပိုပြီး အားသန်တဲ့ ရုပ်ခန္ဓာတခုကို တွေ့နေရပါကောလား။ ကျွန်တော် ခင်ဗျားကို နာရီပေါင်းများစွာ ရုပ်ကြည့်ရင်း ဒီပဟေဠိကို အဖြေညှိဖို့ ကြိုးစားခဲ့ဖူးတယ်။ ခင်ဗျားဟာ တကယ်တော့ အသက်မသေချင်ဘူး။ ဒါပေမဲ့ ခင်ဗျား ခန္ဓာကိုယ်က တဖြည်းဖြည်း သေခြင်းတရားဆီ ရွေးရှုနေခဲ့တယ်။ ခင်ဗျားအဖြစ်က နွားသေကောင်ကြီးထဲ ပိတ်မိနေတဲ့ ယုန်သူငယ်လိုပါလားဗျာ။ အသက်ရှူလည်းကျပ်၊ အစာလည်းငတ်၊ စားစရာတွေကတော့ တလှေကြီး၊ ဒါပေမဲ့ ခင်ဗျား စားနိုင်တဲ့ အစာတွေ မဟုတ်ခဲ့ဘူးလေ "ကိတ်တောင်း ဆင်ခြေဖုံး တိုက်ခန်းတွေနဲ့ တဖြည်းဖြည်း နီးလာတော့ လူသံသူသံ ချောင်းဟန့်သံ၊ တံတွေးထွေးသံတွေ ကြားလာရတယ်။ မီးခိုးနံ့လေးတွေလည်း ရတာပေါ့။ ဒါနဲ့ စကားပြောတာ ခဏ ရပ်လိုက်တယ်။ ဒါပေမဲ့ ခဏနေတော့ ဆက်ပြောချင်လာပြန်တယ်။ ကျွန်တော် ဒီလို ဆက်ပြောဦးမယ်။

"ဒီမှာ မိုက်ကယ်၊ ခင်ဗျားဟာ သာမန်အမြင်အရထက် ပိုပြီးထူးခြားတဲ့လူဆိုတာ သိတဲ့လူဆိုလို့ လောကမှာ ကျွန်တော် တယောက်တည်းပဲ ရှိတယ်ဗျ။ တရက်ပြီး တရက် ခင်ဗျားကို စောင့်ကြည့်ရင်း ခင်ဗျားဟာ လူနာ တယောက် ဆိုတာထက်၊ စစ်ပွဲရဲ့ သားကောင် တယောက် ဆိုတာထက်၊ သူများ တက်နင်းဖို့ ခုပေး ခံပေးရတဲ့ ပိရမစ်ကြီးထဲက အုတ်တချပ်ဆိုတာထက်၊ ကေရာဇ်မင်းအပေါင်းတို့ရဲ့ ထီးဆောင်းမင်း မင်းများမှူး - စကြဝတေးမင်းလို့ ကိုယ့်ကိုယ်ကိုယ် ရင်ဘတ်ပုတ်ပုတ်ပြီး ကြွေးကြော်တတ်တဲ့ လူကြီးလူကျယ် တယောက်ထက် ပိုထူးခြားဆန်းကြယ် လျှို့ဝှက်နက်နဲ အသိရခက်တဲ့ လူတယောက် ဆိုတာ ပိုပိုပြီး သိလာခဲ့တယ်။ ဆေးရုံပြတင်းပေါက်နားက ခုတင်လေးပေါ်မှာ ဟောက်ပက်လေးလှဲရင်း ခင်ဗျား အိပ်ပျော်နေတဲ့ တညမှာ ခင်ဗျားကို ကျွန်တော် ငြိမ်ငြိမ်လေး စောင့်ကြည့်နေခဲ့တယ်။ တခြားလူနာတွေ ရဲ့ တဂူးဂူး တဂဲဂဲ ဟောက်သံတွေ ကြားကပေါ့။ အဲဒီလို စောင့်ကြည့်နေတုန်းမှာ ပဲ ကျွန်တော့် ရင်ထဲမှာ ခံစားချက်တခု ဖြစ်တည်လာခဲ့တယ်။ လေထုဟာ တဖြည်းဖြည်း သိပ်သည်းလာသလို၊ အမှောင်ထုဟာ ဝဲ ကတော့လို ခင်ဗျား ခန္ဓာကိုယ်ပေါ်မှာ လှည့်ရင်း ခင်ဗျားကိုလက်ညှိုးညွှန်ပြနေသလိုလို၊ မတ်တတ်ကြီး အိပ်မက်မက်နေမိသလားလို့ ကျွန်တော် ကိုယ့်ကိုယ်ကိုယ်တောင် သံသယ ဖြစ်လာတယ်။

ဒါပေမဲ့ အဲဒီ ခံစားချက်ဟာ ပျောက်မသွားခဲ့ဘူး၊ ကျွန်တော် စိတ်ထဲထင်မိထင်ရာ ထင်လာတာမျိုးလည်း လုံးဝ မဟုတ်ဘူးဆိုတာ

သေချာပြောရဲတယ်။ အဲဒီ ခံစားချက်ဟာ ရောင် ခြည်တန်းတခုလို ကျွန်တော့် ခန္ဓာကိုယ်ထဲက ဖြာထွက်လာသလိုပဲ။ မိုက်ကယ်ဆိုတဲ့ ခင်ဗျားဟာ တစုံတရာအဓိပ္ပာယ် ကျိန်းသေပေါက် ရှိနေတယ်။ အဲဒီ အဓိပ္ပာယ်ကို ကျွန်တော် ပိုင်ဆိုင်ချင်လို့ မရဘူး။ ကျွန်တော့်ဆီမှာ အဲဒီ အဓိပ္ပာယ်ကို ဖော်ညွှန်းနိုင်တဲ့၊ ယုံကြည်သက်ဝင်နိုင်တဲ့ နည်းလမ်း တစုံတရာ မရှိခဲ့ဘူးဗျာ။ ဒါကြောင့်လည်း ကျွန်တော်ဟာ အဓိပ္ပာယ်ကို နားလည်နိုင်ဖို့၊ ဒီပဟေဠိကို အဖြေရှာနိုင်ဖို့ အပြင်းအထန် ငတ်မွတ်လာခဲ့တယ်။ ဘာကြောင့်များ ဒီလို ဗရုတ်ဗရက် စစ်ပွဲကာလကြီးအတွင်းမှာ ခပ်ကုပ်ကုပ် ပြန်လည်ထူထောင်ရေး စခန်းတခုကို သိရခက်လှတဲ့ မိုက်ကယ်နဲ့ သူ့ဇာတ်လမ်းကို ကျွန်တော့်ဆီ ဒုတ်ဒုတ်ထိရောက်အောင် ပို့လွှတ်လိုက်ရတာ လဲ။

ဘယ်လို စဉ်းစား စဉ်းစား၊ မိုက်ကယ်ဟာ အရိုးနဲ့ အရေကပ်နေတဲ့ လူ့အန္တ တယောက် (ဒီလို ပြောလိုက်ရတာကို ခွင့်လွှတ်ပါဗျာ) သက်သက်ပဲ၊ ဒီထက် ပိုပြီး ဘာမှ အဓိပ္ပာယ်မရှိဘူးဆိုရင် ကျွန်တော် အိမ်သာထဲဝင်ပြီး ကိုယ့်နားထင်ကိုယ် သေနတ်နဲ့ တေ့ပစ်လိုက်ရုံ ရှိတော့တာပဲ။ အဲဒီ ညက အနည်းဆုံးတော့ ကျွန်တော် နားလည်ရခက်လှတဲ့ လူ့ဆန္ဒဆိုတဲ့ နှလုံးသားရဲ့ ရတနာတပါးကို သိခွင့်ရလိုက်တယ်လို့ ထင်မိတယ်။ အမြဲတမ်း ချောင်းနေတဲ့ သိမ်းငှက်အလစ်မှာ ခေါင်းထောင်ထတတ်တဲ့ ကြွက်လို အစဉ်ပုန်းအောင်းနေတတ်တဲ့၊ ကိုယ်တိုင်သိနိုင်ဖို့ ခက်ခဲလှတဲ့ ဆန္ဒရမ္မက်တခုအကြောင်းပေါ့လေ။

အနှောင့်အယှက်ကင်းတဲ့ တနေ့နေ့မှာ ဒီအကြောင်းကို ခင်ဗျားနဲ့ထပ်ပြီး ဆွေးနွေးဦးမယ်ဗျာ၊ မလိမ်မညာဘဲ ကိုယ့်ကိုယ်ကိုယ် အမှန်အတိုင်းမြင်နိုင်လာတဲ့ တနေ့နေ့မှာပေါ့"

ဒီစကားပြောပြီးတော့ ခင်ဗျား လှည့်ထွက်သွားတယ်။ စိုက်စိုက်စိုက်စိုက်နဲ့ ဆက်လျှောက်သွားတယ်။ ကျွန်တော် စကားလုံးတွေနဲ့ နှိပ်စက်နေတာကို မေ့သွားပြီး စခန်းကနေ ဝေးနိုင်သမျှ ဝေးဖို့ကိုသာ ခင်ဗျား အာရုံကျနေပုံပဲ။ ဟော ကျွန်တော့် စကားသံ ကျယ်ကျယ်လောင်လောင်ကြောင့်လား မသိဘူး။ ကျွန်တော် တို့နားမှာ ကလေးတသိုက် ဝိုင်းလာပြီ။ ခင်ဗျားကြည့်ရတာ ဂနာမငြိမ်တော့ဘူး။ ကြောက်လာပြီ ထင်တယ်။ အပြေးတပိုင်းလျှောက်နေတယ်။ ကျွန်တော်လည်း တတ်နိုင်သလောက် ထက်ကြပ်မကွာ သုတ်ခြေတင် လိုက်ရတာပေါ့။ တော်ကြာ သိပ်အလှမ်းကွာသွားရင် ပြောချင်တာတွေကို အော်ပြောနေရလိမ့်မယ်။

"မိုက်ကယ်ရေ၊ သည်းခံ နားထောင်ပါဦးနော်၊ သိပ်မကျန်တော့ပါဘူး၊ ကျွန်တော် မြန်မြန်လေး ပြောပါ့မယ်"

ဟင် ဒီလို ပြောလိုက်ခါမှ ခင်ဗျား ဒုန်းစိုင်းပြေးတော့တာပါလားဗျာ။

မတတ်နိုင်ဘူး။ ခင်ဗျားပြေးတော့ ကျွန်တော်လည်း နောက်က လိုက်ပြေးရတော့တာပေါ့။ ပြေးရင်း လှမ်းပြောရတော့ မောတာပေါ့။

"ခင်ဗျားအနေနဲ့တော့ စခန်းကို ရောက်လာခဲ့တယ်ဆိုတာ ဒဏ္ဍာရီတပုဒ်လို ဖြစ်နေမှာ ပဲနော်။ ဒါနဲ့ ဒဏ္ဍာရီဆိုတဲ့ စာလုံးကိုကော ခင်ဗျားသိရဲ့လား၊ ခင်ဗျား စခန်းက ထွက်ပြေးပုံကိုလည်း ကျွန်တော် သဘောကျမိတယ်။ အသာလေး ဝါယာကြိုးတွေ အောက်က လျှောကနဲ ထွက်လိုက်တာလေ၊ ခင်ဗျားဟာ အချုပ်အနှောင်ကနေ ထွက်ပြေးတဲ့ နေရာမှာတော့ ချန်ပီယံပဲဗျာ၊ မိုက်ကယ်၊ ကျွန်တော် ဦးညွှတ်အလေးပြု စမ်းပါရစေ"

ပြေးလည်းပြေး ပြောလည်းပြောရတော့ ကျွန်တော် အမောဆို့လာပြီး တဖြည်းဖြည်း ခင်ဗျားနဲ့ အလှမ်းကွာလာခဲ့တယ်။ လျှာထွက်မတတ်မောနေရင်း စကားတခွန်းတော့ ပြောဖြစ်အောင် ပြောလိုက်ဦးမယ်။

"မိုက်ကယ်၊ ခင်ဗျားရဲ့ ဥယျာဉ်လေးအကြောင်း ကျွန်တော် သိစမ်းပါရစေဗျာ၊ ဘာမှမရှိတဲ့ ကန္တာရတပိုင်းမြေမှာ စားဖို့သောက်ဖို့ အသီးအနှံလေးတွေ ရနိုင်မယ့် ဥယျာဉ်တခုကို ခင်ဗျား ဘယ်လိုများ ပျိုးထောင်ခဲ့သလဲ မိုက်ကယ်။ ခင်ဗျားရဲ့ ဥယျာဉ်ဟာ ဘယ်မြေပုံပေါ်မှာ မှ ရှာလို့မရနိုင်ဘူးဆိုတာ ကျွန်တော် သိပါတယ် မိုက်ကယ်ရာ၊ ခင်ဗျား တယောက်တည်းသိတဲ့ နေရာလေးလေ"

ကျွန်တော် စိတ်ထဲ ထင်မိထင်ရာထင်နေတာလား၊ တကယ် ဖြစ်နေတာလား မပြောတတ်တော့ပါဘူး။ ခင်ဗျားဟာ ဘယ်ကရလာမှန်းမသိတဲ့ ခွန်အားတွေနဲ့အတူ လှစ်ကနဲ လှစ်ကနဲ ပြေးနေတယ်။ နောက်ကလိုက်ပြီး စကားတွေပြောနေတဲ့ ဝတ်စုံပြာနဲ့ ဘာမှန်းမသိတဲ့ ငနဲ လက်ကနေ လွတ်အောင် အရှိန်အဟုန်နဲ့ကို ဒရမန်းကြမ်းပြေးတာ။

ခင်ဗျား နောက်လှည့်ကြည့်လို့ မြင်ရရင် အံ့ဩမလားပဲ။ ခုနက ကလေးတွေလေ၊ ကျွန်တော့်ကို ခင်ဗျားနောက် မလိုက်နိုင်အောင် အမျိုးမျိုးနှောင့်ယှက်နေကြပြီ။ ခဲနဲ့ပေါက်၊ သဲနဲ့ပက်၊ ကျွန်တော် သူတို့ကို ဟန့်နေချိန်မှာ ပဲခင်ဗျားဟာ ဟိုးအဝေးကြီး ရောက်သွားခဲ့ပြီ။ အစာမစားလို့ သေမလို ဖြစ်နေတဲ့လူက ဒီလောက်ပြေးနိုင်တယ်ဆိုတာ ကိုယ်တွေ့ကြုံလို့ ယုံလိုက်ရပြီမိုက်ကယ်။ ခင်ဗျားနောက်ကို ကျွန်တော် ဘယ်လိုမှ မီအောင် မလိုက်နိုင်တော့ပါဘူး။

ဒါပေမဲ့ နောက်ဆုံးစကားတခွန်းတော့ အသံကုန်ဟစ်လိုက်ပါရစေဦး။

"မိုက်ကယ်၊ ကျွန်တော် ပြောတာတွေ မှန်ရဲ့လား၊ ခင်ဗျားကိုကျွန်တော် နားလည်တာ ဟုတ်ကော ဟုတ်ရဲ့လား၊ မှန်တယ်ဆိုရင် ညာဖက်လက် ထောင်ပြ၊ မှားနေရင် ဘယ်ဘက်လက်လေး ထောင်ပြခဲ့ပါလားမိုက်ကယ်ရာ"

အခန်း (၃)

မဆုံးနိုင်အောင် လမ်းလျှောက်ခဲ့ရသဖြင့် သူ့ဒူးတွေ တဆတ်ဆတ်တုန်နေသည်။ နေခြည် ဝင်းဝင်းတောက်နေသည့် နံနက်ခင်းတခုမှာ မိုက်ကယ်ကေသည် ဆီးပွိုင့် အဝင် ဂေါက်ကွင်းငယ်လေးနားက ခုံရှည်တလုံးမှာ ပင်လယ်ကို မျက်နှာမူကာ ထိုင်ရင်း အားမွေးနေခဲ့သည်။ လေက ထူးထူးခြားခြား ငြိမ်နေ၏။ သို့သော် ကျောက်ဆောင်များကို လှိုင်းလေးတွေ လာပုတ်သည့်အသံကို သူ့နားထဲမှာ ကြားနေရပြီ။ ခွေးတကောင်က သူ့ ခြေထောက်ကို လာနမ်းပြီး ခုံရှည်ကို သေးခွပန်း၏။ အတိုအပြတ်ကလေးတွေ ဝတ်ထားသော ကောင်မလေးသုံးယောက် သူ့နားမှ ဖြတ်သွားသည်။ ချိုမြမွှေးကြိုင်သည့် အနံ့တွေ လှိုင်ပြီး ကျန်ရစ်ခဲ့သည်။ ရေခဲမုန့် လှည်းတစီးမှ ထွက်လာသည့် ခေါင်းလောင်းသံက သူ့နားထဲမှာ တိုးလိုက်၊ ကျယ်လိုက်။

မိုက်ကယ်သည် သူ့ကိုယ်သူ အိပ်ပျော်နေသလား၊ နိုးနေသလား သေချာမသိ။ မျက်လုံးဖွင့်၍ ရသေးပုံထောက်လျှင်တော့ သူ အသက်ရှင် နေသေးတာ သေချာသည်။

ကမ်းခြေ လမ်းတလျှောက်မှ အဆောက်အအုံတွေသည် ပြတင်းပေါက်များကို တင်းတင်းပိတ်ထား၏။ သူ မှတ်မိနေသည့် ကားတွေ ကလည်း သူတို့ ရပ်နေကျနေရာမှာ ရပ်ထား၏။ သံချေးတွေ တက်ကာ၊ ဘီးတွေ ကပြားချပ်လျက်။

မိုက်ကယ်သည် တဖြည်းဖြည်း လျှောက်လာခဲ့သည်။ မိုးပြာရောင်သစ်ပင်ခုတ် အလုပ်သမားဝတ်စုံကြီး အောက်မှ သူ့ခန္ဓာကိုယ်မှာ အဝတ်အစားမဲ့နေသည်ကို လည်းကောင်း၊ သူ့မှာ ဖိနပ်မပါသည်ကို လည်းကောင်း သူ သိနေခဲ့သည်။ သို့သော် တွေ့သမျှ လူတိုင်းက ဘယ်သူမှ သူ့ခြေထောက်ကို ငုံ့မကြည့်ကြ၊ သူ့မျက်နှာကိုသာ တအံ့တသြ ကြည့် သွားကြသည်။ မုန်ကွဲစတွေ၊ ပရိဘောဂ အပျက်အစီးတွေ တင်းကျမ်းပြည့်နေသည့်ကြားမှ အားယူရုန်းထကာ မြက်ပင်အသစ်တွေ ပေါက်နေသည့် မြက်ခင်းပြင်တခုကို သူ ဖြတ်ကျော်လာသည်။ ကလေးတယောက်က မြက်ခင်းပြင်ကြားမှာ ကစားနေ၏။

မိုက်ကယ်သည် ကိုတီဒီအဇာလမ်းသို့ ဦးတည်လျှောက်လာခဲ့သည်။ သူ့ဦးတည်ချက်က တချိန်တခါဆီက အမေနေခဲ့ဖူးသည့် မြေတိုက်ခန်းလေးရှိရာ

ဘားမန်းတိုက်တန်းဆီသို့။ ထိုတိုက်အောက် ရောက်တော့ သူ ထိုင်ချလိုက်သည်။ သူ့ခန္ဓာကိုယ်နှင့် သူ့မျက်နှာကို ကြည့်မိသူတိုင်း သူ့ကို သူတောင်းစားဟု ထင်ကြမိမှာ မြေကြီးလက်ခတ်မလွဲ။ သူ့ဦးထုပ်အမည်းကြီး ပျောက်သွားသည်ကို ခုမှနှမြောရကောင်းမှန်း သူ သိသည်။ နို့မို့ဆို ပိုက်ဆံတောင်းဖို့ ထိုဦးထုပ်ကြီးကို ရှေ့ချထားလိုက်လျှင် သူတောင်းစား ကြန်အင်လက္ခဏာနှင့် တင်းပြည့်ကျပ်ပြည့် ပြည့်စုံသွားလိမ့်မည်။

အချိန်တွေ တဖြည်းဖြည်း ကုန်လွန်သွားခဲ့သည်။ ဘယ်သူမှ ရောက်မလာခဲ့။ မိုက်ကယ်သည် ပိတ်ထားသည့် တိုက်ရှေ့တံခါးကို ဖွင့်ဝင်ဖို့မကြိုးစားခဲ့။ အရင်တုန်းက ထိုတံခါးမှာ အမြဲတမ်း ဖွင့်ထားခဲ့သည်။ ခု ပိတ်ထားသည်ဆိုတော့ မဝင်စေချင်လို့နေမှာ ပေါ့။ နေစောင်းလာတော့ အရိုးထဲမှစိမ့်ပြီး အေးလာသည်။ သူ ကမ်းခြေကို ဆင်း၏။ ခုထိ ပူနွေးနေသေးသည့် သဲသောင်ပြင်မှာ ခန္ဓာကိုယ်ကို နှစ်လိုက်ရင်း သူ သဲမွေ့ရာခြုံကာ နွေးနွေးထွေးထွေး အိပ်ပျော်သွားခဲ့သည်။

တကိုယ်လုံး ချွေးပြိုက်ပြိုက်ကျ၍ အလွန်အမင်း ရေငတ်ကာ လန့်နိုးလာခဲ့သည်။ သောင်ပြင်ပေါ်မှာ အများ သုံး အိမ်သာတခု ရှိသည်။ သို့သော် ရေပိုက်တွေ က ရေမလာ။ အိမ်သာခွက်ကလည်း သဲတွေ ပြည့်လို့။

လက်ဆေးကန်ရှေ့မှာ ရပ်ရင်း ဘာလုပ်ရမှန်းမသိ ဖြစ်နေချိန်မှာ သူ့နောက်မှာ လူသုံးယောက် ရောက်နေကြောင်း ကြည့်မှန်ထဲမှတဆင့် မြင်နေရသည်။အဖြူရောင် ခပ်ကျပ်ကျပ်ဝတ်စုံ ဝတ်ထားသည့် မိန်းမ တယောက်နှင့် ယောကျ်ားနှစ်ယောက်။ ထိုနှစ်ယောက်ထဲမှ အရပ်ရှည်ရှည် တယောက် ကသူ့လက်မောင်းကို လာကိုင်သည်။

"မောင်ရင့်ကိစ္စ ပြီးပြီမဟုတ်လား၊ သွားစမ်း၊ ဒီမှာ အလုပ်ရှိတယ်ကွ"

ထိုလူသည် မိုက်ကယ့်ကို အပြင်သို့ ဆောင့်တွန်းလိုက်သည်။ မိုက်ကယ် သဲသောင်ပြင်ပေါ် မှောက်ထိုးကြီး လဲကျသွားသည်။ ထိုလူသည် အိမ်သာပေါက်ဝမှာ ရပ်ရင်း မိုက်ကယ့်ကို ပေစောင်း ကြည့်နေသည်။ ကျန်ယောကျ်ား တယောက်နှင့် မိန်းမကတော့ အိမ်သာထဲဝင်သွားကြသည်။ မိန်းမ တယောက်သည် ကလေးငယ်ကလေးပိုက်ပြီး ရေစပ်မှာ ရပ်နေ၏။ ကလေးကို လွှဲကာ လွှဲကာဖြင့် ရေထဲပစ်ချမည် ဟန် ကျီစယ်နေ၏။ ကလေးက ကြောက်လန့်တကြားဖြင့် ငိုလိုက်သည်မှာ တဗြဲဗြဲ။

"အဲဒါ ကိုယ့်ညီမပေါ့"

အိမ်သာတံခါးဝမှာ မှီပြီးရပ်နေသည့် အရပ်ရှည်ရှည်လူက

ထိုကလေးပိုက်ထားသည့် မိန်းမကို လက်ညှိုးထိုးရင်း မိုက်ကယ့်ကို ပြော၏။ သူက အိမ်သာထဲသို့ လက်ထိုးပြပြန်ရင်း-

"အထဲကဟာလည်း ကိုယ့်ညီမပဲ၊ ကိုယ်က ညီမတွေ အများကြီး၊ မိသားစုကြီးတယ် ပြောရမှာ ပေါ့။ ဟဲ ဟဲ"

မိုက်ကယ် ခေါင်းကိုက်လာသည်။ မျက်နှာကို ဖုံးစရာ ဦးထုပ်လည်းမရှိ။ သူ မျက်စိမှိတ်ထားလိုက်သည်။ ထိုအချိန်မှာ အိမ်သာထဲဝင်သွားသည့် ယောက်ျားသည် ပြန်ထွက်လာခဲ့သည်။ သူက စကားတလုံးမှမပြောဘဲ ကမ်းခြေတလျှောက် ခပ်သုတ်သုတ် လျှောက်သွား၏။ နေမင်းသည် သမုဒ္ဒရာရေပြင်ပေါ်မှာ မေးတင်နေပြီ။ မိုးချုပ်တဲ့ထိ ငါဒီမှာနေမယ်။ ပြီးမှ ဘယ်သွားရမလဲဆိုတာ စဉ်းစားတော့မယ်။

သူ မျက်စိမှိတ်ထားလိုက်သည်။ တစုံတရာက သူ့နံရိုးများကို လာထိ၍ မျက်လုံး ဖွင့်ကြည့်လိုက်သည်။ ဖိနပ်တဖက်၊ မော့ကြည့်လိုက်သည်။ ခုနက သူ့ကို အိမ်သာထဲမှ မောင်းထုတ်သည့် အရပ်ရှည်ရှည်လူ။ သူ့နောက်မှာတော့ သူ့ညီမတွေဆိုသည့် မိန်းမနှစ်ယောက်။

အရပ်ရှည်ရှည်လူသည် ဖိနပ်ကို ချွတ်လိုက်သည်။ ခြေချောင်းများက သူဝတ်ထားသည့် အလုပ်သမားဝတ်စုံ ဇစ်များကို အောက်သို့ ဆွဲချသည်။ အပေါ်အောက် တဆက်တည်း ဝတ်စုံကြီးကို ဇစ်ဆွဲချလိုက်တော့ အထဲမှာ ဘာမှ မဝတ်ထားသည့် မိုက်ကယ့် ခန္ဓာကိုယ်ကလေး အတိုင်းသားပေါ်လာသည်။

"ပော့ ကြည့်ကြစမ်း၊ တုံးလုံးကြီးကွ"

မိန်းမနှစ်ယောက် က မိုက်ကယ့်ကို ကြည့်ကာ ဟားတိုက်ရယ်မောကြ၏။ အရပ်ရှည်သူက မိုက်ကယ့် နံရိုးတွေကိုကြည့်ရင်း-

"ကိုယ့်လူ အစာမစားရတာ ဘယ်နှရက်တောင် ရှိနေပြီလဲကွာ၊ ကဲ-ဟော့ ဒီလူ့ကို တခုခု ကျွေးကြ၊ တိုက်ကြဦးစို့"

ကလေးအမေက အိတ်ထဲမှ ဝိုင်တပုလင်း ထုတ်ပေး၏။ မိုက်ကယ်ထထိုင်ပြီး သောက်ချလိုက်၏။

"ကိုယ့်လူက ဘယ်ကလဲ၊ အလုပ်သမားလား"

မိုက်ကယ်ဝတ်ထားသည့် အစိုးရ အလုပ်သမားဝတ်စုံကို ကြည့်ရင်းမေး၏။

မိုက်ကယ် ဖြေမလို့ ပါးစပ်ပြင်နေတုန်း ခုနက သောက်ထားသည့်ဝိုင်များသည် ဝေါကနဲ သူ့ပါးစပ်မှ ပြန်ထွက်လာကြ၏။ တလောကလုံးချာချာလည်သွားသဖြင့် မျက်စိမှိတ်ထားလိုက်သည်။

အရပ်ရှည်သူက ရယ်မောရင်း မိုက်ကယ့်ကျောကို သပ်ပေး၏။

"ပေါ့ အစာမရှိဘဲ လျှောက်မချနဲ့လေ။ ဒီမှာ ကိုယ့်လူ၊ ကိုယ့်လူကို ကိုယ်စတွေ့ကတည်းက ဒီလူ ငတ်နေတာကြာပြီလို့ သိတယ်၊ ကိုယ့်လူကိုယ်တို့နဲ့ လိုက်ခဲ့၊ လာ လာ"

သူတို့ မိုက်ကယ့်ကို တွဲခေါ်ပြီး ကမ်းခြေတလျှောက် လျှောက်လာခဲ့ကြသည်။ ဘတ်စ်ကား ဘော်ဒီအလွတ်ကြီးတခုထဲသို့ ဝင်သွားကြသည်။ အရပ်ရှည်ရှည်လူက အိတ်ထဲမှ ပေါင်မုန့်တလုံးနှင့် နို့ဆီတဘူး ထုတ်လိုက်သည်။ မောင်းချဓားအနက်ကလေးကို ဖြောက်ကနဲ ဖွင့်လိုက်သည်။ ဓားသွားကလေး ဝင်းကနဲထွက်လာသည်ကို မိုက်ကယ် တအံ့တဩ ကြည့်နေခဲ့သည်။ ထိုဓားဖြင့် နို့ဆီဘူးကို သူ ဖောက်၏။ ပြုံး ကြောင်ကြောင်ဖြင့် မိုက်ကယ့်ကိုမြင်တော့ အူလှိုက်သည်းလှိုက် သူ ရယ်၏။ သူရယ်တာမြင်တော့ ကလေးလေးကလည်း လိုက်ရယ်၏။

အရပ်ရှည်သူသည် အရယ်ရပ်ကာ ပေါင်မုန့်ထူထူတချပ်လှီး၍ နို့ဆီရွှဲရွှဲဆမ်းပြီး မိုက်ကယ့်ကို ပေးလိုက်သည်။ မိုက်ကယ် လှမ်းယူလိုက်သည်။ အားလုံး သူ့ကို ဝိုင်းကြည့်နေစဉ်မှာ ပင် သူ ပေါင်မုန့်ကို စားလိုက်သည်။

စားပြီး သောက်ပြီးတော့ ဆက်လျှောက်ကြသည်။ လမ်းမှာ ရေဘုံပိုင်တခု တွေ့၏။ မိုက်ကယ်သည် တံ့ကနဲရပ်ကာ ရေပိုက်ခေါင်းကို ဖွင့်၏။ တသက်လုံး ရေမသောက်ခဲ့ရသည့် လူတယောက်ပမာ သူ ရေကို အငမ်းမရ ကြာမြင့်စွာ သောက်၏။ ရေက သူ့ပါးစပ်ထဲမှ လျှံကာ ခန္ဓာကိုယ်ပေါ်သို့ တသွင်သွင် စီးကျ၏။ ရေသောက်ပြီးတော့ မူးဝေဝေ ဖြစ်နေခဲ့သည်။ လူနေအိမ်ခြေတွေကို သူတို့ ဖြတ်ကျော်ခဲ့ပြီ။ ဆစ်ဂနယ် တောင်ကုန်းပေါ်သို့ တက်ကြသည်။ မိုက်ကယ်ကတော့ ဟစိဟစိနှင့် နောက်ဆုံးကလိုက်လာသည်။ ကလေးအမေကလည်း မောနေ၏။

လေးလိုက်တာဟုလည်း ညည်း၏။ မိုက်ကယ်က အိတ်ကူသယ်ပေးရမလားဆိုတော့ ရတယ် ရတယ် ကျွန်မ သယ်နေကျဟု ပြန်ပြော၏။

ခြံစည်းရိုး ခွေးတိုးပေါက်တပေါက်မှ တိုးဝင်လိုက်သည့်အခါမှာတော့ ကန့်သတ်သစ်တော ကြိုးဝိုင်းတခုထဲ သူတို့ ရောက်သွားကြသည်။

အရပ်ရှည်ရှည်လူသည် ကွေ့ကာကောက်ကာဖြင့် ဦးဆောင်သွားနေသည်။ ကမ်းခြေသည် အတော် ဝေးဝေးမှာ ကျန်ရစ်ခဲ့ပြီ။

ထင်းရှူးပင်တွေ အောက်မှာ သူတို့ ရပ်ကြ၏။ ဝတ်စုံဖြူနှင့် မိန်းမသည် ထင်းရှူး တောနောက်သို့ ဝင်ရောက်ပျောက်ကွယ်သွားသည်။ ခဏနေတော့ အဝတ်လဲပြီး ပလတ်စတစ်အိတ်ကြီး နှစ်အိတ်နှင့်အတူ ပြန်ရောက်လာသည်။ သူသည် တီရှပ်နှင့် ဂျင်းဘောင်းဘီကို ဝတ်ဆင်ထား၏။ ကလေးအမေ ကတော့ အင်္ကျီရင်ဘတ်ကိုဖွင့်ကာ ကလေးကို နို့တိုက်၏။ မိုက်ကယ်ဘာလုပ်ရမှန်းမသိ။ ထိုမြင်ကွင်းမျိုးကို တသက်နှင့်တကိုယ် သူ တခါမှ မမြင်ဖူးခဲ့။

အရပ်ရှည်သူသည် ပလတ်စတစ်စ တခုကို ခင်း၏။ ငါးသေတ္တာဘူးခွံလွတ် တလုံးပေါ်မှာ ဖယောင်းတိုင် ထွန်း၏။ ပြီးတော့ ညစာပြင်၏။

ပေါင်မုန့် နို့ဆီ သုတ်ရယ်၊ ဝက်အူချောင်းရယ်၊ ငှက်ပျောသီးတွေ ရယ်၊ ဝိုင်ပုလင်းတလုံးကို ဖောက်ကာ မိုက်ကယ့်ကို ကမ်းပေး၏။ မိုက်ကယ်ကတင့်ငုံ့ရင်း ပုလင်းကို ပြန်ပေးလိုက်သည်။ သူ ထိုလူကို မေးလိုက်သည်။

"ခင်ဗျားတို့မှာ ရေမပါဘူးလား"

"မပါဘူး၊ နို့ဆီရယ်၊ လူနို့ရယ် (သားသည်အမေဘက်သို့ လှည့်ကြည့်လိုက်သေးသည်)၊ ဝိုင်ရယ် ဒါပဲပါတယ်။ ရေကတော့ မနက်ဖြန်မှပဲသောက်တော့ သူငယ်ချင်းရယ်၊ ဒီနေရာမှာ ရေမရှိဘူး။ မနက်ဖြန်ကျရင် ကိုယ့်လူကို စိတ်သစ် လူသစ် ဖြစ်လာအောင် ကိုယ်တို့ လုပ်ပေးမယ်၊ ဟုတ်ပြီလား"

မိုက်ကယ်သည် ပေါင်မုန့် နို့ဆီသုတ်ကို ထပ်စား၏။ ငှက်ပျောသီးလည်း စား၏။ ဝက်အူချောင်းကိုတော့ မစား။ ဝိုင်သောက်ထား၍ နဂိုတည်းက မိုက်ကန် ဖြစ်ဖြစ်နေသည့် သူ့ခေါင်းမှာ ရီဝေဝေ ဖြစ်နေသည်။ အရပ်ရှည်ရှည်လူက သူ့ကိုကြည့်ရင်း-

"ကိုယ့်လူအနေနဲ့ ကိုယ်တို့ ဒီလိုနေတာထိုင်တာကြည့်ပြီး ထူးဆန်းချင် ထူးဆန်းနေလိမ့်မယ်။ သူတောင်းစားတွေ လို့ ထင်ချင်ထင်နေလိမ့်မယ်။ ကိုယ်တို့ သူတောင်းစား မဟုတ်ဘူး၊ ပိုက်ဆံ ရှိတယ်၊ စားစရာ ရှိတယ်၊နေစရာလည်း ရှိတယ်"

ဂျင်းဘောင်းဘီဝတ်ထားသည့် မိန်းမက-

"ကျွန်မတို့က နော်မန်ဒီကလေ" ဟု ဝင်ပြော၏။

"နော်မန်ဒီ မတိုင်ခင် ဘယ်မှာ နေခဲ့ကြလဲ ပြောပြလိုက်ဦး"

"ကလစ်ပါမှာ လေ"

"ဟုတ်တယ်၊ ပထမ ကလစ်ပါ၊ နောက် နော်မန်ဒီ၊ ခုနောက်ဆုံးဒီရောက်လာတာပဲ၊ ကမ်းခြေကို ပျော်ပွဲစားထွက်လာတယ်ပေါ့လေ၊ ကိုယ့်လူကကော ဘယ်ကလဲ၊ ကိုယ့်လူကို အရင်က မမြင်ဖူးပါဘူး"

အခု သူ ပြောဖို့ အလှည့်ရောက်လာပြီမှန်း မိုက်ကယ် သိ၏။

"ကျွန်တော် ကန်းနယ်လ်ဝေါ့သ် အကျဉ်းစခန်းမှာ မနေ့တနေ့ကထိ သုံးလလောက် နေခဲ့ရတယ်။ အရင်ကတော့ ကိတ်တောင်း ပန်းခြံဥယျာဉ်လုပ်သားပေါ့၊ ကြာခဲ့ပါပြီ၊ အမေ ကျန်းမာရေး မကောင်းလို့ အမေ့ကိုခေါ်ပြီး တောပြန်သွားခဲ့တာ၊ အမေက ဆီးပွိုင့်မှာ အလုပ်လုပ်တယ်လေ၊ သူ အိမ်ရှင်တိုက်မှာပဲ အခန်းတခန်း ရတယ်၊ ဒါပေမဲ့..."

မိုက်ကယ် ပြောနေရင်း လှိုက်ကနဲ ဝမ်းနည်းစိတ်က ဆို့တက်လာသည်။ ခဏနေတော့ သူ ပုံမှန်ပြန် ဖြစ်သွားသည်။

"တောကို သွားရင်းနဲ့ အမေဟာ စတယ်လန်ဘော့ချ်မှာ ဆုံးသွားရှာတယ်"

ကမ္ဘာကြီးတခုလုံး သူ့မျက်လုံးထဲမှာ ချာချာလည်သွားပြန်သည်။ ပြီးတော့လည်း ဘာမှ မဖြစ်သလို ပုံမှန် ဖြစ်သွားပြန်သည်။

"ကျွန်တော် ဘယ်တုန်းကမှ ဝဝလင်လင် အစာမစားခဲ့ရဖူးဘူး"

ကလေးအမေသည် သူ့အစ်ကိုဆိုသူကို တစုံတရာ ခပ်တိုးတိုးကပ်ပြောနေသည်။ ဂျင်းဘောင်းဘီနှင့် မိန်းမကတော့ ထထွက်သွားသည်။ ကြည့်ရတာ သူ့ဇာတ်လမ်းဟာ ဆွဲဆောင်မှု မရှိဘူးနဲ့ တူပါရဲ့။ တကယ်တမ်းမှာလည်း မိုက်ကယ်သည် သူ့စိတ်ထဲပေါ်လာသည့် အပိုင်းတွေကို လျှောက်ပြောနေခြင်း ဖြစ်သည်။ စီကာပတ်ကုံး ဘယ်လိုပြောရမလဲဆိုတာသူ မသိ။ ပြောလည်း မပြောတတ်။ သူ အန်ချင်လာသည်။ ချွေးစေးတွေ ပြန်လာသည်။ တချိန်တည်းမှာပင် ခိုက်ခိုက်တုန်အောင် ချမ်းလာပြန်သည်။ သူမျက်လုံးပိတ်ထားလိုက်သည်။ အရပ်ရှည်သူက သူ့ပခုံးကို ပုတ်ကာ-

"ကဲ ကိုယ့်လူလည်း အိပ်ချင်ရောပေါ့။ အိပ်ကြစို့၊ မနက်ဖြန်ကျရင် ကိုယ့်လူ စိတ်သစ် လူသစ် ဖြစ်စေရမယ်၊ အဆင်ပြေသွားမှာ ပါသူငယ်ချင်း" ဟု ဆိုလိုက်သည်။

သူတို့မှာ အိပ်ရာခင်းကိုယ်စီ ရှိကြသည်။ မိုက်ကယ့်အတွက်တော့

ခုနကစားပွဲခင်းသည့် ပလတ်စတစ်ခင်းကြီးကို ချပေး၏။ မိုက်ကယ့် ခန္ဓာကိုယ်မှာ ပတ်ပေး၏။ မိုက်ကယ့်တကိုယ်လုံး ချွေးတွေ ထွက်ပြီး ခိုက်ခိုက်တုန်နေသည်။ နားထဲမှ လေတွေ ထွက်နေသည်။ အိပ်မပျော့်တပျော် ဖြစ်နေသည်။ ထို့ကြောင့်လည်း ခုနက အရပ်ရှည်ရှည်လူ သူ့နားကပ်လာသည်ကိုလည်းကောင်း၊ သူ့အိတ်ထဲ နှိုက်နေသည်ကို လည်းကောင်း၊ သူ့မျိုးစေ့ထုပ်ကို ယူနေသည်ကို လည်းကောင်း ကောင်းစွာ သိနေခဲ့သည်။ အထုပ်ရသွားသည့်အခါ ထိုလူသည် သူ့နားမှ လျင်မြန်စွာ ထွက်ခွာသွားခဲ့သည်။ တညလုံး မိုက်ကယ်သည် သစ်ကိုင်းများ၏ မည်းမည်းအရိပ်များ နှင့် ငွေလစန္ဒာကို ငေးနေခဲ့သည်။ အလင်းရောင် လာသည်နှင့် သူ ထ၏။ အရပ်ရှည်ရှည်လူသည် ကလေးအမေနားမှာ အိပ်နေသည်။ ကလေးကတော့ နိုးနေသည်။ မိုက်ကယ့်ကို မျက်လုံးပြူး လေးဖြင့် ကြည့်နေသည်။

မိုက်ကယ်က ထိုသူ့ပခုံးကို ကိုင်လှုပ်ရင်း- "ကျွန်တော့် အိတ်ကလေး ပြန်ပေးပါဗျာ" ဟု လေသံကလေးဖြင့် ပြော၏။ အခြားသူတွေ နိုးကုန်မှာ သူစိုး၏။ ထိုသူက မနိုး၊ သွားချင်းကြိတ်ကာ တဖက်သို့ လှည့်သွား၏။

သူ့အိတ်ကို ကိုက်အနည်းငယ်အကွာမှာ ပွင့်ရက်သားတွေ့ရ၏။ မိုက်ကယ်သည် ပြန့်ကျဲနေသည့် သူ့ဖရုံစေ့တွေကို တစေ့ချင်း လိုက်ကောက်ထည့်၏။ ပြီးတော့ အင်္ကျီအိတ်ထဲ ပြန်ထည့်လိုက်၏။ သူ ထိုနေရာမှ ထထွက်လာခဲ့သည်။ လမ်းပေါ်ရောက်တော့ ဝေလီဝေလင်းမျှသာ ရှိသေးသည်။ သူ ကမ်းခြေသို့ ဆင်းလာခဲ့သည်။ သဲသောင်ပြင်ပေါ်က သဲတွေက ရေခဲမှုန်တွေ အလား အေးလှသည်။ ကျောက်ဆောင်တွေ ပေါ်တက်ပြီး လှိုင်းတွေကို သူ ငေးနေသည်။ ခဏနေတော့ အမေ့အခန်းရှိရာ ဘားမန်းတိုက်ရှေ့ကို သူသွားသည်။ ပိတ်ထားသော တိုက်တံခါးပွင့်၍ တယောက်ယောက်များ ထွက်လာမလားဟု သူ မျှော်လင့်နေမိသည်။ သို့သော် ဘယ်သူမှ ထွက်မလာခဲ့။

သူ ကမ်းခြေသို့ ဆင်းပြန်သည်။ သဲပြင်ပေါ်မှာ လှဲချလိုက်သည်။ သူ့နားထင်ကို တဒိန်းဒိန်း သွေးတိုးနေသည်ကို နားထောင်ရင်း မျက်စိမှိတ်ထားသည်။ သူ့ခန္ဓာကိုယ်ထဲမှ၊ သို့မဟုတ် သူ့ဦးနှောက်ထဲမှ တစုံတရာသည် အပြင်လောကကို တိုးထွက်ချင်နေတာလား သူ မသိ၊ မသေချာ၊ အရင်တုန်းက သံချောင်းလိုမာခဲ့သော သူသည် ခုတော့ ဖယောင်းလို ပျော့နေပြီလား၊ ဒီနှစ်ခုကြားမှာ ဆက်စပ်မှု တစုံတရာ ရှိသလား။

နေမြင့်လာပြီ။ ဘယ်အချိန်ရှိပြီလဲ၊ သူ မသိ၊ ငါ အိပ်ပျော်နေတာလား၊ ဒါမှမဟုတ် အိပ်ပျော်တာထက် ဆိုးတဲ့ အခြေအနေတခုကို ရောက်နေတာလား၊ ငါဟာ ရှိနေတုန်းလား၊ မရှိတော့ဘူးလား။ ထိုအချိန်မှာ ကမ်းခြေတွင် သူ့

တယောက်တည်း မဟုတ်တော့။ ဘီကီနီဝတ်ထားသည့် ကောင်မလေးနှစ်ယောက်သည် မျက်နှာကို ဦးထုပ်များဖြင့် အုပ်ရင်း နေစာလှုံနေသည်။ အခြားလူတွေလည်း တဦးစ နှစ်ဦးစ ရောက်လာပြီ။

ပူလည်းပူ၊ စိတ်လည်းရှုပ်လာသဖြင့် သူ အိမ်သာသို့ သွား၏။ ထုံးစံအတိုင်း အိမ်သာထဲမှာ ရေမလာ။ အိမ်သာခွက်ထဲမှာလည်း သဲတွေချည်း။ မိုက်ကယ်သည် သူ့အလုပ်သမား ဝတ်စုံကြီးကို ချွတ်ချလိုက်သည်။ ထိုအချိန်မှာ မနေ့က အရှည်ကောင်သည် သူ့ညီမအငယ်နှင့်အတူ အိမ်သာထဲရောက်လာ၏။ မိုက်ကယ် ကမန်းကတန်း အလုပ်သမားဝတ်စုံကို ပြန်စွပ်ကာ အပြင်ထွက်ဖို့ ဟန်ပြင်ပါသော်လည်း သူ့ကို တွေ့တွေ့ချင်း အရှည်ကောင်သည် အတင်းပွေ့ဖက်ရင်းက-

"အမယ်လေး.. ကိုယ့်လူကို ပြန်တွေ့ရတာ ဝမ်းသာလိုက်တာ၊ ကိုယ့်လူ အစောကြီး ဘယ်တွေ လျှောက်သွားနေတာလဲ၊ ဒီနေ့ ကိုယ့်လူအတွက် စိတ်သစ်လူသစ် ဖြစ်စေရမယ်လို့ မနေ့က ကိုယ်ပြောတာ မှတ်မိတယ်မဟုတ်လား၊ ဒီမှာ ကြည့်စမ်း"

အရှည်ကောင်က သူ့အိတ်ထဲက ပုလင်းတလုံး ထုတ်လိုက်တယ်။ မိုက်ကယ် လှမ်းကြည့်တော့ ဘရန်ဒီတပုလင်း၊ ဘယ့်နှယ်။ ဒီကောင်ထောလှချေလား၊ ဇာန္တ တောင်ပေါ်က ဆင်းလာတဲ့ သူပုန်များလားလို့တောင် မိုက်ကယ် စဉ်းစားနေမိသည်။ သူက မိုက်ကယ့်နားကပ်လာပြီးလေသံကလေးဖြင့်-

"ဒီည ကိုယ်တို့ ပါတီပေးမှာ ကွ၊ ကိုယ့်လူ လူတွေ အများကြီးနဲ့ တွေ့ရမယ်" ဟု ပြောရင်း ပုလင်းလှမ်းပေး၏။ မိုက်ကယ်လည်း လှမ်းယူပြီး မော့သောက်ချလိုက်၏။ တကိုယ်လုံး ဖိန်းကနဲ၊ ရှိန်းကနဲ၊ နဂိုကတည်းက ထုံထိုင်းသည့် သူ့ခေါင်းကတော့ ထူ၍ လာသည်။ တိုးတိုး တိုးတိုး ပြောနေတာတွေကို သူ ဝိုးတဝါး ကြား၏။ တစုံ တယောက်က သူ့ဝတ်စုံဇစ်ကို ဖြုတ်၏။ အေးစက်သော လက်တဖက်က သူ့မတော် ရာကို လာကိုင်၏။ မိုက်ကယ် အားယူ၍ မျက်လုံးဖွင့်ကြည့်လိုက်သည်။ ဟိုအရှည်ကောင်၏ ညီမဆိုသည့် မနေ့က ဝတ်စုံဖြူ ခပ်ကျပ်ကျပ်ဝတ်ခဲ့သော အမျိုးသမီး ဖြစ်နေ၏။ မိုက်ကယ် အလန့်တကြားဖြင့် ရုန်းမည် ပြု၏။ အရှည်ကောင်က ရယ်ဟဟအသံဖြင့်-

"စိတ်အေးလက်အေးနဲ့ ပျော်ပျော်လေး အရသာခံစမ်းပါ ကိုယ့်လူ၊ ရော့- ဒီမှာ ထပ်တင်ဦး"

ဘရန်ဒီ ပုလင်းကို သူ့နားချထားပေးပြီး အရှည်ကောင်က အိမ်သာအပြင် ထွက်သွား၏။

"ခင်ဗျားအစ်ကိုက နာမည် ဘယ်လိုခေါ်လဲ"

မိုက်ကယ်က လျှာလေးအာလေးဖြင့် သူ့ကို တုံးလုံးချွတ်နေသော အမျိုးသမီးကို မေးလိုက်သည်။

"ခု သူ့နာမည် က ဒီဇင်ဘာတဲ့"

ထိုအမျိုးသမီးက သူ့ကို ပြောသည်။ ဒါ သူ့ကို ပထမဆုံးအကြိမ်စကားပြောခြင်းပင်။

"ဒီနေ့အတွက် နာမည်နော်၊ မနက်ဖြန်ကျရင် တမျိုး ဖြစ်ချင်ဖြစ်ဦးမှာ၊ ဒါမှ ရဲတွေ မျက်စိလည်ကုန်မှာ လေ"

အမျိုးသမီးသည် သူ၏ ငယ်ပါကို တင်းတင်းဆုပ်ထား၏။ လက်တွေက အငြိမ်မနေ။ ခက်ပြီ။ မိုက်ကယ်သည် တွန်းထုတ်လိုက်ချင် သလိုလို၊ ဆောင့်ကန်ပစ်လိုက်ချင်သလိုလို၊ နောက်ပိုင်းကျတော့လည်း တင်းတင်းဆုပ်ထားသည့် သူ့လက်သီးဆုပ်တွေ ပြေလျော့သွား၏။ ခေါင်းထဲမှာ ချာချာလည်နေသော်လည်း နေရတာ အရသာရှိလာသလိုလို။ မိုက်ကယ် မျက်စိမှိတ်ထားလိုက်သည်။

မတ်တတ်ကြီး အိပ်များ ပျော်သွားသလား မသိ၊ မျက်စိဖွင့်ကြည့်တော့ အမျိုးသမီးက သူ့နားမှာ ရပ်နေတုန်း၊ သူ့ မတော် ရာကို ကိုင်ထားတုန်း၊ အမျိုးသမီး၏ နှုတ်ခမ်းတို့သည် စိုစွတ်ဝင်းပနေသည်။

"သူက တကယ် ခင်ဗျားအစ်ကိုလား"

အပေါက်ဝမှာ စောင့်နေမည့် အရှည်ကောင်ကို သတိရလာသဖြင့်သူ မေးပြန်သည်။ အမျိုးသမီးက ပြုံး၏။ ပြီးတော့ သူ့ကို အားပါးတရနမ်း၏။ မိုက်ကယ်သည် သူ့နှုတ်ခမ်းကွဲတွေကို လာထိသည့် စိုစွတ်သည့်လျှာဖျား၏ အထိအတွေ့ကြောင့် မရှုနိုင်၊ မကယ်နိုင် ဖြစ်နေသည်။ထို့နောက်တွင် တော့...။

ကိစ္စပြီးသွားသည့်အခါ သူ တခုခုပြောချင်သည်။ သို့သော် မိုက်ကယ့်ပါးစပ် ဘာစကားမှ ထွက်မလာခဲ့။ သူ ဘရန်ဒီတငုံငုံလိုက်ပြီး ပုလင်းကို ကောင်မလေးအား လှမ်းပေးလိုက်သည်။ သူ မျက်စိမဖွင့်ချင်။ အရိပ်တွေ လှုပ်ရှားနေသည်ကိုတော့ သူ့မျက်ခွံက ဖောက်၍ မြင်နေရသည်။ အားယူပြီး မျက်လုံးကို ဖွင့်သည်။ အရှည်ကောင်နှင့် ခုနက သူ့ကို အချစ်တွေ ပေးခဲ့သော ကောင်မလေးက သူ့ကို ကြည့်နေကြသည်။

"ကိုယ့်လူ ခဏ အိပ်လိုက်ဦး၊ ညကျရင် ကိုယ်လာခေါ်မယ်၊ ပါတီမှာ အပြတ်ကဲဖို့လေ၊ စားစရာတွေလည်း အများကြီးပဲ၊ ကိုယ့်လူ အားမွေးထား"

သူတို့ သွားကြပြီ ထင်သည်။ သို့သော် ခဏနေတော့ အရှည်ကောင်ပြန်ဝင်လာပြီး မိုက်ကယ့်နားကပ်ကာ-

"ဒီမှာ ကိုယ့်လူ၊ ဘာကိုမှ မလိုချင်တဲ့၊ ဘာမှလည်း မတောင်းဆိုတတ်တဲ့၊ ဘာမှလည်း မသိတဲ့ ကိုယ့်လူလို လူတယောက်ကို ကြာကြာကြင်နာဖို့၊ သနားဖို့ဆိုတာ အတော် ခက်တယ်ကွ။ ဒီတော့ ကိုယ့်လူ လိုချင်တာကို ရဲရဲတင်းတင်းသာပြော၊ ကိုယ် ရအောင်လုပ်ပေးမယ်၊ ကိုယ် ကိုယ့်လူကို ခင်တယ်ကွာ၊ ကြားလား မောင်မောင်ပိန်" ဟု ပခုံးကို တင်းတင်းဖက်ရင်း ပြောသွားခဲ့သည်။

XXX

နောက်ဆုံးတော့ သူ တယောက်တည်း ကျန်ခဲ့ရပြန်ပြီ။ မိုက်ကယ်သည် ခိုက်ခိုက်တုန်လာပြန်၏။ လည်ချောင်းထဲကတော့ မီးစဖြင့် ထိုးခံရသလို ပူပြီး တရှရှလည်း ယားနေသေးသည်။ ခုနက မထင်မှတ်ဘဲ နတ်သွင်ပျိုနု ဥ်အမူကို ပြခဲ့ရသည့် မိုက်ကယ့်အဖို့ ထိုပုံရိပ်များကလည်း သူ့အတွေးကမ္ဘာ အစွန်းတဖက်မှာ သူ့ကို အရိပ်မိုးထားခဲ့သည်။ မိုက်ကယ်သည်ဝတ်စုံဇစ်ကို တပ်လိုက်ပြီး အိမ်သာထဲမှ ပြန်ထွက်လာခဲ့သည်။ ကမ်းခြေမှာ ထိုင်ငေးနေခဲ့သည်။ အချိန် တဖြည်းဖြည်း ကုန်သွားသည်။ နေတောင်အတော် စောင်းလာခဲ့ပြီ။ ဘီကီနီနှင့် ကောင်မလေးတွေလည်း မရှိကြတော့။ မိုက်ကယ်သည် မူးနေသဖြင့် သဲသောင်ပြင်ပေါ်မှာ သိုင်းကွက်နင်းနေသည်။ ရေခဲမုန့်လှည်းမှ ခေါင်းလောင်းသံကို သူ ကြားရသည်။ စားချင်စိတ်ပေါ်လာသဖြင့် အသံနောက်သို့ သူ ပြေးလိုက်သည်။ ဟင် သူ့မှာမှ ပိုက်ဆံမရှိဘဲ။ သတိရပြီး ပြေးနေတာကို ရပ်လိုက်သည်။ ထိုခဏမှာ သူ သေချာသိလိုက်သည်ကတော့ သူ နေလို့ထိုင်လို့ မကောင်းဘူးဆိုတာကိုပင်။ သူ့ခန္ဓာကိုယ်၏ အပူချိန်မှာ ဖြစ်ချင်သလို ဖြစ်နေသည်။ တခြမ်းကပူပြီး တခြမ်းကအေး၊ တချိန်တည်းမှာ ချွေးပြိုက်ပြိုက် ကျခြင်းနှင့် ခိုက်ခိုက်တုန်ခြင်းကို တပြိုင်နက်တည်း ခံစားနေရသည်။ မိုက်ကယ့် အတွေးထဲမှာ မြူတွေ ဆိုင်းလာနေပြန်ပြီ။ ထိုအချိန်မှာ သူ့အနားမှ ကောင်မလေးနှစ်ယောက် ဖြတ်သွားသည်။ သူ့ကိုမြင်တော့ နှာခေါင်းရှုံ့သွားကြသည်။ အသက်များ အောင့်သွားကြသေးသလား မသိ။ မိုက်ကယ်ကတော့ သူတို့၏ လုပ်လီလုပ်လဲ့နောက်ပိုင်းကို ကြည့်ရင်း ထိုအသားစိုင်တွေထဲ သူ့လက်တွေ ထိုးနှစ်လိုက်ချင်စိတ်တွေ တဖွားဖွားပေါ်လာတာကို အံ့သြတကြီး ဖြစ်နေရှာသည်။ ကိုတီဒီအဇေးလမ်းမှ ရေဘုံပိုင်တခုမှာ သူ ရေသောက်သည်။ တဂွပ်ဂွပ်နှင့် အငမ်းမရ

အချိန်ကြာမြင့်စွာ သောက်နေ၏။ သောက်လေသောက်လေ ငတ်မပြေနိုင်လောက်အောင်ပင်။

စိတ်ထဲမှာ ဟိုး… နှင်းပွင့်တွေ ခဲနေရာ တောင်တန်းများပေါ်မှ စီးဆင်းလာသည့် တောင်ကျရေသည် ဒီဝေါလ် ပန်းခြံအထက်နားရှိ ရေလှောင်ကန်သို့ ရောက်၊ ထိုရေလှောင်ကန်မှ မိုင်ပေါင်းများစွာ ပိုက်များဖြင့် သွယ်တန်းပို့ဆောင်ပေးထားသည့် ဒီရေကို ခု သူ သောက်နေရသည်ဟု တွေးရင်း ပီတိသောမနဿတွေ ဖြစ်ကာ ဆက်၍ ဆက်၍ သောက်၏။ ရေကို သောက်ရင်းသောက်ရင်း သူ့ခန္ဓာကိုယ်မှာ အလွန်ပေါ့ပါးလာခဲ့၏။ ခြေထောက်တွေ မြေကြီးနှင့် ထိ၊ မထိတောင် သူ သေချာ မသိတော့။ ထို ငှက်မွေးတမျှပေါ့ပါးနေသည့် ခြေထောက်များက သူ့ကို ဘားမန်းတိုက်ခန်းရှေ့သို့ ဆွဲဆောင်ခေါ်ယူလာပြီး ရှေ့တံခါးမကြီးကို ဖွင့်ဝင်ဖို့ အားအင်တွေ ပေးခဲ့သည်။ အမေ နေခဲ့ဖူးသည့် အခန်းလေးထဲမှာ ခု ပရိဘောဂပစ္စည်း အဟောင်းအမြင်းတွေ နှင့် ပြည့်နှက်နေသည်။ ခုလို အလင်းရောင် အားနည်းသည့်ဆည်းဆာချိန်မှာပင် မိုက်ကယ့် မျက်လုံးတွေက ထိုပစ္စည်းများကို အကျွမ်းတဝင် ရှိလွန်းနေသည်။ စတီးလ်ထိုင်ခုံများ၊ မျက်နှာကြက်အလှဆင်ပစ္စည်းများ၊ ထီးအကြီးစားကြီးများ၊ ပလတ်စတာအရုပ်များ၊ အားလုံး ဖုန်တွေ တက်ပြီး ဖွေးနေခဲ့သည်။

အနံ့တခုရသဖြင့် တံခါးနောက်က ခပ်မှောင်မှောင် ချောင်တခုကိုသူ ဖွ၏။ သူ့လက်များက ထပ်ထားသည့် စက္ကူဖြာများ နှင့် စောင်တထည်ကို စမ်းမိသည်။ ပုလင်းလွတ်တလုံးကို တိုက်မိသဖြင့် ပုလင်းက သမံတလင်းပေါ်မှာ လိမ့်သွား၏။ စောင်ကို သူ နမ်းကြည့်သည်။ ဝိုင်နံ့၊ စီးကရက်နံ့နှင့် ချွေးနံ့တို့ ရောနေသည့် အနံ့ကို ရ၏။ ထိုစောင်ကို ခြုံကာ စက္ကူဖြာမွေ့ရာပေါ် သူ လှဲချလိုက်သည်။ သူ့နားတွေ အူနေပြီး သူ့ခေါင်းတွေက ပေါက်ထွက်မတတ် ကိုက်နေသည်။ သို့သော် ဖြစ်နေကျမို့ သူ့ကို အလွန်အမင်း ဒုက္ခပေးနိုင်စွမ်း မရှိရှာကြတော့။

အင်း- နောက်ဆုံးတော့ ငါ ပြန်ရောက်လာပြီပေါ့။ ညမထွက်ရအမိန့်၏ ပထမဆုံး ဥဩသံကို စတင်ကြားရသည်။ တမြို့လုံးအနှံ့ ဥဩသံတွေ ပွဲတင်ထပ်လာသည်။ အတန်ကြာတော့တလောကလုံး ငြိမ်သက် တိတ်ဆိတ်သွားခဲ့သည်။

မိုက်ကယ် အိပ်၍ မရ။ သူ အပြင်းအထန် တားဆီးကန့်ကွက်နေသည့်ကြားမှ မနက်က ကမ်းခြေရှိ အများ သုံးအိမ်သာထဲမှ သူနှင့် အမည် မသိအမျိုးသမီးတို့၏ နတ်သွင်ပျိုနု ဤအမှုကို အဖွဲ့တွာအာရုံမှာ တချိန်လုံးပေါ်နေခဲ့သည်။

ဘာလို့များ ငါ့ကို သူတို့ ဒီလို လုပ်ပေးကြပါလိမ့်။ ငါဟာ လူတကာအမြင်မှာ သနားစရာ အကောင်တကောင် ဖြစ်နေပြီလား။ ကြီးကြီးကျယ်ကျယ်ပြောရရင် သူတို့

သဒ္ဓါတရားကို ပါရမီဖြည့်ပေးနေတဲ့ အလှူခံပုဂ္ဂိုလ်ပေါ့လေ။ ငါ ဘယ်နေရာရောက်ရောက် လူတွေက ပုံစံတမျိုး မဟုတ်တမျိုးနဲ့ ငါ့ကို ပေးကြ ကမ်းကြ လှူကြ တန်းကြတယ်။ သူတို့ အမြင်မှာ ငါဟာ မိမရှိ၊ ဖမရှိ၊ တကောင်ကြွက်၊ မျက်နှာမွဲ၊ နှုတ်ခမ်းကွဲ၊ ပေးမှစား၊ တိုက်မှသောက်ရမယ့်ကောင်။ ဂျက်ကယ်ဒရစ်ဖ်မှာ တုန်းကလည်း ဘာမှမသိနားမလည်သေးတဲ့၊ အလုပ် မလုပ်နိုင်သေးတဲ့ ကလေးတွေကိုဝေတဲ့ စွပ်ပြုတ်နဲ့ ပေါင်မုန့်ကို ငါ စားရတယ်။ ငါ့ကို သူတို့ ပေးကြ၊ ကျွေးကြတယ်။ ကလေးတွေဆီက ကျေးဇူးတင်ပါတယ် ခင်ဗျာ၊ ကျေးဇူးကမ္ဘာပါရှင့်ဆိုတဲ့ စကားသံလေးတွေ လောက်ပဲ သူတို့ ပြန်မျှော်လင့်မှာပေါ့။ ငါ့ဆီကတော့ ဒီထက်ပိုတဲ့ ကျေးဇူးတုံ့ပြန်မှုကို သူတို့ ပြန်မျှော်လင့်ကြလိမ့်မယ် ထင်တာပဲ။ ငါက ဒီကလေးတွေထက်အရင် ဒီလောကထဲ ရောက်နေတာကြာပြီလေ။ ကျေးဇူးတုံ့ပြန်တဲ့အနေနဲ့ တောင်ပေါ်မှာ၊ ဂူထဲမှာ နေခဲ့တဲ့ ငါ့အကြောင်းကို မကြွခင်းမချန် သူတို့ကို ပြောပြစေချင်ကြတယ်။ ဂူထဲမှာ နံ့ပြီစုတ်တကောင်လိုနေခဲ့ရတာလား၊ ကြွက်ဖြူလေးတကောင်လို ကုပ်နေတာလား၊ မျောက်တကောင်လို ကမြင်းကြောဆွဲနေခဲ့တာလား ပြောပြတဲ့လေ။

အင်း... ဟူးဝစ်နိုရန်းနီးယပ်စ်ကျောင်းမှာ ဘာမဟုတ်တဲ့ အာလူးခွာနည်းတို့၊ ဂဏန်းတွက်ပုစ္ဆာတို့ လျှောက်သင်မယ့်အစား ပုံပြောနည်းလေးနည်းနည်း သင်ပေးခဲ့ရင် ငါ သူတို့ကို ကောင်းကောင်းလေး ပြောပြနိုင်မှာပဲ။ နေ့စဉ်ကြုံတွေ့ရတဲ့ ဘဝအကြောင်းကို စီကာပတ်ကုံး နားထောင်ကောင်းအောင် ပြော၊ မပြောနိုင်ရင် ရိုက်မယ်ဆိုပြီး ပေတံတချောင်းနဲ့မျှား အဲဒီတုန်းက ကြပ်ကြပ်မတ်မတ် သင်ပေးခဲ့ရင် ငါ လူတွေရဲ့ဆန္ဒကို ဖြည့်ဆည်းပေးနိုင်မှာပဲ။ ပိုပိုသာသာလေးတွေတောင် ထည့်ပြောနိုင်ဦးမှာ။ ထောင်ထဲမှာ ဆင်းဆင်းရဲရဲ နေခဲ့ရတဲ့ဘဝလိုမျိုးပေါ့။ နေ့တိုင်း နေပူထဲမှာ မတ်တတ်ရပ်ခိုင်းတယ်၊ လည်ပင်းကို ကြိုးနဲ့ ချည်ထားတယ်။ အစောင့်တွေ က အမြဲတမ်းလက်သီးနဲ့ ထိုးတယ်။ ခြေထောက်နဲ့ ဆောင့်ကန်တယ်။ နဖူးကို သမံတလင်းနဲ့ ကိုင်ဆောင့်တယ်၊ ဒီလိုလေးတွေ ထည့်ပြောနိုင်ရင် နားထောင်ရတဲ့ပရိသတ်လည်း မျက်ရည်တောက်တောက် ကျမှာ နော်။ ပြီးတော့ ခေါင်းတွေ ယမ်းကြ၊ စုတ်တသပ်သပ်လုပ်ကြ၊ ဒေါသတွေ ဖြစ်ကြ၊ ပြီးတော့ ငါ့အတွက်အစားအသောက်တွေ ကျွေးကြ၊ မိန်းမတွေက အိပ်ရာထဲ ငါ့ကို ခေါ်သွားကြ၊ မှောင်နဲ့မည်းမည်းမှာ ကြင်ကြင်နာနာပြုစုကြနဲ့ နေမှာ ပဲနော်။

ဒါပေမဲ့ အဲသလိုတွေ ငါ မပြောတတ်ပါဘူး။ ပြောတတ်စရာလည်းမလိုပါဘူး။ ငါဟာ ဥယျာဉ်လုပ်သား၊ ယာသမား တယောက်ပဲ။ ပထမတော့ လခရတဲ့အလုပ်အတွက်၊ နောက်ပိုင်းတော့ ငါ့အတွက်၊ ဥယျာဉ်လုပ်သား ယာသမား တယောက်ဟာ အမြဲတမ်း မြေကြီးနဲ့ နှာခေါင်းထိမတတ် အလုပ်လုပ်နေဖို့ပဲ လိုတာ မဟုတ်လား။ မျိုးစေ့လေးတွေကို စကားတွေ စီကာပတ်ကုံး ပြောပြရုံနဲ့ အညှောက်တွေထွက်၊ အပင်တွေ ပေါက်၊ အသီးတွေ

သီးလာရင်တော့ တမျိုးပေါ့။

မိုက်ကယ်သည် တလူးလူး တလိမ့်လိမ့် ဖြစ်လာခဲ့သည်။ ထိုအတွေးက သူ့ကို စိတ်လှုပ်ရှားစေသည်။ သူ့နှုတ်ဖျားမှ အသံတသံ မရပ်မနားထွက်လာသည်။

"အမှန်အတိုင်း၊ အမှန်အတိုင်း ပြောရရင် ငါဟာ ဥယျာဉ်လုပ်သား၊ ယာသမား တယောက် ပါ"

သူ ထပ်ကာ ထပ်ကာ ပြောနေသည်။ သူ့အသံက တဖြည်းဖြည်းကျယ်လာသည်။ နေဦး၊ ဥယျာဉ်ထဲမှာ၊ ယာခင်းထဲမှာ ရှိရမယ့် ဥယျာဉ်လုပ်သား၊ ယာသမားက ဘာကြောင့် များ ပင်လယ်လှိုင်းခတ်သံတွေ ပြည့်နေတဲ့ ခပ်မှောင်မှောင် စတိုခန်းချောင်ကလေးထဲမှာ ကုပ်ပြီးနေနေတာလဲ။ အင်း ခုတော့လည်း ငါ တီကောင်လို ဖြစ်နေပြန်ပြီကော။ တီကောင်ဆိုတာလည်း တကယ်တော့ ဥယျာဉ်လုပ်သားတမျိုးပဲ မဟုတ်လား။ ဒါမှမဟုတ် ငါဟာ တွင်းအောင်းနေတတ်တဲ့ ပွေးလေးတကောင်လား။ သူလည်း ဥယျာဉ်လုပ်သားတမျိုး ပါပဲ။ တီကောင်ပဲ ဖြစ်ဖြစ်၊ ပွေးပဲ ဖြစ်ဖြစ် သူတို့အလုပ် သူတို့ တိတ်တိတ်ဆိတ်ဆိတ် လုပ်ကြတာပဲ မဟုတ်လား။ စီကာပတ်ကုံး ဇာတ်လမ်းတွေ မပြောတတ်ပါဘူးလေ။ ဒါပေမဲ့လည်း တီကောင်တို့၊ ပွေးတို့ဟာ ငါ့လို သမံတလင်းပေါ်မှာ အိပ်တတ်လို့လား။

မိုက်ကယ်သည် သူ့ခန္ဓာကိုယ်ကို ဆံပင်ဖျားမှ ခြေသည်းကြားထိ တလက်မချင်း အကြောတွေ လျှော့နေသည်။ ထိုသို့ အကြောလျှော့အောင် ဘယ်လိုလုပ်ရမလဲဆိုတာကို သူ အလိုလို တတ်မြောက်နေခဲ့တာ အတော် ကြာပြီ။

နောက်ဆုံး၊ နောက်ဆုံးတော့လည်း ငါ ဘယ်လောက် စကားပြောညံ့ညံ့၊ ဘယ်လောက် ထုံထုံ၊ ဇာတ်လမ်းတွေ တပုံကြီးနဲ့ ဆီးပွိုင့်ကို ပြန်ရောက်လာခဲ့တာပဲ မဟုတ်လား။ ပြန်လည်ထူထောင်ရေး စခန်းတို့၊ အလုပ်လေ့ကျင့်ရေး စခန်းတို့၊ ဘာမှန်းမသိတဲ့ စခန်းတွေကိုလည်း ငါ ရောက်ခဲ့ရတယ်။ ထွန်ခြစ်တချောင်းလို ပိန်ကပ်ပြီး ခေါင်းပဲကျန်တဲ့ ဘဝမျိုးလည်းငါ ရောက်ခဲ့ရတယ်။ ငါဟာ မွေးလာကတည်းက ထုံထိုင်းထိုင်း၊ မှုန်မှိုင်းမှိုင်း၊ ခုလည်း ထုံထိုင်းထိုင်း၊ မှုန်မှိုင်းမှိုင်းပဲ၊ ထုံထိုင်း မှုန်မှိုင်းရတဲ့အတွက်၊ စကားမပီတဲ့အတွက်၊ ထွေရာလေးလာ မစဉ်းစားတတ်တဲ့အတွက် ငါ နည်းနည်းမှ မရှက်ပါဘူး။ ဘာကိစ္စ ရှက်ရမှာလဲ။ အရင်တုန်းကတော့ ဒီစခန်းတွေဟာ လူလေလူလွင့် တကောင်ကြွက်တွေကိုပဲ ဖမ်းတာတဲ့။ နောက်တော့လည်း နှစ် ကောင်ကြွက်တွေ၊ သုံးကောင်ကြွက်တွေ၊ ကြွက်မိသားစုတွေ အကုန်ဖမ်းတော့တာပဲ။ စခန်းတွေကလည်း မိမဲ့ဖမဲ့ကလေးတွေ အတွက်၊ အလုပ်လက်မဲ့တွေ အတွက်၊ ခေါင်းကြီးတွေအတွက်၊ ခေါင်းသေးတွေ အတွက်၊ ဖွတ်ကျားတွေ အတွက်၊ ဒုက္ခသည်တွေ အတွက်၊ လမ်းပေါ်က ကောင်မတွေ အတွက်၊ စစ်ပြေးတွေ အတွက်၊ နှစ် နဲ့နှစ် ပေါင်းရင်

အဖြေဘယ်လောက်ရမှန်းမသိတဲ့ ဥာဏ်မွဲတွေအတွက်၊ စာရွက်စာတမ်းပါမလာတဲ့လူတွေ အတွက်၊ တောင်ပေါ်မှာ နေပြီး ညည တံတားတွေ ဗုံးနဲ့ခွဲဖို့ ဆင်းလာကြတဲ့ ကောင်တွေ အတွက် စုံနေတာပဲ။ အဲသလောက် စခန်းတွေ အများကြီး ဖွင့်ထားတော့ကော၊ ဘာ ဖြစ်လဲ။ ဘာမှ မဖြစ်ပါဘူး။ ဘာမှမဖြစ်လို့ ငါတောင် ခဏခဏ စခန်းရောက်ပြီး ခဏခဏ လွတ်အောင် ပြေးလာနိုင်တာပေါ့။ ဟုတ်တယ်၊ ငါ လွတ်အောင်ပြေးနိုင်တယ်။ စခန်းကနေ လွတ်အောင်ပြေးနိုင်ရင်၊ ပေးချင် ကမ်းချင် လှူချင် တန်းချင်တဲ့ လူတွေ လက်ကလည်း လွတ်အောင် ပြေးနိုင်ရမှာ ပေါ့။

ငါ့ရဲ့ အကြီးဆုံးအမှားကတော့ မျိုးစေ့တွေ အများကြီးရှိအောင် လုပ်မထားမိတာဘဲ။ အမှန်က အမြဲတမ်း အိတ်ကပ်ထဲမှာ မျိုးစေ့မျိုးစုံ ဆောင်ထားရမှာ၊ ဘယ်ဘက် အိတ်ထောင်ထဲမှာ ဖရုံစေ့၊ ညာဘက် အိတ်ထောင်ထဲမှာ စားတော် ပဲစေ့၊ တခြားအိတ်တွေထဲမှာ ပဲကြီးစေ့၊ မုန်လာစေ့၊ ကြက်သွန်စေ့၊ ခရမ်းချဉ်စေ့၊ မုန်ညင်းစေ့ အားလုံး ဆောင်ထားရမှာ၊ တချို့ကိုအိတ်ကပ်ထဲ၊ တချို့ကို ဖိနပ်ထဲ၊ တချို့ကို ကုတ်အင်္ကျီအနားစထဲ ထည့်ပြီး ဝှက်ထားရမှာ။

နောက် အမှားတခုကတော့ ရှိသမျှ မျိုးစေ့တွေ ကို စိုက်ခင်းတခုထဲ အကုန် ကြဲလိုက်မိတာပဲ။ အမှန်က တမျိုးစီ၊ တကန့်စီ၊ နည်းနည်းချင်း ခြေနိုင် လက်နိုင် စိုက်လိုက်ရမှာ။ အချိန်တန်ရင် အားလုံး ဝေဝေဆာဆာ အပင်ပေါက်လာ သီးလာကြမှာ ပဲလေ။

လူတွေကကော မျိုးစေ့တွေ ကြဲထားပြီး အချိန်တန်ရင် ဝေဝေဆာဆာပွင့်လာ သီးလာတတ်သလား။ အဲဒီ အတွက် အချိန် ဘယ်လောက်ပေးရမှာလဲ။ အဲဒီ အသီးအပွင့်တွေကနေ ဘာအကျိုးကျေးဇူးတွေ ခံစားရမလဲ။ မိုက်ကယ်သည် ယာခင်းလေးတခုကို စိတ်ကူးဖြင့် မြင်ယောင်ကြည့်၏။ မှုန်ကုပ်ကုပ် ဆူးချုံတွေ၊ ကျောက်ခင်းမြေသားတွေ၊ ပတ်လည်ဝိုင်းထားသည့် တောင်တန်းတွေ၊ အဝေးတနေရာမှ မှိုင်းညို့ညို့ တောင်ထိပ်တွေ၊ မော့ကြည့်လိုက်တိုင်း တွေ့ရသည့် ကောင်းကင်ပြာပြာတွေ၊ မြေဆီသြဇာကောင်းလှသည့် စိုက်ခင်းတွေ၊ အသေအချာကြည့်လျှင် ထိုစိုက်ခင်းတွေထဲမှာ အညွန့်တလူလူတက်နေသည့် ဖရုံညွန့်လေးတွေ၊ မုန်လာရွက်လေးတွေကို ခင်ဗျား တွေ့နိုင်လိမ့်ဦးမည်။

ခု သူ ခွေအိပ်နေသည့် အနံ့တထောင်းထောင်းထနေသော ချောင်ကလေးထဲကို ခုလို အကာလ ညမှောင်မှောင်မှာ ညမထွက်ရတွေ ဘာတွေ နားလည်းမလည်၊ ဂရုလည်းမစိုက်ဘဲ တန်းတန်းမတ်မတ် ပေါက်ချလာမည်

တစုံတယောက် မရှိဘူးလို့ ကျိန်းသေပြောနိုင်မလား။ မိုက်ကယ့်အာရုံထဲမှာ ကုတ်အကျီအစုတ်ကြီးထဲ အရက်ပုလင်းထည့်ပြီး ထာဝစဉ် မူးနေသည့် မုတ်ဆိတ်ဖွားဖွား အဘိုးကြီး တယောက်၏ ပုံသဏ္ဌာန်ကို စိတ်ကူးပုံဖော်ကြည့်မိနေသည်။ ဒီလို ကလေကဝ အဘိုးကြီးတွေကို ရဲတွေက လျစ်လျူရှုထားတတ်ကြသည်။ ထိုအဘိုးကြီးသည် ဆီးပွိုင့်မှာ နေရသည့်ဘဝကို ငြီးငွေ့နေပေလိမ့်မည်။ နိုင်ငံတခွင် ပြဲပြဲစင်အောင် လျှောက်သွားချင်နေရှာပေလိမ့်မည်။

လမ်းတွေ ကောင်းစွာ သိသည့် လမ်းပြတယောက် ကိုသူလိုချင်နေသဖြင့် တိုင်း၍ ရက်သည့် ပက္ကလာ မိုးရွာသည်နှင့် အခန့်သင့်။ သူတို့နှစ်ယောက် အိပ်ရာတခုထဲမှာ ကျောချင်းကပ်၍ အတူအိပ်ကြမည်။ နောက်လည်း ခရီးစဉ်တလျှောက် ဤသို့ ပင် အိပ်ကြရလိမ့်ဦးမည်။

အရုဏ်တက်တက်ချင်း သူတို့ ထကြမည်။ နောက်ဖေးလမ်းကြားတွေထဲ ပစ်ထားတတ်သည့် အမှိုက်ကျုံး လက်တွန်းလှည်း တောင့်တောင့်ကောင်းကောင်း တစီးကို လိုက်ရှာကြမည်။ ကံကောင်းလျှင် နံနက် ဆယ်နာရီလောက်မှာ သူတို့ အဝေးပြေး လမ်းမပေါ် ရောက်ကြမည်။ ဆိုင်ကလေးတွေမှာ ခဏရပ်၍ မျိုးစေ့တွေနှင့် အခြား တိုလီမုတ်စ တခု နှစ်ခု ဝယ်ဖို့သတိရကြမှ ဖြစ်မည်။ ကံဆိုးမိုးမှောင်ကျတတ်သည့် စတယ်လန်ဘော့ချ် လိုနေရာမျိုးကိုတော့ ကျိန်းသေပေါက် သူတို့ ရှောင်ကွင်းသွားကြမည်။ သူတို့သည် အရှိန်အဟုန်ဖြင့် အလွန် အင်မတန် လျင်မြန်စွာ ခရီးသွားနေကြလိမ့်မည်။ တနေရာအရောက်မှာတော့ သူတို့ ခဏနားကြမည်။ တွန်းလှည်းပေါ် ထိုင်လိုက်လာသည့် အဘိုးကြီးသည် အညောင်းဆန့်လိုက်ပြီး ဟိုဟိုဒီဒီ လျှောက်ကြည့်နေမည်။ စစ်သားတွေ ဖောက်ခွဲဖျက်ဆီးသွားသဖြင့် အလုံးစုံ ပျက်စီးနေသော ရေတင်စက်နှင့် ရေပိုက်ကို သူ တွေ့ပေလိမ့်မည်။

ငါတို့ ရေဘယ်လိုသောက်ကြမလဲဟု သူ ညည်းနေမည်။ မိုက်ကယ်က သူ့အိတ်ထဲမှ ဇွန်းကြီးတချောင်းနှင့် ကြိုးခွေတခွေကို မျက်လှည့်ပြသလို ဆွဲထုတ်လိုက်မည်။ ဖွာလန်ကြဲနေသည့် ရေပိုက်ကြီးထဲမှ အပျက်အစီးတွေကို သူ ရှင်းထုတ်မည်။ ရေပိုက်ခေါင်းကို ကြိုးဖြင့် ချည်ပြီး အပေါက်ဝမှာ ဇွန်းတပ်မည်။ ပြီးတော့ ရေပိုက်ကို မြေကြီးနှင့် ထိသည်အထိ ဆွဲချလိုက်မည်။ ပိုက်တွင်းမှ စီးကျလာသည့် ရေတွေက ဇွန်းထဲသို့ ဝင်လာနေပြီ။ မိုက်ကယ် အဘိုးကြီးကိုကြည့်ရင်း စကားတခွန်း အားပါးတရ ပြောလိုက်ဦးမည်။

အသက်ဆိုတာ ရှင်ချင်ရင် ရှင်အောင်နေလို့ရပါတယ်ဗျာ။

သင့်လူ

WHISPER of WORDS
Subscribe Telegram Channel
https://t.me/TheBookR